A HOME CONTEST THAT'S ALL ABOUT STYLE INSIDE

မြန်မာတိုင်း(မ)

THE MYANMARTIMES

ဒဋ္ဌဂဏန်း

သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင် www.mmtimes.com အတွဲ ၃၁၊ အမှတ် ၆၁၁ (၈ - ၁၄၊ ၃၊ ၂၀၁၃)



အင်းစိန်မြို့နယ် ရွာမရပ်ကွက်ရှိ သံမဏိစက်ရုံဝင်းအတွင်း ယာဉ်အိုယာဉ်ဟောင်းများ စုပုံထားရှိရာ မီးလောင်နေသော နေရာသို့ ရောက်ရှိလာသော မီးသတ်ယာဉ်များကို တွေ့ရစဉ်။ ဓာတ်ပုံ-ဘူးသီး

အင်းစိန်(ရွာမ)ရှိ သံမဏိစက်ရုံဝင်းအတွင်း ထားရှိသော စွန့်ပစ် ယာဉ်အိုယာဉ်ဟောင်းများမှ မီးလောင်မှုဖြစ်ပွား

နိုဝင်ဘာ ၄၅ မိနစ်အချိန်ခန့်က မီးလောင်ကျွမ်းမှု လောက်မှာ ငြိမ်းနိုင်ခဲ့တယ်။ မီးကြွင်းမီး အတွက် မီးသတ်ကားများ မဝင်နိုင်ခြင်း တာဆိုတော့ ကားအပုံကိုရှင်းပြီး ၄၀ ကျော် လာရောက်ကြောင်း ၎င်းက ပြောသည်။

အင်းစိန်(ရွာမ)ရှိ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းပိုင် အမှတ်(၃)သံမဏိ စက်ရုံဝင်းအတွင်း အပ်နှံယာဉ်အိုယာဉ် ဟောင်းများ ဖျက်ဆီးစုပုံထားရာနေရာ တွင် ယခုလ ၆ ရက်နေ့ နံနက် ၁၀ နာရီ ခန့်တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး မွန်းတည့်ချိန်တွင် မီးငြိမ်း သတ်နိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသ ကြီး မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

"မနက် ၁၀ နာရီ ၄၅ မှာ စလောင် တယ်။ မီးကိုတော့ ၁၂ နာရီဝန်းကျင် ကျန်ကတော့ ငြိမ်းတုန်းပါပဲ။ စလောင်တဲ့ နေရာကို မသိရသေးတော့ ရှာဖွေပြီး ငြိမ်းနေတယ်"ဟု မီးငြိမ်းသတ်ရာတွင် ပါဝင်ခဲ့သည့် ကမာရွတ်မြို့နယ်၊ အရန် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားသည့် သံမဏိစက်ရုံတည်ရှိရာ အဆိုပါခြံဝင်း မှာ ဖျက်ဆီးရန် ပုံထားသော ယာဉ်အို ယာဉ်ဟောင်းများဖြင့် ပြည့်နှက်နေသည့် ကြောင့် မီးသတ်တပ်ဖွဲ့ဝင်များမှာ မော်တော်ယာဉ်ဟောင်းများ စုပုံထားရာ နေရာသို့ မီးသတ်ပိုက်များ ယူဆောင်ကာ မီးငြိမ်းသတ်ခဲ့ရသည်။

"ဒီကားတွေပုံထားတဲ့ အပုံအောက် ခြေအတွင်းဘက်ထဲက စလောင်တယ် လို့ ယူဆတယ်။ အဲဒါကြောင့် အခု ကား တွေကို ကရိန်းနဲ့ဖယ်ပြီး ရှင်းနေတယ်။ မီးတောက်က ခဏပဲတက်သွားပြီး တောက်လျှောက် မီးခိုးတွေပဲထွက်နေ အောက်ခြေကို ငြိမ်းသတ်ဖို့ ကြိုးစားနေ တဲ့ အခြေအနေပါ။ မီးသတ်ပိုက်ပဲ အထဲ ကို ယူသွားလို့ရတယ်။ မီးလောင်တဲ့ ကားပုံရှိတဲ့နေရာက ဝင်ပေါက်နဲ့လှမ်းတဲ့ အပြင် အဲဒီနေရာကိုဝင်ဖို့လည်း ခက် တော့ မီးသတ်ဝန်ထမ်းတွေက နံရံကို ကျော်တက်ပြီး အထဲကို ဝင်ရတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ မီးသတ်ကား အစီး ပြောသည်။

မီးလောင်ရာနေရာတွင် ရှိနေသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဝန်ထမ်းတစ်ဦးက ထိခိုက်ဒဏ်ရာရသူ မရှိကြောင်း ပြောသည်။

မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) မှ စုမှူးအဆင့်ရှိ ဦးအောင်သိန်း ထွေးက ဖျက်ဆီးထားသော ယာဉ်အို ယာဉ်ဟောင်းများ၏ ဆီတိုင်ကီများထဲ

စာမျက်နှာ ၄ သို့

AFC Challenge Cup 2014
အိန္ဒိယကိုနိုင်ပြီး မြန်မာခြေစစ်ပွဲအောင်- စာ ၄





‘ပြည်ပအရင်းအနှီးများဝင်လာရန် တရားစီရင်မှုအခင်းအကျင်း အဆင့်မီဖို့ တရားမကျိုင်ပိုမိုခိုင်မာဖို့ လိုအပ်’

စိုးသန်းလင်း

FDI ဥပဒေ ပြဋ္ဌာန်းပြီးဖြစ်၍ ရင်းနှီးမြှုပ်နှံမှုတို့ဝင်ရောက်လာတော့မည်ဖြစ်သည်။ သို့ရာတွင် မျှော်မှန်းထားသော ရင်းနှီးမြှုပ်နှံမှုမျိုးရရှိရန် နိုင်ငံအတွင်းက အခင်းအကျင်းများအပေါ် ယုံကြည်မှုရှိဖို့လိုကြောင်း၊ တရားစီရင်မှု အခင်းအကျင်းအဆင့်အတန်းမီဖို့နှင့် တရားရေးမကျိုင်ပိုမိုခိုင်မာဖို့လည်း လိုအပ်ကြောင်း ကော့မူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည်က မတ်လ ၅ ရက်နေ့ ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး၏ ၁၇ ရက်မြောက်နေ့တွင် လွှတ်တော်သို့ ပြောကြားသည်။

“စီးပွားရေး အောင်မြင်ဖို့ဆိုတာ တကယ်တော့ ယုံကြည်မှုအပေါ်မှာ မူတည်ပါတယ်။ ဘယ်လိုပဲ ဥပဒေတွေ ပြဋ္ဌာန်း ပြဋ္ဌာန်း၊ ဘယ်လိုစာချုပ်တွေကိုပဲ လက်မှတ်ထိုး လက်မှတ်ထိုး နောက်ဆုံး ကျတော့ ရင်းနှီးမြှုပ်နှံဖို့စဉ်းစားတဲ့သူတွေက ကျွန်မတို့နိုင်ငံအတွင်းက အခင်းအကျင်းအပေါ် ယုံကြည်မှုရှိမှသာ ကျွန်မတို့ မျှော်မှန်းတဲ့ မျှော်လင့်တဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးကို ရမှာပါ။ အခုဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ကျွန်မတို့ဆီကို ဝင်လာမယ့်၊ အရင်းအနှီးတွေလည်းရှိနေပြီ။ အခုလို 1958 New York Convention ကို ကျွန်မတို့နိုင်ငံက ဝင်မယ်ဆိုရင် ဒီလိုဝင်တဲ့အတွက် အကျိုးသက်ရောက်မှုတွေကို ခံစားရမယ်ဆိုပေမယ့် ပြည့်ပြည့်ဝဝ ခံစားနိုင်ဖို့ဆိုတာက ပြည်တွင်း အခင်းအကျင်းကလည်း ပြည့်စုံဖို့ လိုအပ်ပါတယ်။

“ပြည်တွင်းရဲ့ တရားစီရင်မှု ယန္တရား၊ တရားစီရင်မှု အခင်းအကျင်းဟာ အဆင့်အတန်းမီဖို့ လိုပါတယ်။ ကျွန်မတို့ရဲ့ တရားစီရင်ရေးမကျိုင် ပိုပြီးတော့ခိုင်မာဖို့ လိုသလို ကျွန်မတို့ဘက်ကနေ ပြင်ဆင်သင့်တဲ့ကိစ္စတွေကို ပြင်ဆင်ထားဖို့ လိုပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံအတွင်းအင်အားတွေ၊ အတွင်းအရည်အချင်းတွေကို မြှင့်တင်နိုင်မှ နိုင်ငံခြားကနေပြီး ရောက်လာမယ့် အခွင့်အရေးတွေဟာ ကျွန်မတို့ နိုင်ငံသူနိုင်သားတွေအတွက် အပြည့်အဝ အကျိုးပြုနိုင်မှာဖြစ်ပါတယ်” ဟု ပြည်သူ့လွှတ်တော် တရားဥပဒေဝိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

Convention on the Recognition Enforcement of Foreign Arbitral Awards, 1958 (New York Convention) သို့ အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံက ဝင်ရောက်ရေးနှင့် ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်၌ ကိုယ်စားလှယ်ခုနစ်ဦးတို့ ဆွေးနွေးကြရာတွင် ပါဝင်ဆွေးနွေးခဲ့ရာ ၎င်းက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ၃-၁၀-၂၀၁၂ ခုနှစ်၌ စတင်အဆိုတင်သွင်းခဲ့ပြီး လွှတ်တော်၌ အောင်မြင်စွာ ဆွေးနွေးအတည်ပြုခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ခဲ့ရာ ၂၂-၁၀-၂၀၁၃ တွင် နိုင်ငံတော် သမ္မတနှံက ပြည်ထောင်စုလွှတ်တော်သို့ပြန်လည်ပေးပို့လာသော ၎င်း "1958 New York Convention သို့မြန်မာနိုင်ငံ ဝင်ရောက်ရေး" အဆိုကို ၅-၃-၂၀၁၃ တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုနိုင်ခဲ့ကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံက ထိုသို့ဝင်ရောက်ခြင်းကြောင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းများတွင် နှစ်ဦးနှစ်ဖက် သဘောတူညီနှိုင်းပေးသည့် ပြည်တွင်းပြည်ပ ခုံသမာဓိများ၏ စီရင်ဆုံးဖြတ်ခြင်းကို မျှတစွာ ရရှိကြမည်ဖြစ်သည်။

“ဒီ ခုံသမာဓိရုံးနဲ့ ဆုံးဖြတ်ချက်ကို လက်မခံနိုင်တာရှိခဲ့လို့ရှိရင် ထပ်ပြီးတော့ ပြည်တွင်းမှာ လုပ်ရမယ့်အလုပ်တွေလည်း ရှိပါတယ်။ ပြည်တွင်းရဲ့ တရားစီရင် အုပ်ချုပ်မှုယန္တရား၊ တရားစီရင်မှု အခင်းအကျင်းဟာ အဆင့်အတန်းမီဖို့ လိုသလို ကျွန်မတို့ ပြည်တွင်းမှာလည်း ဒီလိုခုံရုံးတွေဟာ ဘယ်လိုလုပ်တယ်၊ ဘယ်လိုနည်းနဲ့ ဆုံးဖြတ်တယ်ဆိုတာတွေကိုလည်း ကျေကျေလည်လည် နားလည်ဖို့လိုပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ တရားစီရင်ရေးမကျိုင် ပိုပြီးတော့ခိုင်မာဖို့လိုသလို ဥပဒေပညာရှင်တွေကလည်း ဒီလိုခုံရုံးတွေနဲ့ပတ်သက်လို့ ပိုပြီးတော့ ပညာတွေဖြည့်စွက်ဖို့ လိုမယ်လို့ ထင်ပါတယ်”ဟုလည် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။ ■

မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် လူနေမှုတိုးတက်လာစေရေး ကော်မတီများ ဖွဲ့စည်းရန်ညွှန်ကြား

ကျော်ဆုမွန်

မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုအထောက်အကူပြု ကော်မတီများကို မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား ဖွဲ့စည်းကြရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများထံ နိုင်ငံတော်သမ္မတရုံးက ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ထုတ်ပြန်ညွှန်ကြားလိုက်သည်။

တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး ထိုသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ က နှင့် ဂ တို့အရ အမျိုးသားစီးပွား တိုးတက်ရေးအတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စသည့်အင်အားစုများ ပူးပေါင်းကာ အဆိုပါအထောက်အကူပြု ကော်မတီကို ဖွဲ့စည်းရမည်ဖြစ်သည်။

ထိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အဓိက ဖွဲ့စည်းရခြင်းမှာ ပြည်သူတို့၏ လူမှုအဆင့်အတန်း မြှင့်တင်ရေးကို ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

“ဒီလို ကော်မတီဖွဲ့မယ်ဆိုတာတော့ သေချာမသိဘူး။ ဒါပေမဲ့ လူမှုရေးအထောက်အကူပြုဖို့အတွက် ဆိုပြီး အုပ်ချုပ်ရေးမှူးတွေ ရွေးပြီးကတည်းက ကြားပါတယ်။ အဲဒီကော်မတီမှာ ပါနိုင်တာက အရင် ရပ်ကွက်တွေထဲက သမာသမတ်ရှိတဲ့ ရပ်မိရပ်ဖတွေ ပြန်ပါနိုင်မယ်လို့ကြားတယ်”ဟု မရမ်းကုန်းမြို့နယ် အတွင်းရှိ ရပ်ကွက်ကြီးတစ်ခုမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးမြင့်က ပြောသည်။

ယခင် ရပ်ကွက်အတွင်းရှိ လူမှုရေးလုပ်ငန်းများအတွက် ရေးရာအဖွဲ့အသွင်ဖွဲ့စည်းမည်ဟု ယူဆခဲ့သော်လည်း ယခု နိုင်ငံတော်သမ္မတရုံးက တရားဝင်ကြေညာပြီဖြစ်သောကြောင့် ကော်မတီအနေဖြင့် တရားဝင်ရပ်တည်မည်ဖြစ်ကြောင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများကို မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးများက တရားဝင် ညွှန်ကြားလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်သည့် အမိန့်ကြေညာချက်အရ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဆိုပါက အဖွဲ့ဝင် အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ကိုးဦးဖြင့် လည်းကောင်း၊ ရပ်ကွက်သို့မဟုတ် ကျေးရွာကော်မတီဆိုပါက အနည်းဆုံး ငါးဦးမှ အများဆုံး ခုနစ်ဦး အထိလည်းကောင်း ဖွဲ့စည်းရမည်ဖြစ်သည်။

“ကျွန်တော်တို့ ရေစကြိုဘက်မှာတော့ ညွှန်ကြားချက်က ဒီနေ့အထိတော့ မလာသေးဘူး။ ဒါပေမဲ့ ညွှန်ကြားချက်လာရင်လည်း ဒီမှာက ကော်မတီဖွဲ့ဖို့က ပေးထားတဲ့အချိန် လုံလောက်ပါတယ်။ ရွာမှာလူမှုရေးလုပ်ငန်းတွေလုပ်နေတဲ့ အဖွဲ့တွေရှိတော့ ပြန်ပြီးတော့ ကော်မတီဖွဲ့ရင်လည်း လွယ်ပါတယ်” ဟု မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ကုက္ကိုလ်စုရွာမှ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်က ပြောသည်။

အချို့မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် အုပ်ချုပ်ရေးမှူး ရွေးစဉ်ကာလကပင် ဒေသ၏ရွေးချယ်မှုနှင့် မကိုက်ညီခဲ့မှုများ ရှိခဲ့သောကြောင့် ထိုဒေသများတွင်မူ ယခုပေးထားသည့် တစ်လသည် လုံလောက်ချင်မှ လုံလောက်နိုင်မည်ဟု ၎င်းကပြောသည်။

“ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးတုန်းက ပြည်သူက ရွေးချယ်ရတဲ့စနစ်နဲ့ အသားမကျသေးခဲ့တော့ တချို့နေရာတွေမှာ ပြဿနာတွေရှိခဲ့တယ်။ အခုတော့ အဲဒီကျေးရွာ အုပ်ချုပ်ရေးမှူးတွေကို အုပ်ချုပ်ရေး သင်တန်းတွေ ပေးနေပါပြီ”ဟု ဦးဘုန်းမြင့်က ပြောသည်။

ယခုလို ကော်မတီများ ဖွဲ့စည်းစေခြင်းကြောင့် ကျေးရွာများတွင် ဆင်းရဲမွဲတေမှုကို တစ်နည်းတစ်ဖုံ လျော့ကျစေမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ■

သင့်လျော်သည့်အချိန်တွင် သူရဦးရွှေမန်းသို့ ဥက္ကဋ္ဌရာထူး လွှဲမည်ဟုဆို

ဝင်းကိုကိုလတ်

ပြည်ထောင်စုလွှတ်တော်၌ အမတ်နေရာ အများဆုံးနေရာရထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ သမ္မတဦးသိန်းစိန်သည် လက်ရှိပါတီဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား သင့်လျော်သည့်အချိန်တွင် လွှဲပြောင်းပေးသွားမည်ဟု ပါတီဗဟိုကော်မတီဝင်တစ်ဦးဖြစ်သူ သူရဦးအောင်ကိုက ပြောသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲထွဋ်အား မြန်မာတိုင်း(မ်)က အီးမေးလ်မှတစ်ဆင့် ဆက်သွယ်မေးမြန်းခဲ့သော်လည်း ယနေ့အထိ အကြောင်းတစ်စုံတစ်ရာပြန်ကြားခြင်း မရှိသေးပေ။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ကျင်းပသည့် ပြည်ခိုင်ဖြိုးပါတီ၏ ပထမအကြိမ်ညီလာခံတွင် သမ္မတ ဦးသိန်းစိန်အား ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီဖွဲ့စည်းပုံစည်းမျဉ်းများနှင့် မကိုက်ညီဟု မီဒီယာများ၊ အွန်လိုင်းများနှင့် အခြားပါတီအချို့က ဝေဖန်မှုများရှိခဲ့သည်ဟု သူရဦးအောင်ကိုက ပြောသည်။

“သမ္မတက ပါတီဥက္ကဋ္ဌတာဝန်သာယူထားတာ၊ ပါတီတာဝန်တွေ မလုပ်ဘူး။ သို့သော်လည်း အခြေခံဥပဒေမှာက ပါဝင်ဆောင်ရွက်ခြင်းမပြုရ ဆိုတော့

စာမျက်နှာ ၄ သို့



အန်အယ်လ်ဒီမှ ညီလာခံကော်မရှင် ကိုယ်စားလှယ်လေးဦးကို ထုတ်ပယ်

ကျော်ဆွမ္မန်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ၏ နိုင်ငံလုံးဆိုင်ရာ အထွေထွေညီလာခံ ကျင်းပရန် ရက်ပိုင်းသာ လိုတော့သည့် အချိန်တွင် ညီလာခံတက်မည့် ကိုယ်စားလှယ်လေးဦးကို ညီလာခံကျင်းပရေး ကော်မရှင်က မတ် ၅ ရက်တွင် ကိုယ်စားလှယ်အဖြစ်မှရပ်စဲသည့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ကော်မရှင်၏ ကြေညာချက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အမျိုးသား ညီလာခံကိုယ်စားလှယ်သုံးဦးဖြစ်သည့် လမ်းမတော်မြို့နယ်မှ ဦးခင်မောင်ဝင်း၊ ရွှေပြည်သာမြို့နယ်မှ ဦးသန့်ဇင်၊ မြောက်ပိုင်းခရိုင်မှ ဦးခင်မောင်ရှိန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်မှ အမျိုးသမီးကိုယ်စားလှယ်ဖြစ်သူ ဒေါ်မိမိကြီးတို့ ပါဝင်သည်။

ယင်းကြေညာချက်တွင် ထုတ်ပယ်ခံရသည့်သူများသည် အဖွဲ့ချုပ်အတွင်း ညီညွတ်ရေးကိုပြိုကွဲပျက်စီးစေမည့်အပြုအမူ၊ အပြောအဆို၊ လှုပ်ရှားမှုများရှိသည်ဟု ခိုင်လုံသောသက်သေများရရှိထား၍ နိုင်ငံလုံးဆိုင်ရာ ညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ကို ရပ်စဲလိုက်ခြင်းဖြစ်ကြောင်း ပါရှိသည်။

ဘီဘီစီသတင်းဌာန မတ်လ ၅ ရက်နေ့သတင်းတွင် ဗဟိုညီလာခံကျင်းပရေး ကော်မရှင်တစ်ဦးဖြစ်သူ ဦးအုန်းကြိုင်ကို မေးမြန်းခဲ့ရာ၌ ညီလာခံတွင် ဒီမိုကရေစီ နည်းကျကျလွှေးချယ် တင်မြောက်နိုင်ရန်အတွက် သက်ဆိုင်ရာ ကိုယ်စားလှယ်များ၏ လှုပ်ရှားဆောင်ရွက်မှုအချက်အလက်များနှင့် ပြည့်ပြည့်စုံစုံ ဖြန့်ဝေရန် စီစဉ်ထားသော်လည်း ကိုယ်စားလှယ်တချို့သည် သီးခြားမဲဆွယ်မှုများ ပြုလုပ်နေသည်ဟု သတင်းရရှိခဲ့သောကြောင့် ယခုကဲ့သို့ အရေးယူမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဖြေကြားခဲ့သည်။

ထိုကြေညာချက် ထွက်ပေါ်လာပြီးနောက် ထုတ်ပယ်ခံရသူတချို့အနက် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်မှ ဗဟိုညီလာခံကိုယ်စားလှယ် ဦးခင်မောင်ရှိန်က မတ်လ ၆ ရက်နေ့တွင် သတင်းထောက်များနှင့် တွေ့ဆုံပြီး ၎င်း၏ ထုချေလွှာကို ဖြန့်ဝေခဲ့သည်။

အဆိုပါ ထုချေလွှာတွင် ၎င်းသည် ၁၉၉၈ ခုနှစ်ခန့်မှ စတင်ခါ အင်းစိန်မြို့နယ်အဖွဲ့ချုပ်ဝင်တစ်ဦးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲကာလတွင် မရမ်းကုန်းမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်သည့် ဒေါက်တာမေဝင်းမြင့်အတွက် ရွေးကောက်ပွဲအောင်နိုင်ရေး တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ကြောင်း၊ အဖွဲ့ချုပ်မှ စွပ်စွဲပြောဆို သကဲ့သို့သိရှိခြင်းမရှိပါကြောင်း ရေးသားဖော်ပြထားသည်။

ပါတီ၏နာယကတစ်ဦးလည်းဖြစ်သူ သတင်းစာဆရာ ဦးဝင်းတင်က ယခုဖြစ်ပေါ်နေသော ကိစ္စရပ်များသည် ရုတ်တရက် ဖြစ်ပေါ်လာသော ဖြစ်ရပ်များဖြစ်သဖြင့် ၎င်းအနေဖြင့်လည်း အံ့သြမိကြောင်း ပြောသည်။

"အခု အရေးယူခံရတဲ့သူတွေထဲက တစ်ယောက်ပဲ နာမည်သာသိတာ၊ လူတောင်မမြင်ဖူးဘူး။ ဘာမှ ဝေဖန်စရာ မရှိဘူး။ ဒါပေမဲ့ အခုလို ဖြစ်ပေါ်ပုံကိုလည်း မလိုလားဘူး။ ကောင်းတယ်လို့လည်း မယူဆဘူး။ မှန်တယ်လို့ကော ဖြစ်သင့်တယ်လို့ကော မယူဆဘူး' ဟု ဦးဝင်းတင်က ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ၏ ၂၅ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် နိုင်ငံလုံးဆိုင်ရာညီလာခံကို လာမည့် မတ်လ ၈ ရက်မှ ၁၀ ရက်နေ့အထိ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်ခန်းမ၌ ပြုလုပ်သွားမည်ဖြစ်သည်။ ■



မြန်မာနိုင်ငံသား မူးယစ်ဆေးဂိုဏ်းခေါင်းဆောင် နော်ခမ်းအား သေဒဏ်မပေးမီ တရုတ်နိုင်ငံ စီစီတီဗီသတင်းဌာနမှ ထုတ်လွှင့်သည့်ပုံကို မတ်လ ၁ ရက်နေ့က တွေ့ရစဉ်။ ၎င်းနှင့် အပေါင်းအပါသုံးဦးအား ဆေးထိုးရှိ သေဒဏ်ပေးရန် တရုတ်နိုင်ငံ သက်ဆိုင်ရာ တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလအတွင်းက မဲခေါင်မြစ်အတွင်း၊ တရုတ်သင်္ဘောသား ၁၃ ဦးကို သတ်မှုဖြင့် ယခုကဲ့သို့ သေဒဏ်ပေးခံရခြင်းဖြစ်သည်ဟု သိရသည်။ ဓာတ်ပုံ-စီစီတီဗီ/အေအက်ဖ်ပီ

အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အတွက် အစွမ်းကုန် ဆောင်ရွက်သွားမည်

စိုးသန်းလင်း

အမျိုးသား အကျိုးစီးပွား ဖြစ်ထွန်းစေမည့် နိုင်ငံရေးအပြောင်းအလဲကြီးများကို အဟန့်အတားမရှိ ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရန် ပြစ်ဒဏ်များ လျော့ပေါ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်များ အကြိမ်ကြိမ် ပေးခြင်းထက် လုံး၀ ကွင်းလုံးကျွတ် လွတ်ငြိမ်းစေမည့် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်နိုင်ရန် အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်၏ မေးခွန်းနှင့် ပတ်သက်ပြီး ထိုလွှတ်ငြိမ်းချမ်းသာခွင့်အတွက် ထောက်ခံချက်ပေးနိုင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့၀င် သူရဦးရွှေမန်းက စွမ်းအားရှိသ၍ ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

'မိမိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်သူ့ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ အမျိုးသားကာကွယ်ရေးနဲ့၊ လုံခြုံရေးကောင်စီ အဖွဲ့၀င် တစ်ယောက်အနေနဲ့ မိမိတို့ဆောင်ရွက်တဲ့နေရာမှာ စာနာထောက်ထားခြင်း၊ ကျေးဇူးတင်ရှိခြင်း၊ ကျေးဇူးကို အသိအမှတ်ပြုခြင်း၊ ခွင့်လွှတ်စာနာခြင်းများဟာ ကောင်းတဲ့အခြင်းအရာများဖြစ်တယ်လို့ ခံယူပြီး အခု ဦးခိုင်မောင်ရည် မေးခွန်းအပေါ် မိမိစွမ်းအားရှိသ၍ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

"မိမိတို့ရဲ့ လွှတ်တော်မှာ ဆောင်ရွက်ပြောဆိုနေကြတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ တစ်နိုင်ငံလုံးအတွက် တကယ့်ကို လိုအပ်တဲ့ကိစ္စများ ဖြစ်ပါတယ်။ ဒီလိုအခြေခံပြီး ပြီးခဲ့တဲ့ အတိတ်ကာလ အခြေအနေပေါ် သင်ပုန်းချေတယ် ဆိုတာထက် ပြန်လည် သုံးသပ်သင်ခန်းစာယူပြီး နောင်ဥ်ကဲ့သို့ မဖြစ်ရေးကို ရှေ့ရှုဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်" ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုလ ၆ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဦးခိုင်မောင်ရည်၏ မေးခွန်းတွင် 'နိုင်ငံရေးအပြောင်းအလဲနှင့် စီးပွားရေးအပြောင်းအလဲတို့ကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ရမည့် နိုင်ငံရေးအနေအထားသို့ ရောက်ရှိနေကြောင်း ယခုအခါ အုပ်ချုပ်ရေးစနစ်ပြောင်းခဲ့ပြီဖြစ်သော်လည်း စီးပွားရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး လည်ပတ်မှုပုံစံတို့မှာ ယခင်အတိုင်းပင် ရှိနေဆဲဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာပြီး ပြည်သူအားလုံး ယုံကြည်ကိုးစားသည့် အုပ်ချုပ်မှုပုံစံသို့ ကူးပြောင်းရောက်ရှိရန် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများရှိ အဟန့်အတားများကို ဖယ်ရှားနိုင်ဖို့ လိုကြောင်း၊ ထို့အတူပင် အကြိမ်ကြိမ် ပြစ်ဒဏ်များ လျော့ပေါ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်များ ဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပရှိ ဆန့်ကျင်ဘက် နိုင်ငံရေးအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ အဖွဲ့အစည်းအသီးသီး၏ ပြည်ဝင်ပြည်ထွက်မှုများ၊ ပြည်တော် ပြန်ဝင်ရောက်မှုများ ပေါ် ပေါက်လာခြင်းတို့လည်း တွေ့ရှိရပါကြောင်း သို့ရာတွင် ကွင်းလုံးကျွတ် ခွင့်ပြုချက်မျိုး မရှိသေးကြောင်း၊ ပြည်သူ့အကျိုး ရှေးရှုသည့် ဥပဒေပြုရေး၊ ဘက်မလိုက်သော တရားစီရင်ရေးများ၊ အမှန်တကယ် ဖြစ်ထွန်းပေါ် ပေါက်စေရန် နိုင်ငံတော်နှင့်စပ်ဆိုင်သည့် အမှုအခင်းများကို ပြည်သူတို့ ပွင့်လင်းမြင်သာစွာ သိရှိရေးအတွက် အမျိုးသားရင်ကြားစေ့ရေး ဆောင်ရွက်မှုများကို မျှတမှုန်ကန်စွာ ဆောင်ရွက်ပေးစေလိုကြောင်း စသည့် ရည်ညွှန်းချက်များ ပါဝင်ပြီး အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ရပ် ထုတ်ပြန်နိုင်ပါရန် ဤမေးခွန်းကို မေးမြန်းခဲ့ခြင်းဖြစ်သည်။

၎င်း၏ မေးခွန်းအပေါ် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးစိုးမောင်က 'လောလောဆယ် အစီအစဉ်မရှိသေးပါ' ဟု တစ်ခွန်းတည်းသော စကားရပ်ဖြင့် တိုတောင်းစွာ ပြောကြားအပြီးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း က လွှတ်တော်သို့ အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။ ■

ပြည်ပထွက်ခွာခွင့်ပုံစံ တင်လျှောက်မှုစနစ် ဖျက်သိမ်းရန် စီစဉ်

ယုယုမော်

ဖြည်ပသို့ မထွက်ခွာမီ ပြည်ပထွက်ခွာခွင့်ပုံစံ D-Form တင်လျှောက်သည့် စနစ်ကို ဖျက်သိမ်းသွားရန် လုပ်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လွှတ်တော်သို့တင်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဘယ်တော့ ပယ်ဖျက်ဖြစ်မယ်ဆိုတဲ့ ညွှန်ကြားစာ အတိအကျမထွက်သေးပါဘူး။ ဒါပေမဲ့D-Formလျှောက်တဲ့စနစ်ကတော့ ဖျက်သိမ်းသွားမှာ အမှန်ပါပဲ" ဟု ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လူဝင်မှုကြီးကြပ်ရေးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

"အဲဒီစနစ်ဖျက်သိမ်းလိုက်တော့ ကျွန်တော်တို့လို ပြည်ပခရီးစဉ်တွေ သွားနေရတဲ့ ခရီးသွားတွေအတွက် အချိန်သက်သာသွားတယ်။ အင်တာနက်ကွန်နက်ရှင် နှေးနေရင် အဲဒါလျှောက်ဖို့အတွက် ရင်တမမနဲ့ အလုပ်ရှုပ်ရတယ်။ အဲဒါမပါသွားရင်လည်း ထွက်လို့မှမရဘဲကိုး။ နောက်ပိုင်းမှာ ပုံစံ ၁၇၊ ၁၉ လိုမျိုး အခွန်စာရွက်လုပ်ရတဲ့ ကိစ္စတွေကိုလည်း ဖြေလျှော့ပေးရင်ကောင်းမယ်"ဟု ခရီးသွားတစ်ဦးဖြစ်သူ ဦးညီညီက ပြောသည်။

Tour De ခရီးသွားလုပ်ငန်းမှ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်လှဒါလီခင်က "ဒီလို ဖြေလျှော့ပေးမယ်ဆိုရင်တော့ အရမ်းဝမ်းသာစရာပဲ။ အချိန်ကုန် လူပင်ပန်းသက်သာတယ်။အခုဆိုဘဏ်မှာနာမည် စာရင်းအလိုက် ပိုက်ဆံသွားသွင်းပြီးတော့ ရလာတဲ့ code နံပါတ်နဲ့ အင်တာနက်မှာ လျှောက်ရတာ။ D-Form က ပြန်မကျလို့ တစ်ပတ် ၁၀ ရက်လောက် စောင့်ခဲ့ရတာတွေတောင် ရှိတယ်"ဟု ပြောသည်။

ပြည်ပသို့ထွက်ခွာရာတွင် အွန်လိုင်း ဝန်ဆောင်မှုမှတစ်ဆင့် လျှောက်ထားမှုအတွက် တစ်ဦး ကျပ် ၁,၀၀၀ ပေးဆောင်ရပြီး ကိုယ်တိုင်လျှောက်ပါက မြန်မာ့စီပွားရေးဘဏ်သို့ ကျပ် ၂၀၀ ပေးသွင်းရသည်။ ၎င်းပုံစံမှာ လျှောက်ပြီးပါက ခြောက်လအတွင်း အသုံးပြုခွင့်ရှိသည်။



MCM
MYANMAR CONSOLIDATED MEDIA Ltd.

အမှုဆောင်အရာရှိချုပ်နှင့် စာတည်းမှူးချုပ် (မြန်မာ) ဒေါက်တာတင်ထွန်းဦး
management@myanmartimes.com.mm
drtto@myanmartimes.com.mm
စာတည်းမှူးချုပ် (အင်္ဂလိပ်) ရော့(စ်)ဒန်ကလီ
rsdunkly@gmail.com
စီမံခန့်ခွဲမှုအရာရှိချုပ် ဝေလင်း
wailin@myanmartimes.com.mm
စီမံခန့်ခွဲမှုကော်မတီ ဒေါက်တာတင်ထွန်းဦး (ဥက္ကဋ္ဌ)
စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ဒေါက်တာခင်မိုးမိုး၊ ရော့စ်ဒန်ကလီ၊ ဘေလ်ကလောက်၊ ဦးမင်းစိန်၊ ဦးဝေလင်း၊ သောမတ်စ်ကင်း(နှ်)၊ ဦးဇော်မြင့်
စာတည်းမှူး (မြန်မာ) ဇော်မြင့်
editormtm@myanmartimes.com.mm
စာတည်းမှူး (အင်္ဂလိပ်) သောမတ်စ်ကင်း(နှ်)
စာတည်းမှူး (အထူးအချပ်ပို့) မျိုးလွင်
myolwin@myanmartimes.com.mm
ဒု-စာတည်းမှူး ဆန်ဦး
sannoo@myanmartimes.com.mm
အကြီးတန်းစာတည်း မြင့်မိုး၊ မောင်သွေးသစ်
အတိုင်ပင်ခံစာတည်း မသီဂီ
ဒု-သတင်းစာတည်း ကျော်ဆုမွန်
စီးပွားရေးစာတည်း (အင်္ဂလိပ်) စတူးဝပ်ဒ်
အကြီးတန်းလက်ထောက်စာတည်း စန္ဒာလွင်
အိမ်ခြံမြေစာတည်း ထားထားခင်
property@myanmartimes.com.mm
အားကစားစာတည်း ထွန်းနေအောင်
sports@myanmartimes.com.mm
လူမှုဘဝစာတည်း (အင်္ဂလိပ်) ဒေါက်ကလယ်လောင်း
လူမှုဘဝစာတည်း မို့မို့သော်
timeout2@myanmartimes.com.mm
နိုင်ငံတကာစာတည်း တင်စိန်
ဘာသာပြန်ဌာနတာဝန်ခံ ကိုကို
ဓာတ်ပုံဌာန (မန်နေဂျာ) ကောင်းထက်
ဓာတ်ပုံသတင်းထောက်များ ဘူးသီး၊ ကိုတိတ်
မန်နေဂျာ (အထူးစီမံကိန်းများ) ဝေလင်း
wailin@myanmartimes.com.mm
စာအုပ်ထုတ်ဝေရေးအတိုင်ပင်ခံစာတည်း လှပိုး
စာအုပ်ထုတ်ဝေရေးစာတည်း ဝင်းထွန်း
မန္တလေးရုံးခွဲ
mdybranch@myanmartimes.com.mm
နေပြည်တော်ရုံးခွဲမန်နေဂျာ စိုးသန်းလင်း
capitalbureau@myanmar.com.mm
ထုတ်လုပ်ရေးမန်နေဂျာနှင့်
စာပေစိစစ်ရေးဆက်သွယ်ရေးအရာရှိ အောင်ကျော်ဦး
production@myanmartimes.com.mm
လ/ထ စာပေစိစစ်ရေးဆက်သွယ်ရေးအရာရှိ ရဲမင်းသူ
ကြော်ငြာဒီဇိုင်းတာဝန်ခံ တင်ဇော်ထွေး
ပုံနှိပ်ဌာနမှူး ဌေးမောင်
printing@myanmartimes.com.mm
ကုန်လှောင်ရုံမန်နေဂျာ ရဲလင်းဌေး
မန်နေဂျာ (ပုံနှိပ်ဓာတ်) ခင်မောင်
ကြော်ငြာဌာနဒါရိုက်တာ ခင်သန္တာဌေး
advertising@myanmartimes.com.mm
ကြော်ငြာအရောင်းတာဝန်ခံ ညီညီထွန်း
အရောင်းမန်နေဂျာ (Classies) ခင်မွန်မွန်ရည်
ငွေစာရင်းမန်နေဂျာ မွန်မွန်သာဆိုင်
finance@myanmartimes.com.mm
စီမံရေးရာမန်နေဂျာ နန်းမေစိကျော်
administration@myanmartimes.com.mm
ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး(မြေ-၀၄၁၄၂)
အိုင်တီမန်နေဂျာ ခင်မောင်သော်
webmaster@myanmartimes.com.mm
ဖြန့်ချိရေးဒါရိုက်တာ ဂျေဆီဂေ့(ချ်)
distmgr@myanmartimes.com.mm
circulation@myanmartimes.com.mm
ကြော်ငြာနှင့် လပေးဝယ်ယူရေး ကိစ္စများ စုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈
Email: management@myanmartimes.com.mm
မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆိုလီဒိတ်တက် ပရိုင်းဗတ် လီမိတက် (Myanmar Consolidated Media) က ပိုင်ဆိုင်ပြီး ရွှေစင်ပုံနှိပ်တိုက် (၁၃၆) နှင့် စွယ်စုံဗီဒီယာ (၈၈၁၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်ဘာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(မ်)ဟူ၍ ဖြစ်ကာ မြန်မာတိုင်း(မ်)၏အမှတ်တံဆိပ်လိုဂို (Logo) အပါအဝင် သက်ဆိုင်သော သင်္ကေတအမှတ်အသားများအားလုံးကိုလည်းကောင်း၊ စာစောင်များတွင် ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် ပရိုင်းဗတ် လီမိတက် (Myanmar Consolidated Media) ၏ စာဖြင့် ရေးသားခွင့်ပြုချက်မပါဘဲ ပြန်လည် ကူးယူဖော်ပြခြင်း မပြုကြရန်။

MCM
Myanmar Consolidated Media Ltd.
www.mmtimes.com
၃၈၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈။ ဖက်စ်(၉၅၁) ၂၅၄ ၁၅၈
မန္တလေးရုံးခွဲ– အမှတ် ၁၃၈၊ ၎၄လမ်း(၃၁နှင့် ၃၂လမ်းကြား)၊ ချမ်းအေးသာဇံ၊ မန္တလေး။ ဖုန်း (၀၂) ၂၄၄၅၀၊ ၆၅၃၉၁၊ ၆၅၃၉၂။ ဖက်စ် (၀၂) ၂၄၄၆၀
နေပြည်တော်ရုံးခွဲ– အမှတ် ၁၀/၎၂၊ ဗိုလ်တောက်ထိန်လမ်း၊ ရန်အောင် (၁)ရပ်ကွက်၊ ပျဉ်းမနား။ တယ်လီဖုန်း (၀၆၇) ၂၃၀၆၃ ၂၃၀၆၅။





AFC challenge Cup **ခြေစစ်ပွဲတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်နေကြစဉ်။** ဓာတ်ပုံ-ဘူးသီး

မြန်မာ AFC Challenge Cup 2014 ခြေစစ်ပွဲအောင်

ဇေအင်စည်ဟိန်း

AFC Challenge Cup 2014 ခြေစစ်ပွဲ အုပ်စု(က)၏ နောက်ဆုံးပွဲများကို ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ မြန်မာလက်ရွေးစင်အသင်းက အိန္ဒိယလက်ရွေးစင်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူကာ အုပ်စုပထမနေရာဖြင့် ခြေစစ်ပွဲ အောင်မြင်သွားပြီဖြစ်သည်။

ခြေစစ်ပွဲအောင် မြန်မာအသင်းသည် အခြားသော ခြေစစ်ပွဲအောင်မြင်သည့် အသင်းခြောက်သင်းနှင့် တကွ အိမ်ရှင်မော်လဒိုက်အသင်းနှင့် အတူ ၂၀၁၄ ခုနှစ်တွင် AFC Challenge Cup ပြိုင်ပွဲကို ပါဝင်ဆင်နွှဲရမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲ အုပ်စု(က)တွင် ဂူအမ်၊ တရုတ်တိုင်ပေ၊ အိန္ဒိယအသင်းတို့နှင့် ရင်ဆိုင်ရပြီး ဂူအမ်အသင်းကို ငါးဂိုး ပြတ်ဖြင့် အနိုင်ရရှိသော်လည်း တရုတ်တိုင်ပေအသင်းကို တစ်ဂိုးစီ သရေကျခဲ့သောကြောင့် အုပ်စု ဒုတိယနေရာ၌ ရပ်တည်ကာ ခြေစစ်ပွဲအောင်ရန် ဖိအားဝင်သွားခဲ့သည်။

နှစ်ပွဲနိုင် အုပ်စုဗိုလ်ဖြင့် အခွင့်အရေးသာနေသည့် အိန္ဒိယအသင်းကို အနိုင်ရရှိမှ တိုက်ရိုက် ခြေစစ်ပွဲအောင်မြင်နိုင်မည့် အခြေအနေသို့ ရောက်ရှိနေပြီး၊ အိန္ဒိယကမူ အိမ်ရှင် မြန်မာအား သရေကစားရုံဖြင့် အုပ်စုပထမဖြင့် တိုက်ရိုက် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာအသင်းသည် ပြိုင်ဘက် အိန္ဒိယအသင်းကို တစ်ဦးချင်း ခြေစွမ်းအသာဖြင့် တရစပ် တိုက်စစ်ဆင်ခဲ့သော်လည်း တစ်လုံးတည်းသော အနိုင်ဂိုးကိုမူ ပွဲချိန် ၇၄ မိနစ်တွင် လူစားဝင် ရှေ့တန်းတိုက်စစ်မှူး စိုးမင်းဦးက ဂိုးဧရိယာထဲတွင် ရှုပ်ထွေးနေသည့် အနေအထားမှ ပိတ်သွင်းယူခဲ့သည်။ ■

အင်းစိန်(ရွာမ)ရှိ သံမဏိစက်ရုံ . .

စာမျက်နှာ ၁ မှ

တွင် ဆီလက်ကျန်အနည်းငယ်စီ ရှိနေသေးပြီး မီးကူးစက်မည်ကို စိုးရိမ်ရသဖြင့် ၎င်းတို့အနေဖြင့် စောင့်ကြည့်ရမည်ဖြစ်ကြောင်း ပြောသည်။

"လောလောဆယ် ဘယ်ကစလောင်မှန်း မသိသေးဘူး။ ကျွန်တော်တို့ ရောက်လာတဲ့အချိန်မှာ မီးခိုးတွေ အုံတက်နေပြီ။ ကားတွေက ဖျက်ဆီးဖို့ထားတယ်ဆိုပေမယ့် ဆီတိုင်ကီတွေထဲမှာ ဆီလက်ကျန်တွေ ရှိနေသေးတယ်" ဟု ဦးအောင်သိန်းထွေးက ဆိုသည်။

အဆိုပါအမှတ်(၃) သံမဏိ စက်ရုံဝင်းမှာ လေးမိုင်ပတ်လည်ရှိပြီး သိုလှောင်ထားသောကားစီးရေစုစုပေါင်းတစ်သိန်း ကျော်ရှိကြောင်း ၎င်းက ပြောသည်။

"ဝင်းထဲမှာ ကားတွေက အရမ်းပြည့်ကျပ်နေပြီး အသွားအလာလည်း မလွယ်ဘူး။ မီးက ဒီထက်ကြီးရင် ဒုက္ခရောက်ပြီ။ အပ်နှံလက်ခံထားတဲ့ကားက များနေပြီး နိုင်အောင် မဖျက်နိုင်သေးဘူး။ နောက်ပြီး ကားထဲမှာက ဘက်ထရီတွေ မဖြုတ်ရသေးဘူးထင်တာပဲ။ ဆီတိုင်ကီထဲမှာလည်း ဆီအကပ်အသတ်လေးတွေ ရှိနေဦးမယ်လို့ ထင်တယ်"ဟု အခင်း ဖြစ်ပွားရာနေရာတွင် ရှိနေသော အင်းစိန်မြို့နယ်၌ နေထိုင်သူတစ်ဦးကပြောသည်။

မီးကြောင်းမီးကျန်များအား မွန်းလွဲ ၂ နာရီဝန်းကျင်တွင် ငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားရသည့်အကြောင်း အရင်းကိုမူ စုံစမ်းဆဲဖြစ်ကြောင်း ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။ ■

သင့်လျော်သည့်အချိန်တွင် သူရဦးရွှေမန်းသို့ . . .

စာမျက်နှာ ၂ မှ

ဆောင်ရွက်ခြင်းတော့မပြုဘူး။ ဥက္ကဋ္ဌအနေနဲ့ ပါဝင်တဲ့သဘောတော့ သက်ရောက်နေပါဆိုတော့ သင့်လျော်တဲ့အချိန်မှာ ပါတီဥက္ကဋ္ဌတာဝန်ကို စွန့်လွှတ်မယ်လို့ ပြောထားတာရှိပါတယ်" ဟု ၎င်းက ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ တွင် နိုင်ငံတော်သမ္မတ၊ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ၊ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့သက်တမ်းအတွင်း ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်။

အခြေခံဥပဒေပုဒ်မ ၂၃၂ ပုဒ်မခွဲ ၌ တွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့ အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ဖော်ပြထားသည်။

ယင်းပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ပုသိမ်မြို့နယ်၊ ပြည်သူလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်က ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန် ပထမအကြိမ် ပြည်သူလွှတ်တော်၊ ဆဋ္ဌမပုံမှန် အစည်းအဝေး စတုတ္ထမြောက်နေတွင် အဆိုတင်သွင်းခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသာလျှင် အဆိုကို အဓိပ္ပာယ်ဖွင့်ရန် သင့်လျော်ပြီး ဥပဒေနှင့် ညီညွတ်မည်ဟု သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ပြန်လည်ရှင်းလင်းခဲ့ သည်။

အဆိုကို လွှတ်တော်တွင်း ဆွေးနွေးခွင့်ပြုမည်မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးပေါ် ပေါက်လာလျှင် ဖွင့်ဆိုချက် တောင်းခံသွားမည်ဟု ပြည်သူလွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဆိုပါနေ့က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လ ၂၅ ရက်က ပြည်သူလွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက သင့်တော်သည်ဟု အဆိုပြုခဲ့သူ ဦးမြသိန်းအား အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သဖြင့် မကြာမီ ပြည်သူလွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ဆက်လက် ဆောင်ရွက်ဖွယ်ရှိသည်ဟု ပုသိမ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးဝင်းမြင့်က ပြောသည်။

"အဲဒီကိစ္စတွေကို အဓိပ္ပာယ်ဖွင့်ဆိုဖို့ ကျွန်တော်က ခုံရုံးကိုတင်သွင်းခွင့်မရှိဘူး။ ဒါကြောင့် တင်သွင်းခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးထံ အဆိုတင်တော့ လွှတ်တော်မှာ မှတ်တမ်းတင်ထားပြီး ဆောင်ရွက်ပေးမယ် ပြောပါတယ်" ဟု ဦးဝင်းမြင့်က ပြောသည်။

"အခုထိတော့ ဥက္ကဋ္ဌကြီးက ဘာမှမပြောသေးပါဘူး။ ကျွန်တော်ကလည်း သွားမမေးဖြစ်သေးပါဘူး"ဟု ၎င်းက ဖြည့်စွက်ပြောသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာတော့ ပြည်ထောင်စုအဆင့် တာဝန်တွေယူလို့ ရှိရင် ပါတီတာဝန်တွေ ထမ်းဆောင်ခြင်းမပြုရဆို ပါတယ်။ ပါတီကထွက်ပါလို့ မပါပါဘူး"ဟု ပါတီဒုတိယ ဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဦးဌေးဦးက ပြောသည်။ ■



ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာတိုင်း(မ်)စာစောင် အတွဲ(၃၁)၊ အမှတ် (၆၁၀) စာမျက်နှာ (၄၆-၄၇)တွင် ဖော်ပြပါရှိသည့် "Lolane ရဲ့ အထူးအစီအစဉ်"ပွဲ ခေါင်းစဉ်အောက်တွင် ဖော်ပြထားသော မော်ဒယ်သုံးဦးအား "Myanmar Beauty Expo" ပွဲ၏ ခေါင်းစဉ်အောက်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ ယင်းကဲ့သို့ မှားယွင်းဖော်ပြမိသည့်အတွက် သက်ဆိုင်သူများအား တောင်းပန်အပ်ပါသည်။

စာတည်း

TIGER BALM

နာချင်ရာ နာစမ်း . . . **TIGER BALM®**



Tiger Balm (White) သည် မူလဖြောင့်နှင့် အင်းဆက်ပိုးမွှားများကိုက်ခံရခြင်းဒဏ်နာ ကို ကုစားကင်းဝေပါသည်။

Reg No. 1308AA699

Tiger Balm (Red) သည် ပြာတ်သား နာကျင်ကိုက်ခဲခြင်းနှင့် အကျွံသားခြင်းများ ကို ကုစားပြီးနှစ်သက်သာစေပါသည်။

Reg No. 1402AA1320

Tiger Balm (Liniment) သည်မောပန်းနွမ်းနယ်ခြင်း၊ ပြာတ်သားခေတွေ့ ကင်ခြင်း၊ နာကျင်ခြင်းတို့ကို အလျင်မြန်ဆုံးပျောက်ကင်းစေပါသည်။

Reg No. 1308AA843

သင့်ရဲ့ နာကျင်ကိုက်ခဲမှုဒဏ်နာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည့်

TIGER BALM® PLASTER



Cool သည်ဆီနံကံနာကျင်မှုများ၊ ကြွက်သားခေတ်ခြင်းခြင်းများ အတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။

Reg No. 1407AA1733

RD Warm သည် ကြွက်သားနာကျင်ခြင်း၊ ကာကွယ်ပြုပြင်ခြင်း နှင့် ပါးနှာခေါင်းတက်ရောဂါအတွက် သုံးပြုရန် အထူးသင့်လျော်ပါသည်။

Reg No. 1407AA1734

- OVER 100 YEARS - OVER 100 COUNTRIES - MILLIONS OF USERS -

WORKS WHEREVER IT HURTS.

ဒေါ်အောင်ဆန်းစုကြည်ကို ဒက်စမွန်တူးတူးက အားပေး

ဖေဖော်ဝါရီ ၂၇ ရက်နေ့က ရန်ကုန်မြို့ အမေရိကန်စင်တာတွင် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဘုန်းတော်ကြီး ဒက်စမွန်တူးတူးက ပြောကြားရာ၌ ရိုဟင်ဂျာပြဿနာနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က တစ်စုံတစ်ရာထင်မြင်ချက်ထုတ်ဖော်ပြောဆိုမှု မပြုခြင်းသည် သူ၏ လက်ရှိနိုင်ငံရေးအနေအထားနှင့် ဆက်နွယ်မှုရှိသည်ဟု ဒက်စမွန်တူးတူးက ပြောကြားခဲ့သည်။

ဘုန်းတော်ကြီးတူးတူးက သူလိုပင် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို ရိုဟင်ဂျာကိစ္စ၌ ရေရှုနှုတ်ပိတ် နေရကောင်းလားဟု ဝေဖန်ပြောဆိုရန် ငြင်းဆိုလိုက်ပြီး အနာဂတ်တစ်နေ့တွင် ပစ္စက္ခနိုင်ငံရေး အခြေအနေများက သူမ၏ရွေးချယ်မှုအပေါ် လွှမ်းမိုးမှုရှိခဲ့ပုံကို ရှင်းပြခွင့်ရနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ယခုအချိန်တွင် တစ်ကမ္ဘာလုံး၏အမွှမ်းတင်ခံ စံနမူနာပြုယုဂ်ဘဝမှ နိုင်ငံရေးသမားဘဝသို့ ပြောင်းရွှေ့သွားနေသည်။ စပ်ကူးမပ်ကူးအခြေအနေတွင် ရောက်ရှိနေသည်ဟုဒက်စမွန်တူးတူးကပြောသည်။

ဒက်စမွန်တူးတူးသည် မြန်မာနိုင်ငံသို့ ပထမဆုံးအလည်အပတ် ရောက်လာရာတွင် ဖေဖော်ဝါရီ ၂၆ ရက်နေ့က ရန်ကုန်မြို့ ဒေါ်စု၏နေအိမ်၌ ဒေါ်စုနှင့်တွေ့ဆုံခဲ့သည်။ ဘုန်းတော်ကြီးတူးတူးသည် ကာလကြာရှည်စွာကပင် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့ဒီမိုကရေစီရေးကို ထောက်ခံလာခဲ့သူဖြစ်သည်။

တောင်အာဖရိကနိုင်ငံ၌ အသားအရောင်ခွဲခြားဆက်ဆံမှု တိုက်ဖျက်ရေးကြိုးပမ်းမှုအတွက် ၁၉၈၄ တွင် နိုဘယ်ငြိမ်းချမ်းရေးဆုချီးမြှင့်ခံခဲ့ရသော ဒက်စမွန်တူးတူးသည် ၁၉၉၆ ခုနှစ်တွင် 'ကိပ်တောင်း' တို့၏ ခရစ်ယာန်ဂိုဏ်းချုပ် ဘုန်းတော်ကြီးအဖြစ်မှ ၁၉၉၆ ခုနှစ်တွင် အနားယူခဲ့သည်။ တောင်အာဖရိကတွင် အသားအရောင် ခွဲခြားဆက်ဆံမှုကို အဆုံးသတ်ပြီးနောက် 'အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်' ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထိုကော်မရှင်သည် အသားအရောင် ခွဲခြားရေးခေတ်အတွင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုမျှားကို ပြန်လည်သုံးသပ်ရန် ဖွဲ့စည်းထားသော တရားရုံးကဲ့သို့ အဖွဲ့အစည်းဖြစ်သည်။ **တင်မာ့လပ်ဖင်** ■



ရွှေဂုံတိုင်လမ်းရှိ တောင်ဝင်နှင်းဆီခန်းမ၌ကျင်းပမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နိုင်ငံလုံးဆိုင်ရာညီလာခံအခမ်းအနားပြင်ဆင်နေစဉ်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

အင်နာအယ်လ်ဒ် နိုင်ငံလုံးဆိုင်ရာညီလာခံ မတ် ၉ ရက် ကျင်းပမည်

ကျော်ဆွမ်မွန်

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ၂၅ နှစ်တာအတွင်း ပထမဆုံးအကြိမ် နိုင်ငံလုံးဆိုင်ရာ အထွေထွေညီလာခံကို မတ်လ ၉ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခု နိုင်ငံလုံးဆိုင်ရာညီလာခံ ကျင်းပရန်အတွက် ပြီးခဲ့သည့်နှစ် စက်တင်ဘာလခန့်ကပင် စတင်ပြင်ဆင်လာခဲ့ခြင်း ဖြစ်ကာ ယခုညီလာခံတွင် အဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များကို ပြန်လည် ရွေးချယ်သွားဖွယ်ရှိသည်။

တစ်နိုင်ငံလုံးမှ ညီလာခံကိုယ်စားလှယ်ပေါင်း ၁,၅၀၀ ခန့် တက်ရောက်နိုင်မည်ဟု ဆိုသည်။

နိုင်ငံလုံးဆိုင်ရာ ညီလာခံကျင်းပနိုင်ရေးအတွက် အကြိုကော်မရှင်များဖွဲ့စည်းရာမှ ပါတီတွင်း ပဋိပက္ခများလည်း ဖြစ်ပေါ်ခဲ့ပြီး တချို့ဒေသများ၌ ပါတီဝင် အစုလိုက်အပြုံလိုက် နုတ်ထွက်ခဲ့သည့် ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင်တို့ အပါအဝင် ကိုးဦးတို့က စတင်တည်ထောင်ခဲ့သည်။ ■

အဌားယာဉ် မှတ်ပုံတင်လုပ်ငန်းအား မထသ(ဗဟို)မှ လုပ်ကိုင်မည်

သီဟတိုး

အဌားယာဉ် မှတ်ပုံတင်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ခဲ့ရာမှ ဧပြီလ ၁ ရက်နေ့မှစတင်၍ အဆိုပါလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီက လွှဲပြောင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခုလ ၆ ရက်နေ့တွင်မထသ(ဗဟို)မှ ကြေညာသည်။

"မြို့တော်စည်ပင် စီမံခန့်ရာဌာနက ကိုင်တွယ်နေတဲ့ တက္ကစီယာဉ်တွေကို လွှဲပြောင်းပေးဖို့ ကျွန်တော်တို့မထသ (ဗဟို) ခရိုင်ယာဉ်လိုင်း အုပ်ချုပ်ရေးမှူးတွေနဲ့ စည်ပင်ခရိုင်အုပ်ချုပ်ရေးမှူးတွေ ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ယခုလ ၁၅ ရက်နေ့မှာ တက္ကစီတွေရဲ့ လက်ရှိစာရင်း ဇယားတွေနဲ့ လုပ်ထုံးလုပ်နည်းတွေကို လွှဲပြောင်းရယူမှာပါ။ ၃၁ ရက်နေ့မှာ တက္ကစီတွေ ကြိုးကြပ်ကွပ်ကဲမှု ကိစ္စအဝဝကို လွှဲပြောင်းလက်ခံသွားမှာပါ။ ဧပြီလ ၁ ရက်နေ့ကစပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တက္ကစီတွေအားလုံးကို လုပ်ထုံးလုပ်နည်းတွေနဲ့အတူ မထသ (ဗဟို)ကနေ လွှဲပြောင်းလက်ခံဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မထသ (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ပြောသည်။

ယင်းကဲ့သို့ အဌားယာဉ်များကို ကြီးကြပ်၍ စည်ပင်သာယာမှ လွှဲပြောင်းပေးခြင်းနှင့် ပတ်သက်ပြီး ခရိုင်လေးခုရှိ ခရိုင်ဥက္ကဋ္ဌရုံးများနှင့် သက်ဆိုင်ရာယာဉ်လိုင်းခရိုင်အုပ်ချုပ်ရေးမှူးများက ယခုလ ၅ ရက်နေ့မှစ၍ သက်ဆိုင်ရာလုပ်ငန်းများအား တွဲဖက်လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်သည်။

အဌားယာဉ်များ မှတ်ပုံတင်ခြင်းအား လက်ရှိ မြို့တော်စည်ပင်သာယာရေးခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် ဆောင်ရွက်နေသည့်အတိုင်း ယခုလ ၁၅ ရက်နေ့မှစတင်ခါ မထသ(ဗဟို) ခရိုင် အုပ်ချုပ်ရေးမှူးရုံးများတွင် လွှဲပြောင်းဆောင်ရွက်သွားမည်ဖြစ်သည်။

"တက္ကစီလွှဲပြောင်းတာနဲ့ ပတ်သက်ပြီး ဒီလကုန်အတွင်း အားလုံးပြီးတာနဲ့ မထသ(ဗဟို)က သက်ဆိုင်ရာခရိုင် ယာဉ်လိုင်းတွေနဲ့ ညှိနှိုင်းပြီးတော့ တက္ကစီတွေကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာပါ။ စာရင်း ဇယားတွေလွှဲပြောင်းပြီးတာနဲ့ စည်းကမ်းထိန်းသိမ်းရေးကိုပါ ဆက်ပြီးလုပ်သွားမှာပါ"ဟု မထသ(ဗဟို) အတွင်းရေးမှူး ဦးဘမြင့်က ပြောသည်။

ထိုအဖွဲ့မှ ယာဉ်စည်းကမ်း ဖောက်ဖျက်မှုအတွက် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဌားယာဉ်များအား လက်ရှိအရေးယူနေသည့် ယာဉ်ထိန်းဥပဒေများအရ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်သွားမည်ဟု ထိုအဖွဲ့မှ ထပ်လောင်းပြောကြားသည်။

၂၀၁၂ ဒီဇင်ဘာအထိ ထုတ်ပြန်သော စာရင်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဝင် ပြေးဆွဲလျက်ရှိသော အဌားယာဉ်အစီးရေ စုစုပေါင်းမှာ ၄၉,၆၁၀ ကျော်ရှိပြီ ဖြစ်သည်။ ■





လယ်မြေပိုင်ဆိုင်ခွင့်မှတ်ပုံတင်ရန် လယ်သမားများ အခက်ကြုံ

အိအိတိုးလွင်

နိုင်ငံတော်က လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းများအား ၂၀၁၃ ခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ပေးမည်ဆိုသော်လည်း လယ်ယာမြေအငြင်းပွားမှုများနှင့်ရင်ဆိုင်နေရသော လယ်သမားများအတွက် လက်တွေ့တွင်အခက်ကြုံနေရကြောင်း ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ လယ်သမားများက ပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများပိုင်ဆိုင်သည့် လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းများအား ၂၀၁၃ ခုနှစ် တစ်နှစ်တာကာလအတွင်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၈ ရက် နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့သည်။ ထို့ပြင် လယ်ယာမြေဥပဒေအရ ဦးပိုင်လုပ်ကွက်တစ်ကွက်လျှင် မှတ်ပုံတင်ကြေးငွေကျပ် ၅၀၀မှအပ အခြားအခကြေးငွေပေးရန် မလိုအပ်ကြောင်းလည်း ဖော်ပြခဲ့သည်။

“အခုကျွန်တော်တို့ပြင်ဦးလွင် အမ်(၄) နယ်မြေမှာ မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ပေးတဲ့အဖွဲ့တွေ ရောက်လာပြီး လျှောက်လွှာပုံစံတော့ပေးတယ်။ ဒါပေမဲ့ လယ်တွေကအသိမ်းခံထားရတော့ မှတ်ပုံတင်မရဘူးလို့ပြောတယ်။ ကျွန်တော်တို့ ရွာလေးရွာကလယ်တွေက စခန်းကြီးသစ်တောကြိုးပိုင်းထဲရောက်နေတယ်ဆိုပြီး သစ်တောကသိမ်းထားတာ။ ဒီတော့ သစ်တောနဲ့ အရင်ရှင်းလို့ပြောတယ်။ သစ်တောကလည်း အခုထိ ဘာမှလာမရှင်းပေးဘူး”ဟု မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရေခဲ့စုကျေးရွာမှ ကိုကျော်ကျော်အောင်က ပြောသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်မှ လယ်သမားများကလည်း ၎င်းတို့၏ လယ်ယာမြေများအား စစ်တပ်ပိုင်မြေများအဖြစ် သိမ်းယူထားသည့်အတွက် မှတ်ပုံတင်ခွင့်မရရှိကြောင်းပြောသည်။

“အသိမ်းခံထားရတဲ့ ကျွန်တော်တို့ လယ်မြေတွေက တော်တော်ကိုများတယ်။ ဘယ်အချိန်က သိမ်းထားမှန်းမသိဘဲ အခုမှသိမ်းတယ်ဆိုတော့ ဘယ်လိုဆက်ပြီး လုပ်စားရမလဲမသိတော့ဘူး။ လယ်သမားတွေ ငြိမ်းချမ်းစွာဆန္ဒပြခွင့် တရားဝင်တောင်းတော့လည်း ခွင့်မပြုဘူး။ ခွင့်ပြုချက်မရဘဲဆန္ဒပြတော့လည်း ပုဒ်မ(၁၈)နဲ့စွဲတယ်။ အခုမှတ်ပုံတင်ဖို့ကျတော့ ပြဿနာတွေဖြစ်နေလို့ ပုံစံ(၁)တောင် ကျွန်တော်တို့ကိုမပေးဘူး”ဟု ပြည်မြို့မှ ကိုထွန်းထွန်းက ပြောသည်။

လယ်ယာမြေမှုခင်းများနှင့် ရင်ဆိုင်နေရသော လယ်သမားများသည် ၎င်းတို့၏ ပြဿနာများအား ဖြေရှင်းပေးရန် လယ်ယာမြေ စုံစမ်းစစ်ဆေးရေးကော်မရှင်ထံ တိုင်ကြားထားသော်လည်း ကော်မရှင်က ဖြေရှင်းပေးခြင်းမရှိကြောင်း လယ်သမားများက ပြောသည်။

> **ဒီတော့ သစ်တောနဲ့ အရင်ရှင်းလို့ပြောတယ်။ သစ်တောကလည်း အခုထိ ဘာမှလာမရှင်းပေးဘူး”**

“စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ကျွန်တော်တို့ပြဿနာတွေကို ကူညီပေးဖို့ တင်ပြတာ အကြိမ်ကြိမ်ပါပဲ။ လူကိုယ်တိုင် နေပြည်တော်အထိသွားပြီး တင်တာပါ။ ဒါပေမဲ့အခုအချိန်ထိ သူတို့ဆီက ဘာမှအကြောင်းမပြန်ပါဘူး”ဟု ကိုကျော်ကျော်အောင်က ပြောသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် လယ်ယာမြေအငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိရာ အထူးသဖြင့် စစ်တပ်၊ ကုမ္ပဏီနှင့် ဝန်ကြီးဌာနများက စီမံကိန်းများ အကြောင်းပြကာ သိမ်းယူထားခြင်းဖြစ်ပြီး အဆိုပါ ပြဿနာများအား ကော်မရှင်အဖွဲ့ဝင်များ စုံစမ်းစစ်ဆေးရာတွင် မြို့ပေါ်ဌာသာမက အောက်ခြေကျေးရွာများအထိ ကွင်းဆင်းစစ်ဆေးကာ အမြန်ဆုံး ဖြေရှင်းပေးသင့်ကြောင်း လယ်သမားများက ပြောသည်။

ထို့ပြင် နိုင်ငံတော်ကလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ထုတ်ပေးနေသော်လည်း မြေယာအငြင်းပွားမှုများ ဖြစ်ပွားနေသောတောင်သူအချို့မှာ ချေးငွေရရှိရန်အခက်အခဲရှိနေသည်။


“မြေစာရင်းအမည်ပေါက်ဖြစ်မှ ချေးငွေရမှာဆိုတော့ ကြံစိုက်တဲ့သူတွေအားလုံး ချေးငွေမရဘူးဖြစ်နေတယ်။ အဓိကပြဿနာကတော့ ယင်းခဲကြိုးပိုင်းထဲရောက်နေတာကြောင့်လို့ပြောတယ်။ သစ်တောကြိုးပိုင်းဆိုပေမယ့် သစ်ခုတ်လို့ တောပျက်နေတာကြာပါပြီ။ ကိုင်းတွေထနေတော့ တောင်သူတွေဝင်စိုက်နေတာလည်း နှစ်တွေကြာနေပြီ။ ရှမ်းပြည်မြောက်ပိုင်းနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်ကြားမှာဖြစ်နေတာ။ ဒါကြောင့် ယင်းခဲမြို့နယ်က ကြံစိုက်တောင်သူသုံးထောင်လောက် လက်မှတ်ထိုးပြီး နိုင်ငံတော်သမ္မတဆီကို စိုက်ပျိုးခွင့်ပေးဖို့ တောင်းဆိုထားတယ်။ အခုတော့ ကျားဖြူပါတီက ဝင်ရောက်ညှိနှိုင်းပြီး ကြံစိုက်ခွင့်အပေါ် သက်ဆိုင်ရာဌာနများက စိစစ်ရန်လိုကြောင်း လယ်ယာမြေလှုပ်ရှားဆောင်ရွက်သူများက ပြောသည်။

“ရခိုင်ပြည်နယ်မှာက လူမျိုးစုပြဿနာဖြစ်နေပြီး အရမ်းအရေးကြီးတဲ့နေရာပါ။ ဘင်္ဂလီလို့ခေါ်တဲ့လူမျိုးတွေအတွက် မြေနေရာဆိုတာ အရမ်းလိုအပ်တယ်။ မြေပိုင်ဖို့အတွက် ပိုက်ဆံအများကြီးပေးဖို့လည်း ဝန်မလေးဘူး။ ရခိုင်နဲ့ ဒီလူမျိုးတွေကြားက မြေပြဿနာတွေက အများကြီးပါ။ ဆင်းရဲတဲ့သူတွေဆီကနေ စစ်တပ်နဲ့ လူတချို့က နည်းအမျိုးမျိုးနဲ့ ရယူထားတဲ့မြေတွေရှိတယ်။ အဲဒီလူတွေဆီကနေ ဘင်္ဂလီတွေက ပြန်ဝယ်တယ်။ ဒါကြောင့် ဒီမြေတွေကို မှတ်ပုံတင်လျှောက်တဲ့အခါ ဥပဒေအရ ပိုင်ဆိုင်ခွင့် ရှိလား၊ မရှိဘူးလားဆိုတာကို သေချာစစ်ဆေးပေးစေချင်တယ်”ဟု လယ်သမားရေးလှုပ်ရှားဆောင်ရွက်သူ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့မှ ကိုနိုင်ဇော်က ပြောသည်။

“ကလေး-တမူးနဲ့ ကလေး-တွန်းဂျာနယ်စပ်လိုနေရာမျိုးတွေမှာ မြေလွတ်မြေရိုင်းတွေအရမ်းပေါတယ်။ ဒီနေရာတွေမှာ ပိုက်ဆံချမ်းသာတဲ့သူတွေက နှင်းဆီပင်၊ ကျွန်း၊ ရော်ဘာပင်တွေလာစိုက်နေတာတွေရှိတယ်။ ဒါတွေက တရားဝင်မှတ်ပုံတင်လုပ်တာလားလို့ မြေစာရင်းဌာနက လူကြီးတွေကို မေးတော့ မသိဘူးလို့ပဲပြောတယ်။ လယ်ယာမြေမှတ်ပုံတင်အသစ်ပြန်လုပ်ဖို့ မြေစာရင်းရုံးကလာပြန်ပြောတယ်။ တော်တော်များများကလည်း မှတ်ပုံမတင်ကြဘူးလေ။ ဒီလိုပဲလုပ်လာတာဆိုတော့ ပိုင်ပြီးသားပဲ။ နောက်ပြီး ဘယ်လိုလုပ်ရမလဲဆိုတာနဲ့ပတ်သက်ပြီး အများစုက နားမလည်ဘူး”ဟု ချင်းပြည်နယ်၊ ကလေးမြို့၊ Helping Hand လူမှုကွန်ရက်အဖွဲ့မှ ဦးဒိုးခန့်ဘွေ်ငက ပြောသည်။

ဝန်ကြီးဌာနသည် လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်နေပြီး ကြေးတိုင်နှင့်မြေစာရင်းမှ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း တည်းအားလုံးဖြေရှင်းရန် မဖြစ်နိုင်ကြောင်းနှင့် ကော်မရှင်၏လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသဆိုင်ရာတာဝန်ရှိသူများ၏ ပူးပေါင်းပါဝင်မှု ပိုမိုလိုအပ်ကြောင်း ကော်မရှင်အဖွဲ့ဝင် ဦးအောင်ဇင်က ပြောသည်။

“ကော်မရှင်ဆိုတာ ဆုံးဖြတ်ပေးနိုင်တဲ့အဖွဲ့မဟုတ်ပါဘူး။ တက်လာတဲ့ပြဿနာတွေကို စုံစမ်းညှိနှိုင်းပေးပြီး ဖြစ်စဉ်ကို အရှိအတိုင်း ဘက်မလိုက်ဘဲ ပြည်ထောင်စုကော်မရှင်ကို တင်ပြဖို့ပါ။ အခုစုံစမ်းမှုတွေလည်း အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ပေးနေပါတယ်”ဟု ဦးအောင်ဇင်က ပြောသည်။ ■







ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်ရှိ မင်းရဲကျော်စွာဝင်း၌ မော်တော်ယာဉ်ရောင်းဝယ်ရေးယာယီစခန်းအား တွေ့ရစဉ်။ ဓာတ်ပုံ - ဘူးသီး

မင်းရဲကျော်စွာဝင်း၌ မော်တော်ယာဉ် ရောင်းဝယ်ရေး ယာယီစခန်း တိုးချဲ့ဖွင့်လှစ်

မြတ်ငြိမ်းဇော

ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းအား သီရိမင်္ဂလာဈေးဟောင်းနေရာသို့ ရွှေ့ပြောင်းရာတွင် ခြောက်ဘီးနှင့် အထက် ယာဉ်များ ရပ်နားမှုအတွက် နေရာအခက်အခဲရှိခြင်းကြောင့် လမ်းမတော်မြို့နယ်ရှိ မင်းရဲကျော်စွာဝင်း၌ မော်တော်ယဉ်ရောင်းဝယ်ရေး ယာယီစခန်းအဖြစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကားရောင်းဝယ်သူတွေက သီရိမင်္ဂလာဈေးဟောင်းမှာ နေရာအခက်အခဲရှိတယ်လို့ပြောလာကြလို့ အဆင်ပြေအောင် ယာယီသဘောမျိုးနဲ့ ဖေဖော်ဝါရီ ၂၆ ရက်နေ့ကစပြီး ဒီဘက်ကို တချို့တစ်ဝက်ကို ရွှေ့ပြောင်းပေးခဲ့တာပါ။ ကျွန်တော်တို့ကို ၂၈ ရက်နေ့ နောက်ဆုံးထားပြီး ရွှေ့ခိုင်းခဲ့တယ်။ ဟိုဘက်မှာ ယာဉ်ရပ်နားရတာ အဆင်မပြေတော့ ယာဉ်ငယ်တွေပါ ဒီဘက်ကို တော်တော်များများ ရောက်လာတယ်။ အရောင်းအဝယ်လုပ်ကြမယ့်ယာဉ်တွေထဲက သုံးပုံနှစ်ပုံလောက် ဒီဘက်ကို ရောက်နေကြပါပြီ။ ကျွန်တော်တို့ဘက်ကတော့ အများပြည်သူ အဆင်ပြေအောင် ဒီဘက်ကို ယာယီအနေနဲ့ ခဏရွှေ့ပြောင်းပေးထားတာပါ"ဟု ၎င်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

ယခုလက်ရှိ မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေး ယာယီစခန်းအဖြစ် အသုံးပြုထားသောနေရာကို ယခင်က တည်းက ယာဉ်ရပ်နားစခန်းအဖြစ်ပြုလုပ်ရန် စီစဉ်ထားသောနေရာလည်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

"ကျွန်တော်တို့ အခု ဟံသာဝတီကားဝင်းကိုလည်း ကားပလာဇာအဖြစ်ပြုလုပ်ဖို့ရှိပါတယ်။ အဲဒါပြီးသွားရင်တော့ အဲဒီနေရာနဲ့ သီရိမင်္ဂလာဈေး နေရာနှစ်ခုကို မော်တော်ယာဉ် ရောင်းဝယ်ရေးစခန်းပြုလုပ်မှာပါ။ ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းက ဈေးဆိုင်တွေကိုလည်း အဲဒီပလာဇာမှာ ဆိုင်ခန်းတွေ ပြန်ပေးဖို့ ရှိပါတယ်။ အခုလောလောဆယ် မင်းရဲကျော်စွာဝင်းထဲမှာ ကျွန်တော်တို့ လမ်းတွေပြင်ပေးနေပါပြီ။ အများပြည်သူသုံးအိမ်သာတွေလည်း ဆောက်ပေးထားပါတယ်" ဟု ၎င်းက ပြောသည်။

ကားဝယ်ရောင်းသမားများကလည်း ယခု ယာယီမော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းမှာ ၎င်းတို့ အရောင်းအဝယ်အတွက် အဆင်မပြေသေးကြောင်း ပြောသည်။

"အခုလောလောဆယ်တော့ ဘာအရောင်းအဝယ်မှ မဖြစ်သေးဘူး။ ကျွန်တော်တို့ ပြောင်းလာတာလည်း သိပ်မကြာသေးဘူးလေ။ မတ်လတစ်ရက်နေ့ကမှ စပြောင်းလာတာ။ သီရိမင်္ဂလာဈေးဟောင်းနေရာထက်တော့ ဒီမှာက ပိုအဆင်ပြေပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ယာဉ်ငယ်တွေပါ ဒီဘက်ကို ရွှေ့လာတာ။ ဒါပေမဲ့ ဟံသာဝတီ ကားဝင်းကတော့ အဆင်ပြေဆုံးပေါ့။ဒီမှာက ဖုန်တွေလည်း အရမ်းထူတယ်။ ပြီးတော့ ညစ်ပတ်တယ်။ အဲဒါကြောင့် အားနေတဲ့ အချိန်ဆိုရင် ဝင်းအပြင် ထွက်နေရတယ်။ စည်ပင်ကတော့ လမ်းတွေခင်းပေးနေတယ်"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုထွန်းထွန်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

ဈေးဆိုင်သမားများကလည်း ဟံသာဝတီမှ ယာယီမော်တော်ယဉ်ရောင်းဝယ်ရေးစခန်းသို့ ပြောင်းရွှေ့ရောင်းချရသောကြောင့် အခက်အခဲများရှိကြောင်း ပြောသည်။

"စပြီးပြောင်းတုန်းကဆိုရင် ည ၉ နာရီလောက်အထိ အိမ်မပြန်ဘဲ နေရာတွေဦးနေရတယ်။ ဒါပေမဲ့ စည်ပင်သာယာကတော့ ကျွန်မတို့ကို ဟံသာဝတီမှာ ဈေးရောင်းတဲ့ သူတွေဖြစ်ကြောင်း ထောက်ခံစာတွေတော့ ထုတ်ပေးပါတယ်။ အဲဒီတော့ အပြင်လူတွေ ဝင်ရောင်းလို့မရတော့ဘူး။ ဒီဘက်က ကျွန်မတို့နဲ့ဝေးတော့ ဈေးလာရောင်းရတာ ခရီးစရိတ် တော်တော်ကုန်ပါတယ်။ အသွားအပြန် တက္ကစီငှားနေရတယ်" ဟု ဈေးသည်တစ်ဦးက ပြောသည်။

အဆိုပါ မင်းရဲကျော်စွာ ယာယီမော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းဝင်းအတွင်း လျှပ်စစ်မီးလည်း သွယ်တန်းပေးထားပြီး ကားဝင်းကို နံနက် ၆ နာရီမှညနေ ၆ နာရီအထိ သတ်မှတ်ဖွင့်လှစ်ထားကာ ဝင်းအတွင်း စုစုပေါင်း ကားအစီးရေ ၁,၀၀၀ ခန့်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ■

အများပြည်သူအကြံပြုချက် ပိုမို လက်ခံနိုင်ရန် Call Center ဖြင့် ဆောင်ရွက်သွားမည်

အောင်ရှင်

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့မှ အများပြည်သူ၏ အကြံပြုချက်များ ပိုမိုလက်ခံရရှိနိုင်ရေးအတွက် Call Center များဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ဝင်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့အဖွဲ့တွေ လက်တွေ့ကွင်းဆင်းပြီး ဆောင်ရွက်နေပါပြီ။ လောလောဆယ် အကောက်ခွန်တို့၊ ဆိပ်ကမ်းအာဏာပိုင်တို့လို ဌာနတွေနဲ့ ကုန်သည်စက်မှုအသင်းချုပ်လိုအဖွဲ့တွေနဲ့ တွေ့ဆုံညှိနှိုင်းပြီး ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့အဖွဲ့ထဲကနေ လက်ခံဆောင်ရွက်ပေးနိုင်မယ့် အဖွဲ့ဝင်တွေရဲ့ ဖုန်းနံပါတ်တွေနဲ့ သတင်းစာကနေ ကြေညာခဲ့ပါတယ်။ ဖုန်းဆက်ပြီး အကြံပြုတာတွေရှိပါတယ်။ နောက်ပိုင်းပိုများလာမယ်ထင်တယ်။ Call Center တွေထားပြီး လက်ခံဆောင်ရွက်သွားဖို့လည်း ရှိပါတယ်"ဟု အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပြည်ထဲရေးဝန်ကြီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူး ဦးကျော်ဂက ပြောသည်။

ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့သည် ဖေဖော်ဝါရီလ ၂၅ ရက်မှ စတင်ခါ လက်တွေ့ကွင်းဆင်းလေ့လာအကဲဖြတ်မှုများ ဆောင်ရွက်ခဲ့ပြီး မတ်လ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အဖွဲ့ဝင်လေးဦးကို ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များဖော်ပြကာ အများပြည်သူအား အကြံပြုချက်တောင်းခံခဲ့သည်။

ပြည်သူ့ဗဟိုပြု ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ပြီး မြန်ဆန်သွက်လက်သည့် အုပ်ချုပ်ရေး ယန္တရားဖြင့် လူမှုစီးပွားရေး သိသိသာသာ တိုးတက်စေရေး ရည်ရွယ်ကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၃ ဖြင့် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် သမ္မတရုံးဝန်ကြီးတစ်ဦးဖြစ်သူ ဦးတင်နိုင်သိန်းက တာဝန်ယူကာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့မှ ဒုဝန်ကြီးများနှင့် အရပ်ဘက်ပညာရှင်များ အပါအဝင် စုစုပေါင်း အဖွဲ့ဝင် ၁၂ ဦး ပါဝင်သည်။

အဖွဲ့အနေဖြင့် လတ်တလောတွင် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများသို့ သွားရောက်ကာ အကန့်အသတ်ဖြစ်နေသည့် လုပ်ငန်းစဉ်များအတွက် ညှိနှိုင်းဆောက်ရွက်နေသည်ဟု အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးတင်မောင်သန်းက ပြောသည်။

"လောလောဆယ် စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ဆက်စပ်နေတဲ့ ဌာနတွေကိုသွားကြည့်နေပါတယ်။ စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို တိုက်ရိုက်အထောက်အပံ့ပေးနေတဲ့ ဌာနတွေကို အရင်ကြည့်တဲ့သဘောပါ။ ကျွန်တော်တို့အဖွဲ့က ဌာနတွေကိုဝင်ပြီး အဆုံးအဖြတ် ပေးတာမဟုတ်ပါဘူး။ ပြည်သူ့ဝန်ဆောင်မှုအပိုင်းရဲ့ ဘယ်အဆင့်တွေမှာကြန့်ကြာမှုဖြစ်နေသလဲ၊ မူဝါဒပိုင်းမှာဘယ်လိုအခက်အခဲရှိနေသလဲ ဆိုတာကို ဝင်ရောက် ညှိနှိုင်းပေးတဲ့သဘောပါ။ ဒီအဖွဲ့ရှိလာတဲ့အတွက် အားလုံးအတွက် လမ်းကြောင်းတစ်ခုပွင့်သွားတဲ့သဘောပေါ့"ဟု သမ္မတ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သူ ဦးတင်မောင်သန်းက ပြောသည်။

နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့သည့်နေ့မှစ၍ အများပြည်သူမှ တယ်လီဖုန်းဖြင့် အကြံပြုခြင်းနှင့် တိုင်ကြားခြင်းများ အဆက်မပြတ်လက်ခံရရှိခဲ့ပြီး လုပ်ငန်းစဉ်အရ အများပြည်သူ ပိုမိုလက်ခံရရှိနိုင်ရန် Call Center များဖြင့် ချိတ်ဆက်ဆောင်ရွက်သွားရန်ရှိကြောင်းလည်း ဦးတင်မောင်သန်းက ပြောသည်။ ■



ကာကွယ်ရေး အသုံးစရိတ် လျှော့ချရန်အဆို လွှတ်တော်တွင် မဲအပြတ်အသတ်ဖြင့် ရှုံးနိမ့်

ဝင်းကိုကိုလတ်

ကာကွယ်ရေး ဝန်ကြီးဌာနသည် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် ဝန်ကြီးဌာနများအားလုံး၏ နိုင်ငံပိုင်အခန်းကဏ္ဍ ငွေလုံးငွေရင်း အသုံးစရိတ်သည် ၂၄ ရာခိုင်နှုန်း ရှိသဖြင့် ၁၇ ရာခိုင်နှုန်းခန့် အထိ လျှော့ချရန် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ပြင်ဆင်ချက် တင်သွင်းခဲ့သော်လည်း ယခုလ ၁ ရက်က ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ မဲအပြတ်အသတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

မဲပေးနိုင်သူ ၅၂၈ ဦးအနက် ၅၁၂ ဦး သာမဲပေးခဲ့ပြီး ဦးစတီဗင်သာဘိတ်၏ အဆိုအား ထောက်ခံမဲ ၆၀၊ ကန့်ကွက်မဲ ၄၄၅ မဲ၊ ကြားနေမဲ ခုနစ်မဲ ရရှိကာ ကာကွယ်ရေးဝန်ကြီးဌာန၏ မူလအဆို က အနိုင်ရသွားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ယခင်နှစ်ထက်စာရင် လျော့နည်းပြီးတော့ သုံးစွဲဖို့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လျှော့ချ မယ်ဆို ကျွန်တော်တို့အတွက် အဆင်မပြေဘူးဆိုတာ တင်ပြလိုပါတယ်"ဟု ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီးဝေလွင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၃-၁၄ ခုနှစ်၏ ကာကွယ်ရေး ဝန်ကြီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း ၁,၀၆၇,၃၆၅,၆၀၃ သည် ပြည်ထောင်စုငွေလုံးငွေရင်း ၅,၁၁၄,၅၆၅,၆၅၅ ၏ ၂၀ ဒသမ ၈၇ ရာခိုင်နှုန်း ရှိပြီး ၂၀၁၁-၁၂ က ၂၈ ဒသမ ၉၀ ရာခိုင်နှုန်း၊ ၂၀၁၂-၁၃ က ၂၄ ဒသမ ၈၃ ရာခိုင်နှုန်း၊ ၂၀၁၃-၁၄ ကာလများသည် ကျပ်သန်း ၅၉၊ ၀၅၂,၅၇၆,၉၀၀ ရှိသည့်နိုင်ငံ၏ဂျီဒီပီနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၈၀ ရာခိုင်နှုန်း သာရှိပြီး ၂၀၁၁-၁၂က၁ဒသမ၉၁ရာခိုင်နှုန်း၊ ၂၀၁၂-၁၃က၂ဒသမ၂၈ရာခိုင်နှုန်း ဖြင့် နှိုင်းယှဉ်ပါကလည်း လျော့နည်းသည်ဟု ထင်းက ပြောသည်။

ထို့ပြင် ကာကွယ်ရေး၀န်ကြီးဌာန၏ စုစုပေါင်းအသုံးစရိတ်သည် ဝန်ကြီးဌာနများစုပေါင်း အသုံးစရိတ်ကျပ် ၁၅,၃၉၉,၃၆၀,၀၀၀ သန်းအနက် ကျပ်သန်းပေါင်း ၂,၀၅၀,၆၉၉,၀၀၀ ရှိပြီး ၁၃ ဒသမ ၃၁ ရာခိုင်နှုန်း၊ ၂၀၁၁-၁၂ က ၁၅ ဒသမ ၄၆ ရာခိုင်နှုန်း၊ ၂၀၁၂-၁၃ က ၁၅ ဒသမ ၅၅ ရာခိုင်နှုန်းဖြင့် နှိုင်းယှဉ်ပါက လျော့နည်းသွားသည်ဟု ထင်းက ပြောသည်။

၂၀၁၃-၁၄ ခုနှစ်နိုင်ငံ၏ ဂျီဒီပီ ကျပ်သန်းပေါင်း ၅၉,၀၅၂,၅၇၆,၀၀၀ အနက် ကာကွယ်ရေးစုပေါင်းအသုံးစရိတ် ၂,၀၅၀,၆၉၉,၀၀၀ သည် ၃ ဒသမ ၄၇ ရာခိုင်နှုန်းသာရှိပြီး ၂၀၁၁-၁၂ က ၂ ဒသမ ၈၃ ရာခိုင်နှုန်း၊ ၂၀၁၂-၁၃ က ၄ ဒသမ ၁၀ ရာခိုင်နှုန်းဖြစ်သည်ဟု ထင်းက ပြောသည်။

ဂျီဒီပီပေါ်တွင် ကာကွယ်ရေးအသုံးစရိတ်သက်သက်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံသည် ရာခိုင်နှုန်းများသည့် နိုင်ငံစာရင်းတွင် ပါဝင်နေသဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချပြီး နိုင်ငံစီးပွားရေး တိုးတက်လာမှသာ ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်သင့်သည်ဟု ဦးစတီဗင်သာဘိတ်က ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၏ ဂျီဒီပီလိုငွေနှင့် ဂျီဒီပီအချိုးသည် ၂၀၁၂ တွင် ၄ ဒသမ ၇၅၊ ၂၀၁၃ တွင် ၃ ဒသမ ၈၊ ၂၀၁၄ တွင် ခြောက်ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရပြီး နိုင်ငံတကာမှ လက်ခံသည့် ငါးရာခိုင်နှုန်းထက် ကျော်လွန်နေကြောင်း ဦးစတီဗင်သာဘိတ်က ပြောသည်။

"ဒါကြောင့် လိုငွေလျှော့ချဖို့က အဓိကလိုအပ်ချက်ဖြစ်နေတာ တွေ့ရပါတယ်။ လိုငွေ ငါးရာခိုင်နှုန်းကျော်ရင် ငွေကြေးဖောင်းပွမှုဖြစ်နိုင်ပြီး ကုန်စျေးနှုန်း မတည်မငြိမ်ဖြစ်နိုင်ခြင်း၊ အစိုးရမှ အသုံးစရိတ် မှန်မှန်ကန်ကန် သုံးစွဲမှုမရှိခြင်း စတဲ့ ဆိုးကျိုးများ ဖြစ်လာနိုင်တဲ့ အတွက် အချို့သောဝန်ကြီးဌာနများရဲ့ အသုံးစရိတ်ကို လျှော့ချစေလိုခြင်းဖြစ်ပါတယ်"ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ပြောသည်။

ဘတ်ဂျက်လိုငွေပြမှု လျော့နည်းစေရန်အတွက် အခြားဝန်ကြီးဌာနများထက် ပိုမိုများပြားနေသော ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်းလျာထားမှု အသေးစိတ်အချက်အလက်များ မပါရှိသည့်အတွက် အားလုံးခြုံငုံပြီး ၂၄ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်း လျှော့ချသင့်သည်ဟု ယူဆ၍ အဆိုတင်ရခြင်းဖြစ်ကြောင်း ထင်းက ပြောသည်။

၂၀၁၃-၁၄ ရသုံးမှန်းခြေငွေစာရင်းကို လေ့လာကြည့်ပါက လိုငွေ ၂၉၁၆ ဒသမ ၃၅ ဘီလျံရှိပြီး ပြီးခဲ့သည့်နှစ်ကထက် ၂၅၁ ဒသမ ၁၈၉ ဘီလျံပိုမိုသုံးစွဲသည့် သဘောဖြစ်သည်ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ဆွေးနွေးခဲ့သည်။

ကာကွယ်ရေး၀န်ကြီးဌာနအနေဖြင့် စီမံကိန်း ရေးဆွဲလျာထားမှုအပေါ် ပွင့်လင်းစွာ ရေးဆွဲဖော်ပြခြင်းမရှိသည်ကို ဦးစတီဗင်သာဘိတ်က ဝေဖန်ခဲ့သော်လည်း ကာကွယ်ရေး၀န်ကြီးဌာန၊ ပြည်ထောင်စု၀န်ကြီး ဒုတိယပိုလ်ချုပ်ကြီး ဝေလွင်ကမူ လုံခြုံရေးနှင့် ပွင့်လင်းမြင်သာမှုသည် တိုက်ရိုက်အချိုးမကျနိုင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ■

ကျည်ကာကား ငါးစီးအပါအဝင် တန်ဖိုးသန်း ၁၈,၀၀၀ ကျော်တန်ဖိုးရှိ ကားများဝယ်ယူရန် လွှတ်တော်အတည်ပြု

ဝင်းကိုကိုလတ်

ကျည်ကာကား ငါးစီးအပါအဝင် နောက်ဆုံးပေါ်ကားပေါင်းများစွာကို တန်ဖိုးငွေကျပ်သန်း ၁၈,၀၀၀ ကျော်ဖိုး ဝယ်ယူမည့်အစီအစဉ်အား ဒိုက်ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းဆွေက ထက်ဝက်လျှော့ချခွင့်ပြုရန် ယခုလ ၁ ရက်က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်၌ ပြင်ချက်တင်သွင်းရာ ရှုံးနိမ့်သွားခဲ့သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တောင်းခံထားသည့် အဆိုပါငွေအတွက် ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၂၃ မဲ၊ ကန့်ကွက်မဲ ၃၇၆ မဲ၊ ကြားနေ ၁၆ မဲ ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဝယ်ယူမည့်ကားများမှာ B 6 Armored Sedan Based on Mercedes S500L (V221) အမျိုးအစား ကျည်ကာကားငါးစီးနှင့် အခြားနောက်ဆုံးပေါ်ကား ၁၂၇ စီးဖြစ်သည်။

ကျည်ကာကားငါးစီးမှအပ ကျန်ကားအားလုံးကို ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ဝယ်ယူရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့ခြင်း ဖြစ်သော်လည်း ပြည်ပမှကားများ မှာယူရာတွင် ရောက်ရှိလာခြင်းမရှိခဲ့သည့်အတွက် ခွင့်ပြုထားသည့် ငွေလုံးငွေရင်းများအား ပြန်လည်ပေးသွင်း၍ ယခုဘဏ္ဍာနှစ်တွင် ပြန်လည် တောင်းခံခဲ့ခြင်းဖြစ်သည်။

၂၀၁၄ တွင် ကျင်းပမည့် အာဆီယံအလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံက တာဝန်ယူရာတွင် အခြားနိုင်ငံများမှ ခေါင်းဆောင်များ၏ လုံခြုံရေးလိုအပ်ချက်အရ ဝယ်ယူရခြင်းသာဖြစ်သည်ဟုပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရှင်းလင်းခဲ့သည်။

"ထမင်းတစ်နပ်လျှော့စားဖို့ ပြည်သူတွေ လမ်းညွှန်ခံနေရချိန်မှာ ကျည်ကာကားဝယ်ဖို့လျှော့သင့်ပါတယ်" ဟုလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းဆွေက ပြောသည်။

နိုင်ငံဆင်းရဲသည် မှန်သော်လည်း အခြားနိုင်ငံများမှ ခေါင်းဆောင်များ၏ လုံခြုံရေးနှင့် နိုင်ငံ၏ဂုဏ်သိက္ခာအတွက် ကျည်ကာကားများ ဝယ်ယူသင့်သည်ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေက ပြောသည်။

"၁၉၈၇ အာဇာနည်ကုန်းမှာ မြောက်ကိုရီးယားက ဗုံးခွဲခဲ့တာကို သင်ခန်းစာယူရမယ်။ မြန်မာပြည်လုံခြုံရေး အားနည်းတယ်ဆိုပြီး ဝင်လာမယ့် လုပ်ကြံမယ့်သူတွေ မရှိဘူးလို့ မပြောနိုင်ဘူး"ဟု ထင်းက ပြောသည်။ ■



U.S. Embassy seeks Travel Clerk

Basic Function of Position:

Arranges official domestic and international travel, makes reservations using appropriate contacts. Purchases flight tickets and makes arrangements for temporary lodging accommodations for U.S. citizen personnel assigned to Post, and expedites types of travel services indicated above for official travelers.

Qualifications Required:

1. College or university studies
2. Minimum one year experience of related travel/clerical work.
3. Level III (Good Working Knowledge) Speaking/Reading Writing English and Myanmar.
4. Must have good knowledge of general office operations, correspondence and filing procedures.
5. Must have a high degree of tact, diplomacy and persistence for effectiveness in dealing with Myanmar Officials and with U.S. citizen personnel and VIP visitors.
6. Must have standard knowledge of MS Office applications such as Word, Excel and MS outlook.

Eligible candidate may submit application to **Human Resources Office, P.O. Box 521, GPO, Yangon** not later than **March 15, 2013.**

VACANCY ANNOUNCEMENT

The Italian Embassy in Yangon is seeking candidates for 2 positions as "Administrative Assistant", requiring previous experience in secretariat and administrative tasks. Very good English and Myanmar knowledge (spoken and written) is required, while Italian will be highly valued.

Candidates must submit by March 19th, 2013 an application form, available at the Embassy and at: www.ambyangon.esteri.it , to: Italian Embassy, 3 Inya Myaing Rd, Golden Valley, Bahan Tsp, Yangon or to: archivio.yangon@esteri.it

Applicants shall be: at least 18 years old; in good health; high-school equivalent degree; Resident in Myanmar for at least 2 years.

For queries, call: 01.527100 ext. 0

The Office of the United Nations High Commissioner for Refugees (UNHCR) in Myanmar is seeking qualified applicants to fill the following positions:

For national applicants only:

(1) Senior Finance Assistant (GL-5, PN10019296), Yangon
(2) Associate Field Officer (NOB, PN10019299), Bhamo
(3) Senior Admin Assistant (GL-5, PN10003188), Maungdaw

Closing date: 15 March 2013

The detailed Terms of Reference for these positions are available on request from UNHCR offices in Yangon, Maungdaw, Buthidaung, Sittwe, Myitkyina, Loikaw, Bhamo, Mawlamyine, Hpa-An and Taungoo.
www.unhcr.org

The Office of the United Nations High Commissioner for Refugees (UNHCR) in Myanmar is seeking qualified applicants to fill the following positions:

For national applicants only:

(1) Field Associate (Programme) (GL-6, LICA), Myitkyina
(2) Field Associate (GL-6, LICA), Maungdaw
(3) Field Associate (Shelter) (GL-6, LICA), Maungdaw
(4) Assistant Programme Officer (NOA, LICA), Sittwe
(5) Senior Field Assistant, (GL-5, LICA), Maungdaw
(6) Senior Field Assistant, (GL-5, LICA), Myeik
(7) Assistant Protection Officer (NOA, LICA), Sittwe

Closing date: 15 March 2013

The detailed Terms of Reference for these positions are available on request from UNHCR offices in Yangon, Maungdaw, Buthidaung, Sittwe, Myitkyina, Loikaw, Bhamo, Mawlamyine, Hpa-An and Taungoo.
www.unhcr.org

SATIRE

တောသူဌေးကတဲ့ အရပ်ဇာတ်၊ သို့မဟုတ် ပြည်ထောင်စုဖလား ကွင်းဖွင့်ပွဲ

မာဂျေ

ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ နေပြည်တော်ခရီးကို အမြန်ကားစီးပြီးသွားခဲ့ရတာက ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖို့ဖြစ်ပါတယ်ခင်ဗျ။ စိတ်ကူးထဲမှာတော့ နှစ် ၄၀ ကျော်မှ ကံကြမ္မာမျက်နှာသာပေးပြီး ကျင်းပမယ့် ဆီးဂိမ်းအတွက်အကြိုပြိုင်ပွဲမှာ ဘာတွေ ထူးထူးခြားခြားတွေ့ရမလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ ဒါပေသည့် ထင်သာထင် မဝင်ဘူး ကျောင်းအစ်မရေ့ ဆိုသလို စိတ်ညစ်ညူးစရာ အလွဲတွေနဲ့ချည်တွေ့ခဲ့ရတာကို ပြန်ရေးပြပါရစေ။

ပထမအလွဲကတော့ အစီအစဉ် ကြေညာသူတွေနဲ့ အခမ်းအနားကျင်းပရေးတာဝန်ရှိသူတွေ အချိတ်အဆက်မမိတဲ့ ပြဿနာပါ။ နိုင်ငံတော်အကြီးအကဲ ရောက်ရှိပြီး ၁၀ မိနစ်လောက်ကြာတော့ အစီအစဉ်ကြေညာသူက နိုင်ငံတော်အကြီးအကဲရောက်ရှိလာရင် အားလုံးမတ်တတ်ထကြပါတဲ့။ အဲဒီလိုလည်း ကြေညာပြီးရော စည်တော်ကြီးက တီးခတ်ပါလေရော။ ရောက်လို့နေရာမှာ ထိုင်နေပြီဖြစ်တဲ့ နိုင်ငံတော် ဒုတိယသမ္မတမှာ အပြင်ပြန်ထွက်ပြီး ပြန်ဝင်ရမလိုလိုတွေ ဖြစ်ကုန်ပါတယ်။ ထားပါတော့၊ နောက်ဆုံးမတော့ နိုင်ငံတော်အကြီးအကဲကလည်း သူ့နေရာမှာ မတ်တတ်ရပ်ပြ၊ အားလုံးကလည်း မတ်တတ်ရပ်ပြန့် ပြီးသွားပါတယ်။ အကယ်၍သာ နိုင်ငံတော် ဒုတိယသမ္မတက မတ်တတ်ရပ်မပြခဲ့ရင် စည်တော်ကြီးကတော့ မနှားတမ်း တီးနေမယ့်သဘောပါခင်ဗျ။

ဒုတိယကြေညာတာကတော့ အခမ်းအနားအစီအစဉ်ပါပဲ။ အစီအစဉ်က ၁၉ ခုတောင် ရှိပါတယ်။ အချိန်အားဖြင့် ၂ နာရီ ၄၄ မိနစ်ပါ။ ဒါပေသည့်ပေါ့ခင်ဗျာ၊ တကယ်တမ်းကျင်းပလိုက်တာလေးနာရီကျော် ကြာသွားပါတယ်။ ရှေ့အစီအစဉ်တွေကတော့ ထုံးစံအတိုင်း အခမ်းအနားဖွင့်လှစ်တာ ကြေညာတာတို့၊ မိန့်ခွန်းဆွေတာတို့ ဘာညာသာရကာတွေပါ။ အဲဒါတွေလည်းပြီးရော ပင်မမီးရှူးတိုင်ကို မြားပစ်မီးထွန်းတဲ့ အစီအစဉ်စပါတယ်။ အိုလံပစ်အလဲနဲ့မြားကို သယ်လာတဲ့ဘိုးတော်ကြီးက အသက်လည်း ရနေပြီဆိုတော့ သူမှာအလဲရောမြားရော မနိုင်မနင်း သယ်လာရတယ်။ ပြီးတော့ မြားကို အသင့်စောင့်နေတဲ့ လက်ရွေးစင် မြားပစ်မယ်လေး လက်ထဲထည့်၊ ကလေးမက မြားကိုလွယ်ပြီး ပစ်ဖို့ ဘာလုပ်တယ်ထင်လဲ။ လှေကားကြီးနဲ့ စင်ပေါ်ကို တက်ရသဗျ။ ဟိုတယ်တွေမှာ မော်ဒယ်လေးတွေတောင် lift နဲ့ တက်တာတွေ မြင်ဖူးနေတဲ့ မာဂျေ့အတွက်တော့ အော် နိုင်ငံတကာကိုပြမယ့်ပွဲက ဒီလို လှေကားနဲ့တက်ပါသလား ဆိုပြီး အံ့သြမိပါတယ်။

အဲဒါတွေပြီးတော့ ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင်အစီအစဉ်တဲ့။ ဘာတွေများ မြင်ရမလဲတွေးပြီး ကြည့်လိုက်တော့ လွန်ခဲ့တဲ့ နှစ် ၄၀ လောက်က အရှေ့ဥရောပ အားကစားပွဲတွေမှာ ခေတ်စားခဲ့တဲ့ mass sport လို့ခေါ်တဲ့ လူ ၁၀၀ ကျော် ကွင်းထဲဝင်လာပြီး အင်ဒီးယန်းကလပ်လို့ခေါ်တဲ့ သစ်သားလက်ကိုင်ကို ဘယ်မြောက် ညာမြောက်လုပ်တဲ့အကွက်ကြီး။ ဥရောပမှာ ကွန်မြူနစ်တွေ တန်ဖိုးထွားချိန်က ပြသခဲ့တဲ့ အကွက်မျိုးပေါ့။ လူတွေအများကြီး ကွင်းထဲဝင်၊ မျက်နှာသေကြီးတွေနဲ့ တီးလုံးအတိုင်း ကိုယ်လက်လှုပ်ရှားတာလေ။ အရှေ့ဂျာမနီက ပြကွက်တွေပေါ့ဗျာ။

ခေတ်ပြောင်းသွားပြီဆိုတာ မသိတာလား၊ ကျင်းပရေးကော်မတီမှာ ဝန်ကြီးတွေပဲ ထည့်ထားလို့ သူတို့ခေတ်က သူတို့မြင်ဖူးတာကိုပဲ ပြတာလားတော့ မသိပေဘူး။ မြေးတွေလုပ်ရမယ့်အလုပ်ကို အဘိုးတွေဝင်လုပ်နေတော့ သူတို့ခေါင်းထဲစွဲနေတဲ့အမြင်ပဲ ထွက်လာမှာလေ။ ခေတ်ကြီးက အားကစားရယ်၊ အနုပညာရယ်၊ အင်တာတိန်းမန့်လို့ခေါ်တဲ့ ဖျော်ဖြေရေးရယ် ရောစပ်ပြီး လုပ်နေကြတာကို မသိတာထင်တယ်။ ကြည့်ရင်း ကြည့်ရင်းနဲ့ အစီအစဉ်တွေက အိုင်ထွန်းနေတယ်။ ထိုင်ရတာလည်း တင်ပါးတွေ နာလာတယ်။ ခဏနေတော့ အဆိုတော်တွေရဲ့ ဖျော်ဖြေခန်း ရောက်လာပါလေရော။ နိုင်ငံတော်အဆင့် အခမ်းအနားမှာ ဂျင်းဘောင်းဘီတိုကို ပိတ်စပတ်၊ ပေါင်တစ်ခြမ်းဖော်ပြီးထွက်လာတဲ့ အဆိုတော်က ရှိသေးတယ်။

အမေရိကန် အော်စကာ အကယ်ဒမီပေးပွဲမှာတောင် သရုပ်ဆောင်တွေ လုံလုံခြုံခြုံဝတ်စားဖို့ ကြိုတင်သတိပေးချက် ထုတ်တာကို သွားသတိရသေးတယ်။ အခု ဒီမှာတော့ အဆိုတော်တွေကို ဘယ်လိုဝတ် ဘယ်လိုစားဆိုပြီး တာဝန်ရှိသူတွေက မပြောရဲကြဘူးထင်တယ်။ ခေတ်ကိုက အားလုံးကိုကြောက်နေရတဲ့ ခေတ်လေ။ တော်ကြာ စိတ်ကောက်ပြီး လာမဆိုဘူးဆိုရင် ပြဿနာက ရှိတာကိုးဗျ။

ခြုံပြီးပြောရရင် ဆီးဂိမ်းဖွင့်ပွဲဆိုတာက တစ်ကမ္ဘာလုံးကမြန်မာဆိုတာ ဘာလဲဆိုတာ နိုင်ငံတကာက စောင့်ကြည့်မယ့်ပွဲပါ။ သိတဲ့အတိုင်း ဒီအချိန်မှာ တစ်ကမ္ဘာလုံးက မြန်မာနိုင်ငံကို စိတ်ဝင်စားနေကြတာ။ အဲဒီပွဲမှာ ခုနလို မကိုးမကားတွေသာ ပြလိုက်လို့ကတော့ အလကားနိုင်ငံပါကွာ ဖြစ်သွားမယ်။ ဆီးဂိမ်းအတွက် နိုင်ငံတော်ကလည်း ငွေအလုံအလောက် လျာထားပြီးသား။ ဒီငွေတွေကို အကျိုးရှိရှိ အသုံးချစေချင်တယ်။ ဆီးဂိမ်းဖွင့်ပွဲမှာ ဘာတွေပြမှာလဲ၊ မြန်မာနိုင်ငံရဲ့ Land Mark ခေါ်တဲ့နေရာတွေကို ပြချင်တာလား၊ တိုင်းပြည် သွားနေတဲ့လမ်းကြောင်းကိုပြချင်တာလား၊ နိုင်ငံခြားဧည်သည်တွေရဲ့ ညီညွတ်တာကို ပြချင်တာလား၊ အေးချမ်းသာယာနေတာကို ပြချင်တာလား၊ တိုင်းပြည်တိုးတက်တာကို ပြချင်တာလား စသဖြင့် ကိုယ်ပေးချင်တဲ့ မက်ဆေ့ချ်ကို နိုင်ငံတကာကို ပြရမှာလေ။ တစ်ခါလာလည်း ဓားတွေ၊ လှံတွေ ကိုင်ကိုင်ပြီးပြနေလို့လည်း မဖြစ်သေးဘူး။

အခုတော့ ကြီးကျယ်သလားမေးရင် ကြီးကျယ်ပါတယ်၊ မခမ်းနားဘူးလားမေးရင် ခမ်းနားပါတယ်၊ ခေတ်မီမီနဲ့ကိုယ်ပေးချင်တဲ့မက်ဆေ့ချ် ပေးနိုင်သလားမေးရင်တော့ ဟင့်အင်းလို့ပဲ ဖြေရပါလိမ့်မယ်။ ဘာနဲ့တူနေသလဲဆိုတော့ တောသူဌေးတစ်ယောက်က ဘုန်းကြီးပျံပွဲမှာ သူ့ပိုက်ဆံနဲ့ အရပ်ဇာတ်ဌားကသလိုဖြစ်နေတယ်။ သူကြည့်ချင်တာ၊ သူသိတာတွေပဲ ကခိုင်းနေတော့ ပရိသတ်က စိတ်ပျက်လက်ပျက်နဲ့ ကြည့်နေရသလိုပါပဲ။

ကွင်းထဲကိုထည့်ထားတဲ့ ပွဲကြည့်ပရိသတ်ကလည်း ကွန်မြူနစ်နိုင်ငံတွေကလို တူညီဝတ်စုံတွေနဲ့ လိမ္မော်တစ်ကန့်၊ အဖြူတစ်ကန့်၊ အပြာတစ်ကန့်၊ အနီတစ်ကန့်၊ အစိမ်းတစ်ကန့်၊ အဝါတစ်ကန့် ထိုင်ခိုင်းထားတာတွေကလည်း သွားနေတဲ့ ခေတ်စနစ်နဲ့ မကိုက်ညီသလိုပဲ။ ဖျော်ဖြေရေးအစီအစဉ်တွေကလည်း ထပ်နေတယ်။ ခဏနေရင် ဒီဆင်၊ ဒီတိုးနယား၊ ဒီလူတွေပဲ ပြန်ပြန်ထွက်လာတယ်။ အစားအသောက်လိုပေါ့ မဝတဝကျွေးရင် အရသာရှိတယ်၊ စားစမ်းကွာ ဆိုပြီး ပုံပေးထားရင် ဘာအရသာမှ မရှိတော့သလိုပေါ့။ အစီအစဉ်တွေက တိုတိုတုတ်တုတ်နဲ့ ခေတ်မီမီအရသာရှိဖို့ လိုတယ်။ ကြည့်လိုက်ရတဲ့သူတွေ ရင်ထဲမှာ တသသနဲ့ အော် မြန်မာဆိုတာ ဒါပါလားဆိုပြီး ရင်ထဲစွဲသွားဖို့လိုတယ်။ နေပြည်တော်မှာ ပွဲတင်နေတဲ့အစိုးရဝန်ထမ်းတွေကို ကွင်းထဲထည့်၊ အခမဲ့ပွဲကြည့်ခိုင်းလို့ ထွက်လာတဲ့လက်ခုပ်သံကို အဟုတ်မှတ်နေရင်ဖြင့် ငါးပါးမှောက်ပါလိမ့်မယ်။

အော် စကားမစပ်ဗျာ၊ ကြေညာသွားတာတစ်ခု နားထောင်လိုက်ရတယ်။ ပြကွက်တစ်ခုမှာ စည်တိုအလုံး ၈၀ တီးပြီး တကယ့်ဆီးဂိမ်းကျရင် အသံပိုကျယ်အောင် စည်တိုအလုံး ၄၀၀ တီးမယ်တဲ့။ မလုပ်ကြပါနဲ့ဗျာ။ ဒီအလုံး ၈၀ နဲ့တင် ရင်ဘတ်မှာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေရပါပြီ။ ၄၀၀ သာတီးရင် ချက်ချင်း နှလုံးသွေးရပ်သွားမှာစိုးလို့ပါ။ အဲဒီစည်တို ဆိုတာကလည်း မြန်မာ့ရိုးရာဂီတမှာ တကယ်ရောရှိရဲ့လား၊ အခုမြင်ရတာက ကိုရီးယားဒရမ်လိုမျိုးတွေကို ခေါက်နေတာ မြင်ခဲ့ရလို့ပါ။

အဲဒီတော့ ခေတ်မီအောင်၊ လူမျိုးပေါင်းစုံရင်ထဲ စွဲနေအောင် ပြနိုင်ဖို့ဆိုရင် တကယ်တတ်ကျွမ်းတဲ့ နိုင်ငံတကာက Event Management အဖွဲ့မျိုး ငှားဖို့လိုတယ်။ အဲဒီအဖွဲ့ကို ကိုယ်ပေးချင်တဲ့ မက်ဆေ့ချ်၊ ကိုယ်ပြချင်တဲ့ Theme အနှစ်သာရဘာလဲ ပြောပြ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အနုပညာနဲ့ ပေါင်းစပ်ပြခိုင်းမှသာ ငွေကုန်ခံရကျိုး နပ်မယ်ထင်တာပဲ။ တကယ့်ဆီးဂိမ်းကျရင်တော့ တရုတ်ပညာရှင်တွေက ကူမယ်ပြောတယ်။ အဲဒီကျရင်လည်း တရုတ်တီးလုံးနဲ့ တရုတ်ကကွက်တွေနဲ့ မြန်မာ့ယဉ်ကျေးမှုပျောက်ပြီး ကမ္ဘာမှာ မြန်မာဆိုတာ တရုတ်နိုင်ငံတစ်ခုပါပဲ ဖြစ်မသွားဖို့ကလည်း အရေးကြီးသေးတယ်ဗျ။

ပြည်ထောင်စုဖလားဖွင့်ပွဲမှာ ဂုဏ်ယူစရာတစ်ကွက်ပဲ တွေ့တယ်။ အဲဒီဝဏ္ဏသိဒ္ဓိ အားကစားကွင်းကြီးကို မြန်မာအင်ဂျင်နီယာတွေကပဲ တည်ဆောက်ခဲ့တဲ့ အချက်ပါ။

ပြောချင်တာတွေလည်း များသွားပြီ။ အခုလောက်ဆိုရင် ဒီမာဂျေဆိုတဲ့ကောင်ကို ဘယ်သူက လက်ဆော့ပြီး ဖိတ်တာလဲဆိုတဲ့ ပြဿနာလည်း တက်နေလောက်ပြီ။ အရာရာကို အဆိုးမြင်နေတာ မဟုတ်ရပါဘူးဗျာ။

ကိုယ့်ဘဝမှာ ပထမဆုံး ကိုယ့်မြေပေါ်မှာ မြင်ရတွေ့ရမယ့် ဆီးဂိမ်းအတွက် ကောင်းစေချင်လွန်းလို့ပါ။ ဂုဏ်ယူချင်လွန်းလို့ပါ။

အခုတော့ မလိုအပ်ဘဲ မီးရှူးမီးပန်းတွေ အကြိမ်ကြိမ်ဖောက်ပြ၊ အလွန်ပျင်းရိစရာ ပြကွက်တွေ ထပ်တလဲလဲပြနေတာကလွဲရင် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့် မရှိဘဲ တောဘုန်းကြီးပျံမှာ တောသူဌေးစီစဉ်တဲ့ အရပ်ဇာတ် အဆင့်ပဲ ရှိနေလို့ အားမလိုအားမရဖြစ်ပြီး ရေးလိုက်ရတာပါ။ လွန်တာများရှိခဲ့ရင်တော့ ဝန်ခွာမိပါ။ ■

UNOPS

The United Nations Office for Project Services (UNOPS) in Myanmar is inviting qualified candidates to apply for the following positions:

Sr.	Title and level	Duty Station	Position	Deadline
1.	Contracts Assistant (MNCH ATM) (LICA3)	Yangon	National	10-Mar-2013
2.	Contracts Assistant (Database) (LICA3)	Yangon	National	10-Mar-2013
3.	MNCH Specialist (IICA 2)	Yangon	International	19-Mar-2013

For details please visit UNOPS website https://gprs.unops.org/pages/ viewvacancy/VAListing.aspx and click on the post you are interested in applying for. All applications must be made through UNOPS E-recruitment system.

ALL-IN FARES AT EXCEPTIONAL VALUE

SINGAPORE
FROM USD 320
RETURN

DENPASAR | JAKARTA
SURABAYA | MANILA
FROM USD 580
RETURN

BEIJING | SEOUL
SHANGHAI | WUHAN
FROM USD 770
RETURN

ADELAIDE | BRISBANE
MELBOURNE | SYDNEY
FROM USD 1,060
RETURN

AMSTERDAM | COPENHAGEN
FRANKFURT | PARIS
FROM USD 1,200
RETURN

LOS ANGELES
SAN FRANCISCO
FROM USD 1,470
RETURN

From 1 April 2013, experiencing the world is more convenient than ever with 18 flights a week from Yangon on Singapore Airlines and SilkAir.



Fares are available from these authorised travel agents:

ARIRA TRAVEL	TEL: 373 204, 373 632	HIDO TRAVEL	TEL: 248 354, 557 850	SAW POKIN NAIN	TEL: 371 234, 224 683	THAN THAR TRAVEL	TEL: 253 034, 253 033
COLUMBUS TRAVEL	TEL: 227 245, 378 535	NICE SAIL TRAVEL	TEL: 373 088, 243 378	SUN LAR TRAVEL	TEL: 243 995, 243 332		

All above-mentioned fares include the price of the air ticket, associated taxes and surcharges for departure from Yangon city, correct as at 28 February 2013. Fares are subject to change due to currency fluctuations. Fares are valid at the authorised travel agents listed above only. Tickets may be subject to additional service fees. Fares quoted are per person in Economy Class and subject to seat availability and confirmation. Fares quoted are available from now to 30 March 2013 for travel out of and into Yangon from 1 March to 8 April 2013 and from 22 April to 15 May 2013. Travel from Yangon to Singapore is available on SQ997 on Mondays, Wednesdays, Thursdays and Fridays and Mondays to All Days. Tickets are non-refundable and are eligible for Mileage accrual at 50% of the airport miles flown. Change of passenger name is not allowed but date changes are allowed, subject to an administrative fee. Tickets cannot be used in conjunction with upgrade awards and are not interchangeable for travel on other airlines. Other terms and conditions apply. For special fares to other destinations, please check with the appointed travel agents.

တိမ်မြုပ်နေသော အစစ်အမှန်တစ်ခု

အမှန်တရားကို နောက်ကျမှ မြင်တွေ့လာတတ်တဲ့သဘောကို လူတိုင်းသိကြပါတယ်။ ဒီသဘောအတိုင်းပါပဲ။ အထက်မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ တကယ့်အမှန်တရားတစ်ခု နစ်မြုပ်ကွယ်ပျောက်နေပါတယ်။ စာရေးသူ မြို့ပြအင်ဂျင်နီယာဘွဲ့ရပြီးတော့ အစိုးရဝန်ထမ်းဘဝနဲ့ ၃၅ နှစ်လောက် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အသက် ၆၀ နှစ်အပြည့်မှာပဲ ချင်းတွင်းမြစ်အနောက်ဘက်မှာရှိပြီး မုံရွာနဲ့ကိုးမိုင်လောက်ဝေးတဲ့ မုံရွာရွှေတောင်ဦး လယ်တီဝိပဿနာစခန်းမှာ ရဲခဲလှတဲ့ရဟန်းဘောင်ကိုဝင်လိုက်ပါတယ်။ စာရေးသူလည်း ငှက်ပျိုလေးတစ်ကောင်လို သွားလိုရာကို အရောက်သွားနိုင်လာတယ်။ ဝိပဿနာတရားကို တစ်လကြာအားထုတ်ပြီးတဲ့နောက် စာရေးသူ အစိုးရဝန်ထမ်းလုပ်စဉ်က စာရေးသူကို အရှက်ရစေခဲ့တဲ့ နေရာဒေသတွေဆီ သွားတော့တာပါပဲ။

အစိုးရအထက်တန်းကျောင်းမှာတုန်းက စာရေးသူက စာကိုပဲ အခိုန်ပြည့်လေ့လာသင်ယူခဲ့ရတာပါ။ အဲဒီနောက် ရန်ကုန်နည်းစက်မှုတက္ကသိုလ် (ယနေ့ ရန်ကုန် နည်းပညာတက္ကသိုလ်)မှာ သင်ယူခဲ့ပြီး မြန်မာနိုင်ငံအောက်ပိုင်းကို တာဝန်ယူခဲ့ရပါတယ်။ ဒါကြောင့် စာရေးသူ မုံရွာဒေသသားဖြစ်ပေမယ့် အထက်မြန်မာနိုင်ငံအကြောင်း ဘာမှ မသိတာပါ။ စာရေးသူ ဇာတိဒေသက စိတ်ဝင်စားဖွယ်ရာတွေထဲမှာ ပါဝင်တဲ့ အလောင်းတော်ကဿပ ရဟန္တာ အရှင်သူမြတ်ရဲ့ ဂူဗိမာန်ဆီကိုတောင် စာရေးသူမရောက်ဖူးပါဘူး။ ဒါကြောင့် အထွေထွေပဟုသုတအရာမှာ စာရေးသူ ပြောရမှာတောင်ရှက်ပါတယ်။ ခုတော့ ပွဲတော်ဖွင့်ရက်မတိုင်မီကတည်းက စာရေးသူရောက်သွားခဲ့ပါပြီ။ သဘာဝအခြေပြု ခရီးသွားလုပ်ငန်းခရီးတစ်ခုပါပဲ။ ဒီခရီးမှာ အလောင်းတော်ကဿပ ပရိနိဗ္ဗာန်ပြုခဲ့တဲ့ဂူကို ပိတ်ထားတဲ့ကျောက်တံခါးကိုသာ ဖူးခဲ့ရပါတယ်။ ပရိနိဗ္ဗာန်စံပြီးဖြစ်တဲ့ အလောင်းတော်ကဿပရဲ့ ရုပ်ကလာပ်တော် အဲဒီဂူထဲမှာရှိတယ်ဆိုတဲ့ စိတ်ကူးနဲ့ ဖူးခဲ့တာဖြစ်ပါတယ်။ စာရေးသူဆန္ဒမပြည့်ခဲ့ပါဘူး။ စာရေးသူက ကိုယ့်မျက်စိနဲ့ တိုက်ရိုက်မြင်ပြီး ကိုယ်နှစ် စိတ်နှစ်ဖူးတွေ့ချင်တာပါ။ ဒီလိုနဲ့ပဲ စာရေးသူမှာ သိချင်တဲ့ဆန္ဒတွေ ပိုများ လာပါတယ်။ တကယ့်အစစ်အမှန်ဟာ ဘယ်ဆီမှာလဲ။ တကယ်အစစ်အမှန်ရှိတဲ့နေရာကို ဘုန်တော်ကြီးတစ်ပါးက လမ်းညွှန်ပြလိုက်ပါတယ်။ အလောင်းတော်ကဿပဂူက ပြန်လာပြီးတဲ့နောက်၊ အလောင်းတော်ကဿပအစစ်ကို ဖူးတွေ့နိုင်ဖို့ စာရေးသူ ခရီးဆက်ရပြန်တယ်။

စာရေးသူ မနက် ၃ နာရီမှာ အိပ်ရာကထပြီး မုံရွာကူးတို့ဆိပ်က 'ရွှေရော' အမြန်စက်လှေနဲ့ ချင်းတွင်းမြစ်အထက်ပိုင်းဘက်ဆီ တက်သွားပြီး 'မောက်ကတော်' ရွာမှာဆင်း (မင်းကင်းမြို့နယ်၊ အင်ပင်လှကျေးရွာအုပ်စု) အညာလယ်ကျေးရွာဆီပေါက်တဲ့လမ်းကို ရွာသားတွေထံ ချဉ်းကပ်မေးမြန်းပါတယ်။ ဒီလမ်းဟာ အလောင်းတော်ကဿပရဲ့ ခြေတော်ရာ အစစ်ရှိတဲ့ ရွာဆီကိုပေါက်တဲ့အတွင်းလမ်းဖြစ်တယ်။ ခြေတော်ရာအစစ်ဆီသွားနိုင်တဲ့ လမ်းသုံးခုရှိပါတယ်။ အမှတ်(၁)လမ်းက 'မောက်ကတော်'ရွာ အထက်နားရှိ 'နှင်းကြီးရွာ'မှ 'အညာလယ်' ရွာသို့။ အမှတ်(၂)လမ်းက 'မောက်ကတော်'ရွာ အထက်နားရှိ'လက်ချိတ်ရွာမှ'အညာလယ်ရွာသို့။ အမှတ်(၃) လမ်းက'မောက်ကတော်'ရွာမှ 'အညာလယ်ရွာသို့' ဆိုပြီးရှိတယ်။ တောလမ်းခရီးရှည်လမ်းလျှောက်ချင်ရင် အမှတ်(၁) လမ်းနဲ့ အမှတ်(၂)လမ်းအတိုင်း သွားပါ။ ဒီလမ်းကြောတွေပေါ်မှာ သဲချောင်းတွေထဲမှာ အလျားလိုက်လျှောက်တဲ့အခါ လျှောက်ရသလို သဲချောင်းတွေကို ဖြတ်လျှောက်ရတာမျိုးတွေနဲ့လည်း ကြုံရတတ်ပါတယ်'။ အမှတ် (၃) လမ်းကိုရွေးထားရင်တော့ 'မောက်ကတော်' ရွာက အင့်ားမော်တော်ဆိုင်ကယ်နဲ့ 'မဟာမြိုင်' တောကို နည်းနည်းပါးပါးဖြတ်သွားရုံပါပဲ။ 'အညာလယ်'ရွာကို ညနေ ၅ နာရီလောက်မှာ ရောက်သွားရင်ပဲ လူမသိသူမသိတိမ်မြုပ်ပြီး မထင်မရှားဖြစ်နေတဲ့ အလောင်းတော်ကဿပရဲ့ တကယ့်ခြေတော်ရာအစစ်ကို ကိုယ့်မျက်စိနဲ့



အလောင်းတော်ကဿပ၏ လက်ဝဲခြေတော်ရာ။

ကိုယ်တိုင်ကိုယ်ကျ အသေအချာဖူးတွေ့ခွင့် ရပါပြီ။ ဘယ်ဘက်ခြေဖဝါးရဲ့ ခြေတော်ရာ ဖြစ်ပါတယ်။ ခြေဖနောင့်တော်အကျယ် ရှစ်လက်မ၊ ခြေချောင်းတော်များနေရာအကျယ် ၁၆ လက်မ၊ ခြေတော်ရာအလျား ၂၉ လက်မ ရှိပါတယ်။ လူတွေ ဖန်တီးပြုလုပ်ထားတဲ့ လက်လုပ် ခြေတော်ရာမဟုတ်ပါဘူး။ လက်လုပ်ရုပ်တုတွေကို စာရေးသူ စိတ်မဝင်စားဘူး။ ခြေတော်ရာ ထင်နေပုံဟာလေဆာရောင်ခြည် ထွင်းဖောက်ထားသလိုပါပဲ။ ခရစ်ယာန်ဘာသာရေးသမိုင်းထဲက ပညတ်တော်ကမွည်းကျောက်စာချပ်တွေနဲ့ ဆင်တူနေပါတယ်။ အလောင်းတော်ကဿပရဲ့ ခြေတော်ရာအစစ်ကို စာရေးသူကိုယ်တိုင် မျက်စိနဲ့ စိတ်နှစ်ကိုယ်နှစ်ဖူးတွေ့ခွင့် ရခဲ့ပါပြီဗျာ။

ရဟန်းဘဝနဲ့ ပျော်မွေ့သွားဖို့ စာရေးသူ ဆုံးဖြတ်လိုက်ပါပြီ။ မြို့ပြအင်ဂျင်နီယာတစ်ယောက်အနေနဲ့ ဗုဒ္ဓသာသနာတော် အခွန့်ရှည်တည်တံ့ဖို့၊ ထွန်းကားပြန့်ပွားဖို့အတွက် ခြေတော်ရာကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိုတိုက်၊ သိမ်၊ အာရုံခံတို့ကို ပြန်လည်ဖြည့်စွက် ပြင်ဆင်သွားဖို့ စာရေးသူဆုံးဖြတ်ထားပါပြီ။

ဒီနေရာလေးကို အလည်လာဖို့၊ ခရီးစဉ်နဲ့ နေရာထိုင်ခင်း အဆင်ပြေဖို့ အတွက် စာရေးသူကို ဆက်သွယ်ကြဖို့ ခင်မင်ရင်နှီးစွာ ဖိတ်ခေါ်ပါတယ်။

ဒကာဒကာမများအနေနဲ့ ပါဝင်လှူဒါန်းလိုပါလျှင် အထူးငွေစာရင်းနံပါတ် ၀၂၅ ၁၁၀ ၀၀၀၂၈၀၀ of Monywa KBZ bank.SADU, SADU, SADU သို့ ကြိုတင်ငွေသွင်းထားကြဖို့လည်း မေတ္တာနဲ့ နှိုးဆော်ပါရစေ။

ဦးဝိမလ၊ ၀၉-၈၆၂၇၇၁၊ ၀၉-၅၀၆၄၆၅၅၊ ၀၉-၇၃၀၆၄၅၅ ■

မြန်မာမက်ခရိုစော့ဖ်ကုမ္ပဏီ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအား တရားစွဲ

Ready **အမှတ်တံဆိပ်** အပါအဝင် စည်သွတ်ဘူးများကို ထုတ်လုပ်သော မြန်မာ မက်ခရိုအင်ဒတ်စ်ထရီ ကုမ္ပဏီ လီမိတက်က ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအား ဌားရမ်းထားသော သာကေတစည်သွပ်စက်ရုံ မြေကွက်အား ဌားရမ်းခြင်း သက်တမ်း နှစ် ၂၀ ပြည့်သည်အထိ ဆက်လက်ဌားရမ်းခွင့် ရှိကြောင်းကို မြွက်ဟကြေညာစေလိုမှုဖြင့် တရားစွဲဆိုထားကြောင်း မတ်လ ၅ ရက်နေ့တွင် သတင်းရရှိသည်။

မြန်မာမက်ခရိုအင်ဒတ်စ်ထရီကုမ္ပဏီသည် ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းပိုင် သာကေတ စက်မှုဇုန် ဝင်းအတွင်းရှိသာကေတ စည်သွပ်စက်ရုံအား နှစ် ၂၀ သက်တမ်းဖြင့် ငှားရမ်းခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ပုဂ္ဂလိကပိုင်ပြုလုပ်ရန် စက်ရုံများစာရင်းကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနထံမှ တောင်းခံခဲ့ပြီး နောက်ပိုင်းတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က လေလံခေါ်ယူကာ လေလံစေ့းအများဆုံး ကျပ် ၃၂,၂၉၀ သန်းပေးနိုင်သော မြန်မာမီဂါမရိန်း ကုမ္ပဏီသို့ ရောင်းချခဲ့သည်။

မြတ်ဦမ်းအေး

၂၀၁၅ ခုနှစ်မတိုင်မီ တတိယအင်အားကြီးပါတီတစ်ခု တည်ထောင်ရန် ပြင်ဆင်နေ

ဝင်းကိုကိုလတ်

တိုင်းရင်သားပါတီများ စုပေါင်း၍ ၂၀၁၅ မတိုင်မီတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နည်းတူ အင်အားကြီးပါတီတစ်ရပ်ကို ထူထောင်ရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေသည်ဟု ရခိုင်တိုင်းရင်သားများ တိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ယခုလ ၄ ရက်က ပြောသည်။

"ကျွန်တော်တို့ လာမယ့် Strategy အရ ပါတီတစ်ခု ပေါ်လာလိမ့်မယ်။ ဒါကျွန်တော်တို့ ညှိနှိုင်းနေကြတယ်"ဟု ဒေါက်တာအေးမောင်က ပြောသည်။

ပါတီဖြစ်မြောက်လာပါက Federated Union Party ဟု အမည်တွင်နိုင်ပြီး မြန်မာနိုင်ငံ၏ တတိယအင်အားကြီးပါတီဖြစ်ရန် ကြိုးစားသွားမည်ဖြစ်ပြီး နိုင်ငံအနှံ့အပြားတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဟုလည်း ၎င်းက ပြောသည်။

"ကျွန်တော်တို့ တိုင်းရင်းသားဒေသတွေမှာ ပါတီကြီးနှစ်ခုက ပါဝင်ယှဉ်ပြိုင်ရင် ကျွန်တော်တို့ကလည်း ပြိုင်ရတော့မယ်ဆိုတဲ့သဘောကို ပွင့်ပွင့်လင်းလင်း ပြောရရင် မီးစိမ်းပြလိုက်တာပါ" ဟု ဒေါက်တာအေးမောင်က ပြောသည်။

ယင်းပါတီနှစ်ပါတီသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တို့ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အမှန်တကယ်လိုလားပါက နောင်ကျင်းပမည့် ရွေးကောက်ပွဲများ၌ အင်အားကြီးပါတီများက လူနည်းစု တိုင်းရင်းသားများ၏ မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခြင်းကို လုံးဝ ရှောင်ရှားရန် ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း၏ (၁၄)ကြိမ်မြောက် သဘောထားကြေညာချက်ကို မတ်လ ၂ ရက်နှင့် ၃ ရက်က အစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည်။

"ဒီကြေညာချက်က အများသဘောတူ ဆုံးဖြတ်ချက်ပါ။ တစ်ပါတီ တစ်ဦးတစ်ယောက် ဆုံးဖြတ်ချက်မဟုတ်ပါဘူး" ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ မူဆယ်မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်က ပြောသည်။

"တစ်ခါတုန်းက အင်နှအယ်လ်ဒီပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော်တို့ဆီက တချို့ ပြောဆိုခဲ့တာတွေ ရှိပါတယ်။ အဲဒါကတော့ တိုင်းရင်းသား နယ်မြေတွေမှာ တိုင်းရင်းသားတွေသာ ရွေးချယ်ခွင့်ရှိရမယ်။ ဒါပေမဲ့ပြီးခဲ့တဲ့ကြားဖြတ်ရွေးကောက်ပွဲမှာ တိုင်းရင်းသား နယ်မြေတွေမှာပါ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတယ်"ဟု ၎င်းကပြောသည်။

၂၀၁၅ တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဟာဗျူဟာများ ချမှတ်သည့် နေရာတွင် နေရာစုံ၊ ဒေသစုံ ပါဝင်ယှဉ်ပြိုင်မည့်အနေအထား တွေ့ရပြီး တိုင်းရင်းသားများအနေဖြင့် မိမိဒေသတွင် လွတ်လွတ်လပ်လပ် ဝင်ရောက်ရွေးချယ် ယှဉ်ပြိုင်လိုသည်ဟုလည်း ၎င်းက ပြောသည်။

၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲအပြီးတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနှင့် ဖလုံ- စဝေါ် ဒီမိုကရက်တစ်ပါတီတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအချိန်တွင် တင်းပြည့်အဖွဲ့ဝင် ခုနစ်ပါတီနှင့် လေ့လာသူ အဆင့် ခြောက်ပါတီရှိကြောင်း၊ အခြားတိုင်းရင်းသားပါတီ နှစ်ပါတီကလည်း လေ့လာသူအဖြစ် ပါဝင်လာသည်ဟု ၎င်းက ပြောသည်။ ■



တိုင်းရင်းသား ဘာသာစကားများ သင်ကြားပေးရေး စတင်ပြင်ဆင်နေ

ဇော်ဂျင်နှင့် ယွန်းနှင်း

စာသင်ကျောင်းများ၌ တိုင်းရင်းသား ဘာသာစကားကို မူလတန်းကလေးများ၏ သင်ယူနိုင်မှုစွမ်းရည်အလိုက် ကျောင်းချိန်ပြင်ပတွင် သင်ကြားပေးရန် လျာထားကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက မတ်လ ၁ ရက်နေ့တွင် ပြုလုပ်ခဲ့သော တိုင်းရင်းသားဘာသာ သင်ကြားရေး ညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

မူလတန်းအောက်အဆင့် သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း ကျောင်းသား၊ ကျောင်းသူများအား တိုင်းရင်းသားစာ သင်ကြားနိုင်ရေး အတွက် ကျောင်းသုံးစာအုပ်များထဲတွင် ပါသည့် သင်ခန်းစာများကို မွန်၊ စကော ကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ကယား၊ ကယော၊ ကယန်း၊ ပလောင်၊ လားဟူ၊ တီးတိန် ချင်း၊ ဟားခါးချင်း၊ ဖလမ်းချင်း၊ တိုင်းလုံရှမ်း၊ ဂုံရှမ်း၊ တိုင်းလိုင်ရှမ်း၊ တိုင်းခန္တီးရှမ်း၊ တိုင်းဆာရှမ်း၊ ဂျိမ်းဖောကချင်၊ လာချိဒ်ကချင်၊ ရဝမ်ကချင်၊ လီဆူးကချင်၊ ဇိုင်ပါးကချင်၊ လော်ဝေါ်ကချင်၊ ရခိုင်၊ ခမီ၊ သက်၊ ပအိုး၀်၊ ခနု၊ အင်းသားစာပေများဖြင့် အစုအဖွဲ့အလိုက် စုဆောင်းနေကြပြီဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် အခြားကျန်ရှိနေသော သက်ဆိုင်ရာ တိုင်းရင်းသားဘာသာများအတွက် ကျွမ်း ကျင်သူများက ဆက်သွယ်ပါက ဘာသာရပ်ကျွမ်းကျင်သူများနှင့် ညှိနှိုင်းကာ ကျောင်းသုံးစာအုပ် သင်ခန်းစာများ ပြုစုပေးသွားမည်ဖြစ်သည်။

တိုင်းရင်းသားဘာသာစကား စာပေ၊ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာများသည် ပြည်ထောင်စု၏ အမွေအနှစ်များပင်ဖြစ်ပြီး ယင်းအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ပေးမှသာ တိမ်ကောပပျောက်မသွားဘဲ ခိုင်မြဲတည်တံ့ ရှင်သန်နေမည်ဖြစ်၍ မျက်မှောက်ကာလ တိုင်းရင်းသားလူငယ်မောင်မယ်များအား တိုင်းရင်းသားဘာသာစကား၊ စာပေများ သင်ကြားပေးရန် လိုအပ်လာပြီဖြစ်သည်ဟု ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဆိုပါဆွေးနွေးပွဲ၌ ပြောသည်။

တိုင်းရင်းသားဘာသာစကား၊ စာပေ သင်ကြားမှုများနှင့်ပတ်သက်ပြီး ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သော်လည်း ၁၉၈၁-၈၂ ပညာသင်နှစ်မှစပြီး သူငယ်တန်းတွင် အင်္ဂလိပ်စာ စတင်သင်ကြားပေးခဲ့ကို ယနေ့ထက်တိုင်အောင် တွေ့ရှိရသည်ဟု ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားသည်။

အခြေခံပညာကျောင်းများ၌ တိုင်းရင်းသား ဘာသာစကားနှင့် စာပေများ သင်ကြားရေးအစီအစဉ်ကို လာမည့် ပညာသင်နှစ်တွင် စတင်ဖွယ်ရှိသည်ဟု ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

"တိုင်းရင်းသားဘာသာတွေနဲ့ သင်ခန်းစာပြုစုဖို့ ပညာရှင်တွေ၊ သက်ဆိုင်ရာ တိုင်းရင်းသားစာပေကော်မတီတွေ၊ ဒေသအစိုးရအဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ အဓိကတော့ သင်ယူမယ့်သူရယ်၊ နေရာရယ်၊ သင်ကြားပေးမယ့်သူရယ်ပေါ့။ ဒီအချက်တွေက အရေးကြီးပါတယ်။ အနီးစပ်ဆုံး လာမယ့် ပညာသင်နှစ်မှာ စတင်သင်ကြားပေးနိုင်ဖို့ ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ ဘာသာစကားသင်ကြားတဲ့ အချိန်တစ်ချိန်အနေနဲ့ ကျောင်းပြင်ပချိန်မှာ သင်ကြားပေးသွားမှာပါ"ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က မြန်မာတိုင်း(မ်)ကို ပြောသည်။

အစိုးရ အခြေခံပညာကျောင်းများ၌ တိုင်းရင်းသားဘာသာစကား သင်ကြားရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းရင်းသားအချို့အား မေးမြန်းခဲ့ရာ ရခိုင် တိုင်းရင်းသား တိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က "ကောင်းပါတယ်။ မိခင်ဘာသာစကားနဲ့သင်ပေးတော့ တိုင်းရင်းသားကလေးတွေလည်း ပိုတတ်လွယ်မှာပေါ့။ တိုင်းရင်းသား ချစ်ကြည်ရေးကိုလည်း အထောက်အကူပြုနိုင်ပါတယ်" ဟု မြန်မာတိုင်း(မ်)ကို ပြောသည်။

"ယေဘုယျအားဖြင့်တော့ ကောင်းပါတယ်။ တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တဲ့ အတွက်မူအရကျောင်းတိုင်းမှာ တိုင်းရင်းသားဘာသာစကား သင်ပေးတဲ့အချိန် တစ်ချိန် ရှိသင့်တယ်ထင်တယ်။ ဒါပေမဲ့ အခုအစီအစဉ်က ဘယ်လိုလဲမသိသေးဘူးပေါ့။ နေရာတိုင်းမှာ သင်ချင်တဲ့လူရှိလို့ တောင်းဆိုလာခဲ့ရင် သက်ဆိုင်ရာ တိုင်းရင်းဘာသာစကားမှာ ကျွမ်းကျင်မှုရှိတဲ့သူ လုံလောက်ပါ့မလားဆိုတာတော့ တွေးမိတယ်။ နောက်ပြီး ပိုလေးနက်တဲ့ အပိုင်းက သင်ခန်းစာတွေကို ဘာသာပြန်ပြီး သင်မှာလား၊ ဘယ်လိုသင်မှာလဲ၊ အဲဒါ အခက်အခဲရှိမယ်ထင်တယ်။

"ကျောင်းသင်ခန်းစာတွေကို တိုင်းရင်းသား ဘာသာစကားတစ်မျိုးစီတိုင်းနဲ့ အပြည့်အစုံသင်ကြားဖို့ တော်တော်ခက်ခဲမယ်။ တိုင်းရင်းသားစာပေ သင်ကြားတယ်ဆိုတာထက် တိုင်းရင်းသားစကား သင်ချင်တဲ့သူတွေအတွက် သီးသန့်ဘာသာစကား သင်ကြားတဲ့ အချိန်တစ်ချိန်အနေနဲ့ဆို ပိုအဆင်ပြေမယ်ထင်တယ်"ဟုမန္တလေးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ၊ လက်ရှိတွင်လည်း ရှမ်းစာသင်ကြားပေးနေသည့် ဦးစိုင်းအောင်မိန်း(မိုတိုင်း)က ပြောသည်။ ■



အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ

အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲတွင် လာရောက်ပြသယှဉ်ပြိုင်သည့် ကြောင်ပိုင်ရှင်နှင့် ကြောင်တစ်ကောင်။ မတ်လ ၃ ရက်နေ့နှင့် ၄ ရက်နေ့တို့က ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်းမှ ဦးစီးး၍ ကျင်းပခဲ့သည့် အဆိုပါပွဲသို့ အိမ်မွေးခွေး ၄၈ ကောင်နှင့် ကြောင်ခုနစ်ကောင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး Packing Gese **ခွေးအမျိုးအစား ခွေးလေးနှင့် ဗမာကြောင်အမျိုးအစား ကြောင်လေးတို့က ချနိုပီယံဆုရရှိခဲ့သည်။**

သတင်း-မြတ်ငြိမ်းအေး၊ ဓာတ်ပုံ- ကောင်းထက်



ကျောက်စိမ်း ကျောက်မျက် ပိတ်ဆို့မှု ရုပ်သိမ်းရေး ဆွေးနွေး

မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံမှ ချမှတ်ထားသော ကျောက်မျက်ကျောက်စိမ်း တင်ပို့မှု ပိတ်ဆို့ထားမှုကို ရုပ်သိမ်းနိုင်ရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ စွမ်းအင်ရေးရာ အထူးသံတမန်နှင့် ညှိနှိုင်းရေးမှူးဖြစ်သူ Mr. Carlos Pascual ဦးဆောင်သည့်အဖွဲ့သည် အမျိုးသားလွှတ်တော်၊ သတ္တုနှင့် သယံဇာတရေးရာ ကော်မတီနှင့် ဖေဖော်ဝါရီလ ၂၁ ရက်က တွေ့ဆုံခဲ့သည်။

"ကျောက်စိမ်း ကျောက်ဆန်ရွှင်က အကျိုးမရှိဘဲ ကမ္ဘာကိုပါ ဆုံးရှုံးမှုဖြစ်စေပါတယ်"ဟု ကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ပြောသည်။

"သူတို့က အိုဘားမားအစိုးရဆီ ပြန်တင်ပြပေးမယ် ပြောပါတယ်" ဟု ကော်မတီအတွင်းရေးမှူး ဦးလှဆွေက ပြောကြားခဲ့သည်။

အမေရိကန်အစိုးရတွင်လည်း ပိတ်ဆို့မှုဥပဒေတစ်ရပ် ရှိနေသည့်အတွက် ထိုဥပဒေအားရုပ်သိမ်းရေးကန်အစိုးရအား တိုက်တွန်းမည်ဟု ကတိပြုခဲ့ကြောင်းလည်း ဦးလှဆွေက ပြောသည်။

"သူတို့ နိုဝင်ဘာလမှာ တစ်ခေါက်လာမယ်။ ကျွန်တော်တို့ကိုလည်း ဖိတ်ခေါ်ထားတယ်။ ဘယ်အချိန်သွားဖြစ်မယ်တော့ မသိသေးပါဘူး"ဟု ၎င်းက ပြောသည်။

'ကန်' ကိုယ်စားလှယ်အဖွဲ့သည် ကျောက်မျက်ကျောက်စိမ်းသာမက ရေနံ၊ သဘာဝဓာတ်ငွေ့များကို သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှု အနည်းဆုံးဖြင့် လုပ်ကိုင်နိုင်ရန် နည်းပညာအကူအညီ ပေးရေးကိစ္စများလည်း ဆွေးနွေးခဲ့သည်။ **ဝင်းကိုကိုလတ်**

အခက်အခဲများရှိနေသော်လည်း သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းအား ရပ်ဆိုင်းရန် အစီအစဉ်မရှိဟု ဂျပန်ပြောကြား

နိုနိုအောင်

သန်လျင်နှင့် ကျောက်တန်းမြို့နယ်တို့၌ တည်ဆောက်မည့် သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းကို လက်ရှိဒေသခံများနှင့် ညှိနှိုင်းရန် ကြိုးစားနေသောကြောင့် လုပ်ငန်းများ မစတင်နိုင်သေးသော်လည်း အဆိုပါအထူးစီးပွားရေးဇုန်ကို ရပ်ဆိုင်းမည့် အစီအစဉ်မရှိဟု ဂျပန်နိုင်ငံ အစိုးရကိုယ်စား မြန်မာပြည်ဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူတစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

"လက်ရှိ အခက်အခဲတွေ၊ ပြဿနာတွေကို တွေ့ကြုံနေရတာ မှန်ပေမယ့် သီလဝါအထူးစီးပွားရေးဇုန်ကို ရပ်ဆိုင်းပစ်ဖို့အတွေးတော့ မရှိပါဘူး။ ဒီစီမံကိန်းကို အကောင်အထည်ဖော်မှာပါ" ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ Minister-Counsellor/ Deputy Chief of Mission မစ္စတာ အီချိရိုမာရူယာမာက မတ်လ ၁ ရက် မြန်မာတိုင်း(မ်)နှင့် သီးသန့်တွေ့ဆုံစဉ် ပြောသည်။

"ဒီစီမံကိန်းက မြန်မာပြည်နဲ့ မြန်မာပြည်သူတွေအတွက်ရော၊ ဂျပန်အတွက်ရော အရမ်းကို အရေးကြီးပါတယ်။ ဖြစ်ပေါ်နေတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး အတတ်နိုင်ဆုံး ပြည်သူလူထုရဲ့ နားလည်မှုနဲ့ ထောက်ခံမှုကို လိုချင်ပါတယ်။ နားလည်မှုနဲ့ပဲ အဆင်ပြေအောင် ဆောင်ရွက်ချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းမြေသည် မြန်မာပြည်ပိုင်နက်ရှိ မြန်မာအစိုးရပိုင်မြေဖြစ်သည့်အတွက် မြန်မာအစိုးရကသာ ဖြေရှင်းရမည်ဖြစ်သည်ဟု ၎င်းက ဆိုသည်။

"မြေက အစိုးရပိုင်ဆိုတော့ ဒီလို ကန့်ကွက်မှုတွေရှိလာတဲ့အခါ ဖြေရှင်းရမှာက မြန်မာအစိုးရပါ။ ဒီစီမံကိန်းက အစိုးရနဲ့ ဂျပန်နိုင်ငံတို့ ပူးပေါင်းပြီး အကောင်အထည်ဖော်တာမို့ ကန့်ကွက်မှုတွေကို ရှင်းရတဲ့အခါ မြန်မာအစိုးရကပဲ အဓိကတာဝန်ရှိနေပါတယ်။ ဒါပေမဲ့ လိုအပ်



ဓာတ်ပုံ-အေအက်ဖ်ပီ

ယခုနှစ်စနစ်နဝါရီလက ဂျပန်ဒုတိယဝန်ကြီးချုပ် မြန်မာနိုင်ငံသို့လာရောက်စဉ် သီလဝါဆိပ်ကမ်းကို လေ့လာစဉ်။

တယ်ဆိုရင် ဂျပန်ဘက်က အကြံဉာဏ်တွေ ပေးချင်ပါတယ်"ဟု မစ္စတာ အီချိရိုမာရူယာမာက ပြောသည်။

နှစ်နိုင်ငံပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ လုပ်သည့်အခါ အစိုးရနှင့် ပြည်သူအကြား ကန့်ကွက်မှုမျှားရှိလာခြင်းသည် မည်သည့်နိုင်ငံတွင်မဆို ကြုံတွေ့ရနိုင်သည့်ကိစ္စများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် နားလည်နိုင်ကြောင်းနှင့် ယခုကိစ္စကိုမူ မှန်ကန်သော နည်းလမ်းဖြင့် အမြန်ဆုံးဖြေရှင်းနိုင်ရန် လိုအပ်ကြောင်း ၎င်းက ပြောသည်။

"ဒီစီမံကိန်းက မြန်မာနိုင်ငံအတွက် ပထမဆုံးဖြစ်သလို ဂျပန်ဘက်ကလည်း သိပ်ပြီး အတွေ့အကြုံရှိသေးတာမဟုတ်ဘူး။ တောင်သူလယ်သမားပြဿနာတင်မကပါဘူး။ တခြားပြဿနာတွေလည်း အများကြီး ရှိနေနိုင်ပါတယ်။ ဒါက ဘယ်နိုင်ငံမှာမဆို ဒီလိုလုပ်ငန်းတွေလုပ်ရင် ကြုံတွေ့ရနိုင်တဲ့ကိစ္စပါ။ ကျွန်တော်တို့ နားလည်ပါတယ်"ဟု ၎င်းက ဆိုသည်။

သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည်ပေါ်လာပါက အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံး စီးပွားရေးဇုန်ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းပြောဆိုနေကြသည့်အလျောက် အဆိုပါ စီမံကိန်းကို အခက်အခဲများကြားမှ စံပြစီမံကိန်းအဖြစ် ဂျပန်နိုင်ငံအနေဖြင့် မြန်မာစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ၎င်းကပြောသည်။

"ဒီစီမံကိန်းအတွက် တခြားအခက်အခဲတွေဆိုရာမှာ မီးပုံမှန်မလာဘူး၊ ရေအခက်အခဲ၊ ဆက်သွယ်ရေး အခက်အခဲ၊ အခြေခံအဆောက်အအုံ မရှိသေးတာတွေ ရှိနေတယ်။ ဒါပေမဲ့ ဒီအချိန်မှာ ဂျပန်အစိုးရကတာဝန်ယူပြီး သီလဝါစီးပွားရေးဇုန်ကို ဆောက်လိုက်ရင် နိုင်ငံတကာက ကုမ္ပဏီတွေပါ စိတ်ချလက်ချဝင်လာနိုင်တယ်။ မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့ နိုင်ငံခြားကုမ္ပဏီတွေ အများကြီး ရှိတယ်။ မြန်မာနိုင်ငံမှာ ဒီဇုန်မျိုးတစ်ခုမှ မရှိသေးဘူး။ တကယ်ကောင်းအောင် စံပြဖြစ်အောင် ဆောက်ချင်တယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဆိုပေမယ့် အခုအချိန်မှာ အစိုးရကလည်း အများကြီး ပြုပြင်ပြောင်းလဲနေတယ်။ မြန်မာပြည်သူတွေဟာ ကြိုးစားလိုစိတ်ရှိတယ်၊ စည်းကမ်းရှိတယ်၊ ကြိုးစားတယ်။ အချိန်ခဏအတွင်းမှာ အများကြီး ဖွံ့ဖြိုးတိုးတက်သွားမယ်လို့ကျွန်တော် တကယ်ယုံကြည်တယ်"ဟု မစ္စတာအီချိရိုမာရူယာမာက ပြောသည်။

စက်ရုံများအတွက် လိုအပ်သော ကျွမ်းကျင်ပညာရှင်နှင့် နည်းပညာရှင်များကို ဂျပန်နိုင်ငံမှ ခေါ်ဆောင်လာမည်ဖြစ်သော်လည်း အုပ်ချုပ်ရေးပိုင်းတွင် ဂျပန်လူမျိုးများနှင့်သာ အုပ်ချုပ်သွားရန် စိတ်ကူးမရှိဟု ၎င်းက ပြောသည်။

"ကျွန်တော်တို့ စက်ရုံဆောက်ဖို့သက်သက်လာမှာ မဟုတ်ပါဘူး။ နည်းပညာတွေပါ လက်ဆင့်ကမ်းမှာပါ။ နည်းပညာမလိုတဲ့ အလုပ်သမား၊ နည်းပညာသုံးတဲ့ အလုပ်သမား၊ အုပ်ချုပ်ရေးပိုင်းဆိုပြီး ရှိရာမှာ အကုန်လုံး ဂျပန်လူမျိုးနဲ့လုပ်လို့ မရဘူး။ အစပထမပိုင်းမှာတော့ ဂျပန်လူမျိုးရှိမယ်။ နောက်ပိုင်းမှာတော့ မြန်မာလူမျိုးထဲကပဲ နည်းပညာရတဲ့ ဝန်ထမ်းကို မွေးထုတ်ရမှာပါ။ ဒါ မြန်မာနိုင်ငံပါ။ ကျွန်တော်တို့အနေနဲ့ မြန်မာလူမျိုးတွေ မပါဘဲ လုပ်လို့မရဘူး။

"မြန်မာနိုင်ငံမှာရှိတဲ့ စက်ရုံအများစုဟာ အထည်ချုပ်စက်ရုံတွေပါ။ အထည်ချုပ်ဟာ နည်းပညာမလိုဘူး။ စက်ပဲချုပ်တတ်ရင် ရပြီ။ ဒါကြောင့် မြန်မာလူမျိုးအလုပ်သမားတွေဟာ ဒီလိုနေရာမျိုးတွေမှာပဲ ရှိနေရတာ။ ဂျပန်က ဒါမျိုးမဆောက်ချင်ဘူး။ ဥပမာဆို မော်တော်ကားစက်ရုံပေါ့။ မော်တော်ကားစက်ရုံဟာ နည်းပညာ အရမ်းသုံးရတယ်။ နည်းပညာလက်ဆင့်ကမ်းနိုင်မယ့် ဒီလိုစက်ရုံမျိုးကိုပဲ ဆောက်ချင်တယ်" ဟု မစ္စတာ အီချိရိုမာရူယာမာက ပြောသည်။

ဂျပန်နိုင်ငံအနေဖြင့် အဆိုပါစီးပွားရေးဇုန်တည်ဆောက်ရာတွင် နည်းပညာသင်တန်းကျောင်းများကိုပါ ထည့်သွင်းတည်ဆောက်ရန် ရည်ရွယ်ထားပြီး အရည်အသွေးမြင့် ဝန်ထမ်းများ မွေးထုတ်သွားရန် အစီအစဉ်ရှိကြောင်း ၎င်းက ပြောသည်။

"အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီး ပေါ်ပေါက်လာမယ်ဆိုပေမယ့် ဒီအတိုင်းပေးမှာကို ပြောတာမဟုတ်ပါဘူး။ ကောင်းတဲ့အလုပ်ဆိုတာ ကြိုးစားမှ ရနိုင်မှာပါ" ဟု ၎င်းကပြောသည်။

သီလဝါ အထူးစီးပွားရေးဇုန်အတွက် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု အကဲဖြတ်မှု (Environmental Impact Assessment - EIA) များကို မကြာမီစတင်သွားမည်ဖြစ်ပြီး မိုးရာသီအမီ ပြုလုပ်ချင်ကြောင်း ၎င်းကပြောသည်။

"သဘာဝလေ့လာရေးက အနည်းဆုံးခြောက်လတော့ ကြာမယ်။ မကြာခင် စလုပ်တော့မယ်။ မိုးတွင်းမရောက်ခင် ကတည်းက စပြီး မိုးတွင်းမှာပဲ လုပ်ချင်ပါတယ်။ အဲဒါဆို ရွှံ့လုပ်ငန်း၊ ကိုးလုပ်ငန်းလောက်ဆိုပြီးပြီ။ ဒါပြီးမှ ဖွံ့ဖြိုးရေးတွေ စလုပ်နိုင်မှာဖြစ်တယ်"ဟု မစ္စတာအီချိရိုမာရူယာမာက ပြောသည်။

"ဒီမှာစက်ရုံတွေများတယ်။ကျွန်တော်တို့ သိတယ်။ ဒါပေမဲ့ ကုမ္ပဏီအများစုက ကိုယ်ကျိုးအတွက်ပဲ အလုပ်လုပ်ချင်ကြတယ်။ သီလဝါကို အဲဒီလိုမဖြစ်စေချင်ဘူး။ စံပြစီးပွားရေးဇုန်တစ်ခု ဖြစ်စေချင်ပါတယ်"ဟု ၎င်းက ပြောသည်။ ■



Finance Assistant

(မဂ္ဂဇင်းပတ်သတ်ဆက်ဆံလိုပါသည်)

MCM

ရောဂါသုံးမျိုး တိုက်ဖျက်ရေး ကန်ဒေါ်လာ ၇၇ သန်း ရရှိ

ဌေရည်စောမြင့်

မြန်မာနိုင်ငံ၌ အိပ်ခ်ျအိုင်ဗီ၊ တီဘီနှင့် ငှက်ဖျားရောဂါသုံးမျိုးကို ပိုမိုထိရောက်စွာ ကုသနှိမ်နင်းရန်အတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (ဂလိုဘယ်ဖန်း)မှ ၂၀၁၃-၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၇ သန်း တိုးမြှင့် ချထားပေးမည်ဖြစ်ကြောင်း ပြည်တွင်းလူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ပြည်ကြီးခင်မှ အမှုဆောင် ညွှန်ကြားရေးမှူးဒေါ်နွယ်ဇင်ဝင်းက ပြောသည်။

"ရောဂါသုံးမျိုးအတွက် မြန်မာနိုင်ငံက ကမ္ဘာ့ရန်ပုံငွေအဖွဲ့ကနေ ၂၀၁၃-၂၀၁၅ အတွက် ၂၀၀၉ ခုနှစ်ကတည်းက ကနဦး ရရှိထားတဲ့ရန်ပုံငွေတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ပို့ပြီးတော့ လူနာတွေ ထောက်ပံ့ငွေ ထပ်ရရှိရေး အဆိုပြုလွှာတွေ ထပ်ပြီး တင်သွင်းခဲ့ရာမှာ သူတို့ဘက်က လက်ခံပြီး မြန်မာနိုင်ငံကို ရွှေ့ချယ်လိုက်တာပါ" ဟု ဒင်းကပြောသည်။

မြန်မာနိုင်ငံမှ ကမ္ဘာ့ရန်ပုံငွေအဖွဲ့သို့ ၂၀၁၃-၁၅ အထိ ရောဂါသုံးမျိုးအတွက် ကနဦးရရှိရန် တောင်းခံထားသည့် ရန်ပုံငွေမှာ စုစုပေါင်းဒေါ်လာ ၂ ဒသမ ၁၉ ဘီလျံ ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန စာရင်းဇယားများအရသိရသည်။

ထိုအဖွဲ့၏ ထောက်ပံ့မှုများရရှိပါက မြန်မာနိုင်ငံရှိ အိပ်ခ်ျအိုင်ဗီရောဂါပိုးကူးစက်ခံစားနေရသည့် ဝေဒနာသည်များအတွက် အေအာရ်တီဆေးကို လက်ရှိသောက်သုံးနေရသည့်လူနာ ၃၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်း အထိ တိုးမြှင့်ပေးနိုင်မည်ဖြစ်ကာ MTR တီဘီဆေးများကိုလည်း မြို့နယ် ၃၈ မြို့နယ်မှ ၇၂ မြို့နယ် အထိ တိုးမြှင့်ပေးမည်ဖြစ်ပြီး ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များ တိုးမြှင့်ဖြန့်ဝေပေးရန်နှင့် ကျေးလက်ဆေးပေးခန်းများနှင့် နယ်လှည့်ဆေးကုသရေး လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်ဟု ဒေါ်နွယ်ဇင်ဝင်းက ပြောသည်။

ကမ္ဘာ့ရန်ပုံငွေအဖွဲ့သည် မြန်မာနိုင်ငံအတွက် ရောဂါသုံးမျိုး ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရန်ပုံငွေများ လျှောက်ထားမှုကို လက်ခံခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ပြည့်နှစ်မှ စတင်ထောက်ပံ့ပေးခဲ့ရာ ယခုအချိန်အထိ ဒေါ်လာ ၉၃ သန်း ထောက်ပံ့ခဲ့သည်ဟု အဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Marcela Rojo က ပြောသည်။ ■

ခေတ်မီနည်းအမျိုးမျိုးဖြင့် သားသမီးရရန် ဆောင်ရွက်ရာတွင် ဥပဒေများပြဋ္ဌာန်းရန်လို

ယမုံဖူးသစ်

မြန်မာနိုင်ငံ၌ သားသမီးရရှိရန်ခက်ခဲသောမိဘများ ခေတ်မီနည်းပညာအမျိုးမျိုးဖြင့် သားသမီးရရှိရန် ဆောင်ရွက်သည့်လုပ်ငန်းများ ပိုမိုတွင်ကျယ်လာနိုင်သည်နှင့်အမျှ ပေါ်ပေါက်လာနိုင်သော ဥပဒေရေးရာကိစ္စများကို ဖြေရှင်းရန် ကျင့်ဝတ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းသင့်ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကမတ်လ ၂ ရက်နေ့တွင် ပြောသည်။

နိုင်ငံတကာ၌ နည်းအမျိုးမျိုးဖြင့် သားသမီးရရှိရန် ကြိုးပမ်းကြရာတွင် သုက်ပိုးလှူဒါန်းခြင်း၊ အင်္ဂါးကိုယ်ဝန်ဆောင်ခြင်း အစရှိသည့် နည်းလမ်းများကြောင့် အမွေစားအမွေခံ ပြဿနာများ၊ ဥပဒေရေးရာကိစ္စများ ဖြစ်ပေါ်လျက်ရှိကြရာ မြန်မာနိုင်ငံ၌လည်း အခြားနိုင်ငံများနည်းတူ ဥပဒေများရေးဆွဲသင့်သည်ဟု ဒေါက်တာဖေသက်ခင်က Bahosi Fertility Center ဖန်ပြွန်သန္ဓေသားဌာနမှကျင်းပသောဖန်ပြွန်သန္ဓေကလေးငယ်ပေါင်း ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲတွင် ပြောသည်။

"မြန်မာနိုင်ငံမှာ ဒါနဲ့ပတ်သက်ပြီး လမ်းညွှန်ချက်တွေ၊ လုပ်ထုံးလုပ်နည်း ဥပဒေတွေ မရှိသေးတဲ့အတွက် တစ်ချိန်ချိန်မှာ ပြဿနာတက်လာနိုင်တယ်။ ဒီလုပ်ငန်းကို စတင်ပြီးတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံမှာလည်း တခြားနိုင်ငံများနည်းတူ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်နဲ့ပတ်သက်တဲ့ လမ်းညွှန်ချက်တွေကို စုပေါင်း ရေးသားဖို့လုပ်သင့်ပြီလို့ တိုက်တွန်းလိုပါတယ်"ဟု ဒင်းကပြောသည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဖန်ပြွန်သန္ဓေသားဌာနမှာ Bahosi Fertility Center (BFC) ဖြစ်ပြီး ၂၀၀၆ ခုနှစ်မှ စတင်ခါ ဖန်ပြွန်သန္ဓေသားနည်းနှင့် အခြားသော ခေတ်မီနည်းပညာများဖြင့် ကလေးငယ် ၁၀၀ ကျော်ကိုပြည်တွင်း၌ပင် မွေးဖွားပေးနိုင်ခဲ့သည်။

သားဖွားမီးယပ် အထူးကု ဆရာဝန် ဒေါက်တာမေသူမျိုးညွှန့်က မြန်မာနိုင်ငံ၌ သုက်ပိုးလှူဒါန်းခြင်း၊ အင်္ဂါးကိုယ်ဝန်ဆောင်ခြင်း အစရှိသည့် နည်းလမ်းများ မရှိသေးသော်လည်း နောက်ပိုင်းတွင် ရှိလာနိုင်သည့်အတွက် စည်းမျဉ်းများ လိုအပ်သည်ဟု ပြောသည်။

"ဒီအတွက် သေချာလမ်းညွှန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ မရှိသေးပါဘူး။ နောက်ပိုင်းကျရင်တော့ သားသမီးရရှိဖို့ ခေတ်မီနည်းလမ်းတွေ မြန်မာနိုင်ငံမှာ ပိုမိုတွင်ကျယ်လာနိုင်တဲ့အတွက် စည်းမျဉ်းတွေ လိုအပ်လာမယ်။အခု လောလောဆယ်တော့ ရှင်းရှင်းလင်းလင်း မရှိသေးပါဘူး"ဟု ဒင်းကပြောသည်။

ကမ္ဘာပေါ်တွင် ဖန်ပြွန်သန္ဓေသား ကလေးငယ်ပေါင်း ငါးသန်းကျော်ခန့် ရှိသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဖန်ပြွန်သန္ဓေသားကလေးငယ် မေလင်းလက်ဆွေကို Bahosi Fertility Center မှ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၀၇ ခုနှစ်၊ ဩဂုတ်လက မွေးဖွားခဲ့သည်။

ဖန်ပြွန်သန္ဓေဆောင်ခြင်းဖြင့် ကိုယ်ဝန်ရရှိစေသည့် နည်းလမ်းတွင် အောင်မြင်နိုင်ခြေမှာ ပျမ်းမျှ ၃၀ မှ ၄၀ ရာခိုင်နှုန်းခန့်အထိရှိပြီး အသက်ငယ်ရွယ်သော အမျိုးသမီးများတွင် အောင်မြင်မှု ရာခိုင်နှုန်း ပိုများကာ အသက် ၄၀ မှ ၄၅ နှစ်ခန့် ရှိအမျိုးသမီးများတွင်လည်း အောင်မြင်မှုရှိသည်ကို တွေ့ရသည်ဟု ဒေါက်တာမေသူမျိုးညွှန့်က ပြောသည်။

BFC တွင် အမျိုးသားသုက်ပိုးကို သန့်စင်၍ အမျိုးသမီး သားအိမ်အတွင်း တိုက်ရိုက်ထည့်သွင်း၍ သန္ဓေအောင်စေသောနည်း၊ မမျိုးဥကို ခန္ဓာကိုယ်ပြင်ပသို့ ထုတ်ယူ၍ အမျိုးသားသုက်ပိုးနှင့် ခန္ဓာကိုယ်ပြင်ပတွင် သန္ဓေအောင်စေပြီး သားအိမ်တွင် ပြန်လည်ထည့်သွင်း၍ ကိုယ်ဝန်ဆောင်စေသော ဖန်ပြွန်သန္ဓေသားနည်း၊ အမျိုးသားသုက်ပိုးနည်းသော စုံတွဲများအတွက် သုက်ပိုးတစ်ကောင်ချင်းကို မမျိုးဥတွင် ထည့်သွင်း သန္ဓေအောင်စေသောနည်း၊ အမျိုးသားကပ်ပယ်အိတ် အသားစမှ သုတ်ပိုးထုတ်ယူ၍ သန္ဓေအောင်စေသောနည်း၊ သုက်ပိုး အေးခဲသိမ်းဆည်းခြင်းနည်း၊ သန္ဓေသားလောင်း အေးခဲသိမ်းဆည်းခြင်းနှင့် အေးခဲထားသော သန္ဓေသားလောင်းများအား သားအိမ်တွင်ပြန်လည်ထည့်သွင်း သန္ဓေအောင်စေသောနည်းနှင့် ငါးရက်သားသန္ဓေသားလောင်းအား သားအိမ်တွင် ပြန်လည်ထည့်သွင်း သန္ဓေအောင်စေသော နည်းများကို ဆောင်ရွက်ပေးနေသည်။ ■



‘ရန်ကုန်ဟာ တကယ်ကြီးကျယ်ခမ်းနားတဲ့ မြို့ကြီးဖြစ်ဖို့ လိုအပ်တဲ့အရည်အချင်းတွေ အားလုံး ရှိနေပါတယ်’

-ဒေါက်တာသန့်မြင့်ဦး



ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ကိုလိုနီခေတ်လက်ရာ အ

ရန်ကုန်မြို့ရှိ ကိုလိုနီဗိသုကာလက်ရာ အဆောက်အအုံများကို စနစ်တကျ ပြန်လည်ပြုပြင် ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်နေသည့် Yangon Heritage Trust (YHT) အား တည်ထောင်သူတစ်ဦးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးအား လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး မြန်မာတိုင်း(မ်)က မေးမြန်းထားသည်။

*** ရန်ကုန်မြို့ ပြုပြင်ထိန်းသိမ်းရေး နဲ့ ပတ်သက်ပြီး YHT ရဲ့ အဖြင်တွေကို မကြာသေးမီကပဲ သမ္မတကြီးထံ တင်ပြခဲ့တယ်လို့ သိရပါတယ်။ တင်ပြချက်ထဲမှာ ဘာတွေပါသလဲ ဆိုတာ ပြောပြပေးနိုင်မလား။**

ကျွန်တော်တို့တင်ပြချက်ကနောင် ၁၀ နှစ်၊ အနှစ် ၂၀ မှာ ရန်ကုန်ဟာဒေသတွင်းမှာ အခြားမြို့ကြီးတွေနဲ့ အပြိုင်ဖြစ်လာလိမ့်မယ်၊ ရန်ကုန်ကိုနေရာမှန်ရောက်ဖို့ နေချင်စဖွယ်လည်းဖြစ်၊ လှပတဲ့မြို့လည်းဖြစ်ဖို့ဆိုတာ တိုင်းပြည်ကအားထားရမယ့် ပညာရှင်တွေ၊ ဖန်တီးနိုင်စွမ်းမြင့်တဲ့လူတော်တွေကို ဆွဲဆောင်ရာမှာ အရေးကြီးတဲ့အချက် ဖြစ်တယ်ဆိုတဲ့အကြောင်းနဲ့၊ ဒါက ဒေါ်လာဘီလုံနဲ့ချီတန်တယ်လို့ ပြောရင်လည်းဖြစ်တယ်၊ သဘာဝဓာတ်ငွေ့တွေ၊ ကျောက်စိမ်းကရတာတွေ အားလုံးပေါင်းတာထက် လည်းပိုတယ်လို့ပြောချင်တာဖြစ်တယ်။

အပိုင်းလေးပိုင်းပါဝင်တဲ့ ပါဝါပွိုင့် Presentation ကိုတင်ပြခဲ့တာဖြစ်ပြီး ဒါအတွက် ကျွန်တော်တို့တစ်တွေ ပြီးခဲ့တဲ့သီတင်းပတ်ပေါင်းများစွာ ပြင်ဆင်ခဲ့ကြပါတယ်။ ပထမဆုံးအပိုင်းကတော့ ၂၁ ရာစု ထင်ရှားတဲ့မြို့ကြီးတွေ ရဲ့ ကြီးကျယ်ထင်ရှားရတဲ့ အကြောင်းရင်းကို တင်ပြတာဖြစ်ပါတယ်။ ဒီမြို့ကြီးတွေဟာ ခေတ်မီရုံတင်မက နေတဲ့သူတွေ အားလုံးအတွက် အဆင်ပြေတယ်။ အများပြည်သူသုံး ပန်းခြံတွေ၊ ကွက်လပ်တွေ အများကြီးနဲ့ နေချင်စဖွယ်ကောင်းတယ်။ အများသုံး သယ်ယူပို့ဆောင်ရေးစနစ်တွေ ကောင်းရုံမက လွတ်လွတ်လပ်လပ်လည်း လမ်းလျှောက်သွားလာနိုင်မယ့် မတူညီတဲ့ယဉ်ကျေးမှုတွေ အားလုံးကိုလည်း လက်ခံပြီးပေါင်းစည်းတည်ရှိမယ်။ ဒုတိယပိုင်းမှာတော့ ရန်ကုန်ဟာလည်း တကယ်ကြီးကျယ်တဲ့မြို့ကြီးဖြစ်ဖို့ လိုအပ်တဲ့ ဒီအရည်အချင်းတွေ အားလုံး ရှိနေကြောင်းနဲ့ ကျွန်တော်တို့မှာရှိတဲ့ အဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေကို ပြသပါတယ်။ ရွှေတိဂုံစေတီတော်ကို မြို့နေရာအနှံ့က ဖူးမြော်ရတဲ့ ရှုမြင်ကွင်းတွေကအစ မြို့လယ်ကဗိသုကာလက်ရာ အစုအဝေးတွေ၊ ရေကန်တွေနဲ့ ဥယျာဉ်သစ်ပင်တွေ၊ ကွက်လပ်ရင်ပြင်တွေအထိ ပါဝင်ပါတယ်။ တတိယပိုင်းမှာ ဘာကြောင့် ချက်ချင်းလက်ငင်းလုပ်ဖို့ အရေးကြီးတဲ့အကြောင်းကို ရှင်းပြတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မြို့ပြအမွေအနှစ်တွေ ဆုံးရှုံးသွားနိုင်တဲ့အခြေအနေကြောင့်တင်မဟုတ်ဘဲ ဒီအချိန်ဟာ နိုင်ငံတကာရဲ့စိတ်ဝင်စားမှုကို အများကြီးရရှိနေချိန်ဖြစ်ပြီး (စီးပွားရေးအရရင်းနှီးမြှုပ်နှံချင်တဲ့သူတွေရော၊ လူမှုရေးကူညီချင်သူတွေပါဝင်ပါတယ်) ဒီစိတ်ဝင်စားမှုကို အကြောကြီး ထိန်းနိုင်ဖို့မလွယ်တဲ့အတွက် အားလုံးကိုတွဲစပ်ပြီး အမြန်ဆုံး အကောင်အထည်ဖော်နိုင်ဖို့လိုကြောင်း တင်ပြခဲ့ပါတယ်။

နောက်ဆုံးပိုင်းမှာတော့ ဘာတွေစပြီး လုပ်ဖို့လိုတယ်ဆိုတာကို ဖော်ပြပါတယ်။ ဇုန်သတ်မှတ်ပြီး ဥပဒေနဲ့ ကာကွယ်ဖို့၊ အခိုင်အမာကာကွယ်ထိန်းသိမ်းဖို့လိုတဲ့ အဆောက်အအုံစာရင်းပြုစုဖို့ သက်ဆိုင်တဲ့ စီမံအုပ်ချုပ်မှု အစီအစဉ်တွေကို ပြန်လည်သုံးသပ်ဖို့၊ လက်တွေ့ကျတဲ့ ငွေကြေးထောက်ပံ့မှုအစီအစဉ် စတာတွေနဲ့တကွ ရန်ကုန်မြို့လယ် စည်ပင်ဖို့အတွက် အများပြည်သူနဲ့ အထူးစီမံချက်တွေဆောင်ရွက်ဖို့ ပါဝင်ပါတယ်။

*** သမ္မတကြီးက ဘယ်လိုတုံ့ပြန်သလဲ။**

ဆက်လက်ခွင့်ပေးပါသလား။

သမ္မတကြီးက အင်မတန်အားရဖွယ်ရာတုံ့ပြန်ပါတယ်။ သူက ကျွန်တော်တို့ဘာလိုချင်သလဲဆိုတာ ချက်ချင်းပဲ သဘောပေါက်ပြီး ဆောင်ရွက်ဆဲမြို့ပြစီမံမှု အစီအစဉ်တွေကိုတောင် ပြန်စဉ်းစားဖို့လိုတယ်ဆိုတာ ပြောပါတယ်။ ကျွန်တော်တို့ကိုလည်း အသေးစိတ်အဆင့်ဆင့်လုပ်ရမယ့် အစီအစဉ်တွေ တင်ပြရမယ်ပြောလို့ ကျွန်တော်တို့ ပြင်ဆင်နေပါတယ်။ အများပြည်သူကို အသိပေးဖို့၊ မီဒီယာတွေကနေတစ်ဆင့် ကျွန်တော်တို့ရဲ့စိတ်ကူးတွေကို ရှင်းပြဖို့လည်း သမ္မတက အကြံပေးပါတယ်။

*** ရန်ကုန်မြို့တော်စည်ပင်လို အခြားအာဏာပိုင်အဖွဲ့တွေဆီကိုရော စီမံကိန်းကို တင်ပြခဲ့သေးလား။ သူတို့ကရော ဘယ်လိုတုံ့ပြန်သလဲ။ အကောင်အထည်ဖော်ဖို့အတွက် အဓိကပူးပန်ရမယ့်အရာက ဘာဖြစ်မလဲ။**


ကျွန်တော်တို့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ရန်ကုန်စည်ပင်သာယာရေးကော်မတီတို့နဲ့အတူ အလုပ်လုပ်ကိုင်နေကြပါတယ်။ အထူးသဖြင့် ထိန်းသိမ်းစောင့်ရှောက်ဖို့လိုတဲ့ ဇုန်ဧရိယာတွေသတ်မှတ်ပြီး ကန့်သတ်ချက်နဲ့စည်းမျဉ်းတွေ၊ ဥပဒေတွေရေးဆွဲထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ အထူးသဖြင့် ရွှေတိဂုံစေတီတော်ဝန်းကျင်နဲ့ ရန်ကုန်မြို့လယ်အတွက် ဦးစားပေး ပြင်ဆင်နေပါတယ်။ ကျွန်တော်တို့အတွက် စိန်ခေါ်မှုက စည်းမျဉ်းဥပဒေအသစ် ထုတ်ပြန်ခြင်းမဟုတ်ဘဲ ရှေ့ဆက်ပြီး ကြီးကြပ်ဖို့၊ ဥပဒေနဲ့ညီညွတ်အောင် ဆောင်ရွက်နိုင်ဖို့ အပြင် စည်းမျဉ်းစည်းကမ်းအားလုံးဟာ ဒီမှာ အမှီပြုနေထိုင်တဲ့ သာမန်လူတွေအပေါ် ပထမဆုံးအကျိုးကျေးဇူး ရရှိနိုင်စေဖို့အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့တွေ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်ခရီးဝန်ကြီးဌာန၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စု ဝန်ကြီးများနဲ့လည်း တွေ့ဆုံတင်ပြခဲ့ပြီး သမ္မတရုံး ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့နဲ့လည်း အကြိမ်များစွာတွေ့ခွင့်ရခဲ့ပါတယ်။

*** စတင်အကောင်အထည်ဖော်ရာမှာ ပထမခြေလှမ်းက ဘာဖြစ်မလဲ။ လုပ်ဆောင်နေပြီလား။**

ကျွန်တော်တို့အားလုံး အဘက်ဘက်မှာကနှာစာတွေအားလုံးမှာ ရှေ့တိုးဖို့ အားထုတ်နေကြတာပါ။ ဥပဒေသစ်တွေ၊ လမ်းညွှန်မှုအသစ်တွေကစလို့ ပြည်သူကို အသိပေးစရာတွေ၊ အရေးကြီးတဲ့ အဆောက်အအုံတွေကို သတ်မှတ်ဖို့ ကမ္ဘည်းပြားထိုးဖို့တွေ၊ ပေါ်လစီဝိုင်းနဲ့ စီမံဖို့အပိုင်းမှာ ပြန်လည်သုံးစပ်စရာတွေ၊ တကယ်ပြင်ဆင်မှုစရမယ့် ပရိုဂျက်တွေ၊ ဒါ့အပြင် အဆောက်အအုံဟောင်းတွေမှာ နေထိုင်တဲ့ ဝင်ငွေနည်းမိသားစုတွေကို ကူညီပေးရမှာတွေအထိ အားလုံးပါဝင်ပါတယ်။ ချက်ချင်းလုပ်ရမှာကတော့ သမ္မတကြီးတောင်းဆိုတဲ့အဆင့်လိုက် လုပ်ဆောင်စရာတွေကို ပြန်လည်တင်ပြဖို့ဖြစ်ပါတယ်။

*** ရန်ကုန် ၂၀၄၀ စီမံကိန်းထဲမှာ ဒီထိန်းသိမ်းရေးစီမံချက်ကို ထည့်သွင်းနိုင်ဖို့အတွက် မြို့တော်စည်ပင်၊ JICA တို့နဲ့ YHT က အတူလုပ်နေတာ ရှိပါသလား။**

ဟုတ်ကဲ့။ ကျွန်တော်တို့ ရန်ကုန်စည်ပင်နဲ့ရော၊ JICA နဲ့ပါ တွဲဖက်



တစ်ကွက်ကာတွန်း





ဆောက်အဆုံတစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ-လွင်ကိုတိတ်

လုပ်ကိုင်နေပါတယ်။ ကျွန်တော်တို့နဲ့ ဆွေးနွေးမှုအပြီးမှာ JICA ကပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ ကျွမ်းကျင်သူ (conservation expert) တစ်ယောက်ကို ချက်ချင်းခေါ်ခဲ့ပြီး အခုဆိုကျွန်တော်တို့နဲ့နေစဉ်နီးပါး အဆက်အသွယ်ရှိနေပါတယ်။ ကျွန်တော်တို့တွေ ဥရောပသမဂ္ဂ၊ နယ်သာလန်နဲ့ ဩစတြေးလျကပေးမယ့် သင်တန်းတွေအတွက်လည်း အတူတကွ စီစဉ်နေပါတယ်။ သမ္မတကြီးကလည်း ရန်ကုန်မြို့ပြ စီမံကိန်းအသစ်ကို ကျွန်တော်တို့ရဲ့ ထိန်းသိမ်းရေးအမြင်နဲ့ ကြည့်ပြီး ပြင်စရာရှိတာပြင်နိုင်ဖို့ လမ်းဖွင့်ပေးပါတယ်။

*** ဖြိုချတော့မယ့် အဆောက်အဆုံက မိသားစုတွေနဲ့ မကြာသေးမီက တွေ့ခဲ့တယ်ဆိုတော့ အဲဒီအဆောက်အဆုံ ဖြိုဖို့အတွက် ဆက်လုပ်ဖြစ်ဦးမှာလား။ အဲဒီလူတွေနဲ့တွေ့ပြီး ဒီလုပ်ငန်းအတွက် ဘာတွေလေ့လာသိလိုက်ရသလဲ။**

ဒီလိုနေထိုင်သူတွေအများအပြားဟာ ဝင်ငွေနည်းသူတွေဖြစ်ကြပြီး သူတို့အတွက် အနာဂတ်မျှော်လင့်ချက်ဟာလည်း သူတို့အိမ်ဟောင်းက ကွန်ဒိုတိုက်သစ်တစ်ခုဖြစ်သွားပြီး အဲဒီကနေ အခန်းသစ်တစ်ခန်း၊ ဒါမှမဟုတ် ဝင်ငွေအပိုတစ်ခုခုရလာဖို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့က ဒါကိုပြောင်းလဲချင်ပါတယ်။ ရန်ကုန်မြို့လယ်ဟာ သူတို့အားလုံးရဲ့ အိမ်ဖြစ်တယ်၊ မြို့လယ်တစ်ခုလုံးရဲ့ စရိုက်သဘာဝနဲ့ အသက်ဝင်နေမှုဟာ လူတွေမပါရင် အဆောက်အအုံလွတ်တွေသာ ကျန်နေလိမ့်မယ်။ ဒီလူတွေ ဆက်လက်နေထိုင်နေဖို့ ကျွန်တော်တို့ နည်းလမ်းရှာရမှာပါ။ ခရီးသွားလုပ်ငန်းနဲ့ အခြားကဝင်လာနိုင်တဲ့ ဒေါ်လာသန်း ပေါင်းများစွာနဲ့ ဒီဧရိယာတစ်ခုလုံးပြန်လည် ပြုပြင်နိုင်ပါတယ်။ ဒီမှာ မှီတင်းနေထိုင်နေကြသူတွေအားလုံး သူများနည်းတူ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေ၊ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူတွေနည်းတူ အကျိုးကျေးဇူးခံစားသင့်သလို အားလုံးအကျိုးများစေမယ့် ရလဒ်တွေ ရဖို့ ကျွန်တော်တို့သူတို့တွေနဲ့ပူးပေါင်းလုပ်ကိုင်ဖို့လည်းလိုအပ်ပါတယ်။

*** ပန်းဆိုးတန်းအဆောက်အဆုံမှာလိုပဲ အခြားအိမ်ပိုင်ရှင်တွေကလည်း သူတို့အဆောက်အအုံကို ဖြိုချတာထက်စာရင် ပြုပြင်ထိန်းသိမ်းရင်ပိုမကောင်းလာနိုင်ဘူးလို့ ယူဆကြဖို့ ဖြစ်နိုင်ခြေရှိနေပါတယ်။ အားလုံးက မဟျော်ရွှင်ကြဘူးဆိုရင် ရလဒ်တွေအောင်မြင်အောင်လုပ်ဖို့ ဘယ်လိုဖြစ်နိုင်မလဲ။**

အခုကျွန်တော်တို့ ဒီလိုကိစ္စတစ်ခုချင်း စီအတွက် လုပ်ဆောင်နေပါတယ်။ တစ်ဖက်ကလည်း တစ်ချိန်ကျရင် မြို့လယ်က အဆောက်အအုံဟောင်းတွေမှာ ရင်းနှီးမြှုပ်နှံမှုကနေရတဲ့ အကျိုးအမြတ်ကို မြို့လယ်မှာနေထိုင်တဲ့လူတွေအတွက် ခွဲဝေခံစားနိုင်မယ့်စနစ်တစ်ခုကို တည်ဆောက်နိုင်ဖို့ မျှော်လင့်နေပါတယ်။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကလည်း လာမယ့်နှစ်တွေမှာ ပိုမိုဖွံ့ဖြိုးလာမှာဖြစ်ပြီး ဒီဟာကိုရေရှည်တည်တံ့ဖို့နဲ့ ဝင်လာတဲ့ ငွေကြေးအကျိုးအမြတ်ကို ဒေသခံလူမှုအသိုက်အဝန်း ဒီကိစ္စမှာ တော့မြို့လယ်မှာ မှီတင်းနေကြတဲ့သူတွေ ရရှိစေချင်ပါတယ်။ နိုင်ငံခြားသားတွေနဲ့ လူချမ်းသာတွေအတွက်သာ ကောင်းပြီး တိုးရစ်တွေအတွက် သက်သက်ရည်ရွယ်တဲ့ ဧရိယာသန့်သန့် လုပ်ပေးတာမျိုး ကျွန်တော်တို့အလိုမရှိပါဘူး။ မြို့လယ်မှာနေတဲ့ မိသားစုတွေကို ဒီလိုပဲဆက်နေစေချင်ပြီး စီးပွားရေးအလားအလာကောင်းတွေ ရလာရုံမကသူတို့ဒီလိုဆက်နေချင်လာအောင် စီးပွားရေးအရ ဆွဲဆောင်မှုပါ ရှိလာစေချင်ပါတယ်။

*** ခက်ခဲတဲ့ စိန်ခေါ်မှုတွေရှိနေတယ်ဆိုတော့ ရေရှည်နဲ့ ရေတိုမှာ ဘယ်ဟာက အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နိုင်မလဲ။**

စီးပွားရေးအရ အောင်မြင်ဖို့နဲ့ ပြည်သူလူထုက ကျွန်တော်တို့ဘက်မှာ ရှိလာဖို့လိုပါတယ်။ ကျွန်တော်တို့လိုချင်တဲ့ ဥပဒေစည်းမျဉ်းတွေ ထွက်လာတယ် ဆိုရင်တောင်မှ လူတွေက ထိန်းသိမ်းခြင်း (conservation) ရဲ့ အကျိုးကျေးဇူးကို မြင်မှ၊ လိုချင်မှသာ ဒီစည်းမျဉ်းတွေကို လူတွေလိုက်နာလာအောင် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း မှန်ကန်တဲ့မက်လုံးမျိုး ဖန်တီးပေးနိုင်ဖို့ လိုပါတယ်။

လက်တွေ့ကျတဲ့အစီအမံတစ်ခု ဖော်ဆောင်ပြီး ဆက်စပ်တဲ့အရာအားလုံးအံဝင်ခွင်ကျဖြစ်သွားအောင် ဖန်တီးယူရမှာဖြစ်ပါတယ်။ မြို့လယ်ကိုပဲ နမူနာကြည့်မယ်ဆိုရင် အဲဒီမှာ နိုင်ငံပိုင်အဆောက်အအုံတွေ အများကြီးရှိနေတယ်။ အချို့က လစ်လပ်နေပြီး အတော်များများက အပြည့်အဝအသုံးပြုမှု မရှိဘူး။ လူနေအဆောက်အအုံဟောင်း ၈၀ ကျော်လောက်လည်း ဒီဧရိယာထဲမှာရှိပြီး ၁၂ လုံးလောက်က အန္တရာယ်ရှိအဆောက်အအုံ ဆိုင်းဘုတ်တပ်ထားတယ်၊ ဆက်စပ်နေတဲ့စိန်ခေါ်မှုတွေဖြစ်တဲ့ အိမ်ရာကဏ္ဍနဲ့ ယာဉ်ကြောကျပ်တာတွေလည်း ဖြေရှင်းရမှာရှိတယ်။ တစ်ဖက်ကလည်း ဒေါ်လာသန်းပေါင်း ရာမဟုတ်ရင်တောင် ဆယ်ဂဏန်းရှိတဲ့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ ရင်းနှီးမြှုပ်နှံမှုသစ်တွေ ဖော်ထုတ်နိုင်တယ်။ ဒါတင်မက ကမ္ဘာအရပ်ရပ်ကနေ အကူအညီပေးမယ့် အဖွဲ့အစည်းတွေလည်း အများကြီးရှိနေတယ်။ လမ်းတိုင်းက အဆောက်အအုံတိုင်းဖြစ်နိုင်တယ်။ ဒီလိုဖြစ်ရမယ်လို့ ကျွန်တော်တို့ပြောနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ အဟောင်းနဲ့အသစ်ကို စဉ်းစဉ်းစားစားနဲ့ ပေါင်းစပ်ပြီး၊ ထိန်းသိမ်းချင်တဲ့ ရပ်ကွက် - မြို့ပြအစိတ်အပိုင်းရဲ့ ထူးခြားတဲ့စရိုက်သဘာဝ ပျောက်မသွားအောင် စီမံဖို့လိုတာပါပဲ။ ရေရှည်အတွက်ဆိုရင် ထိန်းသိမ်းစောင့်ရှောက်မှုတွေ အကောင်အထည်ဖော်ဖို့ သင့်လျော်တဲ့ ငွေးကြေးထောက်ပံ့မှု အစီအစဉ်တွေ လိုပါတယ်။ နှစ်တိုအတွက် တော့မြို့အတွက်လည်း အကျိုးရှိ အလုပ်အကိုင်တွေ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတွေ၊ အဲဒီကနေ နေထိုင်သူတွေ အကျိုးများစေမယ့် အကြောင်းရပ်တွေကို သေချာစဉ်းစားဖန်တီးပေးခြင်းက ကဏ္ဍတစ်ရပ်အနေနဲ့ပါဝင်မှာပါ။

ကျွန်တော်တို့ အခုလမ်းကြောင်းပေါ်ရောက်နေပြီလို့တော့ ကျွန်တော်ယူဆပါတယ်။ ဒါဟာ ရန်ကုန်ကို ထိန်းသိမ်းနိုင်ဖို့ နောက်ဆုံးအခွင့်အရေးလည်း ဖြစ်နေနိုင်ပါတယ်။ (ကျေးဇူးတင်ပါတယ်။) ■





ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် အာရှဆင်ကောင်ရေ သိသာစွာကျဆင်း

အိအိတိုးလွင်

မြန်မာနိုင်ငံရှိ နေရာအနှံ့အပြားတွင် ဆင်များ ပျံ့နှံ့ကျက်စားလေ့ရှိသော်လည်း နှစ်ပေါင်း ၂၀ အတွင်း ဆင်ကောင်ရေ ၂,၀၀၀ နီးပါး ကျဆင်းသွားကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သိရသည်။

ယခုကဲ့သို့ ကျဆင်းသွားရသည့် အဓိကအချက်မှာ ဆင်မုဆိုးများ၏ ပစ်မှတ်ဖြစ်သော မျိုးပွားခြင်းတွင် အဓိကကျသည့် ဆင်ထီးများ ဦးရေ ကျဆင်းသွားခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် အာဖရိကဆင်နှင့် အာရှဆင် နှစ်မျိုးရှိရာ မြန်မာနိုင်ငံ၌ အာရှဆင်များ နေထိုင်ကျက်စားလေ့ရှိပြီး ယခုကဲ့သို့ ဆင်ထီးများသည် မုဆိုးများ၏ အဓိကသားကောင် ပစ်မှတ်ဖြစ်ရခြင်းမှာ အာရှဆင်များ၏ ဆင်ထီးများတွင် သာ အစွယ်ပါရှိသောကြောင့် ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်မှ ၁၉၇၀ အတွင်း တောဆင်ရိုင်းကောင်ရေ ၆,၀၀၀ ကျော်ရှိပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ စာရင်းကောက်ယူမှုအရ ၁၉၉၁ တွင် ဆင်ကောင်ရေ ၄,၆၃၉ ရှိပြီး လက်ရှိတွင် ၃,၀၀၀ ခန့်သာ ရှိမည်ဟု ခန့်မှန်းထားရာ နှစ် ၂၀ အတွင်း ဆင်ကောင်ရေ ၂,၀၀၀ နီးပါးခန့် သိသာစွာ ကျဆင်းလာကြောင်း သိရသည်။

"ဆင်ကောင်ရေ ကျနေတယ်ဆိုတာကတော့ အမှန်ပဲ။ အစိုးရစာရင်းအရလက်ရှိမှာ ဆင်ကောင်ရေ ၃,၀၀၀ ကျော်လောက် ခန့်မှန်းထားပေမယ့် ပြင်ပကလည်း ၂,၅၀၀ လောက် ရှိမယ်လို့ ခန့်မှန်းပြောဆိုတာတွေရှိတယ်"ဟု တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး မိတ်ဆွေများအသင်းမှ စီမံကိန်းအရာရှိ ဦးနေမျိုးရွှေက ပြောသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ဆင်ပစ်ခတ်သတ်ဖြတ်ခံရမှု ၁၈ ကြိမ် ဖြစ်ပွားခဲ့ပြီး သတ်ဖြတ်ခံရသည့် အဓိကအကြောင်းရင်းမှာ ဆင်စွယ်လိုချင်သောကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ဆင်ပစ်ခတ်သတ်ဖြတ်ခံရမှု ၁၈ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ တစ်လအတွင်းမှာပင် ရောဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ တောဆင်ရိုင်းသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့သည်။

"အခုနောက်ပိုင်းမှာ ဆင်တွေကို ဂိုဏ်းဖွဲ့ပြီး ဖမ်းဆီးပစ်ခတ်လာတာ တွေ့ရတယ်။ ဆယ်စွယ်နဲ့လုပ်တဲ့ပစ္စည်းတွေက တန်ဖိုးကြီးတယ်။ ဆင်စွယ်နဲ့လုပ်တဲ့ပန်းပု၊ ဆံထိုး၊ သွားကြားထိုးတံ စတဲ့ပစ္စည်းတွေအပြင် တိုင်းရင်းဆေးဖော်တဲ့နေရာတွေမှာလည်း သုံးကြတယ်။ အထူးသဖြင့် ဂျပန်တွေဆိုရင် ဆင်စွယ်နဲ့လုပ်တဲ့တူကို အရမ်းကြိုက်တယ်"ဟု ဦးနေမျိုးရွှေက ပြောသည်။



ဗိုလ်ချုပ်အောင်ဆန်းဈေး၌ ဆင်စွယ်ဖြင့်ပြုလုပ်ထားသော အသုံးအဆောင်များရောင်းချနေစဉ်။ ဓာတ်ပုံ-အောင်ဌေးလှိုင်

မြန်မာနိုင်ငံ၌ အာရှဆင်များအား တောရိုင်း တိရစ္ဆာန်အဖြစ် ဥပဒေအရ ကာကွယ်ထားပြီး မြန်မာနိုင်ငံအဖွဲ့ဝင်ဖြစ်သည့် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များဆိုင်ရာ နိုင်ငံတကာကုန်သွယ်မှုကွန်ဗင်းရှင်း(ဆိုက်တီး)၏ Appendix(I)

နှစ် ၂၀ အတွင်း ဆင်ကောင်ရေ ၂,၀၀၀ နီးပါးခန့် သိသာစွာ ကျဆင်းလာ...

အရလည်း ဆင်နှင့် ၎င်း၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများအား ရောင်းဝယ်ဖောက်ကားမှုကို လုံးဝတားမြစ်ထားသည်။

ဆင်များအား ပစ်ခတ်ဖမ်းဆီးမှုနှင့် ၎င်းတို့၏အစိတ်အပိုင်းများအား တရားမဝင် ရောင်းဝယ်ခြင်းများ တွေ့ရှိရပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ ထောင်ဒဏ် ခုနစ်နှစ်အထိ၊ ကျပ်ငါးသောင်း၊ သို့မဟုတ် ထောင်ဒဏ်၊ ငွေဒဏ် နှစ်ရပ်စလုံး ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း သိရသည်။

သို့သော် ဆင်စွယ်တစ်ပိသာ၏ လက်ရှိကာလပေါက်ဈေးမှာ ကျပ်ငါး သိန်းကျော်ရှိပြီး ၁၅ ပိသာအလေးချိန်ရှိသည့် ဆင်စွယ်တစ်ခုလျှင် ကျပ်သိန်း ၆၀ မှ ၁၀၀ ကြားရှိသဖြင့် တရားမဝင် ဖမ်းဆီးသတ်ဖြတ်မှုများ ပိုမိုများလာခြင်း ဖြစ်ကြောင်း သိရသည်။

အများအားဖြင့် ဆင်စွယ်ဖြင့် ပြုလုပ်ထားသော ပစ္စည်းများအား ကမ္ဘာလှည့် ခရီးသွားများ အဓိက ဦးတည်သော ဘုရားပုထိုးများနှင့် လေဆိပ်များရှိ အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင် ရောင်းချနေသည့်အပြင် မန္တလေး၊ မြဝတီ၊ တာချီလိတ် စသည့် နယ်စပ်မြို့များ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ တရားမဝင် ရောင်းဝယ်မှုပြုလုပ်နေကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံမှ ဆင်စွယ်ပစ္စည်းများကိုလည်း မြန်မာနိုင်ငံမှတစ်ဆင့် နယ်စပ်နိုင်ငံများသို့ ရောင်းဝယ်ခြင်းလည်းရှိသည်။

မြန်မာနိုင်ငံ၌ တောဆင်ရိုင်းများအား တရားမဝင် သတ်ဖြတ်မှုနှင့် ၎င်းတို့၏ အစိတ်အပိုင်းများအား တရားမဝင် ရောင်းဝယ်မှုများ မြင့်တက်လာခြင်းမှာ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၏ တရားဥပဒေအရ ထိရောက်စွာ ခိုမိနင်းမှုအားနည်းခြင်းကြောင့် ဖြစ်ကြောင်း ၂၀၀၈ ခုနှစ်၌ ထုတ်ပြန်သော တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်မှု စောင့်ကြည့်ရေးအဖွဲ့ (TRAFFIC)၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

"မြန်မာနိုင်ငံက အာရှဆင်တွေ အခုလို တရားမဝင် ဖမ်းဆီးသတ်ဖြတ် ခံနေရတာတွေဟာ ဒီဆင်တွေ မျိုးသုဉ်းစေဖို့ ဦးတည်နေတာပါပဲ"ဟု IUCN အဖွဲ့၏ အာရှဆင်များဆိုင်ရာ ကျွမ်းကျင်သူ ပူးတွဲဥက္ကဋ္ဌ Mr.Ajay Desai က ပြောသည်။

"တောရိုင်းတိရစ္ဆာန်တွေ တရားမဝင် ဖမ်းဆီးရောင်းဝယ်မှုတွေနဲ့ ပတ်သက်ပြီး ဥပဒေက ရှိပြီးသားပါ။ ဥပဒေအရဆိုရင် ထောင်ဒဏ် ခုနစ်နှစ်အထိ ချလို့ရတာတွေရှိတယ်။ ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ပေးတာမျိုး လုပ်သင့်တယ်" ဟု ဦးနေမျိုးရွှေက ပြောသည်။

အစိုးရဌာနအနေဖြင့် လက်ရှိတွင် တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်မှုမှုများနှင့် ပတ်သက်သော ဥပဒေများအား ပြည်သူများသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် နိုင်ငံတွင်းနှင့် နယ်စပ်ဖြတ်ကျော် တောရိုင်းတိရစ္ဆာန်ရောင်းဝယ်မှုများ ထိန်းချုပ်ရန် 'နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်မှုမှုများ ဥပဒေအရ ထိရောက်စွာ အရေးယူတားဆီးရေး လုပ်ငန်းအဖွဲ့'ကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဌာနအနေနဲ့ တရားမဝင် ရောင်းဝယ်တာကို ဖမ်းဆီးရတာ မရှိပါဘူး။ တပ်မတော်နဲ့ ပူးပေါင်းစစ်ဆင်ရေးမှာ ဖမ်းဆီးရမိတဲ့ မှတ်ပုံတင်မဲ့ လေ့ကျင့်ပြီး ဆင်လက်ခံတာ၊ ပုဂ္ဂလိကကို ဆင်ဖမ်းခွင့်ပြုပြီး ပိုမိုဖမ်းထားတဲ့ ဆင်တွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့တယ်"ဟု သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ပြောသည်။

"လေဆိပ်အချို့နဲ့ ဈေးအချို့မှာ ရောင်းဝယ်နေတဲ့ ဆင်စွယ် အစိတ်အပိုင်းတွေကိုလည်း ကာလစည်းမျဉ်းတစ်ခုသတ်မှတ်ပြီး အတုအစစ် ခွဲခြားပြီး တရားဝင်ဖြစ်လာစေဖို့ စီစဉ်သွားမယ်" ဟု ၎င်းကပြောသည်။


အာရှတွင် မြန်မာနိုင်ငံသည် ဒုတိယ ဆင်ကောင်ရေ အများဆုံးပိုင်ဆိုင်သော နိုင်ငံဖြစ်ပြီး တောဆင်ကောင်ရေ အများအပြားနေထိုင်ကျက်စားသည့် နယ်မြေများဖြစ်သည့် ရွှေဥဒေါင်း ဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်၊ ရခိုင်ရိုးမဆင်ဘေးမဲ့တောနှင့် ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတို့ကို သဘာဝနယ်မြေများ အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ ထို့ပြင် ပဲခူးရိုးမ၌ မြောက်ဇာမရီ ဆင်ထိန်းသိမ်းရေး သဘာဝနယ်မြေ အဖြစ် ထူထောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ လက်ရှိရင်ဆိုင်ရသော အခက်အခဲများမှာ ဂေဟစနစ် ကျဉ်းမြောင်းလာခြင်း၊ တရားမဝင် အမဲလိုက် သတ်ဖြစ်ခြင်းနဲ့ ဆင်စားကျက်နယ်မြေများအတွင်း ရွှေသတ္တုတူးဖော်ခြင်း၊ လူများဝင်ရောက်နေထိုင်ခြင်း၊ ဆင်ကူးသန်းရာ လမ်းကြောင်းများ ပြတ်တောက်သွားခြင်း စသည်တို့ကြောင့်ဖြစ်သည်။ ■

ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာတိုင်း(မ်)စာစောင် အတွဲ (၃၁)၊ အမှတ်(၆၁၀) စာမျက်နှာ(၉)၌ ဖော်ပြပါရှိ သည့် 'ဥပဒေသမားတွေ ပင်လျှင် အခြေခံဥပဒေကို မကျေညက်ဘူး' ခေါင်းစဉ်ပါ တွေ့ဆုံမေးမြန်းခြင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး 'ဥက္ကဋ္ဌအဖြစ် အတည်ပြုခံရသော' အစား 'အဖွဲဝင်အဖြစ် အတည်ပြုခံရသော' ဟုလည်းကောင်း၊ conscious (သတိရှိနေသော၊ သတိထားမိသော၊ သတိပြုမိသော)အစား၊ conscience (ကောင်းကျိုး ဆိုးပြစ် ခွဲခြားသိမြင်တတ်သော၊ အသိစိတ်၊ အသိတရား၊ စိတ်ဓာတ်၊ လိပ်ပြာ) ဟုလည်းကောင်း၊ စာမျက်နှာ(၂၄)တွင် ပါရှိသော 'လေယာဉ်မောင်းသင်တန်း စတင်လျှောက်ထားနိုင်' သတင်း၌ 'ပထမအကြိမ် ဖွင့်လှစ်မည့် လေယာဉ်မောင်းသင်တန်း'ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်း



ယခုနွေကာလတွင် ဒေသအများစု၌ ပိုမိုပူနွေးသော အခြေအနေရှိနိုင်

ဒေးစယ်ပြူ

၂၀၁၃ နွေရာသီတွင် ဒေသအများအပြား၌ ပိုမိုပူနွေးသောအခြေအနေရှိနိုင်ကြောင်း ဖေဖော်ဝါရီလကုန်ပိုင်းတွင် ထုတ်ပြန်သော မိုးလေဝသခန့်မှန်းချက်များက ဆိုသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ထုတ်ပြန်သော မတ်လအတွက် ခန့်မှန်းချက်အရ ရောဝတီ၊ ပဲခူး၊ ရန်ကုန်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှလွဲ၍ ကျန်ဒေသများတွင် နွေအပူချိန်များသည် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ပိုနိုင်ကြောင်း ဖော်ပြထားသည်။

"ပျမ်းမျှအပူချိန်ထက် ပိုမယ်ဆိုတာ ဒေသတစ်ခုရဲ့ ပျမ်းမျှထက် သုံးဒီဂရီစင်တီဂရိတ်အထက် ပိုမယ်လို့ ဆိုလိုပါတယ်။ ဥပမာ- ချောက်ရဲ့ မတ်လအတွက် ပျမ်းမျှ နွေအပူချိန်က ၃၉ ဒီဂရီစင်တီဂရိတ်ဆိုရင် အဲဒီအပူချိန်ရဲ့ သုံးဒီဂရီစင်တီဂရိတ်ထက် ပိုမှာဖြစ်တဲ့အတွက် ၄၂ ဒီဂရီစင်တီဂရိတ်အထက်ရှိမှာ ဖြစ်ပါတယ်"ဟု မိုး/ဇလဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်က ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြောသည်။

အမေရိကန်အခြေစိုက် International Research Institute ၏ ခန့်မှန်းချက်အရ မတ်၊ ဧပြီ၊ မေလများတွင် အပူချိန်များ ပုံမှန်ထက်မြင့်တက်နိုင်ခြေသည် ကချင်၊ ချင်းပြည်နယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ၆၀ မှ ၇၀ ရာခိုင်နှုန်း ခန့်ရှိကာ တနင်္သာရီတိုင်းဒေသကြီးမှ အပ ကျန်ဒေသများတွင် ၄၀ မှ ၆၀ ရာခိုင်နှုန်းခန့် ရှိနိုင်ကြောင်း ဖော်ပြသည်။

မတ်လအတွင်း မြူထူဆိုင်းမှုအခြေအနေများလည်း ရှိနိုင်ကြောင်း ဦးချစ်ကျော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၃ ရက်ခန့်၊ ရခိုင်၊ ကယား၊ မွန်နှင့် ကရင်ပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် ကျန်တိုင်းနှင့်ပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် နံနက်ခင်း မြူထူဆိုင်းနိုင်ကြောင်း မိုး/ဇလဌာနက ခန့်မှန်းထားသည်။

မတ်လအတွင်း ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး အချိန်အခါမဟုတ် မိုးရွာသွန်းမှုများလည်း ရှိနိုင်ကြောင်း ခန့်မှန်းချက်တွင်ဖော်ပြသည်။



စစ်ကိုင်းတောင်ရိုး၊ ဝါးချက် ဧဝိတဒါနသံဃာ့ဆေးရုံ၏ ထာဝရငွေပင် ငွေကျပ်သိန်း ၁,၀၀၀ ပြည့် အလှူရေစက်ချပွဲကို ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၄)ရပ်ကွက် သီရိလက္ခဏာရာမ ဒဂုံသာသနာ့ဂုရိုပ်သာတွင် မတ်လ ၃ ရက်နေ့က ကျင်းပခဲ့ပြီး အဆိုပါဆေးရုံ၏ ပဓာနဦးဆောင် ကျစွာဆရာတော်ဖြစ်သူ ဒေါက်တာဘဒ္ဒန္တလက္ခဏက ငွေပင် မတည်အလှူရှင် ဒေါ်ခင်ကြည်အား ဝုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ အဆိုပါ ခုတင် ၅၀ ဆံ့ ဝါးချက် ဧဝိတဒါန သံဃာ့ဆေးရုံကို ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ထာဝရငွေပင်ကို ၂၀၁၁ ခုနှစ် နှစ်လယ်ပိုင်းမှ စတင်ခါစိုက်ထူခဲ့ပြီး အလှူရှင်ပေါင်း ၁၃၀ ဦးမှ အလှူငွေ စုစုပေါင်း ကျပ်သိန်း၁,၃၀၀ ကျော် ထည့်ဝင်လှူဒါန်းခဲ့သည်။

ဖမ်းဆီးခံ အရောင်းဝန်ထမ်း နှစ်ဦးကို ကာကွယ်ပေးရန် လူ့အခွင့်အရေးကော်မရှင်သို့ တိုင်

ဌေရည်စောမြင့်

ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ စူပါမားကတ်များမှ ကာမစိတ်ကြွဆေး ရောင်းဝယ်မှုကြောင့် ဖမ်းဆီးခံထားရသူ အမျိုးသမီး အရောင်းဝန်ထမ်းနှစ်ဦးအား ကာကွယ်မှုပေးပါရန် မြန်မာနိုင်ငံ လူ့အခွင့်ရေး ကော်မရှင်သို့ မတ်လ ၃ ရက်နေ့က တိုင်ကြားထားသည်ဟု အဆိုပါကိစ္စအား လိုက်လံတာဝန်ယူဆောင်ရွက်ပေးနေသော ၈၈ ကျောင်းသားမျိုးဆက် တစ်ဦးဖြစ်သူ ဦးထွန်းထွန်းကျော်က ပြောသည်။

"ဒီကိစ္စမှာ တာဝန်ရှိတဲ့သူကို အရေးမယူဘဲနဲ့ ကောင်တာမှာ အလှည့်ကျ တာဝန်ယူပြီး အလုပ်လုပ်နေရတဲ့ ဝန်ထမ်းအမျိုးသမီးတွေကို ဖမ်းဆီးချုပ်နှောင်ခံရတယ်ဆိုတာ မတရားပါဘူး။ နောင်မှာလည်း အခုလိုမျိုးမဖြစ်အောင် လုပ်ငန်းခွင်အတွင်း အလုပ်သမားတွေကို လုံခြုံစိတ်ချမှုပေးနိုင်ဖို့ အတွက် အခုလိုတိုင်ကြားရခြင်း ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါဖြစ်ရပ်ကို မြန်မာနိုင်ငံ လူ့အခွင့်ရေးကော်မတီ အပါအဝင် ပြည်တွင်းရှိလူ့အခွင့်ရေးကော်မတီနှံးထံသို့ တိုင်ကြားစာပို့ထားသည်ဟု သိရသည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင်များက အဆိုပါဆိုင်နှစ်ဆိုင်ရှိ ဆေးဆိုင်များသို့ ဝင်ရောက်စစ်ဆေးရာတွင် တရားမဝင် လိင်ပိုင်းဆိုင်ရာ စိတ်ကြွဆေးများကို ရောင်းချသည်ကို တွေ့ရှိခဲ့ပြီး အမျိုးသမီးနှစ်ဦးအား တရားမဝင်ဆေးဝါးများ လက်ဝယ်တွေ့ရှိမှုဖြင့် သက်ဆိုင်ရာ ရဲစခန်းတွင် ဖမ်းဆီးအရေးယူ ခံထားရသည်။

သက်ဆိုင်ရာရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့က သူတို့တွေကို ဖမ်းရတဲ့အကြောင်းရင်းက သူတို့ကိုယ်တိုင် လက်နဲ့ ဆေးကိုထုတ်ပေးတယ်။ သူတို့ကိုယ်တိုင်လည်း သိတယ်။ ဒါကြောင့် သူတို့ကို အရေးယူရခြင်း ဖြစ်ပါတယ်"ဟု မြန်မာတိုင်း(မ်)ကို ပြောကြားသည်။

ဖမ်းဆီးခံထားရသူ နှစ်ဦးအနက် တစ်ဦးမှာ အရောင်းတာဝန်ခံဖြစ်ပြီး ကျန်တစ်ဦးမှာ အရောင်းကောင်တာတွင် အလုပ်လုပ်ကိုင်သည်မှာ တစ်လကျော်ရှိသေးသည့် အလုပ်သင်ဝန်ထမ်းတစ်ဦးသာဖြစ်သည်ဟု ဦးထွန်းထွန်းကျော်က ပြောသည်။

"နယ်ကလာပြီး အလုပ်လုပ်တာဖြစ်ပြီး ဆွေမျိုးသားချင်းတွေနဲ့ အဆက်အသွယ်မရှိသေးတာကြောင့် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ကျွန်တော်ကိုယ်တိုင် သူ့ကို အချုပ်ထဲမှာ သွားတွေ့ခဲ့ပါတယ်။ သူပြောပြခဲ့တာကတော့ ရပ်ကွက်ကတာဝန်ရှိသူတွေရယ်၊ ရဲတွေရယ်၊ စည်ပင်ကတာဝန်ရှိသူတွေရယ် သူတာဝန်ကျနေတဲ့ကောင်တာကို အဲဒီနေ့က ရောက်လာကြပြီးတော့ ဆေးနာမည်တစ်ခုကို မေးပါတယ်။ ဒါကြောင့် သူက အဲဒီဆေးဘူးခုနစ်ဘူးကို ထုတ်ပေးလိုက်ပါတယ်။ နောက်တော့မှ ဒီဆေးတွေက မှတ်ပုံတင်မရှိတဲ့ တရားမဝင် ဆေးတွေဖြစ်နေတယ်ဆိုတာသိရပြီး လက်မှတ်ထိုးခိုင်းပြီး နောက် ရဲစခန်းကို လိုက်ခဲ့ပါဦးပြောလို့ လိုက်ပါခဲ့ရတယ်လို့ ပြောပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး စူပါမားကတ်တစ်ခုမှ မန်နေဂျာတစ်ဦးက အဆိုပါဝစ္စည်းများမှာ အဝယ်တော်ထံမှ ရောက်ရှိလာခြင်းဖြစ်ပြီး ဖမ်းဆီးခဲ့သည့် ဆေးဝါးမှာ အမျိုးသမီးသုံးသားအိမ်ကျဉ်းစေရန် အသုံးပြုသည့် ဂျယ်လီဆေးဘူးများဖြစ်သည်ဟု မြန်မာတိုင်း(မ်)ကို ပြောသည်။ ■



ဒဂုံတိုင်းရင်းသား
Capital News
မဟာဗျူဟာသတင်းစာ
သောကြာနေ့၊ မတ် ၈ – ၁၄၊ ၂၀၁၃

‘အင်း’ ပပျောက်စေရန်နှင့် လယ်ယာမြေပိုင်ဆိုင်မှု မှတ်ပုံတင်ပြုလုပ်ပေးရန် ရွာငါးရွာမှ တောင်သူများ ဆန္ဒရှိ

ပြည့်သက်ဖြိုး

နေပြည်တော် ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နှင့် ၁၄ မိုင်ခန့်အကွာရှိ အောင်သုခ၊ ပေါင်းလောင်း၊ အင်တိုင်းသာ၊ ရွှေပြည်သာနှင့် ကြို့ပင်သာ စသည့် ပေါက်မြိုင်ကျေးရွာအုပ်စုအတွင်းရှိ ရွာငါးရွာမှ လုပ်ကိုင်စားသောက်လျက်ရှိသော လယ်မြေကေ ၃,၀၀၀ ကျော်တွင် ငါးဖမ်း ‘အင်း’အဖြစ် သတ်မှတ်ထားခြင်းကို ကန့်ကွက်သည့်အပြင် လုံးဝပပျောက်စေလိုကြောင်းနှင့် လယ်ယာမြေမှတ်ပုံတင် ပြုလုပ်ပေးရန် သက်ဆိုင်ရာဌာနများသို့ တင်ပြတောင်းဆိုသွားမည်ဟု ဒေသခံတောင်သူများက မတ်လ ၁ ရက် နေ့တွင် ပြောသည်။

“အဓိကကတော့ ‘အင်း’ လုံးဝ ပပျောက်ဖို့နဲ့ လယ်ယာမြေပိုင်ဆိုင်မှု တရားဝင်မှတ်ပုံတင်ရဖို့ သက်ဆိုင်ရာဌာနတွေကို လက်ရှိ ပိုင်ဆိုင်မှုမြေကေနဲ့ ပူးတွဲတင်ပြသွားမှာပါ။ ပိုင်ဆိုင်မှုမပြနိုင်သေးတော့ လုပ်ချင်သလိုလုပ်နေကြတယ်” ဟု အောင်သုခရွာမှ တောင်သူ ဦးဖိုးအောင်က ပြောသည်။

လယ်ယာမြေလုပ်ကိုင်ခွင့်နှင့် ပတ်သက်ပြီး ၁၉၇၉ ခုနှစ်မှ စတင်ခါ သီးနှံစိုက်ပျိုးခွင့် အသိအမှတ်ပြုရုံသာ ကတ်ပြားများ ထုတ်ပေးခဲ့သော်လည်း ၂၀၀၆ ခုနှစ်တွင်မူ ထုတ်ပေးခြင်းမရှိတော့ဟု ၎င်းက ပြောသည်။

ထို့ပြင် ခေတ်အဆက်ဆက် အစိုးရများထံသို့ စိုက်ပျိုးထွက်ရှိသည့် သီးနှံများကို ပုံမှန်ရောင်းချပေးသွင်းခဲ့ကြောင်းနှင့် မြေခွန်များလည်း ပုံမှန်ပေးဆောင်ခဲ့သည်ဟုလည်း သိရသည်။

“နှစ်စဉ် ‘အင်း’ လုပ်ဖို့အတွက် ရေနုတ်မြောင်းက ရေကို ပိတ်ဆို့လိုက်တော့ စိုက်ထားတဲ့ စပါးပင်တွေနဲ့ တခြားသီးနှံတွေ အကုန် ရေမြုပ်ကုန်တယ်။ စိုက်ထားသမျှ နေတော့ ဒီလို လုပ်ကိုင်စားသောက်ဖို့ အတွက် အရမ်းခက်ခဲတယ်”ဟု တောင်သူဦးကျော်က ပြောသည်။

အဆိုပါ ‘အင်း’ကို လွန်ခဲ့သည့်နှစ်များစွာကတည်းက နှစ်စဉ် ဧပြီလမှ စတင်ခါ ငါးလုပ်ငန်းဦးစီးဌာနနှင့် နေပြည်တော်ကောင်စီတို့က လေလံချပေးထားသည်ဟု ၎င်းက ပြောသည်။

“အင်းလေလံကို ပြီးခဲ့တဲ့နှစ်က ကျပ် ၁၅ သိန်းနဲ့ ချပေးတာလို့သိရတယ်။ ဒီနှစ် အတွက်တော့ မသိသေးဘူး။ ဒီလိုလုပ်ခဲ့တာ ရှစ်နှစ်လောက်တော့ရှိပြီ”ဟု တောင်သူ ဦးဖိုးအောင်က ပြောသည်။

ငါးဖမ်းဆီးခြင်းကို နှစ်စဉ်ဇွန်လတွင် မြောင်းပိတ်ဖမ်းဆီးကြောင်းသိရသည်။

“သူတို့က ‘အင်း’လုပ်ဖို့ပဲသိတာ။ ဘာမှသိတာ၊ ငဲ့တာမရှိဘူး။ မိုးစပါးတွေဆိုရင် ရက်သားလောက်ပဲ ရှိသေးတာကို ရေမြုပ်ပြီး ပုပ်သွားကြတာများတယ်”ဟု ၎င်းက ပြောသည်။

“တကယ်တော့ ‘အင်း’ ဆိုတာ ကျွဲလူးအိုင်လောက်ပဲ ရှိတော့တာ။ သူတို့ပြောတဲ့ အင်းဆိုတာ ဒီလယ်ယာမြေတွေပေါ်မှာ လုံးဝမရှိတော့ပါဘူး။ အဲဒီ အိုင်သေးသေးလေးကို သူတို့က အင်းလို့သတ်မှတ်ထားတယ်”ဟု ပေါက်မြိုင်ကျေးရွာအုပ်စု၊ အောင်သုခရွာမှ တောင်သူကိုဖိုးထောင်က ပြောသည်။

‘အင်း’ လေလံ စပေးသည်နှင့် ရေနုတ်မြောင်းမှ ရေများကို ပိတ်လိုက်သောကြောင့် ဆက်လက်မစီးဆင်းဘဲ လယ်မြေအတွင်းသို့ စီးဝင်ပြီး စိုက်ပျိုးပင်များအပေါ် ရေဖုံးလွှမ်းသဖြင့် ထိုအချိန် ရောက်တိုင်း ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု ၎င်းက ပြောသည်။

“ဒီအချိန်ရောက်ပြီဆို ‘အင်း’ လေလံချပေးမှာကိုပဲ ရင်တမမနဲ့ စိုးရိမ်နေရတယ်။ အဲဒီလိုဆိုရင် စိုက်ပျိုးထားသမျှတွေ အလကားဖြစ်ကုန်တယ်။ အခုဆိုရင် စပါးနဲ့ ပဲမျိုးတွေကို ပွဲရုံတွေကနေ ပြန်ဝယ်ပြီး စိုက်နေရတယ်”ဟု ကိုဖိုးထောင်က ပြောသည်။

‘အင်း’လေလံနှင့်ပတ်သက်၍ ပြည်သူ့ကောင်စီခေတ်က လေလံသတ်မှတ်ဈေးအဖြစ် ကျပ်သိန်း ၂၀ ကျော်ဖြင့် ဦးမောင်ခိုင်ဆိုသူက လေးနှစ်ဆက်ရရှိခဲ့ပြီး နောက်ပိုင်းတွင် သစ်ကျိမ်းကျေးရွာအုပ်စု၊ ဟမာန်ရွာမှ ဦးမြင့်သန်းက ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အထိ လေလံအနိုင်ရခဲ့သည်ဟု သိရသည်။ ■

ငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့ ကချင်ပြည်နယ်အစိုးရနှင့် တွေ့ဆုံလို

စုလှိုင်ထွန်း

ကချင်ပြည်နယ် လိုင်ဇာအရောက်ရန်ကုန်မြို့မှ စတင်ထွက်ခွာလာသည့် ငြိမ်းချမ်းရေး လမ်းလျှောက်အဖွဲ့သည် ကချင်ပြည်နယ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးအောင်မင်းနိုင်က မတ်လ ၅ ရက်နေ့တွင် ပြောသည်။

ပြည်နယ်အစိုးရနှင့် တွေ့ဆုံလိုခြင်းမှာ လိုက်ဇာသွားရာ လမ်းကြောင်းကို တိုင်ပင် ဆွေးနွေးလိုသောကြောင့်ဟု ၎င်းက ပြောသည်။

“တခြားတော့မလိုဘူး၊ လမ်းကြောင်းပိုင်းဆိုင်ရာမှာ ဘယ်လိုကူညီပေးနိုင်မလဲ သိချင်တယ်။ ဒေသခံတွေရဲ့ လမ်းပြမှုလည်း လိုတယ်။ ခုလည်း ဒေါက်တာတူးဂျာလာသွားတယ်။ အခုိန်မရွေးဘေးကနေ မိုင်းထပေါက်နိုင်လို့ နယ်မြေခံတွေလည်း ကူညီပေးဖို့ လိုအပ်ပါတယ်”ဟု ၎င်းက ပြောသည်။

လိုင်ဇာတိုက်ပွဲတွင်းသို့ ရောက်ရှိရန် ငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့သည် ယခင်မိုင်နှင်းထားအတိုင်း လျှောက်ပါက တစ်ပတ်အတွင်း ရောက်ရှိမည်ဖြစ်သည်။ သို့ရာတွင် အဖွဲ့ဝင်များ၏ ကျန်းမာရေး၊ ရာသီဥတုအခြေအနေများကိုငဲ့ညှာ၍ တစ်နေ့လျှင် ၎င်းမိုင်ခန့်သာ လမ်းလျှောက်ကြောင်း သိရသည်။

“မိုးညှင်းဆေးရုံမှာလည်း ကျွန်တော်တို့ တက်ခဲ့ကြပါသေးတယ်။ အဓိကခြေကျင်းဝတ်၊ ဒူးဆစ်လည်၊ ခါးနဲ့ အသက်ကြီးပိုင်းမှာ အူကျသွားသူလည်း ရှိတယ်။ ဆရာတော်တွေလည်း အကြောဆိုင်းချင်တာတွေ ရောပေါ့”ဟု အဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေကို ဦးအောင်မင်းနိုင်က ပြောသည်။

လမ်းလျှောက်အဖွဲ့၏ ကျန်းမာရေးကို ရောက်ရှိမြို့တိုင်း၌ အန်အယ်လ်ဒီအဖွဲ့ဝင်များအပြင် ပရဟိတအဖွဲ့များစွာကလည်း ကူညီစောင့်ရှောက်လျက်ရှိသည်ဟု ဆိုသည်။

အဖွဲ့ဝင်ဦးရေမှာ မြစ်ကြီးနားမြို့သို့ အရောက်တွင် ၁၃၀ အထိ တိုးလာပြီဟု သိရသည်။ လမ်းလျှောက်ရွာစဉ်များကတိုင်းရင်းသားများကလည်း လိုက်ပါလာကြောင်း သိရသည်။

အဖွဲ့ဝင်များသည် ‘ငြိမ်းချမ်းပါစေမြန်မာပြည်’ စာသားပါ ခေါင်းစည်းကိုလည်း ပတ်ထားကြောင်း သိရသည်။

ကချင်ပြည်နယ်သို့ စတင်ဝင်ရောက်သည့် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် ငြိမ်းချမ်းရေးအလံ စတင်လွှင့်ထူခဲ့သည်။

စစ်ဘေးရှောင် ဒုက္ခသည်များကို ကူညီထောက်ပံ့မှုအတွက် အလှူငွေကျပ်သိန်း ၁၈၀ ရရှိပြီဟု သိရသည်။ ထိုအလှူငွေများထဲမှ မိုင်းထိ၍ လက်နှစ်ဖက်ပြတ်သွားသူအတွက် ကျပ်နှစ်သိန်း၊ မိုးညှင်းဆေးရုံတွင် မိုင်းထိလူနာနှင့် မိုင်းစမှန်ထိခိုက်ဒဏ်ရာရသူနှစ်ဦးအတွက် ငွေကျပ်နှစ်သိန်းနှင့် မိုးညှင်းမြို့ စိန့်ပက်ထရစ် ခရစ်ယာန်ဘုရားကျောင်းရှိ စစ်ဘေးရှောင် ၂၀၀ အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် စားသောက်ဖွယ်ရာ၊ အဝတ်အထည်တို့ လှူဒါန်းခဲ့သည်။ ■



ဘီးတပ်ကုလားထိုင်နှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်း

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် အထက်တန်းကျောင်းသား ခုနစ်ဦးနှင့် ပျဉ်းမနားရွှေမင်းသားဖောင်ဒေးရှင်း ရုံးအဖွဲ့ဝင်နှစ်ဦးတို့ စုပေါင်းပြီး သာယာကုန်းရွာနေ ဒုတိယတန်းကျောင်းသား မောင်ဖိုးထူး(ခ)ဇော်သက်အား မတ်လ ၂ ရက်နေ့က အဆိုပါရုံးခန်းဌာနီ ဘီးတပ်ကုလားထိုင်နှင့် ကျောင်သုံး စာရေးကိရိယာများ လှူဒါန်းသည်ကို တွေ့ရစဉ်။ အောက်ပိုင်းခြေအင်္ဂါမပါနှင့် ညာလက်အင်္ဂါမစုံလင်သော်လည်း မောင်ဖိုးထူးသည် ယေဘုယျကတည်းက အဘိုးအဘွားများနှင့်နေထိုင်ကာ ပညာသင်ကြားလျက်ရှိသည်။ သတင်းနှင့်ဓာတ်ပုံ-စုလှိုင်ထွန်း

လူမနေသည့် အိမ်ခြောက်လုံးမီးလောင်

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်အတွင်း အမှိုက်မီးရှို့ရာမှ ငုရွှေဝါလမ်းနှင့် နွယ်သာဂီ(၇) လမ်းကြို လူမနေသည့် အိမ်ခြောက်လုံးမီးလောင်ကျွမ်းမှု မတ်လ ၁ ရက်နေ့က ဖြစ်ပွားခဲ့ပြီး ကျပ်သိန်း ၁၂၀ ဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဆေးသုတ်ရန်နှင့် အမှိုက်ရှင်းရန်အတွက် အိမ်ရှင်တစ်ဦးမှ ခေါ်ထားသည့် ကိုကျော်တင့်ထွန်းသည် အမှိုက်အား မီးရှို့ပြီးနောက် မေ့လျော့နေခဲ့သဖြင့် နေ့လယ် ၁ နာရီ မိနစ် ၄၀ ခန့်တွင် စတင်လောင်ကျွမ်း၍ ထိုမှတစ်ဆင့်အနီးရှိ အိမ်များကိုပါ ကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်ဟု ဆိုကာ နေ့လယ် ၂နာရီမိနစ် ၂၀ ခန့်တွင်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဌြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အိမ်တစ်လုံးလျှင် ကာလသတ်မှတ်တန်ဖိုး ကျပ်သိန်း ၂၀ ဆုံးရှုံးခဲ့သည်။

“မီးလောင်တာနဲ့ပတ်သက်ပြီး ဒီမြို့မှာ ဖြစ်ခဲပါတယ်။ အခုလိုဖြစ်တာကလည်း မီးသုံးစွဲချိန် သတ်မှတ်ထားရက်နဲ့ ကျော်လွန်ပြီးလုပ်တာ”ဟု မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးညီညီဝင်းက ပြောသည်။

မီးလောင်ကျွမ်းခြင်းခံရသည့် အိမ်များမှာ လက်ရှိဝန်ထမ်းများ၏ တန်ဖိုးနည်း အိမ်ရာများဖြစ်ပြီး အကွက်အ မှတ် ၃၂၁၁၊ ၃၂၁၂၂ ၃၂၂၁၃၊ ၃၂၂၁၄၊ ၃၂၂၁၅ နှင့် ၃၂၂၁၇ တို့ ဖြစ်သည်။

“အဲဒီနားမှာနေတဲ့လူက ပြောတော့ ကလေးက မီးဆော့ရင်းက လောင်တာလို့ ပြောတယ်။ တချို့ကတော့ အမှိုက်ကို မီးရှို့ရှင်းလင်းလို့ လောင်တာလို့လည်း ပြောတယ်” ဟု ဝဏ္ဏဒီပရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ကိုကျော်တင့်ထွန်းကို မီးပေါ့ဆမှုပုဒ်မ ၂၈၅ဖြင့် ပုဗ္ဗသီရိမြို့နယ်ရှိ ထုံးဖိုရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။

ပြည့်သက်ဖြိုး

အားကစားသမားသုံးဦး နေပြည်တော်၌ ကားတိုက်ခံရ

စုလှိုင်ထွန်း

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပိုက်ကျော်ခြင်း အားကစားသမား သုံးဦးတို့ မတ်လ ၂ ရက်နေ့ညက ယာဉ်တိုက်ခံရသဖြင့် ဆေးရုံတင် ကုသထားရသည်။

ဖြစ်စဉ်အရ အဆိုပါနေ့ ည ၁၀ နာရီ ၁၅ မိနစ်၌ ဝန်ကြီးဌာနတစ်ခု၏ ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦး မောင်းနှင်လာသည့် ဗင်ကားက အဆိုပါ အားကစားသမားသုံးဦး စီးလာသည့် မော်တော်ဆိုင်ကယ်ကို ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ ဆွာလမ်းဆုံအနီး မိုင်တိုင်အမှတ် ၈/၀ နှင့် ၈/၁ အကြားမြေဝတီ စက်သုံးဆီအရောင်းဆိုင်ရှေ့၌ တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုက်မိချိန်တွင် ယာဉ်မောင်းလာသူသည် အရက်သေစာသောက်စားထားပြီး လမ်းပြောင်းပြန်မောင်းနှင်လာသည်ဟုလည်း ဆိုသည်။

ဂုဏ်ကို အမှတ်(၅)ရဲစခန်းတွင် မတ်လ ၃ ရက် နေ့က ပ - ၁/၂၀၁၃ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားသည်ဟု ယာဉ်အမှုစစ်ဌာနမှ သိရသည်။

နေပြည်တော် ခုတင် ၁,၀၀၀ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသည့် ပိုက်ကျော်ခြင်းကစားသမားများတွင် မွန်ပြည်နယ်မှ ကိုကိုလွင် ၂၁ နှစ်သည် ယာမျက်ခုံးကွဲ၊ နောက်စေ့ပွန်းပဲ့၊ တင်ပါးဆုံနာကျင်၊ ညာဒူးကွဲနှင့် ဇော်ထက်အောင် ၂၉ နှစ်မှာ ညာမျက်ခုံးနှင့်ပါး ပွန်းပဲ့ဒဏ်ရာ၊ အောက်နှုတ်ခမ်း မေးစေ့ကွဲနှင့် ဝဲဘက်ဒူး ပွန်းပဲ့ဒဏ်ရာတို့ ရရှိထားသည်။

မကွေးတိုင်းဒေသကြီးမှ ပိုက်ကျော်ခြင်း အားကစားသမား ဇော်မင်းထွန်း ၃၁ နှစ်သည် ဝဲပါးပွန်းပဲ့ဒဏ်ရာတို့ ရရှိခဲ့ကြောင်း သိရသည်။ ■

ကျပ် ၄၂ သန်းကုန်ကျခဲ့တဲ့ ဆီးဂိမ်းအကြို အားကစားပြိုင်ပွဲကြီး

စုလှိုင်ထွန်း

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှာ ကျင်းပမယ့် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲအတွက် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က စတင်ပြီး ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းကြီးမှာ ကျပ် ၄၂ သန်း အကုန်ကျခံ ကျင်းပပေးခဲ့ပါတယ်။

"ကိုယ့်ရဲ့ အားကစားသမားတွေကို တကယ့်ဆီးဂိမ်းမှာ ကြုံလာမယ့် နေထိုင်စားသောက်ပုံတွေအတိုင်း အတွေ့အကြုံရစေဖို့ ဒီပွဲကို ကျင်းပပေးတာဖြစ်ပါတယ်"လို့ အားကစားဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မီဒီယာရှင်းလင်းပွဲမှာ ပြောပါတယ်။

အဲဒီပွဲကြီးမှာတော့ ပြည်နယ်နဲ့ တိုင်း ကစားသမား ၃,၀၀၀ နီးပါး အပါအဝင် ဝန်ကြီးဌာနအသီးသီးက ဧည့်ပရိသတ် ၁၀,၀၀၀ နဲ့သာ ကျင်းပခဲ့တဲ့အတွက် တကယ့်ပွဲမှာကြုံလာမယ့် အခက်အခဲတွေ၊ ပွဲကြည့်ပြည်သူတွေရဲ့ စိတ်နေစိတ်ထားတွေကို ခန့်မှန်းနိုင်မှာတော့ မဟုတ်တော့ပါဘူး။

ဆီးဂိမ်းအကြိုဖွင့်ပွဲ၊ ပိတ်ပွဲ ကျင်းပမယ်လို့ ဆိုပေမယ့် ပိတ်ပွဲကိုတော့ မကျင်းပတော့ဘဲ ဆုချီးမြှင့်ပွဲကိုသာ ကျင်းပတော့မယ်လို့ အား/ကာဝန်ကြီးဌာနက သိရပါတယ်။

"ပြည်ထောင်စုဝန်ကြီးရဲ့ စေတနာအပြည့်နဲ့ ကျင်းပပေးလို့ အရမ်းခမ်းနားပါတယ်။ ဒါပေမဲ့ ဆီးဂိမ်းအားကစားသမားတွေအတွက် အကျိုးရှိမယ့်ကိစ္စတွေမှာသုံးမယ်ဆို ပိုကောင်းမယ်။ မလိုတဲ့ကိစ္စတွေမှာ လျှော့ထားဖို့သင့်တယ်။ ဥပမာသိန်းပေါင်းများစွာ အကုန်ခံပြီး ဖောက်ပြရမယ့် မီးပန်းတွေက မလိုအပ်ဘူးထင်တယ်"လို့ နေပြည်တော်နေပြည်သူတစ်ဦးက ပြောပါတယ်။

"ဒီပွဲကို အားရလားဆိုရင် ကိုယ့်သဘောအရ အားမရဘူး။ တကယ့်သရုပ်ပြအင်အားက ၁၀,၀၀၀ ပါ။ ဒါကို လူ ၉၀၀ လောက်နဲ့ အကြိုလုပ်ခဲ့တာပါ။ သူတို့တွေရဲ့ နေထိုင်စားသောက်စရိတ်အတွက် ဘတ်ဂျက်အရမ်းကုန်မှာမို့ ဒီလောက်နဲ့ လုပ်ခဲ့ရတာပါ"ဟု အား/ကာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောပါတယ်။

ကြိုတင် လေ့ကျင့်ပြင်ဆင်မှုများနဲ့ အကြိုဆီးဂိမ်းပွဲကြီးမှာ မီဒီယာကဏ္ဍအနေနဲ့ ရိုက်ကူးရေးမရကြသူတွေလည်း ရှိခဲ့ပါတယ်။

"ကျွန်တော်တို့ကို လုံခြုံရေးတွေက စာရင်းမပါလို့ ရိုက်ကူးခွင့်မပေးဘူးလို့ဆိုတယ်။ ဒါဆို ဘာလို့ မီဒီယာကတ်ထုတ်ပေးလဲ။ အရင် မီဒီယာရှင်းလင်းပွဲတွေမှာလည်း ဘာကြောင့် ဖိတ်ခေါ်ထားလဲ။ ဆက်သွယ်ဖို့တင်ထားတဲ့ ဝက်ဘ်ဆိုက်၊ ဖုန်းနံပါတ်တွေကလည်း ဘာမှအကြောင်းမထူးလို့ ကျင်းပမယ့်ရက်ကို စုံစမ်းပြီး ကိုယ်တိုင်ရောက်လာပေမယ့် အဆင်မပြေခဲ့ဘူး"လို့ မြန်မာ့ခေတ်မှ သတင်းထောက်တစ်ဦးက ပြောပါတယ်။

အား/ကာဝန်ကြီးဌာနက ယခုကျင်းပတဲ့ ဆီးဂိမ်းအကြိုပြည်ထောင်စုဖလား အားကစားပွဲကြီးကို ဖေဖော်ဝါရီ ၁၉ ရက်နေ့မှာ ကျင်းပမယ်လို့ စတင်သတ်မှတ်ထားတာပါ။ ပြည်နယ်နဲ့တိုင်း ကစားသမားတွေထဲမှာ တက္ကသိုလ်ဝင်တန်းတွေ ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်လို့ ပွဲကို အကန့်အသတ်မရှိနောက်ဆုတ်ကျင်းပမယ်လို့ ဆိုခဲ့ပါတယ်။ သို့ပေမဲ့ တကယ်တမ်း ကျင်းပဖြစ်သွားတာက ဖေဖော်ဝါရီ ၂၈ ရက်နေ့ပါ။ ဒီကြားထဲ ပြိုင်ပွဲကျင်းပချိန်ကို ဝန်ကြီးဌာနသို့ ဆက်သွယ်မေးမြန်းခဲ့ရာ တိကျတဲ့ပြန်လည်ဖြေကြားခြင်းကို မရခဲ့ပါဘူး။

"ကြိုဆိုရေးက ကြိုဆိုရေးအလုပ်၊ နေရာချထားရေးနဲ့ လုံခြုံရေးတို့ကလည်း သူတို့အလုပ် သူတို့လုပ်ကြတာပါ။ ကျွန်တော်တို့ကို ကွင်းအတွင်း ရိုက်ကူးခွင့်ကို တင်ပြထားတာက လေးဖွဲ့ပဲရှိလို့ သူတို့ကိုပဲ ခွင့်ပြုလိုက်တာပါ။ အနီးအနားမှ လာတင်သူတွေအတွက် အဆင်မပြေတော့တာပါ။ ဆီးဂိမ်းအစစ်ကျရင်လည်း ၁၀ လုပ်ငန်းလောက်ကတည်းက မီဒီယာတွေ ကြိုတင်ဆက်သွယ်မှ အဆင်ပြေနိုင်ပါမယ်"ဟု အား/ကာ ဝန်ကြီးဌာနရဲ့ ညွှန်ကြားရေးမှူး ဦးဌေးအောင်က မြန်မာတိုင်း(မဲ)ကို ပြောပါတယ်။

ညနေ ၆ နာရီလောက်မှာ စတင်ခဲ့တဲ့ အကြိုဖွင့်ပွဲကို ဝါ၊ စိမ်း၊ နီ၊ ပြာ၊ အဖြူနဲ့ လိမ္မော် တူညီအရောင်တွေနဲ့ သတ်မှတ်မျက်နှာချင်းဆိုင်မှာ နေရာယူထားလို့နေပါတယ်။ ကျန်တဲ့နှစ်ဖက်မှာတော့ နိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာ အဖိုးရတာဝန်ရှိသူများကို မျက်နှာချင်းဆိုင် ဖျော်ဖြေရေးစင်မြင့်က နေရာယူထားပါတယ်။

ဖွင့်ပွဲကြီး အခမ်းအနားအစီအစဉ်များကို ကိုယ်ပိုင်ဘာသာစကားအပြင် နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကားတို့ နဲ့ ကြေညာပေးတာကိုလည်း နှစ်သက်ဖွယ်တွေ့ရပါတယ်။

ဖွင့်ပွဲအတွက် နံပါတ်စဉ် ရေတွက်ကာ ဖွင့်လှစ်ပေးဖို့ ကြေညာအပြီး အယ်အီးဒီ ပရိဂျက်တာကြီးမှာ ပေါ်လာတဲ့ နံပါတ်စဉ်တွေကို လိုက်လံရေရွတ်ရာမှာ ညီညာမှုမရှိတဲ့ သံပြိုင်ရွတ်သံတွေကလည်း အားမရစရာပါ။ ဖျော်ဖြေရေးအစီအစဉ်ကောင်းတွေကိုသာ နှစ်သက်အားရစွာ အားပေးတာကိုလည်း စိတ်မကောင်းစွာ တွေ့ရပါတယ်။ နိုင်ငံကျော် အနုပညာရှင်များနဲ့ ဖျော်ဖြေရေးအစီအစဉ်များနဲ့ ဆီးဂိမ်းအကြိုဖွင့်ပွဲအခမ်းအနားကလည်း အောင်မြင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ပြည်နယ်နဲ့တိုင်းအသီးသီးက အင်အားပြ အားကစားသမားတွေ ပြန်လည်ထွက်ခွာရာ နောက်ဆုံးမှာ UNITY FOR GOLD WE CAN DO ဆိုတဲ့ စကားလုံးလေးကို အလှုပြလမ်းလျှောက်ပြစဉ် သံပြိုင်ရွတ်ဆိုပေးပါလို့ စီစဉ်တင်ဆက်သူတွေရဲ့ တောင်းဆိုမှု အထမမြောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ဝုဏ်ယူအားရဖွယ် သရုပ်ပြကွက်ကတော့ မီးရှူးတိုင်မီးကို မြားပစ်စိုက်ထူပေးတဲ့ မြားပစ်မယ်ပဲ ဖြစ်ပါတယ်။

"ကျွန်တော်တို့က ဒီအားကစားကွင်းဆောက်လုပ်ရေးက ဝန်ထမ်းတွေပါ။ ဝင်ခွင့်ကတ်ရှိပေမယ့် လုံခြုံရေးကဝင်ခွင့်မရတဲ့အတွက် မကြည့်ရပါဘူး"ဟု ကိုမောင်က အကြိုပြိုင်ပွဲအတွက် ဖျော်ဖြေရေး အစီအစဉ်များအသံကိုသာ ကွင်းအပြင်က နားထောင်နေရင်း ပြောပြခဲ့ပါတယ်။

လုံခြုံရေးတာဝန်ရှိ ရဲအရာရှိများကလည်း အင်မတန်တာဝန်ကျေစွာဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ ဝင်ပေါက်သုံးခုရှိနေပါလျက်နဲ့ လုံခြုံရေးတင်းကျပ်စွာ ချမှတ်ထားလို့ပြန်လည်ထွက်ခွင့် မရကြတဲ့ ကစားသမားများ၊ ဝန်ကြီးဌာနဧည့်ပရိသတ်များလည်း မကျေမနပ်နဲ့ ရှိနေတာကို တွေ့ရပါတယ်။

"အရမ်းခမ်းနားလို့ အင်မတန် အံ့သြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အင်အားပြ သရုပ်ပြအပြီး ပြန်အထွက်မှာ ထွက်ခွင့်မရတာတော့ သဘောမကျဘူး"လို့ မကွေးတိုင်းဒေသကြီးရဲ့ ကစားသမားတချို့က ဆိုပါတယ်။

"ဖွင့်ပွဲပြီးသွားတာလည်း ကြာပါပြီ။ ဖျော်ဖြေရေးတွေမို့ ပြန်ချင်တာပါ။ နေ့လယ်ကတည်းက ရုံးကနေ လာခဲ့ရတာပါ။ နားချင်နေပြီ ပြန်ထွက်လို့လည်း မရသေးဘူး"လို့ စီး/ကူးဝန်ကြီးဌာနက ဝန်ထမ်းတစ်ဦးက ပြောပါတယ်။

ဝင်ပေါက်၊ ထွက်ပေါက်တွေကို စနစ်တကျ ဆောင်ရွက်တာများကို တွေ့ရမြင်ရပေမယ့် စစ်ဆေးရေးတွေက ဘာကြောင့် ပွင့်လင်းမြင်သာမှုမရှိဘဲ၊ လုပ်ပိုင်ခွင့်မရှိဘဲ ကျောက်ချထားသလို ရပ်ကြည့်နေရတာကို နားမလည်နိုင်ခဲ့ပါဘူး။

"လုံခြုံရေးဆိုတာတော့ ရှိရမှာပါ။ ဒါပေမဲ့ စိတ်အနှောင့်အယှက်တွေ မဖြစ်သင့်ဘူး။ သူတို့လုပ်သင့်တဲ့ စစ်ဆေးရေးတွေကို လုပ်ပါ။ ပွင့်လင်းလွတ်လပ်မှုတော့ ရှိစေချင်တယ်။ မလိုအပ်တဲ့ ကန့်သတ်ချက်မျိုးတွေ မရှိစေချင်တော့ဘူး။ လာမယ့်ဆီးဂိမ်းကြီးမှာလည်း မြန်မာနိုင်ငံက ဒီမိုကရေစီဆိုတာ ဒါလားလို့ မြင်သွားနိုင်တယ်"လို့ တက်ရောက်သူတစ်ဦးကလည်း ဆိုလေရဲ့။



ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ်။ ဓာတ်ပုံ-စုလှိုင်ထွန်း

> **ဖွင့်ပွဲပြီးသွားတာလည်း ကြာပါပြီ။ ဖျော်ဖြေရေးတွေမို့ ပြန်ချင်တာပါ။ နေ့လယ်...**

လုံခြုံရေးလို့ဆိုရင် အတွင်းအပြင်ကိုလည်း လုံခြုံစေချင်ပါရဲ့။ ပြည်နယ်နဲ့တိုင်း အားကစားသမားတွေက မီးထိန်ထိန်ညီးနေတဲ့ နေပြည်တော်ကြီးကို အံ့သြဘနန်း လှည့်လှည့်ကြည့်ရှုရင်း မတ်လ ၂ ရက်နေ့ညအချိန် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့တာကို ကြည့်ရင် တကယ့်အစစ် ဆီးဂိမ်းကြီးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလုံခြုံရေးလည်း အထူးအရေးကြီးတဲ့အနေအထားလို့ ဆိုချင်ပါတယ်။

အား/ကာရဲ့ မီဒီယာရှင်းလင်းပွဲမှာတော့ ဆီးဂိမ်းကျင်းပချိန်မှာ ရဲတပ်ဖွဲ့အင်အား ၁၀,၀၀၀ ကျော်နဲ့ လူမှုအဖွဲ့အစည်းတွေလည်း လုံခြုံရေးတာဝန်ယူမယ်ဆိုတာကို အကြမ်းဖျင်း ပြောပြခဲ့ပေမယ့် ယာဉ်ထိန်းလုံခြုံရေးအနေအထားကိုမူ ယခုအချိန်ထိ မသိရသေးပါဘူး။

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ဝင် တချို့မှာ မြင်တွေ့နေရတဲ့ ကိုယ်ထိလက်ရောက်ဖမ်းဆီး စစ်ဆေးမှုများကိုလည်း နိုင်ငံတကာ ဧည့်သည်များရောက်ရှိချိန်မှာ ထိုကဲ့သို့ပြုမူဖမ်းဆီးမှာကိုလည်း များစွာ စိုးရိမ်မိပါတယ်။ နေပြည်တော်ဝန်းကျင်ရွာနေလူထုရဲ့ အားပေးမှုအနေအထားကိုလည်း ကြိုတင်တွက်ဆထားသင့်ပါတယ်။ ပညာပေးဟောပြောခြင်းတွေကိုလည်း လက်ရှိအချိန်မှာ စတင်သင့်ပြီလို့ ထင်ပါတယ်။

နှစ်ပေါင်း ၄၄ နှစ်ကြာမှ တတိယအကြိမ် ပြန်လည်ကျင်းပခွင့်ရရှိခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကြီး ကျင်းပမယ့် နေပြည်တော်အားကစားကွင်းတွေအပါအဝင် ရန်ကုန်၊မန္တလေးနဲ့ ငွေဆောင်ဒေသတွေက ပြည်သူအပေါင်းတို့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံသားများ ပီသစွာ လွတ်လပ်စွာအားပေးနိုင်ကြပါစေလို့၊ ဘေးအန္တရာယ် အတားအဆီး ကင်းဝေးပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ■



ပြည်တွင်းစစ်သင့် ဆိုမာလီယာ၌ ကျန်းမာရေးဆိုင်ရာ ပညာပေးမှုများ မိုဘိုင်းဖုန်းကတစ်ဆင့် ပြုလုပ်ပေးနေ

အကူအညီပေးရေး အေဂျင်စီတွေအတွက် အခက်ခဲဆုံးနဲ့အန္တရာယ်အများဆုံးနေရာတစ်ခုဖြစ်တဲ့ ဆိုမာလီယာနိုင်ငံမှာ ပြည်တွင်းစစ်ကြောင့် နေရာတော်တော်များများဆီ သွားရောက်အကူအညီပေးနိုင်ဖို့ ခက်ခဲတဲ့ အနေအထားမျိုးဖြစ်နေပါတယ်။ ဒီလိုနေရာမျိုးတွေက လူတွေဆီ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်တွေ ရောက်ရှိအောင် မိုဘိုင်းဖုန်းကလမ်းကြောင်းတစ်ခု ပေးထားပါတယ်။

ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်တွေကို မိုဘိုင်းဖုန်းကနေတဆင့် ပြည်သူတွေဆီပို့ပေးဖို့ Oxfam နဲ့ Hijra တို့ ပူးပေါင်းပြီး ရှေ့ပြေးစီမံကိန်းတစ်ရပ်ကို အထူးသဖြင့် မိုဂါဒစ်ရှူကယ်ဆယ်ရေးစခန်းတွေမှာ ကျပ်ကျပ်သိပ်သိပ် သွားရောက်ခိုလှုံနေကြရတဲ့ မိသားစုတော်တော်များများအတွက် အန္တရာယ်အများဆုံးအခြိန်ဖြစ်တဲ့ ကာလဝမ်းရောဂါအဖြစ်အများဆုံးရာသီနဲ့ အခြိန်ကိုက် စတင်ပေးခဲ့ပါတယ်။ ဆိုမာလီယာမှာ အကူအညီပေးဖို့အခက်အခဲတွေ အများကြီးရှိနေပေမယ့်လည်း ကွန်ရက်ခြိတ်ဆက်မှု ကောင်းသလို ဖုန်းတွေကလည်း စျေးချိုပြီး ဝယ်ရလွယ်ပါတယ်။ ပြည်ပမှာ အလုပ်သွားလုပ်နေတဲ့ ဆွေမျိုးတွေဆီက ငွေပို့တာကို လက်ခံဖို့အတွက် ဖုန်းတွေကို ဆိုမာလီတော်တော်များများ အသုံးပြုကြပါတယ်။

Hijra ရဲ့ ရုံးခန်းမှာ မက်ဆေ့ချ်ပို့တဲ့ ဌာနတစ်ခု တည်ထောင်ထားပါတယ်။ ဒီဌာနဟာ လျှပ်စစ်ရှိနေသေးသရွေ့ တစ်နာရီကို မက်ဆေ့ချ် ၁၀,၀၀၀ ပေးပို့နိုင်ပါတယ်။ ဒီမက်ဆေ့ချ်တွေကို သာမန်ဖုန်းတွေနဲ့လည်း လက်ခံဖတ်ရှုလို့ ရပါတယ်။ ကာလဝမ်းရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးအကြောင်း ရှင်းပြပေးထားတဲ့ မက်ဆေ့ချ်ကဏ္ဍငါးခုကို လူပေါင်း ၁၀,၀၀၀ က လက်ခံခဲ့ကြပါတယ်။

ဒီစမ်းသပ်စီမံကိန်းကို မကြာသေးခင်က အကဲဖြတ်ခဲ့တဲ့အခါ ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်ရဖို့အတွက်နည်းပညာသစ်တွေကို အသုံးပြုချင်ဆုံး သူတွေဖြစ်တဲ့ လူငယ်တွေကြားမှာ ထူးထူးခြားခြား



ဆိုမာလီယာနိုင်ငံ ကျေးရွာတစ်ရွာ၌ မိုဘိုင်းဖုန်းများကို အားသွင်းပေးသည့် ဝန်ဆောင်မှုတစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အကျိုးသက်ရောက်မှုရှိတာကို တွေ့ခဲ့ပါတယ်။ လူငယ်တွေဟာ ဒီစီမံကိန်းအကြောင်းကို ကျောင်းတွေမှာ ပြောပြကြပြီး ဒီနည်းလမ်းနဲ့ ကာလဝမ်းရောဂါအကြောင်း သင်ယူဆွေးနွေးရတာကို 'ခေတ်မီ'တယ်လို့ မြင်ကြောင်းလည်း ပြောကြပါတယ်။ ရွယ်တူတွေကြားအချင်းချင်းပြောပြတာကြောင့်လည်း ဒီစီမံကိန်းမှာ လူငယ်တွေပိုပြီးပါဝင်လာကြပါတယ်။

ဒီစီမံကိန်းမှာ ဆော့ဖ်ဝဲနဲ့ ကွန်ပျူတာ စနစ်ပိုင်း တည်ဆောက်ရေးအတွက်ပဲ အဓိကကုန်ကျပါတယ်။ ဒါပေမဲ့ ဆွေးနွေးပညာပေးမယ့် အကြောင်းအရာ အချက်အလက်တွေ၊ ဒေသသုံးဘာသာစကားတွေနဲ့ ပညာပေးဆွေးနွေးမယ့် ခေါင်းစဉ်တွေနဲ့ ပတ်သက်ပြီး အိုင်တီကျွမ်းကျင်သူမပါဘဲ အလွယ်တကူ ပြောင်းလဲနိုင်အောင် ဆော့ဖ်ဝဲကို တည်ဆောက်ထားတဲ့အတွက် ပရိုဂရမ်ပိုင်း ဝန်ထမ်းတွေကိုယ်တိုင် အလွယ်တကူ ပြုလုပ်လို့ရပါတယ်။ မက်ဆေ့ချ်တစ်ခုအတွက် ကုန်ကျစရိတ်က ဆင့် ၆၀ ကျသင့်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့ လုပ်အားပေးဝန်ထမ်းတွေ ရပ်ရွာထဲမှာ လိုက်လံရှင်းပြပေးတဲ့ ထုံးတမ်းစဉ်လာ ပြည်သူ့ ကျန်းမာရေးလှုပ်ရှားမှုလိုပဲ ဒီဆော့ဖ်ဝဲမှာလည်း အပြန်အလှန် အမေးအဖြေပြုလုပ်လို့ရအောင် စီစဉ်ပေးထားပါတယ်။

ဒီစီမံကိန်းနဲ့ ပတ်သက်ပြီး အကောင်းမြင် ပြောဆိုနေကြတာတွေကို ပြန်ကြားရပါတယ်။ ဒီစီမံကိန်းရဲ့ ထုံးတမ်းစဉ်လာ လှုပ်ရှားမှုတွေနဲ့ မတူတဲ့အချက်ကတော့ ကျန်းမာရေး အချက်အလက်ဆိုင်ရာ မက်ဆေ့ချ်တွေကို ကိုယ်ပိုင်အားလပ်ချိန်ကျမှ ဖတ်ကြည့်လို့ရအောင် သိမ်းထားနိုင်တာပါလို့ ပြောကြပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေ အိမ်မှာ ကလေးထိန်းရင် ဖတ်ရှုလို့ရတာပါ။ ဒါက "အိမ်ကနေပဲ ဆွေးနွေးပွဲကို တက်ရတာမျိုးနဲ့ တူတယ်" လို့ ဖုန်းအသုံးပြုသူ တစ်ဦးက ပြောပါတယ်။ဒါ့အပြင် သိမ်းထားလို့မရတဲ့ ရေဒီယိုအစီအစဉ်နဲ့ ပိုစတာတွေက အချက်အလက်တွေ ထက် ဖုန်းကနေပေးပို့တဲ့ မက်ဆေ့ချ်ကိုဖတ်တာ ပိုပြီး လူတွေမှတ်မိကြတယ်လို့လည်း သိရပါတယ်။

လူတစ်ဦးကတော့ ဖုန်းမက်ဆေ့ချ်က အချက်အလက်တွေကို ပြန်ကြည့်ပြီး နေမကောင်းတဲ့ သူ့ကလေးကို ပြုစုပေးခဲ့တယ်လို့ ပြောပါတယ်။ အမျိုးသမီးတစ်ယောက်ကတော့ ကလိုရင်းသုံးချင်ပေမယ့် ဘယ်လောက်သုံးရမှန်းမသိတဲ့အတွက် တက်စ်မက်ဆေ့ချ်ကို ပြန်ကြည့်ပြီး အသုံးပြုတယ်လို့ ပြောပြပါတယ်။

ဒီစီမံကိန်းနဲ့ပတ်သက်ပြီး ရှေ့ဆက် ဆောင်ရွက်ပေးဖို့ အကြံပြုတောင်းဆိုထားတာတွေလည်း ရှိပါတယ်။ အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်နဲ့ လိင်ပညာပေး သင်ခန်းစာတွေကို သီးသန့်ပို့ပေးစေချင်ကြတယ်လို့ လူငယ်တွေက အကြံပြုထားပါတယ်။ ဒုံ့အပြင် ဖုန်းမြည်သံအတွက် ကျန်းမာရေးဆိုင်ရာ သီချင်းတွေ စီစဉ်ပေးဖို့လည်း တောင်းဆိုထားကြပါတယ်။

တခြားအကြံပြုချက်တွေမှာ အကူအညီပေးရေးအတွက် e-voucher အသုံးပြုဖို့ တောင်းဆိုတာလည်း ပါဝင်သလို ဒီစီမံကိန်းအတွက် အကူအညီပေးချင်တာတွေလည်း ပြောထားကြပါတယ်။ လူငယ်တွေကတော့ တက်စ်မက်ဆေ့ချ်ကို ကြိုက်ကြပေမယ့် လူကြီးပိုင်း အထူးသဖြင့် အမျိုးသမီးကြီးတွေကတော့ Voicemail ကို ပိုနှစ်သက်ကြပါတယ်။

မိုဘိုင်းဖုန်းနဲ့ အခုလိုကျန်းမာရေးဆိုင်ရာ ပညာပေးတွေလုပ်တာ အကောင်းဆုံးမဟုတ်ပေမယ့် ထုံးတမ်းစဉ်လာ နည်းလမ်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်တာကြောင့် အခုအချိန်မှာတော့ အောင်မြင်မှုရနေပါတယ်။ ထုံးတမ်းစဉ်လာနည်းလမ်းက လူအမြောက်အမြား ပါဝင်ကောင်း ပါဝင်နိုင်ပေမယ့် နည်းပညာသစ်နဲ့ ပညာပေးရာမှာ လူငယ်တွေ ပိုပြီး ပါဝင်လာကြပါတယ်။

ဒီစီမံကိန်းရဲ့ ဒုတိယအဆင့်ကတော့ ဆောင်ရွက်ဆဲဖြစ်ပြီး ဒီစီမံကိန်းမှာ ရေကောင်းရေသန့်ရရှိရေး၊ ရေဆိုးနုတ်စနစ်နဲ့ တစ်ကိုယ်ရေသန့်ရှင်းရေး စနစ်နဲ့ပတ်သက်ပြီး အရည်အသွေးပြည့်ဝတဲ့ မိုဘိုင်းဖုန်းပလက်ဖောင်းပါဝင်သလို အကဲဖြတ်မှုတွေ အလျင်အမြန်ဆောင်ရွက်နိုင်ပြီး အစားအစာမဟုတ်တဲ့ပစ္စည်းတွေ ပေးပို့ခြင်း၊ လူထုပညာပေးခြင်းနဲ့ စောင့်ကြည့်ခြင်း စတာတွေကိုလည်း ဆောင်ရွက်နိုင်ပါတယ်။

(အေအက်ဖ်ပီ)

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

အမေရိကန် နည်းပညာ ကုမ္ပဏီများ မြန်မာနိုင်ငံသို့ လာရောက်

အမေရိကန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ လုပ်ငန်းများ ဖြစ်သည့် Cisco၊ ဂူးဂဲလ်၊ အိပ်ခ်ျပီ၊ အင်တဲနှင့် မိုက်ခရိုဆော့ဖ် ကုမ္ပဏီကြီးများပါဝင်သည့် အဖွဲ့သည် မတ်လ အစောပိုင်းက မြန်မာနိုင်ငံသို့ တစ်ပတ်ကြာလာရောက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို လေ့လာခဲ့ကြသည်။


အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (USAID) က စီစဉ်သည့် အဆိုပါအဆင့်မြင့် နည်းပညာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်နှင့် နေပြည်တော်တို့သို့ သွားရောက်ခဲ့ပြီး အင်တာနက်အားလူတိုင်းအသုံးပြုနိုင်ရေး၊ အစိုးရအဖွဲ့အတွင်း ပွင့်လင်းမြင်သာမှု ပိုမိုခိုင်မာစေရေးနှင့် ထိရောက်မှုရှိစေရေးအပြင် စွမ်းဆောင်ရေမြင့်တင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို လေ့လာခဲ့ကြသည်ဟု ရန်ကုန်မြို့ အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းအဖွဲ့သည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်များနှင့်ပါ တွေ့ဆုံပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

"အလွန်အောင်မြင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါတယ်"ဟု USAID ၏ Chief Innovation Officer ဖြစ်သူ မော်ရာအိုနေးလ်က ပြောသည်။

"လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေအတွက် အတူဆောင်ရွက်နိုင်မယ့် အလားအလာတွေကို လေ့လာဖို့ ကမ္ဘာ့အဆင့်မီ အမေရိကန်ကုမ္ပဏီတွေရဲ့ ဆုံးဖြတ်ထားချက်ကို အစိုးရ၊ ဒီလုပ်ငန်းကဏ္ဍနဲ့ အဆင့်မြင့်ပညာရေးနယ်ပယ်က ခေါင်းဆောင်တွေ အသိအမှတ် ပြုမိလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"ဟု ၎င်းကပြောသည်။ **မြန်မာတိုင်း(ဓ)** ■





ဧပြီတွင် တန်ဖိုးနည်း မိုဘိုင်းဖုန်းထွက်မည်ဟု သမ္မတ ပြောကြား

ထူးဇေအောင်နှင့် ဇေအောင်ကျော်ညွန့်



ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည့် မိုဘိုင်းဖုန်းဆိုင်ဖွင့်ပွဲတစ်ခု၌ အရောင်းဝန်ထမ်းတစ်ဦးက မိုဘိုင်းဟန်းဆက်တစ်ခုကို ပြသနေစဉ်။ ဓာတ်ပုံ - သီရိ

တန်ဖိုးနည်းမိုဘိုင်းဖုန်းများကို ဧပြီလ အတွင်း ရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း သမ္မတ ဦးသိန်းစိန်က မတ်လ ၁ ရက်နေ့က ရေဒီယိုမှတစ်ဆင့် မိန့်ခွန်းပြောကြားသည်။

"ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်လို့လည်း မိမိတို့အစိုးရအဖွဲ့ တာဝန်ယူခဲ့ကစပြီး နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းနေတာကို မိဘပြည်သူများ သိရှိကြပြီး ဖြစ်ပါတယ်။ မကြာခင် ကာလမှာ လက်ရှိဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို အခြေခံပြီး တိုးချဲ့ပေးနိုင်မယ့် မိုဘိုင်းဖုန်းအရေအတွက်ကို သက်သာတဲ့ဈေးနှုန်းတစ်ရပ်အနေနဲ့ လာမယ့် ဧပြီလ အတွင်းမှာ ရောင်းချပေးနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဦးသိန်းစိန်က ပြောသည်။

သမ္မတရုံးဝန်ကြီးတစ်ဦး ဖြစ်သူ ဦးဝိုးသိန်းကလည်း တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို ဧပြီလ ၁ ရက်နေ့တွင် ရောင်းချသွားမည်ဟု ပြည်တွင်းဂျာနယ်တစ်စောင်တွင် ပြောသည်။

ထပ်မံထွက်ရှိလာမည့် မိုဘိုင်းဖုန်းဈေးနှုန်းများကို အတိအကျ ပြောကြားထားခြင်း မရှိသော်လည်း အများမျှော်လင့်ထားသည့် ဈေးနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် အဆများစွာ ဈေးလျှော့သွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းသန်းက ပြောကြားသည်။

မိုဘိုင်းဖုန်းဈေးကွက်တွင်မူ လတ်တလော အခြေအနေတွင် အရောင်းအဝယ် အေးလျက်ရှိသည်ဟု မိုဘိုင်းဖုန်းဈေးကွက်မှ သိရသည်။

Eastern Computer and Mobile Sales and Service Center မှ မချို၀တ်ရည်က "မိုဘိုင်းဖုန်း ဈေးကွက် အေးနေတာ နှစ်လလောက်ရှိပြီ။ လူတွေက တန်ဖိုးနည်းဖုန်းတွေ ဧပြီလမှာ ရောင်းမယ်ဆိုလို့ စောင့်နေကြတာ။ ဒီတန်ဖိုးနည်းဖုန်းတွေ ချပြီးမှ အရောင်း ပြန်သွက်လာမယ်လို့ ထင်ပါတယ်"ဟု မြန်မာမိုင်း(မ်)ကို ပြောသည်။

မိုဘိုင်းဈေးကွက်အတွင်းတွင် ကျပ်နှစ်သိန်းတန် GSM SIM တစ်ခုကို ကျပ်နှစ်သိန်းတစ်သောင်းပေါက်ဈေး ရှိကြောင်း ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ မိုဘိုင်းဖုန်း အရောင်းအဝယ်သမား တစ်ဦးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးမှ မိုဘိုင်းဖုန်း SIM ကတ်များကို ထပ်မံရောင်းချခြင်း မပြုတော့သည်မှာ လနှင့်ပင် ကြာမြင့်နေပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

လူကြီးမင်း ဖုန်းအရောင်းဆိုင်များ၏ ဒါရိုက်တာတစ်ဦးဖြစ်သူဦးကိုကိုအောင်က "SIM ကတ်တွေကို ဧပြီလဆန်းပိုင်းမှာ ထွက်မယ်လို့ ကြားတယ်။ တန်ဖိုးနည်းဖုန်းတွေ ထွက်လာရင် ဆိုင်တွေမှာ လုံလုံလောက်လောက်နဲ့ ရောင်းနိုင်ဖို့ ပြင်ဆင်ထားတာပဲ ရှိပါတယ်။ တခြား အစီအစဉ်ကတော့ မရှိသေးပါဘူး။ အရစ်ကျရောင်းဖို့ အစီအစဉ်လည်း မရှိသေးပါဘူး"ဟု မြန်မာတိုင်း(မ်)ကို ပြောသည်။

ထို့နောက် တန်ဖိုးနည်းဖုန်းများ ရောင်းချလျှင် လူတန်းစားအများစုကိုင်နိုင်မည်ဖြစ်သော်လည်း ခြွင်းချက်များ ရှိနေဦးမည်ဖြစ်ကြောင်း မချို၀တ်ရည်က ပြောသည်။

"တန်ဖိုးနည်းဖုန်းတွေ ထွက်လာရင်တော့ လူတော်တော်များများ ကိုင်နိုင်မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ဖုန်း SIM ကတ်ဈေးတွေသာ ကျလာတာ၊ ဖုန်းပြောခတွေ မကျသေးဘူး။ ဒါကြောင့် မြန်မာနိုင်ငံမှာ ထမင်းစားဖို့ ရုန်းကန်နေရတဲ့သူတွေ အများကြီး ရှိသေးတာမို့လို့ အကုန်လုံး မဟုတ်တာတောင် အနည်းနဲ့အများ ကိုင်နိုင်မယ်လို့ ထင်ပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းများဖြစ်သည့် GSM 2.75 Edge စနစ်ဖုန်းများကို ကျပ်နှစ်သိန်းနှင့် WCDMA ဖုန်းများကို ကျပ်နှစ်သိန်းခွဲဖြင့် ရောင်းချလျက်ရှိသည်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ အတွင်းက တန်ဖိုးနည်း ဂျီအက်စ်အမ်ဖုန်းများကို ဇန်နဝါရီလအတွင်း ရောင်းချမည်ဟု သတင်းထွက်ပေါ်ခဲ့ဖူးသည်။ ■

Ypay မှ ရတနာပုံ ADSL အင်တာနက်လိုင်း လစဉ်ကြေး ပေးသွင်းနိုင်မည်

ထူးဇောင်

ရတနာပုံတယ်လီပို့တ်၏ ADSL အင်တာနက်လိုင်း အသုံးပြုခ လစဉ်ကြေးများကို အွန်လိုင်းတွင် Ypay မှ တစ်ဆင့် ပေးဆောင်နိုင်ရန် စီစဉ်လျက်ရှိကြောင်း Creative Web Studio ၏ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ ဦးအောင်ဖြိုးက ပြောသည်။

"လက်ရှိအချိန်မှာ အွန်လိုင်း မိတာဘီလ်လိုမျိုး ADSL ကို အွန်လိုင်းကနေ တစ်ဆင့် ပေးဆောင်နိုင်အောင် ကြိုးစားနေပါတယ်"ဟု ဦးအောင်ဖြိုးက မြန်မာတိုင်း(မ်)ကို ပြောသည်။

အဆိုပါ Ypay မှ တစ်ဆင့် ADSL ဘီလ်ဆောင်ခြင်းကို မတ်လအတွင်း အသုံးပြုနိုင်မည်ဖြစ်ပြီး Asia Green Development ဘဏ်နှင့် အပြည့်အဝ ချိတ်ဆက်ထားကြောင်း ၎င်းကပြောသည်။

နောက်ပိုင်းတွင် အခြားပုဂ္ဂလိက ဘဏ်များနှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် Ypay အသုံးပြုလိုသူများအနေဖြင့် AGD ဘဏ်စာရင်းရှိရမည်ဖြစ်ကြောင်း Creative Web Studio မှ မန်နေဂျင်းဒါရိုက်တာက ပြောသည်။ ■





သမိုင်းမှတ်တမ်းတင်ရမယ့် အကြောင်းအရာတွေ
(၁၀(ခ)အစ အစ်မက)

မိုယ်းလင်း

(ယခင်ပတ်မှအဆက်)

ယခင်အပတ်က (မိကျော်) ရေးတာကို (မိချောင်)ဆိုပြီး ပါသွားပါတယ်။ ကျော်သူရကိုကိုကို ၇ ခန်းက သူငယ်ချင်းတွေက မိကျော်လို့ခေါ်တာကို ရေးလိုက်တာပါ။

အစ်မ ဒေါ်အောင်ဆန်းစုကြည်က မိခင်ကြီး ဆေးရုံတက်ရတဲ့အတွက် ၁၉၈၈ ခုနှစ်၊ မတ်လ ၃၀ ရက်မှာ ရန်ကုန်မြို့ကို ရောက်ရှိပါတယ်။ လေဆိပ်ကနေ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ် ဆီ တိုက်ရိုက်သွားပါတယ်။ ပါလာသမျှ သေတ္တာတွေကိုပါ ဆေးရုံကို ယူသွားပါတယ်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် နေ့ကစပြီး နိုင်ငံရေးနယ်ပယ်ထဲ စတင် ဝင်ရောက်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ စီးစရာ ကိုယ်ပိုင်ကားမရှိပါ။ အပြင်ထွက်ရင် အသိမိတ်ဆွေတွေ ကူညီတဲ့ကားကို စီးရပါတယ်။ NLD ပါတီ တည်ထောင်ပြီး ပုံမှန်စီးလေ့ရှိတဲ့ ၈/၁၅၁၅ SE အဝါနုရောင် ကားလေးကို မှတ်မိကြမှာပါ။ ၁၉၈၉ ဇူလိုင်လအထိ နောက်ဆုံးစီးခဲ့ပါတယ်။ အဲဒီကားပိုင်ရှင်က အခု ၃ တိုက် ၇ ခန်းမှာရှိနေတဲ့ တရုတ်ကပြားလေး ကိုမျိုးသိမ်းပါ။

အစ်မမိခင် ဗိုလ်ချုပ်အောင်ဆန်း ကတော် ဒေါ်ခင်ကြည်မှာ စီးစရာ ကား မရှိပါ။ နိုင်ငံ့ဂုဏ်ရည်ဘွဲ့တွေပေးတုန်း က ဗိုလ်ချုပ်အောင်ဆန်းမိသားစုနဲ့ တော်လှန်ရေးလုပ်ဖော်ကိုင်ဖက် နိုင်ငံရေးသမားကြီးတွေကိုပါ ပေးခဲ့ပါတယ်။ စီးစရာကား မာဇဒါ 323 အဝါရောင် ကားလေးတွေပါပါတယ်။ ယူတဲ့သူလည်း ရှိသလို မယူတဲ့သူလည်း ရှိပါတယ်။ ဗိုလ်ချုပ်မိသားစုကတော့ မယူပါဘူး။

မော်ကွန်းဝင်ပထမအဆင့် တွေကို မာဇဒါ B 600 လေးဘီးကားအပြာ ရောင်လေးတွေ ပေးပါတယ်။

အဲဒီတုန်းက မဆလပါတီ ဗဟို အနေရောင်၊ မီးခိုးပြာရောင်တို့ဟာ အဲဒီခေတ်ရဲ့ ကိုယ်စားပြုပုံရိပ်တွေပါပဲ။ ၁၉၈၈ ခုနှစ် နောက်ပိုင်းလည်းရောက်ရော မာဇဒါ 929 ကအစ 323 အလယ်၊ ဆီဒင်အဆုံး အားလုံးကို အင်္ဂါးကား (တက္ကစီ)အဖြစ် ပြည်သူလူထုက စီးခွင့်ရခဲ့ကြပါတယ်။ အာဏာရှင်စနစ်ရဲ့ နိုင်ုံးပုံရိပ်တွေပါပဲ။ နောက်တစ်ခေတ်ရဲ့ ပုံရိပ်ကတော့ တရုတ်ပြည်ထုတ် အော်ဒီကား အနက်ရောင်နဲ့ ဗောက်စ်ဝက်ဂင် ဂျက်တာကား မီးခိုးပြာ၊ နီညိုရောင်၊ အဖြူရောင်၊ နှံ့သာရောင် ကားတွေဟာ လူတန်းစားတစ်ရပ်ရဲ့ သီးသန့်ကားတွေ အဖြစ် ပြန်ပေါ်လာပါတယ်။ ၁၀ နှစ် အကြာမှာတော့ လေလံကားတွေအဖြစ် ပုဂ္ဂလိကတွေလက်ထဲ ပြန်ရောက်ကုန်တာ တွေ့ရပါတယ်။ သီးသန့်ဆိုတာ တစ်ခဏပါ။ နောက်ဆုံးတော့ လူစီးကားဟာ လူစီးကားပါပဲ။

အစ်မကို လေးစားကြည်ညိုတဲ့ ၈/၁၅၁၅ ပိုင်ရှင် ကိုမျိုးသိမ်းဟာ ကားမောင်းလည်း ကျွမ်းကျင်ပါတယ်။ အစ်မအတွက် အားကိုးရပါတယ်။ နယ်စည်းရုံး ရေးခရီးတွေထွက်တော့လည်း ဒီကားလေးနဲ့ပါပဲ။ ၁၉၈၉ ခုနှစ်၊ ဇွန်လမှာ သုံးရောင်ခြမ်းအဖွဲ့ ခြံထဲကထွက်သွားတော့ အစ်မအတွက် သားတွေလို အားကိုးရတဲ့လူငယ်လေး ငါးယောက်ကို အစ်မက ချန်ခဲ့စေပါတယ်။ တရုတ်ကပြားကလေး မျိုးသိမ်းနဲ့ လေးယောက်ပါ။ ထောင်ထဲကထွက်လာပြီးနောက်ပိုင်း အိမ်ထောင်ကျတဲ့သူကကျ၊ ဘဝရပ်တည်ဖို့ နိုင်ငံခြားထွက်သွားတဲ့သူက ထွက်သွားနဲ့ ၁၉၉၅ ခုနှစ် အစ်မပြန်ထွက်လာတော့ပြန်လာတဲ့သူကပြန်လာ၊ မလာတဲ့သူက မလာနဲ့ အစ်မမှာ ရှိတဲ့သူနဲ့ပဲ ဒီမိုကရေစီတိုက်ပွဲကို ဆက်လက်ဆင်နွှဲရပါတယ်။

ကျွန်တော်တို့ ၃ တိုက်ထဲကို ရွှေ့သည်တွေ ထပ်ရောက်လာပါတယ်။ ၃၂ လမ်းက စက္ကူကုန်သည် ကိုဟာရှင်ရယ်၊ အနီရောင်၊ မီးခိုးပြာရောင်တို့ဟာ အဲဒီခေတ်ရဲ့ ကိုယ်စားပြုပုံရိပ်တွေပါပဲ။ ၁၉၈၈ ခုနှစ် နောက်ပိုင်းလည်းရောက်ရော မာဇဒါ 929 ကအစ 323 အလယ်၊ ဆီဒင်အဆုံး အားလုံးကို အင်္ဂါးကား (တက္ကစီ)အဖြစ် ပြည်သူလူထုက စီးခွင့်ရခဲ့ကြပါတယ်။ အာဏာရှင်စနစ်ရဲ့ နိုင်ုံးပုံရိပ်တွေပါပဲ။ နောက်တစ်ခေတ်ရဲ့ ပုံရိပ်ကတော့ တရုတ်ပြည်ထုတ် အော်ဒီကား အနက်ရောင်နဲ့ ဗောက်စ်ဝက်ဂင် ဂျက်တာကား မီးခိုးပြာ၊ နီညိုရောင်၊ အဖြူရောင်၊ နှံ့သာရောင် ကားတွေဟာ လူတန်းစားတစ်ရပ်ရဲ့ သီးသန့်ကားတွေ အဖြစ် ပြန်ပေါ်လာပါတယ်။ ၁၀ နှစ် အကြာမှာတော့ လေလံကားတွေအဖြစ် ပုဂ္ဂလိကတွေလက်ထဲ ပြန်ရောက်ကုန်တာ တွေ့ရပါတယ်။ သီးသန့်ဆိုတာ တစ်ခဏပါ။ နောက်ဆုံးတော့ လူစီးကားဟာ လူစီးကားပါပဲ။

အစ်မကို လေးစားကြည်ညိုတဲ့ ၈/၁၅၁၅ ပိုင်ရှင် ကိုမျိုးသိမ်းဟာ ကားမောင်းလည်း ကျွမ်းကျင်ပါတယ်။ အစ်မအတွက် အားကိုးရပါတယ်။ နယ်စည်းရုံး ရေးခရီးတွေထွက်တော့လည်း ဒီကားလေးနဲ့ပါပဲ။ ၁၉၈၉ ခုနှစ်၊ ဇွန်လမှာ သုံးရောင်ခြမ်းအဖွဲ့ ခြံထဲကထွက်သွားတော့ အစ်မအတွက် သားတွေလို အားကိုးရတဲ့လူငယ်လေး ငါးယောက်ကို အစ်မက ချန်ခဲ့စေပါတယ်။ တရုတ်ကပြားကလေး မျိုးသိမ်းနဲ့ လေးယောက်ပါ။ ထောင်ထဲကထွက်လာပြီးနောက်ပိုင်း အိမ်ထောင်ကျတဲ့သူကကျ၊ ဘဝရပ်တည်ဖို့ နိုင်ငံခြားထွက်သွားတဲ့သူက ထွက်သွားနဲ့ ၁၉၉၅ ခုနှစ် အစ်မပြန်ထွက်လာတော့ပြန်လာတဲ့သူကပြန်လာ၊ မလာတဲ့သူက မလာနဲ့ အစ်မမှာ ရှိတဲ့သူနဲ့ပဲ ဒီမိုကရေစီတိုက်ပွဲကို ဆက်လက်ဆင်နွှဲရပါတယ်။

ကျွန်တော်တို့ ၃ တိုက်ထဲကို ရွှေ့သည်တွေ ထပ်ရောက်လာပါတယ်။ ၃၂ လမ်းက စက္ကူကုန်သည် ကိုဟာရှင်ရယ်၊ အနေရထားလမ်းနဲ့ မောင်ထော်လေး လမ်းထောင့်က ကျောက်မျက်ရတနာ ကုန်သည်ရယ်၊(စစလူငယ် UNDP ပါတီက) လူငယ်တာဝန်ခံ အောင်သူတို့ ရောက်လာပါတယ်။ ကိုဟာရှင်က ၁၁ ခန်းမှာ နေရပါတယ်။ အောင်သူက ၆ ခန်းမှာ မိုးမြတ်သူနဲ့ နေရပါတယ်။ ကျောက်မျက်ရတနာကုန်သည်က ၃ ခန်းမှာ နေရပါတယ်။ (သူနာမည် မေ့နေလို့ပါ)။ အောင်သူက မိုးမြတ်သူနဲ့ အတူတူနေပြီး ခင်ဝမ်းသီချင်း အဆိုကောင်းသူတစ်ဦး ပါ။ 'ဒီည . . . အိပ်မရတဲ့. . . ည' ဆိုပြီး အဆိုကောင်းခဲ့ပါတယ်။ နောက်ထပ် ည့်သည်တစ်ယောက် ထပ်ရောက်လာ ပါတယ်။ ကိုတင့်ဆန်း(ရကသ)ပါ။ သူက တော့ ခဏပါပဲ။ ဒါပေမဲ့ အားလုံးနဲ့ ခင်မင်ခဲ့ကြပါတယ်။ စာရေးဆရာ ကိုမြင့်ဦးသစ် ဆိုသူလည်း ၃ တိုက်ကို ရောက်လာပါ တယ်။ ဝါရင့်ကျွန်းပြန်ကြီးတစ်ယောက် ပါ။ ၂ ခန်းမှာ နေပါတယ်။ ကျွန်တော်တို့ ရေအိုးထဲမှာ သံပရာသီးလုံး ထည့်သောက်ရင် မွှေးတဲ့အတွက် ရေအိုးထဲ သံပရာသီး ထည့်သောက်တာမြင်တော့ သံပရာသီးကို ဘယ်နှလုံးလဲမသိ (မမှတ်မိလို့ပါ) ဆောင်ထားမယ်ဆိုရင် ပြန်လွတ်သွားတတ်တယ်လို့ ပြောပြခဲ့ တာကို မှတ်မိနေပါတယ်။ ကျွန်တော်တို့ က ထောင်ဝင်စာမဟုတ်ဘဲ ပါဆယ်ဖြစ် နေတော့ ကိုယ်လိုချင်တာမှာဖို့မလွယ်ပါ။ (အိုးပင်းနှံနယူးစ်ဂျာနယ်မှာ ဆရာမြင့်ဦး သစ်ရဲ့ ကိုကိုကျွန်းဋ္ဌိကာတွေ ဖတ်မိတော့ ကျွန်းနဲ့ပတ်သက်တာတွေ ဗဟုသုတ ရစေပါတယ်။)

နောက်ရောက်လာတဲ့တစ်ယောက် က (ညရည်နှင်းရဲ့ မောင်တော်၊ သမီး ရွှေဝါရောင်လေးရဲ့ ဖခမည်းတော်) ကိုဂျင်မီ ဖြစ်ပါတယ်။ ညီငယ်တစ် ယောက်လို ခင်မင်ရပါတယ်။ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နဲ့ မွေးနေ့တူတော့ ပိုပြီး လေးစားမိပါ တယ်။ အဲဒီအချိန်က နာကျင်ခံစားချက် တွေက များနေတော့ မျက်နှာကမာမာ၊ တည်ကြည်တဲ့ စိတ်ဓာတ်အပြည့်နဲ့ ကျောင်းသားခေါင်းဆောင်တစ်ယောက် ထောင်ထဲမှာ နှစ်ကာလကြာရှည်လာ တော့ အသက်အရွယ်ကလည်း ရလာပါ တယ်။ အတွေးအခေါ်အယူအဆတွေ ကလည်း ငယ်စဉ်ကလိုအမြင်မျိုး မဟုတ် တော့ဘဲ ဒဿနဆန်တဲ့ နိုင်ငံရေး အတွေးအခေါ်တွေ စာထက်အက္ခရာ ပေါ်မှာ မြင်တွေ့ရတော့ အစ်ကိုကြီး တစ်ယောက်လို လေးစားမိပါတယ်။

နောက်ဆုံးရောက်လာတဲ့ ဧည့်သည် ကတော့ ဒုတိယဗိုလ်မှူးကြီး မြဝေ (ငြိမ်း) လဝက ကပါ။ သူကတော့ ကျွန်တော်တို့ ထွက်လာတဲ့အထိ ရုံးထွက် ရှိပါတယ်။ ကျန်ခဲ့တဲ့ ကျွန်တော်တို့လူတွေ ရဲ့အကြောင်းကို သိချင်တဲ့အတွက်ရယ်၊ အထဲကလူတွေ မှာလိုက်တာအတွက် အန်ကယ်ဦးမြဝေ ရုံးချိန်းနေ့တွေမှာ သွား သွား တွေ့ရပါတယ်။ တရုတ်ကပြား ကလေးက သူဦးလေးပါဆယ်လာပို့ရင် ဘာတွေထည့်ပေးပါ၊ စားစရာယူလာပါ မှာတတ်ပါတယ်။ အဲဒီအခါကျ တနလာ နေ့မီအောင် သူ့အိမ် အမြန်သွားပြောရပါ တယ်။ အစ်ကို၊ အစ်မ၊ ညီမ၊ ညီတွေက အရမ်း သဘောကောင်းပါတယ်။ သူတို့ မောင်၊ သူတို့ညီ၊ သူတို့အစ်ကိုအတွက် မှာသမျှ ပို့ပေးပါတယ်။ ကျန်ခဲ့တဲ့သူတွေ ထဲ သူကအမှာဆုံးပါပဲ။ ဂျီး(ကြေး)က လည်း များသလားမမေးနဲ့၊ ရေချိုးရင် ဆပ်ပြာတစ်တုံးကုန်တယ်။ အသန့်က လည်း ကြိုက်မှကြိုက်၊ ဘုရားတရား တော့ မမေ့ဘူး။ အမြဲတမ်း ပုတီးစိပ် တယ်။ (မြန်မြန် လွတ်ချင်လို့ပါ) တစ်ခုခု စိုးရိမ်စရာမျိုး ဖြစ်ပြီဆိုရင် မျက်နှာလေး ညှိုးပြီး ခံစားရပုံလေးဟာ ရိုးသားတဲ့ မျက်နှာလေးပါ။

တစ်နေ့တော့ မှာလိုက်တဲ့ကွမ်းက ပါမလာဘူး။ ၇ ခန်းက ဖြတ်ယူပြီးထား တာ မသိဘူး။ တကယ်အဆင်မပြေလို့ ပါမလာတာလို့ ထင်နေတယ်။ စားစရာ ကလည်း မရှိတော့ဘူး။ ရေချိုးချတော့ အခန်းရှေ့ကနေဖြတ်ပြီး ကွမ်းတွေစားပြ နေတယ်။ ကိုယ့်အခန်း ရေချိုးချတော့ သူတို့ဆီသွားတောင်းတော့ ကွမ်းထုပ် မြင်နေရတယ်။ သူတို့အခန်းသံတိုင်ကို လက်နှစ်ဖက်နဲ့ထောက်ပြီး စကားပြော နေတာ၊ လက်နှစ်ဖက်ကို အထဲကနေ ဆွဲလိုက်တော့ ပြန်ထုတ်လို့မရအောင် ဖြစ်နေတယ်။ "ကွမ်းရရင် ဘယ်အခန်းကို မှ သွားမပေးရဘူး၊ ရှေ့မှာ ကိုယ်တိုင် စားပြမှပေးမယ်'ဆိုတော့ "အေးပါ၊ သွား မပေးပါဘူး။ စားပြပါမယ်" ပြောတာ "မယုံဘူး၊ သူတို့ခွဲပေးမယ်" ပြောလာ တယ်။ လက်နှစ်ဖက်ကလည်း ဆွဲထား တော့ ကွမ်းထုပ်ကလည်းမရဆိုတော့ အလျှော့ပေးပြီး "အေး စားမယ်"ပြော တော့ "ရှေ့မှာ ဝါးစားပြရမယ်"ဆိုပြီး အကျပ်ကိုင်တယ်။ 'ဝါးမယ်ကွာ'ဆိုပြီး ခွံ့ကျွေးတဲ့ကွမ်းကို ဝါးလိုက်တာ ပါးစပ် ထဲမှာ ချဉ်စုတ်သွားတာပဲ၊ သရက်ရွက် အနုကို ဘယ်ကရှာထားလဲမသိဘူး။ ကတော့ပုံလိပ်ပြီး အလယ်မှာ မန်ကျည်း သီးကို ညှပ်ထားတယ်။ ကွမ်းသီးစိတ် ကို မန်ကျည်းသီးထဲ စိုက်ထားတော့ တကယ့်ကွမ်းယာအတိုင်းပါပဲ။ စိတ်ဆိုး တော့မှ တကယ့်ကွမ်းအစစ်ကို ထုတ်ပေး ပါတယ်။ အဲဒီလောက်ကို ခင်မင်စွာနဲ့ စကျ၊ နောက်ကျပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အကြောင်း မှတ်တမ်းတင်ကြမယ်ဆိုရင် ကား ကလေးနှစ်စီးက မပါမဖြစ်ပါရပါမယ်။ အက်စ်အီး ၈/၁၅၁၅ နဲ့ မတ်ခ်တူး ၇က/၂၅၇၂ ကားတို့ပါ။ ၈/၁၅၁၅ ပိုင်ရှင်ကို ဒီကားလေးကို မရောင်းပါနဲ့၊ သိမ်းထားပါလို့ ပြောမိပါတယ်။ ၁၉၉၅-၉၆ အထိတော့ သိမ်းထားတာကို မှတ်မိ နေခဲ့ပါတယ်။ နောက်ပိုင်းတော့ မသိ တော့ပါ။ မတ်ခ်တူး ၇က/၂၅၇၂ ကို အစ်မကို ကိုယ်တိုင်တောင်းဆိုခဲ့ပါ တယ်။

အစ်မအပြင်ထွက်မယ်ဆိုရင် လုံခြုံ ရေးအရ တစ်ယောက်မဟုတ် တစ် ယောက်က ကားနဲ့လိုက်သွားရပါတယ်။ အဲဒီအထဲမှာ မလိုက်ချင်ဆုံးက ကျွန်တော်ပါ။ တာဝန်က အရမ်းကြီးပါ တယ်။ နည်းအမျိုးမျိုးနဲ့ရအောင် ရှောင် တယ်။

"ကေအမ်အက်စ်၊ မနက်ကို ဘယ် အချိန်အရောက်လာရမယ်လို့ အစ်မက မှာတယ်"ဆိုရင် ကျွန်တော်ကသိပြီ။ အစ်မအပြင်ထွက်ရင် ခေါ်သွားမယ်ဆို တာ လာပြောတဲ့သူကို ကျွန်တော်က ပြန် မှာရပါတယ်။ "ဒီလိုလုပ်ပါလား၊ မနက်ကျ ရင် ကျွန်တော်က နောက်ကျချင် နောက်ကျမှာ၊ တစ်ယောက်ယောက်ကို တော့ အဆင်သင့်လုပ်ခိုင်းထားပါ။ ကျွန်တော်မလာရင် အဲဒီတစ်ယောက် ကို လိုက်ခိုင်းလိုက်ပါ"ဆိုပြီး ကျွန်တော် က ရှောင်တယ်။ ကြာလာတော့ အစ်မက ရိပ်မိလာတယ်နဲ့တူတယ်။ ဆူပါလေရော၊ "မီးဖိုချောင်ထဲမှာပဲ ဒီလိုပဲနေနေရ မှာလား" ဘာလားနဲ့ပြောရော။ နောက် တစ်ခုက အစ်မက ကျွန်တော့်ကို မှာထား မှာပြီး မပြန်ရဘူး" ဆိုပြီး စည်းကမ်းချက် ချတော့ အစ်မကို ပြန်ရင် ဝင်နှုတ်ဆက် ရပါတယ်။ အဲဒီတော့မှ "မနက်ဆို ဘယ် အချိန်လာပါ၊ သွားစရာရှိတယ်" ဆိုပြီး မှာတော့ ကျွန်တော့်မှာ ငြင်းလို့လည်းမရ၊ အကြောင်းပြချက်လည်း မရတော့ပါ။

၁၉၉၉ ခုနှစ်အတွင်းမှာပါ။ ဓမ္မစေတီ လမ်း (ယခု စီးတီးမတ်အသစ်နား) ပေါ် မှာ ကားနဲ့သွားနေရင်း မျက်နှာချင်းဆိုင် က လာနေတဲ့ကားတစ်စီးကို အစ်မက ပြတယ်။ 'အဲဒါ ဘာကားလဲ'ဆိုပြီးမေး တယ်။ ကျွန်တော်ကြည့်လိုက်တော့ အစိမ်းပုပ်ရောင် ဒေတူးကား၊ နာမည်က အက်စ်ပဲရိုးလို့ ပြောတော့ အစ်မက အမှတ်တမဲ့ ဖြစ်သွားတယ်။ "ဟုတ်လို့ လား"တဲ့။ ဒေတူးကားလေးတွေက ပုံစံ တစ်မျိုးနဲ့ အသစ်အဆန်းလို ဖြစ်နေပါ တယ်။ (မြန်မာနိုင်ငံမှာ ၁၉၉၁-၉၂ နှစ် လောက်ကစပြီး ဒေတူးကားလေးတွေ ပေါ်ပေါက်လာပါတယ်။ ပထမဆုံးက ဒေတူးတီကိုကားလေးတွေပါ။ မြန်မာ နိုင်ငံမှာ တပ်ဆင် ထုတ်လုပ်ပါတယ်။ တစ်စီးကို သုံးသိန်းနဲ့ ရောင်းပေးပါ တယ်။ မြို့တော်ဝန် မာရသွန်ပြေးပွဲမှာ တောင် တီကိုကားလေးတွေကို ဆုအဖြစ် ပေးခဲ့ပါသေးတယ်။ နောက်ဒေတူးကား အရောင်းပြခန်းဆိုပြီး ဆရွန်းကား သုံးမျိုးကို ပြသရောင်းချပါတယ်။ အက်စ် ပဲရိုးနဲ့ နောက်နှစ်မျိုးပါ။) နောက်တစ်ခါ လမ်းပေါ်မှာ ငွေမင်ရောင်ကားလေး တစ်စီးကို အစ်မကပြတော့ ဒေတူးအက်စ် ပဲရိုးဖြစ်နေတယ်။ 'ဟုတ်လို့လား'လို့ အစ်မ ထပ်ပြောပြန်တယ်။ ၁၉၉၂ ခုနှစ် စရောက်ကတည်းက ကျွန်တော်က စီးဖူး နေတာ၊ အခု အစ်မနားမှာ နေနေတဲ့ ဘန်နီနဲ့ ကျော်သူရတို့ရဲ့သူငယ်ချင်း မိုင်မိုင်းက ကားမျိုးစုံထည်လဲစီးတဲ့သူဌေး သား၊ သူညီက စောစိန်မိုင်း၊ သူကလည်း ကားမျိုးစုံ စီးနေတော့ သူတို့က ဒေတူး ကိုယ်စားလှယ်တွေ၊ သူတို့အဖေ ဦးရွှေလင်းဆို ဒေါ်အောင်ဆန်းစုကြည် ကို သမီးလိုချစ်တာ၊ 'ငဲ့သမီး နေကောင်း လား'အမြဲမေးတတ်တယ်။ တစ်ခါတုန်း က တရုတ်ဆေးနဲ့ပေါင်းတဲ့ ကြက်ပေါင်း အစ်မအတွက် ပေးခဲ့ဖူးတယ်။

(ဆက်လက်ဖော်ပြပါမည်။)

မြစ်ချောင်းများ ရေလမ်းကြောင်းကောင်းမွန်စေရေးနှင့် ထိန်းသိမ်းရေး ပုံမှန်ဆောင်ရွက်နေ

ဌေးကူသစ္စာ

မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများ၌ ရေလမ်းကြောင်း ကောင်းမွန်စေရေး၊ ကမ်းပြိုမှုကာကွယ်ရေးနှင့် နယ်စပ်မြစ်များ ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ရေလမ်းကြောင်း ကောင်းမွန်စေရေးအတွက် ရေလွှဲရေကာတာများ တည်ဆောက်ခြင်း၊ မြစ်ကြောင်းတူးဖော်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ကမ်းပြိုကာကွယ်ခြင်းများအတွက် ရေထိန်းရေကာတာများ တည်ဆောက်ခြင်းနှင့် နယ်စပ်မြစ်များ ကာကွယ်ခြင်းအတွက် ကမ်းထိန်းကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရေနည်းရာသီကာလဖြစ်သော ပြီးခဲ့သည့် နိုဝင်ဘာလမှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးမှာ ရေလွှဲရေကာတာတွေ ဆောက်ပြီး ထိန်းသိမ်းပေးပါတယ်။ ရေထိန်းရေကာတာမှာဆိုရင် ကျောက်စီရေကာတာ၊ မျောရေကာတာ၊ မျောထဲမှာ ကျောက်ဖြည့်တဲ့ရေကာတာတွေ ရှိပါတယ်။ ဧရာဝတီမြစ်တစ်လျှောက်နဲ့ ချင်းတွင်းမြစ်တစ်လျှောက်မှာ ရေလမ်းကြောင်းကျပ်တဲ့ နေရာတွေ အများကြီးရှိပါတယ်။ အားလုံးကိုတော့ တစ်ပြိုင်နက်တည်း မလုပ်နိုင်ဘူး။ နိုင်ငံတော်ကပေးတဲ့ရန်ပုံငွေပေါ် မူတည်ပြီး လုပ်ရပါတယ်"ဟုဌင်းက ပြောသည်။

ယခု လာမည့်ဘဏ္ဍာနှစ်အတွက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းများ အားလုံးဖြစ်သော တည်ဆောက်ရေး လုပ်ငန်းများ၊ စက်ကိရိယာများနှင့် ပြုပြင်ရေးလုပ်ငန်းများ အပါအဝင် အခြားသော လုပ်ငန်းများအားလုံးအတွက် ရန်ပုံငွေ ကျပ်သန်း ၂,၅၀၀ ရရှိထားသည်။

ရေလမ်းကြောင်းကောင်းမွန်စေရေး အတွက် ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်ရာတွင် ရောဝတီမြစ်အောက်ဘက် ဗန်းမော်ဆိပ်ကမ်း ရေလမ်းကြောင်းတွင် ရေလွှဲရေကာတာများ ပြုလုပ်ပေးလျက်ရှိပြီး ဗန်းမော်တပ်ကလေး ရေလမ်းကြောင်း၊ မန္တလေးအောက်ဘက်ရှိလက်ဆောင်ယူရေလမ်းကြောင်း၊ မကွေးတံတားအထက်ဘက်ရှိ နေရာများ၊ ပြည်မြို့အောက်ဘက်ရှိ ကော့မရေမူကုန်းများတွင် ရေလွှဲရေကာတာများ ရေထိန်းတံခါးများ၊ တည်ဆောက်လျက်ရှိသည်။ ချင်းတွင်းမြစ်အတွင်း မော်လိုက်ဆိပ်ကမ်း၊ မင်းကင်းမုံရွာမြို့၏အထက်ဘက်နှင့် အောက်ဘက်များ၌လည်းဆောင်ရွက်နေသည်။

ဘဝင်းသတင်းစာတိုက်
Business Times
■ နိုင်ငံတကာ ■ မြန်မာ့စီးပွား
သောကြာနေ့၊ မတ် ၈ – ၁၄၊ ၂၀၁၃

ဈေးကွက်အတွင်း မွေးမြူရေး ကြက်သားဈေးများ မြင့်တက်လာ

မြတ်ငြိမ်းဒေး

ကြက်မွေးမြူရေးခြံများတွင် ကုန်ကျစရိတ်များပြားလာခြင်းနှင့် ကြက်သားပေါက်ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းကြောင့် ရန်ကုန်မြို့စားသောက်ကုန်ဈေးကွက်အတွင်း မတ်လဆန်းပိုင်းမှစတင်ခါ ကြက်သားဈေးနှုန်းများ မြင့်တက်ခဲ့ကာ လက်လီဈေးတစ်ပိသာလျှင် ကျပ် ၇,၀၀၀ ကျော်အထိရှိခဲ့ပြီး အဆိုပါဈေးနှုန်းများမှာ လျင်မြန်စွာ ပြန်လည်ကျဆင်းနိုင်ဖွယ် မရှိသေးကြောင်း အသားတိုးကြက်မွေးမြူထုတ်လုပ်ရောင်းချသူများက ပြောသည်။

"မတ်လ ၂ ရက်နေ့လောက်က စပြီး ကြက်ခြံဖမ်းဈေးက တစ်ပိသာကို ကျပ် ၃,၈၀၀ အထိဈေးတက်သွားတယ်။ ဒီဈေးက ဒီဈေးကွက်သက်တမ်းတစ်လျှောက် အမြင့်ဆုံးဈေးပဲ။ အခုထိလည်း မကျသေးဘူး။ ကျဖို့အခြေအနေလည်း သိပ်မရှိနိုင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ မတ်လထဲမှာ ဈေးကွက်ထဲရောက် တဲ့ကြက်က ဇန်နဝါရီလဒုတိယပတ်လောက်ကမှ စမွေးတဲ့ကြက်တွေပါ။ ဇန်နဝါရီလက ကြက်ပေါက်တွေအထွက်နည်းပြီး ၂၅ ရာခိုင်နှုန်းလောက်ကို ကျသွားတယ်။ ကြက်ပေါက်ရောင်းတဲ့ ကုမ္ပဏီတွေမှာကိုက အထွက်နည်းတာပါ။ နောက်ပြီး ဒီရက်တွေထဲမှာ ရာသီဥတုကပူပြီး မီးကလည်း မလာတော့ကြက်ခြံတွေမှာကြက်တွေသေကုန်ကြတယ်။ တစ်ညလုံးမီးမလာလို့ မီးစက်မောင်းပြန်တော့လည်း ဓာတ်ဆီဖိုးနဲ့ မကိုက်ဘူး။ ကြက်အထွက်နှုန်းကျရင်လည်း မွေးတဲ့သူတွေ အနှုံးပေါ်တယ်။ ဒါကြောင့် ကြက်သားဈေးက ကျဖို့ဆိုတာ အခွင့်အလမ်းသိပ်မရှိဘူး" ဟု အသားတိုးကြက်ထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာလှလှသိန်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်းက ရာသီဥတုပူပြင်းမှုနှင့် လျှပ်စစ်မီးပြတ်တောက်မှုများကြောင့် ကောင်ရေ ၁,၀၀၀ ခန့်ရှိသော ကြက်ခြံများတွင် ကြက်ဆယ်ကောင်မှ ဆယ့်တစ်ကောင်ခန့်အထိ သေဆုံးမှုများရှိခဲ့ကြောင်း ၎င်းက ပြောသည်။

"ကြက်တွေက ညဖက်မီးမရရင် အစာမစားနိုင်ဘူး။ သူတို့က မီးအမြဲတမ်းပေးနေရတယ်။ ရာသီဥတုကလည်း တဖြည်းဖြည်းနဲ့ ပူပူလာတော့ အသေအပျောက်များကြတယ်။ ဒီလိုနည်းနဲ့ အထွက်လျော့တာရော တစ်ဖက်က မီးတစ်ညလုံးမလာရင် ဓာတ်ဆီသုံးပြီး မီးမောင်းပေးရတဲ့ အတွက်ကုန်ကျစရိတ်များတာရောအကုန်လုံးစုပြုံးဖြစ်တဲ့အတွက် ကြက်သားဈေးက မြင့်လာတာပါ။ အလကားသက်သက် ဈေးတက်တာတော့ မဟုတ်ပါဘူး" ဟု ဒေါက်တာလှလှသိန်းက ပြောသည်။

ထို့ပြင် ကြက်သားပေါက်ဈေးများမှာလည်း လွန်ခဲ့သည့် သုံးပတ်ခန့်မှ စတင်ကာတစ်ကောင်လျှင်ကျပ်၅၅၀မှ၆၅၀သို့ မြင့်တက်ခဲ့ကြောင်း ကြက်သားပေါက်ရောင်းချသူများက ပြောသည်။

"ကြက်ပေါက်ဈေးတက်ကလည်း တက်လာပြီး အစာဈေးတွေကလည်း မြင့်လာတယ်။ နောက်ပြီးမျိုးအပြောင်းအလဲတွေကြောင့်ရယ် ရာသီဥတုရယ်ကြောင့် ကြက်သားပေါက်ဖွားနှုန်း လျော့ကျသွားတာကြောင့် ကြက်သားပေါက်အထွက် နည်းပြီး ဈေးမြင့်လာတာပါ" ဟု ကြက်သားပေါက် ရောင်းချသူတစ်ဦးက ပြောသည်။

ယခင်နှစ်များ၏ ပုံမှန်မြင့်တက်တတ်သည့် ကြက်သားပျမ်းမျှဈေးမှာ ခြံဖမ်းဈေးတစ်ပိသာလျှင်ကျပ် ၃,၀၀၀ ခန့်ဖြစ်ပြီး သန့်စင်ကြက်သားဈေးမှာ တစ်ပိသာလျှင် ကျပ် ၄,၅၀၀ ခန့် ဖြစ်ကာ ယခုမြင့်တက်လျက်ရှိသော ကြက်သားဈေးမှာ ခြံဖမ်းဈေးတစ်ပိသာလျှင်ကျပ်၃,၉၀၀ မှ ၄,၀၀၀ ဈေးဖြစ်ကြောင်း မြန်မာစီပီလိုက်စတုဒ်ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဒေါက်တာမျိုးသန့်က မြန်မာတိုင်း(မ်)ကို ပြောသည်။

"အရင်နှစ်တွေကလည်း ဒီလိုအချိန်တွေမှာ ပွဲလမ်းသဘင်များတဲ့အတွက် သုံးစွဲမှုကများတော့ ဈေးမြင့်တတ်ပါတယ်။ ဒါပေမဲ့ဒီနှစ် ၂၀၁၂-၁၃ အစပိုင်းမှာဆိုရင်တော့ ဒီဈေးက အမြင့်ဆုံးလို့ ပြောလို့ ရတယ်။ ဒီနှစ်ထဲမှာပုံမှန် ခြံဖမ်းဈေးတစ်ပိသာ ကျပ် ၂,၈၀၀ လောက်က နေ ၃,၈၀၀လောက်အထိတက်သွားတယ်။ တစ်ပိသာကို တစ်ထောင်လောက်ဈေးမြင့်သွားတာ" ဟု ၎င်းက မြန်မာတိုင်း(မ်)ကိုပြောသည်။

ပြီးခဲ့သည့်နှစ် ယခုအချိန်က ကြက်မွေးမြူရေးခြံရှိခြံဖမ်းဈေးမှာတစ်ပိသာလျှင် ပျမ်းမျှ ကျပ် ၃,၂၀၀ ခန့်သာရှိကြောင်းလည်း ၎င်းက ပြောသည်။

ကြက်အထွက်နှုန်းများမှာလည်း ပုံမှန်ခြောက်ပတ်သားအရွယ်တွင် ဈေးကွက်သို့ရောင်းချနိုင်သော်လည်း ယခုအခါတွင် ခုနစ်ပတ်အရွယ်လောက်ရောက်မှသာ ရောင်းချနိုင်ကြောင်း ဒေါက်တာမျိုးသန့်က မြန်မာတိုင်း(မ်)ကို ပြောသည်။

ထို့ပြင် ယခင်ကကြက်မွေးမြူမှုစရိတ်မှာ တစ်ပိသာလျှင် ကျပ် ၂,၅၀၀ မှ ၂,၆၀၀ ခန့်ရှိသော်လည်း ယခုလက်ရှိအချိန်တွင် တစ်ပိသာလျှင် ကျပ် ၂,၈၀၀ မှ ၃,၀၀၀ အထိ မြင့်တက်လာခဲ့ကြောင်း ဒေါ်လှလှသိန်းက ပြောသည်။

မတ်လ ၅ ရက်နေ့က ရန်ကုန်မြို့ပေါ်ရှိ ဈေးများတွင် ကြက်သားလက်လီဈေးမှာ တစ်ပိသာလျှင် ကျပ် ၇,၂၀၀ ခန့်ရှိပြီး ကြက်၊ ဘဲဈေးရှိ ဒိုင်ဈေးမှာ ကြက်အရှင် တစ်ပိသာလျှင် ၄,၂၀၀ ပေါက်ဈေးရှိခဲ့သည်။ ■


ရန်ကုန်မြို့တွင်း၌ ညပိုင်းဖွင့်လှစ်သော ဈေးတစ်ခုတွင် ဈေးဝယ်ရောင်းချလျက်ရှိသည့် သန့်စင်မြစ် ကြက်သားများကို တွေ့ရစဉ်။ ဓာတ်ပုံ - မြန်မာတိုင်း(မ်)



ငွေကြေးဈေးကွက်

နိုင်ငံတကာ ငွေကြေးဈေးကွက်

▪ ဝ. ၇၆၇၈	ယူရို
▪ ဝ. ၆၅၉၈	ဗြိတိသျှပေါင်
▪ ၁. ၂၄၆၂	စင်ကာပူဒေါ်လာ
▪ ၆. ၂၂၃၇	တရုတ်ယွမ်
▪ ၂၉. ၈၀၇၂	ထိုင်းဘတ်
▪ ၃. ၁၀၂၄	မလေးရှားရင်းဂစ်

ပြည်တွင်း ငွေကြေးဈေးကွက်

သိမ်းဖြူငွေလဲကောင်တာဈေးနှုန်း

'ကန်'တစ်ဒေါ်လာ	▪ ကျပ် ၈၆၂-၈၆၈
FEC တစ်ယူနစ်	▪ ကျပ် ၈၆၂-၈၆၈

ဖြင်းပေါက်ဈေး

'ကန်'တစ်ဒေါ်လာ	▪ ကျပ် ၈၆၄-၈၆၅
FEC တစ်ယူနစ်	▪ ကျပ် ၈၆၃-၈၆၄
ပို့ကုန်ရတစ်ဒေါ်လာ	▪ ကျပ် ၈၆၆
ဗဟိုဘဏ်ဈေးနှုန်း	▪ ကျပ် ၈၆၃

(မတ် ၅ ရက်နေ့ ဈေးနှုန်းများ)

သဘာဝဓာတ်ငွေ့ရောင်းချမှု နှစ် ၃၀ သဘောတူညီချက်ပြည့်မီရန် ထုတ်လုပ်မှုတိုးချဲ့ရေး စီမံကိန်းများကို စတင်လုပ်ဆောင်နေ

စိုးစန္ဒာဦး

မြန်မာနိုင်ငံ၏ ကမ်းလွန်စီမံကိန်းများမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ရောင်းချရာတွင် နှစ် ၃၀ သဘောတူညီချက်စီမံကိန်းကို ပြည့်မီနိုင်ရန်အတွက် လက်ရှိထုတ်လုပ်လျက်ရှိသော စီမံကိန်းများတွင် ထိန်းသိမ်းသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဒါရိုက်တာဦးသန်းထွန်းက ကုန်သည်ကြီးများဟိုတယ်တွင် မတ်လ ၄ ရက်မှ ၆ ရက်နေ့ထိ ကျင်းပသော Myanmar Upstream ဆွေးနွေးပွဲတွင် ပြောသည်။

လက်ရှိမြန်မာနိုင်ငံတွင် ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအတွက် ရတနာ၊ ရဲတံခွန်၊ ရွှေနှင့် ဇောတိကစီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။

“ရတနာစီမံကိန်းရဲ့ ဓာတ်ငွေ့ရောင်းချမှု နှစ်သုံးဆယ်စီမံကိန်းကို ပြည့်မီနိုင်ဖို့ ထုတ်လုပ်မှုကို ထိန်းသိမ်းတဲ့အနေနဲ့ ပတ္တမြားစီမံကိန်းကို ဆောင်ရွက်နေပါတယ်။ ၂၀၁၇ မှာ ထုတ်လုပ်မှုစတင်နိုင်တော့မှာပါ။ လက်ရှိမှာတော့ ဒီစီမံကိန်းအတွက် အသေးစိတ်လေ့လာမှုတွေ လုပ်နေပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါစီမံကိန်းကို ရတနာစီမံကိန်း လုပ်ဆောင်နေသော ဘလော့ M 5၊ M6 နေရာအနက် M 5 နေရာတွင် ဆောင်ရွက်ခြင်းဖြစ်ပြီး ရတနာစီမံကိန်းမှာ မုတ္တမကမ်းလွန်တွင် ၁၉၉၈ တွင်စတင်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

M6 နေရာတွင်လည်း စတုရန်း ကီလိုမီတာ ၂,၀၀၀ ခန့်ကို လက်ရှိစမ်းသပ်ထုတ်လုပ်နိုင်ရန် လေ့လာမှုများပြုလုပ်နေပြီး ၂၀၁၄ အစောပိုင်းတွင် အဆိုပါနေရာတွင် သုံးနေရာခန့်ကို စတင်တွင်းတူးမည်ဖြစ်ကြောင်း ဦးသန်းထွန်းက ပြောသည်။

“ရဲတံခွန်စီမံကိန်းရဲ့ မြောက်ဘက် ၁၀ ကီလိုမီတာအကွာမှာလည်း မြောက်ရဲတံခွန်စီမံကိန်းကို ဆောင်ရွက်နေပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဓာတ်ငွေ့စတင်ထုတ်လုပ်နိုင်တော့မှာပါ” ဟု ၎င်းက ပြောသည်။

လက်ရှိတွင် တွင်းပလက်ဖောင်းများ ဆောက်လုပ်ပြီးပါက ရဲတံခွန်နှင့် မြောက်ပိုင်းရဲတံခွန်စီမံကိန်းကို ဆက်သွယ်နိုင်မည့်ပိုက်လိုင်းကို တည်ဆောက်သွားမည် ဖြစ်သည်။

ရဲတံခွန်စီမံကိန်း၏ ထုတ်လုပ်မှုကို တိုးချဲ့နိုင်ရန်အတွက်လည်း M12 နေရာတွင် ဘလော့နှစ်ခုကို တိုးချဲ့နိုင်ရန် အတွက် လေ့လာမှုများပြုလုပ်နေပြီး ၂၀၁၄ ခုနှစ်တွင် တွင်းစတင်တူးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

“ရွှေပိုက်လိုင်းကတော့ အားလုံးတပ်ဆင်ပြီးသွားပါပြီ။ ဘလော့ A3 နေရာမှာ တောင်ပိုင်းမြစီမံကိန်းကို အရင်နှစ်ကတည်းက စတင်ဖောက်လုပ်ထားတာ ၂၀၁၃ ဇွန်လမှာ စတင်ထုတ်လုပ်နိုင်တော့မှာပါ။ မြကနေ ရွှေပိုက်လိုင်းကို ဆက်သွယ်ဖို့ အတွက် ပိုက်လိုင်းက ၁၂၃ ကီလိုမီတာ လောက်တော့ ရှိတယ်” ဟု ဦးသန်းထွန်း က ပြောသည်။

ရွှေပိုက်လိုင်းမှ ယခုနှစ်အတွင်း သဘာဝဓာတ်ငွေ့ သန်း ၅၀၀ မီလျံကုဗပေကို ထုတ်လုပ်မည်ဖြစ်ရာ ကုဗပေသန်း ၁၀၀ မှာ ပြည်တွင်း အသုံး ပြုရန်ဖြစ်ပြီး ကျန် သန်း ၄၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့မည် ဖြစ်သည်။

“ဒီနှစ်မှာ တင်ပို့ဖို့လျာထားချက်ကို မီအောင်လို့ လုံးပတ်လက်မ ၄၀ ရှိတဲ့ ပိုက်လိုင်းတွေကို တည်ဆောက်နေပါတယ်။ ဘလော့ A3 နေရာမှာလည်း တခြား အလားအလာရှိတဲ့နေရာတွေကို ဒေးဂူးက လေ့လာမှုတွေ လုပ်နေပါတယ်” ဟု ၎င်းက ပြောသည်။ ■



ရွှေစီမံကိန်းသဘာဝဓာတ်ငွေ့သယ်ယူမည့်ပိုက်လိုင်း သွယ်တန်းမှုကို ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ်တွင် ပြီးခဲ့သည့်နှစ်က တွေ့ရစဉ်။ ဓာတ်ပုံ - မြန်မာတိုင်း(မ်)

ကမ်းလွန် လုပ်ကွက်များကို လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုသွားမည်

စိုးစန္ဒာဦး

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကမ်းလွန်လုပ်ကွက် ၂၀ ကျော်ကို ၂၀၁၃ ခုနှစ်၊ ဧပြီလတွင်စတင်၍ လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ စီမံကိန်းဒါရိုက်တာဦးဇော်အောင်က ကုန်သည်ကြီးများဟိုတယ်တွင် မတ်လ ၄ ရက်မှ ၆ ရက်ထိ ကျင်းပသော Myanmar Upstream ဆွေးနွေးပွဲတွင် ပြောသည်။

“မြန်မာနိုင်ငံက ကမ်းလွန် လုပ်ကွက် ၂၀ ကျော်ကို မတ်လကုန် ဒါမှမဟုတ် ဧပြီလမှာ စတင်ပြီးလေလံစနစ်နဲ့ လုပ်ကိုင်ခွင့်ပြုမှာ ဖြစ်တယ်။ ဒီလုပ်ကွက်တွေကို နိုင်ငံခြားသားလုပ်ငန်းရှင်တွေက ပိုပြီး စိတ်ဝင်စားကြတယ်။ ပိုပြီးတော့လည်း အလားအလာကောင်းတွေ ရှိနေပါတယ်။ ကုန်းတွင်းပိုင်းလုပ်ကွက် ၁၈ ကွက်ကို စွမ်းအင်ဝန်ကြီးဌာနက ဇန်နဝါရီလမှာ လေလံစနစ်နဲ့ လုပ်ကိုင်ခွင့်ပြုပြီးဖြစ်ပါတယ်။ နောက်ငါးနှစ်အတွင်းအစိုးရကတွင်းပေါင်း ၃၀၀ ကျော် ဖော်ထုတ်ဖို့ ရှိပါတယ်” ဟု ၎င်းက ပြောသည်။

ကုန်းတွင်းပိုင်းလုပ်ကွက်များကို နိုဝင်ဘာလထိ အပြီးသတ်ဆုံးဖြတ်နိုင်ခြင်း မရှိသေးကြောင်းနှင့် လတ်တလောတွင် ကမ်းလွန်လုပ်ကွက်များအတွက် လေလံခေါ်ထားပေးခြင်းကို အမြန်ဆုံးအပြီးသတ်ဆုံးဖြတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဦးဇော်အောင်က ပြောသည်။

“လေလံခေါ်ထားပေးတာအတွက် စည်းမျဉ်းတွေကိုလည်း အပြီးသတ်တော့ မဆုံးဖြတ်ရသေးဘူး။ သေချာတာတော့ ကုန်းတွင်းပိုင်းနဲ့ ရေတိမ်ပိုင်းလုပ်ကွက်တွေကို နိုင်ငံခြားသားလုပ်ငန်းရှင်တွေက မြန်မာနိုင်ငံက ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းလုပ်ဆောင်ရမှာပါ။ ရေနက်ပိုင်းလုပ်ကွက်တွေမှာ နိုင်ငံခြားသားတွေက နည်းပညာပိုင်းမှာ ၁၀၀ ရာခိုင်နှုန်းအပြည့်ပါဝင်ခွင့် ရ၊ မရလည်း မသေချာသေးဘူး” ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းရေနံနှင့် သဘာဓာတ်ငွေ့လိုအပ်ချက်မှာ မြင့်မားလာကြောင်း သို့ရာတွင် သဘောတူညီချက်လက်မှတ်များကို ယခင်အစိုးရလက်ထက်က ရေးထိုးထားပြီးဖြစ်ရာ ဆက်လက်ကတိတည်ရန်လိုအပ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထင်အောင်က ပြောသည်။

“တရုတ်နိုင်ငံက စွမ်းအင်အဓိကဝယ်ယူသူ ဖြစ်လာတော့မှာပါ။ တရုတ်အနောက်တောင်ဘက်ဒေသမှ ဘင်္ဂလားပင်လယ်အော်နဲ့ ယူနန်ကိုဆက်တဲ့ပိုက်လိုင်းက အရှည် ၄၉၅ မိုင်ရှိပြီး ဇွန်လမှာ ဓာတ်ငွေ့စတင်တင်သွင်းတော့မှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါပိုက်လိုင်းသည် မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းရှိ ကချင်ပြည်နယ်ကို ဖြတ်သန်းသွားပြီး မကြာသေးမီက ဖြစ်ပွားခဲ့သော ကချင်လက်နက်ကိုင်အဖွဲ့ KIA နှင့် တပ်မတော်အကြား ပဋိပက္ခများကြောင့် တရုတ်အစိုးရဘက်မှ စိုးရိမ်မှုများရှိခဲ့ပြီး ဖေဖော်ဝါရီလအတွင်းက ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ရသည်။

“ကချင်နဲ့ ရှမ်းမှာဖြစ်တဲ့ကိစ္စတွေကြောင့် ပိုက်လိုင်းကိုဘယ်လိုမှနှောင့်နှေးမှုတွေတော့ ရှိလာမှာမဟုတ်ဘူး” ဟု ဦးထင်အောင်က ပြောသည်။

မြန်မာနိုင်ငံသည် လတ်တလောတွင် တစ်ရက်လျှင် ရေနံစည် ပေါ်၂၀,၀၀၀ ခန့်ထုတ်လုပ်လျက်ရှိပြီး သဘာဝဓာတ်ငွေ့မှာ ၁ ဒသမ ၄ ဘီလျံ ကုဗပေခန့် ထုတ်လုပ်လျက်ရှိရာ ထုတ်လုပ်မှုအများစုမှာ ရတနာနှင့် ရဲတံခွန်ကမ်းလွန်လုပ်ကွက်များမှဖြစ်ပြီး ရွှေနှင့် ဇောတိကလုပ်ကွက်များမှလည်း ၂၀၁၅ ခုနှစ်တွင် တစ်ရက်လျှင် ကုဗပေ ၂ ဒသမ ၂ ဘီလျံ ခန့်ထိ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ■

စိုက်ကေ အပြည့်ချေးငွေရရန် ညှိနှိုင်းမည်

မြတ်မေဇင်

လယ်သမားများအတွက် နွေစပါးစိုက်ပျိုးစရိတ်ချေးငွေအား ကျပ် ၁၀၀,၀၀၀ အထိ တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကယခုနှစ်ဆန်းကကြေညာခဲ့ပြီး နောက်ပိုင်းတွင် လယ်သမားများပိုင်ဆိုင်သည့် လယ်မြေအားလုံးအတွက် စိုက်ပျိုးစရိတ်ချေးငွေများ လုံလောက်စွာရရှိနိုင်ရန် ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တောင်သူလယ်သမားများအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

ပုံမှန်အားဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လယ်သမားများအား စိုက်ပျိုးစရိတ်အထောက်အကူဖြစ်စေရန် နွေစပါးတစ်ကေလျှင် ကျပ် ၈၀,၀၀၀၊ မိုးစပါး တစ်ကေလျှင် ကျပ် ၅၀,၀၀၀ နှင့် ဆောင်းသီးနှံ (ပဲ၊ ပြောင်း)များ စိုက်ပျိုးရန် တစ်ကေလျှင် ကျပ် ၁၀,၀၀၀ နှုန်း အသီးသီးသတ်မှတ်ကာ အတိုးနှုန်း တစ်ကျပ် သုံးဆယ်ပြားဖြင့် ထုတ်ချေးပေးလျက်ရှိသော်လည်း လယ်သမားများ၏ အမှန်တကယ်ကုန်ကျသည့် စိုက်ပျိုးမှုကုန်ကျစရိတ်အောက် များစွာလျော့နည်းနေသည့်အပြင် လက်ရှိစိုက်ပျိုးစရိတ်ချေးငွေမှာ အများဆုံး လယ် ၁၀ ဧက အတွက်သာ ထုတ်ပေးခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

“တစ်ဧကကို ကုန်ကျစရိတ်က ကျပ် ၁၄၀,၀၀၀ ကနေ ၂၀၀,၀၀၀ အထိ ရှိပါတယ်။ အခုထုတ်ချေးငွေက စိုက်ပျိုးစရိတ်ကို နည်းနည်းတော့သက်သာစေတာပေါ့။ အပြင်ကချေးငွေက အတိုးအရမ်းများတယ်။ စိုက်ပျိုးစရိတ်ကလည်း မြင့်တက်လာတယ်။ အဓိကလုပ်သားဌားရမ်းခ မြင့်လာတာပါ။ လယ်သမားတစ်ယောက်က သူပိုင်တဲ့လယ်ရဲ့ ၁၀ ဧကအတွက်ပဲ ချေးငွေရတာပါ။ ကျန်တဲ့ လယ်တွေကို သူ့ဘာသာ သူစိုက်ပျိုးရပါတယ်။ အခုစိုက်ဘဏ်က လယ်သမားပိုင်သလောက် လယ်မြေအားလုံးအတွက် စိုက်ပျိုးစရိတ်ထုတ်ချေးနိုင်အောင် လယ်ဆည်နဲ့ ညှိနှိုင်းနေပါတယ်”ဟု ဒေါက်တာစိုးထွန်းက ပြောသည်။

၂၀၁၂ နှစ်လယ်ပိုင်း စပါးစိုက်ပျိုးချိန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ဧကအချို့ ရက်အတော်ကြာ ရေလွှမ်းမိုးမှုများဖြစ်ခြင်း၊ စိုက်ခင်းအချို့ပြန်လည် စိုက်ပျိုးရန် လိုအပ်ခြင်း၊ အချို့စိုက်ခင်းများ စိုက်ပျိုးချိန်နောက်ကျခြင်းတို့ ကြုံတွေ့ခဲ့ရသောကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ချေးငွေပေးဆပ်ရန် ရက်အား မတ်လအထိဆိုင်းငံ့ပေးသွားမည်ဖြစ်သည်ဟု မြန်မာနိုင်ငံတောင်သူလယ်သမားများအသင်း၏ တရားဝင်ကြေညာချက်တွင် ပါရှိသည်။

၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် နှစ်နှစ်ဆက်တိုက် မိုးစပါးစိုက်ပျိုးသည့် အချိန်တွင် စပါးစိုက်ပျိုးရာဒေသများတွင် မိုးသီးထန်စွာရွာသွန်းမှုများကြောင့် ပုံမှန်မိုးရေချိန်ထက် ကျော်လွန်လာကာ စိုက်ပျိုးမြေများရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ပြီး အကျိုးဆက်အနေဖြင့် တောင်သူလယ်သမားများသည် ဆန်စပါးအထူးပြုကုမ္ပဏီများနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ပြန်လည်ပေးဆပ်ရန် အကြွေးများကျန်ရှိနေသည်ဟု လယ်သမားများက ပြောသည်။

“အထူးပြုကုမ္ပဏီတွေလည်း အကြွေးကျန်တာတွေများနေတော့ ဆက်မချေးနိုင်တော့ဘူး။ နှစ်နှစ်ဆက်တိုက် သီးနှံထိတော့ လယ်သမားလည်း နာလန်မထူနိုင်ဘူး။ ညောင်တုန်း၊ အိမ်မဲ၊ ဓနဖြူနဲ့ ရောဝတီတိုင်းဒေသကြီးအချို့က လယ်သမားတွေစုပြီး ဆောင်းသီးနှံအတွက်ထုတ်ပေးတဲ့ စိုက်ပျိုးစရိတ် တစ်ဧက ၁၀,၀၀၀ ကနေ ၂၀,၀၀၀ အထိတိုးပေးဖို့ ဇန်နဝါရီလ ၆ ရက်နေ့က စာတင်ထားတယ်” ဟု ပန်းတနော်မြို့နယ်မှ လယ်သမားတစ်ဦးဖြစ်သူ ဦးစိန်ဝင်းက ပြောသည်။

မိုးစပါးရောင်းချရန်အခက်ခဲရှိသောဒေသများတွင် နိုင်ငံတော်အရန်ဆန်အနေဖြင့် ဧည့်မထစပါး ၄၆ ပေါင်တိုက်တင်း ၁၀၀ လျှင် ကျပ် ၃၃၀,၀၀၀ ဖြင့် လည်းကောင်း၊ ဆင်းသွယ်လတ်မျိုးတင်းတစ်ရာလျှင် ကျပ် ၃၅၀,၀၀၀ ဖြင့်လည်းကောင်း အသီးသီးဝယ်ယူသွားမည်ဖြစ်သည်ဟု မြန်မာနိုင်ငံတောင်သူလယ်သမားများအသင်းက ထုတ်ပြန်ကြေညာထားသည်။ ■

ကားဝယ်လက်များ စျေးကွက်အတွင်း မသမာမှုများ သတိထားရန်လို

တိုးဝေဒဿာင်

ရန်ကုန် ကားစျေးကွက်အတွင်း ဖေဖော်ဝါရီလကုန်ပိုင်းက အပ်နှံရန်ကြေညာထားသည့် 'လ' အက္ခရာကားများထက် အစောပိုင်းကအပ်နှံရန် ကြေညာထားသော 'ဘ' အက္ခရာကားများက စျေးပိုမြင့်လျက်ရှိပြီး ကျန်ကားအရောင်းအဝယ်လိုက်ကာ စျေးနှုန်းများမြင့်တက်လာခဲ့သော်လည်း အရောင်းအဝယ်ပြုလုပ်ရာတွင် မသမာသည့်နည်းလမ်းများ အသုံးပြုကာရောင်းချလာခြင်းများကို သတိပြုသင့်ကြောင်း ကားဝယ်ရောင်းလုပ်ငန်းရှင်များက ပြောသည်။

"ကားစျေးကွက်က အရင်နဲ့စာရင် ပိုပြီး အရောင်းအဝယ် ကောင်းလာပါတယ်။ ဒါပေမဲ့ ကားစျေးကွက်ထဲမှာ မသမာတဲ့ နည်းလမ်းတွေသုံးပြီး အရောင်းအဝယ် လုပ်လာတာတွေ ရှိတယ်။ ကားစျေးကွက်ထဲမှာ ဟံသာဝတီကားဝိုင်းပြောင်းရွှေ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ စျေးကွက်မငြိမ်တာတွေရှိတယ်။ ဝိုင်းထဲမှာရှိတဲ့သူတွေလည်းရှိနေသလို သီရိမင်္ဂလာစျေးဟောင်းကို ပြောင်းတဲ့သူတွေလည်း ပြောင်းကုန်ကြပြီ။ အဲလိုမျိုးတွေဖြစ်နေတဲ့အတွက်ကြောင့် ကားစျေးကွက်ထဲမှာ အရောင်းဝယ်တွေက စျေးမငြိမ်ဘဲ စျေးအတက်အကျက ပုံမှန်မရှိဘူးဖြစ်နေတယ်"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုထွန်းထွန်းက ပြောသည်။

"ကားစျေးတွေ ကောင်းလာတယ်။ ဒါပေမဲ့ ကားစျေးကွက်ထဲမှာ မသမာမှုတွေ လုပ်လာတာတွေ ရှိတယ်။ ဥပမာ ပြည်ပကတင်သွင်းလာတဲ့ ကားတွေကို မီတာပြင်ပြီး မောင်းထားတဲ့အကွာအဝေးကိုလျှော့ပြီး ရောင်းတာမျိုးတွေ များလာတယ်။ အများဆုံးခံရတဲ့သူ တော်တော်များများက နယ်ကလာတဲ့သူတွေများတယ်။ ကားတစ်စီးဝယ်တဲ့ နေရာမှာ ဘယ်သူ့ဆီကဝယ်ဝယ် တင်သွင်းတဲ့ ပါမစ်စာရွက်စာတမ်းတွေ တောင်းကြည့်ဖို့လိုအပ်တယ်။ အဲဒီစာရွက်စာတမ်းတွေမှာ တင်သွင်းလာတဲ့ကားရဲ့ ဘယ်အစိတ်အပိုင်းမှာ ဘာတွေဖြစ်နေတယ်ဆိုတဲ့ အချက်အလက်အပြည့်စုံပါတယ်။ ဆေးမကောင်းဘူး။ နောက်ဖုံးမှာ ထိခိုက်ထားတယ်။ စတဲ့အချက်တွေပေါ့။ အရေးကြီးဆုံးက သုံးထားပြီးတဲ့ကီလိုမီတာပါ။ အဲဒီကီလိုမီတာတွေကအစ ရေးထားပြီးသားကို ဒီရောက်မှပြုပြင်တာတွေ လုပ်ကြတယ်"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူကိုငယ်လေးက ပြောသည်။

ယင်းမသမာမှုများအပြင် အချို့မှာ ပြည်ပမှ တင်သွင်းလာသည့်ကားများကို ပြန်လည်ပြုပြင်ပြောင်းလဲရောင်းချခြင်းများရှိလာခြင်းကြောင့် ဝယ်လက်များအနေဖြင့် သေချာစွာစိစစ်ပြီးမှသာ ဝယ်ယူသင့်ကြောင်း ကားဝယ်ရောင်းများက ပြောသည်။

"တင်သွင်းတဲ့ကားတွေကို ကီလိုမီတာလျှော့တာတင်မဟုတ်ဘူး။ လိုက်ထရပ်တွေဆိုရင် ကားတစ်စီးရဲ့ ခံနိုင်ဝန်အားတွေကအစ ပြောင်းတာတွေရှိတယ်။ ၈၅၀ ကေဂျီဆိုတဲ့ ကား ဘော်ဒီတွေကို ၁,၀၀၀ ကေဂျီလို့ စတေကာပြောင်းကပ်ပြီး ရောင်းတဲ့ကားတွေလည်း ရှိတယ်။ ၁,၀၀၀ ကေဂျီကားဘော်ဒီနဲ့ ၈၅၀ ကား ဘော်ဒီကအရှည်က ခုနစ်လက်မလောက် ကွာတယ်။ တင်သွင်းတဲ့နေရာမှာတော့ ၁,၀၀၀ ကေဂျီစာရင်းထဲမှာ ပါတယ်။ အဲဒီလိုမသမာမှုတွေနဲ့ ပြုလုပ်ရောင်းချမှုတွေ လုပ်လာကြတဲ့အတွက် နယ်ကပဲဝယ်ဝယ်၊ ရန်ကုန်က လုပ်ငန်းသုံးကား အဖြစ်သုံးဖို့ပဲ ဝယ်ဝယ် တင်သွင်းခွန်မှာပါတဲ့ စာရွက်စာတမ်းတွေကို သေချာတောင်းကြည့်ဖို့ လိုတယ်" ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုခိုင်ဇော်က ပြောသည်။

"နောက်တစ်ခုကလည်း ဧပြီလ ၁ ရက်နေ့ကစပြီး သွင်းကုန်ပါမစ်နဲ့ကွဲလွဲတဲ့ ကားတွေကို အကောက်ခွန်ဥပဒေအတိုင်း အရေးယူသွားမယ်ဆိုတာတွေ ထွက်လာပြီ။ တင်သွင်းဖို့လျှောက်တုန်းက ကားတွေရဲ့ ခုနှစ်မော်ဒယ်တွေကို သေချာလျှောက်ထားဖို့လိုတယ်။ အရင်တုန်းက သွင်းကုန်ပါမစ်လွဲတဲ့ ကားတွေကို ဒဏ်ကြေးပေးပြီး ထုတ်ယူခွင့်ပြုပေမယ့် ဧပြီလ ၁ ရက်နေ့ကစလို့ အရေးယူသွားမယ်လို့သက်ဆိုင်ရာကထုတ်ပြန်တာတွေ သိရတယ်။ သွင်းကုန်ပါမစ်လျှောက်ထားပြီးမှအကြောင်းအမျိုးမျိုးကြောင့် ကားအမျိုးအစားပြောင်းချင်တယ်ဆိုရင် စီးပွားကူးသန်း၊ ကုန်သွယ်မှုဦးစီးဌာနတွေမှာ ပြင်ဆင်ချက်လျှောက်ထားနိုင်တယ်"ဟု ကားတင်သွင်းသူ ကိုဝင်းကိုက ပြောသည်။ ■

ကုန်စည်စျေးနှုန်း

ရန်ကုန်

ရွှေ(တစ်ကျပ်သား)	ကျပ်	၇၃၇,၀၀၀
ဆီစျေးနှုန်း(တစ်ပိဿာနှုန်း)		
ပဲဆီ	ကျပ်	၄,၂၀၀
စားအုန်းဆီ	ကျပ်	၁,၄၃၀
နှမ်းဆီ	ကျပ်	၃,၇၀၀
ဆန် (တစ်ပြည်)		
ပေါ်ဆန်း(ရှယ်)	ကျပ်	၁,၅၀၀
တောင်ပြန်(ရှယ်)	ကျပ်	၁,၂၀၀
ဧည့်မထ	ကျပ်	၈၀၀
အသားစျေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်	ကျပ်	၅,၀၀၀
ဝက်သား	ကျပ်	၆,၀၀၀
အမဲသား	ကျပ်	၄,၀၀၀
ဆိတ်သား	ကျပ်	၈,၀၀၀
ကြက်သွန်ဖြူ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၇၅၅-၆၀၀
ကြက်သွန်နီ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၈၆၀ - ၅၅၀
စက်သုံးဆီစျေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၃,၇၀၀
ဒီဇယ်	ကျပ်	၃,၉၀၉

မန္တလေး

ရွှေ (တစ်ကျပ်သား)	ကျပ်	၇၄၃,၅၀၀
ဆီ(သန့်)		
ပဲဆီ	ကျပ်	၃,၂၅၀
စားအုန်းဆီ	ကျပ်	၁,၅၁၀
နှမ်းဆီ	ကျပ်	၃,၇၂၅
သန့်စင်ပြီးဆန် (တစ်တင်းခွဲဆိတ်)		
ပေါ်ဆန်း	ကျပ်	၃၈,၀၀၀
မနော	ကျပ်	၃၀,၀၀၀
မဂျမ်းတော	ကျပ်	၃၆,၀၀၀
အသားစျေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်(စီပီ)	ကျပ်	၄,၀၀၀
ကြက်(မြန်မာ)	ကျပ်	၅,၀၀၀
ဝက်သား	ကျပ်	၆,၀၀၀
ဆိတ်သား	ကျပ်	၇,၀၀၀
ကြက်သွန်ဖြူ (ပွဲခုံစျေးနှုန်း)		
ရှမ်းကြက်သွန်ဖြူ	ကျပ်	၁,၉၅၀ - ၄၀၀
ကြက်သွန်နီ (လက်ကား)		
အမြင့်/အနိမ့်	ကျပ်	၅၀၀ - ၃၅၀
စက်သုံးဆီစျေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၀၀၀
ဒီဇယ်	ကျပ်	၃,၈၀၀

နေပြည်တော်ပျဉ်းမနား

ရွှေ(တစ်ကျပ်သား)	ကျပ်	၇၃၆,၅၀၀
ဆန်(တစ်ပြည်) (အသစ်)		
ပေါ်ဆန်း	ကျပ်	၁,၂၀၀-၁,၀၀၀
လုံးဆန်မွေး	ကျပ်	၁,၃၀၀
မဂျမ်းတော	ကျပ်	၁,၂၀၀
မနောသုခ	ကျပ်	၈၀၀
ဆီ (တစ်ပိဿာနှုန်း)		
မြေပဲဆီ	ကျပ်	၃,၈၀၀
နှမ်းဆီ	ကျပ်	၃,၈၀၀
စားအုန်းဆီ	ကျပ်	၁,၅၅၀
ကြက်သွန်နီ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၆၀၀ - ၄၀၀
ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၁,၂၀၀ - ၁,၀၀၀
တရုတ်ကြက်သွန်ဖြူကြီး		
တစ်ပိဿာ	ကျပ်	၂,၄၀၀
ငရုတ်ခြောက်	ကျပ်	၂,၅၀၀
အသားစျေးနှုန်း (တစ်ပိဿာနှုန်း)		
စီပီကြက်	ကျပ်	၅,၀၀၀
မြန်မာကြက်	ကျပ်	၆,၀၀၀
ဝက်	ကျပ်	၄,၅၀၀
ဆိတ်	ကျပ်	၁၂,၀၀၀
အာလူး (တစ်ပိဿာနှုန်း)		
အကြီး	ကျပ်	၁,၀၀၀
အသေး	ကျပ်	၈၀၀
စက်သုံးဆီစျေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၃၀၀
ဒီဇယ်	ကျပ်	၃,၅၀၀

ရန်ကုန်ကားစျေးကွက်

Toyota Harrier (2.2)	**Pajero**(ဖားပြုပ်)
၁၉၉၉ (၆ဂ)-သိန်း ၂၀၅	၂၀၀၀ (၁ဃ) - ၂၆၅ သိန်း
Toyota Hilux Surfs (SSRG)	**Toyota Belta** - ၁၆၀ သိန်း
၁၉၉၉ သိန်း ၂၆၀	**Suzuki Swift** - သိန်း ၁၃၀
Suzuki R+ - ၇၅ သိန်း	**Honda Fit** - ၁၂၅ သိန်း
Nissan Ad Van - ၁၁၅ သိန်း	**Probox** (၁,၅၀၀ စီစီ) - သိန်း ၁၂၀
Toyota Mark X	(၁,၃၀၀ စီစီ) - ၁၁၅ သိန်း
၂၀၀၄ - သိန်း ၃၃၀	**Honda CRV** သိန်း ၁၈၀
Mark II ရွှေငါး(၁ဃ) ၂၀၀၁- ၂၀၅ သိန်း	

(မတ် ၅ ရက်နေ့ ပေါက်စျေး)





ဂျနီဗာ နိုင်ငံတကာ ကားပြပွဲ

ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် မတ်လ ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ဂျနီဗာ နိုင်ငံတကာကားပြပွဲတွင် Volkswagen Group **နှင့်အတူ ပါဝင်ပြသမည့် စပိန်နိုင်ငံအခြေစိုက်** SEAT, S.A **ကားထုတ်လုပ်ရေးမှ ထုတ်လုပ်သည့်** Seat Leon SC **မော်ဒယ်ကားအသစ်ကို** SEAT **၏ အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌ ဖြစ်သူ** James Muir **က အဆိုပါကားပြပွဲ မတိုင်မီအကြိုတင်ဆက် ရှင်းလင်းပြသနေသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ - အေအက်ဖ်ပီ

ဥရောပမှ အမြတ်အစွန်း တိုယိုတာ စတင်ရရှိလာ

ကျပန်နိုင်ငံ၏ နာမည်ကျော်မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းကြီးတစ်ခုဖြစ်သည့် တိုယိုတာကားကုမ္ပဏီသည် ဥရောပဈေးကွက်တွင် ပြီးခဲ့သည့် ငါးနှစ်ဆက်တိုက် အကျိုးအမြတ်မရဘဲရှိခဲ့ရာမှ ယခု ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် အမြတ်အစွန်းစတင်ရရှိလာကြောင်း ကုမ္ပဏီ၏ ဥရောပဈေးကွက်တာဝန်ခံဖြစ်သူ ဒီဒီယာ လီရွိုင်းက ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာတွင် ပြုလုပ်သည့် နိုင်ငံတကာကားပြပွဲတွင် ပြောသည်။

"၂၀၀၇ ခုနှစ်ကနေစပြီး ပထမဆုံး အကြိမ်အဖြစ် အခုမှ ဥရောပဈေးကွက်မှာ အမြတ်အစွန်းစရတာပါ" ဟု ၎င်းက ပြောသည်။

ယခုဘဏ္ဍာနှစ်၏ ပထမကိုးလအတွင်း အမြတ်ငွေ အမေရိကန်ဒေါ်လာ ၂၇၂ သန်းရခဲ့ကြောင်း တိုယိုတာကုမ္ပဏီက တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

"ကျွန်တော်တို့ရဲ့ မော်တော်ယာဉ် လုပ်ငန်းအနေနဲ့ ဥရောပမှာ အကျိုးမြတ်ပြန်ရလာတော့မှာပါ။ အခုလက်ရှိ ၂၀၁၃ ခုနှစ်ထဲမှာလည်း အမြတ်ထွက်လာဦးမယ်ဆိုတာကို သံသယဖြစ်နေစရာမလိုပါဘူး" ဟု လီရွိုင်းက ပြောသည်။

ဥရောပတိုက်အတွင်းဖြစ် ပေါ်ခဲ့သော စီးပွားရေးအကျပ်အတည်း၏ အကျိုးဆက်ကြောင့် ကြွေးမြီပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပြီး ဥရောပမော်တော်ယာဉ် ဈေးကွက်၏ ခန့်မှန်းခြေရောင်း အားမှာ ယခုနှစ်အတွင်း သုံးရာခိုင်နှုန်း အထိ ကျဆင်းခဲ့ပြီး စုစုပေါင်းကားအစီးရေ ၁၁ ဒသမ ၅ သန်းသာရောင်းချခဲ့ရသည်။ အဓိကဝယ်လက်ဖြစ်သော ရုရှား ဈေးကွက်အတွင်း ဝယ်လိုအားလည်း ကျဆင်းခဲ့သည်။

တိုယိုတာသည် မော်ဒယ်သစ်ကားများအဖြစ် Hybrid ကားများကို အသားပေးထုတ်လုပ်ကာ ဈေးကွက်အတွင်း ဖြန့်ချိမှုကိုလည်း မြှင့်တင်သွားရန် ပြင်ဆင်လျက် ရှိသည်။

တိုယိုတာအနေဖြင့် ၂၀၁၅ ခုနှစ်အထိ ဥရောပဈေးကွက်တွင် မော်တော်ယာဉ် အစီးရေတစ်သန်းအထိ ရောင်းချရန် ကြိုတင်ရည်မှန်းထားကြောင်း လီရွိုင်းက ပြောသည်။

အေအက်ဖ်ပီ

(တင်မိုးအောင် ဘာသာပြန်သည်)

မိုးသွေးရောင်းအားများ ဆက်တိုက်ကျဆင်းလာ

စမ်းယမင်းဇေအောင်

ပြီးခဲ့သည့် နှစ်များအတွင်း ရောင်းအား ဆက်တိုက်ကျဆင်းခဲ့သော မိုးသွေးဈေးကွက်တွင် ယခုနှစ်ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ခါ မိုးသွေးအဝင်နည်းလာခြင်းကြောင့် ဈေးအနည်းငယ်ပြန်တက်လာခဲ့ကြောင်း မိုးသွေးလုပ်ငန်းရှင်များက ပြောသည်။

"မိုးသွေးလုပ်ငန်းက အရင် လေး၊ ငါးနှစ်ကဆိုရင် တစ်ရက်ကို ၁၀ သိန်းကျော်လောက် ရောင်းရတယ်။ နောက်ပိုင်း လျှပ်စစ်မီးတွေ မှန်လာပြီး မီးသွေးအစားထိုးသုံးစွဲမှုတွေများလာတော့ တစ်ရက်ကို ငါးသိန်းဖိုးလောက်ပဲရောင်းရပြီး ၂၀၁၂ ခုနှစ် ၁ လ ပိုင်းလောက်ကစပြီး တစ်ရက်ကို တစ်သိန်းခွဲဖိုးလောက်ပဲ ရောင်းရတော့တယ်" ဟု အလုံမြို့နယ်မှ မီးသွေးဒိုင်ပိုင်ရှင် ဦးဉာဏ်စိုးက ပြောသည်။

ယခုလက်ရှိတွင် ဖေဖော်ဝါရီလ ၁၀ ရက်နေ့လောက်မှစ၍ မီးသွေးအချိန်တစ်ဆယ်ဝင်တစ်အိတ်ကို လက်ကားဈေးကျပ် ၂၉၀၀ မှ ၃,၁၅၀ အထိဈေးတက်လာခဲ့ကြောင်း ၎င်းက ပြောသည်။

"မီးသွေးက မိုးတွင်းမှာ ဖုတ်ရတာခက်တဲ့အတွက် မိုးတွင်းကျထုတ်ရောင်းဖို့ကို နွေရာသီမှာကတည်းက လျှောင်ထားရတော့ သင်္ကြန်နားနီးလာရင် ဈေးနည်းနည်းတက်တယ်။ နောက်ပိုင်းမှာလည်း ထပ်တက်မယ်လို့ ထင်တယ်" ဟု ၎င်းက ပြောသည်။

မီးသွေးများကို ပြည်မြို့တစ်ဖက်ကမ်း အနောက်ဖို့နမကိုအခြေခံကာ ထုတ်လုပ်ခြင်းဖြစ်ပြီး ပန်းတောင်း၊ ကြံခင်း၊ ပဲခူး၊ ရှမ်းပြည်နှင့် မြိတ်မြို့တို့မှ မီးသွေးအဓိက ထွက်ပြီး ယခုအခါ သစ်ဈေးများ ကောင်းနေ၍ မီးသွေးဖုတ်သူနည်းပါးလာပြီး သစ်ခုတ်လုပ်ငန်း လုပ်ကိုင်သူများလာကာ မီးသွေးအထွက်နည်းနေကြောင်း ဦးဉာဏ်စိုးက ပြောသည်။

"အခုလဆန်းပိုင်းလောက်ကစပြီး မီးသွေးက အဝင်နည်းနေတယ်။ ကြံခင်းဘက်ကလည်းအဝင်နည်းနေပြီး ပဲခူးဘက်ကဆို မဝင်သေးဘူး" ဟု မီးသွေးဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးခင်ဆောင်က ပြောသည်။

ယခုအခါ မီးသွေးဆိုင်များမှဝန်ထမ်းများသည်လုပ်ငန်းကျွမ်းကျင်လာသည့် အခါ ဆိုင်ခွဲထွက်မှုများရှိသဖြင့် မီးသွေးဆိုင် အရေအတွက်လည်း ပိုများလာကြောင်း ၎င်းက ပြောသည်။

"လျှပ်စစ်မီးမလာလို့လည်း ပိုရောင်းရတာမျိုးတော့ မရှိဘူး။ ပုံမှန်ပါပဲ။ ပုံမှန်ဖောက်သည်တွေနဲ့ပဲ ရောင်းနေရတာပဲ။ ဂက်စ်အိုးတွေဝင်လာပြီးကတည်းက အရောင်းပါးလာတော့ မီးသွေးအလုပ်ကိုပဲ ဇောက်ချပြီးလုပ်နေလို့ မရတော့ဘူး" ဟု ရှင်းလမ်း ခွဲဈေးမှ မီးသွေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုလက်ရှိတွင် လက်လီဈေးအနေဖြင့် မီးသွေးအသန့်တစ်ပိသာလျှင် ကျပ် ၅၀၀ နှင့် အချိန်တစ်ဆယ်အိတ် တစ်အိတ်လျှင် ကျပ် ၄,၀၀၀ ဈေးရှိကြောင်း ၎င်းက ပြောသည်။

"ဂက်စ်ကသုံးရတာလည်းပို အဆင်ပြေတယ်။ တစ်ခါသုံးတွေလည်းရှိသလို အိုးနဲ့လည်း ထည့်ထားပြီးတော့ သုံးလို့ရတယ်။ မီးသွေးသုံးရင် တိုက်ခန်းလည်း ညစ်ပတ်ပြီး မီးခိုးငွေ့လည်း တအားထွက်တယ်။ ဈေးကလည်း သိပ်မကွာတော့ နည်းနည်းပိုတတ်နိုင်တဲ့သူတွေက ဂက်စ်ပဲသုံးတာများတယ်" ဟု အိမ်ရှင်မတစ်ဦးက ပြောသည်။ ■



မာစတာကတ် အသုံးပြုနိုင်သည့် POS စနစ်သုံး ငွေပေးချေစက်အား မိတ်ဆက်ပြသစဉ်။ ဓာတ်ပုံ - ဘူးသီး

မာစတာကတ်ကို ပြည်တွင်းရောင်းဝယ်မှုတွင် စသုံး

ဇော်ဝင်းသန်း

မြန်မာနိုင်ငံ၌ မာစတာကတ်အသုံးပြုပြီး Point-of-Sale (POS) စနစ် ငွေပေးချေမှုအား ပြည်တွင်း ရောင်းဝယ်၊ ဝန်ဆောင်မှုလုပ်ငန်း ရှုစုခုတွင် မတ်လ ၄ ရက်နေ့မှ စတင်ကာ အသုံးပြုနိုင်ပြီဖြစ်ပြီး ယခုနှစ် မကုန်မီ ရောင်းဝယ်လုပ်ငန်း ၅၀၀ ကျော် အထိ တိုးချဲ့သွားမည်ဟု မာစတာကတ်မှ တရားဝင် ထုတ်ပြန်ကြေညာသည်။

မာစတာကတ်ဖြင့် ပထမဆုံး ငွေပေးချေမှုအား အမျာပိုင် ဈေးနှုန်းသက်သာလေကြောင်းလိုင်းဖြစ်သည့် ရွှေမြန်မာလေကြောင်းတွင် အဆိုပါနေ့က စတင်ခဲ့ခြင်းဖြစ်ပြီး အခြားစီးပွားရေးလုပ်ငန်းများဖြစ်သည့် Orchid ဟိုတယ်၊ ဟိုတယ် ၇ မိုင်၊ နယူးစကားရွှေဆိုင်၊ နန္ဒဝန် ကျောက်မျက်ရတနာ၊ မြင့်ကောင်း ကျောက်မျက်ရတနာနှင့် လက်မှုပစ္စည်း လုပ်ငန်း၊ မြန်မာ VES ကျောက်မျက်ရတနာ၊ စိန်ဝင်းနှင့် ရောင်ရင်းများနှင့် ရွှေမြန်မာ လေကြောင်းလိုင်းတို့တွင် ယင်းစနစ်ဖြင့် ငွေပေးချေနိုင်ပြီဖြစ်သည်။

မကြာမီ မြန်မာနိုင်ငံရှိ ဟိုတယ်များ၊ လက်လီ အရောင်းဆိုင်များနှင့် စားသောက်ဆိုင်များပါဝင်သည့် လုပ်ငန်း ၅၀၀ ကျော်တွင် ကတ်ဖြင့်ငွေပေးချေမှုအား ယခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု မာစတာမှ တာဝန်ရှိသူက ပြောကြားသည်။

ထို့ပြင် ယခုငွေပေးချေမှု ဝန်ဆောင်မှုအား လတ်တလော ပြည်တွင်းဘဏ်ဖြစ်သည့် စီဘီဘဏ်နှင့် ကနဦး စတင်ခဲ့ခြင်းဖြစ်ပြီး မကြာမီ အခြားပြည်တွင်းဘဏ်များနှင့်လည်း ချိတ်ဆက်လုပ်ကိုင်သွားမည်ဖြစ်သည်။

မာစတာကတ်၏ အင်ဒိုချိုင်းနားနိုင်ငံများဆိုင်ရာ အကြီးတန်းမန်နေဂျာ မစ္စတာ အန်ထော်နီက POS စနစ်ဖြင့် လက်ခံခြင်းသည် ရောင်းဝယ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းများအတွက် များစွာ အဆင်ပြေကြောင်း ပြောကြားသည်။

"ခရီးသွားဧည့်သည်အဝင် တိုးတက်များပြားလာပါတယ်။ နောက် စီးပွားရေးလုပ်ငန်းအသစ်တွေ ပေါ်ထွက်လာတဲ့အတွက် ဒီစနစ်က အလွယ်ကူဆုံး ငွေပေးချေမှုနည်းလမ်းသာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မကြာမီ ဆက်လက်တပ်ဆင်မည့် လုပ်ငန်းများမှာ Myanmar Life ဟိုတယ်၊ City Star ဟိုတယ်၊ Summit Parkview ဟိုတယ်၊ Avenue 64 ဟိုတယ်နှင့် အခြားကျောက်မျက်ရတနာဆိုင် ကိုးဆိုင်ခန့် ဖြစ်သည်။ ■

The Myanmar Times
Property
နိုင်ငံတကာ ■ မြန်မာတွင်း
သောကြာနေ့၊ မတ် ၈ – ၁၄၊ ၂၀၁၃

ရန်ကုန်မြို့တော်ရှိ လမ်းများအားလုံးကို ယခုနှစ်မတ်လကုန် အပြီးသတ် အဆင့်မြှင့်တင် တိုးချဲ့သွားမည်ဟုသိရ

ထားထားဝင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ လမ်းနှင့် တံတားဌာနမှ ရန်ကုန်မြို့တော်တစ်ဝန်းရှိ လမ်းများကို အဆင့်မြှင့်တင် တိုးချဲ့လျက်ရှိရာတွင် ယခုနှစ် မတ်လကုန် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းနှင့်တံတားဌာနမှ executive engineer ဦးတင်ထွန်းဦးက မြန်မာတိုင်း(မ်)သို့ ဖေဖော်ဝါရီနေ့က်ဆုံးပတ်တွင် ပြောကြားခဲ့သည်။

"ရန်ကုန်မြို့တော်စည်ပင်ကနေ လက်ရှိအချိန်မှာ အဆင့်မြှင့်တင်ပြုပြင်နေတဲ့ လမ်းတွေက ဗိုလ်ချုပ်လမ်း၊ ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဗိုလ်အောင်ကျော်လမ်း၊ သံသုမာလမ်း၊ ဝဇယန္တာလမ်း၊ ဗိုလ်မှူးဗထူးလမ်းနဲ့ အောက်မင်္ဂလာဒုံလမ်းမကြီးတွေဖြစ်ပါတယ်။ အခုဆောင်ရွက်နေတဲ့ အဆင့်မြှင့်တင်တဲ့ စီမံကိန်းတွေကို ၂၀၁၂ ဩဂုတ်လက စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး ၂၀၁၃ မတ်လကုန်မှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိအဆင့်မြှင့်တင်နေတဲ့ လမ်းတွေထဲက ဗိုလ်ချုပ်လမ်း၊ ဗိုလ်အောင်ကျော်လမ်းနဲ့ ပန်းဆိုးတန်းလမ်းတွေအတွက် ကျပ်သိန်း ၅,၀၀၀ သုံးစွဲသွားမှာဖြစ်ပါတယ်။ ဒီထဲမှာ လမ်းတိုးချဲ့ခြင်းအပါအဝင် ကားပါကင်အတွက်လည်း ထည့်သွင်းဆောင်ရွက်ထားပါတယ်"ဟု ဦးတင်ထွန်းဦးက ပြောကြားခဲ့သည်။

ၾကားနာပွဲတွင် ဗိုလ်ချုပ်လမ်း အဆင့်မြှင့်တင်ခြင်းတွင် ဗိုလ်ချုပ်လမ်းတည်ရှိရာ မြို့နယ်များဖြစ်သည့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော် စသည့်မြို့နယ်များပါဝင်ပြီး ဗိုလ်အောင်ကျော်လမ်း အဆင့်မြှင့်တင်ခြင်းအပိုင်းတွင် ကမ်းနားလမ်းနှင့် ကုန်သည်လမ်းကြားရှိ လမ်းဧရိယာများ ပါဝင်သည်။ ပန်းဆိုးတန်းလမ်း အဆင့်မြှင့်တင်တိုးချဲ့မှုမှာ ကျောက်တံတားမြို့နယ်အတွင်းရှိ ပန်းဆိုးတန်းဧရိယာတစ်ဝိုက်တွင် ဖြစ်သည်။

ရန်ကုန်မြို့တွင်း ယာဉ်သွားလာမှုအဆင်ပြေ လွယ်ကူချောမွေ့စေရန်နှင့် လုံလောက်သော သတ်မှတ်ကား ပါကင်ဧရိယာ ရရှိစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း လည်း ၎င်းကပြောကြားခဲ့သည်။

"ရန်ကုန်မြို့ကလမ်းတွေ အဆင့်မြှင့်တင်ပြုပြင်ရတဲ့ ရည်ရွယ်ချက်ကတော့ ယာဉ်သွားလာမှုတွေ လွယ်ကူချောမွေ့စေဖို့နဲ့ စနစ်ကျတဲ့ကားရပ်နားနေရာတွေ ရှိလာအောင် လမ်းတွေကို အဆင့်မြှင့်တင် တိုးချဲ့ရတာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောရှုပ်ထွေးကျပ်တည်းမှု၊ ယာဉ်သွားလာရခက်ခဲမှုတွေ ပြေလျော့သက်သာစေဖို့လည်း ပါဝင်ပါတယ်၊ အထူးသဖြင့်မြို့ထဲဧရိယာတွေမှာပေါ့" ဟု ၎င်းကပြောသည်။

၎င်းကဆက်လက်၍ ရန်ကုန်မြို့တော်ရှိ လမ်းများတိုးချဲ့ခြင်းကို ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင်သာမက ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင်ပါ ဘတ်ဂျက်ခွဲဝေရရှိမှုပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဟုလည်း ရှင်းပြခဲ့သည်။

အလုံသစ်တောဝိုင်းမှ ဗိုလ်တထောင်သန်လျက်စွန်းအထိ ပါဝင်သော အရှည် ပေ ၁၈,၄၀၀ ရှိသော ကမ်းနားလမ်းတိုးချဲ့ခြင်းအပိုင်းကို နောင်နှစ်ဘဏ္ဍာနှစ်တွင်ပါ ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

"ရန်ကုန်မြို့တော်စည်ပင်က ဦးဆောင်ပြီး ရန်ကုန်မြို့တွင်းလမ်းတိုးချဲ့တာတွေကို ဆောင်ရွက်တာတွေက ယာဉ်ကြောကျပ်တည်းမှုကို အတိုင်းအတာတစ်ခုထိ



ကမာရွတ်မြို့နယ်အတွင်းရှိ အင်းလျားလမ်းအဆင့်မြှင့်တင်တိုးချဲ့နေမှု ဆောင်ရွက်နေပုံကို ဖေဖော်ဝါရီလကုန်ပိုင်း၌ တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

ပြေလျော့သွားနိုင်မှာပါ။ ဗိုလ်ချုပ်လမ်းပေါ်မှာရှိတဲ့ လသာ(၂) ကျောင်းရှေ့မှာဆိုရင် လမ်းမချဲ့ခင်က ယာဉ်ကြောပိတ်ဆို့ကြန့်ကြာမှုအရမ်းဖြစ်ခဲ့ပေမယ့် အခုအချိန်မှာဆိုရင် အရမ်းကြီးရှုပ်ထွေးကြန့်ကြာမနေတော့ပါဘူး။ ရန်ကုန်မြို့တော်စည်ပင်အနေနဲ့ လာမယ့် ဘဏ္ဍာနှစ်မှာလည်း ဘတ်ဂျက်ရရှိတဲ့အပေါ် မူတည်ပြီး ရန်ကုန်တစ်မြို့လုံး အတိုင်းအတာနဲ့ လမ်းတွေကို အဆင့်မြှင့်တင် တိုးချဲ့သွားမှာဖြစ်ပါတယ်" ဟုလည်း executive engineer ဦးတင်ထွန်းဦးက ထပ်ဆင့်ရှင်းလင်းပြောဆိုခဲ့သည်။

"လမ်းတွေကို အဆင့်မြှင့်တင်တိုးချဲ့လိုက်တာက



မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနမှ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်ကတည်းက ငှားရမ်းသုံးစွဲခဲ့သည့် အဆောက်အအုံများဖြစ်သော ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ၊ အမှတ်(၇၇/၉၁)အဆောက်အအုံနှင့် ဘဏ်လမ်းရှိ လေးထပ်အဆောက်အအုံများအား ပြန်လည်လွှဲအပ်ပေးရန်အတွက် WAQF **အဖွဲ့က တောင်းဆိုထားကြောင်း သိရသည်။ အထက်ပါငှားရမ်းခကို ဆူးလေဘုရားလမ်းပေါ်ရှိ အဆောက်အဦးဖြစ်သည်။** ဓာတ်ပုံ - အောင်ဌေးလှိုင်

Yangon Mega Expo 2013 မတ် ၃၀ မှ ဧပြီ ၂ ရက်အထိ အမ်စီစီခန်းမ၌ ကျင်းပမည်

ထားထားခင်

Dagon Exhibition Limited မှ ကြီးမှူးကျင်းပမည့် "Yangon Mega Expo 2013"ကို မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (Myanmar Convention Centre-MCC) ခန်းမ၌ မတ်လ ၃၀ ရက်မှ ဧပြီ ၂ ရက်နေ့ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အတာသင်္ကြန်အကြို မဟာရန်ကုန်ကုန်စည်ပြပွဲ ၂၀၁၃ တွင် ဆောက်လုပ်ရေးပစ္စည်းများ၊ automobile၊ electronics၊ မိုဘိုင်းဖုန်းများ၊ heavy machinery နှင့် consumer products များကို အဓိကထား ပြသသွားမည်ဖြစ်ပြီး ခန်းမအတွင်းပိုင်းတွင် ဆိုင်ခန်းပေါင်း ၈၀ နှင့် ခန်းမအပြင်ဘက်တွင် ၁၀၀ နီးပါးခန့် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

လေးရက်ကြာပြပွဲတွင် တန်ဖိုးနည်းအိမ်ရာ၊ မိုဘိုင်းဖုန်းနှင့် ကားများကို ဈေးသက်သက်သာသာဖြင့် ဝယ်ယူနိုင်အောင် ရည်ရွယ်ပြီး တန်ဖိုးနည်းအိမ်ရာများအတွက် Father Land နှင့် ရွှေတောင်ကုမ္ပဏီတို့ကို ဖိတ်ခေါ်ထားကြောင်းလည်း Dagon Exhibition Limited မှ Assistant Marketing Manager ကိုနေလင်းထိုက်က ပြောသည်။

ယခုပြပွဲတွင် လာရောက်သူများ ကြည့်ရှုလေ့လာနိုင်ရန် Job Fair နှင့် သက်ဆိုင်သည့် ဆိုင်ခန်းများကိုလည်း ထည့်သွင်းပြသသွားမည်ဟုလည်း သိရသည်။

"Job Fair နဲ့ဆိုင်တဲ့ဆိုင်ခန်းတွေကို MCC ခန်းမရဲ့ အပေါ်ထပ်မှာ သီးသန့်ပြသသွားမှာဖြစ်ပါတယ်၊ ဝန်ထမ်းခန့်တာ၊ ဝန်ထမ်းရှာဖွေချင်တဲ့ ကုမ္ပဏီတွေအတွက် အဆင်ပြေအောင် expo နဲ့တွဲလုပ်ပေးထားတာဖြစ်ပါတယ်"ဟု ကိုနေလင်းထိုက်က ပြောသည်။

ယခုပြပွဲတွင် ထူးခြားချက်အနေဖြင့် www.yangonmegaexpo.com အမည်ဖြင့် ဝက်ဘ်ဆိုက်လွှင့်တင်သွားမည်ဖြစ်ပြီး ပထမဦးဆုံး online registration လုပ်သူအယောက် ၃၀၀ အတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သွားမည်ဟုလည်း သိရသည်။

ထို့ပြင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သင်္ကြန်မိုးဇာတ်ကားကြီးကို ပုံဖော် ရိုက်ကူးခဲ့သူ အကယ်ဒမီငါးထပ်ဆင့်ဆု ရုပ်ရှင်ဒါရိုက်တာ မောင်တင်ဦး စီစဉ်သည့် "Heart of Art" Performance & Art Creation Group မှ ရုပ်ရှင်နှင့် ကြော်ငြာသရုပ်ဆောင်ပြိုင်ပွဲ New Faces Contest 2013 ကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်လိုသူများ ဦးညီညီမြင့်အောင်၊ အမှတ် ၁၉/ဘီ၊ စံရိပ်ငြိမ်လမ်း၊ လှည်းတန်း၊ ကမာရွတ်သို့ ၂၀-၃-၂၀၁၃ နောက်ဆုံးထားဆက်သွယ်လျှောက်ထားရမည်ဖြစ်သည်။ New Faces Contest 2013 ပြိုင်ပွဲ ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သိန်း၊ တတိယဆု ကျပ်ငါးသိန်း ချီးမြှင့်မည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ အိမ်ရာအဆောက်အအုံအရောင်းပြခန်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အရည်အသွေးအဆင့်မီ အိမ်သုတ်ဆေးများ၊ စက်မှုလက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ အီလက်ထရွန်းနစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စာရေးကိရိယာများ၊ ပြည်တွင်းပြည်ပမှ ဆေးဝါးများ၊ အလှကုန်နှင့် ဆက်စပ်ပစ္စည်းများ၊ အဝတ်အထည်နှင့် ဖက်ရှင် အသုံးအဆောင် ပစ္စည်းများ စသည်တို့ ကျယ်ပြန့်စွာ ဈေးကွက်ထိုးဖောက်နိုင်စေရန် ရည်ရွယ်ကျင်းပသည့် ပြပွဲဖြစ်သည်။ မော်တော်ယာဉ်နှင့် ပတ်သက်သည့် ပြခန်းများလည်းပါရှိပြီး ကားနှင့်ပတ်သက်၍ ကားရေရှည်ကြိုခိုင်အောင် ထိန်းသိမ်းပြုပြင်သည့် ပြခန်းများ အထူးပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။ ■





MYANMAR
CONSTRUCTION INDUSTRY
DIECTORY
[illegible]

တစ်ပတ်အတွင်း အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

အုတ်			
၅၅၅-(လက်အုတ်)	တစ်လုံး	၇၅	ကျပ်
ကွန်ကရစ်အုတ်	တစ်လုံး	၇၃	ကျပ်
၈-ပေါက်အုတ်	တစ်လုံး	၁၀၅	ကျပ်
ဘီလပ်မြေ			
SCG-Elephant	တစ်အိတ်	၅,၈၀၀	ကျပ်
သွပ်			
Super Star ကြယ်စိမ်း	၁ ပေ	၄၂၈	ကျပ်
ဆင်တံဆိပ် (အထူ)	၁ ပေ	၂၆၀	ကျပ်
ဆင်တံဆိပ် (အပါး)	၁ ပေ	၂၅၀	ကျပ်
Colour Steel			
အထူ 0.3 mm	၁ ပေ	၅၃၀	ကျပ်
အထူ 0.32 mm	၁ ပေ	၇၀၀	ကျပ်
အထူ 0.34 mm	၁ ပေ	၇၅၀	ကျပ်
သဲနှင့် ကျောက်အမျိုးမျိုး			
ကျောက်	၁ ကျင်း	၆၂,၀၀၀	ကျပ်
သဲ (ကြမ်း)	၁ ကျင်း	၈,၀၀၀	ကျပ်
သဲ (နု)	၁ ကျင်း	၆,၀၀၀	ကျပ်
အထပ်သား			
(၅)ထပ်သား (အကြမ်း)	၈ ပေ × ၄ ပေ	၇,၂၀၀	ကျပ်
(၅)ထပ်သား (အချော)	၈ ပေ × ၄ ပေ	၈,၃၀၀	ကျပ်
(၃) ထပ်သား (အကြမ်း)	၈ ပေ × ၄ ပေ	၄,၀၀၀	ကျပ်
(၃) ထပ်သား (အချော)	၈ ပေ × ၄ ပေ	၄,၃၀၀	ကျပ်

*ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

Yangon : 554 774, 559 768, Fax : 554 774
Mandalay : 09-910 23733, 910 24733



ဟောင်ကောင်မြို့ရှိ သေးငယ်သော လူနေတိုက်ခန်းတွင် ညစာစားသုံးလျက်ရှိသော လူတစ်ဦးကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့က အပေါ်စီးမှ မြင်တွေ့ရစဉ်။ ဟောင်ကောင်အစိုးရအနေဖြင့် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က လူလတ်တန်းစားနှင့် ဆင်းရဲသားများ အရေအတွက် မြင့်တက်လာမှုအပေါ် အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်သွားမည်ဟု ကြေညာခဲ့သည်။ လေ့လာဆန်းစစ်သူများက ၂၀၁၃ ခုနှစ်တွင် အသုံးပြုမည့် အစိုးရအသုံးစရိတ်ဘက်ဂျက်မှာ အိမ်ခြံမြေစရိတ်များ မြင့်တက်လာသော ဟောင်ကောင်မြို့တွင် လူလတ်တန်းနှင့် ဆင်းရဲသားလူတန်းစားများအတွက် အနည်းအကျဉ်းမျှသာ အထောက်အပံ့ပေးနိုင်ကြောင်း သုံးသပ်သည်။ ဟောင်ကောင်၏ အိမ်ခြံမြေဈေးများမှာ ၂၀၀၉ ခုနှစ်မှစတင်ကာ နှစ်ဆမြင့်တက်ခဲ့ခြင်းကြောင့် သာမန်မြို့နေလူထုအတွက် အခက်တွေ့စေခဲ့ပြီး စုစုပေါင်း လူတစ်သိန်းခန့်မှာ ကျဉ်းကျပ်သော တိုက်ခန်းများတွင် ပြွတ်သိပ်စွာ ဖြစ်သလိုနေထိုင်ခဲ့ရသည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ရန်ကုန်မြို့တော်ရှိ လမ်းများအားလုံးကို ယခုနှစ်မတ်လကုန် အပြီးသတ်အဆင့်မြှင့်တင် . . .

စာမျက်နှာ ၂၉ မှ

“အထူးသဖြင့် မနက် ၁၀ နာရီနဲ့ ညနေ ၄ နာရီနောက်ပိုင်းမှာ ယာဉ်ကြော ပိုရှုပ်ပါတယ်။ အဲလိုအချိန်တွေဆိုလုပ်ငန်း လုပ်ကိုင်တာကို အထူးသတိထားရပါ တယ်။ ကျွန်တော့်အထင်တော့ လမ်းခွဲ လိုက်တာက ယာဉ်ကြောရှုပ်ထွေးကြန့် ကြာမှုအတွက် ပိုအဆင်ပြေသွားမှာပါ” ဟု ၎င်းကပြောသည်။

ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း တွင် ဆိုင်ဖွင့်လှစ်ထားသူတစ်ဦးကလည်း “လမ်းတွေတိုးချဲ့လိုက်တာက ကောင်း ပါတယ်။ လမ်းကျယ်သွားပြီး ယာဉ်သွား ယာဉ်လာတွေလည်းရှင်းသွားတယ်။ ဘာ ဖြစ်လို့လဲဆိုတော့ အင်းလျားလမ်းဆို တာ ယာဉ်ကြောအရှုပ်ထွေးဆုံး၊ အကျပ် ဆုံးလမ်းထဲမှာ ပါတယ်လို့ပြောနိုင်တယ်။ ကျောင်းခြံနှံ၊ နုံးခြံနှံတွေမှာ အရမ်းကျပ် တယ်။ နောက်ပြီး စိမ်းလန်းစိုပြည်ဘက်မှာ ပွဲရှိတဲ့အခါမှာဆိုလည်း ယာဉ်ကြောရှုပ် ထွေးမှုအရမ်းရှိတယ်။ ဒီတော့ရန်ကုန်မြို့ တော်စည်ပင်က လမ်းတွေ တိုးချဲ့လိုက် တာက ယာဉ်သွားလာမှုအတွက်ရော၊ ကားရပ်နားမှုအတွက်ပါ အဆင်ပြေ မှာ ဖြစ်ပါတယ်”ဟု ၎င်းဆိုင်ရှင်က ပြောသည်။

“ကျွန်တော့်အမြင်ကို ပြောရမယ်ဆို ရင်တော့ လမ်းတိုးချဲ့မှုက အားလုံး အတွက် ကောင်းကျိုးပြုများပါတယ်။ ဒီ အတွက် ဘာအခက်အခဲမှမရှိပါဘူး။ ကိုယ့်ဆိုင်ရှေ့လည်း ကိုယ့်ကားရပ်လို့ ရမှာဖြစ်တဲ့အတွက် နေထိုင်သူတွေ အတွက် အဆင်ပြေမှာဖြစ်ပါတယ်”ဟု ပြောသည်။

တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာ လမ်းမတွင် နေထိုင်သူအသက် ၄၄ နှစ် အရွယ်ရှိ အမျိုးသမီးတစ်ဦးကလည်း ရန်ကုန်မြို့တော်စည်ပင်အနေဖြင့် လမ်း များတိုးချဲ့လိုက်ခြင်းကြောင့် ကောင်းကျိုး ပိုမိုရရှိမှာဖြစ်ကြောင်း မြန်မာတိုင်း(မဲ)သို့ ပြောကြားခဲ့သည်။ ■



ခေတ်မီလှပတဲ့ ကြိမ်ထည်အသုံးအဆောင်များ

ခေတ်မီလှပပြီး နေရာတိုင်းမှာ အသုံးဝင်မယ့် အလှဆင် ကြိမ်ထည်ပစ္စည်းများ

ဒီတစ်ပတ်အတွက်တော့ အိမ်တွင်းအိမ်ပြင်ရော၊ ဟိုတယ်နဲ့ ရုံးခန်းတွေမှာပါ အလှဆင်နိုင်မယ့် ကြိမ်ထည်ပစ္စည်းလေးတွေနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဒီပစ္စည်းလေးတွေကို အသုံးပြုပြီး ကိုယ့်စိတ်ကြိုက်အလှဆုံးပြင်ဆင်နိုင်မှာပါ။



၁။ ဒီပစ္စည်းလေးက Co Co လို့ အမည်ရတဲ့ တစ်ယောက်ထိုင် ဆိုဖာထိုင်ခုံလေးပါ။ ဒီထိုင်ခုံလေးရဲ့ ဒီဇိုင်းက တခြားထိုင်ခုံတွေနဲ့မတူ တစ်မူ ထူးခြားတာမို့ အိမ်မှာ ထားရုံတင် မဟုတ်ဘဲ ဟိုတယ်တွေအပြင် ကုမ္ပဏီ ရုံးခန်းတွေမှာ ပါထားပြီး အသုံးပြုလို့ အဆင်ပြေစေမယ့် ထိုင်ခုံလေးပါ။ ထိုင်ရတာလည်း သက်သောင့်သက်သာ ရှိလှပါတယ်။ **ဈေးနှုန်း – ကျပ် ၃၅၀,၀၀၀ (တစ်ခုံ)။**



၂။ ဒီပစ္စည်းလေးရဲ့ နာမည်ကတော့ twister table လို့ခေါ်ပါတယ်။ ဒီစားပွဲလေးက အလှထားစားပွဲလေးဖြစ်တဲ့အတွက် အိမ်ရဲ့ ဧည့်ခန်းမှာပဲ ဖြစ်ဖြစ်၊ အိပ်ခန်းမှာပဲဖြစ်ဖြစ် အလှဆင်ဖို့ အသုံးပြုမယ်ဆိုရင်တော့ ပြီးပြည့်စုံသွားမှာပါ။ ဟိုတယ်နဲ့ ကုမ္ပဏီရုံးခန်းတွေရဲ့ ဧည့်ခန်းဆောင်မှာလည်း အသုံးပြုရင် အဆင်ပြေမှာပါ။

ဈေးနှုန်း – ကျပ် ၉၅,၀၀၀ (တစ်ခု)။



၃။ ဒီထမင်းစားစားပွဲလေးကိုတော့ vicky table လို့ခေါ်ပြီး အရောင်နှစ်မျိုး ရနိုင်ပါတယ်။ ခဲရောင်နဲ့ အဖြူရောင် ဖြစ်ပြီး ထိုင်ခုံခြုံခုံ ပါဝင်ပါတယ်။ သူ့ကို ကြိမ်အစားထိုး အသားဖြစ်တဲ့ ကော်စေ့နဲ့ ပြုလုပ်ထားတဲ့အတွက် အပူခံနိုင်ပြီး ဆေးကြောရလည်း လွယ်ကူတဲ့အပြင် အိမ်တွင်းရော၊ အိမ်ပြင်မှာပါ နှစ်မျိုးစလုံး အသုံးပြုနိုင်ပါတယ်။ **ဈေးနှုန်း – ကျပ် ၇၅၅,၀၀၀ (တစ်စုံ)။**



၄။ ဒီစားပွဲလေးကတော့ အထူးခြားဆုံး စားပွဲလေးတစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ စားပွဲခြေထောက်တွေကို ဝါးခေါက်ဝါးနဲ့ ပြုလုပ်ထားတဲ့အတွက် ဒီဇိုင်းရဲ့အသွင်ကဆန်းသစ်လှပါတယ်။ စားပွဲမျက်နှာပြင်ကိုတော့ မှန်ပြားနဲ့ အသုံးပြုထားပါတယ်။

ဈေးနှုန်း – ကျပ် ၃၅၀,၀၀၀ (တစ်ခု)။



၅။ နောက်ဆုံးတစ်ခုကတော့ Round Table လို့ခေါ်တဲ့ ထားမင်းစားစားပွဲလေးပါပဲ။ သူကလည်း အရွယ်အစားနှစ်မျိုးရနိုင်ပြီး ထိုင်ခုံသုံးခုံပါဝင်ပါတယ်။ ကြိမ်အစားထိုးသားနဲ့ ပြုလုပ်ထားပြီး အတွင်းပိုင်းကိုတော့ အလူမီနီယံ ကိုယ်ထည်ကို အသုံးပြုထားပါတယ်။

ဈေးနှုန်း – ကျပ် ၆၀၅,၀၀၀ (တစ်စုံ)။

ဒီပစ္စည်းလေးတွေကို အသုံးပြုချင်လို့ ဝယ်ယူချင်တယ်ဆိုရင်တော့ အမှတ် (၁၉၈)၊ မြေညီထပ်၊ လမ်း(၅၀)အထက်ဘလောက် ပုဇွန်တောင်မြို့နယ်မှာရှိတဲ့ Classic Home ကြိမ်ထည်ပစ္စည်းဆိုင်မှာ ဝယ်ယူရရှိနိုင်ပါတယ်။ ဖုန်း - ၀၁ ၂၉၃၁၄၁၊ ၀၉ ၅၉၂၀၉၂၂။ **မြတ်ဦမိုးအေး** ■



ဒီဇာဘိုတိုက်ရဲ့ စိတ်ကြိုက်လုံးချင်းအိမ်

ဓာတ်ပုံ – supplied

အဆင့်အတန်းမြင့်မြင့် ပြင်ဆင်ထားတဲ့ နေပြည်တော်ဒကွိဏသီရိမြို့တော်က လုံးချင်းအိမ်



ထားထားခင်
အိမ်ခြံမြေစာတည်း

တည်နေရာ-အမှတ် ၂၂၈၇၊ ၁ လမ်းမပေါ်၊ ၄ လမ်းနှင့် F လမ်းကြား၊ ဒကွိဏသီရိမြို့၊ နေပြည်တော်။ **ဈေးနှုန်း** - US$ 5000(အငှား)။ **ဖုန်း**–၀၉-၄၉၂၃၁၉၉၈။ **ဆက်သွယ်ရန်** – ဦးစိုင်းကိုကို (ပိုင်ရှင်) လွိုင်လင်စော်ဘွားကုမ္ပဏီ။

ဒီတစ်ပတ်အတွက် နေပြည်တော်၊ ဒကွိဏသီရိမြို့ရဲ့ တောင်ကုန်းလေပေါ်မှာတည်ရှိတဲ့ တစ်ထပ်တိုက်လေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဒီတိုက်လေးကတော့ ခြံအကျယ်စတုရန်းပေ ၁၀,၀၀၀ (ပေ၁၀၀×ပေ၁၀၀) ရှိပြီး တိုက်အကျယ်ကတော့ စတုရန်းပေ ၂,၇၅၀ (ပေ ၅၀×၅၅ ပေ) ရှိပါတယ်။

တောင်ကုန်းလေးပေါ်မှာ တည်ရှိတဲ့ တစ်ထပ်တိုက်ရဲ့ ခြံထဲကို ဝင်လိုက်ရင်တော့ ပေ ၂၀×၂၂ ပေ ကျယ်ဝန်းတဲ့ ကားနှစ်စီးဆံ့ကားဂိုဒေါင်ကို အရင်ဆုံးတွေ့ရမှာ ဖြစ်ပါတယ်။ ကားဂိုဒေါင်ကို ပေ ၁,၀၀၀ အကွာမှ remote conrtrol နဲ့ ဖွင့်ပိတ်လုပ်နိုင်ပါတယ်။

တိုက်ရဲ့ ဘယ်ဘက်ခြမ်းမှာတော့ ပေ ၂၀×၄၅ ပေ ရေကူးကန်ရှိပြီး ကျောက်စိမ်းပါကေးခင်းထားတာကို တွေ့ရပါတယ်။ ရေကူးကန်ထဲမှာလည်း ကျောက်စိမ်းထည့်ပြီး နံရံကပ်ထားပါတယ်။ တိုက်ရဲ့ ညာဘက်ခြမ်းမှာတော့ ကားသုံးစီးရပ်နိုင်ပြီး ပေ ၃၀×၈ ပေ ကျယ်တဲ့ အလှမွေး ငါးကန်ရှိပါတယ်။

တိုက်ရဲ့ ရှေ့ဘက်မှတော့ ပန်းခြံ၊ သစ်ခွပန်းရုံ၊ ဂျပန်မြက်ခင်းနှင့် ဒန်းလေးရှိပါတယ်။ တိုက်ရဲ့ မျက်နှာစာမှာတော့ ကျောက်စိမ်းတုံးတွေ ကပ်ထားတာကို တွေ့ရပါတယ်။

တိုက်ထဲဝင်လိုက်တာနဲ့ ၁၅ ပေ × ၃၃ ပေ ကျယ်ဧည့်ခန်းရှိပါတယ်။ဧည့်ခန်းရဲ့ ဘေးမှာတော့ လှေကားထစ်တစ်ထစ်သာတက်ရတဲ့ ဘုရားခန်းရှိပါတယ်။ ဘုရားခန်းနဲ့ ဧည့်ခန်းကိုကျောက်စိမ်းအစစ်တွေနဲ့ ခန်းလုံးပြည့်ခင်းထားတာကြောင့် ရတနာစီခြယ်ထားပြီး တော်ဝင်ဆန်တဲ့အပြင် တန်ဖိုးမဖြတ်နိုင်တဲ့ ဧည့်ခန်းတစ်ခုဖြစ်ပါတယ်။

ဧည့်ခန်းကနေ အတွင်းကို ဝင်လိုက်တာနဲ့ ကိုယ်ပိုင်ရုံးခန်းကျယ်ရှိပြီး ကျောက်စိမ်းရေတံခွန်နဲ့ ရေကန်ကိုတွေ့ရမှာဖြစ်တာကြောင့် ရတနာပုံ ခေတ်မီမှန်စီရွှေချထားတဲ့ မတူညီသောရုံးခန်းတစ်ခုရဲ့ အနေတိုနိုင်မှာဖြစ်ပါတယ်။

ရုံးခန်းရဲ့ဘေးမှာ စတီးမှန်နဲ့ ကာရံထားတဲ့ မီးဖိုခန်းနဲ့ ထမင်းစားခန်း ရှိပါတယ်။ မီးဖိုခန်းမှာ aircon ပါရှိပြီး အိပ်ခန်း Master Bedroom က ၂၂ ပေ× ပေ ၃၀ ကျယ်ဝန်းပြီး CCTV၊ AC-နှစ်လုံး၊ အရက်ဘား၊ ဂျာကူဇီ စတာတွေ အပြည့်အစုံထားရှိပါတယ်။ ကျန် အိပ်ခန်းမှာ ၁၅ ပေ × ၁၅ ပေ တစ်ခန်း ဖြစ်ပါတယ်။

အိမ်ရဲ့အနောက်ဘက်မှာတော့ ခြံဝန်ထမ်းတွေသုံးဖို့ ရေချိုးခန်း၊ အိမ်သာတွဲလျက်နှစ်ခန်းရှိပါတယ်။ အိမ်ရဲ့လုံခြုံရေးအတွက် တစ်ခြံလုံးကို CCTV

> **ဘုရားခန်းနဲ့ ဧည့်ခန်းကိုကျောက်စိမ်းအစစ်တွေနဲ့ ခန်းလုံးပြည့်ခင်းထားတာကြောင့် ရတနာစီချယ်ထားပြီး တော်ဝင်ဆန်...”**

ကင်မရာ ရှစ်လုံးနဲ့ ထိန်းချုပ်ထားပြီး မီးဘေးလုံခြုံရေး Fire Alarm၊ အိမ်သုံးမီတာ၊ ပါဝါမီတာ၊ အဲကွန်းခြောက်လုံးပါရှိပါတယ်။ အိမ်မှ ဒကွိဏစျေးသို့ ငါးမိနစ်၊ လယ်ဝေးမြို့သို့ ငါးမိနစ်၊ OAIC ကျောင်းနှင့် အထက ကျောင်းသို့ ငါးမိနစ်၊ ဟိုတယ်ဇုန်သို့ ၁၀ မိနစ်၊ အမြန်လမ်းမမှ ၁၀ မိနစ်၊ လေယာဉ်ကွင်းသို့ မိနစ် ၂၀ သာ သွားရလို့ သွားလာရေးလည်း အလွန်လွယ်ကူပါတယ်။

ကုမ္ပဏီရုံးခန်း၊ ရုံးလုပ်ငန်းနဲ့ နေပြည်တော်မှာ နေမယ့်သူတွေအတွက် ဘာလိုအပ်ချက်မှမရှိတဲ့ အဆင်အပြေဆုံးအိမ်လေးတစ်လုံးဖြစ်ပါတယ်။ အိမ်ထောင်မှုပရိဘောဂအစုံအလင်ဖြစ်တဲ့ ခုတင်၊ ဆိုဖာ၊ ဆက်တီ၊ ပန်းကန် ခွက်ယောက်အစုံအလင်၊ ရေခဲသေတ္တာ စတာတွေအပြင် ခြံလုံခြုံရေးဝန်ထမ်း၊ မာလီအပါအဝင် ရေကူးကန်သန့်ရှင်းရေးဝန်ထမ်း၊ ခြံစောင့်ခွေး သုံးကောင်တို့ကိုပါ အိမ်ဌားရင်ထည့်ပေးမှာဖြစ်ပါတယ်။

ဒါတွေကြောင့် ဌားရမ်းနေထိုင်မယ့်သူတွေအတွက် တစ်လ ဒေါ်လာ ၅,၀၀၀ ပေးရတာက အလွန်တန်တဲ့ အိမ်လေးတစ်လုံး ဖြစ်ပါတယ်။ ■

Classifieds

■ အိမ်ခြံမြေကဏ္ဍ ■ ကွန်ပျူတာနှင့် အိုင်တီ

သောကြာနေ့၊ မတ်လ ၈ - ၁၄၊ ၂၀၁၃

ဘယ်လို ကြော်ငြာရမလဲ

ဖက်စ်နံပါတ်လိုလျှင် – ၉၅၁- ၂၅၄၁၈၈

အီးမေးလ်ပို့လိုလျှင် – classified@myanmartimes.com.mm, advertising@myanmartimes.com.mm

စာတိုက်မှတဆင့် – ၁၀၉ ၃၀၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အီဇေရာမွာကြော်ငြာပို့လျှင်

ခင်မွန်မွန်ရည်- ၉၅၁-၃၉၂၆၄၆၊ ၃၉၂၉၂၈
classified@myanmartimes.com.mm

အိမ်ခြံမြေ (အငှား)

အင်းစိန်/ သဃ်နန်းကျွန်း

(၁) လမ်းမကြီး၊ နေရာကောင်း၊ ၁၅ ပေနှင့် ပေ ၆၀၊ မြေညီ။ ၈-သိန်း။ (၂) မလိခအိမ်ယာ။ duplex,1700 sq.ft, Fully Furnished, ၁၆ သိန်း။ ဖုန်း- ၀၉-၄၂၀၀-၀၆၂၅၆။

ဒဂုံမြို့နယ်

တိုက်ခန်း။ 2035 sq.ft, 1MB,1 B, ပြင်ဆင်ပြီး။ တစ်လ-၈ သိန်း။ ဖုန်း-၀၉-၄၂၀၀-၀၆၂၅၆။

၉ မိုင်

မရမ်းကုန်း၊ ပေ ၆၀ နှင့် ပေ ၁၀၀ ပေါ်တွင် ဆောက်လုပ်ထားသော RCနှစ်ထပ်တိုက်၊ MB-2, SB-1/ Living Room, Family Room, Study room, Shrine, Dining room, Kitchen 2 (Wet & Dry) / Store / Mate room, Garage for 3 Cars, Swimming Pool, Open terrace, Lawn, Landline, phone-2 + ADSL Internet etc. အား အပြန်ငှားမည်။ ဖုန်း- ၆၅၀၂၅၅၊ ၀၉-၄၂၀၀-၀၁၁၀၆။

ကမာရွတ်

အာတီးယားလမ်း၊ Sqft 10000, ပေ ၈၀ နှင့် ပေ ၁၂၀၊ ၂ ထပ် တိုက် ၁ လုံးပါ။ ၁ လ-သိန်း-၅၀။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ကမာရွတ်

(၁)အင်းစိန်လမ်းမ၊ လှည်းတန်းအနီးနေရာကောင်း၊ 34000Sqft ခန့်ရိုးမြက်မ၊ သိန်း-၁၅၀။ (၂) ပြည်လမ်းသွယ်၊ အင်းယားလမ်း မီးပွိုင့်အနီး၊ ပေ ၈၀ ပတ်လည်၊ 2RC,ပြင်ဆင်ပြီး၊ ကားဂိုထောင်ပါ US$ 6,500. (၃) ကမ္ဘောဇလမ်း၊ ပေ ၈၀ ပတ်လည်၊ 2RC,ပြင်ဆင်ပြီး၊ US$ 4,500။ ဖုန်း-၀၉-၄၉၂၀၅-၂၆၄၁။

ကမာရွတ်/ ဗဟန်း/ လှိုင်/ အလုံ

(၁) အင်းယားလမ်းမ၊ ၀.၈ ဂျီ ဇော၊ 2RC (၂) ရွှေရုံတိုင်လမ်းမ၊ ပေ ၈၀ နှင့် ပေ ၉၀၊ 4½ RC (၃) ပြည် လမ်းမ၊ ၆ မိုင်ခွဲ၊ ပေ ၇၀ နှင့် ပေ ၁၀၀၊ 2RC (၄) အလုံလမ်းမ၊ ပေ ၁၁၀ နှင့်ပေ ၁၂၀၊ 2RC. ဖုန်း-၀၉-၇၃၁၀-၅၂၆၆၊ ၀၉-၅၄၀-၆၄၈၂။

လသာ

တရုတ်တန်းတွင် ၇ ထပ်လုံးချင်း တိုက်အသစ်၊ ၂၆ ပေနှင့် ပေ ၆၀၊ ပြင်ဆင်ပြီး။ တာတလော့ကားပါ။ အကျိုးဆောင်မလိုပါ။ ၁ လ-သိန်း ၁၂၀။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ဒဂုံမြို့နယ်

ဗိုလ်ချုပ်အိမ်ခြံသာလမ်းသစ်၊ ၆ လွှာ၊ အိမ်ခန်း ၃ ခန်း၊ ရေချိုးခန်း ၂ ခန်း၊ အဲကွန်း ၂ လုံး၊ ဖုန်း-၀၉-၄၃၀၆-၄၁၆၂။

ဗဟန်း

ရွှေတောင်ကြား-ကမ္ဘောဇလမ်း၊ ပေ ၈၀ နှင့် ပေ ၁၀၀ (2RC)၊ ပေ ၅၀ နှင့် ပေ ၆၀ (4MBR, 1BR, Ph, Generator, Full Furnished, ပါကောင်း၊ ကြွေပြားကပ်)။ US$ 5000. ကိုဝင်းထွန်း-ဖုန်း-၀၉-၄၃၀၃-၁၆၉၉။

ရန်ကင်း

သုခဝတီရှိ နိုင်ငံခြားသားနေရန် လုံးချင်းအိမ်၊ အဆင့်မြင့် ပြင်ဆင်ပြီး။ ကိုနေလင်းဦး-ဖုန်း-၀၉-၄၁၁၁-၀၀၉၉၄။

မရမ်းကုန်း/ တောင်ဥက္ကလာ / တာမွေ

(၁) နဂါးရုံတုရားလမ်း၊ ပေ ၈၀ နှင့် ပေ ၂၀၀၊ 2RC (၂) ဝဇယန္တာ လမ်းမ၊ ပေ ၄၀ နှင့် ပေ ၆၀၊ 4RC (သစ်) (၃) ဦးချစ်မောင်အိမ်ရာ၊ ၂၅ ပေနှင့် ပေ ၆၀၊ 5RC။ ဖုန်း-၀၉-၇၃၁၀-၅၂၆၆၊ ၀၉-၅၄၀-၆၄၈၂။

ဗဟန်း

Orchid City Hall Hotel မှ (၁) မြေညီထပ် တစ်ပေပတ်လည် US$ 5 (၂) ဒုတိယအလွှာနှင့် ကိုးလွှာ၊ တစ်ပေပတ်လည် US$ 3. ဖုန်း-၀၉-၅၀၇-၀၅၉၄၊ ၀၉-၅၀၅၁-၃၀၂၀။

ကမာရွတ်/ ဗဟန်း

(၁) မိုးစက္ခာကွန်ဒို၊ ၁၆၀၀စ-ပေ၊ တစ်လ-၁၃၀၀။ (၂) မင်္ဂလာကွန်ဒို၊ ၁၃၀၀စ-ပေ၊ တစ်လ-၇ သိန်း။ (၃) ပုလဲကွန်ဒို၊ ၁၆၀၀ စ-ပေ၊တစ်လ- ၁၈ သိန်း၊(၄) ရွှေဂုဏ်တိုင် Landmark Tower ၊၁၆၀၀စ-ပေ၊ တစ်လ-၁၀သိန်း။ (၅) ရွှေတောင်ကြား၊ ပေ ၁၀၀ နှင့် ပေ ၇၀၊ 1RC, 1MBR, 3AC၊ တစ်လ-၂၃သိန်း၌။ (၆) ဒဂုံ၊ ယောမင်းကြီးကွန်ဒို၊1MBR, 2BR, Fully furniture, lift. တစ်လ-၂၀သိန်း။ ဖုန်း-၀၉-၅၁၁၀-၆၈၃၉၊ ၅၆၂၃၁။

တာမွေ

Grand Diamond Residence, ၂၄၀၀ စတုရန်းပေ၊ MBR 2, SBR 2 , Ph, 5 AC, Full Fun. ၁၀-သိန်း။ ဖုန်း-၀၉-၄၂၁၀-၈၃၃၂၁။

ဗဟန်း

တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၆ လွှာ၊ အိမ်ခန်း ၃ ခန်း၊ ရေချိုးခန်း ၂ ခန်း၊ အဲကွန်း ၂ လုံး၊ ဖုန်း-၀၉-၄၃၀၆-၄၁၆၂။

ဗဟန်း

ရွှေတောင်ကြား-ကမ္ဘောဇလမ်း၊ ပေ ၈၀ နှင့် ပေ ၁၀၀ (2RC)၊ ပေ ၅၀ နှင့် ပေ ၆၀ (4MBR, 1BR, Ph, Generator, Full Furnished, ပါကောင်း၊ ကြွေပြားကပ်)။ US$ 5000. ကိုဝင်းထွန်း-ဖုန်း-၀၉-၄၃၀၃-၁၆၉၉။

Bahan

KanbawzaRd,GoldenValley, 2 storey building (1110 sqft), 3300 sqft compound with lawn and greenery at backyard, recently painted, fully furnished, spacious living room. 3 bed rooms (1 master) up stairs , 1 bathroom down stair, heater, 3 air-conditions, fridge, gas stove, washing machine. etc. Available from March . Perfect location in town, near to famous amenities. Highly secure, best electricity in town, municipal (gyo- phyu water). More suitable for couples or small family. Asking for $ 2,000. Pls call - 09 5010816 or e mail at : ixora2007@gmail.com.

မိုလ်တထောင်

ပိုင်ရှင်ပြောင်းသောကြောင့် ရောင်းမည်။ ၂ ထပ်ပျဉ်ထောင်၊ ၁၂ ပေနှင့် ပေ ၃၀၊ ရေမီး၊ သိန်း-၁၂၀၊ ဌား-၇ သောင်း။ ဖုန်း-၀၉-၄၂၁၀-၁၄၃၃။

ဟိုတယ်

အမြန်ငှားမည်/ရောင်းမည်။ ဖုန်း-၀၉-၄၂၀၀-၀၆၂၅၆။

မော်ဘီ/ မြောက်ဥက္ကလာ/ ကြည့်မြင်တိုင်

(၁) ရန်ကုန်-မော်ဘီပြည်လမ်းမ၊ ၂.၈ ဂျီ ဇောမြေ (၂) သုခမွေလမ်းမ၊ ပေ ၃၉ နှင့် ပေ ၆၀၊ 8RC, 35 MBR (၃) အောက်ကြည့်ပြင်တိုင် လမ်းမ၊ ပေ ၁၀၀ နှင့် ပေ ၈၀ မြေ၊ ဖုန်း-၀၉-၇၃၀-၅၂၆၆၊ ၀၉-၅၄၀-၆၄၈၂။

ဟိုတယ်

ဗိုလ်ချုပ်နန်ခြံအနီး၊ စားသောက်ဆိုင်ဖွင့်ရန် အသင့်ပြင်ဆင်ပြီး၊ ကားပါကင်ကျယ်၊ အဆောက်အအုံ ၃ ခု၊ စုစုပေါင်းအကျယ် 3000 Sqft. ဖုန်း-၅၄၆၉၅၄။

၁၀ မိုင်

(၁) ခြံ- ပေ ၁၅၀ နှင့် ပေ ၁၂၀၊ အိမ်-ပေ ၁၀၀ နှင့်ပေ ၈၀၊ ၂ ထပ် RC, 5MBR,3BR, 9AC, Ph, Full Furniship. ကားအစီး ၁၀၀ ဆန့်၊ US-$ 600. (၂) ပြည် လမ်းမပေါ်၊ ပေ ၅၀ ပတ်လည်၊ RC ၃ ထပ်၊ တိုက်သစ်၊ 5AC, 2MBR, 2BR. ၁၅ သိန်း။ (၃) မြဝတီမင်းကြီးလမ်း၊ ၅၈ ပေနှင့် ပေ ၁၀၀၊ RC ၂ ထပ်၊ 3MBR, 4AC. ၁၅ သိန်း။ (၄) လေဆိပ် ရိုးသာ၊ ပေ ၂၀၀ နှင့် ပေ ၁၀၀၊ 1RC, 2MBR, 5AC, 2Ph, ခြံ ဝင်းကျယ်။ သိန်း-၂၀။ (၅) လေ ဆိပ်ရိပ်သာ၊ ပေ ၄၀ နှင့် ၁၅ ပေ၊ ပျဉ်ထောင်၊ ရေမီး၊ ၈ သောင်း။ ဖုန်း-၀၉-၄၂၁၀-၁၄၃၃။

အလုံ

နိုင်ငံခြားသားများအတွက် အဆင့်မြင့် ပြင်ဆင်ပြီး၊ River View & Shwedagon Pagoda View Condo. ဖုန်း-၀၉-၅၁၃-၃၉၃၈။

ပုဇွန်တောင်

ရေကျော့လမ်းမ၊ ၁၉ ပေနှင့် ၆၅ ပေ၊ မြေညီ၊ ဟော။ ၈ သိန်း။ ဖုန်း-၁၉-၀၃၂၄-၃၉၈၂၊ ၀၉-၅၀၅၊ ၁၀၅၈။

၈ မိုင်

(၁) Junction 8 အနီး၊ ပေ ၄၀ နှင့် ပေ ၈၀၊ RC ၂ ထပ်၊ M1, B2, 5AC, Ph. US 2500. (၂) Garden Home, ပေ ၆၀ နှင့် ပေ ၈၀၊ M3, B1, 6AC, Ph, RC ၂ ထပ်။ ၁၃ သိန်း။ ဖုန်း-၀၉-၈၅၈-၆၁၀၃။

ငှားလိုသည်

ပြည်လမ်း/ကမ္ဘာအေးဘုရားလမ်း၊

ဆရာစံလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ လမ်းမတန်းများ ငှားလိုသည်။ ဖုန်း-၀၉-၈၆၀၀၁၂၆၊ ၆၈၅၈၅၈။

ဝယ်လိုသည်

အလှေ့ဒဂုံ

ရပ်ကွက် ၆၁၊ ဂိတအစည်းအဝေး၊ အကွက်အမှတ် (၃၁၅၈) လက်ဝယ်ရှိသူထံမှ ဝယ်ယူလိုပါ သည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

၁၀ မိုင်

၂ ထပ်ပျဉ်ထောင်၊ ၁၂ ပေနှင့် ပေ ၃၀၊ ရေမီး၊ သိန်း-၁၂၀၊ ငှား-၇ သောင်း။ ဖုန်း-၀၉-၄၂၀၀-၁၄၃၃။

ဒလ

အတွင်းရှိ မြေကွက်များ ဝယ်ယူလိုပါသည်။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

မြေဂရန်

ရန်ကုန်မြို့အတွင်းရှိ မြေလခစား မြေရှုင်များထံမှ မြေဂရန် သီးသန့် ဝယ်ယူလိုပါသည်။ အကျိုးဆောင် များလည်း ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ပုဇွန်တောင်/ မိုလ်တထောင်

လမ်းသန့်ရှိ ၂၅၅ ပေနှင့် ပေ ၅၀ ရှိ မြေညီထပ်တိုက်ခန်း၊ မစီစဉ်ပြင့် အောင်-ဖုန်း-၀၉-၄၂၁၀-၀၀၉၉၅။

လှိုင်သာယာ

စက်ဖူးမုခ် ၁၊ ၂ တွင် မြေ ၂ ကော အမြန်ဝယ်လိုသည်။ ပိုင်ရှင်ကိုယ် တိုင်ဆက်သွယ်ပါ။ ကိုနိုင်မျိုးဦး- ဖုန်း-၀၉-၄၂၁၀-၁၄၃၃။

အလုံ

နိုင်ငံခြားသားများအတွက် အဆင့် မြင့် ပြင်ဆင်ပြီး၊ River View & Shwedagon Pagoda View Condo. ဖုန်း-၀၉-၅၁၃-၃၉၃၈။

ပုဇွန်တောင်

ရေကျော့လမ်းမ၊ ၁၉ ပေနှင့် ၆၅ ပေ၊ မြေညီ၊ ဟော။ ၈ သိန်း။ ဖုန်း-၁၉-၀၃၂၄-၃၉၈၂၊ ၀၉-၅၀၅၊ ၁၀၅၈။

၈ မိုင်

(၁) Junction 8 အနီး၊ ပေ ၄၀ နှင့် ပေ ၈၀၊ RC ၂ ထပ်၊ M1, B2, 5AC, Ph. US 2500. (၂) Garden Home, ပေ ၆၀ နှင့် ပေ ၈၀၊ M3, B1, 6AC, Ph, RC ၂ ထပ်။ ၁၃ သိန်း။ ဖုန်း-၀၉-၈၅၈-၆၁၀၃။

ငှားလိုသည်

ပြည်လမ်း/ကမ္ဘာအေးဘုရားလမ်း၊

ဆရာစံလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ လမ်းမတန်းများ ငှားလိုသည်။ ဖုန်း-၀၉-၈၆၀၀၁၂၆၊ ၆၈၅၈၅၈။

ဝယ်လိုသည်

အလှေ့ဒဂုံ

ရပ်ကွက် ၆၁၊ ဂိတအစည်းအဝေး၊ အကွက်အမှတ် (၃၁၅၈) လက်ဝယ်ရှိသူထံမှ ဝယ်ယူလိုပါ သည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ဒလ

အတွင်းရှိ မြေကွက်များ ဝယ်ယူလိုပါသည်။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

မြေဂရန်

ရန်ကုန်မြို့အတွင်းရှိ မြေလခစား မြေရှုင်များထံမှ မြေဂရန် သီးသန့် ဝယ်ယူလိုပါသည်။ အကျိုးဆောင် များလည်း ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ပုဇွန်တောင်/ မိုလ်တထောင်

လမ်းသန့်ရှိ ၂၅၅ ပေနှင့် ပေ ၅၀ ရှိ မြေညီထပ်တိုက်ခန်း၊ မစီစဉ်ပြင့် အောင်-ဖုန်း-၀၉-၄၂၁၀-၀၀၉၉၅။

လှိုင်သာယာ

စက်ဖူးမုခ် ၁၊ ၂ တွင် မြေ ၂ ကော အမြန်ဝယ်လိုသည်။ ပိုင်ရှင်ကိုယ် တိုင်ဆက်သွယ်ပါ။ ကိုနိုင်မျိုးဦး- ဖုန်း-၀၉-၄၂၁၀-၁၄၃၃။

အလှေ့ဒဂုံ

ရပ်ကွက် ၆၁၊ ဂိတအစည်းအဝေး၊ အကွက်အမှတ် (၃၁၅၈) လက်ဝယ်ရှိသူထံမှ ဝယ်ယူလိုပါ သည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

၁၀ မိုင်

၂ ထပ်ပျဉ်ထောင်၊ ၁၂ ပေနှင့် ပေ ၃၀၊ ရေမီး၊ သိန်း-၁၂၀၊ ငှား-၇ သောင်း။ ဖုန်း-၀၉-၄၂၀၀-၁၄၃၃။

ဟိုတယ်

အမြန်ငှားမည်/ရောင်းမည်။ ဖုန်း-၀၉-၄၂၀၀-၀၆၂၅၆။

ရန်ကုန် (အရောင်း)

၁၀မိုင်

ပြည်လမ်းသွယ်၊ ခြံကျယ်။ 2RC, Furniture ပါ၊ အဆင့်မြင့်ပြင်၊ $6000.ဖုန်း-၀၉-၄၂၀၀၀၆၆၂၆။

သဃ်နန်းကျွန်း

သဃ်နန်းကျွန်းစေ့းအနီး၊ ဒါဘာ၊ ၁.၅ ၌ ပေနှင့် ပေ ၅၀၊ တိုက်သစ်၊ ရပ်ကွက်သန့်။ ဖုန်း-၀၉-၄၂၀၄-၂၀၃၉။

ပန်းဘဲတန်း

၁.၅ ၌ ပေနှင့် ပေ ၅၀၊ ပထမထပ်၊ ထပ်မံပါ၊ သိန်း-၆၅၀။ ဖုန်း-၀၉-၄၂၀၀-၀၆၂၅၆။

ဗဟန်း

(၁) ရွှေတောင်ကြား (ဌေဝတ်မူနှစ်)၊ ၅.၂ ပေနှင့် ၇၅ ပေမြေ၊ (၂) အင်းယားမြို့ပြ (ဂုတ်)၊ ပေ ၇၀ ပတ်လည်မြေ (၃) ရေကူးကန်လမ်း (ဂုတ်)၊ ပေ ၄၀ နှင့်ပေ ၆၀ မြေ၊ ဖုန်း-၀၉-၇၃၀-၅၂၆၆၊ ၀၉-၅၄၀-၆၄၈၂။

တိုက်ကြီး

ပိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်သော လယ်မြေဇော ၁၀၀ မှ ၃၀၀) ဧကခန့် တစ်ဆက်စပ်ထဲတိုက်ကြီး မြို့နယ်အတွင်း၊ သွားလာရေးလွယ် ကူသောနေရာတွင် တည်ရှိသည်။ ဆန်စပါး အထူးပြု ကုမ္ပဏီများ နှင့်အထူး သင့်လျော်သည်။ ဖုန်း-၀၉-၄၂၀၄-၆၁၉၃၃။

condo

ဗိုလ်တထောင်ဘုရားလမ်း၊ ၃၅ ပေနှင့် ပေ ၆၀၊ Hall Type, ဓာတ် လှေကားပါ၊ ၅ လွှာ၊ ၇ လွှာ။ ဖုန်း-၅၀၁၉၃၉၊ ၀၉-၇၃၀၉-၄၉၁၉။

၉ မိုင်

မရမ်းကုန်း၊ ဗိုလ်ဘာဇာလမ်းသွယ်၊ ပေ ၅၀ နှင့် ပေ ၇၀၊ အိမ်နှင့် ပြီ၊ ပွဲစားမလို၊ သိန်း-၃၅၀၀။ ညှိနှိုင်း ရေး၊ ဖုန်း-၀၉-၅၀၃-၆၅၁၉၊ ၀၉-၇၃၀-၄၉၁၉။

လှည်းကူး

မြို့မရပ်ကွက်၊ ၈/၂ ရှိ မြေကွက် အမှတ် ၅၄၅ နှင့် ၅၄၆ (ပေ ၄၀ နှင့် ပေ ၆၀) ကြွက်တွဲ အား သင့်တင့် သောစျေးဖြင့်ရောင်းမည်။ ဖုန်း-၀၉-၄၂၀၀-၇၁၁၂၊ ၀၉-၄၃၀ ၉၉၀၂၇၊ ၀၁-၆၅၀၂၂၆၆။

ရောင်းမည်

(၁) Orange Supermarket ဝေဃယ္ယန္တာ လမ်း၊ ၄ လွှာ ပြင်ဆင် ပြီး၊ 1 MBR, 2BR, 1200 Sqft. သိန်း-၁၀၀။ (၂) အင်းစိန်လမ်းမ၊ စံပိုပြိမ့်တိုင်အနီး၊ ၇ လွှာ၊ ၁၇ ပေနှင့် ၅၅ ပေ။ သိန်း-၅၀။ (၃) မြေနလမ်း၊ လမိုင်ကွန်ဒို၊ ၄ လွှာ၊ 2 MBR, ပြင်ဆင်ပြီး၊ 1500 Sqft. သိန်း-၂၉၀။ ဖုန်း-၀၉-၄၉၂၀၅-၂၆၄၁။

လသာ

(၁) ၁၇ လမ်း၊ ၆ လွှာ၊ ၁၆ ပေနှင့် ပေ ၅၀၊ ပါကောင်း၊ ထပ်မံပါ၊ ပြင်ဆင်ပြီး။ သိန်း-၃၂၀။ (၂) ၁၇ လမ်း၊ ၆ လွှာ၊ ၂၅ ပေနှင့် ပေ ၆၀၊ ပါကောင်းခင်း၊ ပြင်ဆင်ပြီး၊ သိန်း-၄၅၀။ (၃) ၂၂ လမ်း၊ ပထမ်၊ ၁.၅ ၌ ပေနှင့် ပေ ၅၀၊ ပြင်ဆင်ပြီး၊ သိန်း-၆၀၀။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

အင်းစိန်

ဘုရင့်နောင်ကားလမ်းကြီးဘေး၊ ၁၄ ပေနှင့် ၉၆ ပေအကျယ်ရှိ ဘုံးဘွား ပိုင်မြေပေါ်တွင် ဆောက်လုပ်ထား သော တိုက်ခိုပျဉ်ထောင် အိမ်နှင့်ပြီ၊ သိန်း-၎၀၀။ ဖုန်း-၀၉-၄၂၀၁-၄၂၁၆။

လှိုင်သာယာ

တပင်ရွှေထီးလမ်းမပေါ်၊ အောင်ဇေ ယျာတံတားအနီး၊ မြေနှင့် အိမ် ပေ ၄၀ နှင့်ပေ ၆၀။ သိန်း-၈၅၀။ မြေ ပေ ၂၀ နှင့် ပေ ၆၀- သိန်း ၄၀၀။ ဖုန်း-၀၉-၅၀၃-၆၅၁၉။

ကွန်ဒို

penth house၊ ပေ ၅၀ နှင့် ပေ ၆၀၊ အသင့်နေနိုင်၊ ဧည့်ခန်းကျယ်၊ 1BR, 2MBR၊ မီးဖိုချောင် + ထမင်းစားခန်း။ ဖုန်း-၀၁-၅၀၁၉၃၉၊ ၀၉-၇၃၀၉-၄၉၁၉။

လှိုင်

ရွှေဟာသံလမ်း၊ ပေ ၂၀ နှင့် ပေ ၄၀၊ နှစ်ထပ် အုပ်ညှပ်အိမ် + ဧရ + မီး + ကြိုးဖုန်းပါ၊ ဧစတာနှာဥပဒေ အကြံပေး-စာချုပ်စာတမ်းနှင့် ကုန် အမှတ်တံဆိပ်အေဂျင်-ဖုန်း-၀၉-၅၀၁-၀၈၃၀။

ကမ္ဘာအေးဘုရားလမ်းမပေါ်

ဘုံးဘွား၊ ၁ ထပ်တိုက်၊ စတုရန်းပေ - ၁၁၀၀၀၊ ၁ စတုရန်း-၅ သိန်း အကျိုးဆောင် မလိုပါ။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ဗိုလ်တထောင်/ စမ်းချောင်း

(၁)၄၉လမ်း၊ ကွန်ဒိုတိုက်ခန်းအသစ် 1311 Sqft, ဓာတ်လှေခါးပါ၊ ၇ လွှာ။ သိန်း-၁၂၀၀။ (၂) ရှမ်းကုန်း လမ်း၊ မြေညီ၊ ၁၇ ပေနှင့် ၇၅ ပေ၊ ရှုပ်ပြင်ပြီး။ သိန်း-၂၂၀၀။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

လှည်းကူး

အင်းတိုင်တွင် လယ်ကေ ၁၀၀ ကျော် ရောင်းရန်ရှိသည်။ ဈေးနှုန်း ညှိနှိုင်း။ ဖုန်း-၀၉-၅၁၁၄-၀၃၃၈၊ ၀၉-၅၀၈-၀၁၀၁။

တောင်ဥက္ကလာ

သံသုမာလမ်းမကြီး၊ ပေ ၅၀ နှင့် ပေ ၆၀၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ဓာတ်လှေခါး၊ ရုပ်ရှင်ရုံ၊ ဈေးပင်မော လုပ်ငန်းအပါအဝင်၊ (ဈေးပင်မော) အသစ်ရောင်းမည်။ သိန်း-၃၅၀၀၀၊ ညှိနှိုင်း။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

၂၆ လမ်း (လယ်)


၆ လွှာ၊ ၂၆ ပေနှင့် ၅၅ ပေ၊ တိုက် ခန်း အမြန်ရောင်းမည်။ ဖုန်း-၀၉-၇၃၀-၃၆၃၈၊ ၀၉-၅၅၀-၃၆၂၅။

ဒဂုံဆိပ်ကမ်း

ရပ်ကွက်အမှတ်-၀၁၄၊ ပေ ၄၀

t r w i ; t v q iEi t rjcajr











နှင့် ပေ ၆၀၊ မြန်နှာလမ်းမကြီးဘေး၊ လှေ့ကားလမ်းမကြီးအနီး၊ ရင်ကွက် အမှတ်(၁၄၈) နှင့်ပျက်နှာချင်း ဆိုင်။ ပါမစ်မြေ၊ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ ၁၆၅-သိန်း ဖုန်း-၀၉-၇၃၁၀-၅၈၄၂၊ ၀၉-၄၀၂၅-၆၈၄၂။

အလုံ/ ကမာရွတ်

(၁) ၅၄ မြေညီထပ်၊ သိပ်ပွလမ်း၊ ဆင် မင်းရပ်ကွက်၊ ၂၅ ပေနှင့် ပေ ၅၀။ (၂) Diamond Condo၊ အခန်း(၆-၀၁)၊ အဆောက်အဦး (B)၊ မြည်လမ်းနှင့် နာနတ် တော လမ်းထောင့်၊ ၁၅၅၀ ပေ။ ဖုန်း-၀၉-၈၆၀-၀၁၂၆၊ ၆၈၅၈၅၈။

ဗိုလ်တထောင်

အနောက်ရထာလမ်းနှင့် ၄၈ လမ်း ထောင့်၊ ၁၄ ၅ ပေနှင့် ၅၅ ပေ၊ ၅ ထွာ၊ အဲကွန်း၊ ပါကေး၊ RC 2, ကြွေပြား။ သိန်း-၄၅၀။ ဖုန်း-၀၉-၈၆၂-၁၆၄၂။ ၀၉-၄၂၀၁-၈၈၆၄၂။

အင်းစိန်

အောင်ဆန်းစျေး၊ ကျောင်း၊ ကား ဂိတ်နီး၊ ၂၈ ပေနှင့် ၅၅ ပေ၊ ရေ မီးစုံ၊ ကားပါကင်ပါ။ သိန်း-၁၈၀။ ဖုန်း-၀၉-၄၂၁၀-၀၁၃၅။

ထောက်ကြန့်

၅၂၈၊ ဂူကြီးကုန်းရပ်ကွက်၊ လွှေ ဂန္ဓမာလမ်းသွယ်၊ ၂၅ ပေနှင့် ပေ ၅၀၊ RC ၁ ထပ်၊ ၂ ခန်းပါ၊ တိုက် သစ်၊ ရေပါ။ သိန်း-၁၈၀။ ဖုန်း-၀၉-၄၃၀၂-၀၈၅၁။

သဃ်နံးကျွန်း/ မေတ္တာညွှန့်

(၁) စံပြစျေးရှေ့၊ စံပြ ၄ လမ်း၊ တတိယလွှာ၊ ၁၂ ပေနှင့် ပေ ၅၀၊ တိုက်သစ်၊ အခန်းပြည့်ကြွေပြား ခင်း၊ ရေချိုးခန်း/အိမ်သာကြွေပြား ကပ်၊ မီးဖိုခုံ၊ ဘေစင်ပါ၊ ကိုယ်ပိုင် မော်တာ/ဗီတာ။ ၁၅၅-သိန်း။ (၂) လမ်းကျယ်၊ လမ်းသန့်၊ တိုက်သစ်၊ မြေညီ၊ ခေါင်းရင်းခန်း ၁၅ ပေနှင့် ပေ ၅၀၊ မီးဖိုခုံ၊ ဘေစင်ပါ၊ ကိုယ် ပိုင်မိတာ/မော်တာပါ။ သိန်း-၄၈၀။ ဖုန်း-၀၉-၀၄၂၀-၂၅၉၅။

တောင်ဒဂုံ

၂၅ ရပ်ကွက်၊ ရွှေနှင်းဆီ ၆ လမ်း၊ ပေ ၂၀ နှင့် ပေ ၆၀၊ ပျဉ်ထောင် သွပ်မိုးအိမ်ပါ၊ ရေမီးစုံ၊ ဂရန်မြေ။ သိန်း-၂၅၀။ ညှိနှိုင်းစေး။ ဖုန်း-၀၉-၄၄၈၀-၀၃၉၈၅။

လှိုင်

၁၃ ရပ်ကွက်၊ အမှတ် ၅၊ သီရိ မြို့လမ်းမကြီး၊ ပျဉ်ထောင် ၁ ထပ်ခွဲ၊ လုံးချင်းအိမ်။ သိန်း-၃၀၀။ ဖုန်း-၀၉-၄၃၀၂-၂၉၆၅။

တောင်ဒဂုံ

အက္ခာကြီးအမှတ်-၁၅၂၊ ခြံကွက် အမှတ် ၁၅၁၆၊ ပေ ၄၀ နှင့် ပေ ၆၀၊ ဂရန်အမည်ပေါက်။ သိန်း-၇၈။ ညှိနှိုင်း။ ဖုန်း-၀၉-၄၂၀၀-၅၈၆၅၅။

သဃ်နံးကျွန်း

နှင်းဥယျာဉ်အိမ်ရာ၊ ၃၉၁၆ စတုရန်း ပေ၊ နေရာကောင်း၊ ထောင့်ကွက်၊ အဝိစိတွင်း၊ မီတာပါ။ ဦးအောင်- ဖုန်း-၀၉-၅၀၅၂-၂၃၇၁။

ဗဟန်း

(၁) ပိုးပြင့်စံကွန်ဒို၊ ၂၄၀၀ စတုရန်း ပေ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ သိန်း-၃၆၀၀။ (၂) ရွှေဂုတိုင်လမ်းမ၊ ပေ ၂၀ နှင့် ပေ ၈၀၊ BN2 ထပ်။ သိန်း-၉၀၀၀။ (၃) အင်းယားမြို့လမ်းမ၊ ပေ ပေ ၅၀ နှင့် ပေ ၁၀၀၊ RC ၂၊ တိုက်ဟောင်း။ သိန်း-၁၈၀၀။ ဖုန်း-၀၉-၅၁၈-၈၃၂၀

ဗဟန်း

Hotel ဆောက်ရန်၊ Service Apartment အဆောက်ရန် သင့် တော်ပြီးကျန်သံဃံရုံးနှင့် ရွေတိုက်ဘုရား အနီး၊ ဘိုးဘွားပိုင်မြေ ၀ ၁၄၈ ဇောမြေပေါ်ရှိ ၂ ထပ်တိုက်နှင့်ကား ဂိုဒေါ်။ ပိုင်ရှင်ကိုယ်တိုင် ရောင်း မည်။ ဖုန်း-၀၉-၄၂၁၀-၆၅၅၂၂။

မရမ်းကုန်း/ ဗဟန်း

(၁) ကုန်းမြင့်ရိပ်သာလမ်း၊ ပေ ၎၀ နှင့် ပေ ၁၂၀ မြေ။ (၂) အင်းယား မြို့ (ဂုတ်)၊ ပေ ၎၀ ပတ်လည် မြေ။ (၃) တက္ကသိုလ်ရိပ်သာလမ်း ဟောင်း၊ ၀ ၃ ဇောမြေ၊ ကန်စပ် ထိ။ ဖုန်း-၀၉-၎၃၁၀-၆၂၉၆၊ ၀၉-၆၅၀-၆၅၀၂။

ဗဟန်း/ သဃ်နံးကျွန်း

(၁) တက္ကသိုလ်ရိပ်သာလမ်း၊ ၀ ၂၅၀ ပေ (၂) နတ်မောက်ရိပ် သာလမ်း၊ ၀ ၂၁၀ ဇော (၃) ၁၅ ပေနှင့် ပေ ၅၀၊ အိပ်ခန်း ၁၊ သံ ပန်းတံခြိုး မီးဖိုချောင်၊ ရေချိုးခန်း အိမ်သာ ကြွေပြားတပ်ဆင်ပြီး၊ ရေမီးကိုယ်ပိုင်၊ တတပ်၊ စျေးဆစ်အ နောက်တက်၊ တိုက်သစ်။ ဖုန်း-၀၉-၅၁၉-၆၅၅၂။

လှိုင်သာယာ

လွှေကမ်းသာယာမြေကွက်၊ ၂၅ ပေနှင့် ၎၅ ပေ၊ (1875 Sqft). သိန်း-၂၂၀။ ဖုန်း-၀၉-၅၁၈-၈၃၂၀

ဗဟန်း

Hotel ဆောက်ရန်၊ Service Apartment အဆောက်ရန် သင့် တော်ပြီးကျန်သံဃံရုံးနှင့် ရွေတိုက်ဘုရား အနီး၊ ဘိုးဘွားပိုင်မြေ ၀ ၁၎၈ ဇော မြေပေါ်ရှိ ၂ ထပ်တိုက်နှင့်ကား ဂိုဒေါ်။ ပိုင်ရှင်ကိုယ်တိုင် ရောင်း မည်။ ဖုန်း-၀၉-၄၂၁၀-၆၅၅၂၂။

မရမ်းကုန်း/ ဗဟန်း

(၁) ကုန်းမြင့်ရိပ်သာလမ်း၊ ပေ ၎၀ နှင့် ပေ ၁၂၀ မြေ။ (၂) အင်းယား မြို့ (ဂုတ်)၊ ပေ ၎၀ ပတ်လည် မြေ။ (၃) တက္ကသိုလ်ရိပ်သာလမ်း ဟောင်း၊ ၀ ၃ ဇောမြေ၊ ကန်စပ် ထိ။ ဖုန်း-၀၉-၎၃၁၀-၆၂၉၆၊ ၀၉-၆၅၀-၆၅၀၂။

ရောင်းမည်

(၁) ဦးကွန်းဇော်ရိပ်သာလမ်း၊ ကန် လမ်းမှဝင်၊ ပေ ၄၀ နှင့် ပေ ၆၀၊ 2RC. သိန်း- ၆၅၀။ (၂) မြကန်သာ ၁ လမ်း၊ ၀ ၁၃၀ ဇော၊ သိန်း-၁၄၀၀။ (၃) မြကန်သာ ၂ လမ်း၊ ၀ ၁၀၃ ဇော။ သိန်း-၁၂၀။ (၄) အင်းယားမြို့လမ်းမ၊ ပေ ပေ ၅၀ နှင့် ပေ ၁၀၀၊ RC ၂၊ တိုက်ဟောင်း။ သိန်း-၁၈၀။ ဖုန်း-၀၉-၅၁၈-၈၃၂၀

ဗဟန်း

Hotel ဆောက်ရန်၊ Service Apartment အဆောက်ရန် သင့် တော်ပြီးကျန်သံဃံရုံးနှင့် ရွေတိုက် ဘုရား အနီး၊ ဘိုးဘွားပိုင်မြေ ၀ ၁၎၈ ဇောမြေပေါ်ရှိ ၂ ထပ်တိုက်နှင့်ကားဂိုဒေါ်။ ပိုင်ရှင်ကိုယ် တိုင်ရောင်းမည်။ ဖုန်း-၀၉-၄၂၁၀-၆၅၅၂၂။

သာကေတ

ကွေ့မအိမ်ရာ၊ ၂၅ ပေနှင့် ပေ ၃၀၊ မြေညီထပ်၊ တိုက်ခန်း။ သိန်း-၂၀၀။ ဖုန်း-၀၉- ၎၃၁၄-၁၅၂၈၊ ၀၉-၅၂၀-၁၅၂၈။

အင်းစိန်

၁၄ ပေနှင့် ၉၆ ပေအကျယ်ရှိ ဘိုး ဘွားပိုင်မြေပေါ်တွင် ဆောက်လုပ် ထားသော တိုက်ခံပျဉ်ထောင်အိမ် နှင့်ခြံ၊ ဘုရင့်နောင်ကားလမ်းကြီး ဘေး။ သိန်း-၎၀၀။ ဖုန်း-၀၉-၄၂၀၁-၄၂၁၄၆။

မြောက်ဒဂုံ

၄၂ ရပ်ကွက်၊ မဟာဆွေလမ်း၊ ပေ ၂၀ နှင့် ပေ ၆၀မြေ၊ သိန်း-၂၀၀။ ဖုန်း-၀၉-၎၃၂၂-၂၃၁၆။

အမြဲနှောင်းမည်

(၁) ငါးဆူတောင် (လှည်းကူး)၊ ၁၆ ဇော။ သိန်း-၁၆၀၀။ (၂) ရန်ကုန် - နေပြည်တော်အမြဲနှင်လမ်းမေးတင် (လှည်းကူး) ၈ဇော၊ သိန်း-၁၅၀၀။ (၃) ရွှေနှံ့သာသစ်ခွ (မင်္ဂလာဒုံ)၊ ဂရန်ပါ။ ၁၀ ၆ ဇော- သိန်း-၁၅၀၀။ ၁၀ ၎ ဇော-သိန်း-၁၂၀၀။ (၄) အမှတ် ၃ လမ်း၊ နွယ်ခွေ၊ ပျဉ်းမ ပင် (မင်္ဂလာဒုံ) ၁၀ ၂၎ ဇော-သိန်း-၂၀၀၀ (ဥယျာဉ်)/၁ ဇော-၂၀၀၀ သိန်း (ဘိုးဘွားမြေ)/ ပေ ၅၀ နှင့် ပေ ၂၀၀ RC 1 -သိန်း-၅၅၀၀။ (၅) ပုလဲ ၂ မင်္ဂလာဒုံ၊ ပေ ၁၀၀ ပတ်လည် -သိန်း-၂၅၀၀။ ပေ ၎၀ နှင့် ပေ ၁၀၀၊ အုတ်တံတိုင်းခတ်ပြီး-သိန်း -၁၅၀၀။ (၆) ညောင် ၂ ပင် လမ်းမ မေးတင်(လှည်းကူး) ၎ ဇ ဇော-သိန်း-၂၀၀၀။ ၂၀ ဇော (ညှိ နှိုင်း)။ ဖုန်း-၀၉-၄၂၀၁-၁၈၉၈၅။

ပါရမီ/ ၉ မိုင်

(၁) သဇင်ဖြူလမ်း၊ ပေ ၈၀ နှင့် ပေ ၆၀၊ ရေမီး၊ အုတ်ခတ်၊ ဂရန်မြေ။ သိန်း-၄၀၀၀။ (၂) မဓိုရိပ်သာလမ်း၊ ၀ ၂၃၅ ဇော၊ M2, B1, ပါကော။ ဂရန်၊ RC2. သိန်း-၄,၀၀၀။ (၃) အောဝ်းလမ်း၊ ပေ ၅၀ နှင့် ပေ ၎၀၊ M1, B2, AC4, Ph, RC1, ဂရန်။ သိန်း-၅,၀၀၀။ ဖုန်း-၀၉-၄၂၅၅-၅၅၉၄၂။

မြောက်ဒဂုံ

၄၃ ရပ်ကွက်၊ အေးရိပ်သာလမ်း သွယ်၊ ဗိလိယျုဗဝူးကျောကပ်၊ BN ၁ ထပ်၊ တိုက်သစ်၊ အိပ်ခန်း ၂ ခန်းပါ၊ ၄၄ ပေနှင့် ပေ ၆၀၊ ရေ မီးစုံ၊ အသင့်နေ။ သိန်း-၎၅၀။ ဖုန်း-၀၉-၄၂၈၁-၉၀၅၂။

လှိုင်သာယာ/ ရန်ကင်း

(၁) ဇုန် ၅၊ လွှေရှင်အေးကျောင်း လမ်း၊ ၀ ၈ ဇော၊ ဂိုဒေါင် ပေ ၁၅၀ နှင့် ပေ ၈၀၊ ရေမီး။ သိန်း-၅၀၀၀။ (၂) ကျောက်ကုန်း၊ မဂ္ဂင်လမ်း၊ ပေ ၅၀ နှင့် ပေ ၉၀၊ 1RC 20' x 20', ရေမီး။ ဂရန်အမည်ပေါက်၊ သိန်း-၂၅၀၀။ ပုလဲလွှေ-အကျိုးဆောင်-ဖုန်း-၀၉-၅၀၈-၁၄၆၀။

လှိုင်

ဂ၃/အေ၊ ပထပ်၊ ဦးခလမ်း။ ၂ ရပ်ကွက်၊ ဘုရင့်နောင်လမ်းမနီး။ ရွာမကွေ့မှတ်တိုင်၊ ၁၅ ပေနှင့် ပေ ၅၀၊ အခန်း ၂ ခန်းဖွဲ့ပြီး၊ ပြင်ဆင် ပြီး၊ အသင့်နေနိုင်။ ဖုန်း-၀၉-၎၀၈-၀၀၅၄၊ ၀၉-၎၀၀-၉၂၅၁။

လှိုင်

စိတ္တသုခလမ်း၊ ၁၈ ပေနှင့် ပေ ၆၀၊ 5 RC တိုက်သစ်၊ မြေပိုင်ဆိုင်မှုပါ။ သိန်း-၃၂၀၀။ ရာပြည့်အကျိုး ဆောင် - ဖုန်း-၀၉-၎၃၀၁၅- ၅၅၁၅၅။

လမ်းမတော်/ မှော်ဘီ

(၁) ၂၅ ပေနှင့် ပေ ၂၀၊ လမ်း ကျဉ်း။ (၃) လွှေမြယာတာဆုံ၊ ပေ ၆၀ နှင့် ပေ ၂၀၀။ ဖုန်း-၀၉- ၅၆၆-၁၀၃၇။

အေးရိပ်မွန်အိမ်ရာ

သီရိမင်္ဂလာစျေးအနီး၊ ပေ ၈၀ နှင့် ပေ ၁၀၀၊ 2RC + 2BN, ရေမီး၊ ဖုန်း၊ ပါဝါမီတာပါ။ ဖုန်း-၀၉- ၅၁၁-၀၆၈၃။

တောင်ဥက္ကလာ

၁၀ ရပ်ကွက်စျေးအနီး၊ ဘရဏီ ၂ လမ်း၊ ပထပ်၊ ၁၃ ပေနှင့် ၅၅ ပေ၊ တိုက်သစ်၊ ကြွေပြားခင်း၊ ရေမီးစုံ၊ ဖုန်း-၀၉-၄၂၀၁-၄၂၅၁၅။

တောင်ဥက္ကလာ/ သဃ်နံးကျွန်း

(၁) မြင်သာ ၎ လမ်း၊ ပေ ၆၀ ပတ်လည်၊ 1RC, နေရာကောင်း၊ ပြင်ဆင်ပြီး၊ အရှေ့လှည့်၊ နှစ် ၆၀ ဂရန်။ သိန်း-၃၆၀၀။ (၂) ကန် တော်လမ်း၊ တိုက်သစ်၊ မြေညီ၊ ၁၂ ၅၅ ပေနှင့်ပေ ၅၀၊ ပြင်ဆင်ပြီး၊ ကြွေခင်း။ ၂၂၅ သိန်း၊ ဖုန်း-၀၉-၅၀၀-၎၆၄၅၊ ၀၉-၄၂၁၀-၆၀၈၁၀။

မရမ်းကုန်း/ အင်းစိန်/ ပုဇွန်တောင်

(၁) ဝိဇ္ဇာလမ်း၊ ၉ မိုင်၊ ပေ ၁၀၀ နှင့် ပေ ၁၉၀၊ 2RC, 7 BR, Ph, ရေမီး။ သိန်း-၁၃၀၀၀။ (၂) အောင်ဆန်းရွာမဘူတာ၊ အောက် မင်္ဂလာဒုံလမ်းပေါ်၊ ပေ ၄၀ နှင့် ပေ ၁၂၀၊ အိမ် ၃ လုံး၊ ရေမီး၊ ဂရန်။ သိန်း-၂၅၀၀။ (၃) ပိုင်ပြတ်ထွန်း လမ်း၊ ၎ ထွာ၊ နှစ်ဖက် Lift, 4BR, 4AC, Ph. သိန်း-၂၁၀၀။ ပုလဲလွှေ-အကျိုးဆောင် -ဖုန်း-၀၉-၎၀၈-၁၄၆၀။

တာမွေ/ သာကေတ/ လမ်းမတော်

ဆင်းရဲကြပေမယ့် လည်း ပြုံးရွှင်နေကြတဲ့ ကလေးတွေ အများကြီး တွေ့ရပါတယ်...

ပါတယ်။ ထီးတည်းရပ်တည်နေတဲ့ နိုင်ငံတွေကို ကျွန်တော် စိတ်ဝင်စားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ ခြေရာလက်ရာမပျက် အရင်အတိုင်း ရှိနေတဲ့ အရာတွေကို တွေ့နိုင်လို့ပါ။ မြန်မာနိုင်ငံက အရမ်းစိတ်ဝင်စားဖို့ကောင်းပါတယ်။ အဲဒီက ယဉ်ကျေးမှုတွေဟာ မပျက်မစီး တည်ရှိနေသေးတာကို တွေ့ခဲ့ပါတယ်။ အဲဒီမှာ လူမျိုးပေါင်း ၁၃၅ မျိုး၊ ဘာသာစကားပေါင်း ၁၃၅ မျိုး ရှိပါတယ်။ အဓိကလူမျိုးစု ရှစ်မျိုးရှိပြီး ကိုးကွယ်ယုံကြည်ရာဘာသာရေးကလည်း ခရစ်တော်၊ ဗုဒ္ဓနဲ့ ဖန်ဆင်းရှင်ကို ယုံကြည်တဲ့သူတွေ ဆိုပြီး အမျိုးမျိုး ရှိပါတယ်။

*** နောက်ထပ် ဘာကားရိုက်ဖို့ စီစဉ်ထားပါသလဲ။**

ကျွန်တော့်မှာ စာအုပ်တစ်အုပ် ရှိပါတယ်။ The Nazis, My Father and Me။ ဒီဇာတ်လမ်းက ဂျာမန်ကောင်လေးတစ်ယောက်အကြောင်းပါ။ ဒီဇာတ်လမ်းကို ရုပ်ရှင်ရိုက်ဖို့အတွက် ဂျာမန်တချို့ လိုပါတယ်။ **(ဖန်မန်းဝင်ဗို့စ်)**

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

ဆံကေသာ ခေတ်မီအလှဖန်တီးမှုပွဲ ကျင်းပမည်

နွမ်ဘျိုင်း

စတိုင်လ်သစ်နဲ့. ဆံကေသာအသွင်အမျိုးမျိုးကို အခမဲ့ ကြည့်ရှုအားပေးနိုင်မယ့် တင်ဆက်ပွဲကို မတ်လ ၁၅ ရက်နေ့ ညနေ ၆ နာရီမှာ ဟိုတယ်မန္တလေးမှာ ပြုလုပ်ကျင်းပမယ်လို့ သိရပါတယ်။

"The colourful hair show" လို့ အမည်ရတဲ့ပွဲမှာတော့ ဂျပန်နဲ့ ဟောင်ကောင်တို့မှ ဆံကေသာပညာရှင်တွေက ဆံပင်ပုံစံအမျိုးမျိုးကို ဖန်တီးပြမှာ ဖြစ်ပါတယ်။

"ဆံကေသာပုံစံကတော့ လူတစ်ယောက်ရဲ့ ဒုတိယမျက်နှာပါ။ အဲဒါကြောင့် လန်းဆန်းတက်ကြွတဲ့ ပုံစံဖြစ်ဖို့လည်း အထောက်အကူပေးနိုင်ပါတယ်။ အဝတ်အစားဖက်ရှင်တွေလိုပဲ လိုက်ဖက်တဲ့ ဆံပင်ဒီဇိုင်းက လူတစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်ခေတ်မီလှပမှုတွေကို ပေးစွမ်းနိုင်တဲ့ အရာဖြစ်ပါတယ်" လို့ ဆံကေသာအလှဖန်တီးမှုမှာ ပါဝင်ပြသမယ့် ဟောင်ကောင်မှ Hair Stylist တစ်ဦးဖြစ်တဲ့ Mr. Ringo Wong က မြန်မာတိုင်း(မဲ)ကို ပြောပါတယ်။

မြန်မာနိုင်ငံမှာ ဒုတိယအကြိမ်ကျင်းပတဲ့ဒီဆံကေသာ အလှဖန်တီးမှုတင်ဆက်ပွဲအပြင် ဆံပင်အလှဖန်တီးမှုသင်ကြားပေးမယ့် အစီအစဉ်ကိုလည်း မတ်လ ၁၆ နဲ့ ၁၇ ရက်မှာ မန္တလေးမြို့က ဟိုတယ်မန္တလေးနဲ့ မတ်လ ၂၀ မှ ၂၁ ရက်နေ့အထိကိုတော့ ရန်ကုန်မြို့ အင်းလျားလမ်းက ရွှေရှမ်းကန်မှာ ပြုလုပ်ပါမယ်။

"ရှေးရိုးဆန်တဲ့ အတွေးအခေါ်တွေထဲက ခွဲထွက်ပြီးတော့ ခေတ်မီစတိုင်ကျလှပတဲ့ နည်းပညာတွေကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမှာပါ။ လူတစ်ယောက်ရဲ့ အခြေခံမျက်နှာပုံစံကိုးမျိုးပေါ်မှာ လိုက်ဖက်တဲ့ပုံစံတွေကို ပြသပေးသွားမှာပါ" လို့ Mr. Ringo Wong က ဆိုပါတယ်။

ပွဲကို Eushido Professional Hair Care ကုန်ပစ္စည်းတွေကို ဖြန့်ဖြူးပေးနေတဲ့ RDC Co., Ltd က စီစဉ်တာ ဖြစ်ပါတယ်။ ■

ထိုင်း-မြန်မာ နှစ်နိုင်ငံအထည်အလိပ်ရက်လုပ်မှုဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ပွဲ ပြုလုပ်မည်

လွင်မာထွန်း

၁၉၄၈ ခုနှစ်မှာ စခဲ့တဲ့ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ၆၅ နှစ်ပြည့်နဲ့ ထိုင်းနိုင်ငံမိဖုရားကြီး သီရိခေတ်ရဲ့ နှစ် ၈၀ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံရဲ့အထည်အလိပ်ရက်လုပ်မှုဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ပွဲကို ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်က Junction Square Shopping Mall မှာ မတ်လ ၉ ရက်နေ့နဲ့ ၁၀ ရက်နေ့ နှစ်ရက် ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

"Textile of The Two Lands" ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျင်းပမယ့် ဒီပွဲလေးကို မြန်မာနိုင်ငံအခြေစိုက် ထိုင်းသံရုံးနဲ့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့က ပူးပေါင်းစီစဉ်တာဖြစ်တယ်လို့ မတ်လ ၁ ရက်နေ့ ထိုင်းသံရုံးမှာ ပြုလုပ်ခဲ့တဲ့ စာနယ်ဇင်းရှင်းလင်းပွဲမှာ ထိုင်းသံအမတ်ကြီး Mr. Pisanu Suvanajata က ပြောပြခဲ့ပါတယ်။

အထည်အလိပ်ရက်လုပ်မှုဟာ နှစ်နိုင်ငံစလုံးရဲ့ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများက အတိတ်ကာလမှ အခုချိန်ထိ တူညီတဲ့ တန်ဖိုးထားမှုများ ရှိကြတယ်လို့ သူကပြောပါတယ်။

"ပြီးတော့ ဘုရင်မကြီး သီရိခေတ်ကလည်း အထည်အလိပ်ရက်လုပ်မှုကို အထူးစိတ်ဝင်စားပြီး ချစ်မြတ်နိုးတဲ့အတွက် ဒီအထည်အလိပ်ကို အခြေခံပြီး လုပ်ရခြင်းဖြစ်တယ်"လို့ ဆိုပါတယ်။

နှစ်ရက်ကြာ ကျင်းပမယ့် ဒီပွဲလေးမှာ ထိုင်းနိုင်ငံမှ ကျွမ်းကျင်ဒီဇိုင်နာ အာဂျန် ပေါင်ထောင်၊ မြန်မာနိုင်ငံမှ ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်နဲ့ အနုပညာရှင် ဒေါ်ဆွေဇင်ထိုက်တို့ စုဆောင်းထားတဲ့ ရှားပါးလက်ရာ အထည်အလိပ်များ၊ ရှေးခေတ်အဝတ်အစားများကို တင်ဆက်ပြသသွားမှာ ဖြစ်ပါတယ်။

မတ်လ ၉ ရက်နေ့မှာ "Thailand and Myanmar Traditional Textiles: Hidden Treasures, Shared Wisdoms" ခေါင်းစဉ်နဲ့ နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ Junction Square မှာ ဆွေးနွေးပွဲလေးတစ်ခု ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

"ကျွန်တော်တို့နှစ်နိုင်ငံကြားချစ်ကြည်ရေးကို သမိုင်းကနေစပြီး တင်ပြသွားမှာပါ။ တူညီနေတဲ့ ယဉ်ကျေးမှုပုံစံတွေကိုပဲ ကျွန်တော်ကတော့ တင်ဆက်သွားမှာပါ။ တမင်တူအောင်တော့ လိုက်လုပ်ထားမှာ မဟုတ်ပါဘူး။ ဥပမာ- ဇင်းမယ်ဆို ကျွန်တော်တို့က တူပါတယ်။ ကွဲပြားတဲ့ နည်းပညာလေးတွေပဲရှိပြီး အချက်တော်တော်များများကတော့ တူပါတယ်။ ကျွန်တော် မသိတဲ့အရာတွေကိုလည်း ဟိုဘက်က ပညာရှင်တွေဆီက လေ့လာခွင့်ရမယ်ဆိုတော့ ကျွန်တော်အတွက်ကတော့ ဒီပွဲလေးကနေ အများကြီး လေ့လာခွင့်ရမှာပါ" လို့ ဆွေးနွေးပွဲမှာ ပါဝင်မယ့် မြန်မာနိုင်ငံမှ အထည်အလိပ်ကျွမ်းကျင်ပညာရှင် ဦးတင်ဝင်းက ပြောပြခဲ့ပါတယ်။

"Textile of The Two Lands" ပြခန်းကိုလည်း ၉ ရက်နေ့နဲ့ ၁၀ ရက်နေ့တွေမှာ ပညာရှင်များ စုဆောင်းထားတဲ့ ရှားပါးလက်ရာအထည်အလိပ်တွေ၊ အဝတ်အစားတွေကို ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။

ပွဲမှာ ပါဝင်သူတစ်ဦးဖြစ်တဲ့ ဒေါ်ဆွေဇင်ထိုက်က "ပြပွဲမှာ ပြသတဲ့အပိုင်းကို တာဝန်ယူထားတာပါ။ ပွဲမှာ ပိုးချည်ပဲ မဟုတ်ဘဲ ချည်ထည်တွေကိုလည်း ပြသသွားမှာဖြစ်ပြီး မြန်မာဝတ်စုံသာမက တိုင်းရင်းသားဝတ်စုံတွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။ ပြီးတော့ ဟိုးအရင်က စော်ဘွားတွေရဲ့ ဝတ်စုံတွေ၊ မင်္ဂလာဆောင်ဝတ်စုံတွေကိုလည်း ပြသနိုင်အောင် မရမက စုဆောင်းထားပါတယ်" လို့ ပြောပြခဲ့ပါတယ်။

မတ်လ ၉ ရက်နေ့ ညနေမှာတော့ "Textile of the Two Lands Charity Gala Dinner" ကို Chatrium Hotel ရေကူးကန်ဘေးမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။



စင်းမယ်နှင့် ရိုးရာချိတ်အဆင်များဖြင့် ဖန်တီးထားသော နမူနာဒီဇိုင်းများကို သရုပ်ပြသနေပုံ။ ဓာတ်ပုံ-လွင်မာထွန်း

"အဲဒီညမှာတော့ အပိုင်းသုံးပိုင်းခွဲပြီး ပြုလုပ်သွားမှာပါ။ ပထမပိုင်းမှာ ထိုင်းနိုင်ငံမှ နိုင်ငံကျော်ဒီဇိုင်နာက ထိုင်းနိုင်ငံရဲ့ ရှေးဟောင်းဝတ်စုံ ၁၀ စုံကို ပြသသွားမှာဖြစ်ပြီး ကျွန်မကလည်း မြန်မာနိုင်ငံက ၁၀ စုံပြသသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ပိုင်းကတော့ မြန်မာနိုင်ငံက ချိတ်တွေကို ထိုင်းနိုင်ငံက ဒီဇိုင်နာတွေက ဖန်တီးထားတဲ့ ဝတ်စုံငါးစုံနဲ့ ကျွန်မကတော့ ထိုင်းနိုင်ငံက ပိုးထည်တွေကို တီထွင်ဖန်တီးထားတဲ့ ဝတ်စုံငါးစုံကို ပြသသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Comtem- porary Fashion ကို ပြသသွားမှာဖြစ်ပါတယ်"လို့ မိုးကုတ်ပေါက်ပေါက်ကလည်း ဖော်ရွှင်ရွှင်အစီအစဉ်ကို ပြောပြခဲ့ပါတယ်။

ဒါ့အပြင် ဖော်ရွှင်ရွှင်မှာ ပြသခဲ့တဲ့ နှစ်နိုင်ငံ ဒီဇိုင်နာတွေ တီထွင်ဖန်တီးထားတဲ့ ဝတ်စုံတွေကို လေလံစနစ်နဲ့ ရောင်းချပေးသွားမှာဖြစ်ပြီး ရလာတဲ့ ဝတ်စုံတန်ဖိုးတွေကိုတော့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို အကုန်လှူဒါန်းသွားမယ်လို့ ဆိုပါတယ်။

မတ်လ ၉ ရက်နေ့နဲ့ ၁၀ ရက်နေ့မှာ Junction Square မှာ ပြုလုပ်မယ့် ဆွေးနွေးပွဲတွေပြခန်းတွေကို မည်သူမဆို သွားရောက်လေ့လာနိုင်ပြီး ၉ ရက်နေ့ ညနေပိုင်းမှာ ပြုလုပ်မယ့် ထိုင်း-မြန်မာ ချစ်ကြည်ရင်းနှီးမှု သက်သေထူတဲ့ ညစာစားပွဲကိုတော့ မြန်မာပြည်သူလူထုတွေ ကြည့်ရှုနိုင်ဖို့အတွက် Sky Net ရုပ်သံလိုင်းက တိုက်ရိုက်ပြသသွားမှာ ဖြစ်ပါတယ်။ ■

မြန်မာနိုင်ငံက နွမ်းပါးချို့တဲ့သူတွေကို လှူဒါန်းဖို့ ရန်ပုံငွေဈေးရောင်းပွဲ ပြုလုပ်မည်

လွင်မာထွန်း

မြန်မာနိုင်ငံက ဆင်းရဲနွမ်းပါးတဲ့ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေကို အဓိကထောက်ပံ့ပေးဖို့ ရည်ရွယ်ပြီး Women of ASEAN in Yangon (WAY) လူမှုကူညီရေးအဖွဲ့အစည်းက လာမယ့် "Charity Flea Market" ရန်ပုံငွေဈေးရောင်းပွဲတစ်ခုကို မတ်လ ၉ ရက်နေ့မှာ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပိုးစိန်လမ်းမှာရှိတဲ့ Horizon International School မှာ ပြုလုပ်သွားမယ်လို့ WAY အဖွဲ့ရဲ့ ဥက္ကဋ္ဌ ဖြစ်သူ Mrs Chua က ပြောပါတယ်။

"ဒီပွဲက ရလာတဲ့ ပိုက်ဆံတွေအားလုံးကို လှူမှာပါ။ အရင်နှစ်တွေတုန်းကတော့ ပွဲပြီးမှ အလိုအပ်ဆုံးဖြစ်မယ့်နေရာတွေကို လိုက်လှူပါတယ်။ ဒီနှစ်မှာတော့ ချို့တဲ့နေတဲ့ အမျိုးသမီးတွေနဲ့ ကလေးတွေကို ထောက်ပံ့ပေးနေတဲ့အဖွဲ့အစည်းတွေကိုလှူပါမယ်" လို့ သူက ပြောပြခဲ့ပါတယ်။

ဒီပွဲဟာ WAY အဖွဲ့ရဲ့ တတိယမြောက် ရန်ပုံငွေဈေးရောင်းပွဲ ဖြစ်ပါတယ်။

"ကျွန်မတို့အဖွဲ့အစည်းရဲ့ အဓိက ရည်ရွယ်ချက်က ရိုးရှင်းပါတယ်။ နိုင်ငံတိုင်းအတွက် များစွာသော လိုအပ်ချက်ရှိနေတဲ့ နေရာတွေကို တတ်နိုင်သလောက် လှူဒါန်းမှုတွေပြုလုပ်သွားနိုင်ဖို့အတွက်ပါပဲ"လို့ သူကပြောပါတယ်။

WAY အဖွဲ့အစည်းကို ၁၉၉၃ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး အခုဆို အဖွဲ့ဝင် ၆၀ နီးပါး ရှိပါတယ်။ အဖွဲ့မှာ မြန်မာနိုင်ငံရှိ အရှေ့တောင်အာရှနိုင်ငံ သံရုံးများမှ အမျိုးသမီးများ ပါဝင်ပါတယ်။

"Charity Flea Market" ကို မည်သူမဆို ဝင်ကြေး ကျပ် ၂,၀၀၀ ပေးရုံနဲ့ တက်ရောက်နိုင်ပြီး ဗီယက်နမ်နိုင်ငံသို့ အသွားအပြန် လေယာဉ်လက်မှတ် အပါအဝင် တခြားသော Lucky Draw အစီအစဉ်များကိုလည်း တက်ရောက်သူများအတွက် စီစဉ်ထားတယ်လို့ သိရပါတယ်။ ■



မတ်လ ၁ ရက် (သောကြာနေ့)
ကုန်သည်ကြီးများဟိုတယ်မှာ ကျင်းပခဲ့တဲ့
12 Plus အလှကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ


မော်ဒယ်နှစ်ဦး

မတ်လ ၁ ရက် (သောကြာနေ့) ဆီဒိုးနားဟိုတယ်မှာ
ပြုလုပ်ခဲ့တဲ့ **PISM ကျောင်းဖွင့်ပွဲအခမ်းအနား**


ဦးထွန်းရွှေ


ကျောင်းသူ၊ ကျောင်းသားလေးများ


ဦးအောင်အောင်ဦး


Joseph Charles


ဒေါ်လှယဉ်ဝင်း

ဖေဖော်ဝါရီလ ၂၆ ရက် (အင်္ဂါနေ့) ကုန်သည်ကြီးများဟိုတယ်မှာ ပြုလုပ်ခဲ့တဲ့
Laurel Art Academy ရဲ့ သင်တန်းဆင်းပွဲအခမ်းအနား


ဒါရိုက်တာ ကြည်စိုးထွန်း

ဦးမောင်မောင်မြင့်

ဦးမြင့်သိန်းဖေ

မတ်လ ၂ ရက် (စနေနေ့) ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှာ ကျင်းပခဲ့တဲ့ **Sony Days ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ**



စိုင်းစိုင်းခမ်းလျှိုင်

ကိုဇော်လတ်

ဦးဝေလွင်


Shaun Wong နှင့် Shinichi Miura

မြတ်မြတ်ထွေး၊ နှင်းသီတာနှင့် ချိုချိုအောင်


Sony Days ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲမှ ကြည်ဖြူဖြူနိုင်

မတ်လ ၂ ရက် (စနေနေ့) Capital မှာ ပြုလုပ်ခဲ့တဲ့
Premier Mocha ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ


ဘန်နီဖြူး


လွှမ်းပိုင်


Bobby Soxer


ထွန်းအိန္ဒြာပို

ဖေဖော်ဝါရီလ ၂၇ ရက် (ဗုဒ္ဓဟူးနေ့) ဆာကူရာတာဝါမှာ ပြုလုပ်ခဲ့တဲ့
အိန္ဒြယ်တွေစောင့်ရှောက်တဲ့အချစ် တေးစီးရီးမိတ်ဆက်ပွဲ

ဦးပီးပေါ်

စံပီး

ကေအေတီ

မတ်လ ၃ ရက် (တနင်္ဂနွေနေ့) Junction Maw Tin အနီးမှာ ဖွင့်လှစ်လိုက်တဲ့
Wuttisak Clinic အလှအပဆိုင်ရာ ပြုပြင်ရေးဆေးခန်းဖွင့်ပွဲ


ထိုင်းသံအမတ်ဇနီးမောင်နှံနှင့် Mr. Sayam Ramasoot

Ta Ta Young

ဖေဖော်ဝါရီလ ၂၈ ရက် (ကြာသပတေးနေ့) TG Bar မှာ နွေပျော်ခဲ့တဲ့ **Dရေတိုး မွေးနေ့ပွဲအခမ်းအနား**


အစ္စကီ

တက်ရောက်သူများ

Dရေတိုးနှင့် သူငယ်ချင်း



နွမ်ဘွိုင်း
စီစဉ်သည်။

အရင်တစ်ပတ်က ပွဲနည်းလို့ သာသာယာယာ ဖြတ်သန်းခဲ့တဲ့ ဆိုရှယ်မမအတွက်တော့ ဒီတစ်ပတ် ပွဲတက်တွေ ဇယ်စက်သလို ဆက်ခဲ့ပါတယ်။ ကုမ္ပဏီတချို့ရဲ့ ညစာစားပွဲကို တက်ရောက်ပေးခဲ့တဲ့အပြင် ဂီတကိုဝါသနာပါတဲ့ သူမကတော့ တေးသီချင်းဆွေသစ်မိတ်ဆက်ပွဲတွေကိုလည်း အရောက်သွားခဲ့ပါတယ်။ LG Nexus ကုန်ပစ္စည်း၊ 12 Plus အလှကုန်ပစ္စည်း၊ Sony အီလက်ထရွန်းနစ်ကုန်ပစ္စည်းနဲ့ ပရီမီယာမိုခါ စားသောက်ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ တွေကိုလည်း တက်ရောက်ခဲ့တဲ့အပြင် ထိုင်းနိုင်ငံက လာရောက်ဖွင့်လှစ်တဲ့ အလှအပ ဆိုင်ရာပြုပြင်ရေးဆေးခန်းဖြစ်တဲ့ Wuttisak Clinic ရဲ့ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ပြီး အလှအပနဲ့ဆိုင်တဲ့ ပညာပေးတချို့ကိုလည်း လေ့လာမှတ်သားခဲ့ရပါတယ်။

ပွဲတက်လည်းများတဲ့ ဆိုရှယ်မမအတွက် အလန်းဇယားလည်းဖြစ်ပြီး ပူအိုက်လာတဲ့ ရာသီဥတုနဲ့ လိုက်ဖက်ညီမယ့် အဝတ်အစားတွေကို ရွေးချယ်နိုင်မယ့် OIOI ဖက်ရှင်ဆိုင်ဖွင့်ပွဲကိုလည်း တက်ရောက်ရင်း...။




12 Plus အလှကုန် ပစ္စည်းသစ် မိတ်ဆက်ပွဲမှ သီရိဆွေ

ဖေဖော်ဝါရီလ ၂၈ ရက် (ကြာသပတေးနေ့) ဂျန်းရှင်းစကွဲမှာ ပြုလုပ်ခဲ့တဲ့ **Moe_Z ရဲ့ တေးစီးရီးမိတ်ဆက်ပွဲ**



အိမ့်ချစ်



ကြက်ဖ



Moe_Z



12 Plus အလှကုန် ပစ္စည်းသစ် မိတ်ဆက်ပွဲမှ မော်ဒယ်တစ်ဦး

မတ်လ ၁ ရက် (သောကြာနေ့) ကုန်သည်ကြီးများဟိုတယ်မှာ ကျင်းပခဲ့တဲ့ **LG Nexus ပစ္စည်းသစ်မိတ်ဆက်ပွဲ**



ဝမ်း၊ မခိုင်သစ်လွင်နှင့် ကိုလင်းလွင်



ကံထူးရှင်ဆု ချီးမြှင့်စဉ်။

မတ်လ ၃ ရက် (တနင်္ဂနွေနေ့) ပုလဲကွန်ဒိုမှာ ဖွင့်လှစ်လိုက်တဲ့ **OIOI ဖက်ရှင်ဆိုင်ဖွင့်ပွဲ**




မဇင်မာမြင့်၊ မအေးအိသူနှင့် ညီသည်များ



မဇင်မာမြင့်


ဖေဖော်ဝါရီလ ၂၅ ရက် (တနလ်ာနေ့) ကုန်သည်ကြီးများဟိုတယ်မှာ ပြုလုပ်ခဲ့တဲ့ **CHIGO ရဲ့ ညစာစားပွဲ**



အိချောပို



ချိုပြီး



ချစ်စနိုးဦး



ဦးညက်ဝင်း၊ အန်တီမြနှင့် ဒေါ်ခင်လေးနွယ်



မော်ဒယ်များ





တစ်ပတ်စာ သင်္ဘေါဂကဏ္ဍ

ပရောဖက်မြတ်သစ် (နက္ခတ္တဝေဒပညာရှင်)
အနန်း(၂၀၁)၊ ဒုတိယထပ်၊ တိုက်(၄)၊ သီရိဂုဏ်အိမ်ရာ
ဝေဇယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်နန်းကျွန်း။
ဖုန်း - ၀၉ ၇၃၀၀ ၄၉၃၂၊ ၅၆၄၆၅၊ ၅၄၇၉၉၁။

၂၀၁၃၊ မတ်လ
၈ ရက်မှ ၁၄ ရက်အထိ

မိသရာသီဖွား (Aries) မတ် ၂၂ မှ ဧပြီ ၂၀ - အိမ်ခြံမြေကားကိစ္စများ အခက်အခဲရှိနိုင်သည့်ကြားမှပင် အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်မည်။ အဓိကလုပ်ငန်းမှ ဝင်ငွေနှင့် အကျိုးအမြတ်ဆက်လက်ဖြစ်ထွန်းမည်။ အစုစပ်၊ ဆေးဝါး၊ စားသောက်ကုန်၊ စက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ၌ လိုအင်ဆန္ဒပြည့်ဝမည်။ အိမ်ထောင်ဖက်၏ အလုပ်အကိုင်နှင့်ပတ်သက်၍လည်း အဆင်ပြေချောမွေ့လိမ့်မည်။ ၉ ရက်၊ ၁၂ ရက်တို့ ကံပွင့်လန်းနေမည်ဖြစ်သည်။ ယတြာ – ဘက်စုံပြုပြင်ရန် အလှူငွေထည့်ပါ။

ဗြိသရာသီဖွား (Taurus) ဧပြီ ၂၁ မှ မေ ၂၁ - အကြံအစည်အောင်မည်။ လုပ်ငန်းအဆင့်အတန်း အခြေအနေတိုးတက်ကောင်းမွန်မည်။ အစုစပ်လုပ်ငန်းများ၌ ဈေးကွက်တိုးချဲ့နိုင်မည်။ နိုင်ငံခြားကုန်သွယ်မှု ဆက်လက်အကျိုးပေးမည်။ ပညာရေး၌ စာမေးပွဲကံကောင်းသလို အသိဉာဏ်စွမ်းလည်း မြင့်မားတိုးတက်နေမည်။ တစ်ပတ်လုံးကံကောင်းနေသည်ဖြစ်၍ မိမိ၏ တာဝန်ယူဆောင်ရွက်မှုများ ပြီးပြတ်အောင် လုပ်ဆောင်နိုင်မည်။
ယတြာ – စနေထောင့်၌ နှင်းဆီနီ၊ အောင်သပြေ၊ ရွှက်လှုပန်းများ လှူပါ။

မေထုန်ရာသီဖွား (Gemini) မေ ၂၂ မှ ဇွန် ၂၂ - ယေဘုယျကံကောင်းသည့် ရက်များဖြစ်သည်။ ငွေကြေးကိစ္စ၊ ဘဏ်ကိစ္စ၊ စာမေးပွဲကိစ္စများ အဆင်ပြေချောမွေ့မည်။ ကျက်မှတ်မှုများ ထိရောက်နေသလို အသိဉာဏ်လည်း များစွာ ထက်မြက်မှုင့်လန်းနေမည်။ ကိုယ်ရေးကိုယ်တာနှင့် နေရေးထိုင်ရေးကိစ္စများ အဆင့်မြင့်တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ချိန်ဖြစ်သည်။ သားသမီးတပည့်တပန်း အထူးကောင်းကျိုးပေးမည်။
ယတြာ – သင်ဆရာတစ်ဦးဦးအား တတ်စွမ်းသမျှ ကန်တော့ပါ။

ကရကဋ်ရာသီဖွား (Cancer) ဇွန် ၂၃ မှ ဇူလိုင် ၂၃ - ၉ ရက်နှင့် ၁၄ ရက်တို့ ကံပွင့်လန်းနေပြီး ဝါသနာအရင်းခံသည့် အလုပ်များ တိုးတက်အောင် ဆောင်ရွက်နိုင်မည်။ အကြံအစည်ကောင်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်။ ယှဉ်ပြိုင်ဘက်များထက် ကျော်လွှန်၍ စီးပွားဖြစ်လိမ့်မည်။ မြေယာနှင့် အမွေအနှစ်၊ ကျောက်မျက်နှင့် သယံဇာတအကျိုးပေးနိုင်ချိန်ဖြစ်သည်။ ယာယီပေါ်ပင်အလုပ်များ ကောင်းကျိုးဆက်လက်ပေးလိမ့်မည်။ ယတြာ – သောကြာထောင့်၌ ရေမွှေးနှင်းဆီများ ကပ်လှူပါ။

သိဟ်ရာသီဖွား (Leo) ဇူလိုင် ၂၄ မှ သြဂုတ် ၂၃ - စာမေးပွဲကံတရားနှင့် ဉာဏ်စွမ်းဉာဏ်စ ထက်မြက်နေချိန်ဖြစ်သည်။ အဓိကလုပ်ငန်းတို့၌ အောင်မြင်တိုးတက်ရန် အခြေအနေကောင်းများ ပေါ်ထွက်လာမည်။ အနာဂတ်အကျိုးရှိမည့် လုပ်ငန်းတိုးချဲ့မှုနှင့် အစုစပ်လုပ်ငန်းစတင်ဆောင်ရွက်မှုများ လုပ်ဆောင်ရတတ်သည်။ ညီအစ်ကိုသားချင်းများထံမှ ကောင်းကျိုးများရရှိလိမ့်မည်။ ကုသိုလ်ရေးအဓိဋ္ဌာန်မအောင်မမြင်ဖြစ်တတ်သည်။
ယတြာ – အင်္ဂါထောင့်၌ နှင်းဆီနီနှင့် ဆွမ်းကပ်လှူပါ။

ကန်ရာသီဖွား (Virgo) သြဂုတ် ၂၄ မှ စက်တင်ဘာ ၂၃ - တစ်ပတ်လုံးကံကောင်းနေမည်ဖြစ်သည်။ အထူးသဖြင့် လုပ်ငန်းချဲ့ထွင်နိုင်မည်။ ရုပ်ဝတ္ထုပစ္စည်းများ အကျိုးပေးတိုးပွားမည်။ သိုလှောင်ရောင်းချသော ကုန်ပစ္စည်းများ အမြတ်အစွန်းကောင်းစွာရရှိမည်။ ရပ်ဝေးလုပ်ငန်းအဆက်အသွယ်ကောင်းများ ပေါ်ပေါက်လိမ့်မည်။ ပညာရေးကံပွင့်လန်းမှု ရာနှုန်းများစွာရှိလိမ့်မည်။ ယာယီနိုင်ငံရပ်ခြားကုန်သွယ်မှုလုပ်ငန်းများ အကျိုးအမြတ်တိုးတက်ရရှိမည်။ ယတြာ – ဗုဒ္ဓဟူးထောင့်၌ ရွှေသက်နံ့ကပ်ရန် အလှူငွေလှူပါ။

တူရာသီဖွား (Libra) စက်တင်ဘာ ၂၄ မှ အောက်တိုဘာ ၂၃ - ၉ ရက်နှင့် ၁၄ ရက်တို့ ကံတရားကောင်းမွန်ပြီး လုပ်ငန်းကိစ္စများ တိုးတက်အောင်မြင်လိမ့်မည်။ အကြံအစည်အောင်မည်။ အမွေအနှစ်၊ ဇိမ်ခံပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုစသည့် အကျိုးပေးမည်။ ရန်နှင့် ပြဿနာတို့ကို အောင်မြင်ကျော်လွှားလိမ့်မည်။ အပြိုင်အဆိုင်လုပ်ငန်းများ စီးပွားဖြစ်၍ နာမည်ဂုဏ်သတင်းတိုးတက်ကျော်စောမည်။ အများ၏ အထင်ကြီးလေးစားနေရာပေးခြင်း ခံရမည်။
ယတြာ – ရာဟုထောင့်၌ ရွှေထီးနှင့် အောင်သပြေ၊ ရွှက်လှုပန်းများ ကပ်လှူပါ။

ဗြိစ္ဆာရာသီဖွား (Scorpio) အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၂၂ - ၉ ရက်နေ့သည် ကုသိုလ်ကံအထူးကောင်းနိုင်သည်။ ကုသိုလ်ကောင်းမှု၊ အလှူဒါနများ စိတ်အေးချမ်းသာစွာ ပြုရတတ်သည်။ ပညာရေးတိုးတက်အောင်မြင်မှုရရှိအောင် ထူးထူးချွန်ချွန်ဆောင်ရွက်နိုင်လိမ့်မည်။ ဟောပြောခြင်း၊ ပို့ချခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း၊ ဝါဒဖြန့်ခြင်း၊ စာချုပ်စာတမ်းကိစ္စနှင့်ပတ်သက်၍ ကောင်းကျိုးရှိလိမ့်မည်။ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်အောင်မြင်နိုင်၏။ ယတြာ – စနေထောင့်၌ ရောင်စုံပန်းများ ကပ်လှူပါ။

ဓနုရာသီဖွား (Sagittarius) နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၂ - စုဆောင်းငွေနှင့် ဝင်ငွေတိုးပွားနိုင်သည်။ သိုလှောင်ရောင်းဝယ်သော အလုပ်၊ အမွေအနှစ်နှင့် သယံဇာတတို့မှ အကျိုးပေးကောင်းမွန်လိမ့်မည်။ ရွှေထည်ဟောင်းများ ဝင်နိုင်၏။ လုပ်ငန်းအကြီးအစည်းများ အဆင်ပြေနိုင်သည်။ နှစ်ရှည်လုပ်ငန်းကြီးများ လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ ဆက်သွယ်ရေးလုပ်ငန်းများ၌ တိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်။
ယတြာ – တနင်္ဂနွေထောင့်၌ သစ်သီးဆွမ်းကပ်လှူပါ။

မကာရရာသီဖွား (Capricorn) ဒီဇင်ဘာ ၂၃ မှ ဇန်နဝါရီ ၁၉ - ကံကောင်းသည့် နေ့ရက်များဖြစ်သည်။ လုပ်ငန်းကိစ္စတို့၌ မိမိ၏ ပြောဆိုဆက်ဆံမှု ကောင်းသောကြောင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာမည်။ နောက်လိုက်တပည့်တပန်းဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကြောင့် လုပ်ငန်းအကျိုးအမြတ်တိုးပွားမည်။ မိဒီယာလုပ်ငန်းတို့၌ ပိုမိုရှု ကုသိုလ်ကံပွင့်လန်းလာမည်။ အဓိကအကြီးအစည်များ အောင်မြင်၍ ဝင်ငွေကောင်းလာမည်။
ယတြာ – ကြာသပတေးထောင့်၌ မွေးကြိုင်သောပန်းများ ကပ်လှူပါ။

ကုံရာသီဖွား (Aquarius) ဇန်နဝါရီ ၂၀ မှ ဖေဖော်ဝါရီ ၁၉ - ပညာရေးအောင်မြင်မှုများ သိသာထင်ရှားစွာ တိုးတက်လာမည်။ အသိဉာဏ်ထက်သန်နေသလို စာမေးပွဲကံတရားလည်း ကောင်းမွန်နေမည်။ ဝင်ငွေနှင့် အကျိုးအမြတ် တိုးပွားရန် အစပျိုးနေပြီဖြစ်သည်။ အထူးသဖြင့် ရေလမ်းကုန်သွယ်မှု၊ မြို့ပြအင်ဂျင်နီယာလုပ်ငန်း၊ စိန်၊ ရွှေ၊ ရတနာတို့နှင့် အားကစားပစ္စည်းများ၊ အလှကုန်များမှ စီးပွားတက်မည်။ အခက်အခဲပြဿနာတို့ကို ဖြေရှင်းကျော်လွှားနိုင်မည်။ ယတြာ – တနင်္ဂနွေထောင့်၌ အုန်းဆွမ်းကပ်လှူပါ။

မိန်ရာသီဖွား (Pices) ဖေဖော်ဝါရီ ၂၀ မှ မတ် ၂၀ - ၉ ရက်နှင့် ၁၄ ရက်တို့ကံကောင်းထိမ်းမည်။ ယာယီကြားဖောက်အလုပ်များမှ ဝင်ငွေတိုးမည်။ သားသမီးရတနာ အကျိုးပေးမည်။ လေလံတင်ဒါကိစ္စအောင်မြင်မည်။ မိမိ၏ အကြံအစည်ကောင်းများ အောင်မြင်ရန် ကြိုးစားအားထုတ်မှု အရာရောက်လိမ့်မည်။ အဆင်မပြေနေသော အရောင်းအဝယ်ကိစ္စများ အဆင်ပြေသွားလိမ့်မည်။ အစုစပ်လုပ်ငန်းများမှု အရှုံးပေါ်တတ်၍ သတိထားဆောင်ရွက်သင့်၏။
ယတြာ – ဆန်၊ ဆီ စသည်တို့ လှူဒါန်းပါ။



ကဲ . . . ကိန်းဂဏန်းတွေကို နေရာချရအောင် . . .

ကိန်းဂဏန်းတွေကို စိစဉ်နေရာချရမှာပါ။ ကစားနည်းရဲ့စည်းကမ်းကတော့ အလျားလိုက်ပဲဖြစ်ဖြစ်၊ ထောင်လိုက်ပဲဖြစ်ဖြစ်၊ မည်မည်ဘာအကွက်ကလေးမှာ တစ်ခုချင်းစီအနေနဲ့ ခွဲကြည့်ပြီးဖြစ်ဖြစ် ၁ ကနေ ၉ အထိ စီစဉ်နေရာချပေးရမှာပါ။ ဒီကစားနည်းအဖြေကို လာမယ့် တနလ်ာနေ့နောက်ဆုံးထားပြီး Tea Break ကဏ္ဍလို့ ခေါင်းစဉ်တပ်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန် ဖုန်းနံပါတ် ဖော်ပြလို့ မြန်မာတိုင်း(မ်)ဆီကို စာ (သို့) teabreak.timeout@gmail.com ကတစ်ဆင့် ပေးပို့ရပါမယ်။ ကံထူးရှင်တစ်ဦးတည်းကိုသာ ရွေးချယ်လို့ နေ့လယ်စာကျွေးမှာဖြစ်ပြီး အချိန်ကို ဖုန်းဆက်အကြောင်းကြားမှာဖြစ်ပါတယ်။

အမှတ်စဉ်(၃၃၇)

	8			5				2
		6	2				9	8
		4	8		7			1
	6	2	7				5	
5				9				4
	1				2	9	7	
6			9		8	3		
8	7				1	6		
1				7			4	

အမှတ်စဉ်(၃၃၆)အတွက် အဖြေမှန်

5	2	9	4	6	7	8	1	3
7	1	6	8	5	3	2	9	4
3	8	4	2	1	9	6	7	5
6	5	8	9	7	2	3	4	1
4	3	7	6	8	1	9	5	2
1	9	2	5	3	4	7	6	8
9	6	1	3	2	5	4	8	7
8	7	3	1	4	6	5	2	9
2	4	5	7	9	8	1	3	6

အမှတ်စဉ် (၃၃၆) ကံထူးရှင် – မတင်ဇာနိုင်၊ ၁၂/တမန(နိုင်)၁၁၄၀၁၃၊ အမှတ်(၄၈)၊ လေးလွှာ၊ဦးလွန်းလမ်း၊ တာမွေမြို့နယ်။ဖုန်း–၀၉–၄၂၀၃၃၃၅၁၅။

သမ္မတဟိုတယ် မြေညီထပ်က ၂၄ နာရီဖွင့်တဲ့ ‘၃၆၅ ကဖေး’



သမ္မတဟိုတယ် မြေညီထပ်မှာရှိတဲ့ ‘၃၆၅ ကဖေး’ ဟာ ၂၄ နာရီဖွင့်တဲ့အတွက် ပိုးလင်း၊ ပိုးချပ်စားသောက်ချင်နေတတ်သူတွေအတွက် အဆင်ပြေတဲ့နေရာတစ်ခုဖြစ်နေပါတယ်။

ရန်ကုန်မှာ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်လောက်က စပြီး ရုတ်တရက် ပေါ်ပေါက်လာတဲ့ ကော်ဖီဆိုင်တွေကြားမှာ ထူးထူးခြားခြား ခေတ်စားလာပုံရတဲ့ ဆိုင်အပြင် အဆင်နဲ့ဖွဲ့စည်းပြင်ဆင်ထားတဲ့ ဒီဆိုင်လေးရဲ့ ပုံသဏ္ဌာန်ဟာ ညဉ့်နက်ပိုင်း ဧည့်သည်တွေအတွက် အထူးကို သင့်တော်ပါတယ်။ ဒီဆိုင်မှာ ဖွင့်ပေးထားတဲ့သီချင်းကတော့ အမြဲညံပါတယ်။ ဒါပေမဲ့ ဘယ်တော့မှ အကျယ်ကြီး ဖွင့်မထားပါဘူး။

ဒီဆိုင်ရဲ့အစားအစာနဲ့ အဖျော်ယမကာ မီနူးမှာ ရွေးချယ်စရာတွေ အများကြီးရှိပါတယ်။ အာရှနဲ့ အနောက်နိုင်ငံက ဟင်းလျာတွေ အစုံအလင်ရနိုင်ပါတယ်။ ဆူရှီနဲ့ စပါဂတ်တီ တွဲစားချင်စိတ်ပေါက်တဲ့ အခါမျိုး၊ ဒါမှမဟုတ် ဘာဂါနဲ့အကြော်ကို မီဆိုဟင်းချိုနဲ့ မျှောချချင်တဲ့အခါမျိုးဆိုရင် ဒီဆိုင်ကို သွားစားသင့်ပါတယ်။

ဒီဆိုင်က အနောက်တိုင်း အစားအစာတွေဟာ ဖြစ်ကတတ်ဆန်း နိုင်လှတယ်လို့ ကျွန်တော့် လုပ်ဖော်ကိုင်ဖက် တစ်ယောက်က ပြောပေမယ့် ကျွန်တော် ဒီဆိုင်မှာ သွားစားဖြစ်တိုင်း ဒီဆိုင်ရဲ့ အစားအစာတွေက အရမ်းကောင်းတာကို သတိထားမိခဲ့ပါတယ်။ ရန်ကုန်မှာရှိတဲ့ တခြားကော်ဖီဆိုင်တချို့က အဆင့်မီဟင်းပွဲတွေထက် ကောင်းပါတယ်။

ဒီဆိုင်ကို သိပ်မကြာသေးခင်က ကျွန်တော် သွားဖြစ်ခဲ့ပြီး အမဲသားကြော်နဲ့ ကင်ချီပုံထားတဲ့ ထမင်းဖြူတစ်ခွက် (ကျပ် ၃,၃၀၀)ကို မှာစားဖြစ်ခဲ့ပါတယ်။ အမဲသားက နည်းနည်းမာနေတာတောင် စားလို့ အရမ်းကောင်းပြီး ဗိုက်လည်း တင်းသွားပါတယ်။

သောက်စရာကလည်း အပူအအေး နှစ်မျိုးစလုံးရပြီး ဖျော်ရည်ပုလင်းကနေ smoothie အထိ ရွေးစရာတွေ စုံပါတယ်။ ကျွန်တော်ကတော့ ဘလူးဘယ်ရီ smoothie (ကျပ် ၂,၈၅၀) တစ်ခွက်မှာလိုက်ပါတယ်။ အပေါ်မှာ ထည့်ပေးထားတဲ့ ကရင်မ်ပုံကြီးက ကျွန်တော့် ကိုယ်အလေးချိန် နှစ်ကီလိုနီးပါးတက်လာစေမယ့်ပုံပါ။

အစားအသောက်မှာဖို့ တစ်ခါတလေ စားပွဲထိုးလေးတွေကို စောင့်ရတတ်တာမျိုး ရှိပေမယ့် ကျွန်တော်က တော့ အဲဒီလိုမျိုး တစ်ခါမှ မကြုံခဲ့ရသေးပါဘူး။ ကျွန်တော် နောက်ဆုံးတစ်ခေါက် သွားဖြစ်တုန်းကတော့ အမြန်ပြင်ပေးလို့ရတဲ့ အစားအစာဖြစ်တဲ့ smoothie အရင်လာချပေးပါတယ်။ နောက်နှစ်မိနစ်လောက်နေတော့ အသားကြော်နဲ့ ကင်ချီတွေ ရောက်လာပါတယ်။

365 Cafe

အမှတ်(၅)၊ အလံပြဘုရားလမ်း၊ သမ္မတဟိုတယ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ■

ပြော . . ရှေ့နေ

တစ်နေ့မှာ ဆံပင်ညှပ်ဆရာဟာ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးကို ဆံပင်ညှပ်ပေးပါတယ်။

ဘုန်းတော်ကြီးက ပိုက်ဆံပေးတဲ့အခါ လက်မခံဘဲ “ဖာသာက ဘုရားသခင်ရဲ့ အလုပ်တွေ လုပ်တဲ့သူမို့ပါ”လို့ ပြောလိုက်ပါတယ်။

နောက်တစ်နေ့ ဆိုင်ဖွင့်တဲ့အခါ ဆံပင်ညှပ်သမားဟာ သမ္မာကျမ်းစာအုပ် တစ်ဒါဇင်ကို သူ့ဆိုင်ရှေ့မှာ အပုံလိုက်တွေ့လိုက်ရပါတယ်။

ရဲသားတစ်ယောက်ဟာလည်း ဆံပင်ညှပ်ဆရာဆီ ဆံပင်လာညှပ်တဲ့အခါ “ခင်ဗျားဟာ ပြည်သူတွေကို ကာကွယ်ပေးတဲ့သူမို့ပါ”လို့ ပြောပြီး အလကားညှပ်ပေးလိုက်ပါတယ်။

နောက်တစ်နေ့မှာတော့ ဆံပင်ညှပ်သမားဟာ သူ့ဆိုင်ရှေ့မှာ ရဲသားလာထားသွားတဲ့ ဖိုးနတ်တစ်ဒါဇင်ကို လက်ခံရရှိလိုက်ပြန်ပါတယ်။

ရှေ့နေတစ်ဦး ဆံပင်လာညှပ်တဲ့အခါမှာလည်း “လူကြီးမင်းက အမှန်တရားအတွက် အမှုထမ်းနေတဲ့သူမို့ပါ” လို့ဆိုပြီး ဆံပင်ညှပ်ခမယူလိုက်ပြန်ပါဘူး။

နောက်တစ်နေ့ဆိုင်ဖွင့်တဲ့ အခါမှာတော့ ဆံပင်ညှပ်ဆရာဟာ အလကားညှပ်ဖို့အတွက် စောင့်ဆိုင်းနေကြတဲ့ ရှေ့နေတစ်ဒါဇင်ကို တွေ့လိုက်ပါတယ်။

မိုမိုသော် ဘာသာပြန်သည်။ ■





Phyo's Cooking Adventure

Phyo cuts through culture to reveal life's true taste

Rice spaghetti noodle and grilled pork salad



ဗီယက်နမ်စတိုင် ကော်ပြန်လိပ်အပြီးမှာ တော့ နန်းကြီးဖတ်ကို သုံးပြီး သုပ်ထားတဲ့ ဗီယက်နမ်ဆန်ခေါက်ဆွဲသုပ်ကို သုပ်စားမှာပါတယ်။ ဝက်သားကို သုံးပြီး သုပ်ထားပေမယ့် လည်း ပင်လယ်စာ၊ သို့မဟုတ် ကြက်သားတို့နဲ့ အစားထိုးပြီး သုပ်စားနိုင်ပါတယ်။ ဖြူးက ဗီယက်နမ် နန်းကြီးသုပ်လို့ တင်စားပြီး ပြောပေမယ့် တကယ်တော့ မြီးရှည်လိုမျိုးနဲ့ ပိုတူတယ်လို့ ပြောလို့ရပါတယ်။ မြေပဲဆန်ရယ်၊ ချဉ်ဖတ်လေးရယ်၊ ချိုချဉ်၊ ငံ၊ စပ် အရသာရှိတဲ့ အချဉ်ရည်နဲ့ သုပ်ထားလို့ပါ။

ဒီချက်နည်းမှာပါတဲ့ ဝက်သားကင်ကို ကောက်ညှင်းပေါင်းလေးနဲ့ တွဲစားလို့လည်း ရပါတယ်။ ရာသီဥတုပူလာလို့ အစားပျက် နေသူတွေ အတွက် ဒီခေါက်ဆွဲသုပ်လေးက ချိုချဉ်၊ ငံ၊ စပ် အရသာနဲ့ ခံတွင်းပြန်တွေ့စေမှာ သေချာပါတယ်။

ဝက်သားကင် (Thit nuong)

ပါဝင်ပစ္စည်းများ

ဝက်အသားသက်သက် (ဂုတ်သားဆိုလျှင် ပိုကောင်းပါသည်)
၅၀၀ ဂရမ်
စပါးလင်း (နုပ်နုပ်စင်းလျက်) ၁/၄ ခွက်
ကြက်သွန်ဖြူ ၂-၃ မြွှာ (ညက်ညက်ထောင်းလျက်)
သကြား စားပွဲဇွန်း ခုနစ်ဇွန်း
ငံပြာရည် စားပွဲဇွန်း လေးဇွန်း
ဂရုတ်ကောင်းမှုန့် (ချက်ချင်းကြိတ်ပြီးထည့်ပါမယ်)
လက်ဖက်ရည်ဇွန်း တစ်ဇွန်း
နှမ်းဆီမွှေး
လက်ဖက်ရည်ဇွန်း သုံးဇွန်း
ဟင်းသီးဟင်းရွက်ဆီ
စားပွဲဇွန်း သုံးဇွန်း
ပျားရည် စားပွဲဇွန်း တစ်ဇွန်း
နှမ်းလှော် စားပွဲဇွန်း တစ်ဇွန်း

ပြင်ဆင်ပုံ

ခပ်နုတ်နုတ်လှီးထားသော စပါးလင်း၊ ကြက်သွန်ဖြူထောင်း၊ သကြား၊ ပျားရည်၊ ဂရုတ်ကောင်းဖြူ၊ နှမ်းလှော်ဆီ၊ နှမ်းလှော်တို့ကို ဖန်ဇလုံတစ်လုံးတည်းတွင် ထည့်ပြီး သမအောင်မွှေပါ။

ပြီး ဝက်သားများကို အမြှောင်းလိုက်လှီးကာ ထိုဖန်ဇလုံထဲတွင် စပ်ထားသော အနှစ်များဖြင့် သမအောင်နယ်ပြီး အနည်းဆုံး နှစ်နာရီမျှ နှပ်ထားပါ။ ရေခဲသေတ္တာထဲတွင် ထည့်ထားနိုင်လျှင် ထည့်ထားပါ။

ဝက်သားများ အဆင်သင့်ဖြစ်ပြီဆိုလျှင် ၎င်းတို့ကို မီးဖိုပေါ်၌ အကင်စင်လေးများထိုးပြီးဖြစ်ဖြစ်၊ အကင်ညှပ်ဖြင့် ညှပ်၍ပဲဖြစ်ဖြစ် ကင်ပါ။ အသားပြားများကို စုပ်တံဖြင့် ဆီအနည်းငယ်မျှ သုပ်ပေးကာ တစ်ဖက်လျှင် မိနစ်အနည်းငယ်မျှ ကင်ပြီးလှည့်လှည့်ပေးပါ။

ကင်ပြီးသား အသားများကို မအေးသွားအောင် အလူမီနီယံပြားဖြင့် ဖုံးအုပ်ပြီး ထားပါ။

ခေါက်ဆွဲအတွက်

နန်းကြီးခေါက်ဆွဲဖတ်အစို တစ်ကီလိုဂရမ် (လူတစ်ယောက်လျှင် ၁၅၀-၂၀၀ ဂရမ်)
ကြက်သွန်နီကြော် စားပွဲဇွန်း ငါးဇွန်း
မြေပဲလှော် စားပွဲဇွန်း လေးဇွန်း
ပူစီနံ နှစ်စည်း (အရွက်များချွေထားပေးပါ)
ဆလပ်ရွက် တစ်စည်း
Asian basil (ပင်စိမ်းရွက်)နှစ်စည်း (အရွက်များချွေထားပေးပါ)
ပဲပင်ပေါက် ၃၀ ဂရမ်
သခွားသီး တစ်လုံး (အချောင်းလေးများဖြစ်အောင် လှီးပါ)
ဂရုတ်သီးအနီတောင့်ရှည် နှစ်တောင့် (ပါးပါးလှီးပါ)
ဗီယက်နမ်ငံပြာရည် dressing (Nuoc Cham)
(ရှေ့အပတ်က ဖော်ပြပြီး)
မုန်လာဥဖြူနီ ချဉ်ဖတ်

ပြင်ဆင်ပုံ

မုန့်ဖတ်အခြောက် (မြီးရှည်ဖတ်) ကို သုံးမည်ဆိုရင် အထုပ်တွင်ပါသည့် အတိုင်း ပြင်ဆင်ပါ။

ဟင်းသီးဟင်းရွက်စိမ်းများကို ရေစင်အောင်ဆေးပြီးလျှင်စစ်ထားပေးပါ။

မုန့်ပြင်ရန်အတွက် ပန်းကန်တစ်လုံးထဲတွင် နန်းကြီးဖတ်များကို တစ်ယောက်စာထည့်ကာ ဝက်သားကင်ပြား (ညှပ်၍)၊ ကြက်သွန်နီကြော်၊ မြေပဲထောင်းတို့ကို တစ်ခုခြင်းဆီထည့်ပါ။ ထို့နောက် ငံပြာရည်ဖြင့် ဖျော်ထားသော Nuoc Cham dressing ကိုဆမ်းထည့်ကာ သမအောင်မွှေပြီး စားနိုင်ပါပြီ။ အရည်များ မုန့်ဖတ်ထဲသို့ စိမ့်ဝင်သွားအောင် ၁-၂ မိနစ်မျှ စောင့်ပြီး စားပါက ပိုကောင်းပါတယ်။

ပါးပါးလှီးထားတဲ့ ဆလပ်ရွက်များ၊ ပဲပင်ပေါက်စိမ်းများ၊ ပူစီနံရွက်များ၊ basil ရွက်များ၊ ငရုတ်သီးနီ၊ မုန်လာချဉ်တို့ကို စိတ်ကြိုက်ထည့်ကာ အားလုံးနယ်ဖတ်ပြီးစားရင် ပိုပြီးစားလို့ကောင်းပါတယ်။

ဗီယက်နမ်ငံပြာရည် Dressing

ပါဝင်ပစ္စည်းများ

ငံပြာရည် ၁/၂ ခွက် (၁၂၀ မီလီမီတာ)
ရှုလကာရည်အဖြူ (white vinegar)
၁/၂ ခွက် (၁၂၀ မီလီမီတာ)
သံပရာရည် စားပွဲဇွန်း ငါးဇွန်း
သကြား စားပွဲဇွန်း ငါးဇွန်း
ကြက်သွန်ဖြူခြောက်မွှာ (ညက်ညက်ထောင်းလျက်)
ဂရုတ်သီးအနီတောင့်ရှည်နှစ်တောင့် (သေးသေးနုပ်နုပ်စဉ်းလျက်)
ရေတစ်ခွက်
သကြားကို ရေထဲတွင် အရင်ဖျော်အောင် ဖျော်ပြီး ဂရုတ်သီးမှလွဲ၍ ကျန်ပစ္စည်းများအားလုံးကို ထည့်ကာ ခွက်တစ်ခွက်ထဲတွင် သမအောင် မွှေပါ။ ပြီးလျှင် ဂရုတ်သီးများကို ဖြူးပါ။

မုန်လာဥနီဖြူချဉ်ဖတ် (Do Chua)

မုန်လာဥနီ တစ်ဥ (အခွံနွာပြီး အချောင်းလေးများဖြစ်အောင် လှီးထားပါ)
မုန်လာဥဖြူ တစ်ဥ (အခွံနွာပြီး အချောင်းလေးများဖြစ်အောင် လှီးထားပါ)
သကြား စားပွဲဇွန်း တစ်ဇွန်းခွဲ
ဆား စားပွဲဇွန်း တစ်ဇွန်း
ရေနွေး နှစ်ခွက်
ပေါင်းခံထားသော ရှာလကာရည် သို့မဟုတ် ဆန်ရှာလကာရည် စားပွဲဇွန်း နှစ်ဇွန်း

ပြင်ဆင်ပုံ

ချဉ်ဖတ်တည်မည့် ပုလင်းကို သန့်ရှင်းအောင်ဆေး၍ ရေဖြင့်ပြုတ်ကာ ပိုးသတ်ပါ။ ပြီးရင် ရေနွေးအိုးတည်ကာ ခပ်နွေးနွေးဖြစ်သည်အထိ အအေးခံပါ။ နောက် မုန်လာဥများမှလွဲ၍ ကျန် ပါဝင်ပစ္စည်းများကို ဖန်၊ သို့မဟုတ် ကြွေပန်းကန် တစ်ခုတည်းတွင် ရောမွှေပါ။ သကြားနှင့် ဆားများပျော်သည်အထိ မွှေပေးပါ။ နောက် မုန်လာဥခြစ်များကို ပုလင်းထဲသို့သေချာသိပ်ထည့်ကာ ဖျော်ထားသော အချဉ်ရည်ကို လောင်းထည့်ပါ။ ပုလင်းအပြည့်ထိမထည့်ပဲ လည်ပင်း ဝလောက်အထိသာထည့်ပါ။ နောက်အဖုံးကို လေလုံအောင် ပိတ်ပြီး လျှင်အေးပြီးမှောင်သောနေရာ၌ တစ်ရက် မျှထားပါ။ သို့မဟုတ် ရေခဲသေတ္တာထဲ ၌ ၂-၃ ရက်မျှထားပါက ရပါပြီ။ ■

TIPS

ဝက်သားကို ကင်ရင် အကြာကြီး မကင်ပါနဲ့။ ပျားရည်နဲ့ စိမ်ထားတဲ့အတွက် တူးလွယ်လို့ပါ။ အသားကို ပါးပါးလှီးထားရင် ပိုပြီး မြန်ဆန်စွာ ကျက်ပါတယ်။

ပုဇွန်၊ သို့မဟုတ် ကြက်သားပေါင်သား၊ သို့မဟုတ် ရင်ပုံသားကိုလည်း အစားထိုးနိုင်ပါတယ်။ ပုစွန်အတွက်ဆိုရင်တော့ ပျားရည်နှင့် သကြားကို ချန်ထားခဲ့ပါက ပိုပြီး ကောင်းပါတယ်။

ခေါက်ဆွဲခြောက်ထုပ်ကို သုံးရင် ခေါက်ဆွဲပြုတ်ရာ၌ ဟင်းသီးဟင်းရွက်ဆီ စားပွဲဇွန်း နှစ်ဇွန်းကို ရေနွေးဆူဆူထဲ သို့ထည့်ပြုတ်ပါ။ ရေစစ်ချသည့်အခါ ခေါက်ဆွဲများ စေးကပ်မနေတော့ပါ။

Dressing ဖျော်စပ်နည်းဟာ မိမိအကြိုက် ချဉ်၊ ငံ၊ စပ် အရသာကို လိုသလိုပြင်ပြီး စားသုံးနိုင်ဖို့ အခြေခံအညွှန်းမျှသာဖြစ်ပါတယ်။

မုန်လာဥချဉ်ကို ပဲပင်ပေါက်၊ ပန်းဂေါ်ဖီတို့နဲ့ တွဲ၍လည်း ကောင်း၊ အစားထိုး၍လည်း ကောင်း အချဉ်တည်နိုင်ပါတယ်။

ဝိုင်နီ

Chateau Greysac Chateau de By Medoc 2007



cabernet ဝိုင်နဲ့ merlot ဝိုင်နှစ်မျိုး အရောပြင်သစ် ဝိုင်နီတစ်မျိုးဖြစ်တဲ့ ဒီဝိုင်ဟာ ဟင်းခတ် အမွှေးအကြိုင် အနံ့သင်းပြီး အရသာကလည်း သစ်သီးအရသာ အပြည့်အဝ ပါဝင်တာကြောင့် မကျက်တစ်ကျက် ကင်ထားတဲ့ အသားကင်တွေနဲ့ လိုက်ဖက်လှပါတယ်။

Score Box 8/10

ကျပ် ၁၉,၈၀၀

ဝိုင်ဖြူ

Gustav Lorentz Pinot Gris Reserve 2010



အထက်က ဝိုင်နီထက် ဟင်းခတ်အမွှေး အကြိုင်နဲ့ နည်းနည်း ပျော့တဲ့ ဒီဝိုင်ဖြူကတော့ အက်ဆစ် ပါဝင်မှု အနေတော် ဖြစ်ပြီး တအား လည်း မချိပါဘူး။ ဒါကြောင့် သောက်ပြီးရင် ခံတွင်းထဲမှာ နှစ်လို့ဖွယ်ရာ အရသာ စွဲကျန်ရစ်ခဲ့ပါတယ်။

Score Box 8/10

ကျပ် ၂၀,၇၀၀

သီရိမင်းထွန်း ဘာသာပြန်သည်။

QUOTE

Cooking is hard work, but when it is done with love, it really is a pleasure
Margaret Fulton

NEXT WEK

ငါးကိုကင်လည်းကင်မယ်။ ပေါင်းလည်း ပေါင်းမယ်။ ဗီယက်နမ်စတိုင် နော်. .

Events flash

Ocean Supercenter ရဲ့ နွေရာသီပုံရိပ် ပန်းချီပြိုင်ပွဲ

အသက် ၁၅ နှစ်မှ ၂၅ နှစ်ကြား ပြိုင်ပွဲဝင်များ ပါဝင်နိုင်မယ့် Ocean Supercenter ရဲ့ နွေရာသီပုံရိပ်ပန်းချီပြိုင်ပွဲနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို မတ်လ ၉ ရက်နေ့နဲ့ ၁၆ ရက်နေ့တွေမှာ Ocean Supercenter ပုစွန်တောင်နဲ့ North Point Shopping Center တွေမှာ နေ့လည် ၁၂ နာရီက စတင် ကျင်းပသွားမှာ ဖြစ်ပါတယ်။

About Yangon (ရန်ကုန်အကြောင်း) ပန်းချီပြပွဲ

ပန်းချီ MKM ရဲ့ About Yangon ပန်းချီပြပွဲကို မတ်လ ၄ ရက်နေ့မှ ၉ရက်နေ့ထိ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနဲ့ ကုန်သည်လမ်းထောင့်က လောကနတ် ခန်းမမှာ ပြသမှာဖြစ်ပါတယ်။

Monument Books and Toys ရဲ့ကလေးများအတွက်ပုံပြောပွဲတော်

အသက် ၅ နှစ်မှ ၁၂ နှစ်ထိ ကလေးများ ပါဝင်နိုင်တဲ့ အင်္ဂလိပ်စာ ပုံပြောပွဲတော်ကို အမှတ်၁၅၀၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်မှာရှိတဲ့ Monument Books and Toys ဆိုင်မှာ မတ်လ ၁၆ ရက်နဲ့ ၁၇ ရက်နေ့တွေမှာ ကျင်းပပါမယ်။

လျှပ်စစ်မြို့တော် ပန်းချီပြပွဲ

ပန်းချီ အောင်ကြည်စိုးရဲ့ လျှပ်စစ်မြို့တော်ပန်းချီပြပွဲကိုလည်း လောကနတ် ခန်းမမှာ မတ်လ ၁၁ ရက်မှ ၁၆ ရက်နေ့ထိ ကျင်းပမှာဖြစ်ပါတယ်။

နိုင်ငံတကာအမျိုးသမီးများနေ့ အစီအစဉ်

နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ် စကားရည်လုပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ ပြိတိသျှ ကောင်စီစာကြည့်တိုက်တွင် မတ်လ ၈ ရက်နေ့တွင် ကျင်းပမည်။

မြန်မာ–ထိုင်း နှစ်နိုင်ငံ ရိုးရာအထည် အလှပ်ပြပွဲ

ထိုင်းသံရုံးမှစီစဉ်တဲ့ မြန်မာ-ထိုင်း နှစ်နိုင်ငံ ရိုးရာအထည် အလှပ်ပြပွဲကို Junction Square စျေးဝယ်စင်တာမှာ မတ်လ ၉ ရက်နဲ့ ၁၀ ရက်နေ့တွေမှာ ကျင်းပမှာဖြစ်ပါတယ်။

DOMESTIC FLIGHT SCHEDULES

YANGON TO NAY PYI TAW

Days	Flight	Dep	Arr
MON	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
TUE	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
WED	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
THUR	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
FRI	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
SAT	UB-A1	08:00	09:00
SUN	UB-A1	15:30	16:30

NAY PYI TAW TO YANGON

Days	Flight	Dep	Arr
MON	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
TUE	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
WED	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
THUR	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
FRI	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
SAT	UB-A2	10:00	11:00
SUN	UB-A2	17:00	18:00

YANGON TO MANDALAY

Days	Flight	Dep	Arr
MON	W9 501	06:00	07:25
	YH 909	06:30	08:10
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	K7 222	06:30	08:40
	Y5 131	08:00	09:00
	YJ 911	09:15	10:40
	YJ 761	11:00	12:55
	YH 727	11:15	13:25
	W9 119	11:45	13:40
	K7 622	12:00	13:25
	6T 501	13:45	15:45
	W9 109	14:00	15:55
	YJ 109/W97109	14:30	16:25
	YH 731	15:00	17:10
	6T 341	15:30	16:55
TUE	W9 141	06:00	07:25
	YJ 891	06:10	08:15
	YH 917	06:00	07:40
	6T 401	06:20	08:25
	6T 403	06:30	08:35
	K7 222	06:30	08:40
	W9 143	06:45	08:50
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	YJ 761	11:00	12:55
	YH 729	11:30	14:30
	W9 251	11:30	12:55
	K7 822	11:30	12:55
	K7 622	12:00	13:25
	W9 109	14:00	15:55
	6T 501	14:00	16:05
	YJ 791	14:30	16:25
	YJ 109/W97109	14:30	16:25
	YH 731	15:00	17:10
WED	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	6T 331	06:45	08:10
	W9 143	06:45	08:50
	W9 201	07:30	08:55
	Y5 131	08:00	09:00
	YJ 911	09:15	10:40
	YJ 751/W97751	11:00	12:55
	YH 737	11:15	13:25
	W9 119	11:45	13:40
	K7 622	12:00	13:25
	W9 501	12:00	13:25
	6T 501	14:30	16:30
	YJ 791	15:00	16:55
	YH 731	15:00	17:10
	W9 129	15:30	17:25
THUR	W9 205	06:00	07:25
	YJ 891	06:10	08:15
	YH 917	06:00	07:40
	6T 401	06:20	08:25
	K7 222	06:30	08:40
	W9 143	06:45	08:50
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	YJ 201	10:30	11:55
	YJ 761	11:00	12:55
	YH 729	11:30	14:30
	K7 226	12:00	13:25
	6T 501	13:45	15:45
	W9 129	14:30	16:25
	6T 341	15:00	16:25
	W9 501	15:00	16:25
	YH 731	15:00	17:10
FRI	YH 909	06:00	07:40
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	K7 222	06:30	08:40
	Y5 131	08:00	09:00
	YJ 751/W97751	10:00	11:55
	YJ 211	11:00	12:25
	YH 727	11:15	13:25
	K7 824	13:00	14:25
	6T 501	15:00	17:00
	YH 731	15:00	17:10
SAT	YJ 891	06:10	08:15
	YH 917	06:00	07:40
	6T 401	06:20	08:25
	K7 222	06:30	08:40
	K7 244	06:45	08:10
	Y5 131	08:00	09:00
	YJ 601	11:00	14:25
	YJ 761	11:00	12:55
	YH 729	11:30	14:30
	YJ 109/W97109	14:30	16:25
	6T 501	14:45	16:45
	YH 731	15:00	17:10
SUN	YJ 211	06:00	07:25
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	YJ 751/W97751	11:00	12:55
	YH 737	11:15	13:25
	K7 622	12:00	13:25
	YH 731	15:00	17:10
	YJ 129/W97129	14:30	16:25
	6T 341	15:00	16:25
	6T 341	15:30	16:55
	6T 501	15:30	17:30

MANDALAY TO YANGON

Days	Flight	Dep	Arr
MON	YH 910	08:10	10:15
	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	W9 502	09:10	11:05
	Y5 132	09:30	10:30
	W9 504	15:45	17:10
	6T 502	16:05	17:30
	W9 109	16:10	18:15
	YJ 762	16:35	18:00
	YJ 109/W97109	16:40	18:45
	K7 623	16:40	18:05
	YH 728	16:45	18:10
	YH 732	17:10	19:15
	6T 342	17:15	19:20
	W9 120	17:50	19:15
TUE	YJ 892	08:30	10:25
	6T 402	08:45	10:45
	6T 404	08:55	10:55
	K7 223	09:00	11:05
	W9 143	09:05	11:00
	YH 918	09:10	11:05
	Y5 132	09:30	10:30
	YJ 762	16:00	17:55
	W9 109	16:10	18:15
	6T 502	16:25	18:35
	K7 623	16:40	18:05
	YJ 792	16:40	18:45
	YJ 109/W97109	16:40	18:05
	YH 732	17:10	19:15
	8M 6604	17:20	18:30
	YH 730	18:15	19:40
	K7 823	18:00	19:25
	W9 252	18:35	20:00
WED	YH 910	08:10	10:15
	6T 332	08:30	09:55
	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	W9 144	09:05	11:10
	Y5 132	09:30	10:30
	K7 623	16:40	18:05
	YJ 792	17:10	19:15
	6T 502	16:50	18:55
	YH 732	17:10	19:15
	YH 738	17:25	18:50
	W9 129	17:40	19:45
	W9 120	17:50	19:15
	YJ 752/W97752	17:50	19:15
THUR	W9 205	07:40	09:45
	YJ 892	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	W9 143	09:05	11:10
	YH 918	09:10	11:05
	Y5 132	09:30	10:30
	YJ 202	15:00	16:25
	K7 227	15:50	17:15
	6T 502	16:05	17:30
	YJ 762	16:35	18:00
	W9 129	16:40	18:05
	6T 342	16:45	18:50
	YH 732	17:10	19:15
	8M 6604	17:20	18:30
	YH 730	18:15	19:40
FRI	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	Y5 132	09:30	10:30
	YJ 212	16:00	18:05
	YH 728	16:45	18:10
	6T 502	17:20	19:25
	K7 825	17:40	19:05
SAT	YJ 892	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	YH 918	09:10	11:05
	Y5 132	09:30	10:30
	YJ 602	14:40	16:45
	YJ 762	16:35	18:00
	YJ 109/W97109	16:40	18:05
	6T 502	17:05	19:10
	YH 732	17:10	19:15
SUN	YH 910	08:10	10:15
	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	Y5 132	09:30	10:30
	YJ 212	11:00	12:25
	6T 342	16:15	18:50
	K7 623	16:40	18:05
	YJ 129/W97129	16:40	18:45
	YH 732	17:10	19:15
	6T 342	17:15	19:20
	8M 6604	17:20	18:30
	K7 823	17:20	18:45
	YH 738	17:25	18:50
	6T 502	17:50	19:15
	YJ 752/W97752	17:50	19:15

YANGON TO NYAUNG U

Days	Flight	Dep	Arr
MON	YJ 901	06:00	07:20
	W9 501	06:00	08:10
	YH 917	06:10	07:45
	YJ 891	06:10	07:30
	6T 401	06:20	07:40
	YH 909	06:30	08:55
	6T 403	06:45	08:05
	YJ 141/W97141	07:15	08:35
	K7 222	06:30	07:50
	W9 141	06:30	07:50
	W9 143	07:00	08:20
	YJ 911	09:15	11:25
	W9 109	14:00	16:40
	YJ 109/W97109	14:30	17:10
	YH 731	15:00	17:55
	6T 341	15:30	17:45
TUE	W9 205	06:00	07:20
	W9 141	06:00	08:10
	YH 909	06:10	07:45
	YJ 891	06:10	07:30
	YH 917	06:00	08:25
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	6T 403	06:30	07:50
	W9 143	06:45	08:05
	YH 711	10:30	12:50
	W9 109	14:00	16:40
	6T 501	14:00	16:55
	YJ 791	14:30	17:10
	YH 731	15:30	18:25
WED	YJ 901	06:00	07:20
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	W9 141	06:30	07:50
	W9 143	06:45	08:05
	K7 242	06:45	08:05
	YJ 911	09:15	11:25
	6T 501	14:30	17:20
	YJ 791	15:00	17:40
	YH 731	15:00	17:55
	W9 129	15:30	18:10
THUR	W9 205	06:00	08:10
	YJ 901	06:00	07:20
	YH 910	06:00	08:25
	YJ 891	06:10	07:30
	YH 909	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	W9 141	06:30	07:50
	W9 143	06:45	08:05
	6T 403	06:45	08:05
	W9 501	15:00	17:10
	6T 341	15:00	17:15
	YH 731	15:00	17:55
FRI	YJ 901	06:00	07:20
	YH 909	06:00	08:25
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	K7 242	06:45	08:05
	6T 403	06:45	08:05
	6T 501	15:00	17:50
	YH 731	15:00	17:55
SAT	YJ 911	06:00	07:20
	YH 917	06:00	08:25
	YJ 891	06:10	07:30
	YH 909	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	6T 411	07:00	08:20
	6T 451	10:45	12:05
	YJ 601	11:00	15:10
	6T 501	14:45	17:35
	YH 731	15:00	17:55
SUN	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	YH 909	06:30	08:55
	6T 403	06:45	08:05
	K7 224	14:15	16:25
	YJ 129/W97129	14:30	17:10
	6T 341	15:00	17:15
	YH 731	15:00	17:55
	6T 341	15:30	17:45

NYAUNG U TO YANGON

Days	Flight	Dep	Arr
MON	YJ 902	07:35	09:45
	YH 918	07:45	10:25
	YJ 891	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	YH 910	08:55	10:15
	W9 502	08:25	11:05
	W9 144	08:35	09:55
	6T 403	08:35	10:55
	YJ 911	11:40	14:45
	K7 225	16:40	18:00
	W9 109	16:55	18:15
	YJ 109/W97109	17:25	18:45
	YH 732	17:55	19:15
	6T 342	18:00	19:20
TUE	YJ 891	07:45	10:25
	YH 910	07:40	09:50
	6T 401	07:55	10:45
	6T 403	08:05	10:55
	YJ 141/W97141	08:05	11:05
	YH 918	08:25	11:05
	W9 143	08:20	11:00
	W9 141	08:25	11:25
	YH 712	12:50	14:45
	W9 109	16:55	18:15
	6T 502	17:15	18:35
	YJ 792	17:25	18:45
	YH 732	17:55	19:15
WED	YJ 902	07:35	08:55
	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	W9 141	08:05	11:05
	W9 144	09:50	11:10
	YJ 911	11:40	14:45
	K7 225	16:40	18:00
	YJ 792	17:55	19:15
	6T 502	17:35	18:55
	YH 732	17:55	19:15
	W9 129	18:25	19:45
THUR	YJ 901	07:35	09:40
	YJ 891	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	W9 141	08:05	11:05
	W9 143	08:20	11:10
	YH 918	08:25	11:05
	W9 205	08:25	09:45
	6T 403	08:35	10:55
	YH 910	09:35	10:55
	6T 342	17:30	18:50
	YH 732	17:55	19:15
FRI	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	6T 403	08:35	10:55
	YJ 902	07:35	09:40
	YH 918	10:20	11:40
	K7 225	16:40	18:00
	YJ 212	16:45	18:05
	YH 732	17:55	19:15
	6T 502	18:05	19:25
SAT	YJ 911	07:35	10:40
	YJ 891	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	YH 918	08:25	11:05
	6T 412	09:00	10:20
	YH 910	09:35	10:55
	6T 451	12:20	14:25
	YJ 602	15:25	16:45
	K7 225	16:40	18:00
	6T 502	17:50	19:10
	YH 732	17:55	19:15
SUN	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	6T 403	08:35	10:55
	YH 910	08:55	10:15
	K7 225	16:40	18:00
	YJ 129/W97129	17:25	18:45
	6T 342	17:30	18:50
	YH 732	17:55	19:15
	6T 342	18:00	19:20

YANGON TO MYITKYINA

Days	Flight	Dep	Arr
MON	W9 503	11:00	13:55
	K7 622	12:00	14:55
TUE	W9 251	11:30	14:25
	K7 622	12:00	14:55
WED	K7 622	12:00	14:55
THUR	YJ 201	10:30	13:20
FRI	YJ 211	11:00	13:50
SUN	YJ 211	06:00	08:50
	K7 622	12:00	14:55

MYITKYINA TO YANGON

Days	Flight	Dep	Arr
MON	W9 504	14:15	17:10
	K7 623	15:10	18:05
TUE	K7 623	15:10	18:05
	W9 252	17:05	20:00
WED	K7 623	15:10	18:05
THUR	YJ 202	13:35	16:25
SUN	YJ 211	09:05	12:25
	K7 623	15:10	18:05

YANGON TO HEHO

Days	Flight	Dep	Arr
MON	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	W9 141	06:30	08:45
	6T 403	06:45	09:15
	K7 828	10:00	11:15
	YJ 911	09:15	12:20
	YJ 761	11:00	12:10
	YH 727	11:15	12:40
	W9 119	11:45	12:55
	6T 501	13:45	14:55
	W9 109	14:00	15:10
	K7 224	14:15	15:30
	YH 731	15:00	16:25
	YJ 109/W97109	16:40	18:45
TUE	W9 141	06:00	09:05
	YH 909	06:10	08:40
	YJ 891	06:10	09:00
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	6T 403	06:30	09:30
	W9 143	06:45	09:35
	W9 201	09:30	10:40
	YH 711	10:30	11:55
	YJ 761	11:00	12:10
	K7 822	11:30	13:45
	6T 501	14:00	15:10
	W9 109	14:00	15:10
	YJ 791	14:30	15:40
	YJ 109/W97109	14:30	15:40
	YH 731	15:00	16:25
WED	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	YH 909	06:30	08:55
	YJ 141/W97141	06:30	08:45
	W9 141	06:30	08:45
	W9 201	07:30	09:40
	YJ 911	09:15	12:20
	YH 711	10:30	11:55
	YJ 751/W97751	11:00	12:10
	YH 737	11:15	12:40
	W9 119	11:45	12:55
	K7 826	12:30	13:45
	K7 224	14:15	15:30
	6T 501	14:30	15:40
	YH 731	15:00	16:25
	YJ 791	15:00	16:10
	W9 129	15:30	16:40
THUR	YJ 901	06:00	08:15
	YH 909	06:10	08:40
	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	W9 141	06:30	08:45
	6T 403	06:45	09:15
	W9 143	06:45	09:35
	K7 828	10:00	11:15
	YH 711	11:15	12:40
	YJ 761	11:00	12:10
	6T 501	13:45	14:55
	W9 129	14:30	15:40
	YH 731	15:00	16:25
FRI	YH 909	06:00	09:20
	YJ 901	06:00	08:15
	YH 917	06:10	09:15
	YJ 891	06:10	09:00
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	K7 242	06:45	09:00
	6T 403	06:45	09:15
	YJ 751/W97751	10:00	11:10
	YH 727	11:15	12:40
	K7 224	14:15	15:30
	6T 501	15:00	16:10
	YH 731	15:00	16:25
SAT	YJ 911	06:00	08:15
	YH 909	06:10	08:40
	YJ 891	06:10	09:00
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	K7 224	06:45	09:00
	6T 451	10:45	13:00
	YJ 761	11:00	12:10
	YH 505	11:15	12:40
	K7 826	12:30	13:45
	K7 224	14:15	15:30
	YJ 109/W97109	14:30	15:40
	6T 501	14:45	15:55
	YH 731	15:00	16:25
SUN	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	6T 403	06:45	09:15
	YH 505	10:30	11:55
	YJ 751/W97751	11:00	12:10
	YH 737	11:15	12:40
	K7 822	11:30	13:45
	YH 731	15:00	16:25
	K7 224	14:15	15:30
	YJ 129/W97129	14:30	15:40
	6T 501	15:30	16:40

HEHO TO YANGON

Days	Flight	Dep	Arr
MON	W9 141	09:00	11:05
	YJ 892	09:15	10:25
	YH 918	09:15	10:25
	6T 402	09:35	10:45
	6T 404	09:45	10:55
	K7 223	09:50	11:05
	W9 502	09:55	11:05
	YJ 912	12:35	14:45
	YJ 109/W97109	15:55	18:45
	6T 501	15:10	17:30
	W9 109	15:25	18:15
	YJ 762	15:50	18:00
	YH 728	16:00	18:10
	YH 732	16:25	19:15
	K7 829	16:30	17:45
	W9 120	17:05	19:15
TUE	YH 910	08:40	09:50
	YJ 141/W97141	09:00	11:05
	YJ 892	09:15	10:25
	W9 141	09:20	11:25
	6T 402	09:35	10:45
	6T 404	09:45	10:55
	W9 143	09:50	11:00
	K7 223	09:50	11:05
	YH 918	09:55	11:05
	W9 202	10:55	12:05
	YH 712	11:55	14:45
	W9 109	15:25	18:15
	6T 501	15:30	18:35
	YJ 109/W97109	15:55	18:45
	YJ 762	16:45	17:55
	YH 732	16:25	19:15
	K7 823	17:10	19:25
WED	YH 910	08:55	10:15
	W9 141	09:00	11:05
	YJ 141/W97141	09:00	11:05
	K7 243	09:15	11:30
	YJ 892	09:15	10:25
	YH 918	09:15	10:25
	6T 402	09:35	10:45
	K7 223	09:50	11:05
	W9 201	09:55	11:05
	YH 712	11:55	14:00
	YJ 912	12:35	14:45
	6T 501	15:55	18:55
	YH 732	16:25	19:15
	K7 827	16:30	17:45
	YH 738	16:40	18:50
	W9 129	16:55	19:45
	W9 120	17:05	19:15
	YJ 791	16:25	19:15
THUR	YJ 902	08:30	09:40
	YH 910	08:40	10:55
	YJ 141/W97141	09:00	11:05
	YJ 892	09:15	10:25
	6T 402	09:35	10:45
	6T 404	09:45	10:55
	K7 223	09:50	11:05
	W9 143	09:50	11:10
	YH 918	09:55	11:05
	YH 712	12:40	14:45
	6T 501	15:10	17:30
	YJ 762	15:50	18:00
	W9 129	15:55	18:05
	YH 732	16:25	19:15
	K7 829	16:30	17:45
FRI	YJ 902	08:30	09:40
	YJ 141/W97141	09:00	11:05
	YJ 892	09:15	10:25
	YH 918	09:15	10:25
	K7 243	09:15	11:30
	YH 910	09:25	11:40
	6T 402	09:35	10:45
	6T 404	09:45	10:55
	K7 223	09:50	11:05
	YH 728	16:00	18:10
	YH 732	16:25	19:15
	6T 501	16:25	19:25
	YJ 752/W97752	16:55	18:05
SAT	YJ 912	08:30	10:40
	YH 910	08:40	10:55
	YJ 141/W97141	09:00	11:05
	YJ 892	09:15	10:25
	6T 402	09:35	10:45
	K7 223	09:50	11:05
	YH 918	09:55	11:05
	YH 506	12:40	14:45
	6T 452	13:15	14:25
	YJ 762	15:50	18:00
	YJ 109/W97109	15:55	18:05
	6T 501	16:10	19:10
	YH 732	16:25	19:15
	K7 827	17:10	18:25
	YH 730	08:15	19:25
SUN	YJ 141/W97141	09:00	11:05
	YJ 892	09:15	10:25
	YH 918	09:15	10:25
	6T 402	09:35	10:45
	6T 404	09:45	10:55
	K7 223	09:50	11:05
	YH 506	11:55	14:00
	YJ 129/W97129	15:55	18:45
	YH 732	16:25	19:15
	YH 738	16:40	18:50
	6T 501	16:55	19:15

YANGON TO SITTWE

Days	Flight	Dep	Arr
MON	6T 607	11:15	12:40
TUE	K7 422	06:45	08:40
	YJ 301	07:00	08:10
	6T 611	11:30	12:55
WED	6T 607	10:15	11:40
THRU	6T 611	11:30	12:55
FRI	6T 611	11:30	12:55
SAT	6T 611	11:15	12:40
SUN	K7 422	06:45	08:40
	6T 607	11:15	12:40
	YJ 301	12:40	13:50

SITTWE TO YANGON

Days	Flight	Dep	Arr
MON	6T 608	13:00	15:00
TUE	K7 423	08:55	10:50
	6T 612	13:15	14:40
	YJ 302	12:25	13:35
WED	6T 608	12:00	14:00
THUR	6T 612	13:15	14:40
FRI	6T 612	13:15	14:40
SAT	6T 612	13:00	14:25
SUN	K7 423	08:55	10:50
	6T 608	13:00	15:00
	YJ 302	17:05	18:15

YANGON TO MYEIK

Days	Flight	Dep	Arr
MON	K7 319	07:00	09:05
TUE	YJ 301	07:00	09:10
	K7 319	07:00	09:05
	YJ 301	07:00	09:10
WED	K7 319	07:00	09:05
THUR	K7 319	07:00	09:05
	YJ 301	12:15	14:25
FRI	K7 319	07:00	09:05
SAT	K7 319	07:00	09:05
SUN	K7 319	07:00	09:05
	YJ 301	12:40	14:50

MYEIK TO YANGON

Days	Flight	Dep	Arr
MON	K7 320	11:30	13:35
TUE	YJ 302	11:25	13:35
	K7 320	11:30	13:35
WED	K7 320	11:30	13:35
THUR	K7 320	11:30	13:35
	YJ 302	16:40	18:50
FRI	K7 320	11:30	13:35
SAT	K7 320	11:30	13:35
SUN	K7 320	11:30	13:35
	YJ 301	15:05	18:15

YANGON TO THANDWE

Days	Flight	Dep	Arr
MON	W9 141	06:30	10:00
	K7 420	06:45	07:40
	YH 503	10:30	11:35
	6T 607	11:15	13:50
TUE	W9 141	06:00	10:20
	YJ 141/W97141	06:30	10:00
	K7 422	06:45	07:40
	YH 711	10:30	13:55
	6T 601	11:15	12:10
	YJ 309/W97309	12:00	12:50
WED	W9 141	06:30	10:00
	YJ 141/W97141	06:30	10:00
	6T 607	10:15	12:50
	YH 711	10:30	13:10
THUR	W9 141	06:30	10:00
	YJ 141/W97141	06:30	10:00
	K7 420	06:45	07:40
	YH 711	11:15	13:55
	6T 601	11:15	12:10
FRI	YJ 141/W97141	06:30	10:00
	6T 601	11:15	12:10
	YH 503	12:00	13:05
SAT	YJ 141/W97141	06:30	10:00
	YH 505	11:15	13:55
	6T 601	15:00	15:55
SUN	YJ 141/W97141	06:30	10:00
	K7 422	06:45	07:40
	YH 505	10:30	13:10
	6T 607	11:15	13:50

THANDWE TO YANGON

Days	Flight	Dep	Arr
MON	K7 421	07:55	08:50
	W9 141	10:15	11:05
	YJ 141/W97141	10:15	11:05
	YH 504	13:35	12:25
	YJ 912	13:50	14:45
	6T 608	14:05	15:00
TUE	K7 423	09:55	10:50
	YJ 141/W97141	10:15	11:05
	W9 141	10:35	11:25
	6T 602	12:25	13:20
	YH 712	13:55	14:45
WED	W9 141	10:15	11:05
	YJ 141/W97141	10:15	11:05
	6T 608	13:05	14:00
	YH 712	13:10	14:00
	YJ 912	15:30	14:45
THUR	K7 421	07:55	08:50
	YJ 141/W97141	10:15	11:05
	W9 141	10:15	11:05
	6T 602	12:25	13:20
	YH 712	13:55	14:45
FRI	YJ 141/W97141	10:15	11:05
	K7 243	10:35	11:30
	YH 504	13:05	13:55
	6T 602	12:25	13:20
SAT	K7 245	10:35	11:30
	YJ 141/W97141	10:15	11:05
	YJ 310/W97310	13:05	13:55
	YH 506	13:55	14:45
	6T 602	16:10	17:05
SUN	K7 423	09:55	10:50
	YJ 141/W97141	10:15	11:05
	YH 506	13:10	14:00
	6T 608	14:05	15:00

Domestic

6T = Air Mandalay	
W9 = Air Bagan	
YJ = Asian Wings	
K7 = AIR KBZ	
YH = Yangon Airways	
UB = FMI UB Charter	
Y5 = Golden Myanmar Airlines	

Subject to change without notice

ကမ္ဘာလှည့်ခရီးသည်များ လမ်းညွှန်ချက် ပိုစတာမျ

ယုယုမော်



ရန်ကုန်လေဆိပ်၌ စတင်ပြသထားသော အ

ကမ္ဘာလှည့် ခရီးသည်များအတွက် ဆောင်ရန်ရှောင်ရန် လမ်းညွှန်ချက်ပိုစတာများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မတ်လ ၁ ရက်နေ့မှ စတင် ခင်းကျင်းပြသခဲ့သည်။

“ဒီလိုပြသတာဟာ ခရီးသည်တွေအတွက် ဒီနိုင်ငံအတွင်းမှာလည်ပတ်တဲ့အခါ ဆောင်ရန်ရှောင်ရန်တွေကို သိရှိလာဖို့အသိပညာဖွင့်ပေးတာပါ။ ခရီးလှည့်လည်ရာမှာလည်း မလိုလားအပ်တဲ့ ဆိုးကျိုးတွေမဖြစ်ရအောင် အသိပညာပေးတဲ့အတွက် ဒေသခံတွေအဖို့လည်း အကျိုးဖြစ်စေမှာပါ” ဟု လက်စွဲစာအုပ် သုတေသနပြုသူ Dr Andrea Valentine က ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသည်များ လက်စွဲစာစောင်မှ အချက်အလက်အချို့ကို ထုတ်နုတ်လျက် ပိုစတာအဖြစ် ဖန်တီးကာ လေဆိပ်တွင် ပြသထားသည်။

လက်စွဲစာစောင်တွင် ခေါင်းစဉ်ငယ်များခွဲထားပြီး ခေါင်းစဉ်များတွင် ဘာသာရေးဆိုင်ရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုဆိုင်ရာဓလေ့ထုံးစံများ၊ ဘေးကင်းလုံခြုံရေးဆိုင်ရာများ၊ ကျေးရွာများသို့ လည်ပတ်သည့် ခရီးစဉ်များ၊ အခွန်ပေးဆောင်ခြင်းကိစ္စများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေး၊ ယာယီ တည်းခိုရာနေရာများတွင် နေထိုင်ခရီးစဉ်များ၊ ခရီးစဉ်အလိုက် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကို ကာတွန်းသရုပ်ဖော်

တောင်ရိုးတိုင်းရင်းသား ယဉ်ကျေးမှုပွဲတော် ကျင်းပမည်

ယုယုမော်

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့ ဆယ်ခေါင်းကျေးရွာတွင် စတုတ္ထအကြိမ်မြောက် တောင်ရိုးတိုင်းရင်းသားများ ယဉ်ကျေးမှုစုံညီပွဲတော်ကို မတ်လ ၁၄ နေ့တွင် ကျင်းပသွားမည် ဖြစ်သည်။

“အခုနှစ်ကတော့ အရင်နှစ်တွေနဲ့ မတူအောင် ပြိုင်ပွဲတွေ ထပ်ထည့်ထားပါတယ်။ အခုအချိန်မှ တောင်ရိုးတိုင်းရင်းသားလူမျိုးစုကို ပြန်လည်ဖော်ထုတ်တာ တော်တော်တောင် နောက်ကျနေပါပြီ။ ကျွန်တော်လည်း တောင်ရိုးလူမျိုးတစ်ဦးပါ။ ကျွန်တော်တို့ ဘာမှမလုပ်ပဲနေရင် မကြာခင် တောင်ရိုးတိုင်းရင်းသားဆိုတာ ပျောက်ကွယ်သွားမှာ အမှန်ပါပဲ။ အစိုးရသစ်လက်ထက်မှာ အခြေအနေပေးလို့ လုပ်ခွင့်ရလို့ အရမ်းဝမ်းသာပါတယ်” ဟု ရှမ်းပြည်နယ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးသောင်းရွှေက ပြောသည်။

စတုတ္ထအကြိမ်မြောက် တောင်ရိုးတိုင်းရင်းသားများ ယဉ်ကျေးမှုစုံညီပွဲတော်တွင် ပင်လုံယဉ်ကျေးမှုအဖွဲ့အပါအဝင် ယဉ်ကျေးမှုအဖွဲ့ပေါင်း ၄၇ ဖွဲ့မှ ရိုးရာဝတ်စုံပြိုင်ပွဲ၊ လှယဉ်ကျေးမယ်ရွေးချယ်ပွဲ၊ ကျေးရွာအုပ်စုလိုက် အကပြိုင်ပွဲ စသည်ဖြင့် ကျင်းပသွားမည် ဖြစ်သည်။

တောင်ရိုးတိုင်းရင်းသားဆိုသည်မှာ ရခိုင်မှ ဆင်းသက်လာခြင်း ဖြစ်သည်။

ပုဂံခေတ် စလေငခွေးမင်းလက်ထက်တွင် မင်း၏ အာဏာစက်မှ လွတ်ကင်းရာသို့ ထွက်ပြေးတိမ်းရှောင်လာသော ညေဝတီမင်းသမီးနှင့် အခြွေအရံရခိုင်များက တောင်ရိုးတောင်တန်းများပေါ်တွင် ပျံ့နှံ့နေထိုင်လုပ်ကိုင်စားသောက်ကြရာမှ တောင်ရိုးတိုင်းရင်းသားများ ဖြစ်ပေါ်လာခဲ့သည်ဟု ရှေးတောင်ရိုးလူမျိုးများနှင့် ပုဂံနန်းရာဇဝင်များကို ကိုးကားကာ ဦးသောင်းရွှေက ပြောကြားသည်။

ယခုအခါ တောင်ရိုးတိုင်းရင်းသားစာပေကို ပြန်လည်ဖန်တီးဖော်ထုတ်၍ ဘုန်းတော်ကြီးစာသင်ကျောင်းများတွင် ယခုနှစ်မှ စတင်သင်ကြားပေးနေပြီဖြစ်သည်။ တောင်ရိုးလူမျိုးစု မည်မျှရှိသည်ကိုလည်း ဖေဖော်ဝါရီလမှ စတင်ခါ စာရင်းကောက်ခံပြုစုလျက်ရှိသည်ဟု ဦးသောင်းရွှေက ပြောသည်။

“ဒီရိုးရာပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပသွားဖို့ ရှိပါတယ်။ ကိုယ်ပိုင်ယဉ်ကျေးမှုပွဲတော်ကျင်းပတဲ့အတွက် ကိုယ့်တိုင်းရင်းသားလူမျိုးစု မတိမ်ကောအောင် ထိန်းသိမ်းသွားရာလည်း ရောက်ပါတယ်”ဟု ၎င်းက ပြောသည်။

တောင်ရိုးတိုင်းရင်းသားလူမျိုးစုကို ပြန်လည်ဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် တောင်ရိုးတိုင်းရင်းသားတစ်ဦးဖြစ်သူ ဦးသောင်းရွှေ၏ ဦးဆောင်မှုဖြင့် အဆိုပါပွဲတော်ကို စတင်ကျင်းပခဲ့ခြင်း ဖြစ်သည်။ ■

အတွက် ဆောင်ရန် ရှောင်ရန် း လေဆိပ်၌ ပြသထား း



သိပေးပို့စတာကို မတ်လ အစောပိုင်းက တွေ့ရစဉ်။ ဓာတ်ပုံ - သီရိလူ

ပုံများဖြင့် တွဲစပ်ထုတ်ဝေခဲ့သည်။

ဂျာမနီနိုင်ငံမှ Hanns Seidel Foundation သည် မြန်မာနိုင်ငံ တာဝန်သိခရီးသွားလုပ်ငန်းပေါ် လစီကိုရေးဆွဲအကောင်အထည်ဖော်ခဲ့ကာ နောက်ဆက်တွဲအစီအစဉ်တစ်ရပ်အဖြစ် Dos and Donts booklet လက်စွဲစာအုပ်ကို Dr Andrea Valentine က သုတေသနပြုစုခဲ့ခြင်း ဖြစ်သည်။ ■

ခရီးသွားလုပ်ငန်း ပင်မ စီမံကိန်း မူကြမ်းကို ဧပြီ အချောသပ်မည်

ယုယုမော်

ရေးဆွဲပြီးသား ခရီးသွားလုပ်ငန်းဆိုင်ရာ ပင်မစီမံကိန်းမူကြမ်းကို ပြည်တွင်းပြည်ပမှ တာဝန်ရှိသူများ၏သုံးသပ်မှုများခံယူပြီး လာမည့်ဧပြီလတွင် အချောသပ်နိုင်မည်ဟု စီမံကိန်းရေးဆွဲသူ Dr Paul Rogers က မြန်မာတိုင်း(မ်)ကိုပြောကြားသည်။

"မေလမှာ အချောသပ်ဖို့ စီစဉ်ထားခဲ့ပေမယ့် တာဝန်ရှိသူတွေနဲ့ နိုင်ငံတကာ ကျွမ်းကျင်သူတွေဆီက အကြံဉာဏ်တွေ သုံးသပ်ချက်တွေကိုရယူပြီးမှ ထုတ်ပြန်နိုင်ပါမယ်။ ဒါကြောင့် ဧပြီကို အနည်းငယ် ဆုတ်သွားတာပါ" ဟု ၎င်းက ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာန၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများမှ တာဝန်ရှိသူများထံမှ သုံးသပ်ချက်များအပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း UNWTO မှ ပညာရှင်များ၏ အကြံပြုမှုများခံယူ၍ ပင်မစီမံကိန်းကို အချောသပ်ပြီး ဧပြီလတွင် အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်သည်။

ဂျူဗင်တပ်သည် နာပိုလီကွင်းတွင် ၁-၁ သရေကစားနိုင်သောကြောင့် 'ခြောက်မှတ်ဖြတ်' အနေအထားကို ဆက်ထိန်းထားနိုင်ခြင်းနှင့် အတူ စိတ်ဓာတ်ပိုင်းအရပါ အသာစီးရသွားသည်။ လတ်တလော ဂျူဗင်တပ်သည် ပြိုင်ပွဲနှစ်ခု တစ်ပြိုင်နက်တည်းကစားနေရသောကြောင့် လူနှင့် ပဲ့ဟာ အခင်းအကျင်းပိုင်းတွင် သတိကြီးစွာထားပြီး အပြောင်းအလဲနှင့် စွန့်စားမှုများကို တတ်နိုင်သမျှ လျှော့ချထားသည်ကို တွေ့ရသည်။ နာပိုလီနှင့် ရင်ဆိုင်ခဲ့သော ဂျူဗင်တပ်ပွဲထွက် ကစားသမားစာရင်းကို ကြည့်လိုက်ပါက အသက် ၂၅ နှစ်အောက် ဘောလုံးသမားတစ်ယောက်မျှ မပါဝင်သည်ကို တွေ့ရသည်။ အသက် ၃၀ ကျော်နေပြီဖြစ်သော ဂိုးသမား ဘတ်ဖွန်နှင့် ကွင်းလယ်ကစားကွက်ဖန်တီးရှင် ပီယာလိုတို့မှလွဲပြီး ကျန်ကစားသမားတိုင်းသည် အသက် ၂၅ နှစ်မှ အသက် ၃၀ ကြားတွင်ရှိသောကြောင့် အတွေ့အကြုံရော၊ ကစားအားပါ အကောင်းဆုံးအနေအထားတွင် ရှိသူများကိုသာ ထည့်သွင်းထားခြင်း ဖြစ်သည်။ ဒုတိယပိုင်းသို့ ရောက်လာမှသာ ကစားအား၊ ပြေးအားများ ကျဆင်းသွားခြင်းမရှိအောင် ပေါ်ဂ်ဘာ (၁၉ နှစ်)၊ ပါဒိုအင် (၂၈ နှစ်)၊ မာထရီ (၂၈ နှစ်) တို့ကို လူစားလဲထည့်သွင်းပေးခဲ့သည်။

စီးရီးအေတွင် 'ဩဇာ'ရှိသော ဘောလုံးသမားများကိုသာ ထည့်သွင်းတည်ဆောက်ထားခြင်းကြောင့် ဂျူဗင်တပ်ခြေစွမ်း...

တစ်နည်းအားဖြင့် နည်းပြကွန်တီသည် အသင်းကို ရင့်ကျက်ပြီး စီးရီးအေတွင် 'ဩဇာ'ရှိသော ဘောလုံးသမားများကိုသာ ထည့်သွင်းတည်ဆောက်ထားခြင်းကြောင့် ဂျူဗင်တပ်ခြေစွမ်း တည်ငြိမ်မှုကို အထောက်အကူပြုနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

လတ်တလော ဂျူဗင်တပ်တွင် ထောက်ပြစရာ အချက်ဟူ၍ တိုက်စစ်အင်အားစုပိုင်း တည်ငြိမ်မှုမရှိခြင်း တစ်ခုသာဖြစ်သည်။ နည်းပြကွန်တီသည် ထိုအချက်ကို ကာမိစေရန် ကွင်းလယ်တွင် ကစားကွက် စီးစီးပိုင်ပိုင် ရှိအောင်ပြုလုပ်ပေးခြင်းဖြင့် 'ကျားကန်' ပေးထားသည်။ ကွင်းလယ်ဖန်တီးရှင် ပီယာလိုကို အသက်အရွယ်ရော အတွေ့အကြုံအရပါ အကောင်းဆုံးအရွယ်သို့ ရောက်နေသော မာချီစီယို (၂၇ နှစ်)နှင့် အာတူရိုဗီဒယ် (၂၅ နှစ်) တို့ဖြင့် ဝန်းရံပေးထားသည်။ ပီယာလို၊ မာချီစီယိုနှင့် အတူ ယိုဗီဒယ်တို့ပါဝင်သော ကွင်းလယ်ကို 'အထိုင်ချ' နိုင်ခြင်းကြောင့် ဂျူဗင်တပ်သည် ဘောလုံးရာသီ သုံးပုံနှစ်ပုံ ကျိုးချိန်ထိ ခြေစွမ်းရော ကစားကွက်ပါ အတည်ငြိမ်ဆုံးအသင်းဖြစ်လာသည်။

တိုက်စစ်တွင်မူ လတ်တလော ဂျီယို ဗင်ကိုနှင့် ဝါရင့်ကစားသမား ဗူချီနစ်တို့ကို အထိုင်ချထားသည်။ အစောပိုင်းက ခြေစွာခဲ့သော မာထရီသည် ခြေစွမ်းပြန်လည် ကျဆင်းသွားသောကြောင့် အရန်ခံ ရောက်သွားပြီး ဝါရင့်တိုက်စစ်မှူး အနယ်လ်ကာ၊ ဒီနိုးမတ်တိုက်စစ်မှူး ဘန်တနာတို့နှင့်အတူ လိုအပ်ပါက ဝင်ကစားရန် အသင့်ရှိနေကြသည်။

တစ်ဖက်တွင် ဂျူဗင်တပ်ကို ရင်ဆိုင်မည့် ကာတာနီးယားသည် ဇန်နဝါရီလ လယ်ပိုင်းလောက်မှ စတင်ခါ ခြေစွမ်းအားဖြင့် ပြန်လည်ဦးမော့လာသော အသင်းဖြစ်သည်။ ကာတာနီးယားတွင် နာမည်ကျော်ဘောလုံးသမားများ ပါဝင်မှုမရှိသလောက်နည်းပါးသည်။ သို့ရာတွင် ကာတားနီးယား၏ ပွဲထွက်ကစားသမားအားလုံးနီးပါးသည် အသက် ၂၈ နှစ်မှ အသက် ၃၀ ကြားတွင် ရှိသောကြောင့် အတွေ့အကြုံများပြီး စီးရီးအေအထာကို 'ညက်' နေသူများဖြစ်ကြသည်။ ထိုအချက်ကြောင့်ပင် ကာတာနီးယားသည် ယှဉ်ပြိုင်ရခက်သည့် မာကျောသော ပြိုင်ဘက်အဖြစ် စီးရီးအေတွင် နာမည်ထွက်လာသည်။

အလယ်အလတ် အသင်းများထဲတွင် ကာတာနီးယားသည် ထူးထူးခြားခြား ကစားကွက်တည်ငြိမ်သကဲ့သို့ ဂိုးသွင်းအားရှိသောအသင်း ဖြစ်လာသည်။ ကာတာနီးယားရှေ့တန်းတွင် တိုက်စစ်မှူး ဘာဂျက်စီယို (၂၈ နှစ်)နှင့် ဂိုမက်ဇ် (၂၅ နှစ်)အတွဲကို ပင်တိုင် ပွဲထုတ်နေသည်။ ၎င်းတို့နှစ်ယောက်စလုံးသည် ပွဲတိုင်း 'ညှစ်'ပြီး ကွင်းလယ်နှင့် ခံစစ်ဇုန်အထိ ဆင်းကစားပေးကာ အသင်း၏ လိုအပ်ချက်များကို လိုက်ဖြည့်ပေးသည်။ ကွင်းလယ်တွင် လူထုတ်ပုံတည်ငြိမ်ပြီး အသက်ရောအတွေ့အကြုံပါအကောင်းဆုံးသူများကို ပွဲထုတ်ထားသည်။

ကာတာနီးယားတွင် ထောက်ပြစရာ အချက်ဟူ၍ ထိပ်တန်းအသင်းကြီးများနှင့် ရင်ဆိုင်ရာတွင် ရလဒ်များ ကောင်းမွန်ခြင်းမရှိဘဲ ခြေစွမ်းအားဖြင့် ရုန်းကန်နေရခြင်း ဖြစ်သည်။ ကာတာနီးယားနောက်တန်းသည် ထိပ်တန်းအသင်းကြီးများနှင့် တိုက်စစ်အားကောင်းသော အသင်းများကို ရင်ဆိုင်ရာတွင် ပုံပျက်ပြီး ရုန်းကန်ရတတ်သည်။ အထူးသဖြင့် အသင်းကြီးများကွင်းသို့ သွားရောက် ကစားရသောပွဲများတွင် အဖွင့်ဂိုးပေးလိုက်ရပါက ပြိုဆင်းသွားတတ်သည်ကို တွေ့ရသည်။

ခြုံကြည့်လျှင် ဂျူဗင်တပ်သည် နာပိုလီကို သရေကစားပြီးနောက် ထိပ်ဆုံးတွင် ဦးဆောင်ထားနိုင်မှု အနေအထားကို ဆက်ထိန်းနိုင်ရန် လက်ကျန်ပွဲတိုင်းကို အားထည့်ကစားသွားမည့် အနေအထားတွင် ရှိသည်။ ဂျူဗင်တပ်ကို ထောက်ပြစရာဆို၍ တိုက်စစ်ပိုင်း မတည်ငြိမ်သောကြောင့် ဂိုးသွင်းနှုန်းကို တွက်ဆရခက်နေခြင်း ဖြစ်သည်။ တစ်ဖက်တွင် ကာတာနီးယားသည် အတွေ့အကြုံရှိပြီး အရွယ်ကောင်းသော ဘောလုံးသမားအများစု စုဖွဲ့ပါဝင်နေသောကြောင့် ပြိုင်ဘက်တိုင်းကို ဒုက္ခပေးနိုင်သည့် အသင်းဖြစ်သည်။ သို့ရာတွင် ဘက်စုံထောင့်စုံမှ အသာစီးရပြီး 'ရစ်သမ်'မှန်နေသော ဂျူဗင်တပ်သည် အိမ်ရှင်အားသာချက်ကို အသုံးချမည်ဖြစ်သောကြောင့် ယခုပွဲတွင် ဂျူဗင်တပ်ကို ရွေးချယ်သင့်ပြီး ဂိုးများသောပွဲ ဖြစ်လာနိုင်သည်။ ■

အသက်အကြီးဆုံး ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆီရီနာ

ကျော်ကျော်မင်း

ဆီရီနာဝီလျံလို့ ဆိုလိုက်တာနဲ့ အမေရိကန် လူမည်းတင်းနစ်မယ်လေးဆိုတာ အားလုံးကသိပြီးသားပါပဲ။ ဂရင်းဆလမ်ဆုဖလားတွေကို အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ စတဲ့ပြိုင်ပွဲတွေကနေ အခု ၃၀ ရယူထားနိုင်တဲ့ သူလည်း ဖြစ်ပါတယ်။ အခုလည်း အဲဒီအမေရိကန်သူလေးဟာ အသက်အကြီးဆုံး ကမ္ဘာ့အဆင့်တစ် တင်းနစ်မယ်ဆိုတဲ့ ဂုဏ်ဒြပ်တစ်ခုကို ထပ်မံရရှိခဲ့ပြန်ပြီ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့တဲ့ ကာတာအိုးပင်းပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ကို ရောက်ရှိတဲ့ အချိန်မှာပဲ ကမ္ဘာ့အဆင့် နံပါတ်(၁) နေရာကို ပြန်လည်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ဆီရီနာအနေနဲ့ ဒီလိုအဆင့်ကို ပြန်လည်ရရှိဖို့ဆိုတာ မမျှော်လင့်နိုင်တဲ့ အခြေအနေမျိုးလည်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ယခုနှစ် နှစ်ဆန်းပိုင်းကမှ ကျင်းပပြီးစီးသွားတဲ့ ဩစတြေးလျအိုးပင်း ပြိုင်ပွဲမှာ ဝိုလ်စွဲထားတဲ့ အဇာရန်ကာကို ကျော်နိုင်ဖို့ဆိုတာ မဖြစ်နိုင်လို့ပါပဲ။ ဒါပေမဲ့ ကံကောင်းစွာနဲ့ပဲ အဇာရန်ကာ ဒဏ်ရာကြောင့် ပြိုင်ပွဲတွေနဲ့ လွဲချော်နေတာကြောင့် ဆီရီနာအနေနဲ့ ယခုအဆင့်ကို ရရှိခဲ့တာပါ။

ဆီရီနာအနေနဲ့ ကမ္ဘာ့အဆင့်တစ်နေရာကို ယခုမှ ရရှိဖူးတာမဟုတ်ပါဘူး။ ၂၀၀၂ ခုနှစ်လောက်ကတည်းက ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်နေရာကို ရရှိခဲ့ဖူးပါတယ်။ ၂၀၁၀ပြည့်နှစ်ကာလများကတော့ ဆီရီနာအတွက် အဆိုးဆုံးကာလများလို့ ဆိုရမှာပါ။ ဒဏ်ရာပြဿနာတွေကြောင့် ပြိုင်ပွဲတွေနဲ့ ဝေးကွာခဲ့ပြီး အဆင့် သတ်မှတ်ချက်တွေမှာလည်း ကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ ပတ္တမြားမှန်ရင် နွံမနစ်ဆိုတဲ့အတိုင်း ဒဏ်ရာပြဿနာတွေက ကျော်လွှားနိုင်ခဲ့ပြီးတဲ့နောက် ယခင်က သူ့ရဲ့လက်စွမ်းတွေပြန်လည်ရရှိကာ အောင်ပန်းတွေ ပြန်လည်ဆင်နိုင်ခဲ့ပါတယ်။

ယခုတစ်ကြိမ် ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရရှိတဲ့ အချိန်မှာတော့ ဆီရီနာရဲ့အသက်ဟာ ၃၁ နှစ်၊ လေးလနဲ့ ၂၄ ရက်ရှိနေပြီဖြစ်တာကြောင့် အသက်အကြီးဆုံး ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ သူ့အရင် အသက်အကြီးဆုံး ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်အဖြစ် စံချိန်တင်ထားတဲ့ သူကတော့ အမေရိကန်တင်းနစ်မယ် တစ်ဦးဖြစ်သူ ခရစ္စအဲဗတ်ပဲ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက သူ့ရဲ့အသက်ဟာ ၃၀ နှစ်၊ ၁၁ လနဲ့ သုံးရက် ဖြစ်ပါတယ်။

အသက်ငါးနှစ်အရွယ်မှာ တင်းနစ်ကစားနည်းကို စတင်ကျွမ်းဝင်ခဲ့တဲ့ ဆီရီနာဟာ ကိုးနှစ်အရွယ်မှာတော့ တင်းနစ်အားကစားအကယ်ဒမီကို အစ်မဖြစ်သူ ဗီးနပ်စ်နဲ့အတူတက်ရောက်ခဲ့ပါတယ်။ အဲဒီအကယ်ဒမီရဲ့ နည်းပြဆရာဟာ သူတို့ညီအစ်မနှစ်ယောက်ရဲ့ အရည်အချင်းတွေကို သိတဲ့အတွက် အငယ်တန်းပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်စေချင်ပေမယ့်လည်း ဖခင်ဖြစ်သူကတော့ ပညာရေးဘက်မှာ အားနည်းသွားမှာစိုးတဲ့အတွက် ခွင့်မပြုခဲ့ပါဘူး။ အဲဒီကိစ္စနဲ့ပဲ နည်းပြဆရာနဲ့ ဖခင်ဖြစ်သူတို့အကြား မကြာခဏ ဆိုသလို အယူအဆတွေ ကွဲလွဲခဲ့ကြပါတယ်။ ဒါပေမဲ့ ဆီရီနာဟာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့ ပြိုင်ပွဲတွေမှာတော့ ရလဒ်ကောင်းတွေရအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

ဆီရီနာရဲ့ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကိုတော့ အသက် ၁၃ နှစ် အရွယ် ၁၉၉၅ မှာပဲ စတင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ပထမဆုံးပွဲစဉ်ဟာ အနှုံးနဲ့ပဲ ရင်ဆိုင်ခဲ့ရပါတယ်။ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကျင်းပတဲ့ ပြိုင်ပွဲမှာတော့ ဆီရီနာဟာ ကမ္ဘာ့အဆင့်(၇)နဲ့ (၄) ရှိတဲ့ ကစားသမားနှစ်ယောက်ကို အနိုင်ယူနိုင်ခဲ့ပြီး သူ့ရဲ့ တင်းနစ်သမားဘဝပထမဆုံး ထိပ်တန်း ၁၀ ဦးစာရင်းဝင် ကစားသမားတွေကိုနိုင်ဖူးတဲ့ အစဉ်အလာကို ရခဲ့ပါတယ်။ အဲဒီနောက် ဆီရီနာရဲ့ အောင်မြင်မှုတွေဟာ တဖြည်းဖြည်းနဲ့စိပ်လာခဲ့ပြီး ၁၉၉၉ ခုနှစ် ယူအက်စ်အိုးပင်းပြိုင်ပွဲမှာတော့ သူ့ရဲ့ ပထမဆုံး ဂရင်းဆလမ်ဆုဖလားကြီးကို ရယူနိုင်ခဲ့ပါတယ်။

အမျိုးသမီး တင်းနစ်ကစားသမားတွေထဲမှာ ဆုကြေးငွေအမေရိကန်ဒေါ်လာ သန်း ၄၀ ကျော် ဆွတ်ခူးနိုင်သူ၊ ၂၀၀၂၊ ၂၀၀၃ ခုနှစ် နှစ်နှစ်အတွင်း ဂရင်းဆလမ်ဆုဖလား လေးခုစလုံးကို ရရှိအောင်စွမ်းဆောင်နိုင်သူစတဲ့ အစဉ်အလာကောင်းတွေပိုင်ဆိုင်ထားတဲ့ ဆီရီနာတစ်ယောက်ယခုအသက်အကြီးဆုံး ကမ္ဘာ့အဆင့်တစ် တင်းနစ်မယ် အဖြစ်ရပ်တည်နိုင်ခဲ့ပါပြီ။

ဒါကြောင့် ရှေ့လာမယ့် ပြိုင်ပွဲတွေမှာလည်း ဆီရီနာတစ်ယောက် ဘယ်လိုအောင်မြင်မှုတွေ ထပ်မံရယူပြပြီး စံချိန်တွေ ဆက်တင်ဦးမလဲဆိုတာ စောင့်မျှော်အားပေးရင်း. . . ။ ■


ဆီရီနာ ဝီလျံ

ဂူအမ်အသင်းကို ဂိုးပြတ်နိုင်ခဲ့သော်လည်း တရုတ်တိုင်ပေအသင်းကို သရေကျခဲ့သည့် မြန်မာအသင်း

ဂကျာ်ဇင်လှိုင်



မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေကြစဉ်။ ဓာတ်ပုံ - ဘူးသီး

AFC Challenge Cup ၂၀၁၄ ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ပထမခြေစစ်ပွဲစဉ်တွင် ဂူအမ်အသင်းကို ဂိုးပြတ်အနိုင်ရခဲ့သော်လည်း တရုတ်(တိုင်ပေ)အသင်းနှင့် ဒုတိယပွဲစဉ်တွင်သရေကျခဲ့သည်။ AFC Challenge Cup ၂၀၁၄ ခြေစစ်ပွဲ၏ အုပ်စု(က)တွင် အိန္ဒိယ၊ ဂူအမ်၊ တရုတ် (တိုင်ပေ)နှင့် မြန်မာအသင်းတို့ပါဝင်ပြီး မြန်မာအသင်းက အိမ်ရှင်အဖြစ် ရန်ကုန်မြို့၊ သုဝဏ္ဏဘောလုံးကွင်းတွင် လက်ခံကျင်းပခြင်းဖြစ်သည်။

ပြီးခဲ့သည်မတ်လ ၂ ရက်နေ့တွင် အုပ်စုပထမပွဲစဉ်များအဖြစ် အိန္ဒိယအသင်းနှင့် တိုင်ပေအသင်း၊ အိမ်ရှင် မြန်မာနှင့် ဂူအမ်အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြပြီး အိန္ဒိယအသင်းက တိုင်ပေအသင်းကို ၂-၁ ဂိုးဖြင့် လည်းကောင်း၊ မြန်မာအသင်းက ဂူအမ်အသင်းကို ၅-၀ ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အိမ်ရှင်မြန်မာအသင်းသည် ဂူအမ်အသင်းနှင့်ပွဲစဉ်တွင် ရန်အောင်ကျော်၊ ကြည်လင်း၊ ကျော်ဇေယျာဝင်း အစရှိသော ကစားသမားများနှင့် အကောင်းဆုံးခြေစွမ်းများပြသနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ယူနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို စိုးမင်းဦး၊ ကြည်လင်း၊ ကျော်ဇေယျာဝင်း၊ ပြည့်ဖြိုးအောင်နှင့် ပိုင်စိုးတို့က သွင်းယူပေးခဲ့ကြသည်။

အုပ်စုဒုတိယပွဲစဉ်များအဖြစ် မတ်လ ၄ ရက်နေ့တွင် အိန္ဒိယအသင်းနှင့် ဂူအမ်အသင်း၊ မြန်မာအသင်းနှင့် တိုင်ပေအသင်းတို့က အသီးသီးယှဉ်ပြိုင်ကစားခဲ့ကြသည်။ အဆိုပါပွဲစဉ်တွင် အိန္ဒိယအသင်းက ဂူအမ်အသင်းကို ၄-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း မြန်မာအသင်းသည် တိုင်ပေအသင်းကို ၁-၁ ဂိုးဖြင့် သရေကျခဲ့သည်။

ဂူအမ်အသင်းသည် မိမိတို့အသင်းထက် ခြေစွမ်းကောင်းမွန်သော အိန္ဒိယအသင်းကို အကောင်းဆုံးပုံစံဖြင့် ရင်ဆိုင်ကစားခဲ့သော်လည်း ဒုတိယဂိုင်းတွင် ပေးလိုက်ရသော ဂိုးများကြောင့် နှုန်နိမ့်ခဲ့ရသည်။

တိုင်ပေအသင်းနှင့် မြန်မာအသင်းတို့ ၏ပွဲစဉ်တွင် တိုင်ပေအသင်းက ခံစစ်ကို အဓိကထား၍ တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ပြီး မြန်မာအသင်းအနေဖြင့် လည်း ထိရောက်သောတိုက်စစ်ဆင်မှုများ မပြုလုပ်နိုင်ဘဲ တစ်ဖက်တစ်ဂိုးစီဖြင့်သရေပွဲစဉ်သာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၈ မိနစ်တွင် လူငယ်ကစားသမား စိုးကျော်ကျော်က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး တိုင်ပေအသင်းအတွက် ချေပဂိုးကို ပွဲချိန်မိနစ် ၈၀ တွင် အသင်းခေါင်းဆောင်လီ မန်ချိုင်းက ပင်နယ်တီမှတစ်ဆင့်သွင်းယူပေးခဲ့သည်။ အုပ်စုပွဲစဉ်နှစ်ပွဲအပြီးတွင် အိန္ဒိယအသင်းက နှစ်ပွဲကစား၊နှစ်ပွဲနိုင်၊ ရမှတ်ခြောက်မှတ်ဖြင့် ဇယားထိပ်ဆုံးမှ ဦးဆောင်နေသည်။

AFC Challenge Cup ၂၀၁၄ ခြေစစ်ပွဲများကို အာရှဘောလုံးအဖွဲ့ချုပ်မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး အဆိုပါခြေစစ်ပွဲစဉ်များတွင် အုပ်စုအလိုက် ပထမရရှိသူများ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး အကောင်းဆုံးဒုတိယနှစ်သင်းမှာလည်း ခြေစစ်ပွဲအောင်မြင်မည့်ဖြစ်သည်။ ခြေစစ်ပွဲအောင်မြင်သည့် အသင်းခုနစ်သင်းသည် အိမ်ရှင်မော်ဒိုက်အသင်းနှင့်အတူ AFC Challenge Cup နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၁၄ ခုနှစ်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ချန်ပီယံဖြစ်သောအသင်းသည် ၂၀၁၅ ခုနှစ် အာရှဖလားနောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်ကြောင်းသိရသည်။ ■

Davis Cup ဖိတ်ခေါ် တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ဂကျာ်ဇင်လှိုင်

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ စီစဉ်ကျင်းပမည့် Davis cup ဖိတ်ခေါ် တင်းနစ်ပြိုင်ပွဲကို လာမည့် ဧပြီလ ၂၂ ရက်မှ မေလ ၅ ရက်နေ့အထိ ရန်ကုန်မြို့၊ သိမ်ဖြူတင်းနစ်ကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါတင်းနစ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ တင်းနစ်အားကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားတစ်ခုအတွက် အမျိုးသား၊ အမျိုးသမီးအနည်းဆုံး လေးဦးစီဖြင့်ဝင်ရောက်ကြမည် ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲဝင် ၁၉ နိုင်ငံတွင် အရှေ့တောင်အာရှမှနိုင်ငံများ ပါဝင်သလို တင်းနစ် အားကစားအင်အားကြီးများသော ကမ္ဘာ့နိုင်ငံများစွာလည်း ပါဝင်မည်ဟု သိရသည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အနေဖြင့် မြန်မာနိုင်ငံတွင် တင်းနစ်အားကစားနည်းတိုးတက်ရန်အတွက် ရည်ရွယ်၍ မျိုးဆက်သစ်အားကစားသမားများကို မွေးထုတ်ပေးလျက်ရှိသည်။ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ပြီး ယခုကျင်းပပြုလုပ်မည့်ပြိုင်ပွဲတွင်လည်း မျိုးဆက်သစ်တင်းနစ်သမား များစွာပါဝင်မည် ဖြစ်သည်။ ■

မြန်မာနေရှင်နယ်လိဂ်-၂ တွင် ချင်းယူနိုက်တက်အသင်း အမှတ်ပေးဇယား ဦးဆောင်

အောင်စည်ဟိန်း

ယခုတစ်ပတ် မြန်မာနေရှင်နယ်လိဂ်-၂ ပွဲစဉ်များအပြီးတွင် မြန်မာနေရှင်နယ်လိဂ် တန်းဆင်းအသင်းတစ်သင်း ဖြစ်သော ချင်းယူနိုက်တက်အသင်းက နှစ်ပွဲနိုင်၊တစ်ပွဲသရေ၊ရမှတ်ခုနစ်မှတ်ဖြင့် လိဂ်(၂)ဇယားထိပ်ဆုံး၌ဦးဆောင်လျက်ရှိသည်။ ချင်းယူနိုက်တက်သည် ဇယားအောက်ဆုံးတွင် ရောက်ရှိနေသော Michelia အသင်းကို ပွဲတစ်လျှောက်တရုပ် ထိုးစစ်ဆင်ပြီး သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူကာ လိဂ်-၂ကိုဦးဆောင်နိုင်ခဲ့သည်။ ၎င်းနောက်တွင် ချင်းပြည်နယ်ကိုယ်စားပြု အသင်းပင်ဖြစ်သော GFA (Gospel for Asia) အသင်းက မြဝတီအသင်းကို သရေကျကာ ရမှတ် ငါးမှတ်ဖြင့် ဒုတိယ နေရာ၌ ရပ်တည်လျက်ရှိသည်။ ချင်းယူနိုက်တက်နှင့်အတူ တန်းဆင်းခဲ့ရသော မောရဝတီအသင်းမှာမူ ရလဒ်များ ဆိုးရွားနေပြီး Best United အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ နှစ်ပွဲကစားအပြီး ရမှတ် သုံးမှတ်ဖြင့် အဆင့်(၆) နေရာတွင် ရပ်တည်လျက်ရှိသည်။ မြန်မာနေရှင်နယ်လိဂ်(၂) အမှတ်ပေးပြိုင်ပွဲကို အသင်းပေါင်း ရှစ်သင်းမှ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ရာသီအကုန်တွင် ရမှတ် အများဆုံးအသင်းနှစ်သင်းမှာ မြန်မာနေရှင်နယ်လိဂ် (၁)သို့ တန်းတက်ခွင့်ရမည်ဖြစ်သည်။ ■

MNL-2 ပွဲစဉ်(၃)ရလဒ်များ

မြဝတီ	၁-၀	ဂျီအက်ဖ်အေ
ချင်းယူနိုက်တက်	၃-၀	Michelia
မြန်မာ ယူ-၁၉	၄-၁	Horizon
Best United	၃-၀	မော်ရဝတီ

MNL-1 အပြောင်းအရွှေ့ကာလ ပြောင်းလဲသတ်မှတ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MNL) ပြိုင်ပွဲကျင်းပရေးကော်မတီသည် MNL Myanmar ၂၀၁၃ ပြိုင်ပွဲ၏ ရာသီဝက် အပြောင်းအရွှေ့ကာလကို ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်နေ့က တရားဝင်စာဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ MNL-1 ရာသီဝက် အပြောင်းအရွှေ့ကာလကို ရာသီမစမီက လိဂ်ကော်မတီ အစည်းအဝေးတွင် အသင်းပိုင်ရှင်များ၏ သဘောတူညီချက်ဖြင့် ၈-၃-၂၀၁၃ ရက်မှ ၉-၄-၂၀၁၃ ရက်အထိ သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ပြန်လည်ပြင်ဆင်ချက်အရ ၉-၃-၂၀၁၃ ရက်နေ့မှ ၈-၄-၂၀၁၃ ရက်နေ့အထိ သတ်မှတ်လိုက်ကြောင်း ပြိုင်ပွဲဝင်အသင်းများထံတရားဝင်စာဖြင့် အကြောင်းကြားခဲ့သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီအနေဖြင့် မြန်မာ့လက်ရွေးစင်အသင်းပွဲစဉ်များနှင့် လေ့ကျင့်ရက်များကြောင့် မူလသတ်မှတ်ရက် ၈-၃-၂၀၁၄ မှ ၁၀-၅-၂၀၁၃ ရက်နေ့အထိ သက်မှတ်ရန် ကလပ်အသင်းများ၏ သဘောဆန္ဒတောင်းခံခဲ့သေးသော်လည်း အသင်းအများစုက သဘောတူညီခြင်းမရှိသဖြင့် အဆိုပြုချက်အား စွန့်လွှတ်ခဲ့သည်။ သို့ဖြစ်ရာ ရာသီဝက် အပြောင်းအရွှေ့ကာလ (Second Transfer Window Period) ကို အထက်ပါအတိုင်း ၉-၃-၂၀၁၃ ရက်နေ့မှ ၈-၄-၂၀၁၃ ရက်နေ့အထိ ထားရှိရန် ပြိုင်ပွဲဝင်အသင်းများအား အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရာသီဝက် အပြောင်းအရွှေ့ကာလအတွင်း MNL-1 ပြိုင်ပွဲများ ကျင်းပနေမည်ဖြစ်ရာ ကလပ်အသင်းများအနေဖြင့် အောက်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်နှင့် ကစားသမားမှတ်ပုံတင်ကိစ္စများ စီစဉ်ဆောင်ရွက်သွားရန် ကိုလည်း မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေးကော်မတီမှ ထုတ်ပြန်ကြေညာလိုက်သည်။ ■

အပြောင်းအရွှေ့ကာလ စည်းမျဉ်းစည်းကမ်းများ

(က) ကလပ်အသင်းများကို ကစားသမား ၃၀ ထက်ပို၍ မှတ်ပုံတင်ခွင့်မပြု။ ထိုသို့မှတ်ပုံတင်ရာတွင် ကလပ်အသင်းတစ်သင်းသည် ပြည်တွင်းကစားသမား ၂၆ ဦး၊ နိုင်ငံခြားသား ကစားသမားလေးဦး (ထိုလေးဦးတွင် အာရှဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံများမှ အနည်းဆုံးတစ်ဦးပါဝင်ရမည်)၊ စုစုပေါင်း ကစားသမား ၃၀ မှတ်ပုံတင် ခွင့်ပြုသည်။ နိုင်ငံခြားသားကစားသမား ခေါ်ယူခြင်းမရှိသည့် အသင်းများသည် ပြည်တွင်းကစားသမားဖြင့် အစားထိုးနိုင်သည်။

(ခ) ကလပ်အသင်းများအနေဖြင့် ကစားသမားအားလုံးကို မှတ်ပုံပြန်တင်ရန်မလိုဘဲ မိမိထုတ်ပယ်လိုသည့် ကစားသမားကို ထုတ်ပယ်နိုင်ပြီး အစားသွင်းလိုသည့် ကစားသမား၊ အသစ်မှတ်ပုံတင်လိုသည့် ကစားသမားကို MNL ပြိုင်ပွဲကျင်းပရေးဌာနမှ သတ်မှတ်ထားသည့် လုပ်ငန်းစဉ်အတိုင်း မှတ်ပုံတင်နိုင်သည်။

(ဂ) မှတ်ပုံတင်အသစ်ပြုလုပ်သည့် ကစားသမားကို အနီးကပ်ဆုံးပွဲတွင် ထည့်သွင်းကစားလိုပါက အနည်းဆုံး အဆိုပါပွဲမကစားမီ ၄၈ နာရီ ကြိုတင်၍ ကစားသမားကို မှတ်ပုံတင်သွင်းရမည်။ ၄၈ နာရီ နောက်ပိုင်း မှတ်ပုံတင်သွင်းသည့် ကစားသမားကို အနီးကပ်ဆုံးပွဲတွင် ဝင်ရောက်ကစားခွင့်ပြုမည်မဟုတ်ပါ။

(ဃ) ယခု မှတ်ပုံတင်ကာလတွင် မှတ်ပုံတင်သွင်းလာသော ကစားသမားကို အခြားကစားသမား တစ်ဦးနှင့် ပြန်လည်လဲလှယ်ခွင့်ပြုမည်မဟုတ်ပါ။

ျမန္မာ့ဘုန္ဒက်စ်လီဂါပွဲစဉ်(၂၄)

ချန်ပီယံလိဂ်ကစားထားတဲ့ ဒေါ့မွန်ကို ဒုက္ခပေးမယ့် ရှော်လ်ကေး

ပြီးခဲ့တဲ့အပတ်က ကစားထားသွားကြတဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၄)မှာတော့ အဝါကတ်မထိတဲ့ပွဲစဉ်ရယ်လို့မရှိခဲ့ပါဘူး။ ဒါဟာ ဘာကိုဖော်ပြသလဲဆိုရင် ပွဲစဉ်ပြီးဆုံးခါနီးလာလေလေပြိုင်ဆိုင်မှုပြင်းထန်လာလေလေဆိုတာကို သက်သေပြနေပါတယ်။ ယခုတစ်ပတ်မှာတော့ ရှော်လ်ကေးနဲ့ ဒေါ့မွန်တို့ တွေ့ဆုံတဲ့ပွဲကတော့ စိတ်ဝင်စားစရာအကောင်းဆုံးပါပဲ။

ကိုထွဋ်(စိန်ဂျွန်း)



ဒေါ့မွန်ကွင်းလယ်လူ ဂန်ဒိုဂန်(၀)နှင့် ဟန်နိဗာတိုက်စစ်မှူး ဇိဗစ်ချ်တို့ ရင်ဆိုင်အတွေ့။ ဓာတ်ပုံ - အေအက်ဖ်ပီ

အော့စ်ဘတ် – နရင်ဘတ်

ပကျော့- နရင်ဘတ် ၀-၀ အော့စ်ဘတ်

အော့စ်ဘတ်ဟာ နှစ်ပွဲဆက်တိုက် နိုင်နေတဲ့အချိန်မှာ နရင်ဘတ်ကတော့ လေးပွဲဆက်တိုက်သရေကျတာဟာဖြင့် အမှတ်ရရှိအောင် စွမ်းဆောင်မှုအပိုင်းမှာ အော့စ်ဘတ်က သာနေပါတယ်။ အော့စ်ဘတ်ရဲ့ အိမ်ကွင်းတိုက်စစ်ရော၊ နရင်ဘတ်ရဲ့အဝေးကွင်းတိုက်စစ်မှာပါ အားနည်းနေတာတွေ့ရပါတယ်။ အော့စ်ဘတ်ကတောင်ပြန်ပြီး နရင်ဘတ်ကို အပေါ်စီးကနေ စိန်ခေါ်ထားတာတွေ့ရပါတယ်။ ဂိုးနည်းတဲ့သရေပွဲဖြစ်နိုင်ပြီး နရင်ဘတ်ကို ကြိုက်ပါတယ်။

ဘိုင်ယန်မြူးနစ် – ဒတ်ဆယ်လ်ဒေါ့ဖ်

ပကျော့-

ဒတ်ဆယ်လ်ဒေါ့ဖ် ၀-၅ ဘိုင်ယန်

ဒီတစ်ပတ်မှာ ဘိုင်ယန်မြူးနစ်ချန်ပီယံလိဂ်ကစားဖို့မရှိတဲ့အတွက် အင်ပြည့်အားပြည့်ကစားနိုင်ပါလိမ့်မယ်။ ဘိုင်ယန်ဟာ ဒေါ့မွန်ကို ၁၀ ပွဲ အလိုမှာ ၁၇ မှတ်ဖြတ်ထားလို့ ဘိုင်ယန်ငါးပွဲဆက်ရှုံးရင်တောင် အမှတ်ပေးဇယားရဲ့ထိပ်ပိုင်း (၁)၊ (၂) နေရာတွေအပြောင်းအလဲရှိမှာမဟုတ်ပါဘူး။ ဒတ်ဆယ်လ်ဒေါ့ဖ်ဟာ အဝေးကွင်းသုံးပွဲဆက်ရှုံးပြီး သူတို့ရှုံးခဲ့တဲ့ အသင်းတွေက အဆင့်(၉)နေရာက မိုချင်၊ အဆင့်(၅)နေရာက ဖရိုင်းဘတ်နဲ့အဆင့်(၆)နေရာက ရှော်လ်ကေးတို့ကိုဖြစ်ပါတယ်။ ဘိုင်ယန်အနေနဲ့ နှစ်ဂိုးပြတ်နိုင်တာတောင် ၈၀ ရာခိုင်နှုန်း ဆုံးရှုံးဦးမှာဖြစ်ပေမယ့် ဘိုင်ယန်နဲ့ နှစ်သင်းပေါင်းသွင်းဂိုးများမှာကို မြင်ယောင်နေမိတယ်။

ရှော်လ်ကေး – ဒေါ့မွန်

ပကျော့- ဒေါ့မွန် ၁-၂ ရှော်လ်ကေး

ဒေါ့မွန်ဟာ တစ်မှတ်အကွာနဲ့ နောက်ကလိုက်ပြီး ဖိအားပေးနေတဲ့ လေဗာကူဆင်ရဲ့ရန်က လွတ်အောင်ပြေးရမှာဖြစ်သလို ရှော်လ်ကေးကလည်း ဖရိုင်းဘတ်ကိုလိုက်မီအောင်၊ ဟမ်းဘတ်က သူ့ကိုကျော်တက်မသွားအောင် ဂရုပြုနေရတာဖြစ်လို့ ဒီပွဲစဉ်ဟာ အကြိတ်အနယ်ရှိမယ့်ပွဲစဉ်ဖြစ်ပါတယ်။ အိမ်ရှင် ရှော်လ်ကေးဟာ နောက်ဆုံးနှစ်ပွဲဆက် နိုင်ထားပြီး ဒေါ့မွန်ကတော့ အဝေးကွင်းသုံးပွဲမှာ ရှုဂ်တာဒိုးနက်နဲ့ မိုချင်ကို သရေကျခဲ့ပြီး ဘိုင်ယန်ကို ၁-၀ နဲ့ ရှုံးခဲ့ပါတယ်။ ရှော်လ်ကေးမှာ ဖိအားသိပ်မရှိပေမယ့် ဒေါ့မွန်ကတော့ ပြီးခဲ့တဲ့အင်္ဂါညရှုဂ်တာဒိုးနက်နဲ့ ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပမ်းနေမှာသေချာပါတယ်။ ဒေါ့မွန်ကတောင် အဝေးကွင်းမှာ အပေါ်စီးကနေပြန်ပြီးစိန်ခေါ်ထားပါတယ်။ ဂိုးပေါက်ပြန်တွေ့နေပြီဖြစ်တဲ့ ဟန်တယ်လာရဲ့ ရှော်လ်ကေးနဲ့အတူ အဲဒီညကခုနှစ်ကြပါစို့။

ဖရိုင်းဘတ် – ၀ုဖ်ဘတ်

ပကျော့- ၀ုဖ်ဘတ် ၀-၂ ဖရိုင်းဘတ်

ဖရိုင်းဘတ်က ချန်ပီယံလိဂ်ဝင်ခွင့်ကိုတောင် မျှော်မှန်းလို့ရနေပြီး ၀ုဖ်ဘတ်ကတော့ အခုလက်ရှိ တန်းဆင်းဇုန်ထက်နားဆီကနေ ပိုပြီးဝေးတဲ့နေရာလွှင့်ချင်နေပါတယ်။ နှစ်သင်းစလုံးရဲ့ အိမ်ကွင်းတိုက်စစ်နဲ့ အဝေးကွင်းတိုက်စစ်က မသိသာပေမယ့် ခံစစ်ပိုင်းမှာ ၀ုဖ်ဘတ်ကပိုပြီး လျော့ရဲရဲနိုင်ပါတယ်။ ဖရိုင်းဘတ်ဟာ သူ့ရဲ့နောက်ဆုံးငါးပွဲစလုံး မနှုံးခဲ့သလို ၀ုဖ်ဘတ်ကလည်း ဂရုသာဖတ်ချ်ကို ၀-၁၊ မိန့်ဇ်ကို ၁-၁ နဲ့ အော့စ်ဘတ်ကို ၁-၂ အနိုင်တွေကစားထားပါတယ်။ အဝေးကွင်းကစားရတဲ့ ဖရန့်ဖတ်အနေအထားကြောင့် ဖရိုင်းဘတ် တင်ပြီးကစားနိုင်ပါတယ်။

မိန့်ဇ် – လေဗာကူဆင်

ပကျော့- လေဗာကူဆင် ၂-၂ မိန့်ဇ်

မိန့်ဇ်နောက်ဆုံးကစားသွားတဲ့ အိမ်ကွင်းသုံးပွဲက အားရစရာမရှိပါ။ ဘိုင်ယန်ကို ၀-၃ နဲ့နိုင်ပေမယ့် နောက်ဆုံးနှစ်ပွဲမှာ ရှော်လ်ကေးကို ၂-၂ ၀ုဖ်ဘတ်ကို ၁-၁ ပဲကစားနိုင်ခဲ့တယ်။ လေဗာကူဆင်အနေနဲ့ သရေပွဲဖြစ်ရင် ၃၀ ရာခိုင်နှုန်းဆုံးရှုံးမှာဖြစ်ပါတယ်။ လေဗာကူဆင်ရဲ့အဝေးကွင်းပွဲစဉ်တွေမှာ မိုချင်ကို ၃-၃၊ ဘင်ဖီကာကို ၂-၁ နဲ့ ဂရုသာဖတ်ချ်ကို ဂိုးမရှိသရေကစားထားပါတယ်။ တိုက်စစ်က ဂိုးသွင်းသလောက် ခံစစ်က ပေါက်ပြဲနေတဲ့ လေဗာကူဆင်ကို လက်ရှောင်ချင်ပါတယ်။

ဂရုသာဖတ်ချ် – ဟော့ဖန်ဟိမ်း

ပကျော့-

ဟော့ဖန်ဟိမ်း ၃-၃ ဂရုသာဖတ်ချ်

အိမ်ရှင်ဂရုသာဖတ်ချ်ဟာ တန်းစီဇယားအောက်ဆုံးမှာ ရောက်ရှိနေပြီး အိမ်ကွင်းနိုင်ပွဲလုံး၀မရှိသေးတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ အိမ်ကွင်း ၁၂ ပွဲကစားခဲ့ရာမှာ လေးဂိုးသာသွင်းနိုင်လို့ တိုက်စစ်အင်အနည်းဆုံးအသင်းလည်းဖြစ်နေပါတယ်။ ဒါဟာ တန်းဆင်းဇုန်ထဲက အသင်းနှစ်သင်းရဲ့ အားပြိုင်မှုဖြစ်ပြီး ဂရုသာဖတ်ချ်က နောက်ဆုံးပွဲစဉ် နှစ်ပွဲကို သရေခံကစားထားတာပါ။ ဟော့ဖန်ဟိမ်းကတော့ နောက်ဆုံးသုံးပွဲ စလုံးရှုံးထားခဲ့ပါတယ်။ တိုက်စစ်ပိုသာပြီး ဘိုင်ယန်ကိုတောင် ကပ်ရှုံးခဲ့ရတဲ့ ဟော့ဖန်ဟိမ်းကို အပိုင်ရွေးထားချင်တယ်။

မိုချင်၀လက်ဘတ် – ဝါဒါဘရီမင်

ပကျော့- ဝါဒါဘရီမင် ၄-၀ မိုချင်

အိမ်ရှင်မိုချင်၀လက်ဘတ်အသင်းဟာ ပြိုင်ဘက်အသင်းများရဲ့ ထိုးဖောက်ချက်ကို အကာကွယ်ရဆုံးအသင်းဖြစ်ပြီး တစ်ပွဲကို အကြိမ် ၃၀ လောက် ပျမ်းမျှကာကွယ်နိုင်ခဲ့ပါတယ်။ ဝါဒါဘရီမင်အနေနဲ့ကလည်း တန်းဆင်းဇုန်ကနေလွတ်ရာကျွတ်ရာကို ပိုပြီးဝေးဝေးသွားနေချင်တယ်။ မိုချင်ဟာ ဖရန့်ဖတ်နဲ့ပွဲရောက်မှ နိုင်ပွဲပြန်ရတာဖြစ်ပြီး အိမ်ကွင်းနောက်ဆုံးသုံးပွဲစလုံးသရေကျထားပါတယ်။ မိုချင်သရေကျရင် ၁၅ ရာခိုင်နှုန်းဆုံးရှုံးထားပါတယ်။ ဘရီမင်ကတော့ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာ သုံးပွဲစလုံးရှုံးထားပါတယ်။ ပေါက်ကွဲပြမယ့် ဝါဒါဘရီမင်ဟာ အဝေးကွင်းမှာ မထင်မှတ်တာတွေ လုပ်ပြမှာပါ။

ဟန်နိဗာ – ဖရန့်ဖတ်

ပကျော့- ဖရန့်ဖတ် ၃-၁ ဟန်နိဗာ

ဟန်နိဗာဟာ အိမ်ကွင်းကစားခဲ့တဲ့ နောက်ဆုံးသုံးပွဲမှာ ဟော့ဖန်ဟိမ်းကို ၁-၀၊ အန်ဒီကို ၁-၁ နဲ့ ဟမ်းဘတ်ကို ၅-၁ အနိုင်ကစားထားပါတယ်။ ဖရန့်ဖတ်ကတော့ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ် လေးပွဲစလုံး နိုင်ပွဲမရတဲ့အပြင် ဂိုးမသွင်းနိုင်တာလည်း လေးပွဲရှိခဲ့ပြီဖြစ်ပါတယ်။ အဝေးကွင်းခြေစွမ်းကို ပြန်ကြည့်ရင်လည်း ဟမ်းဘတ်ကို ၁-၄ နဲ့ နိုင်လိုက်တာကလွဲလို့ ဒေါ့မွန်ကို သုံးဂိုးပြတ်ရှုံးကာ ဖရိုင်းဖတ်ကိုလည်း ဂိုးမရှိသရေသာကစားနိုင်ခဲ့တာပါ။ သရေပွဲဖြစ်ရင် ဟန်နိုဗာဘက်က ၃၀ ရာခိုင်နှုန်းဆုံးရှုံးနိုင်ပေမယ့် ဆယ်ပေစည်းထဲမှာ ဖရန့်ဖတ်ကို အသေရိုက်ချရုံပါပဲ။

စတုဂတ် – ဟမ်းဘတ်

ပကျော့- ဟမ်းဘတ် ၀-၁ စတုဂတ်

အဆင့်(၁၁)မှာ ရပ်တည်နေတဲ့ အိမ်ရှင်စတုဂတ်ဟာ ယူရိုပါလိဂ်ရှိထားတဲ့အတွက် ပွဲပန်းနိုင်ပါတယ်။ စတုဂတ်ဟာ အဝေးကွင်းနှစ်ပွဲဆက်နိုင်ပြီးမှ လေဗာကူဆင်ကို အဝေးကွင်းမှာ ရှုံးပွဲပြန်ကြဲလိုက်ရလို့ နောက်ဆုံးပွဲရှုံးထားတာပါ။ ဟမ်းဘတ်ကလည်း နောက်ဆုံးနှစ်ပွဲမနိုင်ခဲ့ပါဘူး။ ဒုံပြင် သူတို့ဟာ တစ်ဂိုးထက်လည်း ပိုမသွင်းနိုင်ပါဘူး။ အဝေးကွင်းမှာ ဟန်နိုဗာကို ၅-၁ နဲ့ ရှုံးတဲ့အရှုံးက သူတို့ကိုခြောက်လှန့်နေဆဲပါ။ ဟမ်းဘတ်က ဥရောပတစ်နေရာ ဝင်လိုဝင်ငြား လိုက်ကစားနေတဲ့အသင်းပါ။ သရေပွဲဖြစ်ရင် စတုဂတ်အဖို့ ၄၀ ရာခိုင်နှုန်း ဆုံးရှုံးပါမယ်။ သရေရလဒ် ၀-၀၊ ၁-၁ ဖြစ်နိုင်တဲ့ပွဲမှာ ဟမ်းဘတ်ကို အိတ်ကပ်ထဲဆောင်ထားရမယ်။ ■

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၄)


အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်	ပေးဂိုး	ရမှတ်
ဘိုင်ယန်	၂၄	၂၀	၃	၁	၆၄	၈	၆၃
ဒေါ့မွန်	၂၄	၁၃	၇	၄	၅၄	၂၈	၄၆
လေဗာကူဆင်	၂၄	၁၃	၆	၅	၄၅	၃၁	၄၅
ဖရန့်ဖတ်	၂၄	၁၁	၅	၈	၃၈	၃၅	၃၈
ဖရိုင်းဘတ်	၂၄	၉	၉	၆	၃၀	၂၃	၃၆
ရှော်လ်ကေး	၂၄	၁၀	၆	၈	၄၁	၃၉	၃၆
ဟမ်းဘတ်	၂၄	၁၀	၅	၉	၂၉	၃၃	၃၅
မိန့်ဇ်	၂၄	၉	၃	၈	၃၂	၂၉	၃၄
ဂလက်ဘတ်	၂၄	၈	၁၀	၆	၃၃	၃၄	၃၄
ဟန်နိုဗာ	၂၄	၁၀	၃	၁၁	၄၇	၄၅	၃၃
စတုဂတ်	၂၄	၈	၅	၁၁	၂၆	၄၂	၂၉
ဒတ်ဆယ်လ်ဒေါ့ဖ်	၂၄	၃	၃	၁၀	၂၉	၃၂	၂၈
နရင်ဘတ်	၂၄	၆	၁၀	၈	၂၄	၃၁	၂၈
ဝါဒါဘရီမင်	၂၄	၈	၄	၁၂	၃၉	၄၈	၂၈
၀ုဖ်ဘတ်	၂၄	၃	၆	၁၁	၂၄	၃၇	၂၇
အော့စ်ဘတ်	၂၄	၄	၉	၁၁	၂၁	၃၆	၂၁
ဟော့ဖန်ဟိမ်း	၂၄	၄	၄	၁၆	၂၇	၄၉	၁၆
ဂရုသာဖတ်ချ်	၂၄	၂	၈	၁၄	၁၄	၃၇	၁၄

ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၄)

ဒေါ့မွန်	၃-၁	ဟန်နိုဗာ
ဟမ်းဘတ်	၁-၁	ဂရုသာဖတ်ချ်
နရင်ဘတ်	၁-၁	ဖရိုင်းဘတ်
၀ုဖ်ဘတ်	၁-၄	ရှော်လ်ကေး
ဝါဒါဘရီမင်	၀-၁	အော့စ်ဘတ်
လေဗာကူဆင်	၂-၁	စတုဂတ်
ဟော့ဖန်ဟိမ်း	၀-၁	ဘိုင်ယန်
ဒတ်ဆယ်လ်ဒေါ့ဖ်-၁		မိန့်ဇ်
ဖရန့်ဖတ်	၀-၁	ဂလက်ဘတ်

သွင်းဂိုးအများဆုံး

ကိုင်းဘလိန်း (လေဗာကူဆင်)	၁၆ ဂိုး
လီဝမ်ဒေါစကီး (ဒေါ့မွန်)	၁၆ ဂိုး
မန်ဇူကစ် (ဘိုင်ယန်)	၁၅ ဂိုး
အဒမ် (မိန့်ဇ်)	၁၂ ဂိုး



အရေးကြီးကြေညာချက်

လူတွေဟာ တစ်ခါတစ်ရံ အငြင်းအခုံဖြစ်ကြရတတ်ပါတယ်။
စာဖတ်ပရိသတ်အပေါ်ထားရှိတဲ့ ကျွန်ုပ်တို့ရဲ့
အာမခံမှုကတော့ ရှိနေဆဲပါ။

ဟိုတလောက မြန်မာတိုင်း(မ)မှာအငြင်းအခုံဖြစ်တဲ့ သတင်းကို စာဖတ်သူတချို့သတိထားမိကြမှာပါ။
ဘာတွေဖြစ်နေဖြစ်နေ စာဖတ်သူတို့ထံကို မြန်မာတိုင်း(မ်)စာစောင် အချိန်မှန်မှန်
မပျက်မကွက်ရောက်လာရမယ်ဆိုတဲ့ အာမခံချက်ကတော့ မပြောင်းလဲတစ်သမတ်တည်း ရှိနေပါတယ်။
ဒါကြောင့် မြန်မာတိုင်း(မ်)ကို ယုံကြည်မှုအပြည့်နဲ့ လပေးမှာယူ ဖတ်ရှုနိုင်ပါတယ်။ စာဖတ်သူတို့ထံ
မြန်မာတိုင်း(မ်)စာစောင် ရောက်မလာနိုင်ခဲ့ရင် စာဖတ်သူတို့ထံက ကြိုတင်ငွေလက်ကျန်ကို
အပြည့်ပြန်အမ်းပေးပါမယ်။ မှန်ပါတယ်။ ကြိုတင်ငွေလက်ကျန်အပြည့် ပြန်အမ်းပေးဖို့အာမခံပါတယ်။
ယနေ့ကစပြီး မတ်လ (၃၁) ရက်နေ့အတွင်း လပေးမှာယူဖတ်ရှုဖို့ ငွေပေးသွင်းမယ်ဆိုရင်
ကျွန်ုပ်တို့ရဲ့နေ့စဉ်သတင်းစာအသစ်ကို အပတ်စဉ်ထုတ်ဝေနယ် နှုန်းနဲ့
နေ့စဉ်ဖတ်ရှုနိုင်တော့မှာဖြစ်ပါတယ်။

ဒါကိုပဲ ကျွန်ုပ်တို့က နေ့စဉ် "အပေးအယူ" လို့ ခေါ်တာပါ။

ဒီ အီးမေးလ်ကို ပို့လိုက်ပြီး ယခုပင် မှာယူနိုင်ပါပြီ။

IwantmyMTnow@gmail.com

မြန်မာတိုင်း(မ်) မှ လည်း သင့်အီးမေးလ်လက်ခံရရှိသည်နှင့် စာစောင်ကိုအမြဲတိုင်ရာရောက် အမြန်ဆုံးပို့ဆောင်ပေးပါလိမ့်မယ်။
သင့်အိမ်အထိ လာရောက် ဆွဲယောက်ယူခြင်းမြင့် အဖကောင်းဆုံးဝန်ဆောင်မှုပေးမှာပါ။
ကျွန်ုပ်တို့ အာမခံချက်ကိုလည်း မခမဲ့ပါနဲ့။

၂၀၁၃ မတ်လ ၃၁ ရက်အထိ အထူးဈေးနှုန်းများကို အောက်မှာ ဖော်ပြထားပါတယ်။

MYANMARTIMES	၆ လ - ၂၇,၀၀၀ ကျပ်	MYANMARTIMES	တစ်နှစ် - ၅၁,၀၀၀ ကျပ်
မြန်မာတိုင်း(မ်)	၆ လ - ၁၇,၀၀၀ ကျပ်	မြန်မာတိုင်း(မ်)	တစ်နှစ် - ၃၀,၀၀၀ ကျပ်
MYANMARTIMES မြန်မာတိုင်း(မ်)	၆ လ - ၄၀,၀၀၀ ကျပ်	MYANMARTIMES မြန်မာတိုင်း(မ်)	တစ်နှစ် - ၇၀,၀၀၀ ကျပ်

မှတ်ချက် ။ ။ ကျွန်ုပ်တို့ဘာတော်မထုတ်ဝေမိုင်ဒိုရင် ဂျွတ်ြိုးပေးသွင်းထားတဲ့ ငွေရှိသက်ကန့်ကို ပုန်စရက်ကဘွင်းကြည်ပြီးနောက်ပါ MCM တာဘာမဆိုပါတယ်။
မကြာမီရက်ပိုင် သတင်းစာအကြောင်းကားပြီးလို့ တစ်ပတ်ရာနှုန်းယ် တစ်ဖတ်ရှုနိုင်ရန် ပေးသွင်းထားတဲ့ ငွေကိုရပြီး တစ်ပတ်ကမှ စသတင်းကြား တစ်ပတ်သိမ်းဆုံးရက်သတင်းစာကို သင့်လျော်အပြီးပါတယ်။
ဝယ်ယူနိုင်စေရန်သွင်းထားကိုသဲ လက်ခံမှုကြည်ပါတယ်။ တစ်နှစ်ထားတော့ ပိုမေးသွင်းကိုမရပါ။ ဒီအကြောင်းလျှောနှုန်းရှောမှုမရတော်ဆုံးရက်ကတော့ ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်ပြီးပါတယ်။

မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှုများထပ်တိုးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပ

ကုလသမဂ္ဂ – အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ သဘောတူညီမှုဖြင့် မြောက်ကိုရီးယားနိုင်ငံကို အရေးယူပိတ်ဆို့မှုများ ထပ်တိုးရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကို မတ်လ ၅ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း သံသမန်များကပြောသည်။

လုံခြုံရေးကောင်စီဥက္ကဋ္ဌကခေါ်ယူသော သီးသန့်အစည်းအဝေးတစ်ရပ်ကို ဖေဖော်ဝါရီလ ၅ ရက် နံနက် ၁၁ နာရီ (၁၆၀၀ ဂျီအမ်တီ) တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ အစည်းအဝေးတွင် အမေရိကန်နှင့် တရုတ်သံတမန်များက မြောက်ကိုရီးယားနိုင်ငံ၏ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကပြုလုပ်သော အဏုမြူဗုံးစမ်းသပ်ဖောက်ခဲ့မှုနှင့် ပတ်သက်ပြီး အရေးယူပိတ်ဆို့မှုများ ထပ်တိုးရန် အခြားသောအဖွဲ့ဝင် ၁၃ နိုင်ငံမှ သံတမန်များကို ပြောကြားမည်ဖြစ်သည်။

"မဲခွဲဆုံးဖြတ်တာတော့ မလုပ်သေးပါဘူး။ ဒါပေမဲ့ မကြာခင်လုပ်မှာပါ။ ဒီအစည်းအဝေးပွဲက အရေးယူမှုတွေထပ်တိုးမယ့်ကိစ္စအတွက် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ် ချမှတ်ဖို့ဖြစ်ပါတယ်" ဟု အမည်မဖော်လိုသူ သံတမန်တစ်ဦးက အေအက်ဖ်ပီကို ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်း ပြစ်တင်ရှုတ်ချမှုများ ပေါ်ပေါက်ခဲ့သည့် မြောက်ကိုရီးယားနိုင်ငံ၏ တတိယအကြိမ်ခန့်ကလီးယားစမ်းသပ်မှုအပြီး၌ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဆူဇန်ရိုက်စ်နှင့် ၎င်းနှင့် ရာထူးအဆင့်တူဖြစ်သည့် တရုတ်နိုင်ငံမှ Li Baodong တို့က မြောက်ကိုရီးယားနိုင်ငံကို အရေးယူပိတ်ဆို့မှုများ ထပ်တိုးရေး ဆွေးနွေးခဲ့ကြသည်။

အဏုမြူဗုံးစမ်းသပ်ပြီး မကြာမီမှာပင် မြောက်ကိုရီးယားနိုင်ငံက ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ကြောင်းနှင့် မြောက်ကိုရီးယားကိုထိထိရောက်ရောက် အရေးယူသွားရန်ဖော်ပြထားသော ကြေညာချက်တစ်စောင်ကို လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံစလုံးက ထောက်ခံခဲ့ကြသည်။



ခေါင်းဆောင်ဟောင်းများဖြစ်သော ကင်အီဆွန်းနှင့် ကင်ဂျုံအီးလ်တို့၏ ရုပ်တုများဖွင့်ပွဲအခမ်းအနား၌ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းနှင့် စစ်ခေါင်းဆောင်များကိုတွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဂျင်း၏နယ်စပ်ဒေသ တည်ငြိမ်ရေးအတွက်အမြဲတိုးရိမ်နေသော တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန် အရေးယူပိတ်ဆို့မှုများပြုလုပ်ရန်အတွက် သဘောတူညီပေးရန် ဝန်လေးနေကြောင်း သံတမန်များက ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■

သတင်းတို

တရုတ်နိုင်ငံတွင် အလောင်းတူးရောင်းသူများကို ထောင်ချ

ပေကျင်း – တရုတ်နိုင်ငံတွင် ရိုးရာအစဉ်အလာတစ်ခုဖြစ်သည့် တဘွေးများ လက်ထပ်ပွဲအတွက် သတို့သမီးများအဖြစ် ရောင်းချရန် အလောင်းများ တူးဖော်ကြသည့် လူလေးဦးကို ထောင်ချလိုက်ကြောင်းသိရသည်။ ယင်းအလေ့အထမှာ အိမ်ထောင်မပြုရသေးဘဲ သေဆုံးသွားသော အမျိုးသားများ၏ တမလွန်ဘဝအတွက် ဇနီးမယားနှင့်အတူ မြေမြှုပ်သင်္ကြံဟ်သည့် ဓလေ့ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းများတွင်ဖော်ပြကြသည်။ တရုတ်လူမျိုးအသိုင်းအဝိုင်းတွင် အိမ်ထောင်ပြုခြင်းကိစ္စသည် အရေးကြီးသည့် အဝိုင်းတစ်ခုဖြစ်ပြီး အိမ်ထောင်ပြုသူများ ရှားပါးလာချိန်တွင် အိမ်ထောင်ပြုခွင့်မရမီ သေဆုံးသွားသည့်သားများအတွက် အချို့မိသားစုများတွင် ယင်းအလေ့အထကိုကျင့်သုံးနေဆဲဖြစ်ကြောင်းသိရသည်။ ပုံမှန်အားဖြင့် သေဆုံးသူများ၏ မိသားစုများအကြား၌ သဘောတူညီမှုများ ရှိထားပြီးဖြစ်သော်လည်း အထက်ပါလူလေးဦးသည် အမျိုးသမီးများ၏ အလောင်းများကိုခိုးယူကာ ဆေးကြောသန့်စင်ပြီး ဈေးနှုန်းမြင့်မားစွာဖြင့် ရောင်းချခဲ့ကြောင်း Xian Evening News က ဆိုသည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။

အသေအပျောက်များလာ၍ ဘော်နီယိုကျွန်းပေါ်တွင် မလေးရှားလက်နက်ကိုင် အင်အားနှစ်ဆတိုးချထား

အမွေခံဒေသဖြစ်သည်ဟုဆိုကာ မွတ်စလင်စစ်သွေးကြွများ ဆာဘားကမ်းခြေပေါ်သို့ ရောက်ရှိခဲ့ရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်

တာဝါအူ(မလေးရှား)– မိမိကိုယ်မိမိ စူလတန်ဟု အမည်ပေးထားသူတစ်ဦး၏ နောက်လိုက် ဖိလစ်ပိုင်မွတ်စလင်များ ဝင်ရောက် ကျူးကျော်တိုက်ခိုက်၍ ၂၆ ဦးထက်မနည်း သေဆုံးခဲ့ပြီးနောက် အဆိုပါ မလေးရှားအရှေ့ပိုင်း ဆာဘားပြည်နယ်အတွင်း ရဲတပ်ဖွဲ့ဝင်နှင့် အခြားလက်နက်ကိုင် တပ်ဖွဲ့ဝင် အင်အားဦးရေကို မတ်လ ၄ ရက်နေ့တွင် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က နှစ်ဆတိုးဖြန့်ကြက်ချထားခွင့် ပြုလိုက်ပြီဟု မလေးရှားအစိုးရသတင်းဌာန ဘာနားမားကဆိုသည်။

ဘော်နီယိုကျွန်းပေါ်ရှိ ဆာဘားပြည်နယ်သည် ယခင် ဖိလစ်ပိုင် မွတ်စလင် စူလတန်ဘုရင်ဟောင်းက တရားဝင်ရထိုက်သည့် အမွေခံဒေသဖြစ်သည်ဟုဆိုကာ ဖေဖော်ဝါရီလ ၁၂ ရက်က အင်အား ၁၀၀ မှ ၃၀၀ ထိရှိသည့် မွတ်စလင်စစ်သွေးကြွများ ဆာဘားကမ်းခြေပေါ်သို့ ရောက်ရှိခဲ့ရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နာဂျစ်ရာဇတ်သည် ဆာဘားပြည်နယ်အတွင်း နယ်စပ်ဒေသ လုံခြုံရေးလျော့ရဲနေခြင်း၊ ဥပဒေမဲ့မှုကြီးထွားနေခြင်းနှင့် ပြည်ပမှတရားမဝင် လူဝင်ရောက်မှုအထူးများပြားနေခြင်းတို့ကို ဖော်ထုတ်ပြီးနောက် ဇွန်လတွင် ရွေးကောက်ပွဲမဖြစ်မနေ ကျင်းပမည်ဟုဆိုသည်။

တန်ဒူအိုကျေးရွာတွင် မတ်လ ၁ ရက်က ကျူးကျော်ဝင်ရောက်သည့်မွတ်စလင်စစ်ရာဇဝင်တမ်းများလာခြင်းဆိုင်ရာ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း ဗိုလ်ချုပ်ကြီး ဟစ်ရှမ်အယ်လ်ဒင်ဂျီ ဘင်အဗ်ဒူလာဟ်က ပြောကြားသည်။



ဖိလစ်ပိုင်နိုင်ငံရှိ မွတ်စလင်ခွဲထွက်ရေးလှုပ်ရှားမှုများကို တည်ထောင်သူ ဓေါင်းဆောင် နူရ်မီဆွာရီ (ဝဲ) ကို ဆူးလူး စူလတန် ဂျမာလာကီရန့်နှင့်အတူ မတ်လ ၅ ရက်နေ့က မနီလာမြို့တွင်တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဒေသခံတိုက်ခိုက်ရန် အသင့်ဖြစ်နေကြပြီဟုဆိုသည်။

သေနတ်သမားများနှင့် ပတ်သက်သောအချက်အလက်များကိုအတိအကျ မရရှိသေးသော်လည်း ၎င်းတို့မှာ တိုက်ခိုက်မှု အတွေ့အကြုံရှိထားပြီးသူများဖြစ်ကြောင်း၊ ၎င်းတို့၏ပြောက်ကျားစနစ်လည်းကောင်းကြောင်း မလေးရှားကာကွယ်ရေးဦးစီးချုပ် ဇုလ်ကီဖလီဇင်က မတ်လ ၃ ရက်က ဆာဘားတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ ဆာဘားပြည်နယ်တွင် ဖိလစ်ပိုင် တောင်ပိုင်းမှ အစွန်လမ္ဘစ်စစ်သွေးကြွများနှင့် အခြားသူပုန်များ၏ နယ်စပ်ဖြတ်ကျော် လှုယက်တိုက်ခိုက်မှု အသေးစားများ ယခင် ဆယ်စုနှစ်များကတည်းက မွတ်စလင်သူပုန်များလှုံဆော်၍ ဖြစ်ပွားလာခဲ့သည်။

ထိတွေ့တိုက်ခိုက်နေကြသော လက်နက်ကိုင်တပ်ဖွဲ့များ ဆက်လျှယ်မှုအခြေအနေကို မလေးရှားအာဏာပိုင်များ အတိအကျ ထုတ်ဖော်ကြေညာခြင်းမရှိသေးသော်လည်း ပြည်သူများ အေးချမ်းစွာနေထိုင်ကြရန်နှင့် အခြေအနေကို ထိန်းသိမ်းထားပြီဖြစ်ကြောင်း ကြေညာသည်။ **(အေအက်ဖ်ပီ)**

အောင်သာလင်း၊ ဘာသာပြန်သည်။ ■

သတင်းတိုများ

ဂျပန်ကမ်းစောင့်တပ် တရုတ်လေ့တစ်စင်းကို ဖမ်းဆီး

တိုကျို – နှစ်နိုင်ငံအကြား နယ်မြေပြဿနာအငြင်းပွားနေသည့်အချိန်မှာပင် ဂျပန်ကမ်းခြေစောင့်တပ်သည် တရုတ်လေ့တစ်စင်းကို ဂျပန်စီးပွားရေးဇုန်အတွင်း တရားမဝင်ဝါးဖမ်းမှုသံသယဖြင့် မတ်လ ၅ ရက်နေ့တွင် ဖမ်းဆီးလိုက်ကြောင်း ဂျပန်အရာရှိများက ပြောသည်။ လေ့အမှုထမ်း ၁၁ ဦးနှင့်တံငါလေ့ကို အိုကီနာဝါကျွန်းစုရှိ မီယာကို ကျွန်း၏အရှေ့မြောက်ဘက် ၂၇ မိုင် အကွာရှိရေပြင်၌ ဂျပန်ကမ်းစောင့်ကင်းလှည့်လေယာဉ်တစ်စင်းက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အရာရှိများက ပြောသည်။ အမည်မသိရသေးသော ဝါးဖမ်းရေယာဉ်မှူးကို ဂျပန်နိုင်ငံ၏ ခွင့်ပြုချက်မရပဲ သီးသန့်ရေပြင်၌ ဝါးဖမ်းမှုသံသယဖြင့် ဖမ်းဆီး ထိန်းသိမ်းထားကြောင်းသိရသည်။

တောင်ကိုရီးယားစက်ရုံတစ်ခု အဆိပ်ငွေ့ယိုစိမ့်

ဆိုးလ် – တောင်ကိုရီးယားနိုင်ငံရှိ ၈၁ တုပေဒစက်ရုံတစ်ရုံ၌ မတ်လ ၅ ရက်နေ့က အဆိပ်ငွေ့ယိုစိမ့်မှုတစ်ခုဖြစ်ပွားရာ အလုပ်သမား ၁၁ ဦးကို ဆေးရုံတင်ခဲ့ရပြီး စက်ရုံအနီးနေထိုင်သူများကို အတင်းပြောင်းရွှေ့စေခဲ့ရကြောင်း ဒေသခံအရာရှိများက ပြောသည်။ အဆိုပါ အဆိပ်ငွေ့ယိုစိမ့်မှုသည် နိုင်ငံ၏ အရှေ့တောင်ပိုင်း စက်မှုမြို့တော် ဂူမီမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းမြို့၌ပင် လွန်ခဲ့သည့် စက်တင်ဘာလက အခြားသော စက်ရုံတစ်ရုံတွင် ဟိုက်ဒရိုကလိုရစ် အက်စစ်များ ယိုစိမ့်မှုတစ်ခု ဖြစ်ပွားခဲ့သဖြင့် လူ ၃,၀၀၀ ကျော် ဆေးကုသမှုခံခဲ့ရဖူးသည်။ **(အေအက်ဖ်ပီ)**

ဇော်ဝင်း၊ ဘာသာပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အကြမ်းဖက်ဆန္ဒပြမှုကြောင့် လူ ၇၆ ဦးသေဆုံး

စစ်ရာဇဝတ်မှုများကြောင့် အစွန်လမ္ဘစ်ခေါင်းဆောင်များ သေဒဏ်ချမှတ်ခြင်း ခံရမှုအပေါ် ရက်သတ္တပတ်ကြာ အကြမ်းဖက်မှုကြောင့် လူ ၇၆ ဦးသေဆုံးခဲ့ရသည့် မတ်လ ၃ ရက်နေ့ ဖြစ်စဉ်အပြီး၌ နိုင်ငံ၏ဒေသအချို့တွင် ဘင်္ဂလားဒေ့ရှ် တပ်များကို ဖြန့်ကြက်ထားခဲ့သည်။

စုံစမ်းစစ်ဆေးမှုကို ရှုတ်ချကန့်ကွက်ရန် နိုင်ငံအဝန်း ဆန္ဒပြပွဲတစ်ရပ်ကိုပြုလုပ်သွားရန် အကြီးမားဆုံး အစွန်လမ္ဘစ်ပါတီ ဂျာမက်အစွန်လမ္ဘီက ကြေညာခဲ့ရာမှ နောက်ဆုံးအကြမ်းဖက် ဆန္ဒပြမှုတွင် လူ ၂၀ ခန့်သေဆုံးခဲ့ရသည်။

ဘိဂရာမြောက်ပိုင်းခရိုင်တွင် တုတ်များ၊ လက်လုပ်ပုံးများကိုင်ဆောင်ထားသော ဂျာမက်ထောက်ခံသူတစ်သောင်းကျော်သည် ရဲစခန်း ၁၂ ခုကို တိုက်ခိုက်ခဲ့ပြီး ရဲစခန်း လေးခုနှင့် အစိုးရ ရုံးနှစ်ခုကို မီးရှို့ခဲ့သည်ဟု ရဲကပြောသည်။

"သူတို့ဟာ ကျေးရွာတွေကလာကြပြီး အရုဏ်တက်မှာ ရဲစခန်းတွေကို တိုက်ခိုက်ခဲ့တယ်။ ရှာဂျာဟန်ပါမြို့မှာ လူလေးဦး အသတ်ခံရတာအပါအဝင် ဘိဂရာခရိုင်မှာ လူကိုးဦးအသတ်ခံရတယ်"ဟု ရဲအုပ်ရှန်ဆူလ်ဟတ်ရ်က အေအက်ဖ်ပီကို ပြောသည်။

လုံခြုံရေးကို တင်းကျပ်ရန် ရှာဂျာဟန်ပါတွင် စစ်သားများကို တပ်ဖြန့်ထားသည်ဟု ၎င်းက ပြောသည်။ ဗီဒီယိုပြကွက်တွင်လည်း ယင်းဒေသ၌ စစ်သားများကို ပြသခဲ့သည်။ လုံခြုံရေးအရာရှိများက ဆန္ဒပြသူ ၁၂,၀၀၀ ခန့်ကို ပစ်ခတ်ပြီးနောက် ပန်ခ်ျဘီဘီအနောက်မြောက်မြို့တွင် လူခြောက်ဦးသေဆုံးခဲ့သည်ဟု ခရိုင်အကြီးအကဲမိုဟာမက်ယာဆင်က ပြောသည်။

ထိုးကြိတ်အသေခံ ဗုံးကြဲတိုက်ခိုက်ရေးအဖွဲ့ (ISIS) ကဲ့သို့ ဂျီဟတ်အုပ်စုများ ဘင်္ဂလားဒေ့ရှ်တွင် ရှိနေသည်ဟု ယုံကြည်ကြသော်လည်း ထိုအုပ်စုများ၏ ပါဝင်ပတ်သက်မှုကို ဘင်္ဂလားဒေ့ရှ်အစိုးရက ငြင်းပယ်ထားသည်။

ထင်ရှားသော ဂျီဟတ်အုပ်စုများမှာ ဂျမာတူလ်-မိုဂျာဟစ်ဒင် ဘင်္ဂလားဒေ့ရှ် (JMB) နှင့် ဟူဂျီ ကာရင်ဂါ အီစလာမီ အာမီ (HuJI) တို့ဖြစ်သည်။ ဂျမာတူလ်-မိုဂျာဟစ်ဒင် ဘင်္ဂလားဒေ့ရှ်သည် ၂၀၀၅ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်ရှိ ခရိုင်အများစုတွင် ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ဒုတိယဥက္ကဋ္ဌ သေဒဏ်ချခံရမှုနှင့် လေးရက်အတွင်း လူ ၆၀ သေဒဏ်ချခံရမှုအပါအဝင် ဇန်နဝါရီလ ၂၁ ရက်နေ့ကပထမဆုံး အမိန့်ချမှတ်ခဲ့မှုမှစ၍ ၇၆ ဦးအထိ မြင့်တက်ခဲ့သည်။

ဒဲလ်ဝါဟိုစိန်ဆာယီဒီသည် ပါကစ္စတန်ဆန့်ကျင်သည့် ၁၉၇၁ ခုနှစ် လွတ်လပ်ရေးစစ်ပွဲအတွင်း လူသတ်မှု၊ ဘာသာရေးနှိပ်စက်ညှင်းပန်းမှုနှင့် မုဒိမ်းမှုပြစ်မှုကျူးလွန်ကြောင်း ကြာသပတေးနေ့က တွေ့ရသည်။

ပြစ်ဒဏ်ချမှတ်ခြင်းသည် ဆူပူရမ်းကားသည့် ဂျာမက်ထောက်ခံသူများနှင့် ရဲများအကြား နိုင်ငံတစ်ဝန်းပြင်းထန်သည့်တိုက်ပွဲများကို ဖြစ်စေခဲ့သည်။ **(အေအက်ဖ်ပီ)**

သန်းလွင်ဘာသာပြန်သည် ■



ဘင်္ဂလားဒေ့ရှ် အတိုက်အခံပါတီက နိုင်ငံတစ်ဝန်း ဆန္ဒပြရန်တောင်းဆိုထားစဉ် အိမ်ခြေမဲ့ ဘင်္ဂလားဒေ့ရှ်အမျိုးသားတစ်ဦး ဒါကာမြို့ရှိ ကမ်မလာပူရ်ဘူတာရုံ၌ အိပ်ပျော်လျက်ရှိသည်ကို မတ်လ ၅ ရက်နေ့ကတွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ရှုထောင့်

စိအိုင်အေ ညှဉ်းပန်းမှုနှင့် ဟောလိဝုဒ် မှတ်တမ်းရုပ်ရှင်

၉/၁၁ ကို ကြံစည်သူလို့ အစွပ်စွဲခံရသူနှစ်ယောက်ကို ၂၀၀၂ ခုနှစ်က ဖမ်းမိခဲ့တယ်။ သူတို့ကို ထိုင်းနိုင်ငံမြောက်ပိုင်းက အမေရိကန် စစ်စခန်းဟောင်းတွေမှာရှိတဲ့ မည်းမှောင်တဲ့နေရာတွေဆီကို လေယာဉ်နဲ့ ခေါ်ဆောင်သွားခဲ့တယ်။ တစ်နေရာက Udon Thani နဲ့ နောက်တစ်နေရာက Takhli တို့ဖြစ်



အနုတလောဖြန်နေတဲ့ ရုပ်ရှင်ကား ကောင်းတွေထဲမှာ အိုစမာဘင်လာဒင်ကို ၁၀ နှစ်ကြာ ရှာဖွေခဲ့တာ၊ သူ့ကို ရှာဖွေတွေ့ဖို့ သံသယရှိတဲ့လူတွေ ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ Zero Dark Thirty လည်းပါတယ်။

ဒီရုပ်ရှင်ကားကို ကြည့်ပြီးတဲ့အခါမှာ New York Times သတင်းစာ ပင်တိုင် ဆောင်းပါးရှင် ရော်ဂျာကိုဟင်က ဒီလိုရေးခဲ့တယ်။ "ညှဉ်းပန်းနှိပ်စက်တာကိုကြည့်ရတော့ စီအိုင်အေဟာ အလွန်အရုပ်ဆိုးတဲ့ စကားလှလေးတွေကို စွန့်လွှတ်သင့်တယ်။ အကြီးအကျယ် စိတ်ပျက်စရာ ကောင်းလှတယ်"

မှန်ပါတယ်။ အမေရိကန်စီအိုင်အေ အဖွဲ့ရဲ့လူတွေက သံသယရှိတဲ့လူတွေကို ညှဉ်းပန်းနှိပ်စက်နေတာဟာ အမှန်တကယ်တော့ ပြန်လည်ဆန်းစစ်ချက်တွေက ကျွန်တော်တို့ယုံအောင်ပြောပြတာလောက် ကြောက်စရာမကောင်းပါဘူး။

အကြမ်းဖက်သူတွေလို့ စွပ်စွဲခံထားရတဲ့လူတွေကို ထိန်းသိမ်းထားတဲ့ ကျူးဘားမှာရှိတဲ့ အမေရိကန်စခန်း ဂွမ်တာနာမိုမှာ ရက်အနည်းငယ်နေခဲ့တဲ့ ကျွန်တော့်အနေနဲ့ကတော့ ရုပ်ရှင် ပြကွက်တွေဟာ လက်တွေ့ဘဝနဲ့ ခန့်မှန်းလို့ရတယ်။ ပြီးတော့ ဂိုးနိုးလေးနဲ့ လေးလေးနက်နက် တွေးထိသလိုဖြစ်တယ်။ ဒီလို ဘာဖြစ်လို့ဖြစ်တာလဲဆိုရင် စီအိုင်အေ ကန်ထရိုက်တာတွေ လုပ်ငန်းမစခင် ခံစားရတဲ့လှုကျင့်ဝတ်လျော့ရဲတာမျိုးဖြစ်တယ်။

ဘယ်နည်းနဲ့မဆို ကျွန်တော့်ရဲ့ အရှေ့တောင်အာရှအပေါ် သတင်းရေးသားတာကို ဂွမ်တာနာမိုအတွေ့ အကြုံကနေ ပိုင်းကန့်ခွဲခြားတာ ပိုလွယ်လိမ့်မယ်ထင်တယ်။ ဝမ်းနည်းစရာကောင်းတာကတော့ သူတို့ဟာ တစ်ယောက်တည်း ဖြစ်တယ်ဆိုတာက ထင်ရှားတယ်။ ဒါကြောင့်လည်း Zero Dark Thirty ရုပ်ရှင်က တုန်လှုပ်စေခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဂွမ်တာနာမိုမတိုင်ခင် မည်းမှောင်တဲ့နေရာတွေ ရှိခဲ့တယ်။ အဲဒါတွေကလည်း ကျွန်တော်တို့ရဲ့ ပိုင်နက်ထဲမှာပဲဖြစ်တယ်။

၉/၁၁ ကိစ္စကြံစည်သူတွေကို ဖမ်းမိတဲ့အခါမှာ သူတို့နဲ့အတူတူ ပူးပေါင်းကြံစည်သူတွေနဲ့ သူတို့သိတဲ့ ဂျီဟတ်အကြံအစည်တွေကို အသေးစိတ် စိစစ်မေးမြန်းခဲ့တယ်။ သူတို့ကဖြေဆိုဖို့ ငြင်းခဲ့တာကြောင့် အိမ်ဖြူတော်က ညှဉ်းပန်းနှိပ်စက်တာကို အတည်ပြုခဲ့တယ်။ အခြေခံဥပဒေကိုဆန့်ကျင်တာဖြစ်နိုင်တယ်ဆိုပြီး အမေရိကန်နိုင်ငံထဲမလုပ်ရဘူးလို့ ပြဋ္ဌာန်းခဲ့တယ်။

ဒါကြောင့် ကမ်းလွန် ဂွမ်တာနာမိုစခန်းကို ဒီရည်ရွယ်ချက်အတွက် ပြင်ဆင်မှုတွေလုပ်ခဲ့တယ်။ ကြားကာလတွေမှာတော့ မဟာမိတ် အမေရိကန်တွေလုပ်ချင်တာလုပ်၊ သိပ်ဂရုမစိုက်တဲ့ နိုင်ငံတွေမှာ မည်းမှောင်တဲ့နေရာတွေ ထားရှိခဲ့တယ်။



စစ်သွေးကြွများ၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့်ယာဉ်တစ်စီးကို ထိုင်းအရာရှိများစစ်ဆေးနေစဉ်။ အေအက်ဖ်ပီ

ထိုင်းနိုင်ငံဟာ အဲဒီလိုနိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်တယ်။ အဲဒီမှာပဲ Zero Dark Thirty ပုံပြင်က တကယ်စခဲ့တာဖြစ်တယ်။

ဒီပုံပြင်အဖြစ်အပျက်တွေကို အရင်ကလည်းပြောခဲ့တယ်။ ဒီအကြောင်းအရာပဲ လွှန်ခဲ့တဲ့နှစ်က အလွန်ကောင်းတဲ့ ဘီဘီစီရဲ့မှတ်တမ်းဆောင်းပါးကို အကြောက်ကင်းမဲ့တဲ့ ပီတာတေလာဆိုသူက ပြုစုခဲ့ဖူးပါတယ်။

၉/၁၁ ကို ကြံစည်သူလို့ အစွပ်စွဲခံရသူ အဘူဇုဗေဒါဒါနဲ့ သူတပည့် အဗူဒူလ်အယ်လ်နာရှီရီတို့ နှစ်ယောက်ကို ၂၀၀၂ ခုနှစ်က ဖမ်းမိခဲ့တယ်။ သူတို့ကို ထိုင်းနိုင်ငံမြောက်ပိုင်းရှိ အမေရိကန် စစ်စခန်းဟောင်းတွေမှာရှိတဲ့ မည်းမှောင်တဲ့နေရာတွေဆီကို လေယာဉ်နဲ့ သယ်ဆောင်ခေါ်သွားခဲ့တယ်။ တစ်နေရာက Udon Thani နဲ့ နောက်တစ်နေရာက Takhli တို့ဖြစ်တယ်။

အဝတ်နတ္ထိ၊ လက်ထိတ်ခတ်ပြီး အိပ်စက်ခွင့်မရတဲ့ ဇူဘေဒါကို ရိုက်နှက်စစ်ဆေးတာကို ဘာမှမထူးခြားတဲ့အခါ Zero Dark Thirty ရုပ်ရှင်ထဲမှာ မြင်ရတဲ့လေးထောင့် သေတ္တာထဲထည့်ပြီး မှောင်ပြီး ရေခဲနေအောင်အေးတဲ့အခန်းထဲမှာ သီချင်းကို နားပင်းလောက်အောင် အကျယ်ကြီး ဖွင့်ထားလိုက်တယ်။

၉/၁၁ အတွက် သံသယရှိသူတွေကို ထိုင်းနိုင်ငံထဲမှာ နှိပ်စက်ညှဉ်းပန်းတာကို ထိုင်းနိုင်ငံသားတွေကိုတော့ ပေးမသိဘူးပေါ့။ အခုတော့ ထိုင်းနိုင်ငံတောင်ပိုင်းမှာရှိတဲ့ မွတ်စလင်တွေ၊ အင်ဒိုနီးရှား၊ မလေးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာ ရှိကြတဲ့ မွတ်စလင်တွေ သိကုန်ကြပြီ။

ဒီလို တိတ်တိတ်ပုန်းလုပ်ငန်းတွေ ဒီဒေသမှ ဆက်လက်ရှိနေတာကိုလူတွေ ကကြောက်ရွံ့ကြတယ်။ ဒီတော့ မောင်းသူမဲ့လေယာဉ် (ဒရုန်း)တွေကိစ္စပေါ်လာတယ်။

အမေရိကန် ဒရုန်းလေယာဉ်တွေကို ကင်းထောက်လုပ်ငန်းလုပ်နိုင်ဖို့ ဖိလစ်ပိုင် လေကြောင်းပိုင်နက်အပေါ် ပျံသန်းဖို့ ခွင့်ပြုထားတယ်လို့ ဖိလစ်ပိုင်သမ္မတ ဘင်နစ်နိုအကွိနိုက မကြာသေးခင်က အတည်ပြုပြောကြားခဲ့တယ်။ အခြားအရှေ့တောင်အာရှ နိုင်ငံတွေက ခေါင်းဆောင်တွေကလည်း ဒီလိုခွင့်ပြုချက်မျိုးပေးထားတယ်။

ပြီးခဲ့တဲ့လက ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း မတ်စ်ဘိတ်ဒေသ ကမ်းလွန်ရေထဲမှာ အမေရိကန် ဒရုန်းတစ်စင်းကို ပြန်လည်ရရှိခဲ့တယ်။ ဒီဒရုန်းဟာ တောင်တရုတ်ပင်လယ်ကို လေ့လာဆန်းစစ်ခဲ့တာဖြစ်တယ်။ ဖေဖော်ဝါရီလ ၁၂ ရက်က ပြည်သူ့ တိုင်းပြည်ရဲ့ အခြေအနေ မိန့်ခွန်းပြောခဲ့တုန်းက သမ္မတအိုဘားမားက ဒီလိုပြောခဲ့တယ်။ "အမေရိကန်ပြည်သူတွေကို အကြီးအကျယ် ခြိမ်းခြောက်မှုပြုနိုင်တဲ့ အကြမ်းဖက်သမားတွေကို ကျွန်တော်တို့ဟာ ဆက်လက်ပြီး တိုက်ရိုက်အရေးယူမှုတွေလုပ်မယ်"

'တိုက်ရိုက်အရေးယူခြင်း' ဆိုတာကတော့ စကားလှလှလေးတစ်ခုဖြစ်ပြီး ဒရုန်းတွေကိုပါ သုံးမယ်ဆိုတဲ့သဘောပဲ။

ဒီတော့ ဒီဒေသမှာရှိတဲ့ နှိပ်စက်ညှဉ်းပန်းဖို့အတွက် မည်းမှောင်တဲ့နေရာတွေရှိသလို အမေရိကန် ဒရုန်းတစ်စင်းက ဘာစီလန်၊ သို့မဟုတ် ပါတာနီ၊ သို့မဟုတ် ရခိုင်ပြည်နယ်တွေမှာ အကြမ်းဖက်သမားလို့ သံသယရှိသူတွေကို ပစ်ခတ်တိုက်ခိုက် သတ်ဖြတ်တာကြားရင် မတုန်လှုပ်ကြနဲ့ပေါ့ဗျာ။

(ယခုဆောင်းပါးမှာ ဆောင်းပါးရှင် ရော်ဂျာ မစ်တန်၏ အာဘော်သာဖြစ်ပါသည်။)

(MTE) သောင်းညွန့်, ဘာသာပြန်သည်။ ■

ဆင်ဆာကို တိုက်ဖျက်ရန် တရုတ်ဒါရိုက်တာ တိုက်တွန်း

ပါရီ – တရုတ်နိုင်ငံမှ ရုပ်ရှင်ရိုက်ကူးသူများသည် ၎င်းတို့ကိုယ်ပိုင်ထုတ်လုပ်ထားသည့် လုပ်ငန်းမှ ၎င်းတို့၏နာမည်ကို ဖျက်ထားသည်ဖြစ်စေကာမူ ဆင်ဆာဖြတ်တောက်မှုကို ရင်ဆိုင်တွန်းလှန်ရမည်ဟု တစ်ကြိမ်တားမြစ်ခံရဖူးသည့် တရုတ်ဒါရိုက်တာတစ်ဦးဖြစ်သူ လိုယဲ့က ယခုလတွင်ကျင်းပမည့် အာရှရုပ်ရှင်ဆုပေးပွဲမတိုင်မီ အေအက်ဖ်ပီကို ပြောကြားသည်။

ယခုနှစ်ဆုပေးပွဲတွင် ခရီးမြှင့်မည့် အမျိုးအစားခြောက်မျိုးတွင် ၎င်း၏ Mystery ဆိုသည့် လျှို့ဝှက်သည်းဖို ဇာတ်ကားရွေးချယ်ခြင်း ခံထားရသည်။

"ဒီရုပ်ရှင်က လူနည်းစုတစ်စုရဲ့အကြောင်းကိုရိုက်ကူးထားတာပါ။ အမျိုးသမီးနှစ်ယောက်ကြားမှာ ဘဝနှစ်မျိုးကို သရုပ်ဖော်ရတဲ့ သရုပ်ဆောင်က ဇာတ်လမ်းကိုဆွဲခေါ်သွားတယ်။ ဒီဇာတ်လမ်းလေးကနေ ပိုကျယ်ပြောတဲ့ အသိုင်းအဝိုင်းထဲမှာ ဖြစ်ပျက်နေတာတွေကို ပြောပြခွင့်ရတယ်" ဟု ယင်း ဒါရိုက်တာကပြောကြားခဲ့သည်။ ၎င်း၏ ရုပ်ရှင်ကို ဖေဖော်ဝါရီလတွင်ပြုလုပ်သည့် ပါရီမြို့မှ Forum des Images တွင် တရုတ်နိုင်ငံမှ အစီအစဉ်တစ်ခုအဖြစ် ပြသခဲ့သည်။

လိုယဲ့သည် အပိတ်ခံရသည့် နှစ်ကုန်ဆုံးသွားပြီးနောက် ဇာတ်ကားများကို ဆက်တိုက်ရိုက်ကူးခဲ့ပြီး ယခုအချိန် တွင် တရုတ်နိုင်ငံ၌ ရုပ်ရှင်ရိုက်ခွင့်ရနေသော်လည်း ၎င်းသည် ဆင်ဆာများကြောင့် စိတ်မပါသော ဂရုစိုက် လုပ်ဆောင်ရမှုများရှိနေဆဲဟုဆိုသည်။

"ဒါရိုက်တာတွေအားလုံးမှာရှိနေတဲ့ စိုးရိမ်စိတ်က ဒီဆင်ဆာကိစ္စပါပဲ။ ဒါဟာ တရုတ်မှာ တကယ်ဖြစ်ပျက်နေတဲ့ အရာပါ" ဟု လိုယဲ့ကဆိုသည်။

လိုယဲ့က ဆင်ဆာချုပ်ကိုင်မှု အဆုံးသတ်သွားရန် ရုပ်ရှင်ရိုက်ကူးသူများ အားလုံးကို တိုက်တွန်းထားပြီး "ယခုချိန်ထိ တရုတ်နိုင်ငံမှာ ဆင်ဆာဖြတ်တောက်မှုတွေ ရှိနေတဲ့ကိစ္စကို ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ ဒါရိုက်တာအားလုံးမှာတာဝန်ရှိပါတယ်" ဟု ဆိုကာ "ယခင်အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားစေချင်ကြောင်း" ပြောဆိုခဲ့သည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■



ကြမ္မာငင်တဲ့ ဆင်

၂၀၁၃ ခုနှစ်၊ မတ်လ ၅ ရက်နေ့က အလီဂူဒွါမြို့ မှ ၁၂ ကီလိုမီတာအကွာရှိ ဘူဆာကျားထိန်းသိမ်းရေးစခန်း၌ မီးရထားတစ်စင်းက ဆင်တစ်ကောင်ကို တိုက်မိအပြီး အိန္ဒိယသစ်တောဝန်ထမ်းတစ်ဦး ဆင်သေအနီးမှဖြတ်လျှောက်သည်ကို တွေ့ရစဉ်။ အရွယ်ရောက်ပြီးဖြစ်သော အဆိုပါဆင်ကို ဂူဝါဟတီမြို့သို့ ဦးတည်နှုတ်မောင်းလာသော အမြန်ရထားက ကျားထိန်းသိမ်းရေးစခန်းအတွင်း တိုက်မိခြင်းဖြစ်သည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

စတိုင်ကျကျ အိမ်အလှပြုင်ပွဲ

ADVERTORIAL

သောမတ်စ် (NatRay Design Studio Creative Director)

ခုအချိန်ဟာ သင့်အိမ်ကို အလှဆင်ဖို့ အချိန်ကောင်းပါ။ ဒါပေမဲ့ အသစ်ပြုပြင်ဆောက်လုပ်တဲ့ ကန်ထရိုက်တာကို ခေါ်သင့်သလား။ ဒါမှမဟုတ် အိမ်တွင်းအလှဆင်ပုံစံထုတ်သူကို ခေါ်သင့်သလား။ သင့်အိမ်ကို သင်အသစ်ပြုပြင်တော့မယ်ဆိုရင် ပထမဦးဆုံး သင် စဉ်းစားမိတာက ကန်ထရိုက်တာကို ခေါ်ဖို့ပဲ။ အိမ်တွင်း အလှဆင်ပုံစံထုတ်သူကို ငှားဖို့ ဘာဖြစ်လို့ အပိုကုန်သင့်သလဲ။ သင်လိုချင်တာအားလုံးကို ကိုင်တွယ်ဖြေရှင်း ပေးနိုင်လောက်အောင် ကန်ထရိုက်တာက တော်ပါသလား။ မှန်ပါတယ်။ အသစ်ပြုပြင်ဆောက်လုပ်တဲ့ ကန်ထရိုက်တာက အိမ်တွင်း အလှဆင် ပုံစံထုတ်သူအနေနဲ့လည်း လုပ်နိုင်တယ်ဆိုတာဟာ သင့်ကားပြင်ဆရာကို သင့်သွားဆရာဝန်အဖြစ် လုပ်နိုင်တယ်ဆိုတာမျိုးဖြစ်နေတယ်လို့ NatRay Design Studio Creative ဒါရိုက်တာ မစ္စတာ သောမတ်စ်က ပြောပါတယ်။ အိမ်တွင်းအလှဆင်ပုံစံထုတ်သူတွေနဲ့ကန်ထရိုက်တာတွေဟာ တူပုံပေါက်ပေမယ့် မတူကြပါ။ အိမ်တွင်းအလှဆင်ပုံစံထုတ်သူတွေဟာ ခေတ်ရေစီးကြောင်းအတိုင်း ခေတ်မီကြပြီး သင့်အားတန်ဖိုးအကြီးဆုံးဖြစ်နိုင်တဲ့ တိုလီမိုလီကို ဝယ်ခိုင်းဖို့ သူတို့မှာ စိတ်ကူးမရှိဘူး။ သူတို့ဟာ ကန်ထရိုက်တာတွေနဲ့မတူဘဲ သင်ဝယ်တဲ့ပစ္စည်းမှ သူတို့ဖြတ်ထုတ်ယူခြင်းမရှိသောကြောင့် ဖြစ်တယ်။ သူတို့မှာ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှိတာကြောင့် သင့်အိမ်ဟာ အမှိုက်ပုံနဲ့တူနေရင် အိမ်တွင်းအလှဆင်ပုံစံထုတ်သူတွေ အမှန်တကယ်နစ်နာဆုံးရှုံးတယ်"လို့ မစ္စတာ သောမတ်စ်က ပြောတယ်။ ကန်ထရိုက်တာတွေဟာ အကောင်အထည်ဖော်ပြီး လက်တွေ့လုပ်တဲ့ သူတွေဖြစ်တယ်။ သူတို့ဟာ အုတ်ကြွပ်ပြားကပ်ပြီး နံရံတွေကို ဖောက်ထွင်းတဲ့ သူတွေဖြစ်တယ်။ ဒါကြောင့် သင့်ရဲ့ အသစ်ပြုပြင်ဆောက်လုပ်ခြင်းကို နှစ်ပိုင်းခွဲလုပ်သင့်တယ်။ ကျွမ်းကျင်သူတွေဟာ သူတို့နဲ့ဆိုင်တဲ့နယ်ပယ်မှာပဲ လုပ်ပါစေ။ အိမ်တွင်းအလှဆင်သူက အလှဆင်တဲ့ လုပ်ငန်းနဲ့ထိပ်တန်း ကန်ထရိုက်တာက လက်တွေ့လုပ်ငန်းကို လုပ်ခွင့်ပေးပါ။ NatRay Design Studio က ဝန်ဆောင်မှုနှစ်မျိုးစလုံးကို ဆောင်ရွက်ပေးတယ်။ အိမ်ဒီဇိုင်းတိုင်းနဲ့ စစ်ဆေးမှုအတွက် အမှားအယွင်းမရှိအောင် ကိုယ်တိုင်အသေးစိတ်ရေးဆွဲပေးကြောင်း မစ္စတာသောမတ်စ် က ပြောပါတယ်။ ရေးဆွဲပြီးလျှင် အိမ်ကန်ထရိုက်တာကို လွှဲပြောင်းပေးပါတယ်။ ပေါင်းစည်းတင်ပြရရင် အလှဆင်သူက လက်ရာတစ်ခုကို ပြောင်မြောက်အောင် ဖန်တီးပြီး ကန်ထရိုက်တာက အဲဒီလက်ရာအတိုင်း တည်ဆောက်တယ်။ ထုတ်လုပ်မှု မတိုင်မီမှာ ပထမဦးဆုံးဖန်တီးမှု ရှိရမယ်။ အိမ်တွင်းအလှဆင်သူ တစ်ဦးဆီမှာ နည်းပညာကျကျ ရေးဆွဲထားတဲ့ ပုံစံတွေမရှိဘဲ ကန်ထရိုက်တာတစ်ဦးက ဘာကိုမှ မဆောက်လုပ်နိုင်။ ဒါဟာကွာခြားချက်ဖြစ်တယ်လို့ ဆိုပါတယ်။ **ညွှန့်ညွှန့်ဝင်း** ■

မိသားစုတစ်စုအတွက် ကာယ၊ စိတ္တာပြည့်စုံပြီး သာယာမှုရှိတဲ့ နေရာကို Home လို့ ခေါ်ပါတယ်

ထားထားဝင်

ဒီတစ်ပတ်မှာတော့ လုံးချင်းအိမ်တွေကို ဖန်တီးပေးနေတဲ့ Real Home Construction က ပိုင်ရှင်ဦးချစ်ကိုကိုနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

* **Real Home Construction အနေနဲ့ Myanmar Times က ကျင်းပတဲ့ ပြိုင်ပွဲအပေါ် ဘယ်လိုမြင်ပါသလဲ။**

ပြိုင်ပွဲဆိုတာ ပြိုင်ရင်တော့ ကောင်းတဲ့ဘက်ကို ဦးတည်တာပဲလေ၊ ဘာပဲပြောပြော competition တွေ အပြိုင်အဆိုင်တွေရှိလာမယ်၊ တစ်ယောက်နဲ့ တစ်ယောက် ပညာတွေဖလှယ်ပြီး ရရှိကြမယ်၊ သူကတော့ ဒီနေရာမှာ ဒီလို လုပ်တယ်၊ ကိုယ်ကတော့ဒီလိုပေါ့ စတာတွေကို ချင့်ချိန်ပြီးတော့မှ professional လုပ်တဲ့သူရော၊ ဒါမှမဟုတ် ကိုယ့်အိမ်လေးကိုကြိုက်နှစ်သက်လို့ ပြင်ဆင်တဲ့သူကိုရော ဒီအတွေးအမြင်တွေအသိတယ်၊ အဓိက Home လို့ ခေါ်နိုင်တဲ့ အနေအထားကတော့ နံပါတ်(၁) ကိုယ်နေထိုင်ရာနေရာ ဖြစ်ရမယ်၊ ပြီးရင်တော့ အဲဒီကိုယ်နေထိုင်တဲ့ အိမ်က လူတစ်ယောက်၊ မိသားစုတစ်စုအတွက် ကာယ၊ စိတ္တာ (physically & mentally)အဲဒါ နှစ်ခု ပြည့်စုံပြီးတော့ သာယာမှုရှိတဲ့နေရာလေးကို Home လို့ ခေါ်တာ။

* **အခုဝင်ရောက်ယှဉ်ပြိုင်မယ့် အိမ်က ရော ဘယ်မှာရှိတာပါလဲ။**

အမှတ် ၂၀၅-၂၀၆ အောင်စေတီလမ်း၊ ဆယ်မိုင်ကုန်းမှာရှိတာပါ။ အိမ်ကမြေအကျယ် ပေ ၉၀ × ပေ ၁၀၀ မှာ ဆောက်ထားတာပါ။ Living area ကတော့ စတုရန်းပေ ၈,၇၀၀ရှိပါတယ်။ Basement တစ်ထပ်၊ အပေါ်ကို နှစ်ထပ်ခွဲပါ။ စုစုပေါင်း သုံးထပ်ခွဲ အဆောက်အအုံပေါ့။

* **ပြိုင်ပွဲမှာ ဆုရရှိဖို့အထိ မျှော်မှန်းထားပါသလား။**

ကျွန်တော့်ခံယူချက်က လူတွေကို ကူညီချင်တယ်၊ လူတွေ ဂရုမစိုက်၊ ဂရုမပြုမိ၊ မလေ့လာမိတဲ့ ဟာတွေထဲက ကျွန်တော် သတိထားမိတဲ့ ဟာတွေကို လူတွေကိုသိစေချင်တယ်။ ဆုတွေ ဘာတွေ မမျှော်မှန်းပါဘူး။ ကိုယ်ပြောတဲ့ စကားလေး၊ ကိုယ့်တင်ပြချက်လေး လူတွေသိသွားပြီဆိုရင် ဒါဟာ ကျွန်တော် လိုချင်တဲ့ ကုသိုလ်ပါပဲ။ ■

စတိုင်ကျကျ အိမ်အလှပြုင်ပွဲ

ယခုပဲ ပါဝင်ယှဉ်ပြိုင်လိုက်ပါ

အလှပဆုံးသောအိမ်

အထူးဆုကြီး

GRAND PRIZE - LORENZO SOFA SET

LORENZO
LIVING STARTS HERE...

ပြိုင်ပွဲဝင်များအတွက် သတ်မှတ်ချက်များ
(၁) မြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပေါင်းရမည့် အတိုဝုံအရေအတွက် - ၄ ဝုံ
(ဧည့်ခန်း + ပင်မအိပ်ခန်း + ထမင်းစားခန်း + အိမ်တော်အိပ်ခန်းများကြည့်ရှုခွင့်ဆောက်ဝုံ)
(၃) တင်ပြရမည့်ဓာတ်ပုံအရွယ် - ၁၀" x ၁၅"

** ဝင်ရောက်ယှဉ်ပြိုင်မှုသော ပြိုင်ပွဲဝင်အားလုံးအား ကျော်ငှာ ၂၀၁၀ ခုနှစ် Castella လက်ဆောင် ဆွဲသောက်ရှားပေးမည်။ ***

(၇ကြိမ်မြောက်)
HONORABLE MENTIONS - 2 PRIZES
DUNLOPILLO KING SIZE MATTRESS
OSIM UPHORIA FOOT MASSAGER

Dunlopillo
OSIM

ပြိုင်ပွဲရက်
ပေါင်းရန်နေ့ရက်ဆုံးရက် - ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်
ဆုံးဖြတ်ပွဲကျင်းပမည့်ရက် - ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်

အကောင်းဆုံး INTERIOR DESIGN

အထူးဆုကြီး

PACKAGE TOUR TO BANGKOK
FOR 2 PERSONS (4 NIGHTS /5 DAYS)

ပြိုင်ပွဲဝင်များအတွက် သတ်မှတ်ချက်များ
၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ Interior Design သင်တန်းများ တက်ရောက်ဖြေဆိုခဲ့ကာ သက်ဆိုင်ရာလက်မှတ်ရရှိထားရမည်။
၃။ Association of Myanmar Interior Designs သို့မဟုတ် မိမိတက်ရောက်ခဲ့သော သင်တန်းကြေးမှတ်ပုံတင်ထားသော
အသင်းအဖွဲ့တစ်ခုခုတွင် အသင်းဝင်အဖြစ် ဝင်ရောက်ထားရှိရမည်။

တင်ပြရမည့် ဒီဇိုင်း
၁။ မြန်မာနိုင်ငံအတွင်း မည်သည့်နေရာတွင်ဖြစ်စေ တည်ဆောက်ပြီးစီးသော Interior Design လက်ရာတို့ကို ရွေးချယ်ရမည်။
၂။ Design အချို့အား ကြိုတင်ရေးဆွဲထားခြင်း မပြုရပါ။ (၁၀" x ၁၅" တစ်ပုံတည်းသာ)
ဥပမာ - ဂျုံနေရောင်၊ အလှဆင်ပြီးနောက် ပြီးသော်၊ စသောအတိုင်းသော်လည်းကောင်း တည်ဆောက်ပြီး Interior Design ကိုဖြစ်စေရမည်။
၃။ တင်ပြသောဒီဇိုင်း Design ၏ ပြီးပြည့်စုံမှုနှင့် ပေးသည့်အလင်္ကာ ပြိုင်ပွဲဝင်ကိုယ်တိုင်ဖြစ်သော 3D Rendering (သို့မဟုတ်) ပြီးမြောက်ပြီးသည့်ပုံ) ပြီးမှသာ ရွေးချယ်ခံစားခွင့်ရှိသော
Orthographic Plan Elevation Section များကိုလည်း ပုံတွဲတင်ပြရမည်ဖြစ်ပြီး (၁၀" x ၁၅" အတိုင်းတာဖြင့်)
၄။ အထက်ပါ ၁၀" x ၁၅" ခွံမှုံ (၂ပုံ) နှင့်အတူ Design ဖြစ်ပေါ်ထင်ရှားခဲ့ပုံ Design ယဉ်ပုံများ (Concept) ကိုလည်း A4 တစ်ရွက်စာအတိုင်းရေးသားတင်ပြရမည်။
ဓာတ်ပုံများ ၁၀" x ၁၅" အတိုင်းရရှိသည့် Design ဖိုင်တွဲသည် Design Company ဖြစ်သည့် Logo ပေးသည့်အတိုင်းသာမျှ (၄ဖွဲ့) ပေးပို့ရမည်။

ဆုကြီးများ ရယူနိုင်ပါ

ပြိုင်ပွဲစီမံ
ပေးပို့ရန်နေ့ရက်ဆုံးရက် - ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်
ဆုံးဖြတ်ပွဲကျင်းပမည့်ရက် - ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်
Sponsor - Natlay Co.,Ltd & Casabella Home Furnishing Center
Organizer - The Myanmar Times
Supported by - Association of Myanmar Interior Design (AMID) & Natlay Design Studio (NDS)

(၇ကြိမ်မြောက်)
HONORABLE MENTIONS - 2 PRIZES
massimo
- **MASSIMO RECLINER CHAIR**
eko
Office Solution
- **OFFICE CHAIR**

"အကောင်းဆုံးသောအိမ်" ပြိုင်ပွဲအတွက် အကဲဖြတ်ဆုံးဖြတ်မည့်ပုဂ္ဂိုလ်များ
(၁) နိုင်ငံတော်
Association of Myanmar Interior Design
(၂) ဒေါ်စော်ဝတာ
(NatRay Co.,Ltd)
(၃) မဟာဇေယျစံပယ်ဝင်း
(Myanmar Consolidated Media Limited)
(၄) မဟာဘုဝနသိန်းဝင်း
(NatRay Design Studio)မှ Interior Designer

ဆက်သွယ်ရန် Interior Design အတွက် ဆက်သွယ်ရန်လိပ်စာများ
(၁) ဒေါ်စော်ဝတာ (NatRay Co.,Ltd)
(၂) မဟာဇေယျစံပယ်ဝင်း (Myanmar Consolidated Media Limited)
(၃) ဒေါ်မြင့်မြင့် (Former Principal ZK School of Design)
(၄) ဦးဝင်းမြင့် (Architect)
(၅) ဦးဇော်မိုး (Senior Interior Designer)
(၆) မဟာဘုဝနသိန်း (NatRay Design Studio)မှ Interior Designer
ဖုန်းနံပါတ်
၁။ ပြိုင်ပွဲဝင်များ ဆက်သွယ်ရန် ဖုန်းနံပါတ်များ (Interior Design များတွင် ဆက်သွယ်ရန်ဖုန်းနံပါတ်များ ပါရှိစေရန်)
၂။ AMID အသင်းဝင် အတော်အများ ဖုန်းနံပါတ်များ ပြောင်းလဲသွားခြင်းကြောင့်
09 5090 575 | 09 5109 253 | 09 7359 3676 Email: interior.amid@gmail.com

---

အမည် ..... အမျိုးအမှတ်(နိုင်ငံသား/တိုင်းရင်းသား) ..... ဘဝင်ထောက်(ဖြူ/မည်း) ..... အသက် ..... ကျား/မ .....
အလုပ်အကိုင် ..... ဖုန်းနံပါတ် .....
အကဲဖြတ်ပေးမည့်ပုံစံ (ပုံစံနံပါတ်) ..... ဖုန်းပေးရန် ..... ဖြတ်ပုံ ..... ဖြတ်ပုံနေ့ ..... လက်မှတ် .....

Main Sponsors
MYANMAR TIMES | NatRay Design Studio | Castella
LORENZO | Dunlopillo
Co- Sponsors
NOW! | OSIM

‘ကန်’ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကို အာရှအရေးတွင် ပါဝင်စွက်ဖက်လိုဟန်မပြ၍ တရုတ်နိုင်ငံက အားရကျေနပ်

ကလင်တန်ရဲ့ မာထန်တဲ့သံတမန်နည်းလမ်းနဲ့ယှဉ်ရင် အစွန်းမရောက်တဲ့ ကယ်ရီက နှစ်နိုင်ငံဆွေးနွေးပွဲတွေကို ပိုပြီးအလေးထားဆောင်ရွက်မယ်လို့ မျှော်လင့်



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီနှင့် အီဂျစ်သမ္မတမိုဟာမက်မော်စီတို့ကို မတ်လ ၃ ရက်က ကိုင်ရိုမြို့ရှိသမ္မတနန်းတော်၌တွေ့ရစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ ဂျွန်ကယ်ရီကို နိုင်ငံခြားရေးဝန်ကြီးမဖြစ်မီနှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည့်အစောပိုင်းကာလများတွင် သေချာပေါက်ထင်မြင်ယူဆကြသည်မှာ ၎င်းသည် အရှေ့အလယ်ပိုင်း အရေးကိစ္စများဖြစ်သည့် အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပြန်စရေး၊ အီရန်နိုင်ငံနှင့် နျူကလီးယားအရေးညှိနှိုင်းမှုများနှင့် ဆီးရီးယားပြည်တွင်းစစ်စသည့်အရေး ကိစ္စများအပေါ် အာရုံစိုက်လုပ်ဆောင် လိမ့်မည်ဟူ၍ဖြစ်သည်။ ၎င်းမှာ ယခုအချိန်ကာလအထိမူသမ္မတအိုဘားမားအစိုးရ၏ အာရှဌာနမှ ဩဇာလွှမ်းမိုးရေးမူဝါဒအပေါ် စိတ်အားထက်သန်သည်ပုံ မတွေ့ရပေ။

ထိုသို့ ဂျွန်ကယ်ရီက အရှေ့အလယ်ပိုင်းဒေသအပေါ် အာရုံစိုက်သည်ကို အမေရိကန်နိုင်ငံခြားရေးမူဝါဒ လေ့လာဆန်းစစ်သူများကဲ့သို့ တရုတ်နိုင်ငံကလည်း ထိုကိစ္စကို အာရုံစိုက်နေပုံရသည်။ ထို့ပြင် တရုတ်နိုင်ငံပိုင်သတင်းဌာနများ၏ ပြောကြားချက်အရ အရှေ့အလယ်ပိုင်းဒေသအပေါ် ဂျွန်ကယ်ရီအာရုံစိုက်သည်ကိုတရုတ်နိုင်ငံက အလွန်ကျေနပ်အားရသည်ကို တွေ့ရသည်။

အရှေ့အလယ်ပိုင်းဒေသမှ အာရှဒေသ (အထူးသဖြင့် တရုတ်နိုင်ငံ) သို့ ပြောင်းလဲအာရုံစိုက်လာသည့် အမေရိကန် နိုင်ငံခြားရေးမူဝါဒအရ တစ်စထက်တစ်စ ပိုပိုပြီးအရေးပါသည့် နေရာကို ရောက်လာနေသော ကမ္ဘာ့အစိတ်အပိုင်းတစ်ခုဖြစ်သည့် ပစိဖိတ်ဒေသတွင် ဩဇာကျယ်ကျယ်ပြန့်ပြန့်လွှမ်းမိုး နိုင်စေရန် အမေရိကန်ပြည်ထောင်စုက လုပ်ဆောင်နေသည်မှာသေချာသည်။

ဂျွန်ကယ်ရီ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာခြင်းကို တရုတ်နိုင်ငံက ကျေနပ်အားရပုံပေါ်သည်ဟု နိုင်ငံခြားဆက်ဆံရေးကောင်စီမှ တရုတ်အရေးစောင့်ကြည့်သူ တစ်ဦးဖြစ်သည့် အဲလီဇာဘက် အီကိုနိုမီက ပြောသည်။

တရုတ်နိုင်ငံ၏ အဓိကကျသော နိုင်ငံပိုင်သတင်းစာများဖြစ်သည့် Global Times၊ People's Daily နှင့် ရှင်ဟွာတို့က အမေရိကန်နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်ပြီး ဂျွန်ကယ်ရီ၏ ရည်ညွှန်းပြောဆိုချက်များကို အထူးအလေးပေးဖော်ပြခဲ့ကြသည်။

“ကလင်တန်ရဲ့ မာထန်တဲ့သံတမန်နည်းလမ်းနဲ့ယှဉ်ရင် အစွန်းမရောက်တဲ့ ဒီမိုကရက် ပါတီဝင်တစ်ယောက်ဖြစ်တဲ့ ကယ်ရီက နှစ်နိုင်ငံ၊ ဒါမှမဟုတ် နိုင်ငံပေါင်းစုံဆွေးနွေးပွဲတွေကို ပိုပြီးအလေးထားဆောင်ရွက်မယ်လို့မျှော်လင့်ရပါတယ်” ဟု တရုတ်နိုင်ငံတကာလေ့လာရေးသိပ္ပံမှ ရွှမ်ကျုံးကျဲက ပြောသည်။

တရုတ်လူမှုသိပ္ပံ တက္ကသိုလ်မှနိဖန်းကလည်း “ကယ်ရီရဲ့ သံတမန်ဆောင်ရွက်မှုတွေက အိုဘားမားအစိုးရရဲ့ အယူအဆသဘောထားတွေကို ထူးထူးခြားခြား အကောင်အထည်ဖော်ပေးနိုင်မှာဖြစ်ပါတယ်” ဟုပြောသည်။ ဂျွန်ကယ်ရီက နိုင်ငံခြားဆက်ဆံရေးတွင် ထိပ်တိုက်ရင်ဆိုင်သောနည်းထက် ညှိနှိုင်းဆောင်ရွက်သောနည်းကို ပို အလေးပေးကြောင်း People's Daily သတင်း စာတွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ၏ ‘အာရှဌာနဩဇာလွှမ်းမိုးရေး’မူဝါဒက ယင်းဒေရှိ တရုတ်နိုင်ငံ၏အင်အားကြီးထွားလာမှုကို ထိန်းချုပ်ဟန့်တားမည့်ကြိုးစားမှုတစ်ရပ်အဖြစ် တရုတ်နိုင်ငံကမြင်သည့်အတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ အမေရိကန်နိုင်ငံက တရုတ်နိုင်ငံအစွန်အဖျားဒေသတွင် မဟာမိတ် ကွန်ရက်တစ်ခုကိုတည်ထောင်ချင်ပြီး ယင်းဒေသတွင် ယခင်ကတည်းက စစ်အခြေစိုက်စခန်းများထားရှိထားပြီးဖြစ်ကာ ယခုအခါ ဂျပန်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နိုင်ငံတို့တွင် စစ်အခြေစိုက်စခန်းများရှိနေပြီဖြစ်ပြီး မကြာမီ ဩစတြေးလျတွင်လည်း စစ်အခြေစိုက်စခန်းထားရှိမည်ဖြစ်သည်။

နှစ်နိုင်ငံအကျိုးစီးပွားအရ အထူးသဖြင့် ငွေကြေးကိစ္စများကြောင့် အမေရိကန်နိုင်ငံနှင့်တရုတ်နိုင်ငံတို့မှာ နှစ်နိုင်ငံဆက်ဆံရေးကို ပျက်ပြားမသွားအောင် ထိန်းသိမ်းရမည်ဖြစ်သည်။

ထိုသို့အရေးပါလှသည့် အမေရိကန်-တရုတ် နှစ်နိုင်ငံဆက်ဆံရေးကိုလည်း မထိခိုက်ရအောင်၊ တရုတ်နိုင်ငံကိုလည်း အကြီးအကျယ် စိုးရိမ်ပူပန်မှုမဖြစ်စေဘဲ အာရှဒေသကို ဝင်ရောက်နိုင်ရေးအတွက် ဂျွန်ကယ်ရီက လိမ္မာပါးနပ်စွာ လုပ်ဆောင်နေခြင်းဖြစ်သည်။

ကယ်ရီကျင့်သုံးနေသည့် ယင်းမူဝါဒ၏ ရည်ရွယ်ချက်မှာ တရုတ်နိုင်ငံနှင့် ဆက်ဆံရေး တိုးတက်ရန်အတွက် ဆိုလျှင် ထိုအစီအစဉ်မှာ အောင်မြင်ပြီးဖြစ်သည်ဟုယူဆရသည်။ ထိုသို့မဟုတ်ဘဲ အကယ်၍ ကယ်ရီသာအရှေ့အလယ်ပိုင်းဒေသကို ပိုပြီးအာရုံစိုက်ခဲ့မည်ဆိုလျှင် တရုတ်နိုင်ငံအတွက် ဝမ်းသာစရာပင် ဖြစ်သည်။

(ဝါရှင်တန်ပို့စ်)

ဝင်းသော်တာ ဘာသာပြန်သည်။ ■

ပြစ်ဒဏ်များချမှတ်နေသည့်တိုင် ပါကစ္စတန်၌ ငရဲမီးပက်တိုက်ခိုက်မှု မြင့်မား

အစွလမ်မာဘတ်– ပါကစ္စတန် တရားရုံးများအပေါ် ယုံကြည်မှုရှိသူဟူသည် ရှာမှ ရှားမည်ဖြစ်သော်ငြားလည်း အဆိုပါ အကြမ်းဖက်မှုများအား ဆန္ဒပြတိုက်ပွဲဝင်သူများကမူ ငရဲမီးပက်၍ တိုက်ခိုက်မှုများအတွက် တရားစွဲဆိုမှုနှုန်းမှာ ၂၀၁၁ ခုနှစ်ပိုင်းတွင် ယင်းအမှုများအတွက် ပြင်းထန်သော စီရင်ချက်သစ်များအား ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်ပြီးသည့်နောက်တွင် သုံးဆပိုမိုမြင့်မားလာကြောင်း ပြောကြားသည်။

အမျိုးသမီးများသည် ဒုတိယတန်းစားနိုင်ငံသားများအဖြစ် ဆက်ဆံခြင်းခံကြရသည့် ယင်းနိုင်ငံ၌ နှစ်စဉ်ဆိုသလိုပင် လူပေါင်းဒါဇင်ချီ၍၊ အထူးသဖြင့် အမျိုးသမီးအများစုနှင့် အမျိုးသားများ၊ ကလေးငယ်များပါဝင်သော လူများသည် ရုပ်ပျက်ဆင်းပျက်ဖြစ်စေသော၊ အလွန်ကြမ်းကြုတ်ရက်စက်သည့် လုပ်ရပ်ဖြစ်ရာ ငရဲမီးဖြင့်မျက်နှာကိုပက်ခြင်းခံနေကြရသည်။

ပါကစ္စတန်ပါလီမန်သည် ပြီးခဲ့သည့် နှစ်တွင် နိုင်ငံတွင် အကြမ်းဖက်မှုများအား ဥပဒေဆန့်ကျင်မှုများအဖြစ် သတ်မှတ်ပြဋ္ဌာန်းလိုက်သည်။ ၂၀၁၁ ခုနှစ်တွင် အစိုးရက ငရဲမီးဖြင့်ပက်၍ တိုက်ခိုက်မှုကျူးလွန်ကြောင်း ထင်ရှားစီရင်ခြင်း ခံရသူများအား အနည်းဆုံး ထောင်ဒဏ် ၁၄ နှစ်ကျခံစေရန်နှင့် ဒဏ်ငွေရှိုးပြီး ၁၀၀,၀၀၀ ကျခံစေရန် အစပြု၍ ဥပဒေပြဋ္ဌာန်းလိုက်သည်။

ထုတ်ပြန်သော ကိန်းဂဏာန်းများမှာ မပြည့်မစုံဖြစ်သော်ငြားလည်း ငရဲမီးဖြင့်ပက်၍ တိုက်ခိုက်မှုမှ အသက်ရှင်ကျန်ရစ်သူများ ဖောင်ဒေးရှင်း၏ ပါကစ္စတန်အဖွဲ့ခွဲဆိုင်ရာ ဥက္ကဋ္ဌဖြစ်သူ ဗယ်လာရီခန်း ယူဆွတ်ဖ်ဇာယီက ဥပဒေအား ပြင်ဆင်ချက်တင်သွင်းအတည်ပြုပြီးနောက်တွင် တရားစွဲဆိုအပြစ်ပေးမှုနှုန်းသည် ယခင်ခြောက်ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းသို့ တိုးတက်လာကြောင်း ပြောကြားလိုက်သည်။ သို့သော် ငရဲမီးဖြင့် တိုက်ခိုက်မှု ဘေးဒဏ်သင့်သူများသည် ဆိုးရွားသော ဒဏ်ရာရမှုခံစားရပြီး မကြာခဏဆိုသလို မျက်စိကွယ်သွားကြသောကြောင့် ပြစ်ဒဏ်သတ်မှတ်ချက်များသည် အလွန်သက်သာပေါ့ပါးလွန်းသေးကြောင်း ဘေးသင့်သူများဘက်မှ ထုတ်ဖော်ပြောကြားခဲ့ကြသည်။

အလုပ်သမား ဆစ်ဒရာ ဂျာဗတ် ဖြင့်ပက်၍ တိုက်ခိုက်မှုမှ အသက်ရှင်သည် ၎င်း၏ တစ်လလျှင် လစာ ၄၆ ဒေါ်လာဖြင့် အများသုံးရေတိုင်ကီငယ်များထုတ်လုပ်သည့် စက်ရုံတွင် အလုပ်လုပ်နေစဉ် စက်ရုံပိုင်ရှင်၏သားဖြစ်သူ၏ မတရားကြိုစည်မှုကို သည်းညည်းမခံဘဲ ဆန့်ကျင်ခဲ့သောကြောင့် ၂၀၁၁ ခုနှစ်၊ ဇွန်လအတွင်းက ငရဲမီးဖြင့် တိုက်ခိုက်ခြင်းခံခဲ့ရသည်။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် ၎င်းအား တိုက်ခိုက်ခဲ့သူကို ထောင်ဒဏ်ချမှတ်ခြင်း ခံရစေရန် ၎င်း၏မိသားစုသည် ၎င်းတို့၏ ရှိစုမဲ့စုကို စွန့်လှူခဲ့ရသည်။

“အမှုနိုင်ခဲ့တဲ့အတွက် ကျွန်မကတော့ ကျွန်မဖေဖေအတွက် အလွန်ဝမ်းသာအားရဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်မအခုခံစားရမှုတွေ၊ ကျွန်မရုပ်ပျက်ဆင်းပျက်ဖြစ်ရတာတွေကို စဉ်းစားမိတော့ ပြစ်ဒဏ် အခုထက်ပိုပြီး ပြင်းပြင်းထန်ထန်ပေးသင့်တယ်လို့ ခံစားရပါတယ်”ဟု ၎င်းကဆိုသည်။

နှစ်စဉ် အမျိုးသမီးအများစုသည် ရုပ်ပျက်ဆင်းပျက်ဖြစ်စေသော ငရဲမီးဖြင့်မျက်နှာကို ကြမ်းကြုတ်ရက်စက်စွာပက်ခံနေကြရ...”

၎င်း၏ဖခင်သည် ရုပ်မြင်သံကြားစက်များပြင်ဆင်သည့် အလုပ်လုပ်ကိုင်သူဖြစ်သည်။ သို့သော် သမီးဖြစ်သူ၏ အမှုကိစ္စတွင် ပါဝင်ဆောင်ရွက်ရမှုများကြောင့် အလုပ်ပျက်ကွက်မှုများနှင့် ပါကစ္စတန်နိုင်ငံ၏ ကြီးမားသည့်လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကြောင့် သူ့လုပ်ငန်းမှာ ရပ်တန့်သွားခဲ့ရသည်။

အမျိုးသမီးငယ်က ၎င်းတို့အိမ်တွင် ရံဖန်ရံခါ တစ်နေ့ထမင်းတစ်နပ် စားရဖို့ပင် များစွာ ခက်ခဲရကြောင်း ပြောကြားသည်။ **(အေအက်ဖ်ပီ)**

ခင်အောင် ဘာသာပြန်သည်။ ■



ငရဲမီးဖြင့်အပက်ခံရသည့် အမျိုးသမီးတစ်ဦးဖြစ်သူ နာဇီရန်ဘီဘီကို မျက်စိခွဲစိတ်ကုသရန် စောင့်ဆိုင်းနေခိုက် ဆေးရုံပေါ်တွင်တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ



We have the largest classified listings in Myanmar.

In our print editions

THE MYANMAR TIMES မြန်မာတိုင်း(စ)

And now online at

www.mmtimes.com/classifieds

Post a classified ad for free now!

YANGON: 01-392928 , 01-253642 | MANDALAY: 02-24450-60 , 02-65391-2 | NAYPYITAW: 067-23064 , 067-23065

အီရန်နျူကလီးယား အန္တရာယ်မျဉ်းသို့ ချဉ်းကပ်နေပြီ

'နေတန်ယာဟု'

အီရန်နိုင်ငံက နျူကလီးဗုံး ထုတ်လုပ်နိုင်တော့မည်ဟု အစွပ်စွဲကာ ယုံကြည်ထားသော အခြေအနေအဆင့်တစ်ခုကို "အန္တရာယ်မျဉ်းနီ" ဟုဆို

ဝါရှင်တန်– အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် အန္တရာယ်မျဉ်းနှင့် တဖြည်းဖြည်းချင်း ချဉ်းကပ်လာနေပြီဖြစ်ကြောင်း အစွပ်စွဲရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက သတိပေးပြောကြားသည်။

ဩဇာအရှိန်အဝါ ကြီးမားသော အစွပ်စွဲရေးလိုလားသည့်အဖွဲ့နှင့် ဂြိုဟ်တုဆက်သွယ်ရေးမှတစ်ဆင့် စကားပြောကြားရာတွင် အီရန်နိုင်ငံ၏ အဏုမြူဗုံးပိုင်ဆိုင်ရန် ရည်မှန်းချက်ကို ဟန့်တားရန်အတွက် ထိပ်တန်းနိုင်ငံကြီးများ၏ ဒဏ်ခတ်ပိတ်ဆို့ရေးပေါ်လစီကို စိတ်မရှည်နိုင်တော့ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ထပ်လောင်းပြောကြားသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်း ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်အကြား ညှိနှိုင်းဆွေးနွေးမှုများ ရပ်ခဲ့ပြီးနောက် အီရန်ကိုစစ်ရေးအရခြိမ်းခြောက်မှု ပိုမိုပြုလုပ်စေလိုသောဆန္ဒ ဝန်ကြီးချုပ် နေတန်ယာဟုတွင် ရှိပုံရသည်ဟု ၎င်း၏ ပြောကြားချက်များအရသိရှိရသည်။

'အမေရိကန်-အစွပ်စွဲရေး လူထုရေးရာကော်မတီ' (AIPAC)သည် အမေရိကန်တွင် အစွပ်စွဲရေးလိုလားသည့် အကြီးမားဆုံးအဖွဲ့အစည်းတစ်ခု ဖြစ်သည်။

နေတန်ယာဟုက AIPAC ကို ဂြိုဟ်တုမှတစ်ဆင့် ပြောကြားရာ၌ အီရန်နိုင်ငံသည် ယူရေနီယံအဆင့်မြှင့်တင်ရေး လုပ်ဆောင်သည့် 'စင်ထရီဖြူ-ဗဟိုခွာ စက်များကို ပိုမိုကောင်းမွန်လျင်မြန်အောင် လုပ်ဆောင်နေသည်ဖြစ်ရာ သိပ်နောက်ကျမသွားမီ ၎င်းတို့၏ ယူရေနီယံအဆင့်မြင့်လုပ်ငန်းကို ရပ်တန့်ပစ်ဖို့ လိုအပ်ကြောင်း၊ သို့မဟုတ်ပါက မကြာမီ အဏုမြူလက်နက် ရရှိသွားနိုင်ကြောင်း သတိပေးပြောကြားသည်။

အီရန်သည် လွန်ခဲ့သော စက်တင်ဘာလက ကုလသမဂ္ဂနှင့် ကျွန်ုပ်တို့ရေးဆွဲထားခဲ့သော 'အန္တရာယ်မျဉ်းနီ'ကို မဖြတ်ကျော်သေးကြောင်း ပြောဆိုခဲ့သည်။ အစွပ်စွဲရေး၏ အဓိကရန်သူကြီးဖြစ်သော အီရန်နိုင်ငံက နျူကလီးဗုံး ထုတ်လုပ်နိုင်တော့မည်ဟု အစွပ်စွဲရေးကယုံကြည်ထားသော အခြေအနေအဆင့်တစ်ခုသတ်မှတ်ထားရာ ထိုအဆင့်ကို

အီရန်နိုင်ငံအပေါ် သံတမန်နည်းလမ်းဖြင့် မအောင်မြင်လျှင် စစ်ရေးခြိမ်းခြောက်မှု ရှိရမည်ဟုဆို...

'အန္တရာယ်မျဉ်းနီ'ဟု နေတန်ယာဟုက ခေါ်ဝေါ်သမုတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် အီရန်သည် ထိုမျဉ်းနီနှင့် အလွန် နီးကပ်လာနေပြီဖြစ်ကြောင်း၊ ၎င်းတို့ဆန္ဒရှိလျှင် အမြန်ဆုံးရောက်အောင်သွားနိုင်မည့် အခြေအနေရောက်အောင် အီရန်က လုပ်ဆောင်နေကြောင်း အစွပ်စွဲရေးဝန်ကြီးချုပ်က ပြောသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ (ပြည်ထိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှားနှင့် အမေရိကန်) နှင့် ဂျာမနီ (P5+1) တို့သည် Almaty မြို့တွင် အီရန်ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲတွင် အီရန်အပေါ် ချမှတ်ထားသော ဒဏ်ခတ်ပိတ်ဆို့မှုများအနက် ရေနံမဟုတ်သော ဘဏ္ဍာရေး ငွေကြေးနှင့်ဆိုင်သည့် ပိတ်ဆို့မှုအချို့ကို လျှော့ပေးမည်၊ အပြန်အလှန်အနေဖြင့် အီရန်က ၎င်း၏ ယူရေနီယံအဆင့်မြှင့် လုပ်ဆောင်မှုများကို လေ့လာကြည့်ရှုခွင့်ပြုရမည်ဟု ကမ်းလှမ်းခဲ့ရာ အီရန်က စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြသခဲ့သည်။

အီရန်နိုင်ငံအပေါ် သံတမန်နည်းလမ်းများနှင့် ဒဏ်ခတ်အရေးယူမှုနည်းများ မအောင်မြင်ခဲ့လျှင် ပြတ်သားပြီးပုံကြည်လောက်သော စစ်ရေးခြိမ်းခြောက်မှု ရှိရမည်ဟု အစွပ်စွဲရေးခေါင်းဆောင်က ဆိုသည်။

အစွပ်စွဲရေးဝန်ကြီးချုပ် နေတာယာဟုသည် ယခုနှစ်စောစောပိုင်းက ကျင်းပသော အစွပ်စွဲရေးလွှေကောက်ပွဲတွင် အနိုင်ရခဲ့သော်လည်း ညွှန့်ပေါင်းအစိုးရအဖွဲ့ဖွဲ့နိုင်ရန် ရုန်းကန်နေရဆဲဖြစ်သည်။

နေတန်ယာဟုက သူ၏ ပထမဆုံးတာဝန်မှာ တရားဝင်အလည်အပတ်ရောက်လာမည့် အမေရိကန်စစ်ဦးစီးချုပ် (သမ္မတ ဘာရက်အိုဘားမား) ကို ဧည့်ခံကြိုဆိုရေးပင် ဖြစ်လိမ့်မည်ဟု ပြောဆိုသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် အီရန်၏ နျူကလီးယားအစီအစဉ်ကိစ္စနှင့် ဆီးရီးယားသမ္မတ ဘာရှားအာဆက်အစိုးရကို ဖြုတ်ချရန် ပုန်ကုန်တိုက်ခိုက်နေကြသော နှစ်နှစ်နီးပါးကြာလာပြီဖြစ်သည့် ဆီးရီးယား ပြည်တွင်းစစ်ကိစ္စများကို



ဆွေးနွေးကြမည်ဖြစ်သည်။

သမ္မတ ဘာရက်အိုဘားမားသည် အစွပ်စွဲသို့ သွားရောက်လည်ပတ်မည်ဖြစ်သဖြင့် AIPAC ညီလာခံသို့တက်ရန် ဒုသမ္မတ ဂျို့ဘိုင်ဒင်ကိုလွှတ်လိုက်သည်။ လက်ရှိ အိုဘားမားအစိုးရသည် ယခင် အမေရိကန်သမ္မတများလောက် အစွပ်စွဲရေးနှင့်ဆက်ဆံရေး နီးကပ်ခြင်းမရှိဟု ယူဆနေကြသော အစွပ်စွဲထောက်ခံသူ AIPAC အဖွဲ့ဝင်များ၏ စိတ်ပူပန်မှုကို ဖြေသိမ့်ရန် ဒုသမ္မတဘိုင်ဒင်က ကြိုးစားမည်ဖြစ်သည်။

"အစွပ်စွဲရေးရဲ့တရားဝင်မှုနဲ့ ကျွန်တော်တို့ရဲ့ ထောက်ခံမှုကတော့ အငြင်းပွားစရာမလိုပါဘူး"ဟု ဒုသမ္မတ ဘိုင်ဒင်က AIPAC ညီလာခံတွင် ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

ကိုကို ဘာသာပြန်သည်။ ■

ကင်ညာနိုင်ငံ၏ တင်းကျပ်သည့်ရွေးကောက်ပွဲ ငြိမ်းချမ်းစွာပြီးဆုံး

နိုင်ရိုဘီ– လွန်ခဲ့သည့်ငါးနှစ်က အရေးပါသည့် မဲရုံတစ်ခုကို လူအသေအပျောက် ရှိစေလောက်အောင်ပင် အကြမ်းဖက်တိုက်ခိုက် ဖျက်ဆီးခံခဲ့ရချိန်မှစ၍ ပထမဆုံးအကြိမ် ရွေးကောက်ပွဲ၌ မဲဆန္ဒပေးမည့် လူတန်းရှည်ကြီးအတွင်း ရောက်ရှိနေကြပြီဖြစ်သည်။



ရွေးကောက်ပွဲအတွင်း မဲဆန္ဒပေးရန် အရွယ်မတက်မီ စီတန်းစောင့်ဆိုင်းနေကြသော ကင်ညာနိုင်ငံသားများကို နိုင်ရိုဘီမြို့ရှိ မဲရုံတစ်ခုပြင်ပ၌ မတ်လ ၄ ရက်နေ့က တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

၂၀၀၇-၂၀၀၈ ခုနှစ်က သွေးထွက်သံယို အကြမ်းဖက်မှုကြောင့် လူပေါင်း ၁,၁၀၀ ကျော် သေဆုံးခဲ့ရခြင်းမျိုးအား နောက်တစ်ကြိမ်မဖြစ်ရန် ရှောင်ရှားသွားမည်ဟု ခေါင်းဆောင်များက ကတိပြုထားမှုနှင့်အတူပင် လုံခြုံရေးတင်းကြပ်သည့် ဆန္ဒမဲပေးမှုများနှင့် အများလက်ခံနိုင်သော အရေးပါသည့် ရလဒ်များကို ကင်ညာနိုင်ငံအတွက် အရေးပါသည့် စမ်းသပ်မှုတစ်ခုအဖြစ် မြင်တွေ့ရမည်လည်းဖြစ်သည်။

လေ့လာသူများက အသစ်ဖြစ်လာမည့် ပဋိပက္ခဖြစ်နိုင်ခြေများကို တွင်တွင် သတိပေးခဲ့သည့်နည်းတူပင် ကြီးမားသည့် အကြမ်းဖက်မှု ဖြစ်စဉ်များကို ကြားသိရခြင်းမရှိဘဲ ရွေးကောက်ပွဲသည် ငြိမ်းချမ်းစွာပြီးဆုံးခဲ့သည်။

မီတာရာပေါင်းများစွာသော မဲပေးသူလူတန်းရှည်ကြီးသည် နာရီပေါင်းများစွာပင် မတ်တတ်ရပ်စောင့်ဆိုင်းခဲ့ကြသည်။ ကင်ညာနိုင်ငံ၏ အရှေ့ပိုင်းဒေသ ဥသင်ဂိုမြို့ရှိ မဲရုံတစ်ခုတွင် ဆယ်နာရီကျော်ကြာ စောင့်ဆိုင်းနေခဲ့ရသော ကျောင်းသူ ဂျက်ကလင်း ဝမ်ဂူးက "ကျွန်မတို့ ဒီလောက်ကြာကြာ စောင့်ဆိုင်းနေခဲ့ရတာ ဘာကြောင့်လဲဆိုတာ ကျွန်မ မသိပါဘူး။ ဒါပေမဲ့ ကျွန်မတို့ ဒီလောက်ကြာကြာ စောင့်ဆိုင်းနေခဲ့ရတာ ဒီမိုကရေစီအတွက်ပဲလို့ ကျွန်မ ထင်ပါတယ်" ဟု ပြောကြားသည်။

ကင်ညာနိုင်ငံသားဦးရေ စုစုပေါင်း ၁၄ ဒသမ ၃ သန်း မဲထည့်ဝင်မည့် မှတ်ပုံတင်စာရင်းကိုထောက်၍ လေ့လာဆန်းစစ်သူများက အစောပိုင်းရလဒ်များကိုကြည့်ကာ ကောက်ချက်ချ၍မဖြစ်နိုင်သေးဟုဆိုကြသည်။

မဲရုံများမှ မဲစာရင်းများရရှိသည်နှင့် တစ်ပြိုင်နက် ပြည်သူများထံချက်ချင်း အသိပေးသွားရန် ဆုံးဖြတ်ထားပြီး ဖြစ်ကြောင်း လွတ်လပ်သည့် နယ်စည်းမခြား ရွေးကောက်ပွဲကော်မရှင် (IEBC) က ပြောသည်။

"ကျွန်တော်တို့ရဲ့ ရုပ်သံတွေမှာ အချက်အလက်တွေ ရောက်လာတာနဲ့ မီဒီယာတွေဆီ အချိန်ကိုက်ရောက်အောင် လုပ်သွားမှာပါ" ဟု IEBC အမှုဆောင် ဒါရိုက်တာ ဂျိမ်းစ်အော့စ်ဝါဂိုက မဲအရေအတွက်ရောက်ရှိမှုလာမီ သတင်းထောက်များကိုပြောသည်။

မွိုင်ကီဘာကီက အိုဒင်ဂါကို အနိုင်ရရှိခဲ့ချိန် ၂၀၀၇ ခုနှစ်ကမူ မဲရေတွက်မှုပွင့်လင်းမြင်သာခြင်း မရှိခဲ့သည့်အတွက် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ လူများသည် မဲပေးရန် နံနက်စောစော ၅ နာရီကပင် တန်းစီအစပြုခဲ့သည်။ မဲပေးမှုသည် ညနေ ၅ နာရီတွင် တရားဝင်ပိတ်ခဲ့သည်။

(အေအက်ဖ်ပီ)

သန်းလွင် ဘာသာပြန်သည်။ ■

သတင်းတိုများ

မုန်တိုင်းကြောင့် အမေရိကန် မြောက်ပိုင်း ဆီးနှင်းများဖုံး

ချီကာဂို – အမေရိကန်ပြည်ထောင်စု မြောက်ပိုင်း၌ မုန်တိုင်းကြီးတစ်ခုဝင်ရောက်ခဲ့သဖြင့် မတ်လ ၅ ရက်နေ့က လေယာဉ်အစင်း ၂,၆၀၀ မပျံသန်းနိုင်ဘဲဖြစ်ရကာ၊ အဝေးပြေးလမ်းမကြီးများ၌ ဆီးနှင်းများ ပိတ်ဆို့ခဲ့ရပြီး ရာပေါင်းများစွာသော ကျောင်းများ ပိတ်ထားခဲ့ရသည်။ ဆီးနှင်းများကြောင့် မတော်တဆဖြစ်၍ သေဆုံးခဲ့ရသူ အနည်းဆုံး လူလေးဦးခန့်ရှိကြောင်း သတင်းရရှိသည်။ မင်နီဆိုတာပြည်နယ်မှ ဗာဂျီးနီးယားပြည်နယ်အထိ ပြည်နယ်ပေါင်း ၁၂ ခုကျော်ကို မုန်တိုင်းဖြတ်တိုက်ခဲ့ပြီး မွန်တားနားပြည်နယ်၌ ဆီးနှင်းထုနှစ်ပေခန့်နှင့် မြောက်ဒါကိုတာပြည်နယ်၌ ဆီးနှင့်းထု ၁၅ လက်မခန့်အထိ ဖုံးအုပ်ခဲ့သည်။

ဝမ်းတွင်းရင်သွေးငယ်လူပျိုရှား နေသည်ဟု ကက်သရင်းပြော

ဂရင်စဘီ – မင်းသားဝီလျံ၏ ကိုယ်ဝန်ဆောင်ဇနီးသည် ကက်သရင်းက ၎င်းလွယ်ထားရသည့် ရင်သွေးငယ်သည် ဝမ်းမိုက်အတွင်း၌ ကန်ကျောက်လျက်ရှိကြောင်း ဗြိတိန်နိုင်ငံ၏ အဓိက တံငါဆိပ်ကမ်းမြို့သို့ အလည်အပတ်ရောက်ရှိစဉ် ၎င်းအပေါ် ဆုတောင်းပတ္ထနာပြုသူများအား ပြောကြားလိုက်သည်။ အသက် ၃၁ နှစ်အရွယ်ရှိ ကိန်းဘရစ်မြို့စားကတော် မိခင်လောင်းက ဇူလိုင်လ၌ မွေးဖွားမည့် ရင်သွေးငယ်သည် ဝမ်းတွင်း၌ အလွန်အမင်း လှုပ်ရှားနေသည်ဟု ဂရင်စဘီမြို့ရှိ လူထုကို ပြောကြားခြင်းဖြစ်သည်။ ယင်းရင်သွေးငယ်သည် ၎င်း၏ ကုတ်အင်္ကျီအောက်၌ ထိတွေ့၍ရကြောင်းလည်း ၎င်းကဆိုသည်။ **(အေအက်ဖ်ပီ)**

ဓော်ဝင်း ဘာသာပြန်သည်။

မာလီကိုထောက်ပံ့ရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ကတိပြု

ဗြိတိန်နိုင်ငံသည် မာလီနိုင်ငံသို့ တိုက်ခိုက်ရေးတပ်ဖွဲ့များ စေလွှတ်ခြင်းမရှိသော်လည်း ဥရောပသမဂ္ဂ၏ မာလီနိုင်ငံအတွင်း သင်တန်းပေးလုပ်ငန်းအတွက် အမှုထမ်း ၄၀ ပေးထားပြီး အာဖရိကနိုင်ငံများအတွက် အမှုထမ်း ၂၀၀ ထိ ပို့ထား

လန်ဒန်– မာလီနိုင်ငံသို့ မတ်လ ၄ ရက်နေ့က သွားရောက်ခဲ့ရာတွင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဝီလျံဟေ့ဂ်က အစွမ်းလမ္မစ်စစ်သွေးကြွများအား မာလီအစိုးရက တိုက်ခိုက်ခြင်းကို ဆက်လက်ထောက်ခံအားပေးမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

တစ်ရက်ကြာခရီးၨ၌ နိုင်ငံခြားရေးဝန်ကြီး ဟေ့ဂ်သည် မာလီနိုင်ငံ၏ သမ္မတနှင့် ဝန်ကြီးချုပ်အပြင် သူပုန်များကို တိုက်ခိုက်နေသည့် ပြင်သစ်နိုင်ငံ၏ အားပေးမှုရရှိထားသည့် အာဖရိကတပ်များနှင့် တွေ့ဆုံခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကပြောသည်။ လုံခြုံရေးအကြောင်းများကြောင့် မာလီသို့ နိုင်ငံခြားရေးဝန်ကြီး ဟေ့ဂ်ရောက်ရှိပြီးမှ ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မာလီ၌ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကြောင့် မာလီနိုင်ငံသားများပိုင်နက် အချုပ်အခြာအာဏာကို ပြန်လည်ထူထောင်ပြီး မာလီနိုင်ငံအတွင်း အကြမ်းဖက်သမားများ မခိုလှုံနိုင်ရန် နိုင်ငံတကာ၏ အရေးတကြီး တို့ပြန်မှုကို ဖြစ်စေခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဟေ့ဂ်က ပြောသည်။

မာလီမြောက်ပိုင်းတွင် ရှိကြသည့် ပြင်သစ်၊ မာလီနှင့် အာဖရိက စစ်ဘက်ဆိုင်ရာ အင်အားစုများ၏ တိုးတက်မှုအခြေအနေရှိလာခြင်းကို ကြိုဆိုကြောင်း၊ ဗြိတိန်ကလည်း ၇၅ ပြင်းထန်သည့် လုံခြုံရေးတို့ပြန်မှုနှင့် ဥရောပသမဂ္ဂ၏ သင်တန်းပေးအစီအစဉ် ပါဝင်မှုကို ဆက်လက် ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ဟေ့ဂ်ကပြောသည်။



ဘာမာကိုဆွေးနွေးပွဲမတိုင်မီ မာလီသမ္မတ ဒီယွန်ကောင်တာထရာအိုရီ (ဝဲ) နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟေ့ဂ် တို့ကို မတ်လ ၄ ရက်နေ့ကတွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဇန်နဝါရီလလယ်က ပြင်သစ်ဦးဆောင်သည့် လျှပ်တစ်ပြက် ထိုးစစ်ကြောင့် မာလီမြောက်ပိုင်း အဓိကကျသည့်မြို့များမှ တိုက်ထုတ်ခံရသည့် အစွန်လမ္မစ် သူပုန်များကိုပြင်သစ်နှင့် အာဖရိကတပ်များက လိုက်လံနှိမ်နင်းလျက်ရှိသည်။

ဟေ့ဂ်သည် မာလီသို့ ပထမဆုံးဖြစ်ကြောင်း ဟေ့ဂ်ကပြောသည်။

ဇန်နဝါရီလလယ်က ပြင်သစ်ဦးဆောင်သည့် လျှပ်တစ်ပြက် ထိုးစစ်ကြောင့် မာလီမြောက်ပိုင်း အဓိကကျသည့်မြို့များမှ တိုက်ထုတ်ခံရသည့် အစွန်လမ္မစ် သူပုန်များကိုပြင်သစ်နှင့် အာဖရိကတပ်များက လိုက်လံနှိမ်နင်းလျက်ရှိသည်။

ဟေ့ဂ်သည် မာလီသို့ ပထမဆုံးသွားရောက်သည့် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဖြစ်ပြီး သူသည် အာဖရိကတပ်များ ဦးဆောင်သည့် AFISMA တပ်ဖွဲ့၏တပ်မှူးနှင့် C-17 သယ်ဆောင်ရေးလေယာဉ်အား အကူအညီပေးနေသည့် ဗြိတိသျှစစ်သားများနှင့်လည်း တွေ့ဆုံခဲ့သည်။ ဤလေယာဉ်အား စစ်ဆင်ရေးအတွက် ဗြိတိန်နိုင်ငံက ပြင်သစ်နိုင်ငံကို ငှားရမ်းထားခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံသည် မာလီနိုင်ငံသို့ တိုက်ခိုက်ရေးတပ်ဖွဲ့များ စေလွှတ်ခြင်း မရှိသော်လည်း ဥရောပသမဂ္ဂ၏ မာလီနိုင်ငံအတွင်း သင်တန်းပေးလုပ်ငန်း အတွက် အမှုထမ်း ၄၀ ပေးထားပြီး အင်္ဂလိပ်စကားပြောသည့် အနောက်အာဖရိကနိုင်ငံများအတွက် သီးခြားသင်တန်းပေး အင်အားစုများအတွက် အမှုထမ်း ၂၀၀ ထိ ပို့ထားသည်။

ပြင်သစ်တပ်ဖွဲ့များအား ကူညီရန်အတွက် ထောက်လှမ်းရေးလေယာဉ်တစ်စင်းကိုလည်း ဗြိတိန်နိုင်ငံက ထောက်ပံ့ထားသည်။

မာလီနိုင်ငံသည် မတ်လ ၂၂ ရက်နေ့က အာဏာသိမ်းမှုဖြစ်ခဲ့ရာမှ မြောက်ပိုင်းသူပုန်ထလာခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြန်လည်အုပ်ချုပ်နိုင်ရေးအတွက် ရုန်းကန်လျက်ရှိရာ၌ နိုင်ငံရေးလုပ်ငန်းစဉ်များ ပိုမိုများလာရန် ဟေ့ဂ်က ပြောကြားခဲ့သည်။

ထုံးတမ်းစဉ်လာအရ အခြေတကျမရှိသည့် မြောက်ပိုင်းအာဖရိကမှ တောရက်ဂ် သူပုန်များသည် မာလီမြောက်ပိုင်းရှိ အစွန်လမ္မစ် အစွန်းရောက်သူများနှင့် ပေါင်းစည်းသွားသည့်အတွက် ပဋိပက္ခသည် လူမျိုးရေးတင်းမာမှုများကို ပိုကြီးထွားစေခဲ့သည်။ မာလီနိုင်ငံ၌ တာရှည် တည်ငြိမ်မှုသည် ပြန်ပေါင်းထုပ်ခြင်း၏ တိုးတက်မှုသည် အရေးကြီးကြောင်း မတ်လ ၄ ရက်က တောရက်ဂ် လူမျိုးစုအသိုင်းအဝိုင်းနှင့် တွေ့ဆုံပြီး နောက်ပိုင်း ဟေ့ဂ်ကပြောခဲ့သည်။

မာလီနိုင်ငံသည် ဇူလိုင်လ၌ သမ္မတရွေးကောက်ပွဲများ ကျင်းပရန်ရှိသော်လည်း သူပုန်ထကြွမှုကို နှိမ်နင်းနေသည့် နိုင်ငံလည်းဖြစ်၊ လူများထောင်သောင်းခြီပြီး အိမ်များကို စွန့်ခွာသွားကြသည့်အတွက် စောလွန်းသေးသည်ဟု ဝေဖန်သူများက ပြောသည်။ **(အေအက်ဖ်ပီ)**


သောင်းညွှန့် ဘာသာပြန်သည်။ ■

ဆီးရီးယားနိုင်ငံကို အယ်လ်ကေဒါအန္တရာယ်မှ မည်သို့ကယ်တင်မည်နည်း

အမေရိကန်သမ္မတ အိုဘားမားသည် ဆီးရီးယားတွင် ပုံစံတကျဖြစ်ရန် ဆောင်ရွက်နေသည်။ ၎င်းသည် သူပုန်များကိုယ်စား တစ်စတစ်စဆိုးလာသော စစ်ရေးအရ ဆောင်ရွက်မှုများကို အမြော်အမြင်ရှိစွာ ရှောင်ရှားနေသည်။ ယင်းသူပုန်များသည် မြွေပွေးကဲ့သို့ အဆိပ်ပြင်းသော သမ္မတအာဆတ်ထက် ပိုမိုဆိုးရွားစွာ ပြောင်းလဲသွားနိုင်သည်။ သမ္မတအိုဘားမားအနေဖြင့် ရေရှည် မဟာဗျူဟာမချမှတ်ဘဲ ဆီးရီးယားနိုင်ငံတွင်း အယ်လ်ကေဒါနှင့် ယင်း၏ ကောက်ကျစ်ရက်စက်သော အဖွဲ့ဝင်များ၏ တိုးပွားလာသော ခြိမ်းခြောက်မှုကို နှိမ်နင်းနိုင်မည်မဟုတ်ပေ။ ထိုသို့ဖြစ်စဉ်တွင် ဆီးရီးယားလူမျိုးများသည် သွေးထွက်သံယိုမှု၊ ပရမ်းပတာဖြစ်ပွားမှုများ၊ စစ်ဘေးဒုက္ခသည်များနှင့် နစ်မြုပ်နေဆဲဖြစ်သည်။

ဆီးရီးယားနိုင်ငံတွင်းရှိ ယနေ့အန္တရာယ်အစစ်အမှန်သည် အာဆတ်၊ သို့မဟုတ်အီရန်ထံမှများစွာမဟုတ်မူဘဲ ယင်းတို့ထက် ပြင်းထန်လာနေသော ဆွန်နီအစွန်းရောက် တိုက်ခိုက်ရေးသမားတို့ထံမှ ရောက်လာခြင်းဖြစ်သည်။

သူပုန်များက အနိုင်ရလျှင် မွတ်စလင် ဘာသာရေးစစ်သည်များသည် အမှန်တကယ်အောင်ပွဲဆင်သူများ ဖြစ်လာဖွယ်ရှိသည်။ ၎င်းတို့သည် တူရကီ၊ လက်ဘနွန်၊ ကျော်ဒန်နှင့် အစွန်းရောက်အာရပ်မှ သမိုင်းကြောင်းမရှိသည်ကို သိထားရမည်။ ၎င်းတို့သည် အယ်လ်လာဝစ်များကဲ့သို့ပင် ရှားရီးယားတို့၏ အုပ်ချုပ်မှုကိုလည်း လိုလားကြမည်မဟုတ်ပေ။



ဆီးရီးယား–တူရကီနယ်စပ်ရှိ ဘတ်ဘ်အယ်လ်ဆလမ်ဒုက္ခသည်စခန်းတစ်ခု၌ ဘတ်စ်ကားပြတင်းပေါက်မှ ငေးမောကြည့်နေသည့် ဆီးရီးယား အမျိုးသမီးငယ်တစ်ဦး။ ဓာတ်ပုံ - အေအက်ဖ်ပီ

အမေရိကန်၏ မဟာဗျူဟာသည် ဤအကြောင်းရင်းကို တည်ဆောက်ရာ၌ အလေးထားရမည်ဖြစ်သည်။ သဘာဝအားဖြင့် မွတ်စလင်ဘာသာရေးတိုက်ပွဲဆင်နွှဲသူများဟူ၍ သံသယဖြစ်ဖွယ်အုပ်စုများကိုပင်လျှင် ဥရောပကသော်လည်းကောင်း၊ ဒေသဆိုင်ရာ မဟာမိတ်များကသော်လည်းကောင်း လက်နက်များပေးမည်ကို အမေရိကန်က လိုလားမည်မဟုတ်ပေ။ လက်နက်များပေးပို့လျက်ရှိနေဆဲဖြစ်သည့် မဟာမိတ်အာရပ်မိတ်ဆွေများသည် မှားယွင်းမှုများဆက်လက်မရှိစေရန် သတိကြီးစွာ ထားရတော့မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စေ့စပ်ဆွေးနွေးမှု ကြိုးပမ်းချက်များသည် တူညီသောလမ်းကြောင်း အတိုင်းသာလျှင် သွားပေလိမ့်မည်။ ဟုတ်ပါသည်၊ အာဆတ်သွားရတော့မည်ဖြစ်သည်။ ဘာသာရေးနှင့် မဆိုင်သော သူပုန်ခေါင်းဆောင်များနှင့် ကျန်ရှိနေသည့် အယ်လ်လာဝီတီးခေါင်းဆောင်များသည် မွတ်စလင်ဘာသာရေးတိုက်ပွဲဆင်နွှဲနေသည့် ဂျီဟတ်များကို ဆွေးနွေးပွဲများနှင့် အစိုးရအာဏာများမှ ချန်လှပ်ထားရန်သဘောတူညီကြရလိမ့်မည်ဖြစ်သည်။ ဘာသာရေးနှင့်မဆိုင်သော ဆွန်နီနှင့် အယ်လ်လာဝီတီးခေါင်းဆောင်များသည် အစိုးရအာဏာကိုမျှဝေသွားရန်နှင့် မရေရာသည့် အနာဂတ်အတွက် ယင်းတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများကို ကာကွယ်သွားကြရန်လည်း သဘောတူညီကြရလိမ့်မည်ဖြစ်သည်။ ယင်းမှာ မလွယ်ကူသည့်တိုင် နှစ်ဦးနှစ်ဖက်အတွက် အခြေခံအကြောင်းရင်းပင် ဖြစ်သည်။

မည်သို့ပင် ရှုပ်ထွေးစေကာမူ ယင်း မဟာဗျူဟာကိုစမ်းကြည့်ရန် ကောင်းမွန်သည့် အကြောင်းပြချက်နှစ်ရပ်ရှိသည်။ ပထမအချက်မှာ အမေရိကန်ပြည်ထောင်စုနှင့် ဆီးရီးယား၏အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အမေရိကန်၏ မဟာမိတ်များအတွက် စိုးရိမ်ဖွယ်အကောင်းဆုံးသည် ဆီးရီးယားနိုင်ငံ၏ အလားအလာသည် အယ်လ်ကေဒါတို့၏ ခိုနားရာတစ်ခု ဖြစ်လာနေခြင်းပင်ဖြစ်သည်။ အကြမ်းဖက်သမားများတွင်အဆင်သင့် တည်ဆောက်ပြီးဂိုဒေါင်များ၊ ဓာတုလက်နက်များ၊ ခေတ်မီ ဝေဟင်ပစ်ဒုံးလက်နက်များနှင့် ရေဒါများကဲ့သို့သော ခေတ်မီလက်နက်

စာမျက်နှာ ၇၀ သို့

အိပ်ချိုအိုင်ဗီရောဂါ ပထမဦးဆုံးအကြိမ်အဖြစ် ကုသနိုင်ပြီ

urQ;ay:wifa&m*¾vkH;ay;mufuif;om;onf[k todrSwfyckH&aomwpfOD;vnfaomath&pfvlemrSmvifvlem[k ac:onftar&d
uefEkdifiHom;wGif ESifhaMumifhzpfta&;ESifhwpfOD;xHrSm ½kHcifqDpm;xkukodkvfrIhIhIyg/ aemufi;EdkifiHumwifay;mufuif;om;

ဝါရှင်တန်– အိပ်ချိုအိုင်ဗီရောဂါဖြင့် မွေးဖွားလာသောကလေးကိုပထမဦးဆုံး အနေဖြင့် ကုသပျောက်ကင်းစေခဲ့သည်ဟု သုတေသီများက မတ်လ ၃ ရက်နေ့၌ပြောသည်။ ထိုတိုးတက်မှုသည် မွေးကင်းစတွင် ရောဂါကူးစက်ခံရသော ကလေးများအား ကုသရေးကို ပိုမိုကောင်းမွန်လာရန် ကူညီနိုင်မည်ဖြစ်သည်ဟု သိရသည်။

ထိုသို့ကုသမှုတွင် အရေးပါသည့် ပညာရပ်ဆန်သော ကွဲပြားမှုမသိမသာ ရှိသည်။ သုတေသီများက ၎င်းကို "ပြီးပြည့်စုံသော ကုသမှုထက် လက်တွေ့ကျသောကုသမှု ပြုလုပ်သွားရန်" တွင်တွင်တောင်းဆိုလျက်ရှိသည်။

ထိုသို့ပြောရခြင်းမှာ ပိုင်းရပ်စ်ကို လုံးဝအမြစ်ဖြတ်သုတ်သင်ခဲ့ခြင်း မဟုတ်၍ဖြစ်သည်။ သို့ရာတွင် ရောဂါပိုးရှိနေမှုသည် အဆင့်မီဆေးကုသမှုမလိုဘဲ ခန္ဓာကိုယ်က ထိန်းချုပ်နိုင်လောက်သည့် နိမ့်သောအဆင့်သို့ လျော့ကျစေသည်။

ကမ္ဘာပေါ်တွင် ရောဂါလုံးဝ ပျောက်ကင်းသွားသည်ဟု အသိအမှတ်ပြုခံရသော တစ်ဦးတည်းသော အေ့ဒ်စ်လူနာမှာ ဘာလင်လူနာဟုခေါ်သည့် အမေရိကန်နိုင်ငံသား တီမိုသီဘရောင်းဖြစ်သည်။ အိပ်ချိုအိုင်ဗီခုခံအား နဂိုအားဖြင့် ရှိသော ကြုံတောင့်ကြုံခဲ့ အလှူရှင်တစ်ဦး ထံမှ အရိုးခြင်ဆီအစားထိုးကုသမှု ခံယူခဲ့ပြီးနောက် ငါးနှစ်အကြာတွင် ၎င်းသည် အိပ်ချိုအိုင်ဗီနှင့် သွေးကင်ဆာ ရောဂါမှ ပျောက်ကင်းသွားသည်ဟု ယူဆရသည်။ သို့သော် ထိုဖြစ်စဉ်သစ်တွင် ထိုမွေးကင်းစ မိန်းကလေးအား ပုံမှန်အား ဖြင့်ရရှိသော (အေအာရ်ဗီ ဆေးများ)ကိုပေးပြီး ၎င်းဆေးများထက် ပိုမိုထိုးဖောက်ပြီး ရှုပ်ထွေးသည့်ဆေး များကို မပေးခဲ့ပါ။ ကွာခြားချက်မှာ မွေးပြီးပြီးချင်း နာရီ ၃၀ မရှိလောက်တွင် စတင်သည့် ဆေးတိုက်သည့်ပမာဏနှင့် အချိန်ကိုက်မှုပင်ဖြစ်သည်။

ဂျော်ဂျီယာ၊ အတ္တလန်တာတွင် Retroviruses and Opportunistic Infections နှင့်ပတ်သက်၍ အကြိမ် ၂၀ မြောက် နှစ်ပတ်လည်ဆွေးနွေးပွဲ၌ သုတေသီများတင်ပြသည့် 'လက်တွေ့ကျကုသမှု'ကို အောင်မြင်သည့်အဆိုပါ ကုသမှုက ထုတ်ဖော်ဖွယ်ရှိသည်။

မွေးကင်းစကလေးသည် အိပ်ချိုအိုင်ဗီ ရောဂါရှိနေသော မိခင်ထံမှ ကူးစက်ခံရ သည်။ ၎င်း၏ သွေးစမ်းသပ်စစ်ဆေးမှု ပြန်မရမီအေအာရ်ဗီဆေးကို ကလေးကို ပမာဏနည်းနည်း တိုက်ကျွေးခဲ့သည်။ ကလေး၏ ပိုင်းရပ်စ်ပိုးအရေအတွက် သည် တဖြည်းဖြည်းကျဆင်းလာကြောင်း သွေးစစ်ဆေးမှုအရ သိရသည်။ မွေးဖွား ပြီး ၂၉ ရက်တွင် မတွေ့ရှိတော့ပေ။

ကလေး ၁၈ လရှိသည်ထိ ထိုဆေး ဖြင့် ဆက်လက်ကုသပေးခဲ့သည်။ ၎င်းနောက် ၁၀ လကြာ ဆရာဝန်နှင့် မတွေ့ထိခဲ့ရာ ထိုကာလအတွင်း ဆေးမှီဝဲခြင်းမရှိပေ။ သုတေသီများက သွေးစမ်းသပ်ခြင်းကို ဆက်တိုက်ပြုလုပ် ခဲ့ရာ ပြုလုပ်သည့်အကြိမ်တိုင်း အိပ်ချိ အိုင်ဗီပိုး မတွေ့ရှိခဲ့ပေ။

ဆေးကုသခြင်းမရှိခဲ့သော သဘာဝ ပိုင်းရပ်စ် နှိမ်နင်းခြင်းသည် အထူး တလည်ရှားပါးသည့် ဖြစ်ရပ်ဖြစ်သည်။

သုတေသီများ၏ ပထမဦးစားပေးခြင်း သည် မိခင်မှ မွေးကင်းစကလေးသို့ ပိုင်းရပ်စ်ကူးစက်မှုကို မည်သို့ရပ်ပစ်ရန် သင်ကြားမှုဖြစ်သည်ဟု ၎င်းတို့ကပြော သည်။ မိခင်များသို့ အေအာရ်ဗီဆေးဖြင့် ကုသမှုသည် ဖြစ်စဉ် ၉၈ ရာခိုင်နှုန်းတွင် မွေးကင်းစကလေးများသို့ ကူးစက်မှုကို လတ်တလော ရပ်ပစ်နိုင်ခဲ့သည်ဟု ၎င်းတို့ကပြောသည်။ **(အေအက်ဖ်ပီ)**

ညွှန့်ညွှန့်ဝင်း ဘာသာပြန်သည်။ ■



တောင်အာဖရိကနိုင်ငံ၊ ကိပ်တောင်းမြို့မှ ၉၆ မိုင်အကွာရှိ ပါးလ်မြို့မှဆေးရုံတစ်ရုံ၌ အေ့ဒ်စ်ရောဂါတိုက်ဖျက်ရေး နေဗီရာပီးန်ဆေးနှင့် ငါးရက်သား ကလေးငယ်ကိုတွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဆီးရီးယားကို အယ်လ်ကေဒါအန္တရာယ်မှ. . .

စာမျက်နှာ ၆၉ မှ

များရှိပြီးဖြစ်လိမ့်မည်။ ယင်းအန္တရာယ် များကို အမေရိကန်သည်ကောင်စွာ သတိပြုမိပြီးဖြစ်သော်လည်း လုံလောက် သော ကြိုတင်ကာကွယ်မှုအတွက် အလေးထားဆောင်ရွက်ခဲ့ခြင်း မရှိပေ။

ဒုတိယအချက်မှာ မွတ်စလင်ဘာသာရေးစစ် ဆင်နွှဲသူများကိုဆန့်ကျင် သည့်မဟာဗျူဟာသည် ယခုလူသိရှင်ကြားငြင်းခုံနေသည့် မူဝါဒအယူအဆများထက်ပင် ပိုမိုလက်တွေ့ကျလျက်ရှိသည်။ အကြိုက်ဆုံးအချက် တစ်ချက်မှာ အမေရိကန်သည် သူပုန်များနှင့် အစိုးရကြား စေ့စပ်ဆွေးနွေးပွဲများ တိုးမြှင့်သင့်သည်။ သို့သော် တူရကီမှ သူပုန်ခေါင်းဆောင်များသည် အာဏာ လက်မဲ့ ဖြစ်လုနီးပါးဖြစ်ကာ ဆီးရီးယား နိုင်ငံတွင် တိုက်ခိုက်နေသောသူပုန် များကို အနည်းငယ်သာ ထိန်းချုပ်နိုင် သည်။ **(အေအက်ဖ်ပီ)**

သန်းလွင် ဘာသာပြန်သည်။ ■



ဆေးမင်ကြောင် ထိုးကွင်းပြပွဲ

မျက်နှာနှင့် ကိုယ်ခန္ဓာအနှံ့ ဆေးမင်ကြောင်များထိုးထားသည့် အမျိုးသမီးတစ်ဦးကို ၂၀၁၃ ခုနှစ်၊ မတ်လ ၃ ရက်နေ့က မက္ကဆီကိုနိုင်ငံ၊ မွန်တယ်ရီဖြို့ရှိ ၁၅ ကြိမ်မြောက် နိုင်ငံတကာ ဆေးမင်ကြောင် ထိုးကွင်းပြပွဲ၏ ဖွင့်ပွဲတွင်တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

စစ်ပွဲတွင် ကျန်ရစ်ခဲ့သော ပါလက်စတိုင်းတို့၏ စာအုပ်များ အစွန်းစာကြည့်တိုက်တွင်ရှိနေ

ဂျေရုစလင်– ၁၉၄၈ ခုနှစ်၊ မေလက ဂျေရုစလင်တွင် စစ်ဖြစ်သောအခါ ပါလက်စတိုင်းလူမျိုး အိုမာဆလေ ဘာဂိုတီသည် နှစ်များစွာကြာငင်း၏ နေ့စဉ်မှတ်တမ်းစာအုပ်များအပါအဝင် ရာပေါင်းများစွာသော စာအုပ်များကို ချန်ထားရစ်ကာ အိမ်မှထွက်ပြေးခဲ့သည်။ အိုမာသည် ယင်းစာအုပ်များကို မည်သည့်အချိန်တွင်မှ ပြန်လည်တွေ့ရ တော့မည်မဟုတ်ပေ။

ဂျူနိုင်ငံတည်ထောင်မှုနှင့် စပ်လျဉ်း သောစစ်ပွဲကြီး ဆက်လက်ဖြစ်ပွါးနေချိန် ၌ ကာတာမွန်ရပ်ကွက်ရှိ ဘာဂိုတီ၏ အိမ်မှ စာအုပ် ၂၅၆ အုပ်အပါအဝင် ဂျေရုစလင်၊ ဟိုင်ဖာ၊ ဂျက်ဖာနှင့် အခြားနေရာများမှ ထောင်းသောင်းမက သောစာအုပ်များကို အစွန်းစာကြည့် တိုက်မှူးများနှင့် စစ်သားများအဖွဲ့က အိုမာစလေဘာဂိုတီ၏မျက်ကွယ်တွင် သိမ်းယူနေခဲ့ကြသည်။

အစွန်းများအတွက် ထိုကြိုးပမ်း ဆောင်ရွက်မှုသည် ပိုင်ရှင်များထံသို့ နောက်ဆုံး၌ ပြန်ပေးမည့်စာအုပ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ဟု ဆိုသော်လည်း ပါလက်စတိုင်းများအတွက် ခိုးယူမှုဖြစ်သည်။

အိုမာ၏မြေးမလေး ရာရှာဘာဂိုတီက ၎င်း၏စာအုပ်များနှင့် ပတ်သက်သော ဖြစ်ရပ်များကို မှတ်မိနေသည်။

"အဖိုးဟာ ရှေ့နေတစ်ဦးဖြစ်ပြီး ဂျက်ဖာလမ်းမှာ ရုံးခန်းရှိပါတယ်။ နေ့စဉ် မှတ်တမ်းများကိုရေးပြီး ပါလက်စတိုင်းနဲ့ ပါလက်စတိုင်းမိသားစုတွေ၊ ဂျော်ဒန် အစိုးရနဲ့ မျိုးနွယ်ဥပဒေတွေရဲ့သမိုင်းကို တော်တော်များများရေးခဲ့တယ်" ဟု ရာရှာ ဘာဂိုတီက အေအက်ဖ်ပီကို ပြောပြသည်။

အီဂျစ်နိုင်ငံတွင် ပြည်နှင်ဒဏ် နှစ်နှစ် ခံရပြီးနောက် ဘာဂိုတီသည် အနောက် ကမ်းခြေမြို့ ရာမလာသို့ရွှေ့ပြောင်း ခဲ့ပြီး ယခုအခါ အစွန်းဟုခေါ်သော နိုင်ငံရှိ ဂျူးမိတ်တွေများနှင့် ဆက်သွယ် ကာ ၎င်း၏စာအုပ်များ ပြန်ရရှိရန် ကြိုးပမ်းခဲ့သည်။

အလားတူ စာအုပ်များပျောက်ဆုံး ခဲ့သော ပညာတတ် ခါလီးလ် ဆာကာ ကီနီသည် အီဂျစ်နိုင်ငံတွင် ပြည်နှင်ဒဏ် ခံနေစဉ် ၎င်း၏စာအုပ်များနှင့်ပတ်သက် ၍ နှမြောတသစွာ မကမ်းမောမော ရေးသားခဲ့သည်။

နောက်ဆုံး၌ ပိုင်ရှင်များထံ ပြန်ပေးမည့် စာအုပ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ဟု ဆိုသော်လည်း ခိုးယူမှုဖြစ် ...

ဂျင်းတို့၏စာအုပ်များသည် အစွန်းရေး အမျိုးသားစာကြည့်တိုက် မြေအောက် ခန်းတွင်ရှိနေပြီး စွန့်ပစ်ပစ္စည်းများဟု သတ်မှတ်ခံရသည်။

ပါရဂူဘွဲ့အတွက် သုတေသနစာတမ်း ကို ရှာနေသော အစွန်းရေးနိုင်ငံသား ဂျစ်ရှ်အမစ် (၄၀ နှစ်) သည် အမျိုးသား စာကြည့်တိုက်၌တွေ့ရှိသော စာအုပ် ပေါင်း ၃၀,၀၀၀ ခန့်သည် ပါလက်စတိုင်း များ၏ အိမ်များမှယူခဲ့ပြီး တွေ့ရှိသမျှကို စာရင်းပြုစုရာတွင် ၁၀ နှစ်မှ ၁၅ နှစ် အမည်ကို ခဲတံနဲ့ရေးထားတယ်" ဟု ပါလစ်က အေအက်ဖ်ပီကိုပြောသည်။

ထို အချိန်က စာကြည့်တိုက် ဒါရိုက်တာထံမှ စာများအပါအဝင် မှတ်တမ်းများအရ အစွန်းရေးသုတေသီ များက ထိုစာအုပ်များကို အလွန်တန်ဖိုး ရှိသည်ဟုယူဆပြီး သူတို့အမှန်တကယ် လိုချင်ကြကြောင်း သိရသည်ဟု အမစ် ကပြောသည်။

စာကြည့်တိုက်က စာအုပ်များကို သေချာစွာ စာရင်းပြုစုထားသည်ကို ၎င်းက အသိအမှတ်ပြုသော်လည်း ပိုင်ရှင်များထံပြန်ပေးရန် အဘယ် ကြောင့်မကြိုးပမ်းခဲ့သနည်းဟု မေးမြန်း သက်တမ်းရှိကြောင်း ပြောသည်။

ဘွဲ့ရပြီးနောက် အမျိုးသားစာကြည့် တိုက်၏ အရှေ့တိုင်းကဏ္ဍတွင် ၁၀ နှစ် နီးပါး အလုပ်လုပ်နေသည့် ယူရီပါလစ် သည် အသက်ကြီးသော အစွန်းရေးလူမျိုး ဖြစ်ပြီး စာရင်းပြုစုရာတွင်ပါဝင်ကြောင်း သိရှိရသည်။

စာကြည့်တိုက်အနေဖြင့် ပိုင်ရှင်များ ထံသို့ ပြန်ပေးရန်အတွက် စာအုပ်များ ကို ထိန်းသိမ်းစောင့်ရှောက်ထားရန် အမြဲရည်ရွယ်ကြောင်း ၎င်းကပြော သည်။ "ငြိမ်းချမ်းရေးရတဲ့တစ်နေ့မှာ ပြန်ပေးဖို့ စာအုပ်တွေပေါ်မှာ ပိုင်ရှင်ရဲ့ စာရင်းအင်းတွေ ရှိနေတာ ကြာပြီ။ ဒါကြောင့် ကျွန်တော်တို့ ဒီလိုလုပ်ခဲ့ တာပါ" ဟု ပြောသည်။

ဂျင်းတို့၏ စာအုပ်များသည် ဂျေရုစလင် ဟိုင်ဖာ ဂျက်ဖာ ရာမလာ ဘက်ဒတ် ဘတ်လဟမ် နာဗလပ်စ် ဂျင်နင်း နာဇရက် ဂျာဖာ ဂျယ်ရိကို ဒေသများသို့ ပြန်ပေးရန် ကြိုးပမ်းနေသည်။ ဂျင်းတို့၏ စာအုပ် များကို ဂျေရုစလင်ရှိ ဂျူးမိတ်တွေများ ကသာ အများဆုံးလှူဒါန်းခဲ့သည်။

"ပါလက်စတိုင်းတွေအပေါ် ပြုခဲ့တဲ့ မတရားမှုကို အသိအမှတ်ပြုဖို့ စာကြည့် တိုက်ရဲ့ ဥင်းဆိုမှုဟာ အဆိုးရွားဆုံးပဲ" ဟု ၎င်းကပြောသည်။

အာရပ်-အစ္စရေး ပါလီမန်အမတ် ဂျမားလ်ဇာဟေလ်ကာက ဆာကာကီနီ၏ စာအုပ်များကို 'ရာမလာ'ရှိ Sakakini Cultural Centre သို့ပြန်လွှဲရန် မေတ္တာရပ်ခံသောအခါ စာကြည့်တိုက် က ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုခဲ့ သည်ဟု ၎င်းကပြောသည်။

"ဇာဟေလ်ကာက ဆာကာကီနီရဲ့ စာအုပ်စာရင်း အပြည့်အစုံကို မပေး နိုင်ရင် သူတို့ဘာမှ မလုပ်နိုင်ဘူး"ဟု ၎င်း တို့ပြောကြောင်း အမစ်ကပြောသည်။

"ဒီဟာက စာကြည့်တိုက်မှူးတွေသာ လုပ်နိုင်တာ၊ မတရားတာပဲ"ဟု ၎င်းက ပြောသည်။

ပိုင်ရှင်ဖြစ်ကြောင်း သက်သေပြရမည့် တာဝန်ကို ပိုင်ရှင်များနှင့် အမွေခံသူများ ကို ဘာကြောင့်ပေးရသလဲဟု ရာရှာက မေးခဲ့သည်။

"ပိုင်ရှင်တွေကို ဆက်သွယ်ပြီးပြန်ပေး နိုင်ရက်နဲ့ သူတို့မလုပ်ခဲ့တာ"ဟု ၎င်းက ပြောသည်။

စာကြည့်တိုက်တွင်လုပ်ခဲ့ပြီး စာအုပ် များအပေါ် ခင်တွယ်ခဲ့သော ပါလစ်က "ပျောက်ဆုံးသွားတဲ့ စာအုပ်တွေအပေါ် ဝမ်းနည်းကြေကွဲနေတဲ့ ပါလက်စတိုင်း တွေအပေါ် ကိုယ်ချင်းစာမိပါတယ်"ဟု ပြောသည်။

(အေအက်ဖ်ပီ)

ညွှန့်ညွှန့်ဝင်း ဘာသာပြန်သည်။ ■

GRAND ROYAL

Signature

ENJOY RECOGNITION, ENJOY LIFE!

IBTC

Premium Drinking Water

THE MYANMAR TIMES

သင်ယန္နေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင် www.mmtimes.com အတွဲ ၃၁၊ အမှတ် ၆၁၁ (၈ - ၁၄၊ ၃၊ ၂၀၁၃)

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် ကင်ဆာဖြင့်ကွယ်လွန်

နောက်ထပ်ရွေးကောက်ပွဲတစ်ခုကို ရက်ပေါင်း ၃၀ အတွင်း ပြုလုပ်မည်ဟု နိုင်ငံခြားရေးဝန်ကြီးပြော

ဟာဗားနား – ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် မတ်လ ၅ ရက်နေ့တွင် ကွယ်လွန်သွားခြင်းကြောင့် လက်တင်အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သော ဗင်နီဇွဲလားနိုင်ငံတွင် တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲခြင်း ရက်သတ္တပတ်အဖြစ် ကြေညာထားသည်။ ချာဗက်ဇ် ကွယ်လွန်သွားပြီးနောက် ရေနံကြွယ်ဝသည့် ဗင်နီဇွဲလားနိုင်ငံနှင့် ဆက်ဆံရေး တိုးတက်လာမည်ဟု အမေရိကန်က မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ကင်ဆာရောဂါကို နှစ်ရှည်လများ ခံစားခဲ့ရပြီးနောက် ကွယ်လွန်သွားသော အသက် ၅၈ နှစ်အရွယ် ချာဗက်ဇ်သည် လက်တင်အမေရိက၏ နယ်ချဲ့ဆန့်ကျင်ရေး ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်တစ်ဦး ဖြစ်ပြီး ယခင်က လေထီးစစ်သည်တစ်ဦးလည်းဖြစ်သည်။ ၎င်း ၁၄ နှစ်တာ အုပ်ချုပ်ခဲ့ပြီးနောက် ဗင်နီဇွဲလားနိုင်ငံမှာ မသေချာမရေရာသည့် အနာဂတ်များဖြင့် ကျန်နေရစ်ခဲ့သည်။

လက်တင်အမေရိကရှိ ဗင်နီဇွဲလားနှင့် အယူအဆတူသော မဟာမိတ်နိုင်ငံများမှ ခေါင်းဆောင်များက ဟူဂိုချာဗက်ဇ်ကို ဦးကျူးဂုဏ်ပြုခဲ့ကြသည်။

ကျူးဘားနိုင်ငံနှင့် အရင်းနှီးဆုံး မဟာမိတ်ဖြစ်ပြီး စီးပွားရေးအရအဓိက မဟာမိတ် တစ်ဦးလည်း ဖြစ်သည့် ချာဗက်ဇ် ကွယ်လွန်သွားခြင်းအတွက် တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲသည့် အထိန်းအမှတ်ကို သုံးရက်ပြုလုပ်မည် ဖြစ်ကြောင်း ကျူးဘား အာဏာပိုင်များက ကြေညာခဲ့သည်။

ဘရာဇီးလ်သမ္မတ ဒဲလ်မာရူးဆပ်ဖ်ကလည်း ထူးကဲကြီးမြတ်သော လက်တင်အမေရိကန်တစ်ဦးအဖြစ် ချာဗက်ဇ်ကို ဂုဏ်ပြုပြောကြားခဲ့သည်။

ချာဗက်ဇ်၏ အမေရိကန်ဆန့်ကျင်သော အရေးမစိုက်သည့် အပြုအမူများကို မကြာခဏခံရလေ့ရှိသော အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဗင်နီဇွဲလားပြည်သူများကို အကူအညီပေးမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့ပြီး ချာဗက်ဇ်ကွယ်လွန်မှုကို 'ဗင်နီဇွဲလား နိုင်ငံသားများအတွက် အရေးကြီးသည့် အချိန်ကာလတစ်ခု' ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ပြုလုပ်ခဲ့သော အငြင်းပွားဖွယ်ရွေးကောက်ပွဲအပြီးတွင် သဘောကွဲလွဲမှုများဖြစ်ပေါ်နေသည့် ဗင်နီဇွဲလားနိုင်ငံ၌ နောက်ထပ် မဲဆန္ဒပေးပွဲတစ်ခုကို ရက်ပေါင်း ၃၀ အတွင်း ပြုလုပ်ရန် သေချာကြောင်း နိုင်ငံခြားရေးဝန်ကြီး Elias Jaua က ပြောကြားခဲ့သည်။

ချာဗက်ဇ်၏နေရာကို ဆက်ခံရန် ရွေးချယ်ထားသည့် မာဒူရိုမှာ မကြာမီ ပြုလုပ်မည့် ရွေးကောက်ပွဲမတိုင်ခင် အချိန်အတွင်း ကြားဖြတ်ခေါင်းဆောင် ဖြစ်လာမည်ဖြစ်သည်။

ရုရှားသမ္မတ ပလာဒီမာပူတင်က ချာဗက်ဇ်ကို တစ်မူထူးခြားပြီး ပြင်းပြစိတ်ရှိသော လူတော်တစ်ဦးဖြစ်ကြောင်းနှင့် ရုရှားနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံ ဆက်ဆံရေးတွင်လည်း ကြီးကြီးမားမား အကူအညီများ ပေးခဲ့သူဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရန်သမ္မတ မာမွတ်အာမာဒီနီဂျက်က ဗင်နီဇွဲလား ဒုတိယသမ္မတ နီကိုလပ်စ် မာဒူရိုထံသို့ ပေးပို့ခဲ့သော ဝမ်းနည်းကြောင်း သဝဏ်လွှာတွင် "သူဟာ သူ့နိုင်ငံတိုးတက်ဖို့နဲ့ သူ့ရဲ့ပြည်သူတွေ လွတ်လပ်ဖို့အတွက် သူရဲ့ဘဝကိုပေးခဲ့တာပါ" ဟု ပြောခဲ့သည်။

ချာဗက်ဇ်အာဏာရလာသော ၁၉၉၉ ခုနှစ်မှစ၍ ၎င်းကွယ်လွန်သည့် ၂၀၁၃ ခုနှစ်အထိ အီရန်နိုင်ငံသို့ ၁၃ ကြိမ်သွားရောက်ခဲ့သည်။ အီရန်သမ္မတ အာမာဒီနီဂျက်က ၂၀၀၅ ခုနှစ်မှစပြီး ဗင်နီဇွဲလားနိုင်ငံသို့ ခြောက်ကြိမ် သွားရောက်ခဲ့သည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■



ချာဗက်ဇ်သေဆုံးကြောင်းသိရအပြီး ၎င်းအားထောင်ခံသူတစ်ဦးက ချီလီနိုင်ငံ၊ ဆန်တီယာဂိုမြို့ရှိ ဗင်နီဇွဲလားသံရုံးရှေ့၌ မတ်လ ၅ ရက်နေ့က ဖယောင်းတိုင်မီးများ ထွန်းညှိ၍ဆုတောင်းပေးနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ





THE MYANMA TIMES
မြန်မာသတင်း
Mandalay
မြို့တွင်း

သောကြာနေ့၊ မတ် ၈ - ၁၄၊ ၂၀၁၃



ဖေဖော်ဝါရီလ ၂၈ ရက်နေ့က မန်းစည်ပင်သာယာအစည်းဝေးခန်းမတွင် မြို့တော်ဝန် ဦးအောင်မောင်းက စည်ပင်သာယာလုပ်ငန်းများကို မီဒီယာသမားများအား ရှင်းလင်းပြောကြား နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

၂၀၁၅ ရွေးကောက်ပွဲတွင် မြို့တော်ဝန် ဦးအောင်မောင်း အရွေးခံတော့မည်မဟုတ်

စည်သူလွင်နှင့် သန်းနိုင်စိုး

မန္တလေးမြို့တော်ဝန်အဖြစ် တစ်နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ပြီး ဖြစ်သည့် ဦးအောင်မောင်းသည် လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက် အရွေးခံတော့မည် မဟုတ်ကြောင်း ဖေဖော်ဝါရီလ ၂၈ ရက်နေ့က သတင်း ထောက်များနှင့် တွေ့ဆုံပွဲတွင် ပြောကြား သည်။

"မြို့တော်ဝန်အဖြစ် တာဝန်ယူထား တာ တစ်နှစ်ရှိပါပြီ။ ဒီအတိုင်းအတာ အတွင်းမှာ မြို့တော်ဖွံ့ဖြိုး တိုးတက်ဖို့ အတွက်ကို အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့ သလို အောင်မြင်သင့်သလောက်လည်း အောင်မြင်ခဲ့ပါတယ်။ အခုမြို့အတွက် အလုပ်လုပ်နေတာကိုက ဖွံ့ဖြိုးတိုးတက် ဖို့ စိတ်တစ်ခုတည်းနဲ့ လုပ်နေတာပါ။ အသက်ကလည်း ၇၀ ကျော်ရှိနေပါပြီ။ လာမယ့် ၂၀၁၅ မှာ အရွေးမခံတော့ဘဲ အနားယူပါတော့မယ်"ဟု မြို့တော်ဝန် ဦးအောင်မောင်းက ပြောသည်။

မြို့တော်ဝန်သက်တမ်း တစ်နှစ်အတွင်း ဖြေရှင်းဆောင်ရွက်ခဲ့ရသော ပြဿနာ များမှာ စွေးချို ပျံကျကုန်စိမ်းစျေး အပြောင်းအရွှေ့၊ ပြည်ကြီးမင်္ဂလာ ကုန် တင်ယာဉ်ရပ်နားစခန်းမှ ကုန်တင်ဂိတ် ပြောင်းရွှေ့ရေး ပြဿနာများဖြစ်ကြပြီး ယခုလက်ရှိအချိန်တွင်ပင် ချမ်းမြသာ စည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ လယ်ယာမြေပြဿနာများကို နူးညံ့စွာ ကိုင်တွယ်ဖြေရှင်းနေရသေးသည်ဟု မြို့တော်ဝန်က ပြောသည်။

"အခု မြို့တော်ဝန်ကို ကြိုက်တဲ့သူရှိ သလိုသဘောမကျတဲ့သူလည်း ရှိမှာပေါ့။ ကျွန်တော်တို့ကတော့ စိတ်ကူးထားပြီး သားပါ။ ၂၀၁၅ မှာ သူပြန်ပြီးတော့ ရွေးခံ ခံ၊ မခံခံ မဲပေးဖို့အတွက်ကတော့ အစီ အစဉ်မရှိတော့ပါဘူး ။မြို့တော်ဖွံ့ဖြိုးတိုး တက်မှု တစ်ခုတည်းကိုပဲလုပ်လို့ မရပါ ဘူး။ မြို့တော်နေပြည်သူတွေရဲ့ အမှန် တကယ် လိုအပ်နေတာတွေကိုလည်း သေချာလေ့လာစေချင်တယ်။ ပြဿနာ တစ်ခုကို အတွင်းကျကျဖြေရှင်းပေးစေ ချင်တယ်"ဟု မန္တလေးမြို့ ချမ်းမြသာစည် မြို့နယ်တွင် နေထိုင်သော အသက် ၄၅ နှစ်အရွယ်ရှိ ဦးမျိုးခိုင်က ပြောသည်။

မြို့တော်ဝန် ဦးအောင်မောင်းအား လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရုပ် သိမ်းရန် ၈၈ ကျောင်းသားရဲဘော် ဟောင်းတစ်ဦးက ဦးဆောင်ပြီး ဆန္ဒမဲ ကောက်ယူမှုများပြုလုပ်ခဲ့ရာမှာ ၂၀၁၀ ရွေးကောက်ပွဲ ထောက်ခံဆန္ဒမဲရရှိ မှု၏ တစ်ရာခိုင်နှုန်းကျော်ထိကို ရရှိခဲ့သည်ဟု သိရသည်။

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင် မြေ မြို့နယ်မဲဆန္ဒနယ်(၁)တွင် ဦးအောင် မောင်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီ)နှင့် ဦးမျိုးချစ် (တိုင်းရင်း သားစည်းလုံးညီညွတ်ရေးပါတီ) တို့ ဝင် ရောက်ယှဉ်ပြိုင်ခဲ့ရာ ဦးအောင်မောင်း က ဆန္ဒမဲ ၁၆,၈၆၈ မဲ၊ ဦးမျိုးချစ်က ဆန္ဒမဲ ၁၄,၇၈၈ မဲရရှိခဲ့ကြသဖြင့် ဦးအောင် မောင်းက မဲ ၂,၀၈၀ အသာဖြင့် အနိုင် ရရှိသွားခဲ့ခြင်းဖြစ်သည်။

မြို့တော်ဝန် ဦးအောင်မောင်းသည် အစိုးရသစ်လက်ထက်တွင် အလုပ် သမားဝန်ကြီးဌာနဝန်ကြီး အဖြစ် လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ■

ဝက်နားရွက်ပြာရောဂါ ကြိုတင် ဂရုပြုရန်လိုအပ်လျက်ရှိ

လှိုင်ကျော်စိုး

ဝက်နားရွက်ပြာရောဂါသည် ဖေဖော် ဝါရီ၊ မတ်နှင့် ဧပြီလများတွင် အဖြစ်များ သောကြောင့် ကြိုတင်ဂရုပြုရန် လိုအပ် သည်ဟု မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီး ဌာနမှ တာဝန်ရှိသူများက ပြောသည်။

ဝက်နားရွက်ပြာရောဂါကို ကြိုတင် ကာကွယ် တားဆီးထားနိုင်ရေးအတွက် ဝက်မွေးမြူရေး စနစ်တကျရှိရန်နှင့် ဝက်ခြံများကို သန့်ရှင်းစွာထားရန် လိုအပ်သည်ဟု ခရိုင်ဦးစီးမှူး ဒေါက်တာ အောင်ကြည်ဦးက ပြောသည်။

"ဒီလိုအချိန်တွေမှာ အဖြစ်များတယ်။ များသောအားဖြင့် မိုးရာသီနဲ့ နေပူတဲ့ ရာသီတွေမှာ အဖြစ်များတယ်။ ဒီလို ရာသီတွေမှာ သတိထားရမယ့်အချိန် တွေဖြစ်တယ်။ ဖြစ်တာကတော့ နှစ် ပတ်လည်ဖြစ်တတ်ပါတယ်။ မြန်မာ နိုင်ငံမှာတော့ ဒီလိုရာသီဥတုတွေမှာ အဖြစ်အများဆုံးပဲ။ ဒီဝိုင်းရပ်စ်ပိုးတွေက ပိုဆိုးတယ်။ လေနဲ့အတူပါလာတဲ့ အတွက် ကူးနိုင်တာသေချာတယ်"ဟု ဌာနမှ ပြောသည်။

ဝက်နားရွက်ပြာရောဂါပိုးသည် အဏု ဇီဝရောဂါပိုးမွှားဖြစ်၍ ဝက်ကိုအင်အား လျော့နည်းစေပြီး ခုခံအားကျဆင်းသွား စေကာ အခြားရောဂါပိုးများ ဝင်ရောက် လာတတ်သောကြောင့် ရောဂါဒဏ်ပိုမို ဆိုးရွားစွာခံစားရတတ်ကြောင်း တိုင်း ဒေသကြီး မွေးမြူရေးနှင့်ရေလုပ်ငန်း ဦးစီးဌာနမှ ဒေါက်တာဇော်လွန်းအောင် က ပြောသည်။

ရောဂါပိုးဖြစ်စဉ်က မြန်တဲ့အတွက် ကာကွယ်ဆေး ထိုးရတာ ခက်တယ်

"ဝက်နားရွက်ပြာရောဂါက ဗက်တီး ရီးယားရောဂါတွေ အကုန်ဝင်နိုင်တယ်။ ခံနိုင်ရည်လည်းကျသွားတယ်။ ခံနိုင်ရည် ကျသွားတဲ့အချိန်မှာ တခြားရောဂါတွေ ဝင်နိုင်တယ်"ဟု ၎င်းကပြောသည်။

ဝက်နားရွက်ပြာရောဂါသည် ကာ ကွယ်၍မရသကဲ့သို့ ကုသ၍လည်း မရနိုင်ကြောင်း၊ ထိုရောဂါရရှိပါက သေ ဆုံးရန် ရာခိုင်နှုန်းပြည့်ဖြစ်ကြောင်း၊ ရောဂါပိုးဖြစ်စဉ်သည် မြန်ဆန်၍ ဆေးထိုးရန်ခက်ခဲကြောင်း ဒေါက်တာ ဇော်လွန်းအောင်က ပြောသည်။

"ရောဂါပိုးဖြစ်စဉ်က မြန်တဲ့အတွက် ကာကွယ်ဆေးထိုးရတာ ခက်တယ်။ ရန်ကုန်မှာထိုးတဲ့ဆေးက မန္တလေးမှာထိုး ပေးလို့ ရချင်မှရတာ။ တခြားနိုင်ငံက ကာကွယ်ဆေးလည်း ထိုးလို့မရဘူး။ မြန်မာနိုင်ငံမှာလည်း ကာကွယ်ဆေး မထုတ်နိုင်သေးဘူး။ ကာကွယ်ဆေးထိုး လို့တခြားရောဂါတွေဖြစ်သွားရင် ပိုခက် မှာစိုးလို့ ကာကွယ်ဆေးထိုးတာကို တား ဆီးထားတယ်"ဟု ၎င်းက ပြောသည်။

ဝက်နားရွက်ပြာရောဂါကို ကာကွယ် ၍မရသော်လည်း တစ်ဆင့်ဝင်ရောက် နိုင်သောရောဂါများကိုမူ ကာကွယ်နိုင် ကြောင်း၊ အဓိကအားဖြင့် ဇီဝလုံခြုံရေး ကို အဓိကထား လုပ်ဆောင်ကာကွယ် ရမည်ဖြစ်ကြောင်း သိရသည်။

"ခြံထဲမှာ လူဝင်လူထွက်တားရမယ်။ ဝက်တွေကို အရည်အသွေးရှိတဲ့အစာနဲ့ ရေတိုက်ကျွေးရမယ်။ အရိပ်ရတဲ့နေရာ တွေမှာထားရမယ်။ ဝက်နားရွက်က ပြာ နေတိုင်း ဝက်နားရွက်ပြာရောဂါ မဟုတ် ပါဘူး"ဟု ဒေါက်တာ ဇော်လွန်းအောင် က ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၁ ခု နှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း မြို့နယ်ငါးမြို့နယ်တွင် ဝက်နားရွက်ပြာ ရောဂါဖြစ်ပွားခဲ့ပြီး ဝက်ကောင်ရေ ၄၁၄ ကောင်သေဆုံးကာ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၇ ရက်မှစ၍ ထိန်းချုပ်နိုင်ခဲ့သည်ဟု သိရသည်။ ■


ဒေါက်တာ (B.Econ.Dip.Ed.) အထက်တန်းကျောင်းဆရာသုတကြိုး(ပြီးမြောက်)၊ စ.က.တ(ဂ)မန္တလေးမြို့ ဦးစီးဌာန ဒေသစီးပွါးရေး(B.Econ.Statistics, Hons)တည်ထောင်သော
ပေးခြင်းနှင့် ဘူမိုးကောင်းမည်
ပါရင်းဆရာ / သရုပ်ပြကြိုးများ သင်ကြားပို့ချပေးမည်
ဆွေး ဝေဆွေးတာ သာမည
ဒေးဗစ် ဝေဆွေးတာ ထာဝရ
ဒေဗီ ဝေဆွေးတာ အစိုက
ခေမီ ဝေဆွေးတာ
ဒေတီဝင်ခြင်းခွင့်ဒေဒို့ စီးပြီးဒေတစ္ဆာဆေးပွဲ
ဒေါက်တာ (B.Econ.Dip.Ed.) အထက်တန်းကျောင်းဆရာသုတကြိုး(ပြီးမြောက်)၊ စ.က.တ(ဂ)မန္တလေးမြို့ ဦးစီးဌာန ဒေသစီးပွါးရေး(B.Econ.Statistics, Hons)တည်ထောင်သော
ဒေါက်တာ ဝေဆွေးတာ သာမည
ဒေါက်တာ ဝေဆွေးတာ သာမည
ဒေါက်တာ ဝေဆွေးတာ သာမည

UPPER MYANMAR
www.mmtimes.com
jrefrmjynftxufykdowif;2



ကျူကျော်သူများ ဖယ်ရှားရှင်းလင်းရာတွင် တရားမဝင်မြေဝယ်မိထားသူတစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

တရားမဝင်မြေ ဝယ်ယူထားသူများကိုတန်ဖိုး နည်းအိမ်ရာများ ဦးစားပေး ရောင်းချသွားမည်

သန်းနိုင်ဝိုးနှင့် စည်သူလွင်

မန္တလေးမြို့၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျူးကျော်သူများကို ဖယ်ရှားရှင်းလင်းကာ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရန်စီမံထားပြီး တရားမဝင်မြေ ဝယ်ယူထားမိသူများကို ဦးစားပေးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"တရားမဝင်မြေဝယ်ယူထားသူများအနေနဲ့ဖယ်ရှားမပေးဘဲမြေကွက်အစားထိုးပေးဖို့ တောင်းဆိုတာတွေရှိခဲ့တယ်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ မြေကွက်အစားထိုးပေးဖို့အတွက် မြေလည်းမရှိဘူး။ ဥပဒေအရလည်း လယ်ယာမြေများကို ထပ်မံသိမ်းဆည်းဖို့မရှိပါဘူး။ ကူညီပေးနိုင်တာကတော့ တရားမဝင်မြေ ဝယ်ယူထားသူတွေကို တန်ဖိုးနည်းအိမ်ရာတွေ ဦးစားပေးရောင်းချပေးဖို့ စီစဉ်ဆောင်ရွက်ပေးသွားဖို့ပဲဖြစ်ပါတယ်"ဟု မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ပြောကြားသည်။

ကျူးကျော်နေထိုင်သူများကို ဖယ်ရှားရှင်းလင်းပြီးဖြစ်သော မြရည်နန္ဒာရပ်ကွက်တွင် မြို့ကွက်ပုံစံစနစ်တကျ ရေးဆွဲပြီး တန်ဖိုးနည်းအိမ်ရာများ ဆက်လက်အကောင်အထည်ဖော် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း မြို့တော်ဝန် ဦးအောင်မောင်းက ပြောသည်။

တန်ဖိုးနည်းအိမ်ရာများကို လာမည့် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွင်း အပြီးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းနှင့် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စည်ပင်သာယာမှာ ဒီလောက်ငွေကြေး အကုန်အကျခံနိုင်တဲ့ အင်အားမရှိပါဘူး။ ဒါကြောင့် ဘဏ်ကနေငွေချေးပြီး ဆောင်ရွက်မှာပါ။ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွင်းမှာ အပြီးဆောင်ရွက်သွားမှာပါ။ တန်ဖိုးနည်းအိမ်ရာ ဆောက်ဖို့အတွက် ရှေ့လထဲမှာ နည်းပညာလေ့လာနိုင်ဖို့ နိုင်ငံခြားကို အဖွဲ့တစ်ဖွဲ့စေလွှတ်မယ်။ ရောင်းချမယ့်ပုံစံက တတ်နိုင်လို့ရှိရင် လက်ငင်းဝယ်မယ်ဆိုလည်း ရောင်းပေးပါမယ်။ အရစ်ကျနဲ့လည်း ရောင်းပေးမယ်။ အစိုးရအဖွဲ့ကလည်း ဘယ်လို အရစ်ကျပုံစံနဲ့ ရောင်းမယ်ဆိုတဲ့ပုံစံကို တင်ပြပါဆိုလို့ တင်ပြထားပါတယ်"ဟု မြို့တော်ဝန်က ပြောသည်။

မန္တလေးမြို့သည် ငလျင်ကြောပေါ်တွင်တည်ရှိသည့်အတွက် တန်ဖိုးနည်းအိမ်ရာများကို အကောင်အထည်ဖော်ရာတွင် အနည်းဆုံးရစ်ခ်ါတစကေး ၇ ဒသမ ၅ ခံနိုင်သည့်အဆောက်အအုံများဖြစ်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့ဟာ ငလျင်ကြောပေါ်မှာ ရှိတယ်။ ဒီအချက်ဟာ လုံးဝမေ့ထားလို့ မရပါဘူး။ အဆောက်အအုံဆောက်ရင် အနည်းဆုံးရစ်ခ်ါတာစကေး ၇ ဒသမ ၅ လောက်ကို ခံနိုင်မှစိတ်ချရမယ်။ ဒီလို အဆောက်အအုံလည်း ဖြစ်ရမယ်။ တန်ဖိုးလည်း နည်းရမယ်ဆိုပြီး ကျွန်တော်တို့ ကြိုးစားနေပါတယ်"ဟု မြို့တော်ဝန် ဦးအောင်မောင်းက ပြောသည်။

တန်ဖိုးနည်းအိမ်ရာများကို ကျပ်သိန်း တစ်ရာအောက်ရောက်ရန် လေ့လာမှုများပြုလုပ်နေပြီး လောလောဆယ်တွင် စျေးနှုန်းအတိအကျကို မပြောနိုင်သေးကြောင်း ၎င်းက ပြောကြားသည်။ ■

မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

ဌေးဝါလွင်

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ရင်နှီးမြှုပ်နှံရေးနှင့် စီးပွားရေးဆိုင်ရာ ရောင်းသူ၊ ဝယ်သူလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့က မန္တလေးမြို့၊ ရွှေပြည်သာဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

"မြန်မာနိုင်ငံဟာ ပွင့်လင်းမှုရှိလာပြီဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အဘက်ဘက်ကပူးပေါင်းဆောင်ရွက်မှုတွေရှိလာပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေလည်း ရှိပါတယ်။ ဒီလို ရင်းနှီးမြှုပ်နှံမှုတွေ လုပ်တဲ့နေရာမှာ အိန္ဒိယနိုင်ငံအနေနဲ့ ကုန်ပစ္စည်းတွေရဲ့ အရည်အသွေးကို ထိန်းချုပ်သွားမှာဖြစ်ပါတယ်"ဟု မန္တလေးမြို့ရှိ အိန္ဒိယနိုင်ငံကောင်စစ်ဝန် ချုပ်ဒေါက်တာ မဒမ်းပိုဟန်ဆေသီက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့ဆွေးနွေးလိုသော အကြောင်းအရာများကို အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးတိုင်ပင်ပြီး ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း၊ အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ကျေးလက်နေ ပြည်သူတို့၏ လူနေမှုဘဝတိုးတက်မြင့်မားလာစေရေး တို့ကို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်ဟုလည်း ၎င်းက ပြောကြားသည်။

"မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံဟာ ယဉ်ကျေးမှု၊ ဘာသာစကား အရမ်းရင်းနှီးဆက်နွှယ်ပါတယ်။ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတွေလည်း ရှိပါတယ်။ လက်ရှိနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့အတွက် စီးပွားရေး၊ လူမှုရေးတွေမှာ အားနည်းချက်တွေရှိပါတယ်။ အားလုံးကိုလည်းကြိုးစားပြီး ဆောင်ရွက်သွားမှာပါ"ဟု မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဒေါက်တာမြင့်ကြူက ပြောသည်။

တခြား ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများ၊ တိုးတက်ဆဲနိုင်ငံများနှင့်ပူးပေါင်း၍နိုင်ငံ၏ တိုးတက်မှုများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာသုံး ဘာသာစကားဖြစ်သော အင်္ဂလိပ်ဘာသာကို ယုံကြည်ချက်ရှိရှိ ပြောဆိုပြီး ရောင်းသူ၊ ဝယ်သူများ အဆင်ပြေစေလိုကြောင်းလည်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံရှိ စစ်ကိုင်းတိုင်းဒေသကြီးသည် အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုများရှိပြီး၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းမှုသည် ၄၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာသည်ဟု စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ ဝန်ကြီး ဦးသန်းထိုက်က ပြောသည်။

"မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံကနေ လောင်စာတွေ၊ စက်သုံးဆီတွေကို ဝယ်ယူပါတယ်။ စစ်ကိုင်း၊ ရွှေဘိုနဲ့ ကလေးဒေသထွက်ကုန်တွေဖြစ်တဲ့ ကောက်ပဲသီးနှံတွေကိုလည်း အိန္ဒိယနိုင်ငံကို ရောင်းချပေးသွားမှာဖြစ်ပါတယ်"ဟု ဦးသန်းထိုက်က ပြောသည်။

အဆိုပါပွဲတွင် ဘဏ္ဍာရေးဆိုင်ရာနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အဖွဲ့ဝင် ၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် တခြားစီးပွားရေးလုပ်ငန်းရှင်များဆွေးနွေးခဲ့ကြသည်။ ■

၂၀၁၂ အလင်္ကာ စာပေဆု မသီတာ (စမ်းချောင်း) ရရှိ

မန္တလေးမြို့၊ အခြေစိုက် ရာပြည့်စာအုပ်တိုက်မှ ချီးမြှင့်သည့် ဒုတိယအကြိမ် မြောက်အလင်္ကာစာပေဆုကို 'စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်' စာအုပ်ဖြင့် မသီတာ (စမ်းချောင်း) က ရရှိခဲ့သည်။

အဆိုပါဆုကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့က မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ်တွင် အခမ်းအနားဖြင့်ချီးမြှင့်ခဲ့ပြီး၊ စာရေးဆရာမ မသီတာ (စမ်းချောင်း) အား အလင်္ကာစာပေဆုအတွက် ကျပ်ငါးသိန်း ပေးအပ်ခဲ့ကြောင်းသိရသည်။

ဒုတိယအကြိမ်မြောက် အလင်္ကာစာပေဆုရှင် မသီတာ (စမ်းချောင်း)

မန္တလေးစာမျက်နှာ ၃ သို့



ကာတွန်းဆရာ အောင်မောင်က ကာတွန်းရေးဆွဲထားသည့်အကြောင်း အရာနှင့်စပ်လျဉ်း၍ စာရေးဆရာကြီးများအား ရှင်းလင်းပြသနေစဉ်။ ဓာတ်ပုံ - စည်သူလွင်

'တုတ်ထိုးအိုးပေါက်' အမည်ဖြင့် ဒုတိယအကြိမ် ကာတွန်းပြပွဲကို သီရိ ပန်းချီအနုပညာပြခန်း၌ပြသ

စည်သူလွင်

'တုတ်ထိုးအိုးပေါက်' အမည်ဖြင့် ဒုတိယအကြိမ်ကာတွန်းပြပွဲကိုယခုလ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ မန္တလေးမြို့ ၃၄ လမ်းရှိ 'သီရိ' ပန်းချီအနုပညာပြခန်း၌ ပြသခဲ့သည်။

ပထမအကြိမ်တွင် ကာတွန်းဆရာငါးဦး ပါဝင်ပြသခဲ့သော်လည်း ယခုဒုတိယအကြိမ်တွင် တစ်ဦးတိုးကာ ကာတွန်းဆရာခြောက်ဦးက မျက်မှောက်ခေတ်ကာလကို ထင်ဟပ်ဖော်ပြနေသော ကာတွန်းကားများဖြင့် ပြသခဲ့ကြသည်။

"ကာတွန်းကား အားလုံး ၃၇ ကား ပြသခဲ့တယ်။ အကုန်လုံးကတော့ ခေတ်ကို ထင်ဟပ်ပြနေတဲ့ကားတွေပါပဲ။ ကာတွန်းတစ်ကွက်ကြည့်လိုက်တာနဲ့ ဘာကိုရည်ရွယ်တယ်ဆိုတာ သိနိုင်ပါတယ်"ဟု ကာတွန်းဆရာ အောင်မောင်က မြန်မာတိုင်း(မဲ)ကို ပြောသည်။

ယခုတစ်ကြိမ်ပြပွဲမှ ရောင်းရငွေများကို ကာတွန်းဆရာများ ကျန်းမာရေးနှင့် နာမှုကူညီရေးအဖွဲ့အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ်တွင် ကာတွန်းရှုပ်ရှုပ်၊ ကာတွန်းဝေယံ၊ ကာတွန်းအောင်မော်၊ ကာတွန်းပံသုအောင်၊ ကာတွန်းငယ်လေး (မန်း) နှင့် ကာတွန်းစည်သူကျော်တို့က ပြသခဲ့ကြသည်။

'တုတ်ထိုးအိုးပေါက်' ကာတွန်းပြပွဲ ပထမအကြိမ်အဖြစ် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၀ ရက်နေ့အထိ 'သီရိ' ပန်းချီပြခန်း၌ပင် ကာတွန်းကားပေါင်း ၂၇ ကားပြသခဲ့ပြီး ရောင်းရငွေစုစုပေါင်းကိုးသိန်းကျော်ကို လျော်ဒဏ်ခံနှင့် ကချင်စစ်ဘေးဒုက္ခသည်များအတွက် လှူဒါန်းနိုင်ခဲ့ကြောင်း သိရှိရသည်။ ■

အရေးပေါ် နှလုံးသွေးကြောချဲ့ ကုသခြင်း အောင်မြင်ခဲ့

စည်သူလွင်

မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်သော အရေးပေါ် နှလုံးသွေးကြောချဲ့ကုသမှုကို မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီလ ၂၈ ရက်မှစတင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း ဆေးကုသမှုတွင် ပါဝင်ခဲ့ကြသော နှလုံးရောဂါကုသမားတော်ကြီးများက ပြောသည်။

"နှလုံးသွေးကြောပိတ်တာကို အရေးပေါ်အနေနဲ့ ကုသလိုက်မယ်ဆိုရင် အကျိုးဆက်က နှလုံးကြွက်သားတွေက ပုံမှန်အတိုင်း ပြန်ပြီးအလုပ်လုပ်နိုင်လာမယ်။ နောက်ပိုင်းမှကုသမယ်ဆိုရင်တော့ ပုံမှန်ပြန်ဖြစ်ဖို့မလွယ်ပါဘူး။ အရင်ကတော့ သောက်ဆေး၊ ထိုးဆေးနဲ့ပဲ ကုသခဲ့ရတယ်။ အခုဆိုရင် ပြည်သူ့ဆေးရုံကြီးမှာ အရေးပေါ်နှလုံးသွေးကြောပိတ်တာတွေကို သွေးကြောချဲ့ပြီး ကုသနိုင်ပါပြီ"ဟု မန္တလေးပြည်သူ့ဆေးရုံကြီး၊ နှလုံးရောဂါအထူးကုဌာန၊ ပါမောက္ခဌာနမှူး ဒေါက်တာ သန်းသန်းကြိုင်က ပြောသည်။

ယခင်က နှလုံးသွေးကြောပိတ်ရောဂါကို သွေးခဲဆေးသွင်း၍ ကုသခဲ့ရာတွင် အများဆုံး ၆၀ ရာခိုင် နှုန်းထိသာ သွေးကြော ပြန်ပွင့်တတ်သော်လည်း ယခုအခါတွင် အရေးပေါ် သွေးကြောချဲ့ကုသခြင်းဖြင့် မိနစ် ၃၀ ခန့်အတွင်း သွေးကြောပြန်ပွင့်ရန် ၉၀ ရာခိုင်နှုန်း သေချာနေပြီဖြစ်သည်ဟု နှလုံးရောဂါအထူးကုဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်စိုးဝင်းက ပြောသည်။

"ကုန်ကျစရိတ်ကတော့ နိုင်ငံတော်ကို စက်ဖိုးအနေနဲ့ ကျပ်ငွေ နှစ်သိန်း သွင်းရမှာပါ။ တခြားလိုအပ်တဲ့ ဆေးဝါးပစ္စည်းတွေကိုတော့ လက်ရှိမှာ ဩစတြေးလျက အဖွဲ့တွေက လာလှူသွားတာလည်း များသေးတော့ တချို့ပစ္စည်းတွေ ရှိနေတဲ့အတွက် ကုန်ကျစရိတ်ကတော့ အထူးသက်သာမှာပါ။ ပုံမှန်ဆိုရင်တော့ ပျမ်းမျှသိန်း ၂၀ လောက်တော့ကုန်ကျမှာပါ။ နိုင်ငံခြားကိုသွားပြီး ကုသမယ်ဆိုရင်တော့ အနည်းဆုံး သိန်း ၁၀၀ လောက် ထိကုန်ကျနိုင်တယ်"ဟု ဒေါက်တာ ကျော်စိုးဝင်းက ပြောသည်။

မြန်မာနိုင်ငံရဲ့ မိတ်ဖက်နိုင်ငံ ဖြစ်သော အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှ နှလုံးသွေးကြောချဲ့ ကုသနိုင်ခြင်းအတွက် လိုအပ်သည့် ဆေးဝါးနှင့် ပစ္စည်းများကို နှစ်နှစ်ထောက်ပံ့ပေးမည့် အစီအစဉ်များရှိသည်ဟုလည်း သိရသည်။

"ဘယ်နိုင်ငံလဲဆိုတာကိုတော့ ပြောလို့ မရသေးပါဘူး။ မိတ်ဖက်နိုင်ငံတစ်ခုပါပဲ။ ဒီကဆရာဝန်တွေနဲ့ သူနာပြုတွေကိုလည်း နှလုံးရောဂါနဲ့ ပတ်သက်တာတွေကို ပညာသင်အနေနဲ့ လွှတ်နိုင်အောင်လည်း ကြိုးစားသွားမှာပါ။ အခုလက်ရှိကုသနေတဲ့ စက်ထက်ကောင်းမွန်တဲ့ စက်အသစ်ကြီးတစ်လုံးကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆက်ပြီး တပ်ဆင်ပေးဖို့အတွက်ကိုလည်း စီစဉ်ဆောင်ရွက်နေပါတယ်"ဟု မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး၊ ဒေါက်တာမောင်ဝင်းက ပြောသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးအကြိမ် အရေးပေါ် နှလုံးသွေးကြောချဲ့ ကုသမှုအဖြစ် မန္တလေးဆေးရုံကြီးတွင် ရွှေဘိုမြို့မှ လာရောက်၍ ကုသမှု ခံယူခဲ့သော ဦးစိန်ဝင်းက "နှလုံးသွေးကြောပိတ်လို့ အရေးပေါ်အနေနဲ့ မန္တလေးကိုလာရတာ။ ခံစားရတာ ကတော့ အော်နေရတယ်။ အခုလို ကုသဖို့အတွက် မိသားစုနဲ့ အချိန်အတိုင်းအတာ တစ်ခုထိတော့ တိုင်ပင်ခဲ့ရတယ်။ ကုသတာကလည်း မိနစ်သုံးဆယ်လောက်ပဲ ကြာတယ်။ ကုသပြီးတော့ နေထိုင်ရတာ အရင်ထက် ပိုပြီးတော့ သက်သောင့်သက်သာ ရှိတယ်"ဟု ပြောသည်။

ထိုသူနာပြုဆရာမက "ဒီလိုကုသမှုမျိုးကို ကျွန်မတို့ ဆေးကျောင်းသင်တန်းတုန်းက ကြားဖူးခဲ့ပေမယ့် ဒီလိုတစ်ခါမှ မတွေ့ဖူးခဲ့ပါဘူး။ ဒီလိုကုသမှုမျိုးကို ကျွန်မတို့ ဆေးရုံမှာ ပထမဆုံးအကြိမ် ကုသတာဆိုတော့ ကျွန်မတို့ အားလုံးလည်း ဝမ်းသာအားရ ဖြစ်ကြပါတယ်

သာသနာ့နယ်မြေ မုခ်ဦးလမ်းများ ပျောက်ဆုံးသည်ကို တိုင်ကြားသော်ငြား အကြောင်းမထူးဟုဆို

ခင်ဆုဝေ

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင်ဘုရားများပတ်လည်ရှိ မြေနေရာများတွင် အကွက်ရိုက်ပြီး ဝင်းထရံခတ်ကာ အိမ်နေရာများပြုလုပ်နေသည့် အကြောင်းအရာများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြသော်လည်း ယခုအချိန်ထိ အကြောင်းမထူးသေးကြောင်း ဘုရားသုံးဆူ ဂေါပကဥက္ကဋ္ဌ ဦးဆန်းထွန်းက ဆိုသည်။

ထိုသို့လယ်မြေများပေါ်တွင် မြေနေရာသတ်မှတ်ကာ ရောင်းဝယ်ခြင်းများလည်း ပြုလုပ်နေကြောင်း စုစုပေါင်းသုံးကြိမ် တိုင်ကြားထားသော်လည်း အကြောင်းမထူးကြောင်း၊ တိုင်းရုံးထိတက်ရန် စိတ်ကူးကြောင်း ၎င်းက ဆိုသည်။


"မြို့နယ်အုပ်ချုပ်ရေးမှူးကိုလည်း ပြောပြီးပြီ။ အဲလိုမြေနေရာယူတဲ့သူတွေနဲ့ သူလည်း တွေ့ဆုံဆွေးနွေးပါတယ်။ သာသနာရေးရာဌာနကိုလည်း သွားပြောထားတယ်။ အဲဒါလည်း မထူးဘူး။ ဘာမှကို အကြောင်းမထူးတာပါ။ အခုဟာက လူနေခြံဝင်းတွေက ဘုရားပရိဝုဏ်တံတိုင်းထိ ရောက်လာတယ်။ ဘုရားစေတီ မုခ်ဦးလမ်းတွေ ပျောက်ရတယ်။ ဘယ်လောက်ဆိုးလဲဆိုရင် ဘုရားရှေ့မှာ ဝင်းခြံတွေဆောက်တယ်။ အိမ်သာဆောက်ထားတယ်" ဟု ၎င်းက ဆိုသည်။

ရှေးဦးစွာ အသက် ၈၀ အရွယ်ရှိ ဘုရားသုံးဆူ ဂေါပကနာယက ဦးကံထူးကလည်း "ဒီဘုရားတံတိုင်းကြီး အပြင်ဘက်မှာ ဘုရားပတ်လမ်း ရှိပါတယ်။ ဘုရားပတ်လမ်းက ပေ ၂၀ လောက် ကျယ်ပါတယ်။ ကျွန်တော် ၁၅ နှစ် သားလောက်က။ အဲဒီနောက်က လယ်မြေတွေရှိပါတယ်။ အခုကျတော့ မုခ်ဦးအထွက်နဲ့ တံတိုင်းတွေမှာ ဝင်းခြံတွေ ပိတ်တဲ့နေရာက ပိတ်၊ တံတိုင်းထိတိုးချဲ့ခတ်ထားတဲ့အတွက် သာသနာ့နယ်မြေကို သတ်သတ်မှတ်မှတ် ဖော်ထုတ်ပေးစေချင်ပါတယ်" ဟု ဆိုသည်။

စေတီတော်အတွက် အုတ်ဖုတ်သည့် ကန်တချို့သည်လည်း အိမ်ဝင်းထဲထိ ရောက်ကုန်ကြောင်း ၎င်းက ဆိုသည်။

"ခြောက်လမ်းသွားလမ်းမကြီးလည်း ရှိလာတယ်။ ပြီးတော့ နည်းပညာတက္ကသိုလ်လည်းရှိလာတယ်။ ငါးနှစ်လောက်ရှိလာပြီ။ ဒီနေရာတွေက စည်လာတယ်။ အဲဒါတွေကြောင့် အဲလိုမျိုးဖြစ်လာတာလို့ပဲထင်တယ်" ဟု ဂေါပကအဖွဲ့ဝင် ဦးရှိန်းက ဆိုသည်။

အဆိုပါ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာ အရှေ့တောင် ထောင့်တွင်ရှိသည့် လောကတန်ဆောင်စေတီတော်ကြီး၏ မြောက်ဘက်မုခ်ဦးမှ အဝင်လမ်းမကြီးသည် မြို့ပတ်လမ်း ဖြစ်သော ခြောက်လမ်းသွားလမ်းမကြီးနှင့် ပေ ၁၅၀ ခန့်ကွာဝေးသည်။ ၎င်းလမ်းမကြီး ဘေးဘယ်ညာမြေပိုင်ရှင်မှာ ဦးဝင်းဘိုဖြစ်ပြီး ရွာလယ်ဓမ္မာရုံတွင် ရပ်ရွာလူကြီးများကို ခေါ်ယူကာ လမ်းအကျယ် ၁၂ ပေထားရန် ၂၀၁၀ပြည့်နှစ်က ခေါ်ယူပြောကြားရာ ၎င်းကိုယ်တိုင် သဘောတူကြောင်း ပြောခဲ့သော်လည်း ယခုအခါတွင် ဘုရားလမ်းမကြီးမှာ ကတိပြုထားသည့်အတိုင်း သတ်မှတ်အကျယ် ၁၂ ပေ မရှိသဖြင့် သတ်မှတ်အကျယ်ကို ပြန်လည်ယူလိုကြောင်း ဂေါပကအဖွဲ့က ဆိုသည်။



ဘုရားမုခ်ဦးလမ်းတွင် ခြံစည်းခတ်ထားသည့်ကိုတွေ့ရစဉ်။ ဓာတ်ပုံ - ခင်ဆုဝေ

ထို့ပြင် ယမန်နှစ် ဇန်နဝါရီလပိုင်းက မြို့နယ် ဦးစီးအရာရှိကိုယ်တိုင် ဘုရားသို့ လာရောက်၍ မုခ်ဦးလမ်းများ ဖွင့်ပေးမည်ပြောသော်လည်း ယခုထက်ထိ အကြောင်းမထူးသေးကြောင်း သိရသည်။ ဘုရားရေကန်ကိုလည်း ပေတိုင်းပေးခဲ့ကြောင်း သိရသည်။

ဦးဝင်းဘိုသည် အကျယ် ၉၅-၆၆ ပေရှိ ဘုရားရေကန်ကို ၎င်း၏မြေကွက်အတွင်းထည့်ကာ စည်းရိုးအလုံခတ်ထားကြောင်းလည်း သိရသည်။

"ဘုရားရေကန်ဖြစ်ကြောင်း ဦးဝင်းဘိုကိုယ်တိုင်မှတ်တမ်းစာအုပ်မှာ လက်မှတ်ထိုးပြီးသား။ တစ်ရွာလုံးလည်း ဘုရားကန်ဆိုတာအသိ။ အကုန်ခြံစည်းရိုးငုံပြီး ခတ်ထားတယ်။ နောက်ပြီးစေတီတော်ကြီးရဲ့ ကပ်ရက် အရှေ့ အနောက် ၇၅ ပေ၊ တောင်မြောက် ၃၂ ပေကို ယောက်ကော်ဆရာတော်က ဦးဝင်းဘိုဆီက ၃,၀၀၀ နဲ့ ဝယ်ထားဖူးတယ်။ အခု သူကိုယ်တိုင် လူဒါန်းရောင်းချထားတဲ့မြေကွက်ကို သူပိုင်တယ်ဆိုပြီး ခြံစည်းရိုးအလုံခတ်ပြီး အိမ်တွေဆောက်လုပ်ထားတယ်" ဟု ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌက ဆိုသည်။

ထိုသို့ဘုရားတစ်ဝိုက် ခြံစည်းရိုးများ လတ်လတ်ဆတ်ဆတ် ခတ်ထားခြင်းသည် မကြာခင်က ဖြစ်လာခြင်းဖြစ်ကြောင်း၊ လွတ်တော်တွင် မြေယာကိစ္စနှင့် ပတ်သက်၍ အသံများကျယ်လောင်လာသည့်အတွက်ကြောင့် ထိုသို့ခတ်ခြင်းဖြစ်နိုင်ကြောင်း ၎င်းက ဆိုသည်။

"မင်းတုန်းမင်း လက်ထက်ကတည်းက တည်ခဲ့တဲ့ဘုရားတွေပါ။ ဘိုးဘိုးလေးစေတီလည်း အရှေ့အနောက်တောင်မြောက် ပေ ၅၀ ခွာပြီး ပြုပြင်ခွင့်ပေးပြီး လျှောက်ထားတယ်။ ဒီမတ်လဆန်းကပါ။ လောကတန်ဆောင်စေတီ မြောက်ဘက်ကနယ်တွေဟာလည်း အကျဉ်းဦးစီးစီမံကိန်းနဲ့ သိမ်းတဲ့နယ်မြေတွေ၊ အဲဒါလည်း ခြံစည်းရိုးခတ်ထားတယ်။ အခု ဘုရားသုံးဆူပတ်ပတ်လည်မှာ ခြံစည်းရိုးခတ်ထားတဲ့ဝိုင်းတွေချည်းပဲ" ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌက ဆိုသည်။ ■

လေးနိုင်ငံ ကားမောင်းပြိုင်ပွဲ မန္တလေးမြို့မှ ပြန်လည် တာထွက်ခဲ့ကြ

သန်းနိုင်စိုး

ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်နှင့်မြန်မာနိုင်ငံတို့ပါဝင်သော လေးနိုင်ငံကားမောင်းပြိုင်ပွဲ (BCIM Car Rally 2013) ပြိုင်ပွဲဝင်ကားများသည် မတ်လ ၁ ရက်နေ့ နံနက် ၇ နာရီခန့်တွင် မန္တလေးမြို့မှ ပြန်လည်တာထွက်ခဲ့ကြောင်း သိရသည်။

ကိုလ်ကတ္တားမြို့မှ ကူမင်းမြို့အထိ ကီလိုမီတာ ၃,၀၀၀ မောင်းနှင်မည့် လေးနိုင်ငံကားမောင်းပြိုင်ပွဲတွင် ကားစီးရေ ၂၀ ပါဝင်ပြီး ဘင်္ဂလားဒေ့ရှ်မှ ၁၃ ဦး၊ တရုတ်မှ ၁၈ ဦး၊ အိန္ဒိယမှ ၃၀ ဦး၊ မြန်မာနိုင်ငံမှ ၁၇ ဦးပါဝင်ကြောင်းသိရသည်။

အဆိုပါကားမောင်းပြိုင်ပွဲကို အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့မှ ဖေဖော်ဝါရီလ ၂၂ ရက်နေ့က စတင်ထွက်ခွာလာခဲ့ပြီး မတ်လ ၅ ရက်နေ့တွင် တရုတ်နိုင်ငံ ကူမင်းမြို့တွင် ပန်းဝင်မည်ဖြစ်ကြောင်း နှင့် ခရီးစဉ်တစ်လျှောက် ၁၂ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ■



ပြိုင်ပွဲကားများ မတ်လ ၁ ရက်နေ့က တာထွက်မောင်းနှင်ကြစဉ်။ ဓာတ်ပုံ - သန်းနိုင်စိုး

သောက်သုံးရေမလာပါက မြို့တော်စည်ပင်မှ ရေကားများဖြင့် အခမဲ့ဖြန့်ဖြူးပေးမည်

စည်သူလွင်နှင့် သန်းနိုင်စိုး

မန္တလေးမြို့တွင် ယခုနှစ်နွေရာသီမှစတင်၍ မြို့တော်စည်ပင်သာယာရေးကော်မတီမှဖြန့်ဝေပေးနေသောသောက်သုံးရေမလာပါက မြို့တော်စည်ပင်က ရေကားများဖြင့် အခမဲ့ပို့ဆောင်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်ဟု မြို့တော်ဝန်ဦးအောင်မောင်းက ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ပြောသည်။

မန္တလေးမြို့တွင်း ရပ်ကွက်များတွင် ရေပေးဝေရေးမှ ဖြန့်ဖြူးသော သောက်သုံးရေမလာပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် အကြောင်းကြားတောင်းဆိုနိုင်သည်ဟု ၎င်းက ပြောသည်။

"ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတိုင်းမှာ ကျွန်တော်တို့ရဲ့ ဖုန်းနံပါတ်တွေလည်း ရှိပါတယ်။ စည်ပင်သာယာဌာန အသီးသီးရဲ့ ဖုန်းတွေလည်း ပေးထားပါတယ်။ ရေမလာဘူးဆိုရင် အုပ်ချုပ်ရေးမှူးတွေကို ဖုန်းဆက်ခိုင်းပါ။ ဒီနှစ်ရေကိုလုံလုံလောက်လောက်ဖြန့်ဝေပေးနိုင်ဖို့အတွက်ကို ရေကားတွေ စီစဉ်ဆောင်ရွက်ထားတာတွေ အများကြီးပါပဲ။ ဒီနှစ်မှာ ရေရရှိဖို့အတွက် အာမခံပါတယ်" ဟု မြို့တော်ဝန်ဦးအောင်မောင်းက ပြောသည်။

ဧရာဝတီမြစ်ရေကို သန့်စင်ပြီး တစ်နေ့ ရေဂါလန် ၁၀ သန်းဖြန့်ဝေပေးနိုင်မည့် စီမံချက်မှာ လာမည့်ဧပြီလဆန်းပိုင်းတွင် စတင် အကောင်အထည် ဖော်နိုင်တော့မည်ဖြစ်သော်လည်း ရေဖြန့်ဝေပေးနိုင်ရန် လျှပ်စစ်မီးဖြင့် စက်များကိုမောင်းနှင်ရသည့်အတွက် လျှပ်စစ်မီး ပြတ်တောက်ပါက ရေဖြန့်ဖြူးပေးနိုင်ရန် အခက်အခဲရှိနေသော်လည်း လိုအပ်ပါက ရေကားများဖြင့် အားဖြည့်သွားမည် ဖြစ်သည်ဟု မြို့တော်ဝန်က ပြောသည်။

"မြို့တောင်ဖျားဖြစ်တဲ့ ချမ်းမြသာစည်မြို့နယ်နဲ့ ပြည်ကြီးတံခွန်မြို့နယ်တွေမှာလည်း နွေရာသီမှာ ရေရရှိနိုင်ဖို့အတွက် အဝီစိတွင်းတွေကို ထပ်ပြီးတူးနေပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တွင် လူနေရပ်ကွက် ၉၆ ရပ်ကွက်မှ လူဦးရေ တစ်သန်းကျော် အတွက် ယခုလက်ရှိအချိန်တွင် ရေပိုက်လိုင်းစနစ်ဖြင့် တစ်ရက်လျှင် ရေဂါလန် ၂၄ သန်းမှ ၂၅ သန်းကိုလည်းကောင်း၊ ကျုံးရေ ပေးဝေရေးမှ တစ်ရက်လျှင် ရေဂါလန် နှစ်သန်း စုစုပေါင်း ရေဂါလန် ၂၆ သန်းမှ ၂၇ သန်းကြား ဖြန့်ဖြူးပေးလျက်ရှိပြီး ဧပြီလဆန်းပိုင်းတွင် စတင်ဖြန့်ဖြူးပေးတော့မည့် ဧရာဝတီမြစ်ရေတင်စီမံကိန်းနှင့် ပေါင်းပါက တစ်နေ့ ရေဂါလန် ၃၆ သန်းမှ ၃၇ သန်းအထိဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော်အတွင်း ရေပေးဝေရေးပိုက်လိုင်း တပ်ဆင်အသုံးပြုနေသောရေမီတာ စုစုပေါင်း ၈၅,၀၅၁ လုံးနှင့် အဝီစိတွင်းပေါင်း ၂၁,၂၂၂ တွင်းထိတူးပြီးဖြစ်ကြောင်း မြို့တော်စည်ပင် ရေနှင့်သန့်ရှင်းမှုဌာန စာရင်းများအရသိရသည်။ ■

ကုန်စည်ပို့လုပ်ငန်းအားလုံး မတ် ၁၅ အတွင်း ပြောင်းမည်

သန်းနိုင်စိုး

မန္တလေးမြို့တွင်းရှိ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများသည် ပြည်ကြီးမဂ်လာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ဌာနရမ်းရန်သဘောတူညီမှုရရှိပြီး မတ်လ ၁၅ ရက်နေ့အတွင်း ပြောင်းရွှေ့မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အဝေးပြေးကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောသည်။

"မြို့ထဲမှာရှိတဲ့ဂိတ်အားလုံး ပြည်ကြီးမဂ်လာကုန်တင်ကားကြီးကွင်းကို မတ်လ ၁၅ ရက်နေ့ နောက်ဆုံးထားပြောင်းရွှေ့ဖို့ အတွက် အသင်းဝင်အားလုံးကို ပြောထားပါတယ်။ စုစုပေါင်း ၂၀၆ ဦး လောက်ပြောင်းရွှေ့ပါမယ်။ ဂိတ်အားလုံးအတွက် နေရာအလုံအလောက်မရှိတဲ့အတွက် ဂိုဒေါင်သုံးလုံးမှာ ပေ ၂၀ နဲ့ ၂၅ ပေ ရှိတဲ့အခန်း ဖွဲ့ပေးပါတယ်။ ဂိုဒေါင်တစ်လုံးမှာ အခန်းပေါင်း ၂၀ ရှိပါတယ်"ဟု ၎င်းက ပြောသည်။

တန်ဖိုးနည်းအဆောက်အအုံများရှိ ကုန်တင်ဂိတ်တစ်ခန်းလျှင် တစ်လဌားရမ်းခ ကျပ်တစ်သိန်းခွဲဖြစ်ပြီး ဂိုဒေါင်များရှိအခန်းများမှာ တစ်လလျှင် ကျပ်ငါးသောင်းဖြင့် ဌားရမ်းခွင့်ရရှိကြောင်း၊ လိုအပ်သည့်အခန်းများအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက သုံးလအတွင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ကြီးမဂ်လာ ကားကွင်းမှာ တချို့လည်ရွှေ့နေပြီ။ လက်ရှိဂိတ်တွေမှာ ကုန်ပစ္စည်းတွေကျန်နေတော့ ရှင်းလင်းမှုတွေလုပ်နေရတယ်။ ဂိတ်တစ်ဂိတ်ကို ပစ္စည်းတွေ ရွှေ့ပြောင်းဖို့အတွက် အနည်းဆုံးတစ်ပတ်လောက်တော့ အချိန်ယူရပါမယ်"ဟု ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောသည်။

ပြည်ကြီးမဂ်လာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ၂၅ ပေ၊ ပေ ၆၀ ရှိ အာရ်စီနှစ်ထပ် ကွန်ကရစ်အခန်းပေါင်း ၁၅၀ ၊ တန်ဖိုးနည်းကုန်တင်ဂိတ်ခန်းပေါင်း ၁၃၉ ခန်း တည်ဆောက်ခဲ့သော်လည်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများက ဝယ်ယူရန်စျေးနှုန်းမြင့်မားသဖြင့် တစ်နှစ်ချင်းငှားရမ်းရန် သဘောတူညီမှုဖြင့် ရွှေ့ပြောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့ထဲမှာရှိတဲ့ ဂိတ်အားလုံးကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နောက်ဆုံးထားပြောင်းရွှေ့ဖို့ ညွှန်ကြားခဲ့ပေမယ့် စျေးနှုန်းမြင့်မားလို့ ကျွန်တော်တို့အနေနဲ့ ရွှေ့ပြောင်းနိုင်ခြင်းမရှိခဲ့ပါဘူး။

"နောက်ပိုင်းမှာ မြို့တော်စည်ပင်အကြံပေးအဖွဲ့ကနေ ဝင်ရောက်ညှိနှိုင်းပေးတဲ့အတွက် တစ်နှစ်ချင်းငှားရမ်းခွင့်ပြုဖို့သဘောတူညီမှုရခဲ့တယ်"ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသွင်စိုးက ပြောသည်။

ပြည်ကြီးမဂ်လာ ကုန်တင်ယာဉ်ရပ်နားစခန်းရှိ တန်ဖိုးနည်းကုန်တင်ဂိတ်တစ်ခန်းလျှင် ကျပ်သိန်း ၇၀၀ ဖြင့် ရောင်းချသဖြင့် အမှန်တကယ်တန်ဖိုးနည်းခြင်းမဟုတ်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များက ဝေဖန်ပြောကြားသည်။

"ရန်ကုန်က တန်ဖိုးနည်းစီမံကိန်းတစ်ခုမှာ ကျပ်သိန်းနှစ်ရာနဲ့ရောင်းတာကို ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေနဲ့ ပြည်သူတွေကလက်မခံပါဘူး။ သိန်းနှစ်ရာက တန်ဖိုးနည်းမဟုတ်ပါဘူး ဆိုပြီးငြင်းတယ်။ ဒီလိုဖြစ်နေတဲ့အချိန်မှာ ကျပ် သိန်း ၇၀၀ ကို တန်ဖိုးနည်းလို့ပြောလို့ရမလား"ဟု တွဲဖက်အတွင်းရေးမှူး(၁) ဦးအောင်ဇော်ညိုက ပြောသည်။ ■



၇၄ နှစ်ပြည့် အာဇာနည် ၁၇ ဦး ကျဆုံးခြင်း အထိမ်းအမှတ် ဂါရဝပြုအခမ်းအနားကျင်းပစဉ်။ ဓာတ်ပုံ - အောင်ရဲသွင်

၇၄ နှစ်ပြည့် အာဇာနည် ၁၇ ဦးကျဆုံးခြင်း အထိမ်းအမှတ်ပွဲ ကျင်းပခဲ့

ဇေအောင်ရဲသွင်နှင့် လှိုင်ကျော်စိုး

၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့ကြသည့် မန္တလေးမှ အာဇာနည် ၁၇ ဦး ကျဆုံးခြင်း ၇၄ နှစ်ပြည့် အထိမ်းအမှတ် ဂါရဝပြုအခမ်းအနားကို မတ် ၄ ရက်နေ့က မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ တမွတီရပ်၊ သူကြွယ်ကုန်းရပ် ကွက်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် သံယာတော် ၁၇ ပါးအား ဆွမ်းကပ်လှူဒါန်းခြင်း တရားနာရေစက်ချအမျှဝေခြင်း၊ အာဇာနည်ကြီးများအား အလေးပြုခြင်း၊ ဆရာတော်ကြီးများက ဩဝါဒစကားမိန့်ကြားခြင်း၊ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်ပေါ်လာပုံအကြောင်း ဟောပြောခြင်းနှင့် သမိုင်းမှတ်တမ်းကို ပြခန်းများဖွင့်လှစ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မန္တလေးမြို့တွင် ကျဆုံးသွားခဲ့သည့် အာဇာနည် ၁၇ ဦးအကြောင်း ယခုခေတ် လူငယ်များသိရှိနိုင်စေရန်၊ လက်ရှိပိတ်ထားသော အာဇာနည်ဂူဗိမာန်ကြီးကို ပြန်လည်ဖွင့်လှစ်ပြီး လေ့လာကြည့်ရှုခွင့်ပေးရန်၊ အာဇာနည်များကျဆုံးခဲ့ရာ ၂၆ ဘီလမ်းကို အာဇာနည်လမ်းအဖြစ် သတ်မှတ်ပေးရန် ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်သည်ဟု ပွဲဖြစ်မြောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မတ်လ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် မန္တလေးအာဇာနည် ၁၇ ဦး ကျဆုံးခြင်းအထိမ်းအမှတ်နေ့ကို စစ်အုပ်ချုပ်ရေးခေတ်တစ်ခေတ်လုံး ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ယခု ၇၄ နှစ်ပြည့်မြောက်သည့် အချိန်ကျမှ ပြန်လည်ကျင်းပနိုင်ခဲ့ကြောင်း၊ ယင်းခေတ်မှာ အဆိုပါဗိမာန် စောင့်ရှောက်ရေးအဖွဲ့၏ တရားဝင်ရပ်တည်မှု မှေးမှိန်ခဲ့ရသကဲ့သို့၊ အာဇာနည်ဗိမာန်ရှိသည့် နေရာတွင်လည်း မြို့နယ်ပိတ်ပေါင်း အထပ်ထပ်နှင့် ဝမ်းနည်းဖွယ်ရာ မြင်ကွင်းအဖြစ်ရှိခဲ့ကြောင်း၊ ထို့ကြောင့် ဗိမာန်ကို ပြည်သူ့အစောင့်အရှောက်ခံ နေရာတစ်ခုအဖြစ်ပြန်လည် ရောက်ရှိနိုင်ရေးအတွက် မန္တလေးမြို့မိ၊ မြို့ဖများ၊ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများက အထူးအလေးထား ကြိုးပမ်းကြပါရန် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

သမိုင်းတန်ဖိုးကြီးမားခဲ့သော အာဇာနည်ဂူဗိမာန် ခမ်းနားတင့်တယ်ရေး၊ ပြည်သူလူထု လွတ်လပ်စွာဂါရဝပြု ဦးညွတ်ဂုဏ်ပြုနိုင်ရေး၊ အာဇာနည်များ၏အထွပ်ပွတ္တိကို ပြည်သူလူထုသိရှိရေး၊ သမိုင်းအမွေအနှစ်ကို လက်ဆင့်ကမ်းနိုင်ရေးတို့အတွက် ဂူဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အမြန်ဆုံးပေါ်ပေါက်နိုင်ရန် လိုအပ်ကြောင်း အထက်မြန်မာပြည် နိုင်ငံရေးအကျဉ်းသားများကွန်ရက်ထံမှ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။ ■

တရုတ်ယူနန်ပြည်နယ်ဆေးရုံမှ မျက်စိအထူးကုဆရာဝန်များ မန္တလေးတွင် ကုသပေး

စည်သူလွင်

တရုတ်ပြည် ယူနန်ပြည်နယ်ရှိ The First People's Hospital မှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများသည် မန္တလေးမျက်စိ၊ နား၊ နှာခေါင်း ဆေးရုံကြီးသို့လာရောက်၍ လေးရက်တာ အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

ဆေးဝါးလာရောက်ကုသပေးခြင်းသည် အိမ်နီးချင်းနှစ်နိုင်ငံ ပိုမိုချစ်ကြည်ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့ကလည်း လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြောင်း တရုတ်ကောင်စစ်ဝန်ချုပ်က ဆိုသည်။

"အခုလိုလုပ်တာက နှစ်နိုင်ငံပိုမို ချစ်ကြည်ရင်းနှီးဖို့အတွက် လုပ်ရတာပါ။ လူနာ နှစ်ရာကျော်ကို ကုသပေးခဲ့ပါတယ်။ မျက်စိအတွင်းတိမ် ဖြစ်နေတာတွေကို အဓိကထားပြီး ကုပေးခဲ့ပါတယ်"ဟု



မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံတွင် တရုတ်ပြည်၊ ယူနန် ပြည်နယ်မှ မျက်စိအထူးကုဆရာဝန်က မျက်စိဝေဒနာရှင်တစ်ဦးအား စမ်းသပ်နေသည်ကို တရုတ်ကောင်စစ်ဝန်ချုပ်က ကြည့်ရှုနေစဉ်။ ဓာတ်ပုံ - စည်သူလွင်

မန္တလေးမှ တရုတ်ကောင်စစ်ဝန်ချုပ် ဦးဘရင်က မြန်မာတိုင်း(မ်)ကို ပြောသည်။

မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတွင် တရုတ်ပြည် ယူနန်ပြည်နယ်ရှိ ဆေးရုံမှ အထူးကုဆရာဝန် ခြောက်ဦးနှင့် အဖွဲ့သည် အခမဲ့ မျက်စိခွဲစိတ်ကုသပေးခြင်းကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၂ ရက်နေ့အထိ လေးရက်တာ ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

"အဘက်ဘက်ကနေ ပံ့ပိုးကူညီနိုင်ခဲ့ကြလို့ အခုလိုကုသပေးနိုင်တာပါ။ တရုတ်ဘက်ကလည်း ဆေးကုပေးချင်တယ်။

"ဒီဘက်ကလည်း လက်ခံပြီး ဆောင်ရွက်ပေးနိုင်တဲ့အတွက် အောင်မြင်ခဲ့တာပါ။ ဆေးကုသမှုအပိုင်းမှာတော့ အခက်အခဲမရှိပါဘူး။ အသက် ၅၀ အထက် သက်ကြီးတွေကို အများဆုံးကုသပေးရပါတယ်"ဟု မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးက ပြောသည်။

နေ့စဉ်သတင်းစာများနှင့် ရေဒီယိုအစီအစဉ်များမှ အခမဲ့ဆေးဝါးကုသပေးမည့် သတင်းကို ကြေညာပေးခဲ့ကြသဖြင့် သိရှိရပြီး အခြားဒေသများမှလည်း လာရောက်ဆေးဝါးကုသမှု ခံယူခဲ့ကြကြောင်း လူနာအများစုက ပြောကြားသည်။

"မျက်စိဖြစ်နေတာ ကြာနေပြီ။ မခွဲဖြစ်ဘူး။ အခုလိုလာပြီး အခမဲ့ခွဲစိတ်ကုသပေးမယ်ဆိုမှပဲ ခွဲစိတ်ဖြစ်တယ်။ နှစ်ဖက်စလုံးခွဲခဲ့ရတယ်။

"အခုဆိုရင် မျက်စိမြင်သွားပြီဖြစ်တဲ့အတွက် လာရောက်ကုသပေးသူတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု သဲတော၊ ဝမ်းတွင်းနယ်ဘက်မှ အငြိမ်းစားကျောင်းဆရာ ဖြစ်သူ အသက် ၈၀ နှစ်အရွယ်ရှိဦးတင်အေးက ပြောသည်။ ■



တိုင်းဒေသကြီးအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်နေသည်ကိုတွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

ကိုးဘွဲ့ရဆရာတော်၏ မြန်မာရသနှင့် ဘဝသရုပ်ဖော် စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်

စည်သူလွင်

ကိုးဘွဲ့ရဆရာတော် 'အရှင်အာစာရာလင်္ကာရ'၏ မြန်မာရသနှင့် ဘဝသရုပ်ဖော်စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယခုလ ၅ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် မြို့တော်ခန်းမ (၁)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအဆင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများ၊ အလယ်တန်းနှင့် အထက်တန်းဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ကြပြီး အလယ်တန်းနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကိုလည်း ကျောင်းသားကျောင်းသူများက ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။ ■







ပွဲရုံလုပ်ငန်း စိတ်ဝင်စားတဲ့လုပ်ငန်းရှင်တွေအတွက် ကျယ်ဝန်းတဲ့နှစ်ထပ်အိမ်



အောင်ရဲသွင်
အိမ်ခြံမြေသတင်းထောက်

ဒီတစ်ပတ်တော့ စီးပွားရေးလုပ်ချင်တဲ့ လုပ်ငန်းရှင်တွေနဲ့ မိသားစုများတဲ့သူတွေအတွက် အထူးသင့်လျော်တဲ့ ချမ်းအေးသာစံမြို့နယ်ထဲက နှစ်ထပ်အိမ်လေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီနှစ်ထပ်အိမ်လေး တည်ရှိတဲ့ ပတ်ဝန်းကျင်က မန္တလေးမြို့မှာ ပွဲရုံလုပ်ငန်းတွေ အများဆုံးလုပ်ကိုင်ကြတဲ့ နေရာဖြစ်လို့ ကိုယ်ပိုင်ပွဲရုံထူထောင်မယ်ဆိုရင်တော့ ဘာမှပြင်ဆင်စရာမလို အောင် အိမ်ရဲ့အနေအထားက သင့်တော်လှပါတယ်။ ပွဲရုံလည်းဖွင့်မယ်၊ မိသားစုလည်း နေမယ်ဆိုရင်လည်း အဆင်ပြေပါတယ်။

ဒီအိမ်လေးရဲ့ ပတ်ဝန်းကျင်ကို လေ့လာမိသလောက် တကယ့်ကို စီးပွားရေးအချက်အချာကျတဲ့ နေရာတစ်ခုဆိုတာတွေ့ရပါတယ်။ အိမ်ရဲ့အရှေ့ဘက်မှာ နယ်ပေါင်းစုံကလုပ်ငန်းရှင်တွေဆုံစည်းရာဖြစ်တဲ့ ကုန်စုံဒိုင်ရှိတဲ့အပြင် မနီးမဝေးမှာလည်း မန္တလေးစျေးချိုတော်ကြီး ရှိနေပြန်တာကြောင့် စီးပွားရေးလုပ်ငန်းအတွက် သွားရေးလာရေးဆက်သွယ်မှုလွယ်ကူ ချောမွေ့နိုင်ပါတယ်။

မိသားစုတွေအတွက် အထူးသဖြင့် အိမ်ရှင်မတွေအတွက်တော့ လိုချင်တာစိတ်ကြိုက်ဝယ်လို့ရမယ့် စျေးတွေက အနီးအနားမှာ ရှိနေတာကြောင့် ဒီအိမ်လေးကို နှစ်သက်မိမှာပါ။

အိမ်လေးရဲ့မြေအကျယ်အဝန်းအနေနဲ့ကတော့ ပေ ၄၅ × ၇၀ စတုရန်းပေ ၃,၁၅၀ ပေါ်မှာ အိမ်အကျယ်အဝန်းကတော့ ပေ ၃၀ × ၆၀ စတုရန်းပေ ၁,၈၀၀ ရှိပါတယ်။

တစ်အိမ်လုံးကို သစ်မာတွေနဲ့ တည်ဆောက်ထားပြီး ရေနုံချေးသုတ်လိမ်းပေးထားပါတယ်။

အိမ်အောက်ထပ်မှာတော့ ပွဲရုံဖွင့်မယ်ဆိုရင် အဆင်သင့်ဖြစ်အောင် ရုံးခန်းပုံစံအခန်းတစ်ခန်းဖွဲ့စည်းပေးထားပြီး ကျန်တဲ့နေရာတွေကိုတော့ ဟောတိုက်ထားရှိပေးထားတာကြောင့် မိမိလုပ်မယ့် လုပ်ငန်းအတွက် လိုအပ်တဲ့ပစ္စည်းတွေထားနိုင်ပါတယ်။ အပေါ်ထပ်ကို ဆက်တက်သွားမယ်ဆိုရင်တော့ ၁၀ ပေ × ၁၅ ပေ အကျယ်ရှိတဲ့အခန်းနှစ်ခန်းဖွဲ့စည်းပေးထားတာကို တွေ့ရမှာဖြစ်ပြီး ကျန်တဲ့နေရာကိုတော့ ဟောတိုက်ထားရှိပါတယ်။ ရေချိုးခန်းတစ်ခန်းနဲ့ ရေလောင်းအိမ်သာနှစ်ခန်းလည်း ပါဝင်ပါတယ်။

ဒီလိုအခန်းတွေ ဖွဲ့စည်းထားတာမရှိဘဲ ဟောတိုက်ပုံစံမျိုးကတော့ လုပ်ငန်းရှင်တွေအတွက်သာမက မိသားစုတွေအတွက်လည်း မိမိစိတ်ကြိုက်အခန်းပုံစံဖွဲ့စည်းနိုင်မှာဖြစ်ပါတယ်။

လက်ရှိဆောက်ထားတဲ့အိမ်အကျယ်အဝန်းအပြင် နောက်ထပ်လည်း ဘေးပတ်လည်မှာ ကျယ်ဝန်းတဲ့နေရာလွတ်တွေရှိနေသေးတာကြောင့် မိမိလုပ်ငန်းအတွက် ကားတွေထားချင်တယ်ဆိုရင်လည်း လိုက်ထရပ်ကားပုံစံ သုံးစီးစာထားလို့ရတဲ့ အကျယ်အဝန်းရှိနေတာကြောင့် တကယ့်ကိုစိတ်ကြိုက်အနေအထားဖြစ်မှာ သေချာပါတယ်။

ရေ၊ မီးအစုံပါရှိပြီး ဒီအိမ်လေးက အငှားဖြစ်တာကြောင့် လုပ်ငန်းရှင်တွေနဲ့ မိသားစုတွေစိတ်ဝင်စားတယ်ဆိုရင် အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါတယ်။ ■



ဆက်သွယ်ရန် - အိမ်နံပါတ်-၇၀၃၊ ၃၀ × ၃၁ လမ်းကြား၊ ၈၆ လမ်း နောက်ကျောကပ်၊ ဓာတ်နန်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်။
ဖုန်း - ၀၉-၂၀၀၉၈၈၇ **စျေးနှုန်း** - (အငှား) တစ်လ ၈ သိန်း (ညှိနှိုင်း)

စျေးကွက်နှေးကွေးစေမယ့် အကြောင်းတရားများနဲ့ အိမ်ခြံမြေ

ဖြိုးဝေကျော်

မန္တလေးမြို့ရဲ့ အိမ်ခြံမြေစျေးကွက်မှာ ဆူလွယ်နပ်လွယ် အကျိုးအမြတ်အတွက် လှုပ်ရှားရောင်းဝယ်လေ့ရှိကြတဲ့ အိမ်ခြံမြေအကွက်အကွင်းတွေမှာ စျေးကွက်ပြန်သွက်လက်စေမယ့် အကြောင်းတရားတွေအစား နှေးကွေးစေမယ့် အကြောင်းတရားတွေသာ ဆက်လက်ဖြစ်ပေါ်နေတာကို တွေ့ရကြောင်း အိမ်ခြံမြေအကျိုးဆောင်တွေက ပြောပါတယ်။

အိမ်ခြံမြေစျေးကွက်ဟာ စျေးကစားမှုတွေဖြစ်ပြီး မဖြစ်သင့်တဲ့စျေးနှုန်းတွေ အထိမြောက်တက်ကာ အရောင်းအဝယ်တွေဖြစ်ခဲ့ပြီးနောက်ပိုင်း စျေးကွက်ငြိမ်သက်နေခဲ့တာဟာ နှစ်ချီကြာမြင့်ခဲ့ပြီးပါပြီ။ အဲဒီလို အနေအထားကနေ စျေး ကွက်ပြန်လှုပ်လာဖို့ မဝံ့မရဲမျှော်လင့်နေ ကြပေမယ့် လတ်တလောဖြစ်ပေါ်နေတဲ့ အကြောင်းတရားတွေက စျေးကွက်ကို ပိုနှေးကွေးအောင်ပဲ တွန်းပို့နေတဲ့ အနေအထားဖြစ်နေကြောင်း အကျိုးဆောင်တွေက ဆိုပါတယ်။

အိမ်ခြံမြေစျေးကွက်ကို ပိုငြိမ်သက်အောင် ဖန်တီးတဲ့အကြောင်းတရားတွေထဲမှာ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လအတွင်းမှာ အိမ်မြေရောင်းဝယ်ခွန်တွေကို နှုန်းထားပြန်တိုးမြှင့်လိုက်တာလည်း ပါတယ်လို့ထင်ကြောင်း အိမ်မြေအကျိုးဆောင်တချို့က ပြောပါတယ်။ အေးစက်နေတဲ့ စျေးကွက်အနေအထားမှာ ရောင်းခွန်ဝယ်ခွန်တိုးမြှင့်ခြင်းဟာ အိမ်မြေစျေးကွက်မှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံထားဖို့ စိတ်ဝင်စားသူတွေကို တွန့်ဆုတ်စေတယ်လို့ သူတို့ကသုံးသပ်ပါတယ်။

၂၀၀၇ ခုနှစ်တုန်းက လျှော့ချထားခဲ့တဲ့ ရောင်းခွန်ဝယ်ခွန် နှုန်းထားတွေကို ၂၀၁၂ ခုနှစ်မှာ ပြန်တိုးမြှင့်လိုက်တဲ့အတွက် ဝယ်သူတွေအနေနဲ့ နှုန်းထားအပေါ်မှာ ၃၀ ရာခိုင်နှုန်း၊ အကယ်၍ ဝင်ငွေအရင်းအမြစ်ကို မပြနိုင်ရင် နောက်ထပ် ခုနစ်ရာခိုင်နှုန်း ထပ်ဆောင်းပြီး စုစုပေါင်း ၃၇ ရာခိုင်နှုန်းအထိ ပေးဆောင်ရမယ့်အဖြစ်ဟာ စျေးနှုန်းကိုလည်း ပြန်ချနိုင်ဖို့ခက်လိမ့်မယ်လို့အကျိုးဆောင်တွေက ပြောခဲ့ပါတယ်။

ဝယ်မယ့်သူတွေအနေနဲ့ ဒီအနေအထားကြောင့် ဝယ်လိုက်တဲ့ငွေပမာဏထဲ ကိုယ့်ထပ်ဆောင်းကုန်ကျရတာကို ထည့်ပေါင်းဖို့လို တဲ့အပြင် အမြတ်အတွက်ပါ ထပ်ထည့်တွက်ရဦးမှာကြောင့် စျေးနှုန်းတန်းအနေနဲ့ကျဖို့ မမျှော်မှန်းနိုင်တော့ဘဲ ထပ်မြှင့်ဖို့သာ ရှိလာပါတယ်။

ဒီအနေအထားကို ရှောင်ရှားနိုင်ဖို့ တရားဝင်မှတ်ပုံတင်စာချုပ်မဟုတ်ဘဲ ကိုယ်စားလှယ်လွှဲစာအဆင့် ဆင့်နဲ့ ရောင်းဝယ်တာလည်းရှိပေမယ့် ဒီနောက်ပိုင်းမှာ ထည့်စဉ်းစားစရာရှိလာတာတစ်ချက်က မြေရာပိုင်ဆိုင်ခွင့် အငြင်းပွားခြင်းတွေပါပဲ။

မြေရာပိုင်ဆိုင်ခွင့် အငြင်းပွားခြင်းတွေဟာ ကြိုက်ရောင်းကြိုက်ဝယ်အနေအထားနဲ့သာ စခန်းသွားနေရတဲ့၊ အထူးသဖြင့် မြေလွတ် မြေရိုင်းအများစုရှိနေတဲ့ အိမ်မြေအကွက်အကွင်းတွေရဲ့ စျေးကွက်အနေအထားကို ပိုပြီးတန့်စေပါတယ်။ ငွေပမာဏများပြီး လူနေခွင်ဖြစ်တဲ့ အိမ်မြေအကွက်အကွင်းမှာ ရောင်းကြ ဝယ်ကြပြီဆိုရင် စာချုပ်စာတမ်းအပိုင်းကို ခိုင်မာအောင် လုပ်ကြလေ့ရှိပေမယ့် ဆူလွယ်နပ်လွယ်ငွေအမြတ်အတွက် ဝယ်ယူလေ့ရှိကြတဲ့ အပိုင်းတွေမှာတော့ အများစုက လက်ပြောင်းလက်လွှဲပုံစံနဲ့သာ အရောင်းအဝယ်လုပ်လိုကြပါတယ်။

ဒီအပေါ်မှာ စည်ပင်သာယာအနေနဲ့လည်း အသိပေးကြေညာချက်တွေထုတ်နေရပြီး ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်နဲ့သာ ရောင်းဝယ်နေကြလို့၊ တရားဝင်စာချုပ်စာတမ်းနဲ့ ပြုလုပ်တာမဟုတ်လို့ ပိုင်ဆိုင်မှုအတွက် မခိုင်လုံဘဲ နိုင်ငံတော် အခွန်အခလည်း ဆုံးရှုံးတယ်လို့ ဆိုထားပါတယ်။

အခွန်အခတွေအပြင် ပိုင်ဆိုင်မှု အငြင်းပွားနေကြရတဲ့ ကိစ္စရပ်တွေကြောင့် အိမ်မြေစျေးကွက်ပြန်သွက်နိုင်မယ့်အခြေအနေဟာ မျှော်လင့်ဖို့ခက်ဦးမယ့်အနေအထားဖြစ်နေပါတယ်။ ဒုံပြင်ဒီရက်ပိုင်းမှာ မြေကွက်လွတ်တွေကို ခြံခတ်ဖို့၊ အိမ်ဆောက်ဖို့ဆိုတဲ့ကိစ္စရပ်တွေ၊ ဟိုနေရာ ဒီနေရာမှာ သူပိုင်တယ် ကိုယ်ပိုင်တယ်ဆိုတဲ့ ကျွက်စီကျွက်စီ အငြင်းပွားကြတဲ့ကိစ္စရပ်တွေဟာ မြေကွက်လွတ်အများစုရှိတဲ့ အပိုင်းမှာ ရောင်းဖို့ဝယ်ဖို့ ထက် လူတွေပိုစိတ်ဝင်စားနေကြတဲ့ ကိစ္စရပ်တွေဖြစ်နေကြောင်း အိမ်မြေ အကျိုးဆောင်တွေက ဆိုပါတယ်။ ■



မြေလွတ်မြေရိုင်းအများစု ရှိနေသော မြို့အရှေ့ဖျားဌ အဆောက်အအုံကောင်းများ နေရာယူလာသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်



ရွှေဝါလွင် စီစဉ်သည်

ပရိသတ်ကြီးရေ ကျွန်တော်တို့မန္တလေးမြို့ကတော့ နွေရာသီပုံရိပ်တွေကိုအပီပြင် ဖော်ကျူးလှစ်ဟနေပြီမို့ ပူရှိန်ပြင်းတဲ့ရာသီဥတုဒဏ်ကို အလူးအလဲခံစားနေရလေရဲ့။ ရွက်ဟောင်းကြွေပြီး ရွက်သစ်ဝေတဲ့ နွေဦးရာသီမှာတောင် တော်တော်ပူပါတယ်။ ဒါပေမဲ့လည်း ဆိုရှယ်ခရီးစဉ်တွေကတော့ မပြတ်ဘဲသွားခဲ့ပါတယ်။ ဒီအပတ်ဆိုရှယ်ခရီးစဉ်အစကိုတော့ ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ဆီဒိုးနားဟိုတယ်မှာကျင်းပတဲ့Sany ကုမ္ပဏီရဲ့ မန္တလေးရုံးခွဲဖွင့်ပွဲလေးနဲ့ ဖွင့်လှစ်ရပါမယ်။ အဲဒီနောက် ၂၈ ရက်နေ့မှာတော့ ရာပြည့်စာအုပ်တိုက်ရဲ့ ခုနစ်ပြည့် အခမ်းအနားနဲ့ အလင်္ကာ စာပေဆုပေးပွဲလေးကို ဆက်လက် တက်ရောက်ခဲ့ပါတယ်။ Super Star Dancing Club ဖွင့်ပွဲလေးကိုလည်း တက်ရောက်ခဲ့ပါသေးတယ်။ နောက်ဆုံးသွားခဲ့တဲ့ပွဲလေးကတော့ ဝါရင့်စားဖိုမှူးများရဲ့ ထူးခြားကောင်းမွန်တဲ့လက်ရာများနဲ့ ဖွင့်လှစ်ရောင်းချပေးမယ့် Delight Restaurant ဖွင့်ပွဲလေးကိုသွားရောက်ခဲ့ရင်းဒီအပတ်ရဲ့ ဆိုရှယ်ကဏ္ဍလေးကနေ နှုတ်ဆက်လိုက်ပါရစေနော်။

Sany ပွဲ


Mr. Jonathan


Mr. Roy Yang


ဒီမိုးသစ်


တင်မိုးလွင်


ကိုအောင်မျိုးကို၊ ကိုသူရဝင်း၊ ကိုထွန်းထွန်းလတ်နဲ့ကိုဌေးနိုင်လင်း


မြတ်ဆုမွန်၊ မွန်မွန်မြင့်နဲ့ ခင်ချမ်းသာဦး


သက်ထက်အောင်၊ ခင်ခင်မော်နဲ့ဒေဝီမြင့်


မူးဝတီ

နန်းသူဇာနွယ်



နန်းမြတ်ချယ်ရီ

Super Star ပွဲ


မင်းမင်းဦး




ချမ်းချမ်း



စနိုး

De Light ပွဲ


ဒေါ်ဖြူဖြူ


မမိုးသက်


မသော်တာ

ဒေါ်ချောအိမာန်


ဦးညီမင်းနဲ့ဒေါ်ဝေမာမိုး


ဦးအောင်စေယျာနဲ့ ဦးကြည်မိုး


ဝါလေး


ဝဿန်


ဇီးရိုး

ရာပြည့်ပွဲ


မသီတာ (စမ်းချောင်း)


ပုညဆွေ


သင့်နော်


သင်းသီရိကျော်


အိအိချော


မရင်ရင်ဝင်း


သင်းသင်းခိုင်


မိုးမြင့်ထက်



နိုင်ငံခြားဧည့်သည်ကြောင့် ကြေးသွန်းစျေးကွက်ခိုင်မာ

အောင်ရဲသွင်



နိုင်ငံခြားသားများ အထူးစိတ်ဝင်စားသော ကြေးသွန်းလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ရဲသွင်

မန္တလေးမြို့တွင် နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု များပြားလာသည်နှင့်အမျှ မြန်မာ့လက်မှုပညာရပ်လုပ်ငန်းတစ်ခုဖြစ်သော ကြေးသွန်းလုပ်ငန်းများ စျေးကွက်ခိုင်မာလျက်ရှိသည်ဟု ကြေးသွန်းလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ပွင့်လင်းလာသောနိုင်ငံရေးအခြေအနေများကြောင့် ယခင်နှစ်မှစတင်၍ မန္တလေးမြို့သို့ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု များပြားလာခြင်းနှင့်အတူ မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းများကိုလည်း စိတ်ဝင်စားမှုများပြားလာပြီး ကြေးသွန်းလုပ်ငန်းမှာ ယခုနှစ်အစပိုင်းမှစ၍ လုပ်ငန်းပိုမိုကောင်းမွန်လာကြောင်း ဂန္ဓဝင် ကြေးသွန်းလုပ်ငန်းပိုင်ရှင် ကိုခင်မောင်စိုးက ပြောသည်။

"ဒီလုပ်ငန်းက အရင်နှစ်ကထက် အများကြီးပိုကောင်းလာတယ်။ နိုင်ငံရေးအခြေအနေကောင်းလာတော့ နိုင်ငံခြားသားတွေဝင်လာတယ်။ သူတို့တွေဝင်လာတော့ကျွန်တော်တို့ မြန်မာ့လက်မှုလုပ်ငန်းတွေလည်း အလုပ်ဖြစ်လာတာတာပေါ့။ အဓိကရောင်းရတာကလည်း နိုင်ငံခြားသား ဧည့်သည်တွေပဲရှိတယ်။ အရင်နှစ်က အလုပ်မဖြစ်တော့ ဘုရားကြီးက နိဗ္ဗာန်ကုန်ဆိုင်တွေကိုသွားပြီး အလုပ်အပ်ဖို့ရှာနေရတယ်။ ဒီနှစ်ကတော့ နောက်လာအပ်တဲ့အော်ဒါတွေ တောင်ထပ်လုပ်ဖို့ စဉ်းစားနေရတယ်" ဟု ၎င်းက ပြောသည်။

ကြေးသွန်းထားသည့်ဘုရားရုပ်ပွားတော်များ၊ ခြင်္သေ့ရုပ်များ၊ ဆင်ရုပ်များ၊ ပုဂံခေတ်အမျိုးသမီးရုပ် အစရှိသည့် ပစ္စည်းများကို လာရောက်ကြည့်ရှုလေ့လာသော နိုင်ငံခြားသားများအနက် ပြင်သစ်နိုင်ငံသားများနှင့် တရုတ် (တိုင်ပေ)တို့က အများဆုံးစိတ်ဝင်တစားဝယ်ယူကြပြီး၊ ၎င်းတို့နိုင်ငံအထိပင် အော်ဒါမှာ ဝယ်ယူမှုများရှိလာသည်ဟု ကိုခင်မောင်စိုးက ပြောပြသည်။

"နိုင်ငံခြားသားတွေဆီက အော်ဒါလက်ခံရတာတွေများလာတယ်။ တချို့ဆိုလာကြည့်ပြီး အော်ဒါမှာပြီး နောက်တစ်ခေါက်ပြန်လာမှ လာယူတာတွေရှိတယ်။ တချို့ကကျတော့ လုပ်ထားတဲ့အရုပ်တွေထဲကကြိုက်တယ်ဆိုရင် တစ်ခါတည်းကို ဝယ်သွားကြတယ်။ အင်တာနက်ကနေ အီးမေးလ်နဲ့မှာတဲ့သူလည်းရှိတယ်။ ဘုရားကြီးထဲက နိဗ္ဗာန်ကုန်ဆိုင်တွေကို ပုံမှန်ပို့ဖို့ကိုတောင် အဆင်ပြေအောင်လုပ်နေရတယ်"ဟု ၎င်းက ပြောသည်။

ကြေးသွန်းအရုပ်များမှာ ပြုလုပ်သည့် ဒီဇိုင်း၊ လက်ရာ၊ အရည်အသွေးပေါ်မူတည်၍ စျေးနှုန်းများ ပြောင်းလဲမှုရှိပြီး ကိုးလက်မဆိုက်ရှိသော ခြင်္သေ့ရုပ်၊ ဆင်ရုပ်များမှာ ကျပ် ၃၁,၀၀၀ရှိပြီး၊ နိုင်ငံခြားသားများ စိတ်ဝင်စားမှုမရှိသော အရုပ်ငါးရုပ်ပါ ပျူတီးဝိုင်းရုပ်များမှာ ငွေကျပ် ၂၅ သိန်း အထိ တန်ဖိုးရှိသည်ဟု သိရသည်။

"ဘုရားကြီးသွင်းတဲ့စျေးနဲ့ နိုင်ငံခြားသား အော်ဒါမှာတဲ့စျေးက မတူပါဘူး။ အော်ဒါမှာတဲ့အရုပ်တွေကိုတော့ စျေးနည်းနည်းပိုယူတယ်။ လက်ရာမြောက်အောင်ပြုလုပ်ရတာရယ်၊ အချိန်လည်းတော်တော်ပေးရတော့ စျေးပိုယူတာပါ။ သွန်းလောင်းတဲ့ ကြေးအရည်အသွေးပေါ်မူတည်ပြီးလည်း စျေးနှုန်းအပြောင်းအလဲရှိတယ်။ ကြေးအရည်အသွေးကောင်းရင် အရုပ်ကလည်း ကြည့်လိုက်တာနဲ့ ဝယ်ချင်စိတ်ပေါက်သွားနိုင်တယ်။ ဆိုက်ကြီးတဲ့အရုပ်တွေဆိုရင် တစ်လလောက်အချိန်ပေးရတယ်။ သာမန်ဆိုက်ရှိတဲ့အရုပ်တောင် ငါးရက်လောက်အချိန်ပေးရတယ်"ဟု ကိုခင်မောင်စိုးက ပြောသည်။

အဆိုပါလုပ်ငန်းမှာ လအလိုက် ရောင်းအားအတက်အကျရှိပြီး ဝါတွင်းသုံးလရောက်ရှိပါက လုပ်ငန်းအနည်းငယ်ပါးကြောင်း၊ ကျန်သည့်လများတွင် တန်ဘူးလအထိ ပုံမှန်အလုပ်ဖြစ်ကာ မန္တလေးမြို့အပြင် ပုဂံမြို့အထိ ရောင်းချရမှုရှိကြောင်း သိရသည်။

ကြေးသွန်းအရုပ်တစ်ခုပြုလုပ်ရန် မြေနီ၊ စပါးခွံ၊ ဖယောင်း၊ မြင်းချေးတို့ပါဝင်ပြီး အဆင့်ငါးဆင့်ကြာမြင့်ကာ မန္တလေးမြို့၌ ယင်းလုပ်ငန်းလုပ်သူ ၅၀ ကျော်ရှိသည်ဟုသိရသည်။ ■

ဘိန်းခင်းများကို ကွင်းဆင်း ဖျက်ဆီး

စောလှနွယ်(မကွေး)

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ ငဖဲမြို့နယ်အတွင်း လျှို့ဝှက်စိုက်ပျိုးဘိန်းခင်းများကို မကွေးတိုင်းဒေသကြီးတိုင်းရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်ဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းရှာဖွေကာ ဖျက်ဆီးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်နေ့က သတင်းရရှိသည်။ အဆိုပါနေ့နံနက် ၇ နာရီ ၄၅ မိနစ်အချိန်က မင်းဘူးခရိုင် ငဖဲမြို့နယ် ဂုတ်ကြီးရဲစခန်းမှ ဒုရဲအုပ်လှမောင်ဦးစီးသည့်အဖွဲ့၊ ဝံကျေးရွာပြည်သူ့စစ်ဦးစီကျော်နှင့်အဖွဲ့ပူးပေါင်း၍ ပတ်ဝန်းကျင်တောင်တောင်များသို့ ကွင်းဆင်းစစ်ဆေးရာဖွေခဲ့ရာ ရှောက်ရင်ကျေးရွာ၏တောင်ဘက် ၃ မိုင်ခန့်အကွာ၌ ပထမဘိန်းစိုက်ခင်း သုည၀သမ ၅ ကေသီးပွင့်ဆဲကို ရှာဖွေတွေ့ရှိသဖြင့် ဖျက်ဆီးခဲ့ကြောင်း၊ ဆက်လက်၍ ပထမအခင်း၏အရှေ့မြောက်ဘက် ၃ မိုင်ခန့်အကွာ၌ ဒုတိယဘိန်းစိုက်ခင်း သုည၀သမ ၅ ကေသီးပွင့်ဆဲ ဘိန်းစိုက်ခင်းကို တွေ့ရှိဖျက်ဆီးခဲ့ကြောင်း၊ ဆက်လက်၍ ဒုတိယအခင်း၏အနောက်တောင်ဘက် ၂ ဖာလုံခန့်အကွာ၌ တတိယဘိန်းစိုက်ခင်း သုည၀သမ ၅ ကေခန့် သီးပွင့်ဆဲစိုက်ခင်းကို တွေ့ရှိခဲ့ကြောင်း၊ တတိယအခင်း၏အနောက်တောင်ဘက် ကိုက် ၂၀၀ ခန့်၌ စတုတ္ထဘိန်းစိုက်ခင်း သုည၀သမ ၆ ကေသီးပွင့်ဆဲကို ဖျက်ဆီးခဲ့ကြောင်း၊ ဆက်လက်၍လည်း သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များမှ လျှို့ဝှက်ဘိန်းခင်းများအား လိုက်လံရှာဖွေဖျက်ဆီးသွားမည်ဖြစ်ကြောင်း၊ ငဖဲမြို့နယ် ဂုတ်ကြီးရဲစခန်း ဒုရဲအုပ်လှမောင်က ပြောသည်။ ■

တစ်ပတ်အတွင်း သတင်းတိုထွာ

လက်ပန်တောင်းတောင် အကြမ်းဖက်ဖြိုခွင်းမှု(၃)လပြည့် အဖြစ် ဒေသခံ ၂၆ ဦးက အစာငတ်ခံ ဆန္ဒထုတ်ဖော်

လက်ပန်တောင်းတောင် ကြေးနီစီမံ ကိန်း အထွေထွေသပိတ်အကြမ်းဖက် ဖြိုခွင်းမှု သုံးလပြည့်အဖြစ် ဒေသခံ တောင်သူ ၂၆ ဦးက လက်ပန်တောင်းတောင် ကြေးနီစီမံကိန်း လုံးဝ ဖျက်သိမ်းရေး အကြမ်းဖက်ဖြိုခွဲမှု အဓိကလက်သည်ကို ဖော်ထုတ် အရေးယူရေးအတွက် တုံသပိတ်စခန်း



များမှာ ယခုလ ၂၈ ရက် ကစတင်ပြီး အစာငတ်ခံဆန္ဒပြတောင်း ဆိုနေသည် ကိုသိရကြောင်း မတ်လ ၆ ရက်နေ့ထုတ် မြန်နှာသတင်းဂျာနယ်မှာ ဖော်ပြထား ပါတယ်။

မန္တလေးမြို့တွင်း တက္ကစီများစတင် ပြေးဆွဲ၊ အစီးရေ ၅၀၀ ကျော်ရှိဟုသိရ

မန္တလေးမြို့တွင် အစိုးရသစ်လက်ထက် မော်တော်ယာဉ်တင်သွင်းခွင့် ဖြေလျှော့မှုများနှင့်အတူ တက္ကစီယာဉ်များ ပြေးဆွဲရန် တိုင်းဒေသကြီးအစိုးရခွင့်ပြု ချက်ဖြင့် ကုမ္ပဏီ ခုနစ်ခုက အစီးရေ ၅၀၀ ကျော်သည် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ လဆန်းပိုင်းမှ စတင် ပြေးဆွဲနေပြီဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထုတ် အထက်မြန်မာသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။

ရပ်ကွက်အတွင်း စက်သုံးဆီ ပန့်ဆိုင်အဖြစ် ဖွင့်လှစ်ပါက ဆန္ဒဖော်ထုတ်တဲ့အထိ လုပ်ဆောင်ဖို့ရှိ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက် ၂၅ လမ်း၊ ၈၆ x ၈၇ လမ်းကြားရှိ စက်သုံးဆီ ဓာတ်ဆီဂါလန်ခွက်နဲ့ ရောင်းချရာကနေ ပန့်ဆိုင် ဖွင့်လှစ်ရောင်းချဖို့ စီစဉ်ဆောင် ရွက်လျက်ရှိရာ အဲဒီဆိုင်ကို ရပ်ကွက် နေပြည်သူများက ဓာတ်ဆီဆက်လက် မရောင်းရေး သက်ဆိုင်ရာကို စာတင်လို့မအောင်မြင်ရင် ကွန်ရက်တွေနဲ့ ချိတ်ဆက်ပြီး ဆန္ဒဖော်ထုတ်သွားမယ် လို့ ရပ်မိရပ်ဖတစ်ဦးဖြစ်တဲ့ ဦးမောင် သန့်ရဲ့ပြောပြချက်အရ သိရကြောင်း မတ်လ ၆ ရက်နေ့ထုတ် မြန်နှာသတင်း ဂျာနယ်မှာ ဖော်ပြထားပါတယ်။ ■

လက်တွေ့ပညာရေး ဖြစ်ရန်လို

ထုံးစံအရသင်ကြားနေသော ပညာရေးထက်စာပါက ၂၁ ရာစုတွင် လက်တွေ့နှင့် ယှဉ်တွဲသော ပညာရေးစနစ်ဖြစ်ရန် လိုအပ်လာသည်ဟု ရန်ကုန်မြို့ အမ်အိုင်စီတီခန်းမ၌ ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲတွင် အမေရိကန်အခြေစိုက် ပညာရေး အဖွဲ့အစည်းဖြစ်သော Creating Innovation-Based Learning Activity ၏ ဒါရိုက်တာ Dr. Douglas Kellner က ပြောကြားသည်။

၂၁ ရာစု ပညာသင်စနစ်မှာ ရဲရင့်ခြင်း၊ ပုံစံခွက်ကို ချိုးဖျက်ခြင်းနှင့် တရားသေလက်ကိုင်မရှိခြင်းဖြစ်ပြီး လက်တွေ့လုပ်ငန်းများကို လေ့လာသင်ယူရန် လိုအပ်ကြောင်း ၎င်းကပြောသည်။

"ကျောင်းသားတွေက တစ်ဦးနဲ့တစ်ဦး မတူညီတဲ့ သင်ယူမှုပုံစံတွေရှိတယ်။ နွေရာသီမှာ စာသင်ကြားရတာကို ကြိုက်တဲ့ကလေးရှိသလို၊ မကြိုက်တဲ့လူတွေလည်းရှိတယ်။ အဲတော့ကျောင်းသားတွေအားလုံးမှာ တစ်ဦးချင်းအလိုက် အကောင်းဆုံးဖြစ်နိုင်မယ့် သင်ကြားမှုပုံစံတွေရှိတယ်။ ဒီတော့ ဆရာတစ်ဦးတည်းက ကျောင်းသားတွေအားလုံးက အတူတူပဲမှတ်ပြီး တစ်ဦးပြောတာ၊ သင်ကြားသွားတာ အကောင်းဆုံးနည်းလမ်းမဟုတ်ဘူး"ဟု ၎င်းကပြောသည်။

"ကျွန်တော့်အမြင်ကတော့ ကျောင်းသားတွေကို အဖွဲ့လေးတွေ ဖွဲ့ခိုင်းပြီး၊ ဦးနှောက်ကို အလုပ်လုပ်ခိုင်းတဲ့ သင်ကြားမှုပုံစံဖြစ်တဲ့ ပြဿနာလေးတွေ ဖြေရှင်းခိုင်းမယ်၊ ပြီးတော့ ပုံသေတွေဖြစ်တဲ့ ၁ အဆင့်အနေနဲ့ ဒါလုပ်၊ ၂ အဆင့်အနေနဲ့ ဒါလုပ်ဆိုတာထက်၊ ကိုယ်လုပ်တဲ့အရာကို လက်တွေ့ပုံစံငယ်လေးထုတ်ပြီး သင်ကြားတာကောင်းတယ်။ ဥပမာ Google၊ IBM ကုမ္ပဏီတို့ဆိုရင် ပြဿနာတစ်ခုခုရှိတယ်ဆိုရင် အရင်ဆုံးရှေးပေါ့ ပုံစံငယ်လေးထုတ်တယ်။ ပြီးရင် စမ်းသပ်တယ်၊ နောက်သက်သေပြတယ်၊ နောက်ထပ်ပြီးစမ်းသပ်တယ်၊ ပြီး

မန္တလေးအထူးကဏ္ဍ ၈ သို့

စာပေစျေးကွက်ကလေး

အမြင်သစ် မြန်မာအင်္ဂလိပ် ဆောင်းပါးများ

ဖြိုးဝေကျော်

ဘဝတစ်လျှောက် ကြုံခဲ့ရတဲ့အတွေ့အကြုံတွေနဲ့ ဖတ်ခဲ့မှတ်ခဲ့ရတာတွေထဲက စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ် အကြောင်းအရာတွေကို ဝေမျှထားတဲ့ မောင်ကြာညိုရဲ့ စာအုပ်ဖြစ်ပါတယ်။

ဒီစာအုပ်ထဲက ဆောင်းပါးအများစုဟာ ပေါ့ပေါ့ပါးပါးအကြောင်းအရာတွေဖြစ်တာကိုတွေ့ရပေမယ့် သေချာဖတ်ရှုကြည့်လိုက်တဲ့အခါမှာ လူတွေရဲ့စိတ်မှာ သေချာသတိမမူမိကြတဲ့ အချက်တွေဖြစ်နေမှာက ဒီစာအုပ်ရဲ့ထူးခြားချက်လို့ ဆိုပါရစေ။

စာအုပ်မှာ မြန်မာလိုရေးသားထားတဲ့ ဆောင်းပါးပေါင်း ၂၄ပုဒ်နဲ့အတူ အင်္ဂလိပ်စာနဲ့ရေးသားထားတဲ့ ဆောင်းပါးပေါင်း ကိုးပုဒ် ပါဝင်ထားပါတယ်။ ဒီနေရာမှာ မြန်မာဆောင်းပါးတွေက စာဖတ်သူရဲ့ စိတ်နဲ့ ပိုပြီးထပ်တူကျနိုင်မယ်ဆိုတာကို အထူးပြောစရာ လိုမယ်မထင်ပေမယ့် အင်္ဂလိပ်ဆောင်းပါးတွေကလည်း အင်္ဂလိပ်စာလေ့လာသူတွေနဲ့ နိုင်ငံခြားသားတွေအတွက် မြန်မာတွေနဲ့ သက်ဆိုင်တဲ့ဗဟုသုတတွေနဲ့ တခြားအချက်အလက်တွေကို ပေးစွမ်းနိုင်ပါလိမ့်မယ်။

ရှေ့ပိုင်းမှာ ပါဝင်တဲ့ဆောင်းပါးတွေအဖြစ် 'ဘာစာတွေဖတ်ရမှာလဲ'၊ 'အချိန်-တွေ၊ အချိန်-ပညာ၊ အချိန်-ကျန်းမာခြင်း'၊ 'ဘဝမှာ ဘာအရေးအကြီးဆုံးလဲ'၊ 'ဦးနှောက် အမှိုက်ရှင်းခြင်း'၊ 'စိတ်ချမ်းသာနည်းအချို့'၊ 'ကိုယ်တွေ့ဇာတ်လမ်းကလေးများ'၊ 'သစ်ပင်စိုက်ခြင်း'၊ 'ပြောင်းလဲတတ်သော အမှန်တရား'၊ 'စိတ်အချမ်းသာရဆုံး အလုပ်တစ်ခု'၊ 'ခေတ်မီတိုင်းကောင်းသလား'၊ 'လွတ်လပ်တိုင်းကောင်းသလား'၊ 'အတိတ်ကံနည်းခဲ့သူတစ်ဦး'တို့ကို တွေ့ရမှာပါ။


ဒီခေါင်းစဉ်တွေကိုကြည့်ရင် ရိုးရိုးစင်းစင်းဖြစ်နေတာကို တွေ့ရမှာဖြစ်ပေမယ့် လက်တွေ့ဘဝနဲ့ယှဉ်ပြထားတဲ့ အချက်အလက်၊ အဖြစ်အပျက်တွေက စာဖတ်သူရဲ့အာရုံကို နှိုးဆွပေးပါလိမ့်မယ်။

အထူးသဖြင့် 'စိတ်ချမ်းသာနည်းအချို့'၊ ရေလှူဒါန်းခြင်းကြောင့် ရတဲ့ စိတ်ချမ်းသာမှုကို ကိုယ်တွေ့ဖြစ်ရပ်တွေနဲ့ ရေးသားထားတဲ့ 'စိတ်အချမ်းသာရဆုံး အလုပ်တစ်ခု'နဲ့ 'အတိတ်ကံနည်းခဲ့သူတစ်ဦး'တို့ကို စာဖတ်သူတွေနှစ်ခြိုက်နိုင်ပြီး တခြားဆောင်းပါးတွေကတော့ တွေးစရာချန်ပေးနိုင်မယ့် ဆောင်းပါးတွေပါပဲ။

နောက်ထပ် မြန်မာဆောင်းပါးတွေအဖြစ် 'ယုံလွယ်တတ်လွန်းခြင်း'၊ 'ကျောင်းစာမတော်လို့ စိတ်ဓာတ်မကျပါနဲ့'၊ 'ဘာကြောင့်ကျောင်းစာညံ့ကြတာလဲ'၊ 'စာဖတ်တိုင်း ကောင်းသလား'၊ 'အသက်ရှည်ကျန်းမာအောင် ဘယ်လိုနေထိုင်စားသောက်ရမလဲ'၊ 'သားသမီးယူခြင်း'၊ 'ဆက်ဆံရေး တိုးတက်စေဖို့'တို့ကို ဖတ်ရပါလိမ့်မယ်။

ပြီးတော့ 'ပိုက်ဆံ ဘာလုပ်ဖို့လဲ'၊ 'သဘောထား ပြည့်ဝခြင်း'၊ 'အိမ်ဖော်ငှားလျှင် သတိယှဉ်'၊ 'ကမ္ဘာ့ဖလား ဘောလုံးပွဲမှရသော သင်ခန်းစာများ'နဲ့ 'တစ်ပြည်လုံး ပထမ' ဆောင်းပါးတွေလည်း ပါဝင်ထားပါတယ်။

တွေးစရာ၊ မှတ်သားစရာတွေကို တွေ့ရမယ့် ဒီဆောင်းပါးတွေထဲမှာ 'သားသမီးယူခြင်း'၊ 'ပိုက်ဆံ ဘာလုပ်ဖို့လဲ'နဲ့ 'ကမ္ဘာ့ဖလား ဘောလုံးပွဲမှရသော သင်ခန်းစာများ'ကတော့ စာဖတ်သူစိတ်



မှာ မှတ်မှတ်ထင်ထင်ဖြစ်စေမယ်လို့ ထင်ပါတယ်။

အင်္ဂလိပ် ဆောင်းပါးတွေအဖြစ် 'Mandalay', 'The Land of Virgins and Restful Nights', 'BUDDHISM IN A NUTSHELL', 'East is East and...', 'Myanmar Women', 'A Typical Myanmar Meal', 'FORTUNE-TELLING', 'Htan-Yei-gar' နဲ့ 'Some Popular Myanmar Snacks' တို့ ပါဝင်ထားပါတယ်။

"မိမိ၏ နှလုံးသည်းပွတ်ပမာဖြစ်သော ဆောင်းပါးများကို စာဖတ်သူတို့လက်သို့ အပ်နှင်းလိုက်ပါပြီ။ ဆောင်းပါးအားလုံးမဟုတ်တောင် တချို့တစ်ဝက်ကိုတော့ စာဖတ်သူများနှစ်ခြိုက်ကြလိမ့်မယ်ဟု မျှော်လင့်မိပါကြောင်း"လို့ စာရေးသူက ဆိုထားတဲ့ဒီစာအုပ်ကို စာပေလောကစာအုပ်တိုက်ကနေ ၂၀၁၂ အောက်တိုဘာလမှာ ပထမအကြိမ် အုပ်ရေ ၅၀၀ ထုတ်ဝေထားပြီး တန်ဖိုး ကျပ် ၁,၅၀၀ ဖြစ်ပါတယ်။ ■

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ

ကြေးမုံဝင်း

ဒီတစ်ပတ်ကတော့ မိမိအိမ်ထဲမှာ အများနဲ့မတူ တမူထူးခြားတဲ့ ပစ္စည်းတွေနဲ့ အလှဆင်လိုသူတွေအတွက်ပါ။

ok'kxyfpm;y



အထပ်သုံးထပ်ပါဝင်တဲ့ အဖြူရောင် ဘဲဥပုံစားပွဲငယ်ပါ။ အိမ်ရဲ့ ည့်ခန်းမှာထားရုံနဲ့ ကိုယ်က ဘယ်လောက်ခေတ်မီသူဖြစ်ကြောင်း ဖော်ပြလို့ရမယ့် စားပွဲလေးပေါ့။ ည့်ခန်းရဲ့ အနေအထားကို ပြောင်းလိုတဲ့ အချိန်တိုင်း စားပွဲကို ပါ မိမိ စိတ်ကြိုက်လိုသလို ပုံစံဖန်တီးပုံဖော်လို့ရမယ့် စားပွဲငယ်ဖြစ်တာမို့ စာဖတ်ပရိသတ်နှစ်ခြိုက်မယ်ထင်ပါတယ်။ ဈေးနှုန်းက ကျပ် သုံးသိန်းကျော်ပါ။

pwkefyfpm;y

လေးထောင့်စပ်စပ် အရောင်သုံးမျိုး ရောစပ်ထားတဲ့စားပွဲပါ။ သူမှာလည်း အဖြူအမည်းနဲ့ မီးခိုးရောင် အထပ် တစ်ထပ်စီ ပါဝင်ပါတယ်။ သုံးထပ်ညီညီ ညာညာ



ဆင့်ထားရင် သမားရိုးကျ စားပွဲလို ခံ့ခံ့ထည်ထည် ဖြစ်နိုင်သလို လိုသလို ပုံဖော်ပြီးတော့လည်း အသုံးပြုနိုင်ပါတယ်။ ဒုတိယဆင့်နဲ့ တတိယဆင့် စားပွဲတွေမှာ ပစ္စည်းငယ်လေးတွေထည့် ဖို့ အံလေးတွေလည်း ပါဝင်ပါသေးတယ်။ ကြိတ်သားစားပွဲ ဖြစ်ပေမယ့် ကော်ဖီ၊ရေစတာတွေဖိတ်ကျရင်လည်း ပူစရာ မလိုပါဘူးတဲ့။ ဒဲ့ပြင် ရေဝတ်နဲ့လည်း သန့်ရှင်းရေးလုပ်နိုင်ပါတယ်။ သူ့ရဲ့ဈေးနှုန်းကလည်း ကျပ်သုံးသိန်းကျော်ပါပဲ။

အံဝှက်ပါတဲ့စားပွဲ

ရုတ်တရက်ကြည့်ရင် သာမန်စားပွဲ လိုပါပဲ။ ဒါပေမယ့် အလယ်မှာ အဆက်ရာတစ်ခုပါဝင်ပြီး တစ်ဖက်ကိုဆွဲလိုက်ရင် အလယ်မှာ သတင်းစာ၊ ဂျာနယ်စတာတွေထည့်ဖို့နဲ့ အတော်



အသင့်ကြီးတဲ့ ပစ္စည်းတွေထိ ထည့်လို့ရတဲ့ အံဝှက် လေးခုပါဝင်ပါတယ်။ အရောင်က အဖြူနဲ့အမည်းစပ်ထားတာပါ။ ဒါကြောင့် စားပွဲအဖြစ်ရော၊ ပစ္စည်းထည့်တဲ့ သေတ္တာ အနေနဲ့ပါ အသုံးပြုချင်တဲ့ အိမ်ထောင်ရှင်မတွေအတွက် ရည်ညွှန်းလိုက်ရပါတယ်။ ဈေးနှုန်းကတော့ ကျပ်သုံးသိန်းကျော်ပါ။

မန္တလေးအထူးကဏ္ဍ ၈ သို့

၂၁ ရာစုဌ် လက်တွေ့နှင့် . . .

မန္တလေးအထူးကဏ္ဍ ၈ မှ

သက်သေထပ်ပြတယ်။ ကျောင်းသားတွေကို ကိုယ်တိုင် စူးစမ်းခိုင်းမယ်ဆိုရင်၊ သူတို့က စာအပေါ်ကို စိတ်ဝင်စားလာသလို၊ မပြတ် စဉ်းစားလာမယ်၊ မပြတ် သင်ယူလာမယ်။ အခုခေတ်လူတွေ လုပ်ကိုင်နေတဲ့ပုံစံလိုပဲ ကျောင်းသားတွေကို အစုအဖွဲ့လေးလုပ်ပြီး ပူးပေါင်းပါဝင်သင်ကြားပေးသင့်တယ်။ ဒီလိုအစုအဖွဲ့လေးတွေနဲ့ သင်ကြားတဲ့အခါ ကျောင်းသားတွေက တစ်ဦးနဲ့တစ်ဦး စကားတွေပြောမယ်၊ သူတို့ကိုယ်ပိုင်စကားလုံးတွေပြောလာမယ်"ဟု ၎င်းကပြောသည်။

"ကျွန်တော်တို့ သင်ကြားတဲ့ပုံစံက တစ်ဖွဲ့မှာ လူရှစ်ယောက်လောက် ပါဝင်ပြီး၊ ဆရာက တစ်ဖွဲ့ချင်းစီကို လိုအပ်တာတွေကို လိုက်ပြောကြားပေးမယ်။ ပြီးတော့ စာသင်ခန်းတစ်ခန်းမှာ အသင့်တော်ဆုံး ကျောင်းသားအရေအတွက်က ၂၅၊ ၃၀ လောက်ရှိသင့်ပြီး၊ ဒါမှ ဆရာတစ်ယောက်အနေနဲ့ ကောင်းကောင်း စီမံခန့်ခွဲနိုင်မယ်။ တကယ်လို့ ဆရာမလုံလောက်လို့ပြဿနာတက်နေတယ်ဆိုရင် ကျွန်တော့်အတွေ့အကြုံအရ ကမ္ဘာတစ်ဝန်းမှာ လုပ်အားပေးအနေနဲ့ ဆရာလုပ်ချင်တဲ့ လူငယ်တွေရှိပြီး၊ ကြော်ငြာလိုက်ရင် သူတို့ရောက်လာကြမှာပါ။ ဒီလုပ်အားပေးလုပ်မယ့် ကျောင်းသားငယ်လေးတွေက မြန်မာနိုင်ငံကို လာရောက် လုပ်ကိုင်ချင်ကြသလို၊ ဒီနိုင်ငံရဲ့ယဉ်ကျေးမှုကိုလည်း လေ့လာချင်ကြတယ်။ သူတို့က ငွေလိုချင်လို့မဟုတ်ဘဲ၊ ကမ္ဘာကြီးအတွက် တစ်ခုခုကောင်းတာကို လုပ်ပေးချင်တဲ့သူတွေဖြစ်ပြီး၊ အပြောင်းအလဲ တစ်ခုခုဖြစ်စေချင်တဲ့သူတွေ အများကြီးရှိပါတယ်။ သူတို့နဲ့ ဆရာတွေကို လေ့ကျင့်ပေးမယ်ဆိုရင်၊ နေထိုင်စရာနဲ့ စားလို့အဆင်ပြေရုံဆိုရင်ကို လာရောက်ကူညီဖို့ဝမ်းသာကြမှာပါ"ဟု ၎င်းက ပြောကြားသည်။ **ယွန်းနှင်း** ■





ဆရာအရေအတွက် တိုးမြှင့်ရန်အပြင် အရည်အသွေးပါ မြှင့်ရန် လိုအပ်

ယွန်းနှင်း

ယခုအစိုးရလက်ထက်တွင် ကျောင်းပေါင်း ၉,၀၀၀ ကျော် ဖွင့်လှစ်မည်ဖြစ်သလို ဆရာများလည်း ထပ်မံတိုးချဲ့ခန့်အပ်သွားရန် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နေရာ ဆရာ၊ ဆရာမများ၏အရည်အသွေး မြှင့်တင်ရန်မှာလည်း ပညာရေးမြှင့်တင်မှု လုပ်ငန်းစဉ်တွင် အရေးကြီးသည်ဟု လေ့လာသူများက ပြောသည်။

ဆရာလိုအပ်ချက်များအတွက် ဆရာအတတ်သင်ကျောင်း ၂၁ ကျောင်းနှင့် ပညာရေးတက္ကသိုလ်နှစ်ခုမှာ လုံလောက်ခြင်းမရှိသည့်အတွက် ၂၀၁၃ စာသင်နှစ်အမီ ဒေသခံဘွဲ့ရ၊ အချို့သောဒေသများတွင် တက္ကသိုလ်ဝင်တန်းအောင်များကို ခန့်အပ်သွားမည်ဟု ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ဖေဖော်ဝါရီလ ၇ ရက်နေ့က ပြည်သူ့လွှတ်တော်၌ ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်မှ တာဝန်ရှိသူ ဒေါက်တာသိန်းလွင်က “ပညာရေးမြင့်ဖို့ဆိုရင် ဆရာတွေရဲ့ အရည်အချင်း မြင့်ရမယ်။ အရည်အချင်းမြင့်တဲ့ ဆရာတွေ စုဆောင်းရမယ်။ လက်ရှိ ဆရာတွေကိုလည်း အရည်အချင်းမြင့်အောင် သင်တန်းပေးရမယ်။ ဒီဆရာအတတ်သင် သင်တန်းကျောင်းတွေ မလုံလောက်တဲ့အတွက် ပညာရေးဘတ်ဂျက်ကို တိုးမြှင့်ဖို့ပြောတာပါ။ ဆရာအတတ်သင်တွေ တိုးမြှင့်ဖို့လိုတယ်။ ပညာမြင့်ဖို့ဆိုရင် ဆရာတွေရဲ့ အရည်အချင်းမြင့်ဖို့လိုတယ်။ အရည်အချင်းမြင့်ဖို့အတွက် စီစဉ်ပေးစေချင်တယ်။ သင်နေတဲ့ဆရာတွေမှာလည်း အရည်အချင်းမြင့်ဖို့အပြင် အသစ်စုဆောင်းမယ့် ဆရာတွေမှာလည်း အရည်အချင်းမြင့်ပြီးသား ဆရာတွေ ဖြစ်ဖို့လိုအပ်တယ်”ဟု ပြောသည်။

“မူလတန်း၊ အလယ်တန်း၊ အထက်တန်း အားလုံး အကျစနစ်မရှိဘဲ တင်ဖို့ဆိုရင် ပညာရေးစနစ်တစ်ခုလုံးကိုပြင်ဖို့လိုတယ်။ ဆရာတွေရဲ့ အရည်အချင်းလည်း မြင့်တယ်၊ ပညာရေးစနစ်လည်း ပြင်တယ်၊ စာမေးပွဲစနစ်ပါပြင်မှ လုပ်လို့ရမယ်။ စနစ်မပြင်ဘဲလုပ်ရင် အောင်မြင်မှာ မဟုတ်ဘူး။ အရင်တုန်းကဆိုရင် စဉ်ဆက်မပြတ် အတန်းတင်တာလုပ်ပြီး မအောင်မြင်ဘူး။ ဗဟိုချုပ်ကိုင်စနစ်လည်း သုံးတယ်။ စာမေးပွဲစနစ်လည်း မပြင်၊ ဆရာတွေလည်း အရည်အချင်း မမြှင့်တော့မအောင်မြင်ဘူး။ အဲလိုပဲ ကျောင်းသားတွေ တကယ်တတ်အောင် သင်နိုင်တဲ့နည်းစနစ်တွေလိုတယ်။

“အဲ့ဒါတွေကို ဆရာတွေကို သင်တန်းပေးပြီးမှ လုပ်လို့ရမယ်။ ပြီးတော့ ကျောင်းတွေမှာလည်း လွတ်လပ်ခွင့်ရှိရမယ်။ နောက် စာမေးပွဲစနစ်မဟုတ်ဘဲနဲ့ ကျောင်းတွေမှာ တက္ကသိုလ်မှာစာမေးပွဲ အမှတ်နဲ့ခွဲတာ မဟုတ်ဘဲ၊ သူတို့သင်ချင်တဲ့ဘာသာကို ရွေးတဲ့စနစ်မျိုး၊ အဲလို စနစ်မျိုးပြောင်းပြီးမှ ပြင်စေချင်တယ်။ အဲလိုမှမဟုတ်ရင် မအောင်မြင်နိုင်ဘူးလို့ ပြောချင်တယ်။ ပညာရေးစနစ်မပြောင်းဘဲလုပ်တာ မအောင်မြင်နိုင်ဘူးလို့ပြောချင်တယ်။ ပေါ်လစီပြောင်းရမယ်၊ အရည်အချင်းမြင့်အောင် လုပ်ရမယ်။ သင်ရိုးညွှန်းတမ်း ပြောင်းရမယ်။ အဲဒါတွေ မပြောင်းဘဲနဲ့ လုပ်လို့မရဘူး” ဟု ဒေါက်တာသိန်းလွင်က ပြောသည်။

ထို့ပြင် Crown Education Service မှ တာဝန်ခံ ဦးအောင်ကျော်ဆန်းကလည်း စဉ်ဆက်မပြတ် အတန်းတင်စနစ်အတွက် အရည်အသွေးပြည့်မီသော ဆရာ၊ ဆရာမများ၊ အရည်အသွေးမီသင်ရိုးညွှန်းတမ်းများနှင့် အခြေခံအဆောက်အအုံများ လိုအပ်သည်ဟု ပြောကြားသည်။

“စနစ်တစ်ခုတည်းမဟုတ်ဘူး။ စနစ်ကို အကောင်အထည်ဖော်မယ့် အခြေခံအဆောက်အအုံတွေ၊ ဆရာ မလုံလောက်လို့ ဆရာတွေခေါ်မယ်ဆိုရင် ဆရာတွေကို လေ့ကျင့်ပေးမယ့်နေရာတွေလိုတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ ထင်သလောက် မလွယ်ကူနိုင်ဘူး။ နိုင်ငံတကာက စေတနာပါပါနဲ့ စနစ်တကျကူညီပံ့ပိုးမှုတွေလည်းလိုတယ်။ စနစ်တကျနဲ့ စနစ်ကြီးတစ်ခုကို ရေးဆွဲရဦးမယ်”ဟု ဦးအောင်ကျော်ဆန်းက ပြောသည်။ ■

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ . . .

မန္တလေးအထူးကဏ္ဍ ၉ မှ

axmifhSpwkyfpkd;y

အံဆွဲကျယ်နှစ်ခုနဲ့ အလွယ်တကူ အပိတ်အဖွင့်လုပ်လို့ရတဲ့ သေတ္တာခပ် ရှည်ရှည်တစ်ခု တွဲလျက်ပါဝင်မယ့် စားပွဲကလည်း အိမ်ရှင်မတွေအတွက် တကယ်ကို စိတ်ကြိုက်ဖြစ်စေမှာပါ။ ဧည့်ခန်းမှာ တည်ကြည်ခန့်ညားတဲ့ အသွင်အပြင်ကို ရစေရုံသာမက ဧည့်ခန်းထဲက အသုံးမလိုတဲ့ ပစ္စည်းတွေ၊ သားသားမီးမီးတို့ရဲ့ကစားစရာတွေကို အလွယ်တကူ သိမ်းဆည်းသိုလှောင်စရာ နေရာအဖြစ်လည်း အသုံးတည့်မှာ ဖြစ်ပါတယ်။ အဖြူရောင်တွေချည်းပဲမို့ ရုတ်တရက်ကြည့်ရင် ညစ်ပေလွယ်မယ် ထင်ရပေမယ့် ရေဝတ်နဲ့သန့်စင်လိုက် ရုံနဲ့ပြန်လည်ဖြူစင်စေမှာပါ။ သူ့ရဲ့စျေးနှုန်းကလည်း ကျပ်သုံးသိန်းကျော် ဖြစ်ပါတယ်။



t½kyfykHpOfukdif,fsm;

ဒါကတော့ အိမ်ကကလေးငယ်တွေရဲ့ အိပ်ခန်းထဲမှာ အလင်းရောင် ရရှိစေဖို့အပြင် မျက်စိပသာဒဖြစ်စေဖို့ အသုံးပြုသင့်တဲ့ ချစ်စရာကောင်းတဲ့ လေယာဉ်ပုံပုံစံ၊ ရွှက်လှေပုံစံမီးဆိုင်းငယ် လေးတွေပါ။ တမူးထူးခြားတဲ့ ဒီဇိုင်းပုံလေးတွေကြောင့် အသစ်အဆန်းကိုမှ စိတ်ဝင်စားတတ်တဲ့ သားသားမီးမီးတွေနဲ့ အံကိုက်ဖြစ်စေမှာပါ။ စျေးနှုန်းက ကျပ် ငါးသောင်းခွဲ ဖြစ်ပါတယ်။



tOwfcsdefpif

ဒီပစ္စည်းကလည်း သားသားမီးမီးတွေရဲ့ အခန်းထဲမှာ သုံးရမယ့် ပစ္စည်းတစ်မျိုးပါပဲ။ အရုပ်ခေါင်းအမျိုးမျိုးနဲ့ အဝတ်၊ လွယ်အိတ်စတာတွေကို ချိတ်နိုင်မယ့် တိုင်ထောင် စင်ငယ်လေးတွေပါ။ သယ်ယူရ လွယ်ကူပြီး ပေါ့ပါးပါတယ်။ စျေးနှုန်းက ကျပ် ၄၀,၀၀၀ ဖြစ်ပါတယ်။ လူကြီးတွေအတွက်လည်း အသားနဲ့ ပြုလုပ်ထားတဲ့ ခံ့ခံ့ထည်ထည် အဝတ်ချိတ်စင်တွေလည်း ရရှိနိုင် ပါတယ်။ စျေးနှုန်းကတော့ ကျပ် ၅၀,၀၀၀ ဝန်းကျင်ပါ။



အခု ပြောပြမိတ်ဆက်ပေးခဲ့တဲ့ ပစ္စည်းတွေကို စိတ်ဝင်စားလို့ ဝယ်ယူချင်တယ် ဆိုရင်တော့ ၃၅ လမ်း၊ ၇၇ လမ်းနဲ့ ၇၈ လမ်းကြားက Wonderful House Furniture မှာ ဝယ်ယူရရှိနိုင်တဲ့ အ ကြောင်း မိတ်ဆက်ဖော်ပြလိုက်ပါတယ်။ ■







ရှေးဟောင်းစေတီပုထိုးများ အလုံးစုံပြုပြင်မှုများကို ရှေးဟောင်း သုတေသနက ကန့်သတ်သွားမည်ဖြစ်သည်

ချယ်ရီသိန်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပင်းယမြို့ဟောင်းအတွင်းရှိ ရန်အောင်မြင်စေတီတော်အား ထုံးသင်္ဃန်း ကပ်လှူခြင်းကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှမူလ ရှေးဟောင်းလက်ရာများ ကွယ်ပျောက်သွားမည်စိုးသောကြောင့် ခွင့်မပြုကြောင်း သိရသည်။

ရန်အောင်မြင်စေတီတော်ကြီးသည် ပင်းယခေတ်၏ ယဉ်ကျေးမှုလက္ခဏာနှင့် အထောက်အထားများကို ထင်ဟပ်ဖော်ပြနေသည့် ရှားပါးလက်ရာ စေတီတော်တစ်ဆူဖြစ်ပြီး၊ ပင်းယခေတ်၏ မူလ ရှေးဟောင်းလက်ရာ အသွင်သဏ္ဌာန်များ ကျန်ရှိနေခြင်း၊ ပင်းယမြို့ဟောင်းအတွင်းရှိ သမိုင်းဝင်စေတီတစ်ဆူဖြစ်ခြင်းတို့ကြောင့် ခေတ်ကာလတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး၊ ရှေးဟောင်းသုတေသနဆိုင်ရာတန်ဖိုး၊ သမိုင်းတန်ဖိုးများ ပြည့်စုံနေသည်။

သဒ္ဓါတရားအရ လုံးတော်ပြည့် ရွှေသင်္ဃန်း ကပ်လှူမည်ဆိုပါက ကျန်ရှိနေသော မူလရှေးဟောင်းလက်ရာများ ကွယ်ပျောက်သွားမည်ဖြစ်သဖြင့် စေတီတော်အား ရွှေသင်္ဃန်းကပ်လှူခြင်းကို ခွင့်မပြုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ရှေးဟောင်းစေတီပုထိုး မြောက်မြားစွာတည်ရှိနေရာ အချို့သော စေတီပုထိုးများသည် နှစ်ကာလ ကြာမြင့်မှုနှင့် သဘာဝဘေးဒဏ်၊ လူတို့၏ ပယောဂ စသည်များကြောင့် ပျက်စီးလျက်ရှိသည်။

သဒ္ဓါတရားထက်သန်သော ဗုဒ္ဓဘာသာဝင်များသည် အဆိုပါပျက်စီးနေသော ရှေးဟောင်းစေတီပုထိုးများအား ပြုပြင်လိုကြသည်။ သို့သော် ၎င်းတို့၏ ထုံးသင်္ဃန်း၊ ရွှေသင်္ဃန်းကပ်လှူခြင်းများသည် ရှေးဟောင်းစေတီများ၏ သမိုင်းတန်ဖိုးနှင့် အခြားသောတန်ဖိုးများကို ပျောက်ကွယ်စေသောကြောင့် ထုံးသင်္ဃန်း၊ ရွှေသင်္ဃန်းကပ်လှူခြင်း ရှေးဟောင်းသုတေသနဌာနမှ သတိပေးတားမြစ်ထားသည်။

"နံရံဆေးရေးပန်းချီတွေ၊ အုတ်စီထားပုံတွေ၊ လက်ရေးမူနဲ့ ဗိသုကာလက်ရာတွေက ရှေးဟောင်းဘုရားတွေမှာ အများကြီးပဲ။ ဘုရားတွေဟာ တစ်ခုခုကြောင့် ပျက်စီးသွားရင် ဗုဒ္ဓဘာသာဝင်တွေက ပြန်ပြင်ချင်ကြတယ်။ ဘာသာရေးအရလည်း ဘုရားပြင်ကျောင်းဆောက်တာဟာ ကုသိုလ်ရတယ်လို့ သိထားကြတာတယ်။ ဒါပေမဲ့ သမိုင်းပညာရှင်ထောင့်ကတော့ မူလအတိုင်း လက်ရာမပျက်ထားတာ နိုင်ငံသမိုင်းနဲ့ ယဉ်ကျေးမှုအတွက် အဖိုးမဖြတ်နိုင်တဲ့အမွေလို့ သတ်မှတ်တယ်။ ဒီတော့ ဘုရားပြင်ချင်တဲ့သူနဲ့ ထိန်းသိမ်းချင်သူကြားမှာ နားလည်မှုလွဲကုန်တယ်။ တချို့ကျတော့လည်း ဒီလို အသိပညာတွေ မရောက်ကြတော့ မူလလက်ရာ၊ တန်ဖိုးတွေက အင်္ဂတေ

လူထုရဲ့အသိပညာနဲ့ ပူးပေါင်းမှု၊ အဓိက ဘုရားဂေါပကရဲ့ နားလည်ပေးနိုင်မှု လိုအပ်တယ်

အောက်မှာ ပျောက်သွားတော့တာပဲ။ လူထုရဲ့အသိပညာနဲ့ ပူးပေါင်းမှု၊ အဓိက ဘုရားဂေါပကရဲ့ နားလည်ပေးနိုင်မှု လိုအပ်တယ်။ သူတို့ဆီကို ဒီလို အကြောင်းအချက်နဲ့ ဗဟုသုတတွေကို ဖြန့်ဝေပေးသင့်တယ်။ တားမြစ်တယ်ဆိုတဲ့ စကားက၊ ဥပဒေထုတ်ပြန်ထားပါတယ်ဆိုတာတွေက လူထုလိုက်နာချင်အောင်လုပ်ဖို့ လိုအပ်တယ်" ဟု အငြိမ်းစား သမိုင်းပညာရှင်တစ်ဦးက မြန်မာတိုင်း(မဲ)ကို ပြောသည်။

၁၉၀၁ ခုနှစ်မှ စ၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ရှေးဟောင်းစေတီပုထိုးများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းနေရာများကို အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စာရင်းအဖြစ် သတ်မှတ်၍ တာဝန်ယူ ထိန်းသိမ်းလျက်ရှိသည်။ ပြင်ဆင်ထိန်းသိမ်းရာတွင် ရှေးမူလက်ရာ တန်ဖိုး မပျက်စေရန် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းစေတီ၊ ပုထိုးများ၏ ကြွင်းကျန်တည်ရှိနေသော ဗိသုကာလက်ရာ၊ တန်ဆာဆင်ထားသော အနုလက်ရာများ၊ နံရံဆေးရေးပန်းချီများ၊ မပျက်မစီးကျန်ရှိမှသာ မူလခေတ်ကာလကို ခန့်မှန်းတွက်ချက်နိုင်ပေမည်။ သို့မှသာ ရှေးဟောင်းတန်ဖိုး၊ သမိုင်းတန်ဖိုး၊ ခေတ်ကာလတန်ဖိုးများ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

အဆိုပါစေတီပုထိုးများအား ထုံးသင်္ဃန်း၊ ရွှေသင်္ဃန်း ကပ်လှူလိုက်ပါက ဖော်ပြပါတန်ဖိုးများ ပျက်သုဉ်းပျောက်ကွယ်၍ ယဉ်ကျေးမှုအမွေအနှစ်များ တန်ဖိုးပျက်ယွင်းသွားမည်ဖြစ်သည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှလည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ခေတ်ကာလတန်ဖိုးမြင့်မားခြင်း၊ သမိုင်းဆိုင်ရာအထောက်အထားများအရ အရေးပါခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားခြင်း၊ ဗိသုကာနှင့် အနုပညာလက်ရာများ ထူးခြားကောင်းမွန်ခြင်း စသည့် အချက်လေးချက်ဖြင့် သတ်မှတ်ထိန်းသိမ်းလျက်ရှိပြီး၊ ရှေးဟောင်းစေတီပုထိုးများ၊ ထုံးသင်္ဃန်း၊ ရွှေသင်္ဃန်း ကပ်လှူပူဇော်ခြင်းများကိုလည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ တားမြစ်ထားသည်။ ■

MANDALAY QuickGuide
Advertising Hotline:
02 65391 | 02 24450
www.mmtimes.com

GEMS & JEWELLERY
ခေတ်ဝင် စိန်တိုက်
ဆောင်းသမဝါ
စိန်စိန်
ပွန်ရတနာ
စိန်ဝမ္ပယ်ရာ
Color Stones Mandalay
Gem Classes for Ruby, Sapphire, Diamond & ...
ဇေတဝနကာလဉ်

SILK
ယဉ်သူထိုက် ဝိဇယညီ
ဗမ္မာသုန္ဒရီ
သဝဏ်နွယ်
ဒဂုဒေါ်လှာ
ရတီဝင်း

Fashion
Diva fashion
Ditto fashion
Sanstar
Handbags Fashion
Star Flower
Fashion
amara
fashion

Beauty Salon
Diamond
Beauty Spa
LECEA
Beauty Mandalay
Best Care
Beauty Center
Long Style
Beauty Saloon
Pink Lady
Beauty Salon

Beauty Salon
Angle
Beauty Salon
မိုးမြင့်သူ

Hotel
Hotel Mandalay
HOTEL SHWE PYI THAR
MANDALAY MYANMAR
Hotel Queen
Mandalay
Mount Pleasant
Hotel

Education
KMC
NEC
Nayyidaw Engineering Centre
PEC
ရင်းတွင်းဓာတ်ဓါတ်
Arirang
Korean Language Centre
No.48, 40th St,
Bet; 72nd & 73rd St,
BJ Complex,
First Floor, Mandalay.
09-2023200
Joy House
Food Center
09-43146445

Travel agency
Seven Diamond
Express Travels
GI Group Express

Computer
CMSystemz

Furniture
ROYAL ROOFING
Sea Bird
Foam Store

Service
Super Mobile

ဥယျာဉ်မြေးများကိုဦးစီး(မဲ)
Advertising here with
ONLY 5000 KYATS
Hotline : 02 65391, 02 24450